
www.burmeseclassic.com

# ယောင်ဝေဝါဆွေး

## မျိုးသက်ဆွေး

ဒုတိယအကြိမ်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၂၂၄/ ၂၀၀၂ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၁၃/ ၂၀၀၂ (၅)
ပုံနှိပ်ထုတ်ဝေခြင်း
ဒုတိယအကြိမ်၊ စက်တင်ဘာ၊ ၂၀၀၂
ထုတ်ဝေသူ
ဦးထွန်းထွန်းဦး
နှင်းဦးလွင်စာပေ၊ ၅၃၃/အေ၊ (၈)ရပ်ကွက်၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးအောင်လှ (၀၅၃၅၃)
ပန်းအောင်အော့ဖ်ဆက်
၄၁ (ဘီ)၊ ၆- မိုင်ခွဲ၊ လှိုင်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း
စံတိုး
အုပ်ရေ
၁၀၀၀
တန်ဖိုး
၁၀၀၀-ကျပ်

# မောင်ပေါ်ထွန်း

# မျိုးဆက်သွေး

www.burmeseclassic.com

www.burmeseclassic.com

# ဘာသာပြန်သူ၏အမှာ

## [၁]

ဤစာအုပ်သည် ကျွန်တော်၏ ပထမဦးဆုံး ဘာသာပြန်ဝတ္ထု ဖြစ်ပါသည်။ ကျွန်တော်သည် ယခင်က ကျမ်းလိုလို၊ ဝတ္ထုလိုလို သုတ-ရသ ရောနှောသော စာအုပ်များကိုသာ ဘာသာပြန်ခဲ့ရာမှ ယခု ဤစာအုပ်ကစ၍ ရသစာပေစစ်စစ်ဖြစ်သော ဝတ္ထုစာအုပ်ကို ပြန်ဆိုခြင်း ဖြစ်ပါသည်။

စင်စစ် ကျွန်တော်၏မူလဆန္ဒမှာ ပင်ကိုယ်ဝတ္ထုရေးဆရာ ဖြစ်ရန်သာ ဖြစ်ပါသည်။ သို့သော်လည်း 'ဖြစ်ချင်တာလည်း မဖြစ်ရပါ၊ မဖြစ်ချင်တာလည်း ဖြစ်ရတာ' ဆိုသည့် 'ဘဝသံသရာ' သီချင်းအတိုင်း ဘာသာပြန်ဆရာသာ ဖြစ်လာခဲ့ရပါသည်။ ဤသည်မှာ နီးစပ်ရာ ပတ်ဝန်းကျင်၏ စေ့ဆော်မှုကြောင့်ပင် ဖြစ်ပါသည်။

ဘာပဲဖြစ်ဖြစ် ပင်ကိုယ်ဝတ္ထုရေးဆရာ မဖြစ်နိုင်သေးသော ကာလအတွင်း ဘာသာပြန်ဆရာအဖြစ် စခန်းသွားနေရခြင်းကိုလည်း ကျွန်တော် စိတ်မပျက်ပါ။

ဘာသာပြန် ဆရာသည် ပင်ကိုယ်စာရေးဆရာနှင့် စာဖတ်ပရိသတ်အကြား 'ပေါင်းကူးတံတား' သဖွယ်ဖြစ်၍ နိုင်ငံတစ်နိုင်ငံ၏ စာပေ တိုးတက်ပြန့်ပွားရေးအတွက် အရေးပါအရာရောက်လှပါသည်။

ထို့ကြောင့် ဘာသာပြန်ဆရာဘဝကို ကျွန်တော် နှစ်လည်း နှစ်သက်ပါသည်။ မြတ်လည်း မြတ်နိုးပါသည်။ ဂုဏ်လည်း ယူပါသည်။

ရှေ့အဖို့တွင်လည်း တစ်ဖက်က ဘာသာပြန်ဆရာလုပ်ရင်း အခါအခွင့်သင့်လျှင် ပင်ကိုယ်ရေးဆရာ ဖြစ်နိုင်အောင်လည်း ကြိုးစားသွားမည်ဟူ၍ စိတ်ကူးထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



[၂]

'မိုးဆက်သွေး' ဝတ္ထုသည် မင်းကိုယ်ဝတ္ထုရေးဆရာ ဖြစ်လိုသော ကျွန်တော့်အနေ၏ ပထမဆုံး 'အသီးအပွင့်' ဟု ဆိုနိုင်ပါသည်။

ကျွန်တော်သည် ဤဝတ္ထုကို ခံစားချက်နှစ်ရပ်ဖြင့် ပြန်ဆိုပါသည်။

ပထမခံစားချက်မှာ 'လူ့အားမာန်' ဖြစ်သည်။

အဓိကဇာတ်ဆောင်ဖြစ်သူ အယ်လစ်ဇဘက်မှာ ပညာအရည်အချင်းအချို့ အခြေခံအထက်တန်း အောင်ပြီးခါစသာ ရှိသေးသည်။ အသက်အရွယ်အားဖြင့်လည်း ၂၀ ကျော်ရုံမျှသာ ရှိသေးသည်။ ထို့ကြောင့် အများသူငါ ပြောရိုးပြောစဉ်စကားဖြင့် ပြောရလျှင် သူမသည် လူ့ဘဝ လူ့လောကအကြောင်း ဘာတစ်ခုမျှ မိုးလုံလောက်အောင် မသိနိုင်သေးသောအရွယ်ပင် ဖြစ်သည်။

သို့သော် တစ္ဆာနှင့်ချီ၍ လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းကြီးတစ်ခုကို ပိုင်ဆိုင်သူ သူမ၏ဖခင်ကြီး မမျှော်လင့်ဘဲ ရုတ်တရက် သေဆုံးသွားသောအခါ လုပ်ငန်းတာဝန်အားလုံးမှာ သူမ၏ပခုံးပေါ်သို့ ကျရောက်လာခဲ့သည်။ သူမသည် တစ်ဦးတည်းသော အမွေခံသမီးဖြစ်၍ ကွယ်လွန်သူဖခင်ကြီး၏ ကြီးလေးကျယ်ပြန့်သော တာဝန်အရပ်ရပ်တို့ ဆက်ခံခဲ့ရသည်။

ဤတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတို့၏ ဖြစ်စဉ်အတိုင်း အခက်အခဲတွေ ပြဿနာတွေနှင့် တစ်ခုပြီးတစ်ခု ရင်ဆိုင်တိုးရတော့သည်။

အတတ်ပညာ၊ အသိပညာ နုနယ်သေးသော စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုအတွေ့အကြုံ မရှိသေးသော အယ်လစ်ဇဘက်အား ပြိုင်ဖက်စီးပွားရေးသမားတွေက နည်းအမျိုးမျိုးဖြင့် အကြပ်ကိုင်ကြသည်။ အဖြုတ်တိုက်ကြသည်။ အစုရှယ်ယာပိုင် ဆွေမျိုးသားချင်းတွေကလည်း သူမအား ကိစ္စတုံး 'ဖြောင်' ပစ်ရန် အကြိမ်ကြိမ် လုပ်ကြံကြသည်။

သို့သော် သူမက ယင်းသို့သော အန္တရာယ်တွေကို လုံး၀ မကြောက်၊ လုံး၀ ဒူးမထောက်၊ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်ကတည်းက တည်ထောင်လာခဲ့သော မိသားစုပိုင်လုပ်ငန်းကြီး တစ်ရပ်သည် မိမိလက်ထက်ကျမှ ပျက်စီးပြိုကွဲသွားရမည်ဆိုလျှင် ရာဇဝင်ရိုင်းချေတော့မည်ဟူသော အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် ပေါ်လာသမျှ အန္တရာယ်တွေကို ကြံ့ကြံ့ခံသည်။ ရင်ဆိုင်သည်။

အထူးသဖြင့် 'ကြက်မ, တွန်၍ မိုးမလင်း'၊ 'အားနွဲ့သူ မိန်းမသား' ဟူ၍ ခေတ်အဆက်ဆက်ကတည်းက ကင်ပွန်းတပ်လာခဲ့ကြသော ဣတ္ထိယမျိုးဆက်ဝင်တစ်ဦး၏ 'အားမာန်' ကို ဖော်ကျူးထားသောကြောင့် မိန်းမသားတွေဖက်မှ စာနာစိတ်ဖြင့် ဤဝတ္ထုကို ကျွန်တော် နှစ်သက်မိခြင်း ဖြစ်သည်။

ဒုတိယ ခံစားချက်ကတော့ 'ဘဝသရုပ်' ဖြစ်သည်။ တစ်နည်းအားဖြင့် 'လူတန်းစားသရုပ်' ဖြစ်သည်။

အထက်တန်းလွှာ အရင်းရှင် သူဌေးမိသားစုများ၏ 'အပေါ်ယံရွှေမှုန်ကြဲ အထဲကနောက်ချေးခံဘဝ'၊ 'ရလေလိုလေ ဒိုတဏှာ' အသာမြား အာဏာနှင့် တဏှာအတွက် လောဘဇော မသတ်နိုင်ကြဘဲ အချင်းချင်း မညှာမတာ ပြိုင်ဆိုင် တိုက်ခိုက် သတ်ဖြတ်နေကြသည့်ဘဝသော (လူ့မလိုင် အဖွဲ့အစည်း၏) 'အပုပ်အဆွေး အတွင်းရေး ဘဝအထွေထွေ' ကိုလည်း ဤဝတ္ထုတွင် ပီပီပြင်ပြင် မီးမောင်းထိုးပြထားသည်။

ဒီအချက်ကိုလည်း ကျွန်တော် သဘောကျသည်။

အချုပ်ဆိုသော် ဆိုခဲ့သော လူ့အားမာန်၊ အထူးသဖြင့် 'ဣတ္ထိယအားမာန်' နှင့် 'လူတန်းစားသရုပ်' တို့ကို ပုံဖော်ရာတွင် ဇာတ်လမ်း၏ ဆောင်းခြင်း၊ ဇာတ်ဆောင်၏ ကောင်းခြင်း စသော ဝတ္ထုကောင်းတို့၏ အင်္ဂါရပ်များနှင့် ပြည့်စုံကုံလုံသောကြောင့်- ၁။ ဖတ်ပျော်ခြင်း (Entertainment) ၂။ ဗဟုသုတရခြင်း (Information) နှင့် ၃။ အသိအမြင် တိုးခြင်း (Understanding) တည်းဟူသော အကျိုးတရားများကို စာဖတ်သူအနေဖြင့် အနည်းနှင့်အများ ရရှိကောင်း ရရှိနိုင်လိမ့်မည်ဟု နှိုးသားစွာ ယုံကြည်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



[၃]

ဤဝတ္ထုကို ဘာသာပြန်ဆိုရာတွင် စာရေးသူအား စိတ်ပိုင်းဆိုင်ရာမှလည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာမှ လည်းကောင်း ဖြူစင်မေတ္တာဖြင့် အားပေးကူညီခဲ့ကြသော ကိုထွန်းဖေ (သစ်ဆန်းပွဲရုံ၊ ၁၂ လမ်း ဒဲ၅) စာရေးဆရာ မြတ်ငြိမ်း၊ စာရေးဆရာ ဇာမင်း၊ ကိုနေဝင်း (ဘဝ အဆွသိုလ်စာပေ)၊ ကိုမောင်ကြီး (ဘဝတက္ကသိုလ်စာပေ) နှင့် ကိုဝင်းတင် (ခင်မာဦးစာပေ) တို့အား ကျေးဇူးအထူးတင်ပါသည်။

လက်ရေးစာမူများကို မညည်းမညူ ရေးကူးပေးရှာသာမက ဝေဖန်ချက်နှင့် အကြံဉာဏ်များလည်း ပေးခဲ့ကြသော သားကြီး တိုးတော့်သူ (ဒေသကောလိပ် ၁) နှင့် သမီးကြီးအေးအေးမြင့် (အခြေခံ အထက်တန်း၊ တောင်ဥက္ကလာ အထက ၁) တို့၏ ဖခင် စာရေးဆရာ အပေါ် စာနာမှုနှင့် တတ်နိုင်သည့်ဘက်မှ ပါဝင်ကူညီမှုတို့ကိုလည်း မှတ်တမ်းတင်လိုပါသည်။

*စာဖတ်ပရိသတ်၏ မေတ္တာကို ခံယူလျက်ပါ။*

**မောင်ပေါ်ထွန်း**
ဩဂုတ် ၄၊ ၁၉၅၅

★ ↔ ★

## မှုရင်းစာအုပ်ရေးသူ ဆစ်ဒနီရှယ်လဒန်

ယနေ့အမေရိကန် စာအုပ်လောကတွင် ဟာရိုးရော့ဘင်၊ အာသာဟယ်လီ၊ မာရီယိုပူဇို၊ လီယွန်ယူရစ်၊ အာဗင်ဝါလေ့နှင့် ဂျိမ်းမစ်ချနား စသူတို့အား ရိုက်မလောက် ရောင်းတိုင်းစွံ (BESTSELLERS) ထိပ်တန်းဝတ္ထုရေး ဆရာများအဖြစ် ကမ္ဘာ့စာဖတ်ပရိသတ်က လက်ခံ ထားကြသည်။

ယခု 'မျိုးဆက်သွေး' (BLOODLINE) ဝတ္ထုကိုရေးသူ စာရေးဆရာကြီး ဆစ်ဒနီရှယ်လဒန်သည် အဆိုပါ ထိပ်တန်းစာရေးဆရာများထက် အသက်ကြီးသော်လည်း စာရေးသက်အားဖြင့်ကား ယင်းပုဂ္ဂိုလ်များထက် ဝါငယ်သည်။ သူ၏ပထမဆုံးဝတ္ထုဖြစ်သော 'ပကတိမျက်နှာ' (THE NAKED FACE) ကို ၁၉၇၀ ပြည့်နှစ်တွင်မှ စတင်ထုတ်ဝေခဲ့သည်။ ထို့ကြောင့် သူ၏စာရေးသက်မှာ ကိုးနှစ်ခန့်သာ ရှိသေးသည်။

သို့သော် ယခုအခါ ရှယ်လဒန်သည် အဆိုပါ ထိပ်တန်းစာရေးဆရာများနှင့် ရင်ပေါင်တန်း လိုက်နေပြီ။ သူသည် ယခုအချိန်အထိ စာအုပ်လေးအုပ်သာ ရေးခဲ့သေးသည်။ တစ်အုပ်ကို ရေးသားဆဲဖြစ်သည်။ သူ၏ အခြားစာအုပ်များမှာ 'မှန်ထဲမှ မျက်နှာစိမ်း' (THE STRANGER IN THE MIRROR) နှင့် 'သန်းခေါင်ည၏ ဟိုဘက်ကာလ (THE OTHER SIDE OF MIDNIGHT)တို့ ဖြစ်သည်။

'မျိုးဆက်သွေး' စာအုပ်မှာ နောက်ဆုံးထုတ် စာအုပ်ဖြစ်သည်။ ဤစာအုပ်ကို ၁၉၇၈ တွင် စတင်ထုတ်ဝေခဲ့ရာ ယခုအခါ ရိုက်မလောက် ရောင်းတိုင်းစွံ ဝတ္ထုစာအုပ် ဖြစ်နေသည်။ နယူးယောက်တိုင်းသတင်းစာကြီး၏ စာရင်းတွင် အရောင်းအသွက်ဆုံး ဝတ္ထုစာအုပ်အဖြစ် ၁၃ ပတ်တိုင်တိုင် ဖော်ပြခဲ့သည်။ အိန္ဒိယတစ်နိုင်ငံတည်းတွင်ပင် ၅ ကျပ်တန် စက္ကူဖုံးကို ရှစ်ကြိမ်တိတိ ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

ယခုအခါ ဤဝတ္ထုကို ဒေါ်လာငွေ ၁၀ သန်း အကုန်အကျခံကာ ပါရာမောင့်ကုမ္ပဏီက ရုပ်ရှင်ရိုက်ကူးနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရှယ်လဒန်သည် ချီကာဂိုမြို့ ဇာတိဖြစ်သည်။ အသက် ၆၂ နှစ်ရှိပြီ။ ၁၇ နှစ်သားအရွယ်တွင် သီချင်းရေးဆရာလုပ်ရန် နယူးယောက်မြို့သို့ လာခဲ့သည်။ ဂျက်ဖာဆင် ပြဇာတ်ရုံတွင် ရုံပေါက်စောင့်လုပ်ရင်း သီချင်းရေးသည်။ သီချင်းရေးဆရာအဖြစ် မအောင်မြင်သောကြောင့် ဟောလိဝုရုပ်ရှင်လောကသို့ ဝင်လာပြီး ရုပ်ရှင်ဇာတ်ညွှန်းများ ရေးရာ အောင်မြင်လာသည်။ ဇာတ်ညွှန်းနှင့်ပြဇာတ် ဇာတ်ညွှန်းပေါင်း ၃၀ ကျော် ရေးသားခဲ့သည်။ အကောင်းဆုံး ဇာတ်ညွှန်း (အော်စကာ) ဆုကို ရရှိခဲ့သည်။

အသက် ၅၃ နှစ်အရွယ် ရောက်တော့မှ စာပေလောကသို့ ဝင်လာခဲ့ပြီး ဝတ္ထုများ စတင်ရေးသားသည်။ ရုပ်ရှင်နယ်ကို စွန့်ခွာပြီး စာပေနယ်သို့ ပြောင်းရွှေ့လာခဲ့ရခြင်းနှင့် ပတ်သက်၍-

'ရုပ်ရှင်နဲ့ ရုပ်မြင်သံကြားမှာ မရနိုင်တာကို ဝတ္ထုမှာ ရနိုင်တယ်၊ ပုဂ္ဂလိက လွတ်လပ်မှု၊ အောင်မြင်မှုနဲ့ ငွေရေးကြေးရေးအတွက် မပူရမှုတွေကို စာပေနယ်မှာ ရနိုင်တယ်။ ပြီးတော့ . . . ဝတ္ထုထဲမှာ ကိုယ့်ဇာတ်ဆောင်ကို အပျော်စီးသင်္ဘောကြီး တစ်စင်းပေးလို့လည်း ရတယ်၊ စံအိမ်ကြီး ပေးလို့လည်း ရတယ်၊ ကိုယ်ပိုင်စစ်တပ်ကြီး ပေးလို့လည်း ရတယ်၊ ဒါတွေကို ရုပ်ရှင်နဲ့ ရုပ်မြင်သံကြားလုပ်ငန်းမှာ ဖန်တီးလို့ မရနိုင်ဘူး' ဟူ၍ ရှယ်လဒန်က ဆိုသည်။

ရှယ်လဒန်သည် ၎င်းဝတ္ထုကို အီတလီနိုင်ငံ၊ ရောမမြို့အနီးရှိ ၁၆ ရာစု ရဲတိုက်ကြီးတွင် အခန်းငှား၍ ရေးခဲ့သည်။ အခန်းလခမှာ ဒေါ်လာငွေ ၅,၀၀၀ (မြန်မာငွေ ၃၅,၀၀၀ ကျပ်) ပေးရသည်ဟု ဆိုသည်။

သူသည် စာရေးရာတွင် အကြိမ်ကြိမ်ပြင်ဆင်ပြီးမှ ကျေနပ်သူဖြစ်သည်။ စာအုပ်တစ်အုပ်ကို ၁၅ ကြိမ်အထိပင် ပြင်ရေးလေ့ရှိသည်ဟု ဆိုသည်။ ယင်းသို့ ရေးခြင်းမှာ စာဖတ်သူအား ဆွဲဆောင်မှု ရှိစေရန်အတွက် ဖြစ်သည်။

"ကျုပ်က ရေးပြီးစာမူကို ပြန်ပြင်တဲ့အခါ စာမျက်နှာ ၁၀၀ မှာ အနည်းဆုံး ၁၀ မျက်နှာအထိ ပြန်ဖြတ်ပစ်တာပဲ။ ဒီလိုလုပ်တာက



စာဖတ်သူကို အမြန်ရထားလို ဆွဲဆောင်မှု ရှိစေဖို့အတွက် ဖြစ်တယ်" ဟူ၍ သူက ပြောသည်။

ရှယ်လဒန်သည် ဇာတ်ကွက်ဆင်ရာတွင် အလွန်ကျွမ်းကျင်သည်။ ဇာတ်ကွက်ကို ရှုပ်ထွေးအောင် တမင် ဆင်ထားတတ်သည်။ ဤအလုပ်တွင် သူ့ကိုမီသူ ရှားမှရှားသည်ဟုပင် ဝေဖန်ရေးဆရာတို့က ဆိုကြသည်။

ထို့ပြင် သူသည် ဝတ္ထုတစ်ပုဒ်တွင် အခန်းအကူးအပြောင်းနှင့် အခန်းအဆုံးစာပိုဒ်များကိုလည်း အထူးသတိထား၍ ရေးသားတတ်သည်။ စာဖတ်သူကို ဆွဲဆောင်မှု မပေးနိုင်လျှင် ဝတ္ထုတစ်ပုဒ်အနေဖြင့် မအောင်မြင်ဟု သူက ယုံကြည်သည်။

ထို့ကြောင့်ပင် ယခု 'မျိုးဆက်သွေး' ဝတ္ထုတွင် ထိုနည်းများကို သူက တွင်တွင်ကြီး သုံးထားခြင်း ဖြစ်သည်။

၎င်းဝတ္ထုနှင့်ပတ်သက်၍ အိုဟိုင်ယိုပြည်နယ်မှ အမျိုးသမီးတစ်ဦးက နယူးယောက်တိုင်း သတင်းစာကြီးသို့ ထင်မြင်ချက် ပေးပို့ရာတွင်-

'မျိုးဆက်သွေးကို ကျွန်မ, ဖတ်တာ သန်းခေါင်လောက်မှာ ဖတ်ပြီးသွားပါတယ်၊ အဲဒီအချိန်မှာ ကျွန်မယောကျ်ားနဲ့ ကလေးတွေ အိပ်နေကြပြီ၊ ဒီဝတ္ထုကိုဖတ်လို့ ရရှိခံစားရတဲ့ ကျွန်မရဲ့ ခံစားချက်ကို စာနဲ့ ရေးပြလို့တောင် မဖြစ်နိုင်ပါဘူး . . .' ဟူ၍ ရေးသားခဲ့သည်။

နယူးဂျာစီပြည်နယ်မှ နောက်တစ်ယောက်ကလည်း -

'ဒီခေတ်မှာတော့ ဆရာကြီးဟာ အကောင်းဆုံး စာရေးဆရာပါပဲ။ ဒီစကားကို ကျွန်မ ပြောရာမှာ ကျွန်မရဲ့ နီရဲနေတဲ့ မျက်လုံးတွေကို သက်သေထားပြီး ပြောခြင်း ဖြစ်ပါတယ်' ဟူ၍ ဆိုခဲ့သည်။

★ ↔ ★

www.burmeseclassic.com

www.burmeseclassic.com

## အရေးကြီးသောဇာတ်ဆောင်များ

နိုင်ငံခြားဘာသာပြန်စာအုပ်များကို ဖတ်ရာတွင် မြန်မာစာဖတ်ပရိသတ်အဖို့ အမြဲတမ်းလိုလို ကြုံတွေ့ရတတ်သော အခက်အခဲတစ်ရပ်မှာ ဇာတ်ဆောင်ပြဿနာပင် ဖြစ်သည်။ ဇာတ်ဆောင်များများပါဝင်လေလေ ဤပြဿနာမှာ ပို၍ ကြီးမားလေလေ ဖြစ်တတ်သည်။

ဤဝတ္ထုတွင်လည်း ဇာတ်ဆောင် အတော်များများ ပါဝင်သောကြောင့် စာဖတ်သူများအတွက် အခက်အခဲမရှိစေရန် အရေးကြီးသောဇာတ်ဆောင်များကို အောက်တွင်စာရင်းပြုလုပ်၍ဖော်ပြလိုက်ပါသည်။

| | | |
|---|---|---|
| ၁။ | ဆင်မြူရယ်ရှိဖေး | 'ရှိဖေးနှင့် သားများ ဆေးဝါး ထုတ်လုပ်ရေး ကုမ္ပဏီ' ကို စတင် တည်ထောင်သူ (ဤဝတ္ထု၏ အဓိကဇာတ်ဆောင် အယ်လစ်ဇဘက်၏ အဘိုး) |
| ၂။ | တီရင်နီယာ | ဆင်မြူရယ် ရှိဖေး၏ဇနီး။ |
| ၃။ | ဆင်မြူရယ် (ဆမ်) ရှိဖေး | ရှိဖေးနှင့် သားများ ကုမ္ပဏီကို အမွေဆက်ခံသူ။ ကုမ္ပဏီ အုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ။ (ဆင်မြူရယ်ရှိဖေး၏ မြစ်၊ အယ်လစ်ဇဘက်၏ ဖခင်) |
| ၄။ | အယ်လစ်ဇဘက်ရှိဖေး (အယ်လစ်ဇဘက်) | ဆမ်ရှိဖေး၏ တစ်ဦးတည်းသောသမီး။ ဖခင်ဆမ်ရှိဖေးသေဆုံးပြီးနောက် ကုမ္ပဏီကို အမွေဆက်ခံသူ (ဤဝတ္ထုတွင် သူမအား အယ်လစ်ဇဘက်၊ မစ္စအယ်လစ်ဇဘက်ရှိဖေး၊ မစ္စရှိဖေး၊ မစ္စက်ရိုးစ်ဝီလျံ . . စသည်ဖြင့် ဇာတ်ကွက်အလိုက် နာမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်သုံးစွဲထားသည်) |



| | | |
|---|---|---|
| ၅။ | ရိုးစ်ဝီလျံ (ရိုးစ်) | ရှိဖေးနှင့်သားများ ကုမ္ပဏီ၏အမှုဆောင်လူကြီး၊ အယ်လစ်ဇဘက်၏ ဖခင်ဆမ်ရှိဖေး၏ အားအထားရဆုံး ညာလက်ရုံး။ |
| ၆။ | အန်နာရှိဖေး (အန်နာ) | ဆမ်ရှိဖေး၏ ဝမ်းကွဲညီမ (ဂျာမနီတွင် နေသည်) |
| ၇။ | ဝေါလသာဂက်စနာ (ဝေါလသာ) | အန်နာရှိဖေး၏ ခင်ပွန်း။ ဂျာမနီနိုင်ငံဆိုင်ရာ ရှိဖေး ကုမ္ပဏီခွဲ၏ ညွှန်ကြားရေးမှူးချုပ်။ |
| ၈။ | ဟယ်လင်ရှိဖေး (ဟယ်လင်) | ဆမ်ရှိဖေး၏ ဝမ်းကွဲညီမ (ပြင်သစ်တွင်နေသည်။) |
| ၉။ | ချားမာတယ် (မာတယ်) | ဟယ်လင်ရှိဖေး၏ ခင်ပွန်း၊ ပြင်သစ်နိုင်ငံဆိုင်ရာ ရှိဖေးကုမ္ပဏီခွဲ၏ ညွှန်ကြားရေးမှူးချုပ်။ |
| ၁၀။ | ဆာအလက်နီခိုးလ် (ဆာအလက်၊ အလက်) | ဆမ်ရှိဖေး၏ ဝမ်းကွဲညီ (ပါလီမန်အမတ်။ အင်္ဂလန် နိုင်ငံဆိုင်ရာ ရှိဖေးကုမ္ပဏီခွဲ၏ ညွှန်ကြားရေးမှူးချုပ်။ အင်္ဂလန်တွင် နေသည်။) |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၁၁။ ပီပီယံ | ဆာအလက်နီခိုးလ်၏ ဇနီး။ |
| ၁၂။ ဆီမိုနက်တာရှိဖေး (ဆီမိုနက်တာ) | ဆမ်ရှိဖေး၏ဝမ်းကွဲညီမ (အီတလီနိုင်ငံတွင် နေသည်။) |
| ၁၃။ အိုင်ဗိုပလာဇီ (အိုင်ဗို) | ဆီမိုနက်တာ ရှိဖေး၏ ခင်ပွန်း။ အီတလီနိုင်ငံဆိုင်ရာ ရှိဖေးကုမ္ပဏီ၏ ညွှန်ကြားရေးမှူးချုပ်။ |
| ၁၄။ ဒိုနာတယ်လာစပိုလီနီ (ဒိုနာတယ်လာ) | အိုင်ဗိုပလာဇီ၏အမြှောင်မယား။ |
| ၁၅။ မတ်စ်ဟော်နန် (ဟော်နန်) | ဆွစ်ဇာလန်နိုင်ငံ၊ ဇူးရစ်မြို့ရဲအဖွဲ့ချုပ်၊ မှုခင်း ထောက်လှမ်းရေးဌာနမှ မှုခင်းစုံထောက်။ |
| ၁၆။ ဒေါက်တာအီမီလ်ဂျိုပလီ (ဂျိုပလီ) | ရှိဖေးကုမ္ပဏီပိုင်၊ အဓိကသုတေသန ဓာတ်ခွဲခန်းတစ်ခု၏ တာဝန်ခံ သိပ္ပံပညာရှင်။ |
| ၁၇။ ဟား (မစ္စတာ)ဂျူလီယက်ဘရွတ် (ဟားဘရွတ်) | ဆွစ်ဇာလန်နိုင်ငံ၊ ငွေချေးဘဏ်များအဖွဲ့ ဥက္ကဋ္ဌ။ |
| ၁၈။ မစ္စကိတ်အားလင်း (မစ္စကိတ်) | ရှိဖေးကုမ္ပဏီ ရုံးချုပ်မှ ရုံးအတွင်းရေးမှူး အမျိုးသမီး။ |

★ ↔ ★

# အခန်း ( ၁ )

**တူရကီနိုင်ငံ**
**အီစတန်ဘူမြို့**
**စနေနေ့ ၊ စက်တင်ဘာလ ၅ ရက်**
**ည ၁၀–နာရီ**

ရုံးခန်းထဲတွင် မီးရောင်မရှိ၊ တစ်ခန်းလုံး မှောင်မည်းနေ၏။ သူသည် ဟာဂျစ်ကာဖား၏ စားပွဲတွင် တစ်ယောက်တည်း ထိုင်နေသည်။ ရုံးခန်း ပြတင်းမှ ကျော်ကာ အီစတန်ဘူမြို့တွင်းရှိ ဗလီဝတ်ကျောင်းများ၏ မျှော်စင်ပြာသာဒ်များကို ငေးကြည့်နေသည်။ သူကား ကမ္ဘာပတ်၍ အနိုင်နိုင်ငံသို့ ရောက်ဖူးသူတည်း။ ထင်ရှားသော မြို့ကြီးပေါင်း တစ်ဒါဇင်ခန့်ကို အိမ်ဦးနှင့် ကြမ်းပြင်ပမာ ကူးလူး သွားလာနေသူ ဖြစ်၏။ သို့ပေမယ့် သူက အီစတန်ဘူမြို့ကိုသာ အကြိုက်ဆုံး။ အီစတန်ဘူမြို့ကို အကြိုက်ဆုံးဖြစ်ရခြင်းမှာ ကမ္ဘာလှည့်ခရီးသည်များ စွဲမက်သော 'ဘီယိုဂလူလမ်း' ကြောင့်လည်း မဟုတ်၊ ဟစ်လတန်ဟိုတယ်မှ ခမ်းနားဆန်းပြားသော 'လာလေဇက်' အရက်ခန်းကြောင့်လည်း မဟုတ်။ မွတ်စလင်အမျိုးသားများသာ သိသော လမ်းကြိုလမ်းကြား အရပ်များ၊ ချောင်ကြိုချောင်ကြား ပွဲဈေးတန်းကလေးများနှင့် လူတစ်ယောက်သာ မြုပ်နှံရပြီး ကွယ်လွန်သူ ကောင်းရာသုဂတိသို့ ရောက်စေရန် လူအများ လာရောက်၍ ဆုတောင်းမေတ္တာပို့သလေ့ရှိသော 'တယ်လီဘာဘာ' သင်္ချိုင်းတို့ကြောင့်သာ ဖြစ်သည်။

သူသည် ဟာဂျစ်ကာဖားအား အလွန်စိတ်ရှည်စွာဖြင့် ထိုင်စောင့်နေသည်။ သူ၏စိတ်ရှည်ပုံမှာ သားကောင်ကို စောင့်ရသော တောလိုက်မုဆိုးတစ်ယောက်၏ စိတ်ရှည်ပုံမျိုး ဖြစ်သည်။ သူသည် ပင်ကိုယ်အားဖြင့် တည်ငြိမ်၍ သမာဓိရှိသူ ဖြစ်သည်။ မိမိ၏ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ ထိန်းချုပ်နိုင်သူ ဖြစ်သည်။ သူကား မျိုးရိုးလိုက်၍ ခန့်ညားချောမောသော ဝေလအမျိုးသား။ သူ့ဆံပင်များက နက်မှောင်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ သူ့မျက်နှာက ခန့်ညား၍ အားရှိသည်။ ပြာရင့်ရင့် သူ့မျက်လုံးများက ဉာဏ်အမြော်အမြင် ပြည့်ဝမှုကို ဖော်ပြနေသည်။ သူ့အရပ်မှာ ခြောက်ပေကျော်သည်။ ကိုယ်လုံးကိုယ်ဖန်မှာ အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းဖြင့် အလွန်ကြည့်ကောင်းသော ရုပ်သွင်မှီး ဖြစ်သည်။ ကျန်းမာရေးကို အလေးထားသော ယောက်ျား တစ်ယောက်၏ ကိုယ်လုံးကိုယ်ပေါက်မျိုး ဖြစ်သည်။

ရုံးခန်းထဲတွင် ဟာဂျစ်ကာဖား၏ အနံ့များ၊ အငွေ့အသက်များဖြင့် မွှန်နေသည်။ ငြိးစီစီ ချိုမြမြ ဆေးပြင်းလိပ်နံ့၊ စူးရှသော တူရကီကော်ဖီနံ့နှင့် ဟာဂျစ်ကာဖား၏ အဆီပြန်နေသည့် ဝဖိုင့်ဖိုင့် အတ္တဘောကြီးမှ ထွက်လာသော ကိုယ်နံ့များ။

သို့သော် ရီးစ်ဝီလျံက ယင်းတို့ကို လုံးဝဂရုမထားမိ။ လုံးဝ မစဉ်းစားမိ။ သူ စဉ်းစားနေသည်မှာ လွန်ခဲ့သော တစ်နာရီခန့်က ပြင်သစ်နိုင်ငံ၊ ချာမိုနီး တောင်တက်စခန်းမှ ရောက်ရှိလာသော တယ်လီဖုန်းသတင်းသာ ဖြစ်သည်။

“အလွန် တုန်လှုပ်စရာကောင်းတဲ့ အဖြစ်အပျက်ပါပဲ မစ္စတာဝီလျံ၊ ကျွန်တော်တို့တော့ အားလုံးဒုက္ခရောက်တော့မှာပဲ၊ အဖြစ်အပျက်က မြန်ဆန်လွန်းတယ်၊ ဒါကြောင့် သူ့ကို ကယ်ဆယ်ဖို့ အချိန်လုံးဝ မရလိုက်ပါဘူး၊ မစ္စတာရိုဖေးဟာ တစ်ခါတည်း ပွဲချင်းပြီး သေဆုံးသွားခဲ့ပါတယ် . . .”

ဆင်မြူရယ် (ဆမ်) ရိုဖေးသည် “ရိုဖေးနှင့် သားများ ကုမ္ပဏီ”၏ ဥက္ကဋ္ဌ ဖြစ်သည်။ ရိုဖေးနှင့် သားများ ကုမ္ပဏီမှာ ကမ္ဘာ့နိုင်ငံစုံတွင် ကုမ္ပဏီခွဲများ ဖွင့်လှစ်ထားရှိပြီး ကုဋေကုဋာ ချမ်းသာကြွယ်ဝသော ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီကြီး ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဆေးဝါးထုတ်လုပ်မှုနှင့် ပတ်သက်သော ဒုတိယအကြီးဆုံး ကုမ္ပဏီကြီးလည်း ဖြစ်သည်။ ယခုလို ဆမ်ရိုဖေး ရုတ်တရက် မတော်တဆ သေဆုံးသွားခြင်းကို ရီးစ်ဝီလျံက လုံးဝ မယုံနိုင်အောင် ဖြစ်နေမိသည်။ ဆမ်ရိုဖေးသည် အလွန်အားမာန်ပြင်းပြသူ ဖြစ်သည်။ မရပ်မနား အလုပ်လုပ်နေသူ ဖြစ်သည်။ ကမ္ဘာတစ်လွှားရှိ ကုမ္ပဏီပိုင် စက်ရုံများနှင့် ရုံးခွဲများသို့





လေယာဉ်မျိုးစုံဖြင့် တရစပ် ကူးသန်းသွားလာကာ တခြားသူတွေ မရှင်းနိုင်သော ပြဿနာများကို ဖြေရှင်းပေးနေသူ၊ စနစ်သစ်များကို တီထွင်ပေးနေသူ၊ အလုပ်သမားများအား အလုပ်ပိုလုပ်ချင်အောင်၊ အကောင်းဆုံး လုပ်ချင်အောင် စည်းရုံးလှုံ့ဆော်ပေးနေသူ ဖြစ်သည်။ သူမိုးတစ်ယောက် အဖေ အိမ်ထောင်သည် ဖြစ်သော်ငြားလည်း မိသားစုအရေးကို ဘေးချိတ်ထားပြီး အလုပ်တွင်သာ စိတ်နှင့်ကိုယ်ကို မြှုပ်နှံထားသူ ဖြစ်သည်။ ဆမ်ရိုဖေးကား အလွန်ထက်မြက်သူ ဖြစ်သည်။ ရှာမှရှားသော စီးပွားရေးသမားတစ်ဦး ဖြစ်သည်။

ယခု သူ မရှိတော့ပြီ။ သူ အသေအဆိုးဖြင့် သေဆုံးသွားခဲ့ပြီ။ သူ့နေရာတွင် ဘယ်သူ့ကို အစားထိုးနိုင်မှာလဲ။ သူ ထားပစ်ခဲ့သော ကြီးမားကျယ်ပြန့်လှသည့် ကမ္ဘာကျော် စီးပွားရေးလုပ်ငန်းကြီးကို ခြေနိုင်လက်နိုင် အုပ်ချုပ်နိုင်မည့်သူမှာ ဘယ်သူလဲ။ သူသည် သူ့နေရာတွင် ဆက်ခံမည့်သူကို ကြိုတင်ရွေးချယ်ထားခဲ့သည် မဟုတ်။ ယင်းသို့ဖြစ်ရခြင်းမှာလည်း သူ့ကိုယ်သူ ယခုလို အသက် ၅၂-နှစ်အရွယ်တွင် သေဆုံးမည်ဟူ၍ ကြိုတင်မသိခဲ့သောကြောင့် ဖြစ်သည်။ သူ လူ့လောကတွင် အကြာကြီး နေနေရဦးမည်ဟု သူက တွက်ထားခဲ့သောကြောင့် ဖြစ်သည်။

ယခုတော့ သူ မရှိတော့။ သူ အသေဆိုးဖြင့် သေဆုံးသွားခဲ့ပြီ။

ရုံးခန်းထဲတွင် ရုတ်တရက် မီးလင်းသွားသည်။ ရီးစ်ဝီလျံသည် အတွေးပြတ်သွားပြီး တံခါးမကြီးဆီသို့ လှမ်းကြည့်လိုက်သည်။ မီးရောင်ကြောင့် သူ့မျက်လုံးများ ခဏမျှ ဝါးသွားသည်။

“အို . . . မစ္စတာဝီလျံပါလား၊ ကျွန်မက ဒီမှာ ဘယ်သူမှ မရှိဘူးမှတ်တာ”

ဝင်လာသူမှာ ကုမ္ပဏီအတွင်းရေးမှူး စာရေးမ ဆိုဖီ ဖြစ်သည်။ ဆိုဖီသည် အီစတန်ဘူမြို့သို့ ရီးစ်ဝီလျံလာတိုင်း ရုံးလုပ်ငန်း အရပ်ရပ်နှင့်ပတ်သက်၍ တွဲဖက်ဆောင်ရွက်ပေးရသည်။ သူမသည် တူရကီအမျိုးသမီး ဖြစ်သည်။ အသက်က ၂၀-ကျော် အရွယ်။ မျက်နှာပေါက်ရော ကိုယ်လုံးကိုယ်ပေါက်ရော ဆွဲဆောင်မှုအပြည့်ရှိသည်။ သူမသည်



www.burmeseclassic.com

www.burmeseclassic.com



ချစ်မှုရေးရာနှင့် ပတ်သက်၍ အလွန်သိမ်မွေ့သော ရှေးဟောင်းတူရကီ ဖလေ့ထုံးစံများကို နှံ့နှံ့စပ်စပ် ကျွမ်းကျင်ကြောင်း ဝီလျံလာတိုင်း အပြော အဆို အမူအရာများဖြင့် ပြတတ်သည်။ သို့သော် ဝီလျံက လုံးဝ စိတ် မဝင်စား။

သူမက အသံချိုချိုဖြင့် ဆက်ပြောသည်။

“မစ္စတာကာဖား ခိုင်းထားတဲ့ စာတွေကို လက်နှိပ်စက် အပြီးရိုက်ဖို့ ကျွန်မ လာခဲ့တာပါ။ မစ္စတာဝီလျံအတွက် ကျွန်မ ဘာလုပ်ပေးရပါ မလဲ”

ဆိုဖီက ပြောရင်း စားပွဲနားသို့ ကပ်လာသည်။ သူမကိုယ်မှ ကတိုးနံ့များ လှိုင်နေသည်။

“မစ္စတာ ကာဖား ဘယ်သွားသလဲ”

ဆိုဖီက အားတုံ့အားနာဖြင့် ခေါင်းကို ခါယမ်းရင်း . . .

“ဒီနေ့ သူ အပြင်ထွက်သွားတာ တစ်နေကုန်ပဲ၊ ခုထိ ပေါ်မလာ သေးပါဘူး”။ ဆိုဖီက သူမ၏ လက်ဝါးပြင် နုနုကလေးဖြင့် ဂါဝန်အပေါ် ပိုင်းကို ညင်သာစွာ ပွတ်သပ်နေသည်။ “ကျွန်မဆီက အကူအညီ တစ်ခုခုများ လိုပါသလား”။ သူမ၏မျက်ဝန်းများက နက်မှောင်ပြီး အငွေ့ပြန်နေသလို ထင်ရသည်။

“လိုတာပေါ့၊ သူ့ကို တွေ့အောင်ရှာပါ”

ဆိုဖီက မျက်မှောင်ကြုတ်သွားသည်။

“အဲဒါမှ ခက်တာပဲ၊ ကျွန်မ ဘယ်သွားရှာရပါ့မလဲ”

“ကာဇန်ဆာရီ ဟိုတယ်မှာ ရှာကြည့်၊ ဒါမှမဟုတ် မာမာရား ဟိုတယ်မှာ ရှိနိုင်တယ်”

ကာဇန်ဆာရီဟိုတယ်မှာ ပို၍ ရှိနိုင်သည်။ ကာဖား၏အမြှောင် မယားကလေးတစ်ဦးမှာ ယင်းဟိုတယ်တွင် ဝတ်လစ်စလစ် ကခြေ သည် လုပ်နေသောကြောင့် ဖြစ်သည်။

ဆိုဖီက တောင်းပန်သံဖြင့် ပြောသည်။

“ကျွန်မ ကြိုးစားကြည့်ပါ့မယ်၊ ဒါပေမဲ့ . . . ကျွန်မ . . .”

“သူ့ကို တွေ့ရင် ပြောလိုက်ပါ၊ တစ်နာရီအတွင်း ဒီရုံးခန်း ရောက်





မလာရင် အလုပ်ပြုတ်ပြီလို့”

ဆိုဖီ၏ မျက်နှာတွင် အမူအရာ ပြောင်းသွားသည်။

“ကျွန်မ တတ်နိုင်သမျှ ရှာကြည့်ပါ့မယ် မစ္စတာဝီလျံ”

ဆိုဖီသည် တံခါးမဆီသို့ ပြန်လျှောက်သွားသည်။

“မီးပြန်ပိတ်ခဲ့”

★

တကယ်တော့ ဘာကိုမျှ စဉ်းစားမနေဘဲ အမှောင်ထဲတွင် ထိုင်နေခြင်း က ပို၍ ကောင်းပေလိမ့်မည်။ သို့သော် ရိုးစ်ဝီလျံအဖို့ မစဉ်းစားဘဲ နေ၍ မရ။ ဆမ်ရိုဖေး၏ရုပ်သွင်က သူ့စိတ်အာရုံထဲတွင် ထင်ထင် ရှားရှားကြီး ပေါ်လာသည်။ အမှန်ဆိုလျှင် ဒီနှစ်၊ ဒီရာသီ ဒီလို စက်တင် ဘာလဆန်းကာလမျိုးတွင် ‘မောင့်ဘလန့်’ တောင်ထွတ်များကို တက်ရ သည်မှာ အလွန် လွယ်ကူသည်သာ ဖြစ်သည်။ ဆမ်ရိုဖေးသည် ယခင် ကလည်း ဒီတောင်ထွက်များဆီသို့ တက်ရောက်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့ဖူးသည်။ သို့သော် ဆီးနှင်းမုန်တိုင်းများ ပြင်းထန်လွန်း၍ တောင်ထိပ်တွင် ခြေမချနိုင်ခဲ့ခြင်း ဖြစ်သည်။

“ဒီတစ်ခါတော့ တောင်ထိပ်မှာ ကျုပ်တို့ကုမ္ပဏီအလံကို စိုက်ဖြစ် အောင် စိုက်မှာပဲ”

ခရီးထွက်ခါနီးတွင် သူက ယင်းသို့ပင် နောက်သလိုပြောင်သလို ဖြင့် သူ့ဆုံးဖြတ်ချက်ကို ကြေညာသွားခဲ့သေးသည်။

သို့သော် သူထွက်သွားပြီး နာရီပိုင်းအတွင်းမှာပင် တယ်လီဖုန်းမှ သတင်းဆိုးကြီး ရောက်လာခဲ့သည်။ တယ်လီဖုန်းထဲမှ သတင်းပို့သူ၏ တုန်ယင်နေသောအသံကို ရိုးစ်ဝီလျံက လောလောလတ်လတ် ကြား ယောင်နေသေးသည်။ “ . . . အဲဒီအချိန်မှာ သူတို့က ရေခဲမျောတုံး ကြီးကို ဖြတ်ကျော်ဖို့ ခက်ခက်ခဲခဲ ကြိုးစားနေကြပါတယ်၊ မစ္စတာ ရိုဖေးဟာ ရုတ်တရက် ခြေချော်လဲကျသွားပြီး တောင်တက်ကြိုးပြတ် သွားတယ်၊ အသူတစ်ရာနက်တဲ့ ရေခဲတောင်ကြီးထဲ လိမ့်ကျသွားတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဆမ်ရိုဖေး၏ ကိုယ်ခန္ဓာသည် ရေခဲတောင်စွန်းများနှင့် ရိုက်ခတ်ပြီး ရေခဲတောင်ကြားထဲသို့ ဒလိမ့်ကောက်ကွေး လွင့်စင်လိမ့်ကျသွားပုံကို ရိုးစ်ဝီလျှံ၏ စိတ်မျက်စိထဲတွင် မြင်ယောင်လာသည်။ သူက ယင်းမြင်ကွင်းကို စိတ်မကူးမိရန် ကြိုးစားပြီး အာရုံလွှဲပစ်နေမိသည်။ ဖြစ်ပျက်ခဲ့သမျှမှာ အတိတ်ကာလတွင် ကျန်ရစ်ခဲ့ပြီ။ လွန်လေပြီးသော အတိတ်ကာလအတွက် စိုးရိမ်ပူပန်နေ၍ အကျိုးမရှိတော့။ သူ့အဖို့ စိုးရိမ်ပူပန်ရမှာက ယခုလောလောဆယ် ပစ္စုပ္ပန်ကာလ။

ဤသတင်းဆိုးကြီးကို ဆမ်ရိုဖေး၏ ဆွေမျိုးသားချင်းများထံသို့ အကြောင်းကြားရန် ရှိသေးသည်။ သူ့ဆွေမျိုးသားချင်းများမှာ ကမ္ဘာအရပ်ရပ်တွင် တကွဲတပြားစီ နေထိုင်ကြသည်။ ပြီးတော့ သတင်းစာများအတွက် ကြေညာချက်တစ်စောင်လည်း ထုတ်ပြန်ရဦးမည်။ ဤသတင်းသည် ဘွားခနဲပေါ်ပေါက်လာသော လှိုင်းလုံးကြီးပမာ ကမ္ဘာ့စီးပွားရေးလောက တစ်ခုလုံးသို့ ရိုက်ခတ်သွားပေလိမ့်မည်။ ယခုအချိန်တွင် ရိုဖေးနှင့်သားများကုမ္ပဏီမှာ ပြဿနာသောင်းခြောက်ထောင်နှင့် ရင်ဆိုင်နေရသည်။ 'ဆမ်ရိုဖေး ကွယ်လွန်သွားပြီ' ဟူသော သတင်းသည် သူ့ကုမ္ပဏီတစ်ခုလုံးကို လဲရာဖိထောင်းလိုက်သလို ဖြစ်သွားပေလိမ့်မည်။ ယခုအခါ ကုမ္ပဏီ၏ တာဝန်အရပ်ရပ်မှာ ရိုးစ်ဝီလျှံ၏ ပခုံးပေါ်သို့ ကျရောက်လာခဲ့ပြီ ဖြစ်သည်။

ရိုးစ်ဝီလျှံသည် လွန်ခဲ့သော ကိုးနှစ်ခန့်က ဆမ်ရိုဖေးနှင့် စတင်တွေ့ဆုံခဲ့ရသည်။ ထိုစဉ်က သူ့အသက်မှာ ၂၅ နှစ်။ အလုပ်ကဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီကလေးတစ်ခု၏ အရောင်းမန်နေဂျာ။ သူသည် အသိဉာဏ် ထက်မြက်သည်။ ထိုးထွင်းဉာဏ်လည်း ရှိသည်။ ကုမ္ပဏီလုပ်ငန်းတိုးချဲ့လာသောအခါ ရိုးစ်၏ ဂုဏ်သတင်းမှာလည်း ပျံ့နှံ့လာခဲ့သည်။ ရိုးစ်၏ အစွမ်းအစကို ဆမ်ရိုဖေးက မြင်သည်။ ထို့ကြောင့် သူ့အား ရိုဖေးနှင့်သားများ ကုမ္ပဏီတွင် လာလုပ်ရန် ကမ်းလှမ်းသည်။ သို့သော် ရိုးစ်က လက်မခံ၊ ပေးလာသော ရာထူးကို ပယ်ချလိုက်သည်။ ထိုအခါ အလုပ်တစ်ခုကို မဖြစ်မနေ လုပ်တတ်သော ဆမ်ရိုဖေးက အပိုင်ကြံသည်။ ရိုးစ်လုပ်နေသော ကုမ္ပဏီကို အပြီးအပိုင်



ဝယ်ယူလိုက်သည်။ ဒီလိုနှင့် ရိုးစ်မှာ ဆမ်ရိုဖေး၏ လက်အောက်သို့ ရောက်လာခဲ့ရတော့သည်။ ထိုစဉ်က ဆမ်ရိုဖေးနှင့် တွေ့ဆုံပြောဆိုခဲ့သည်များကို ရိုးစ်က ယခုတိုင် မှတ်မိနေသေးသည်။

"မောင်ရင့်ကို ရိုဖေးနှင့်သားများကုမ္ပဏီက ပိုင်သွားပြီ၊ ဒါကြောင့်မို့ မောင်ရင်လုပ်နေတဲ့ ကုမ္ပဏီစုတ်ကလေးကို ကျုပ် ဝယ်လိုက်တာပေါ့"

ဆမ်ရိုဖေး၏ စကားကြောင့် ရိုးစ်အဖို့ ဝမ်းလည်း သာမိသည်။ တစ်ချိန်တည်းတွင် မခံချင်စိတ်လည်း ဖြစ်မိသည်။ ထို့ကြောင့် သူက ပြန်ပြောလိုက်သည်။

"ကျွန်တော် မလုပ်ချင်ဘူးဆိုရင် ဘာပြောမှာလဲ"

ဆမ်ရိုဖေးက ပြုံးသည်။ ပြီးတော့ ပိုင်ပိုင်နိုင်နိုင် ပြောလိုက်သည်။

"မောင်ရင် လုပ်ချင်ပါတယ်၊ ဒီမှာ ရိုးစ် . . . မောင်ရင်နဲ့ ကျုပ်မှာ တူညီတဲ့ ရည်မှန်းချက်ရှိတယ်၊ တို့နှစ်ယောက်စလုံး ကြီးပွားချင်စိတ်ရှိကြတယ်၊ တို့က ကမ္ဘာကြီးတစ်ခုလုံးကို ခါးစောင်းတင်ချင်ကြတယ်၊ အဲဒီလိုဖြစ်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ မောင်ရင့်ကို ကျုပ်ပြမယ်"

ကြားရသော စကားများက တန်ခိုးကြီးဒိပါဒ်နှင့် ပြည့်စုံသည်။ ရင်ထဲတွင် မီးတောက်မတတ် ဆာလောင်မွတ်သိပ်နေသော လူငယ်ကလေးအတွက် ပွဲတော်ကြီး တည်ပေးလိုက်သလို ဖြစ်သွားတော့သည်။ အကြောင်းရင်းခံကတော့ ရိုးစ်ဝီလျှံ၏ဘဝတွင် ဆမ်ရိုဖေး မသိသေးသော အရာတစ်ခုရှိသည်။ တကယ်တော့ ဒီအချိန်ကစပြီး ယခင်ရိုးစ်ဝီလျှံ မရှိတော့။ ဘဝတွင် မကျေမချမ်းဖြစ်ခဲ့ရခြင်း၊ စိတ်အားငယ်ရခြင်းနှင့် ဆင်းရဲတွင်းနက်ခဲ့ခြင်းတို့က လူသစ်၊ စိတ်သစ်ဖြင့် 'ရိုးစ်ဝီလျှံအသစ်ကို မွေးထုတ်ပေးလိုက်ပြီ မဟုတ်ပါလား။

★

ရိုးစ်ဝီလျှံကို အင်္ဂလန်နိုင်ငံ၊ ဝေလနယ်ရှိ 'ဂွင့်' နှင့် 'ကမာသင်' ကျောက်မီးသွေးတွင်း နယ်မြေတစ်ဝိုက်တွင် မွေးဖွားခဲ့သည်။ ဒီနယ်မြေတွင်

www.burmeseclassic.com

www.burmeseclassic.com



သဲတော့ကာ်၊ ထုံးကျောက်နှင့် ကျောက်မီးသွေးများဖြင့် ပေါကြွယ်ဝသော လျှိုမြောင်တောင်ကြားများ အများအပြားရှိသည်။ ဒီနယ်မြေရှိ မြို့ရွာဒေသအမည်ဟူသမျှမှာ စာပေဝင်ကြသည်။ သမိုင်းဝင်ကြသည်။ ဒီနယ်မြေသည် ကဗျာစာဆိုတို့၏ စိတ်အာရုံ ကွန့်မြူးရာနယ်မြေ ဖြစ်သည်။ ယခင်က ဒီနယ်မြေတစ်လျှောက်တွင် စိမ်းလန်းစိုပြေသော အစ်ပင်တောတန်းကြီးများ ရှိခဲ့သည်။ သို့သော် စက်မှုတော်လှန်ရေးကြီး ပေါ်ပေါက်လာသောအခါ ယင်းသစ်ပင်များမှာ သံရည်ကျိုစက်များ အတွက် ထင်းဘဝသို့ ရောက်ခဲ့ရသည်။

ရိုးစ်ဝီလျံ၏ ဇာတိချက်ကြွေ မွေးရပ်မြေသည် သမိုင်းဝင် အာဇာနည်များ ပေါ်ထွန်းရာ နယ်မြေလည်း ဖြစ်သည်။ ဒီနယ်မြေသား တစ်ဦးဖြစ်သူ ရောဘတ်ဖာရားသည် အိမ်ထောင်မှုကိစ္စနှင့် ပတ်သက်၍ ဘာသာရေးပညတ်ချက်ကို တော်လှန်ဖောက်ဖျက်သောကြောင့် ဗရင်ဂျီ ခရစ်ယာန်ကျောင်းတော် အာဏာပိုင်များက ကားစင်တင်၍ အရှင်လတ်လတ် မီးရှို့သတ်ခြင်းကို ခံခဲ့ရသည်။ ဟိုင်ဝယ်ဘုရင်ကြီးသည် ၁၀ ရာစုခေတ်တွင် ဝေလနယ်သားတို့အတွက် တရားဥပဒေများကို တီထွင်ပြဋ္ဌာန်းပေးခဲ့သည်။ သား ၁၂ ယောက် သမီး ၂၄ ယောက်တို့၏ဖခင် စစ်သူရဲကောင်းကြီး ဘရိုင်ချင်သည် သူ့နိုင်ငံအား ကျူးကျော်လာသမျှ ရန်သူတို့အား ရဲရဲရင့်ရင့် ရက်ရက်စက်စက် တိုက်ထုတ်နိုင်ခဲ့သည်။

ရိုးစ်ဝီလျံ၏ ဇာတိမွေးမြေကား ယင်းသို့လျှင် သမိုင်းဝင် ဂုဏ်ဖြပ်များဖြင့် ဖြိုးဝေကြွယ်ဝသော နယ်မြေဖြစ်ခဲ့သည်။ သို့သော် သူ့ဘဝကတော့ သမိုင်းလည်း မဝင်၊ ဂုဏ်ဖြပ်လည်း မထင်။ သူ၏ဘိုးဘွားဘီဘင်မှန်သမျှ သတ္တုတွင်း အလုပ်သမားများသာ ဖြစ်ခဲ့ကြသည်။ ထိုခေတ်က သတ္တုတွင်းများမှာ ငရဲဘုံနှင့် ဘာမျှ မခြား။ အလုပ်သမားတို့၏ ဘဝမှာလည်း ငရဲသားတို့၏ဘဝနှင့် ထပ်တူထပ်မျှ။ သတ္တုတွင်းလုပ်သားတို့၏ ငရဲသားဘဝ ဇာတ်လမ်းမျိုးစုံကို ရိုးစ်သည် လူမှန်းသိတတ်သည့် အရွယ်ကပင် သူ့ဖခင်နှင့် သူ့ဦးလေးများက ပုံပြင်ပမာ ပြောပြ၍ အတွင်းကျကျ သိခွင့်ရခဲ့သည်။ လုပ်ခ တိုးမြှင့်ပေးရေး၊ အလုပ်ချိန် ကန့်သတ်ရေး၊ လူမမယ်ကလေးငယ်များအား အလုပ်မခိုင်းရေး၊ အမျိုးသမီးများအား မတန်တဆ အလုပ်ကြမ်းများ မလုပ်ခိုင်းရေးတို့အတွက် အလုပ်သမားများက တိုက်ပွဲဝင်သောအခါ အလုပ်ရှင်သူဌေးကြီးများက သတ္တုတွင်းများကို ပိတ်ပစ်ကြသည်။ အလုပ်သမား ထောင်ပေါင်းများစွာတို့မှာ ထမင်းငတ်ကြရသည်။ နောက်ဆုံး အာဟာရပြတ်၍ သေကိန်း ကြုံလာသောအခါ အလုပ်သမားများက လက်နက်ချကြရသည်။ ထိုအခါ အလုပ်ရှင်များက လက်ပန်းပေါက်ခတ်၍ အောင်ပွဲခံကြသည်။ အောင်သေသောက်၍ အောင်ပွဲကြီး နွှဲကြသည်။

သတ္တုတွင်းများ ပြန်ဖွင့်တော့လည်း ဘယ်လိုမှ အကြောင်းထူးလာ။ ငရဲမှာ ငရဲပင် ဖြစ်သည်။ ရိုးစ်၏ ဘိုးဘွားမိဘ အားလုံးလိုလိုပင် သတ္တုတွင်းများ၌ အသက်ဆုံးရှုံးခဲ့ကြရသည်။ အချို့က မြေတွင်းထဲမှာ အသက်ပျောက်ကြရသည်။ အချို့က အဆုတ်ထဲ မီးသွေးမှုန့်ဝင်၍ သွေးပါ ချောင်းဆိုးရောဂါဖြင့် သေကြရသည်။ ၃၀ ကျော်သည်အထိ အသက်ရှင်နေထိုင်ခဲ့ရသူဟူ၍ မရှိသလောက် ဖြစ်သည်။

ဒီဖြစ်ရပ်များကို ရိုးစ်၏ ဖခင်နှင့် ဦးလေးများက မကြာခဏ ပြန်ပြောလေ့ရှိသည်။ မြေအောက် အမှောင်တိုက်ထဲ လှောင်ပိတ်သေဆုံးမှုများ၊ ကိုယ်လက်အင်္ဂါ ကျိုးပဲ့ချွတ်ယွင်းမှုများနှင့် သပိတ်မှောက်၍ အလုပ်ပြုတ်၊ အလုပ်ပြုတ်၍ ထမင်းငတ် သေဆုံးမှုများအကြောင်းကို ရိုးစ်မှာ မကြားချင်အဆုံး ကြားနေခဲ့ရသည်။ ဒီလောက ဒီဘဝကို ရိုးစ်သည် ကလေးဘဝကပင် စိတ်နာခဲ့သည်။ သူ့ဘဝတစ်ခုလုံး မြေအောက် အမှောင်တိုက်ထဲတွင် ဆုံးရှုံးခံရမည်ကို အထူးပင် တွေးကြောက်မိခဲ့သည်။

ထို့ကြောင့်လည်း သူသည် ၁၂ နှစ်သားအရွယ်တွင် အိမ်မှ ထွက်ပြေးခဲ့တော့သည်။ သူသည် ကျောက်မီးသွေးတွင်းများရှိရာ လျှိုမြောင်တောင်ကြားများကို စွန့်ခွာပြီး ပင်လယ်သမုဒ္ဒရာများ ရှိသော ဆူလီရန်နိုင်လယ်အော်ဒေသနှင့် လာဗာနော့ (ခ်) ကမ်းရိုးတန်းဒေသသို့ လာခဲ့သည်။ ထိုဒေသတွင် ချမ်းသာကြွယ်ဝသော ကမ္ဘာလှည့်ခရီးသည်များ ပျော်ရွှင်လိမ်နေကြသည်။ ရိုးစ်ကလေးသည် ၎င်းတို့၏ အထုပ်အပိုးများ



www.burmeseclassic.com

www.burmeseclassic.com



တို သယ်ဆောင်ပေးသည်။ တောက်တိုမယ်ရ ခိုင်းသမျှကို ကျိုးကျိုးနွံနွံ လုပ်ပေးသည်။ အမျိုးသမီးကြီးများအား ကမ်းခြေရှိ ကျောက်ဆောင်ကျောက်ထွတ်များပေါ်သို့ တက်နိုင်ရန် ဖေးမ ကူညီသည်။ မြင်းလှည်းမောင်း၍ သွားလိုရာသို့ ပို့ပေးသည်။ တစ်ခါတစ်ရံ ဝှစ်ဟိုးပင်လယ်အော် ဒေသရှိ အပန်းဖြေဥယျာဉ်တွင် အချိန်ပိုင်း အလုပ်သမားအဖြစ် ဝင်လုပ်လိုက်သေးသည်။

တကယ်တော့ ယခု သူ ရောက်နေသော နေရာမှာ သူ့ဇာတိမြေနှင့် များစွာ မဝေး။ တစ်နာရီ နှစ်နာရီ ခရီးမျှသာ ဖြစ်သည်။ သို့သော် ယင်းဒေသနှစ်ခု၏ အကွာအဝေးကို တိုင်းတာ၍ မရနိုင်။ ယင်းဒေသနှစ်ခုသည် တစ်ခုနှင့်တစ်ခု လုံးဝ ခြားနားသည်။ ယခု သူ ရောက်နေသော ဒေသမှာ သီးခြားကမ္ဘာသစ်တစ်ခု ဖြစ်သည်။ သူက ဒီဒေသကို ပိုလှသည်ဟု မြင်သည်။ ဒီဒေသမှ လူတွေကို ပိုလှသည်ဟု ထင်သည်။ သူ့အဖို့ မိန်းမတိုင်း မိန်းမတိုင်း လှနေကြသည်။ မင်းသမီးလို၊ ဘုရင်မလို လှနေသည်။ ယောကျ်ားတွေလည်း ခန့်ညားကြသည်။ ကျက်သရေရှိကြသည်။ ဒီဘဝမျိုး ဒီလောကမျိုးကို သူလည်း ပိုင်ဆိုင်သည်ဟု ယုံကြည်သည်။ ဒီဘဝ၊ ဒီလောကသို့ရောက်အောင် ကြိုးစားမည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။

၁၄ နှစ်သားအရွယ်ရောက်တော့ ရီးစ်သည် ခြစ်ခြစ်ခြုတ်ခြုတ် စုထားသည့် ငွေကလေးဖြင့် လန်ဒန်မြို့တော်သို့ ဘဝခရီး တစ်ဆင့် လှမ်းခဲ့သည်။ ပထမ သုံးရက်အတွင်း ခြေကျင်လျှောက်ပြီး တစ်မြို့လုံး အနှံ့ လှည့်လည်ကြည့်ရှုသည်။ မြင်ရ ကြားရသမျှ တစ်ခုမကျန် အငမ်းမရ လေ့လာသည်။

ကံအားလျော်စွာ မကြာမီပင် အထည်ဆိုင်တစ်ဆိုင်တွင် ပစ္စည်းသယ်ပို့လုပ်သား အလုပ်ကို ရသည်။ အထည်ဆိုင်တွင် စာရေး နှစ်ယောက်နှင့် စာရေးမတစ်ယောက် ရှိသည်။ စာရေးနှစ်ယောက်က ဘဝင်ကိုင်ကြသည်။ စာရေးမကတော့ ဝေလနယ်မှ တောသားကလေး အဖို့ အလှနတ်သမီးကလေး ဖြစ်နေသည်။ စာရေးမကလေးကို မြင်ရတိုင်း သူ့ရင်မှာ ပုစွန်ဆိတ်ခုန်ရသည်။ ရီးစ်မှာ တောသားပီပီ အဝတ်



အစားကလည်း ဖိုသီဖတ်သီ၊ မြို့သားစကားကိုလည်း ပီပီပြင်ပြင် မပြောတတ်သေး။ သူ့အမူအရာကလည်း ထောင့်မကျိုးသေး။ ထို့ကြောင့် စာရေးတွေက သူ့အပေါ် အထက်စီးနှင့် ဆက်ဆံကြသည်။ သူ့နာမည် အသံထွက်အမှန်က "ရီးစ်" ဖြစ်သော်လည်း သူတို့က "ရိုက်စ်" ဟု လည်းကောင်း၊ "ရိုင်း" ဟုလည်းကောင်း ပြောင်လှောင်၍ ခေါ်ကြသည်။

စာရေးမကလေးကတော့ ယင်းသို့မဟုတ်၊ ရီးစ်အပေါ်တွင် ကြင်နာမှု ပြသည်။ တစ်နေ့တွင် စာရေးမကလေးက ရီးစ်အား သူ့အခန်းသို့ ခေါ်လာခဲ့သည်။ သူမသည် အခြားမိန်းကလေး သုံးယောက်နှင့်ပေါင်း၍ တစ်ခန်းတည်း ငှားနေသည်။ အခန်းရောက်တော့ စာရေးမကလေးက ရီးစ်အား လက်ဖက်ရည်ပွဲဖြင့် ကျကျနန ဧည့်ခံသည်။ ရီးစ်မှာ တစ်ကိုယ်လုံး နတ်ပူးသလို တုန်နေသည်။ "ဒီနေ့တော့ ငါ့ဘဝမှာ ပထမဆုံး မိန်းမရတဲ့နေ့ ဖြစ်တော့မှာပဲ" ဟု ကျိတ်တွေးပြီး အကြီးအကျယ် စိတ်လှုပ်ရှားနေခြင်း ဖြစ်သည်။ အတော်ကြာတော့ သူက စိတ်မထိန်းနိုင်တော့ဘဲ စာရေးမကလေးကို ကြုံးဖက်လိုက်သည်။ စာရေးမလေးက သူ့မျက်နှာကို ခဏမျှ စိုက်ကြည့်နေသည်။ ပြီးတော့ သဲ့သဲ့ကလေး ရယ်သည်။

"ငါက မင်းကို အဲဒီလို အခွင့်အရေးမျိုးပေးဖို့ လုံးဝ မစဉ်းစားပါဘူး၊ ဒါပေမဲ့ မင်းကို အကြံဉာဏ်တော့ ပေးမယ်၊ မင်းကိုယ်မင်း လူတစ်လုံး သူတစ်လုံး ဖြစ်ချင်ရင် အဝတ်အစားကို ကျကျနန ဝတ်ပါ၊ အဆင့်အတန်းမီမီ ပညာတတ်အောင် လုပ်ပါ၊ ဂုဏ်သရေရှိတဲ့ လူတွေ ပြောဆိုပြုမူပုံတွေကို လေ့လာပါ"

ယင်းသို့ ပြောပြီး စာရေးမကလေးက ရီးစ်၏မျက်နှာကို စေ့စေ့ကြည့်နေသည်။ သူ့မျက်နှာက သွယ်လျလျနှင့် မေတ္တာရိပ် လွှမ်းနေသည်။ အပြာရင့်ရောင် သူ့မျက်လုံးများက ကြည်စင်ရွှန်းလက်နေသည်။ စာရေးမကလေးက အသံချိုကလေးဖြင့် ပြောသည်။

"မင်းက အရွယ်ရောက်လာရင် ကြီးပွားမယ့်လူပါ"

★

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုယ်မင်း လူတစ်လုံး သူတစ်လုံး ဖြစ်ချင်ရင် . . ." ဒီစကားကို ကြားရချိန်မှစ၍ 'စိတ်ကူးထဲမှ ရိုးစ်ဝီလျံ' ကို မွေးဖွားခဲ့သည်။ 'တကယ့် ဘဝထဲမှ ရိုးစ်ဝီလျံ' ကတော့ ပညာ မတတ်၊ ဗဟုသုတ မရှိ၊ ကျော ထောက်နောက်ခံ မရှိ၊ ဆွေမျိုးမရှိ၊ အတိတ် မရှိ၊ အနာဂတ် မရှိ၊ ဒါပေမဲ့ သူ့မှာ စိတ်ကူးရှိသည်။ ဉာဏ်ရှိသည်။ မီးလိုပြင်းသော ရည်မှန်းချက် ရှိသည်။ ဒီလောက်ဆိုလျှင်ပင် လူတစ်ယောက်အဖို့ ပြည့်စုံပြီ၊ အလုပ်ဖြစ်ပြီ။

သူသည် ယင်းရည်မှန်းချက်ဖြင့် သူဖြစ်ချင်သော၊ သူလိုချင်သော ရုပ်ပုံလွှာကို စတင်ပုံဖော်သည်။ သူ့ရုပ်ပုံလွှာကို သူ မှန်ထဲမှာ ကြည့်မိ သည်။ မြို့သားစကား မပြောတတ်သော၊ အဝတ်အစား အချိုးမကျ သော တောသားကလေးတစ်ယောက်၏ ပုံကို မမြင်ရတော့။ ဝတ် ကောင်းစားလှဖြင့် အပေါင်းအသင်း ဝင်ဆန့်သော၊ အောင်မြင်သော လူငယ်တစ်ယောက်၏ ရုပ်ပုံလွှာကို မြင်လာရသည်။ ရိုးစ်သည် သူ့စိတ် ကူးထဲတွင် ရည်မှန်းထားသော ရုပ်ပုံလွှာကို မြင်လာရသည်။ ရိုးစ်သည် သူ့စိတ်ကူးထဲတွင် ရည်မှန်းထားသော ရုပ်ပုံလွှာမျိုး ဖြစ်လာအောင် ဖြည်းဖြည်းချင်း ကြိုးစားဖန်တီးယူခဲ့သည်။ သူသည် ညကျောင်းတက် သည်။ နေ့အားများတွင် ပန်းချီပြခန်းများသို့ သွားသည်။ ပြည်သူ့ စာကြည့်တိုက်များသို့ သွားသည်။ ဇာတ်ရုံများသို့ သွားသည်။ ဝတ် ကောင်းစားလှဖြင့် အထက်တန်းမှ ထိုင်ကြည့်နေသော ပုဂ္ဂိုလ်များကို သေသေချာချာ လေ့လာသည်။ ပုံမှန် အစားအသောက်များအတွက် ငွေကို ချွေတာပြီး အကောင်းဆုံး စားသောက်ဆိုင် တစ်ခုခုသို့ တစ်လ တစ်ကြိမ် မှန်မှန်သွားသည်။ အခြားလူတွေ အစားအသောက် မှာပုံ၊ စားသောက်ပုံများကို အတုခိုးသည်။ သူသည် လေ့လာသည်။ သင်ယူ သည်။ မှတ်ထားသည်။ အတိတ်က အမှားများကို ပြင်၍ အနာဂတ် အတွက် ခရီးနှင်သည်။

တိုတောင်းသော တစ်နှစ်တာ အတွင်းမှာပင် သူ့ဘဝ၊ သူ့အခြေ အနေများ တိုးတက်လာသည်။ သူသည် ယခင်က အလုနတ်မိမယ်လို





စွဲလမ်းမိခဲ့သော စာရေးမကလေးကို ကြည့်၍ မရတော့။ သာမန် ရွက် ကြမ်းရေကျို တောသူတစ်ယောက်လောက်သာ မြင်လာတော့သည်။ သူသည် အထည်ဆိုင်လုပ်သားဘဝမှ နုတ်ထွက်ပစ်လိုက်ပြီး ကုမ္ပဏီ ပိုင် ဌာနခွဲတစ်ခုဖြစ်သော ဆေးဆိုင်တစ်ခုမှာ စာရေးဝင်လုပ်သည်။ ထိုအချိန်မှာ သူ့အသက်က ၁၆ နှစ်ရှိပြီ။ သို့သော် သူ့ရုပ်သွင်က အသက်ထက် ရင့်သည်။ အရပ်လည်း ရှည်လာသည်။ ဝလည်း ဝလာ သည်။ သူ၏ ကျက်သရေရှိသော ဝေလနယ်သားမျက်နှာနှင့် သွက် သွက်လက်လက်ဖြင့် မသိမသာ မြှောက်ပင့်ပြောဆိုမှုတွေကို အမျိုး သမီးတွေက တန်းတန်းစွဲ ဖြစ်လာသည်။ ဆေးဆိုင်တွင် သူသည် ဖို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်နေသည်။ ဈေးဝယ်အမျိုးသမီးတွေက အခြားစာရေးတွေကို လုံးဝ ဂရုမစိုက်။ ရိုးစ်လက်နှင့် ကမ်းပေးသော ပစ္စည်းကိုမှ ဝယ်မယ်ဆိုပြီး တမင် ရပ်စောင့်ကြသည်။ သူသည် အဝတ် အစားကိုလည်း အချိုးကျကျ ဝတ်တတ်လာသည်။ မြို့သားစကားကို လည်း ပီပီပြင်ပြင် ပြောတတ်လာသည်။ သူသည် အဝေးကြီးမှ လာခဲ့ ရသည်။ ဆိပ်ခေါင်တော်ဖျားဒေသမှ လာခဲ့ရသော ကျေးတောသား တလေး ဖြစ်သည်။ ဒီအချက်ကို သူ သိသည်။ သို့ပေမယ့် သူ့ရုပ်ကို သူ မှန်ထဲပြန်ကြည့်သောအခါ သူ့ကိုယ်သူ မကျေနပ်နိုင်သေး။ သူ လျှောက်ရမည့်ခရီးက ရှေ့မှာ အဝေးကြီး ကျန်သေးသည်ဟု သဘော ပိုက်မိသည်။

နှစ်နှစ်ခန့် ကြာသောအခါ ရိုးစ်အား ဆေးဆိုင်တွင် မန်နေဂျာ အဖြစ် ရာထူးတိုးပေးသည်။ ခရိုင်မန်နေဂျာက သူ့ကို အားပေးစကား ဆိုသည်။

"ဒါက အစပဲ ရှိသေးတယ် ဝီလျံ။ ကြိုးစားသာ လုပ်ပါ၊ တစ်နေ့မှာ မင်းဟာ ဒီလိုဆိုင်ပေါင်း ဒါဇင်ဝက်ကို ဦးစီးရတဲ့ အုပ်ချုပ်ရေးမှူး ဖြစ် လာမှာပါ"

သူသည် မန်နေဂျာ ဖြစ်လာပေမယ့် ကျောင်းကို လက်မလွှတ်။ "လုပ်ခွင်မပျက် ပညာဆက်" သည်။ တစ်ဘက်ကလည်း စီးပွားရေး လုပ်ငန်း အုပ်ချုပ်မှုပညာ၊ ရောင်းဝယ်ရေးပညာနှင့် စီးပွားရေးကုန်သွယ်



www.burmeseclassic.com

www.burmeseclassic.com



ရေးဥပဒေများကို လေ့လာသည်။ သူသည် ပညာသင်ရသည်ကို မရောင့်ရဲနိုင်၊ ရသမျှ လိုချင်သည်။ သူ၏ "စိတ်ကူးထဲမှ ရုပ်ပုံလွှာ" က "လှေကားထိပ်" မှာ ရှိသည်။ ယခု သူ့လက်တွေ့ဘဝက "လှေကားရင်း" မှာပဲ ရှိသေးသည်ဟု သူက ယူဆသည်။ တစ်နေ့တော့ သူ့အဖို့ လှေကားထိပ်အထိ တက်ရန် အခွင့်အရေး ပေါ်လာခဲ့သည်။ ထိုနေ့က သူတို့ကုမ္ပဏီမှ နယ်လှည့်အရောင်းဝန်ထမ်းတစ်ဦး ရီးစ်၏ ဆိုင်ထဲ ဝင်လာသည်။ ထိုပုဂ္ဂိုလ်က ဈေးဝယ်လာနေသော အမျိုးသမီးတွေကို စိတ်ဝင်စားစွာ စောင့်ကြည့်နေသည်။ 'တကယ်တော့ ယင်းအမျိုးသမီးများမှာ တကယ်လိုအပ်၍ လာဝယ်ကြခြင်း မဟုတ်။ ရီးစ်၏ရုပ်ကို မြင်ချင်လို့၊ ရီးစ်၏ စကားသံကို ကြားချင်လို့ တမင်လာကြခြင်းသာ ဖြစ်သည်။ ဒါကို နယ်လှည့်ဝန်ထမ်းကြီးက မြင်တော့ ရီးစ်ကို ပြောသည်။

"ဒီမှာ သူငယ် . . . မင်း ဒီဆိုင်မှာ မန်နေဂျာဘဝနဲ့ အချိန်ဖြုန်းနေဖို့ မသင့်တော့ဘူး၊ နွားခြေရာခွက်ထဲ ရောင့်ရဲမနေပါနဲ့၊ ရေကန်ကြီးထဲ ပြောင်းသင့်ပြီ"

"ဒီတော့ . . . ကျွန်တော် ဘာလုပ်ရပါ့မလဲ ခင်ဗျာ"

"မပူပါနဲ့၊ မင်းအကြောင်း ငါ့ 'ဘော့စ်' ကို ငါ ပြောပြမယ်"

နောက် ရက်သတ္တနှစ်ပတ်ကြာတော့ ရီးစ်မှာ မန်နေဂျာဘဝမှ နယ်လှည့်ဝန်ထမ်းမှူးဘဝသို့ ရောက်ရှိသွားတော့သည်။ သူသည် နယ်လှည့်ဝန်ထမ်းမှူး ၅၀ အနက်မှ တစ်ဦးသာ ဖြစ်သည်။ သို့သော် သူ၏ ရုပ်ပုံလွှာကို မှန်ထဲတွင် ကြည့်သောအခါ သူ့ကို ယှဉ်နိုင်သူမှာ သူသာ ဖြစ်ကြောင်း မြင်တွေ့ရသည်။ သူသည် သူရည်မှန်းထားသော၊ သူ ပုံဖော်နေသော စိတ်ကူးထဲမှ ရုပ်ပုံလွှာအနီးသို့ ရောက်လာခဲ့ပြီ။ အသိဉာဏ်ရှိသော၊ ယဉ်ကျေးသော၊ ပါးနပ်လိမ္မာသော၊ ခန့်ညားချောမောသော လူကြီးလူကောင်းတစ်ယောက် ဖြစ်လာခဲ့ပြီ။ ဒီအရည်အချင်းတွေက မွေးရာပါ အရည်အချင်းတွေ ဖြစ်သည်။ လုပ်ယူ၍ မရနိုင်ဟု လူတိုင်းက ယူဆသည်။ သို့သော် ရီးစ်ကတော့ ယင်းအရည်အချင်းတွေကို မွေးယူခဲ့သည်။ လုပ်ယူခဲ့သည်။ သူသည် သူ စိတ်ကူးထားသော



ရုပ်ပုံလွှာကို ရခဲ့ပြီ။

ရီးစ်သည် နယ်လှည့်ဝန်ထမ်းမှူး အဖြစ်ဖြင့် နိုင်ငံအနှံ့ ခရီးသွားသည်။ ကုန်ပစ္စည်းများ ရောင်းသည်။ ကုန်သည်တွေနှင့် စကားပြောသည်။ သူတို့ပြောသမျှကို ဂရုတစိုက် နားထောင်သည်။ နယ်လှည့်ခရီးမှ လန်ဒန်မြို့သို့ ပြန်လာတော့ သူ့မှာ ကုမ္ပဏီအတွက် အကျိုးရှိသော အကြံဉာဏ်များ ပါလာသည်။ သူကား လှေကားထိပ်သို့ ခြေလှမ်းကျဲကျဲဖြင့် တက်ခဲ့ပြီ။

လုပ်သက် သုံးနှစ်ကြာသောအခါ ရီးစ်အား အထွေထွေအရောင်းမန်နေဂျာအဖြစ် ရာထူးတိုးမြှင့်ခြင်း ခံရသည်။ သူ၏ ကျွမ်းကျင်သော စီမံအုပ်ချုပ်မှုကြောင့် ကုမ္ပဏီမှာလည်း တစ်နေ့တခြား ကြီးပွားတိုးတက်လာခဲ့သည်။

★

လေးနှစ်ခန့်ကြာတော့ ရီးစ်ဝီလျံ၏ဘဝထဲသို့ ဆမ်ရိုဖေး ဝင်ရောက်လာခဲ့သည်။ ရီးစ်၏ ဘဝရည်မှန်းချက်ကို ဆမ်ရိုဖေးက ကောင်းစွာ သိသည်။

"မင်းနဲ့ ငါနဲ့မှာ တူညီတဲ့အချက်တစ်ချက်ရှိတယ်၊ တို့က ကမ္ဘာကြီးတစ်ခုလုံးကို ခါးစောင်းတင်ချင်တဲ့ လူစားတွေ၊ မင်းကို ငါနည်းလမ်းညွှန်ပြမယ်"

ဆမ်ရိုဖေးက သူ့ကို ယင်းသို့ ပြောခဲ့သည်။ ပြောသည့်အတိုင်းလည်း တကယ် ဖြစ်လာခဲ့သည်။

ဆမ်ရိုဖေးသည် ရှာမှရှားသော လမ်းညွှန်ဆရာ ဖြစ်သည်။ ဆရာကောင်းအောက်တွင် ကိုးနှစ်ကျော်ကျော်မျှ ဆည်းပူးပြီးသောအခါ ရီးစ်ဝီလျံသည် ရိုဖေးနှင့်သားများ ကုမ္ပဏီ၏ ဉာလက်ရုံးဘဝသို့ ရောက်လာခဲ့သည်။ တဖြည်းဖြည်းနှင့် ရာထူးတွေ တက်လာသည်။ တာဝန်တွေ ပိုပေးခံလာရသည်။ သူ့အစွမ်းကြောင့် ကမ္ဘာအရှေ့ပိုင်းတွင် ကုမ္ပဏီခွဲတွေ အများကြီး ဖွင့်နိုင်လာသည်။ အစစအရာရာ သူ့ မပါ

www.burmeseclassic.com

www.burmeseclassic.com



မပြီးတော့၊ သူက စနစ်သစ်တွေ ထွင်သည်။ ကမ္ဘာလှည့်၍ ပြဿနာတွေ ဖြေရှင်းပေးသည်။ နောက်ဆုံးတော့ ကုမ္ပဏီလုပ်ငန်းဟူသမျှ ခေါင်းခါးအုမ နှံ့စပ် နားလည်သူမှာ ဆမ်ရိုဖေးမှတစ်ပါး သူသာ ဖြစ်တော့သည်၊ အမှန်အတိုင်းဆိုလျှင် ကုမ္ပဏီဥက္ကဋ္ဌ ရာထူးကို ဆက်ခံနိုင်သူမှာလည်း သူမှတစ်ပါး မရှိတော့။ တစ်နေ့မနက်တွင် ရီးစ်နှင့် ဆမ်ရိုဖေးတို့သည် ဗင်နီဇွဲလားနိုင်ငံ ကာရာကက်မြို့မှ ဘိုးအင်းဂျက်လေယာဉ်ကြီးဖြင့် ပြန်လာကြသည်။ ယင်းလေယာဉ်မှာ ကုမ္ပဏီပိုင် လေယာဉ်ရှစ်စင်းအနက်မှ ဇိမ်ခံဂျက် လေယာဉ်ကြီးတစ်စင်း ဖြစ်သည်။ ရီးစ်သည် ကုမ္ပဏီပိုင် ဆေးပစ္စည်းများ တင်ပို့ရေးနှင့် ပတ်သက်၍ ဗင်နီဇွဲလားအစိုးရနှင့် အောင်အောင်မြင်မြင် စာချုပ်နိုင်ခဲ့သောကြောင့် ဆမ်ရိုဖေးက အလွန်ကျေနပ်နေသည်။

"ဒီလုပ်ရပ်အတွက် မောင်ရင့်ကို မှတ်လောက် သားလောက်တဲ့ ဘောနပ်ဆုကြီးနဲ့ ဂုဏ်ပြုပါ့မယ်"

ရီးစ်က ခပ်တည်တည်ဖြင့် ပြန်ပြောလိုက်သည်။

"ကျွန်တော် ဘောနပ်ဆုငွေ မလိုချင်ဘူး . . . ဆမ်၊ ကုမ္ပဏီမှာ အစုရှယ်ယာ ပါဝင်ခွင့်နဲ့ အုပ်ချုပ်ရေးအဖွဲ့မှာ အဖွဲ့ဝင်တစ်နေရာပဲ လိုချင်တယ်"

သူသည် ယင်းအခွင့်အရေးနှင့် ယင်းရာထူးအတွက် အမှန်ပင် ထိုက်တန်သည်။ ဒါကို သူတို့နှစ်ယောက်စလုံး သိသည်။ သို့ပေမယ့် ဆမ်က . . .

"ဝမ်းနည်းပါတယ် . . . ဝီလျံ၊ ငါက မင်းအတွက် ဖြစ်ပေမယ့်လည်း ဥပဒေကိုတော့ မဖောက်မဖျက်နိုင်ဘူး၊ ရိုဖေးနှင့် သားများကုမ္ပဏီဟာ မိသားစုပိုင် ကုမ္ပဏီပါ။ ရိုဖေးမိသားစုကလွဲရင် ဘယ်သူမှ ရှယ်ယာဝင်ခွင့်လည်း မရှိဘူး၊ အုပ်ချုပ်ရေးအဖွဲ့ဝင်လည်း မဖြစ်နိုင်ဘူး"

တကယ်တော့ ဒါကို ရီးစ်ကလည်း အသိပင် ဖြစ်သည်။ သူသည် အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေး မှန်သမျှ တက်ခွင့်ရခဲ့သည်။ သို့သော် အဖွဲ့ဝင်အဖြစ်နှင့်တော့ မဟုတ်။ သူက အပြင်လူဖြစ်သည်။ ရိုဖေးမျိုးဆက်တွင် ဆမ်ရိုဖေးက အမွေဆက်ခံပိုင်ခွင့် ရှိသော နောက်ဆုံး အမျိုး





သား ဖြစ်သည်။ အခြား ရိုဖေးမျိုးဆက်ဝင်များမှာ အမျိုးသမီးတွေချည်း ဖြစ်ကြသည်။ ဆမ်ရိုဖေး၏ ဝမ်းကွဲညီမများ ဖြစ်သည်။ ကုမ္ပဏီအုပ်ချုပ်ရေး စည်းကမ်းအရ သူတို့၏ ခင်ပွန်းများက အုပ်ချုပ်ရေးအဖွဲ့ဝင်များ ဖြစ်လာကြသည်။ အန်နာရိုဖေး၏ယောကျ်ား ဝေါလသာဂက်စနား၊ ဆီမိုနက်တာရိုဖေး၏ ယောကျ်ား အိုင်ဗိုပလာဇီ၊ ဟယ်လင်ရိုဖေး၏ ယောကျ်ား ချားမာတယ်၊ ပြီးတော့ . . . ရိုဖေး မျိုးဆက်ဝင် မိခင်မှ မွေးဖွားသော ဆာအလက်နီခိုးလ်။

ထို့ကြောင့်လည်း ရီးစ်ဝီလျံက မျက်စိမှိတ်ပြီး အတွင်းကျိတ် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်သည်။ အုပ်ချုပ်ရေးအဖွဲ့တွင် သူ တစ်နေရာ ရသင့်သည်ကို သူ သိသည်။ တစ်နေ့သောအခါ ဒီကုမ္ပဏီကြီးကိုသူပင် အုပ်ချုပ် ကွပ်ကဲရလိမ့်မည် ဆိုသည်ကိုလည်း သူ သိသည်၊ လက်ရှိအခြေအနေတွေက သူ့တက်လမ်းကို ဟန့်တားထားသည်၊ သို့သော် အခြေအနေဆိုတာက မမြဲ ပြောင်းလဲတတ်တာမျိုးပဲ၊ ထို့ကြောင့် ရီးစ်က ကုမ္ပဏီတွင် ဆက်လုပ်ရန် ဆုံးဖြတ်လိုက်သည်၊ အခြေအနေကို စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ဆမ်ရိုဖေးကလည်း သူ့အား "စိတ်ရှည်ခြင်း အတတ်ပညာ" ကို သင်ပေးခဲ့ပြီ မဟုတ်လား။

ကိုင်း . . . အခုတော့ ဆမ်ရိုဖေး ကွယ်လွန်သွားခဲ့ပြီ။

★

ရုံးခန်းတွင် မီးပြန်လင်းလာသည်၊ တံခါးဝတွင် ဟာဂျစ်ကာဖား ရပ်နေသည်။ ကာဖားမှာ တူရကီအမျိုးသားဖြစ်ပြီး အီစတန်ဘူမြို့ရှိ ရိုဖေးနှင့်သားများကုမ္ပဏီခွဲမှ အရောင်းမန်နေဂျာ ဖြစ်သည်။ သူသည် အသားမည်း၍ အရပ်ပုသည်။ ဗိုက်ကလည်း ရွဲသည်။ အဝတ်အစားကိုသိုသိဖတ်သီ ဝတ်ထားသည်။ မမျှော်လင့်ဘဲ ရီးစ်ကို တွေ့ရသော့ သူက အံ့အားသင့်နေသည်။

"ဟာ . . . ရီးစ် ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ ခင်ဗျား အီစတန်

www.burmeseclassic.com

www.burmeseclassic.com



ဘူမှာ ရှိနေသေးတယ်လို့ ကျွန်တော် လုံးဝ မထင်ဘူး၊ လေယာဉ်နဲ့ ပြန်သွားပြီ အောက်မေ့နေတာ၊ ကျွန်တော် . . . အရေးပေါ်ကိစ္စလေး တစ်ခု . . . ”

“ထိုင် . . . ဟာဂျစ်၊ ကျုပ်ပြောတာ သေသေချာချာ နားထောင်၊ ကုမ္ပဏီ စကားဝှက်နဲ့ သံကြိုး လေးစောင် ပို့စရာ ရှိတယ်၊ တစ်နိုင်ငံစီ ခွဲပို့ရမယ်၊ ဒီသံကြိုးစာတွေကို ကျုပ်တို့ ကုမ္ပဏီစာပို့လုလင်တွေက သက်ဆိုင်သူတွေဆီ အိမ်တိုင်ရာရောက် သွားပို့စေချင်တယ်၊ ကျုပ်ပြောတာ နားလည်ရဲ့လား”

“ဟုတ် ဟုတ်ကဲ့၊ နားလည်ပါတယ်”

ကာဖားက ဘုမသိဘမသိနှင့် ခေါင်းညိတ်လိုက်သည်။ ရိုးစ်က သူ့လက်မှ ရွှေရောင်လက်ပတ်နာရီကို ကြည့်သည်။

“နယူးစီးတီးစာတိုက်က ပိတ်နေပြီ၊ ယင်နီစာတိုက်က ပို့ပါ၊ မိနစ် ၃၀ အတွင်း ပို့ပြီး ဖြစ်ရမယ်” သူက သံကြိုးစာကြမ်းကို ကာဖားသို့ ကမ်းပေးသည်။ “ဒီအကြောင်းကို ဘယ်သူမှ မေးလားမြန်းလား မလုပ်ရဘူး၊ လုပ်တဲ့လူ အလုပ်ဖြုတ်ပစ်မယ်”

ကာဖားက သံကြိုးစာကို ဖတ်ကြည့်သည်။ သူ့မျက်လုံးများ ပြူး သွားသည်။

“အလို ဘုရား . . . ဘုရား” သူက ရိုးစ်၏ မျက်နှာကို မဝံ့မရဲ ကြည့်လိုက်သည်။ “ဘယ်လိုဖြစ်ရတာပါလိမ့် . . . ဘယ်လို . . . ”

“တောင်တက်ရင်း မတော်တဆ သေဆုံးသွားတာ”

ရိုးစ်က ပြောလိုက်သည်။ ယခုတော့မှ ရိုးစ်က သူ မတွေးချင်သော သူ့အတွေးအာရုံထဲမှ ဖယ်ထုတ်ထားသော အတွေးကို ပထမဆုံး အကြိမ် ပြန်တွေးမိသည်။ တခြားမဟုတ်။ ဆမ်ရိုဖေး၏သမီး အယ်လစ်ဇဘက်ရိုဖေးအကြောင်း . . . ။ သူမအသက်မှာ ၂၄ နှစ် ရှိပြီ။ သူမကို ရိုးစ်ပထမဆုံး တွေ့ရတုန်းက ၁၄ နှစ်သမီးအရွယ်သာ ရှိသေးသည်။ ထိုစဉ်က အယ်လစ်ဇဘက်မှာ ဝလွန်းသည်။ အရှက်အကြောက်လည်း ကြီးသည်။ တစ်ဦးတည်းသမီးမို့ အဖော်မဲ့ပြီး စိတ်မထင်လျှင် မထင် သလို ဇွတ်တရွတ် လုပ်တတ်သည်။ သူမသည် ရိုးစ်၏ မျက်စိအောက်



ဖွင့်ပင် ကြီးပြင်းလာခဲ့သည်။ အပျိုဖြန်းအရွယ်မှ ထူးထူးခြားခြား ချော မောလှပသော အပျိုကြီးဖားဖား ဖြစ်လာခဲ့သည်။ သူမသည် မိခင်ထံမှ အလှကို အမွေရခဲ့သည်။ ဖခင်ထံမှ ဉာဏ်အမြော်အမြင်နှင့် စိတ်ဓာတ် ကို ရခဲ့သည်။ အစစအရာရာ သူ့ဖခင်နှင့် ပို၍ တူသည်။ ပို၍ နီးစပ် သည်။ သူ့ဖခင်၏ သတင်းဆိုးကို ကြားရလျှင် သူမအဖို့ ရင်ကွဲမတတ် ခံစားရပေလိမ့်မည်။ ထို့ကြောင့် ရိုးစ်က ဤသတင်းကို အယ်လစ်ဇ ဘက်အား သူကိုယ်တိုင်ပင် အေးအေးဆေးဆေး ပြောပြရန် ဆုံးဖြတ် လိုက်သည်။

နောက် နှစ်နာရီခန့်ကြာသောအခါ ရိုးစ်ဝီလျှံမှာ ကုမ္ပဏီပိုင် ဂျက် လေယာဉ်ကြီးပေါ်သို့ ရောက်ရှိနေပြီ။ လေယာဉ်သည် မြေထဲပင်လယ် ကို ဖြတ်သန်းပြီး နယူးယောက်မြို့သို့ ဦးတည်ပျံသန်းနေသည်။ ။

★ ↔ ★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

ဗျာဓေးနိုင်ငံ
အာလင်မြို့
အနုလ်ာမနေ့ စက်တင်ဘာလ ၇ ရက်
နံနက် ၁၀-နာရီ၊

အန်နာရိုဖေးဂက်စနာက အော်၍ မငိုမိအောင် စိတ်ကို အတင်းထိန်းချုပ်ထားသည်။ သူ့အသံကြားလျှင် သူ့ယောက်ျား ဝေါ်လသာဂက်စနာ ပြန်လာပြီး သူ့ကို အသေသတ်လိမ့်မည်။ သူမသည် အိပ်ခန်းထောင့်တွင် နားရွက်မခတ် ဝပ်နေသည်။ သေရမှာ ကြောက်လွန်း၍ တစ်ကိုယ်လုံးလည်း ဆတ်ဆတ်တုန်နေသည်။ သူတို့၏ အိမ်ထောင်ရေးသည် နတ်သမီးပုံပြင်ထဲက ဇာတ်လမ်းလို ပျော်ရွှင်စရာအတိဖြင့် စတင်ခဲ့သည်။ ယခုတော့ ကြောက်စရာအကောင်းဆုံးဘဝဖြင့် နိဂုံးချုပ်တော့မည်။ သူမသည် အဖြစ်မှန်ကို အလွန် အချိန်နှောင်းပြီးမှ သိခဲ့ရသည်။ တကယ်တော့ သူမ လက်ထပ်လိုက်သော ယောက်ျားမှာ အလိုလိုနေရင်း လူသတ်ချင်သည့် စိတ်ရူးပေါက်နေသော ပေါရိသာဒ လက်သစ်တစ်ယောက်ပါလား။

★

အန်နာရိုဖေးသည် အချစ်မရှိသော မိန်းကလေးဖြစ်သည်။ သူမသည် ဘယ်သူ့ကိုမှ မချစ်။ ကုန်ကုန်ပြောရလျှင် သူ့အဖေနှင့်အမေကိုလည်း မချစ်၊ သူ့ကိုယ်သူလည်း မချစ်။ သို့ပေမယ့် ဝေါ်လသာဂက်စနာကို တွေ့တော့မှ သူမနှလုံးသားထဲသို့ အချစ်ဆိုတာ ဝင်လာခဲ့သည်။

အန်နာသည် ကလေးဘဝကပင် ချူချာခဲ့သည်။ နာတာရှည် ရောဂါသည်မကလေး ဖြစ်ခဲ့သည်။ ဘယ်တုန်းကမှ ဆေးရုံနှင့် အဆက်



www.burmeseclassic.com

www.burmeseclassic.com



ပြတ်ခဲ့သည်ဟူ၍ မရှိ။ သူမ၏ဖခင်မှာ ရိုဖေးနှင့်သားများကုမ္ပဏီပိုင်ရှင်တစ်ဦးဖြစ်သူ သူဌေးကြီး အန်တွန်ရိုဖေး ဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံစုံမှ အကျော်အမော် ပါရဂူသမားတော်ကြီးများကို အထူးလေယာဉ်ဖြင့် အိမ်တိုင်ရာရောက် ပင့်ခေါ်နိုင်ခဲ့ခြင်း ဖြစ်သည်။ သို့သော် သူတို့က အန်နာကို စမ်းသပ်စစ်ဆေးပြီးတိုင်း ပြန်သွားကြရသည်ချည်းပင်။ အကြောင်းကတော့ အနာမသိ ဆေးမရှိသောကြောင့် ဖြစ်သည်။ သူတို့က အန်နာ့ရောဂါကို ရှာဖွေ၍ မရနိုင်သောကြောင့် ဖြစ်သည်။

သူမသည် ၁၂-ရာသီ နေမကောင်းဖြစ်နေတတ်သည်။ ရောဂါဒဏ် တာရှည်ခံ၍ သူ့ကိုယ်မှာလည်း ဖောင်ရိုး ဖြစ်နေသည်။ ဒီကြားထဲ စကားကလည်း မပီ။ ထို့ကြောင့် သူ့ခမျာ အခြားကလေးတွေလို ကျောင်းမသွားနိုင်၊ တစ်ချိန်လုံး အိမ်မှာပဲ နေနေခဲ့ရသည်။ သူ့မှာ အပြင်လောကနှင့် အဆက်ပြတ်ပြီး အထီးကျန်ကမ္ဘာတွင် ကိုယ့်ဘဝကို ကိုယ် နှစ်သိမ့်ဖြေဖျော်နေခဲ့ရသည်။ သူ့ရောဂါသည် ပေါ်လာတုန်းကလည်း ဆိုင်းမဆင့် ဗုံမဆင့် ထူးထူးဆန်းဆန်း ပေါ်လာခဲ့သည်။ ပျောက်တော့ပြန်တော့လည်း ဆိုင်းမဆင့် ဗုံးမဆင့် ထူးထူးဆန်းဆန်း ပျောက်ကင်းသွားခဲ့သည်။ ၁၈-နှစ်သမီးအရွယ်ရောက်တော့ မူးဝေသည့်ရောဂါလည်း ပျောက်သွားသည်။ စကားမပီသည့်ရောဂါလည်း လုံးဝ ပျောက်သွားသည်။ သို့သော် ယင်းဝေဒနာများက သူမ၏ဘဝကို ဖျက်ဆီးပစ်ခဲ့သည်။ မိန်းကလေးဆိုတာ အရွယ်ရောက်လာလျှင် စေ့စပ်မည်၊ လက်ထပ်မည်။ ဒါက ဓမ္မတာဖြစ်သည်။ အန်နာကတော့ ၁၈-နှစ်သမီးအရွယ်ရောက်လာသည့်တိုင်အောင် ဘယ်ယောကျာ်းကလေး၏အနမ်းကိုမျှ မခံရသေး။ သို့ပေမယ့် သူ့ဘဝကိုတော့ သူက ကျေနပ်သည်။ သူ့စိတ်ကူးနှင့်သူ ပျော်နေသည်။ ဘာကိုမျှလည်း ဂရုမစိုက်၊ ဘယ်သူ့ကိုမျှလည်း ဂရုမစိုက်။ အသက် ၂၀ ထဲ ဝင်လာတော့ သူမကို လူပေါင်းစုံက ပိုးပန်းလာကြသည်။ သူမက ကမ္ဘာပေါ်တွင် ဂုဏ်သိက္ခာအကျော်ကြားဆုံး မိသားစုမျိုးဆက်ကြီးတစ်ခု၏ အမွေခံတစ်ဦး မဟုတ်လား။ ဒါကြောင့်လည်း သူမကို သိုက်တူးချင်သူတွေ ပေါ်များနေခြင်း ဖြစ်သည်။ သူမကို ဆွီဒင်မြို့စားတစ်ဦးကလည်း လာတောင်းသည်။



အီတာလျံ ကဗျာဆရာတစ်ဦးကလည်း လက်ကမ်းသည်။ ပြီးတော့ နိုင်ငံငယ်ကလေးများမှ မင်းသား ဒါဇင်ဝက်ခန့်ကလည်း လက်ထပ်ခွင့်တောင်းသည်။ အန်နာက အားလုံးကို ပယ်ချလိုက်သည်။

"ငါတော့ မြေးတစ်ယောက်မှ မရတဲ့ အဖိုးကြီးဘဝနဲ့ သေရတော့မှာ ထင်ပါရဲ့"

အန်နာ အသက် ၃၀-ပြည့်မွေးနေ့တွင် သူ့ဖခင်ကြီးက ယင်းသို့ပင် ညည်းခဲ့သည်။

သူမအသက် ၃၅-နှစ်ပြည့်သောနေ့တွင် အန်နာသည် ဩစတြီယနိုင်ငံ၊ ကစ္စဘုဟဲဒေသသို့ လာခဲ့သည်။ ဒီမှာ ဝေါ်လသာဂက်စနာကို စတင် တွေ့ရသည်။ ဂက်စနာက သူမထက် ၁၃-နှစ် ငယ်သော စကိတ်နည်းပြ ဆရာ။

ဝေါ်လသာကို ပထမအကြိမ်မြင်ရတော့ အန်နာမှာ ရင်သပ်ရှုမော ဖြစ်ရသည်။ အသက်ပင် မရှူမိအောင် ဖြစ်ရသည်။ ဝေါ်လသာ မတ်စောက်သော ဆင်ခြေလျှောအတိုင်း ကျွမ်းကျင်စွာ စီးချလာသည်။ ထိုမြင်ကွင်းသည် အန်နာအဖို့ အလှဆုံးမြင်ကွင်း ဖြစ်သည်။ သူမသည် ဝေါ်လသာအား ကြည့်မဝနိုင်သောကြောင့် စကိတ်ကွင်းအနီးသို့ ကပ်သွားသည်။ သူကား အန်နာ့မျက်စိတွင် နတ်သားတစ်ယောက်လို လှနေတော့သည်။ ထို့ကြောင့် သူမက ဝေါ်လသာကိုသာ မျက်စိကျွတ်ထွက်မတတ် စိုက်ကြည့်နေသည်။ ဝေါ်လသာက သူမအကြည့်ကို သတိပြုမိသည်။

"မမက စကိတ်မစီးဘူးလား"

အန်နာက ခေါင်းခါပြလိုက်သည်။ သူမအသံကို စိတ်မချသောကြောင့် ဖြစ်သည်။ ဝေါ်လသာက ပြုံးပြသည်။ "ဒီလိုဆိုရင် ကျွန်တော်က နေ့လယ်စာ ကျွေးပါရစေလား"

အန်နာမှာ ကျောင်းသူအပျိုမကလေးတစ်ယောက်ပမာ ရှက်သွေးဖြာသွားသည်။ ထိုအချိန်မှစ၍ ဝေါ်လသာက သူမကို မျက်ခြည်ပြတ်မခံတော့။ သို့သော် အန်နာက နလပိန်းတုံးတစ်ယောက်တော့ မဟုတ်။ သူ့ကိုယ်သူ လှသည်ဟုလည်း မယူဆ။ ချော်သည်ဟုလည်း

www.burmeseclassic.com

www.burmeseclassic.com



မထင်။ တကယ်တော့ သူက သာမန်မိန်းမတစ်ဦးသာ ဖြစ်သည်ဟု ခံယူထားသည်။ သူမတွင် မျိုးရိုးဂုဏ် မနေဂုဏ်နှင့် ပြည့်စုံသော်လည်း ယောက်ျားတစ်ယောက်ကို ဆွဲဆောင်နိုင်လောက်သော ရုပ်ရည်ရှိသည်ဟုလည်း မယုံကြည်။

အန်နာက မလှသော်လည်း အလှကိုတော့ အလွန်ကြိုက်သည်။ ကိုယ်တိုင်က မလှသောကြောင့်ပင် ဖြစ်သည်။ သူမသည် အနုပညာပြတိုက်ကြီးများသို့ သွားပြီး ပန်းချီကားများနှင့် ရုပ်တုများကို အကြာကြီး ကြည့်လေ့ရှိသည်။ ဝေါလသာကို မြင်ရတော့ သူမအဖို့ အလှကိုလည်း မြင်ရတော့သည်။

ဒုတိယနေ့တွင် အန်နာက တင်နာပေါ ဟိုတယ်တွင် မနက်စာ စားနေတုန်း ဝေါလသာ ရောက်လာသည်။ ဝေါလသာ၏ရုပ်သွင်က သိမ်မွေ့သည်။ ခံစားလွယ်သည်။ အားရှိသည်။ သူ့မျက်နှာက ညိုရင့်ရင့်၊ သွားတွေက ဖြူဖွေးညီညာသည်။ ဆံပင်က ရွှေဝါရောင်၊ မျက်လုံးတ ပြာလဲ့လဲ့။ သပ်သပ်ရပ်ရပ် ဝတ်ထားသော စကိတ်ဝတ်စုံအောက်မှ သူ၏ လက်မောင်းကြွက်သားများနှင့် ပေါင်အိုးကြွက်သားများ လှုပ်ရှားနေပုံကို မြင်ရတော့ သူမခါးက ယားကျိကျိပင် ခံစားရမိသည်။

"မနေ့က ညနေ မမကို တောင်စောင်းမှာ ကျွန်တော် ရှာကြည့်သေးတယ်"

အန်နာက ဘာမှ ပြန်မပြော။

"မမ စကိတ်မစီးတတ်ရင် ကျွန်တော် သင်ပေးမယ်လေ"

ဝေါလသာက ပြုံးသည်။ "ပိုက်ဆံပေးစရာ မလိုပါဘူး"

သူက အန်နာကို အခြေခံတောင်စောင်းသို့ ခေါ်သွားပြီး ပထမဆုံး သင်ခန်းစာမှ စသင်ပေးသည်။ အန်နာမှာ စကိတ်စီးတတ်ရန် အခြေခံဗီဇမရှိကြောင်း သူတို့နှစ်ယောက်စလုံးက မကြာခင်ပင် သိသွားကြသည်။ အန်နာက ဟန်ချက်ကို မထိန်းတတ်၊ အကြိမ်တိုင်း တဘုံးဘုံးနှင့် လဲကျသည်။ သို့သော် အန်နာက လက်မလျှော့၊ အကြိမ်ကြိမ်ဆက်ကြိုးစားသည်။ ဝေါလသာက သူ့ကို အထင်သေးသွားမည်ကြောက်သောကြောင့် ဖြစ်သည်။ ဆယ်ကြိမ်တိတိ လဲကျပြီးသောအခါ





ဝေါလသာက အန်နာ့ကို ဆွဲထူလိုက်သည်။ ပြီးတော့ လေသံအေးအေးနှင့် ပြောသည်။

"မမက ဒါထက် ကောင်းတာတွေပဲ လုပ်ပါတော့"

"ဘာတွေလဲ" သူမက စိတ်မကောင်းစွာဖြင့် ပြန်မေးသည်။

"ဒီည ညစာစားပွဲကျတော့မှ ကျွန်တော် ပြောပြမယ်"

ညကျတော့ သူတို့နှစ်ယောက် ညစာ စားကြသည်။ မနက်ကျတော့လည်း မနက်စာ စားကြသည်။ ပြီးတော့ နေ့လယ်စာ စားသည်။ ညစာ ထပ်စားသည်။ ဝေါလသာက သင်တန်းသားတွေကို လုံးဝမေ့ထားသည်။ အန်နာနှင့်သာ တစ်တွဲတည်း တွဲနေတော့သည်။ သူတို့နှစ်ယောက် ရွာထဲဝင်ပြီး လျှောက်လည်ကြသည်။ လောင်းကစားဝိုင်းကြီးများသို့ သွားကြသည်။ စွပ်ဖား စီးကြသည်။ ဈေးဝယ်ကြသည်။ လမ်းလျှောက်ထွက်ကြသည်။ ဟိုတယ် လသာဆောင်တွင် ထိုင်ပြီး နာရီပေါင်းများစွာ စကားပြောကြသည်။ အန်နာ့အဖို့တော့ ဒီအချိန်တွေမှာ နတ်ပြည်ရောက်နေတော့သည်။

ငါးရက်မြောက်တဲ့နေ့ကျတော့ ဝေါလသာက အန်နာ့လက်နှစ်ဖက်ကို ဆုပ်ကိုင်ရင်း ပြောသည်။

"အန်နာ . . . အချစ်ရေ . . . အချစ်ကို ကျွန်တော် လက်ထပ်ပါရစေ"

တကယ်တော့ သူ့စကားက အန်နာ့စိတ်ကူးဗိမာန်ကို ဖျက်ဆီးပစ်လိုက်သည်နှင့်တူသည်။ နတ်သမီးပုံပြင်ထဲကလို ပျော်ရွှင်နေသော အန်နာ၏ စိတ်ကူးယဉ်ဘဝကို တကယ့်အဖြစ်မှန် ဘဝကြမ်းထဲသို့ ပြန်ပို့လိုက်သလို ဖြစ်သွားသည်။ စွဲမက်စရာ ရုပ်ရည်မရှိသော ၃၅ နှစ်အရွယ် အပျိုဟိုင်းကြီးကို ဝေါလသာက ဘာကြောင့်များ ဒီလောက်မြန်မြန်ဆန်ဆန် လက်ထပ်ချင်ပါလိမ့်။ ဥစ္စာသိုက်တူးချင်၍ပင် ဖြစ်ပေလိမ့်မည်။

အန်နာက ထွက်သွားရန် ထိုင်ရာမှ ထလိုက်သည်။ ဝေါလသာက တားထားသည်။

"အန်နာ . . . ကျွန်တော်တို့ဟာ တစ်ယောက်ကိုတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြတာပဲ ချစ်တဲ့သူချင်း ခွဲခွာသွားတာ မကောင်းပါဘူး၊ ကျွန်တော့်ကို အန်နာ ထစ်မသွားနိုင်ပါဘူး"

"မမဟာ ဟိုတုန်းက ဘယ်သူ့ကိုမှ မချစ်ခဲ့ပါဘူး"

အန်နာက အဖြစ်မှန်ကို အမှန်အတိုင်းပင် ပြောပြလိုက်သည်။ ပြီးတော့ ဝေါလသာကို သူမ၏အခန်းသို့ ခေါ်လာခဲ့သည်။ သူတို့နှစ်ယောက်ထိုင်ပြီး စကားပြောကြပြန်သည်။ ဝေါလသာက သူ့ဘဝဇာတ်လမ်းကို ပြောပြသောအခါ အန်နာက အံ့ဩနေသည်။ ယုံချင်လာသည်၊ ဩော် . . . သူ့ဘဝလည်း ငါ့ဘဝလိုပါပဲလားဟု ကိုယ်ချင်းစာမိသည်။

ဝေါလသာလည်း သူ့လိုပင် ယခင်က ဘယ်သူ့ကိုမှ မချစ်ခဲ့စဖူး။ အန်နာက ရောဂါကြောင့် အထီးကျန် ဖြစ်ခဲ့ရသလို ဝေါလသာမှာလည်း အဖေမပေါ်သားအဖြစ် အထီးကျန် အပယ်ခံ လူငယ်တစ်ဦး ဖြစ်ခဲ့သည်။ အန်နာကဲ့သို့ပင် သူ့မှာလည်း ချစ်ရမည့်သူ မရှိခဲ့။ သူသည် မိဘမဲ့ဂေဟာတွင် ကြီးပြင်းခဲ့ရသည်။ သူ ၁၃ နှစ်သား အရွယ်ရောက်တော့ သူ့ရုပ်ရည်က ထူးထူးခြားခြား ပေါ်လွင်လာသည်။ မိဘမဲ့ဂေဟာမှ မိန်းမတွေက သူ့ကို အသုံးချလာကြသည်။ သူ့ကို ညအချိန်မတော် အခန်းထဲ ခေါ်ကြသည်။ သူနှင့် အိပ်ကြသည်။ ဒီလို အသုံးတော်ခံရခြင်းအတွက် သူ ရသော ဆုလာဘ်ကတော့ အစားကောင်းကောင်း စားရသည်။ အဝတ်ကောင်းကောင်း ဝတ်ရသည်။ အားလုံးကို သူ ရခဲ့သည်။ သို့သော် အချစ်ကိုတော့ မရခဲ့။

အချိန်တန် အရွယ်ရောက်တော့ ဝေါလသာက မိဘမဲ့ဂေဟာမှ ထွက်ပြေးလာခဲ့သည်။ အပြင်လောကမှာလည်း သူ နေခဲ့ရသော လောကနှင့် တစ်ထပ်တည်း တူနေသည်။ မိန်းမတွေက သူ့ရုပ်ရည်ကို စွဲမက်၍ အသုံးချကြပြန်သည်။ သူတို့က ငွေလည်း ပေးသည်။ ရွှေလည်း ပေးသည်။ အဝတ်အစားလည်း ပေးသည်။ သို့ပေမယ့် သူတို့ ဘဝကိုတော့ မပေးကြ။

ဝေါလသာသည် အန်နာ၏ စိတ်ဓာတ်ရေးရာ အဖော် ဖြစ်သွားသည်။ ဘဝတူ ဖြစ်သွားသည်။ ထို့ကြောင့် သူတို့နှစ်ယောက် မြို့တော်





ခန်းမတွင် လူမသိသူမသိ လက်ထပ်လိုက်ကြသည်။

★

သူတို့ လက်ထပ်လိုက်သည်ကို သူမ၏ဖခင်က ဝမ်းသာလှိုက်လှဲ သဘောတူလိမ့်မည်ဟု အန်နာက မျှော်လင့်ခဲ့သည်။ လက်တွေ့ဘဝကတော့ မျှော်လင့်တာနှင့် တခြားစီ။ မစ္စတာအန်တွန်ရှိဖေးမှာ တစ်ဦးတည်းသောသမီး၏ မင်္ဂလာသတင်းအတွက် လုံးဝ ဝမ်းမသာသည့်အပြင် ဒေါသမုန်တိုင်းသာ ဆင်ပါလေတော့သည်။

"အလကား သောက်သုံးမကျတဲ့ အမိုက်မ . . . ပိုက်ဆံရှာတဲ့ သိုက်တူးသမားကို လက်ထပ်ရသတဲ့၊ ဒီကောင့်အကြောင်း ငါ အားလုံး သိပြီးပြီ၊ အပေါစား မိန်းမတွေနဲ့ ပွေရှုပ်နေတဲ့အကောင် . . .၊ ဒါကြောင့်လည်း သူ့ကို ဟိုတုန်းက ဘယ်မိန်းမကမှ မယူခဲ့တာပေါ့"

"အို . . . ဒီလို မပြောပါနဲ့ . . . ဖေဖေ၊ သူ့အကြောင်း ဖေဖေ မသိသေးပါဘူး . . ."

အန်နာက အော်ပြောလိုက်သည်။ ဒါပေမဲ့ . . အန်တွန်ရှိဖေးတော့ ဝေါလသာအကြောင်း တစ်ခုမကျန် သိသည်ဟု ထင်သည်။ သူက သမက်ဖြစ်သူကို သူ့ရုံးခန်းသို့ ခေါ်လိုက်သည်။

ဝေါလသာက မှန်ကူကွက်များနှင့် ရှေးဟောင်းပန်းချီကားများဖြင့် ခမ်းနားလှပသော ရုံးခန်းကြီးကို ကြည့်ပြီး သဘောကျနေသည်။

"တော်တော် သဘောကျစရာ ကောင်းတာပဲ၊ မိဘမဲ့ဂေဟာနဲ့ ဆိုရင် အပြတ်အသတ် ကွာခြားတာပဲ"

သူက စိတ်ထဲမှ ကျိတ်၍ ကြည်နူးနေမိသည်။ ပြီးတော့ သူ့ယောက္ခမကြီး မျက်နှာကို မော်ကြည့်လိုက်သည်။

"ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျား၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"တိုတိုပဲ ပြောကြတာပေါ့ကွာ၊ မင်းက အမှားလုပ်မိတာပဲ၊ ငါ့သမီးမှာ ပိုက်ဆံတစ်ပြားမှ မရှိဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



ဝေါလသာ၏ မျက်နှာမှာ ရုတ်ခြည်း တင်းမာ သွားသည်။

"ဘာကို ပြောမလို့ပါလဲ ခင်ဗျာ"

"ငါက မင်းကို ဘာကိုမှ ပြောမလို့ မဟုတ်ဘူးကွ၊ ငါက မင်းကို စကားပဲ ပြောမယ်၊ အန်နာ့ဆီက မင်း ဘာမှ ရမှာမဟုတ်ဘူး၊ သူ့မှာ ဘာမှ မရှိဘူး၊ ရိုဖေးနှင့်သားများကုမ္ပဏီဟာ မိသားစုပိုင် စီးပွားရေး လုပ်ငန်းကြီးဆိုတာ မင်း မသိဘူးလား၊ ဆိုလိုတာက အစုရှယ်ယာကို မိသားစုကလွဲပြီး ဘယ်သူမှ ရှိုညစ်လို့ မရဘူး" မစ္စတာ အန်တွန်ရိုဖေး က သူ့အကျီအိတ်ကို ကမန်းကတန်း စမ်းသည်။ ပြီးတော့ စာအိတ် တစ်အိတ်ကို ဆွဲထုတ်ပြီး ဝေါလသာရှေ့က စားပွဲပေါ် ပစ်ပေးလိုက် သည်။ "ကဲ . . . အဲဒါ ယူသွား၊ အဲဒါနဲ့ မင်းဒုက္ခတွေ ဖြေရှင်း၊ ဒီနေ့ည ၆ နာရီအချိန်မှာ မင်းကို ဘာလင်မြို့ထဲမှာ ငါ မမြင်ချင်တော့ဘူး၊ အန်နာနဲ့လည်း နောက်ထပ် ဘာအဆက်အသွယ်မှ မလုပ်ပါနဲ့"

ဝေါလသာက တည်ငြိမ်စွာဖြင့် ပြန်ပြောလိုက်သည်။

"ဦးက ကျွန်တော်ဟာ အန်နာ့ကို ချစ်လို့ လက်ထပ်တယ်လို့များ တွေးမိပါသလား"

"မတွေးမိပါဘူး၊ မင်းကကော တွေးမိလို့လား"

ဝေါလသာက မစ္စတာအန်တွန်ရိုဖေး၏ မျက်နှာကို တစ်ချက် ကြည့်လိုက်သည်။

"ကျွန်တော့် ပေါက်ဈေး ဘယ်လောက်ရှိတယ်ဆိုတာ ကြည့်ပါ ရစေ"

သူက စာအိတ်ဖွင့်ပြီး ငွေကို ရေတွက်ကြည့်သည်။ ထို့နောက် သူ့ယောက္ခမ မျက်နှာကို ကြည့်လိုက်ပြန်သည်။ "ကျွန်တော်က မတ်ငွေ နှစ်သောင်းမက တန်တယ်လို့ ထင်ပါတယ်"

"အဲဒါ မင်းရသင့်တာ အကုန်ပဲ၊ ကံကောင်းတယ်လို့ မှတ်ပါ"

"ဟုတ်ကဲ့ . . . တကယ်တော့ ကျွန်တော် ကံကောင်းပါတယ်၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဝေါလသာက ငွေထုပ်ကို အိတ်ထဲထည့်လိုက်သည်။ ပြီးတော့ လုံးဝဂရုမစိုက်သော အမူအရာဖြင့် အခန်းထဲမှ ပြန်ထွက်သွားသည်။





အန်တွန်ရိုဖေးသည် စိတ်ထဲပေါ့ပါးသွားသလို ထင်လိုက်ရသည်။ ရင်ထဲမှ အလုံးကြီးကျသွားသလို ထင်လိုက်ရသည်။ သူ့လုပ်ရပ်သည် လုံးဝ အပြစ်ကင်းစင်သော၊ တရားမျှတသော လုပ်ရပ်တစ်ခုတော့ မဟုတ်ဟုလည်း တွေးလိုက်မိသည်။ သို့သော် မတတ်နိုင်ပြီ။ ဤနည်းမှ တစ်ပါး အခြားနည်းလမ်း မရှိတော့။ သူ့ချစ်သူ ထွက်သွား၍ အန်နာ့ အဖို့ မချိအောင် ခံရရှာတော့မည်။ သို့ပေမယ့် နောက်မှ ခံရတာထက် အခုခံရတာက ပို၍ သက်သာဦးမည်။ သူမနှင့် သက်တူရွယ်တူ အိမ် ထောင်ဖက်ကို ရှာပေးရဦးမည်။ သူ့ယောက်ျားက သူ့ကို မချစ်တောင် မှ သူ့ဘဝ၊ သူ့အခြေအနေကို လေးစားလျှင် တော်ပြီ။ သူမ၏ မန ကုဏ်၊ မျိုးရိုးဂုဏ်ကို မက်၍ လက်ထပ်သူကို မလိုချင်၊ သူမဘဝကို စာနာသူ၊ စိတ်ဝင်စားသူကိုသာ လိုချင်သည်။ နောက်ထပ် မတ်ငွေ နှစ်သောင်းနှင့် ဝယ်ယူရမည့် လူစားမျိုးကို မလိုချင်။

မစ္စတာ အန်တွန်ရိုဖေး အိမ်ပြန်ရောက်တော့ အန်နာက မျက် ရည် စက်လက်ဖြင့် ပြေးဖက်သည်။ ဖခင်က သမီးဖြစ်သူကို ပွေ့ဖက်ပြီး အေးအေးကလေးဖြင့် ပြောသည်။

"မငိုပါနဲ့ . . . သမီးရယ်၊ အားလုံး အဆင်ပြေသွားမှာပါ၊ မကြာ ခင် သမီး သူ့ကို မေ့သွားပါလိမ့်မယ်"

အန်နာက ဖခင်ဖြစ်သူ၏ပခုံးမှ ကျော်ပြီး တံခါးဆီသို့ ကြည့်လိုက် သည်။ တံခါးဝတွင် ဝေါလသာ ရပ်နေသည်။ အန်နာက ဝေါလသာ ကို လက်ညှိုးထိုးပြီးပြောသည်။ "ဟင် . . . ကျွန်မအတွက် ဝေါလသာ ဘာဝယ်လာတာလဲ၊ ဟယ် . . . လှလိုက်တဲ့ မင်္ဂလာလက်စွပ်ကလေး၊ အဲဒါ မတ်ငွေ နှစ်သောင်းတောင် ပေးရတယ်နော်"

နောက်ဆုံးတော့ အန်နာ၏ မိဘများက ဝေါလသာဂက်စနာကို မရှောင်မလွှဲသာဘဲ လက်ခံလိုက်ရတော့သည်။ မင်္ဂလာလက်ဖွဲ့အဖြစ် သည်း အိမ်ကြီးတစ်ဆောင် ဝယ်ပေးသည်။ အဖိုးတန် အိမ်ထောင်ပရိ ဘောဂမျိုးစုံကိုလည်း ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံများမှပင် မှာယူပေးသည်။

"မိဘတွေ ပေးတာက အများကြီးပါပဲလား၊ တကယ်တော့ ငါက သူတို့ဆီက ဘာမှ မလိုချင်ဘူး၊ မင်းဆီကလည်း ဘာမှ မလိုချင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မင်းအတွက် အဖိုးတန်ပစ္စည်းတွေကိုသာ ငါက ဝယ်ပေးချင်ပါတယ် အချစ်ရယ် . . . ဒါပေမဲ့ ငါ့မှာ ပိုက်ဆံမရှိဘူး" ဝေါ်လသာက ပြုံး၍ ပြောသည်။

"ဘာလို့ မရှိရမှာလဲ၊ ကျွန်မမှာ ရှိတာအားလုံး မောင့်ဟာချည်းပဲ ပေါ့"

"တကယ်ပြောတာလား အချစ်ရယ်"

"တကယ်မကဘူး၊ နှစ်ကယ် . . . နှစ်ကယ် . . ."

ဝေါ်လသာက ငွေရေးကြေးရေးကိစ္စကို ဆွေးနွေးရန် မလုံမလဲ ဖြစ်နေသော်လည်း အန်နာက ပြောပြ၍ နားမထောင်ချင်ဘဲ နား ထောင်နေရသည်။ သူမတွင် တစ်သက်တာအတွက် သုံးမကုန်သော သီးသန့်စုငွေ ရှိသည်။ ကုမ္ပဏီတွင်လည်း အစုရှယ်ယာငွေတွေ အမြောက်အမြား ရှိသေးသည်။ သို့သော် ယင်းအစုရှယ်ယာကို သူမ သဘောအတိုင်းတော့ ရောင်း၍ မရ၊ အုပ်ချုပ်ရေးအဖွဲ့က သဘော တူမှသာ ရောင်းနိုင်မည်ဖြစ်သည်။

"အစုရှယ်ယာငွေက ဘယ်လောက်များသလဲ" ဝေါ်လသာက မေးသည်။

အန်နာက ပြောပြလိုက်သည်။

ဝေါ်လသာမှာ ကိုယ့်နားကိုပင် မယုံနိုင်အောင် ဖြစ်သွားသည်။ သူက မယုံ၍ ထပ်မေးလိုက်သည်။ အန်နာက ယခင်အတိုင်းပင် ထပ် ပြောသည်။

"ဒါပေမဲ့ မင်းက အစုရှယ်ယာကို ရောင်းလို့တော့ မရဘူး မဟုတ်လား"

"ဟုတ်တယ်၊ ရောင်းလို့ မရဘူး၊ ကျွန်မအစ်ကိုဝမ်းကွဲ ဆမ်ရိုဖေး က ထိန်းချုပ်ရှယ်ယာကို ကိုင်ထားတယ်၊ ဒါပေမဲ့ တစ်နေ့တော့ . . ."

ဝေါ်လသာက ကုမ္ပဏီတွင် သင့်တော်သော အလုပ်တစ်ခုခု လုပ် လိုကြောင်း ပြောပြသည်။ သို့သော် သူ့ယောက္ခမကြီးက လုံးဝသဘော မတူ။

"ကြေးစား စကိတ်စီးသမားတစ်ယောက်က ရိုဖေးနှင့်သားများ



ကုမ္ပဏီအတွက် ဘာလုပ်ပေးနိုင်မှာလဲ" ဟူ၍ပင် သူက မှိုချိုးမျှစ်ချိုး ပြောလိုက်သေးသည်။

သို့ပေမယ့် အန်နာက မရမက တိုက်တွန်းသောအခါ ဖခင်ကြီးက လက်လျှော့လိုက်ရတော့သည်။ သို့ဖြင့် ဝေါ်လသာသည် အုပ်ချုပ်ရေး ဌာနတွင် ရာထူးတစ်နေရာ ရသည်။ သူသည် အလုပ်ကြိုးစားသည်။ အရည်အချင်းလည်း ရှိသည်။ ထို့ကြောင့် ရာထူးတွေ တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်လာခဲ့သည်။ နောက်နှစ်နှစ်ခန့်အကြာ အန်နာ့ဖခင် ကြီး ကွယ်လွန်သောအခါ ဝေါ်လသာမှာ အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီး ဖြစ်လာသည်။ အန်နာက သူ့ယောက်ျားအတွက် အလွန်ဂုဏ်ယူသည်။ ဝေါ်လသာသည် စံပြခင်ပွန်းကောင်းတစ်ဦးလည်း ဖြစ်သည်။ တစ်ချိန် တည်းတွင် ချစ်သူကောင်းတစ်ဦးလည်း ဖြစ်သည်။ သူသည် ရုံးမှပြန် လာတိုင်း အန်နာ့အတွက် ပန်းစည်းများနှင့် လက်ဆောင်ပစ္စည်းများ ဝယ်လာတတ်သည်။ ဟိုဟိုဒီဒီလည်း လျှောက်မလည်၊ အလုပ်ချိန်မှလွဲ လျှင် အိမ်တွင် အန်နာနှင့်သာ အချိန်ကုန်သည်။ အန်နာ့မှာ ပျော်၍ မဆုံး မော်၍ မဆုံးတော့။

အန်နာကလည်း သူ့ယောက်ျား ကြိုက်တတ်သော အစား အသောက်မျိုးစုံကို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးသည်။ ချက်နည်း ပြုတ်နည်းများကို လေ့လာပြီး ဟင်းလျာမျိုးစုံကို အရသာရှိရှိ ချက်ပြုတ် သည်။ "ကျုပ်မိန်းမက ကမ္ဘာပေါ်မှာ ဟင်းချက်အတော်ဆုံးဗျ" ဟု ဝေါ်လသာက ချီးမွမ်းခန်းဖွင့်သောအခါ အန်နာမှာ သူ့ကိုယ်သူ ဂုဏ် ယူ၍ မဆုံးတော့။

ဒီလိုနှင့် အိမ်ထောင်သက် သုံးနှစ်မြောက်တွင် အန်နာမှာ ကိုယ်ဝန် ရှိလာတော့သည်။ ကိုယ်ဝန်ရှစ်လအတွင်း သူ့ခမျာ နာကျင်မှု ဒုက္ခတို့ သေမတတ်ခံစားရသည်။ သို့သော် သူက အပြုံးမပျက်။ အာဝေ ဏိက ဝေဒနာကို ကျိတ်မှိတ်ခံသည်။ ဒီဝေဒနာကြောင့် သူမသည် တစ်ခုခုတို့ စိုးရိမ်မကင်း ဖြစ်လာသည်။

တစ်နေ့ . . . နေ့လယ်စာ စားပြီးနောက် အန်နာသည် တောင် တောင်အီအီ စိတ်ကူးရင်း ဝေါ်လသာအတွက် ဆွယ်တာထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီပြီး တစ်နာရီ ကုန်လွန်သွားခဲ့သည်။ နေရောင်ပျောက်၍ အမှောင်ရောက်လာသည်။ သူမသည် ထိုင်ရာမှ မထသေး၊ ဆွယ်တာကို ပေါင်ပေါ်တင်ပြီး ငူငူကြီး ကြည့်နေသည်။ လက်နှင့်လည်း မကိုင်။ သူမ၏စိတ်သည် လေလွင့်သလို လွင့်နေသည်။ ဘာကို တွေးတောနေမှန်း သူ့ကိုယ်သူ မသိ။ တကယ်တော့ သူ့စိတ်အာရုံသည် လဟာပြင်ထဲသို့ ရောက်နေခြင်းဖြစ်သည်။ သူ့စိတ်သည် အာရုံခံစားမှုကင်းပြီး ဝလာနတ္ထိ ဖြစ်နေသည်။ စိတ်အာရုံကို သတိကပ်ပြီး ပြန်လည် စုစည်းသည်။ ယခုလို စိတ်နှင့်ကိုယ် တခြားစီ ဖြစ်သွားခြင်းမှာ သူ သေရတော့မည် ဟူသော အတိတ်နိမိတ်များ ဖြစ်လေသလား။ သို့သော် အန်နာက သေရမှာကို မကြောက်၊ ဝေါလသာနှင့် ခွဲခွာသွားရမှာကိုသာ သူမက တွေးကြောက်သည်။

မီးမဖွားမီ ရက်သတ္တပတ်အလိုတစ်နေ့တွင် အန်နာ၏ စိတ်သည် သူ့ကိုယ်မှ လွင့်ထွက်သွားပြန်သည်။ သူမသည် ရုတ်တရက် သတိလက်လွတ် ဖြစ်သွားပြီး လှေကားတစ်ထစ်ကျော် ဆင်းလိုက်သည်။ လှေကားပေါ်မှ လိမ့်ကျသွားတော့သည်။

သူမ သတိပြန်ရလာသောအခါ ဆေးရုံပေါ် ရောက်နေကြောင်း သိရသည်။ ဝေါလသာက ခုတင်စွန်းတွင် ထိုင်ပြီး အန်နာ့လက်ကလေးများကို တယုယတယ ဆုပ်ကိုင်ထားသည်။

"ကိုယ့်မှာ တွေးပြီး ပူလိုက်ရတာ အချစ်ရယ်"

သူမသည် ကလေးကို ရုတ်တရက် သတိရလာသည်။ သူ့ဗိုက်သူ ပွတ်ကြည့်လိုက်သည်။ ကလေးကို မတွေ့ရ၊ သူ့ဗိုက်က ရှပ်နေပြီ။

"ကျွန်မကလေး ဘယ်မှာလဲ"

ဝေါလသာက အနားကပ်သွားပြီး သူမကို ပွေ့ဖက်ထားသည်။

"ကလေးက တစ်ယောက်တည်း မဟုတ်ဘူး . . . မစွက်ဝေါလသာ၊ နှစ်ယောက်တောင် မွေးတယ်"

ဆရာဝန်က ပြောလိုက်သည်။

အန်နာက ဝေါလသာဘက် လှည့်လာသည်။ သူ့မျက်လုံးများတွင် မျက်ရည်တွေ ရွှဲနေသည်။

"ယောကျ်ားကလေး တစ်ယောက်၊ မိန်းကလေး တစ်ယောက် မွေးတယ် အချစ်ရယ်"

အန်နာ့ရင်ထဲတွင် ပီတိလှိုင်းတွေ တဖြတ်ဖြတ် ရိုက်ခတ်သွားကြသည်။ သူ့ရင်သွေးကလေးတွေကို ပွေ့ချီထားချင်စိတ် ရုတ်တရက် ဖြစ်ပေါ်လာသည်။

"အချိန်တန်တော့ ချီရမှာပေါ့ မစွက်ဝေါလသာ၊ အခုတော့ သည်းခံပြီး စောင့်လိုက်ပါဦး၊ ကျန်းမာလာတဲ့အခါ ချီရမှာပေါ့"

ဆရာဝန်က သတိပေးသလို၊ တောင်းပန်သလို ပြောလိုက်ခြင်း ဖြစ်သည်။

★

အန်နာသည် တစ်နေ့ထက်တစ်နေ့ ကျန်းမာလာသည်။ သို့ပေမယ့် သူမကတော့ စိုးရိမ်နေတုန်းပင် ဖြစ်သည်။ သူမသည် တစ်ခုခု ဖြစ်နေသည်။ သို့သော် ဘာရယ်လို့ မပြောတတ်။ ဝေါလသာက ဆေးရုံသို့ မှန်မှန်လာသည်။ သူမ၏ လက်များကို ကိုင်ကြည့်သည်။ ပြီးတော့ ပြန်ထွက်သွားသည်။ သူမ တအံ့တဩ ဖြစ်ကျန်ရစ်သည်။

"ခုပဲလာ ခုပဲပြန်သွားဆိုတော့ . . . ဘယ်လိုလဲ မောင်ရယ်"

အန်နာက နာရီကို မကြာခဏ ကြည့်တတ်သည်။ သုံးနာရီ၊ လေးနာရီ၊ နာရီတွေ အချိန်တွေ တဖြည်းဖြည်း ကုန်လွန်သွားကြသည်။

သူ့ရင်သွေးကလေးတွေ ဘယ်ရောက်နေကြသလဲ၊ သူ ဘာမှ မသိ။

ညတုန်းက ကလေးနှစ်ယောက်ကို သူ့ဆီသို့ ခဏခေါ်လာကြသည်။ ပြီးတော့ သူမ အိပ်ပျော်သွားခဲ့သည်။ ဒါကို သူမက ဝိုးတဝါး သတိရမိသည်။

သူမသည် ဘာကိုမှ အတိအကျ မမှတ်မိ။ ဆရာဝန်တွေ သူနာပြုတွေကို မေးရမှာကိုလည်း ကြောက်နေသည်။

နေပါစေတော့ ကိစ္စမရှိ။ ဆေးရုံကဆင်းလို့ အိမ်ရောက်တော့



www.burmeseclassic.com

ကလေးတွေကို တဝကြီး ချီရမှာပဲ။

★

နောက်ဆုံးတော့ ပျော်ရသောနေ့သို့ ရောက်လာခဲ့သည်။ အန်နာကို ဘီးတပ်ကုလားထိုင်ဖြင့် ဆေးရုံခန်းထဲမှ ထုတ်လာခဲ့သည်။ သူမက ကိုယ့်ခြေထောက်ဖြင့် လျှောက်သွားချင်သည်။ ဆရာဝန်က ခွင့်မပြု။ တကယ်တော့ သူမသည် အတော်ပင် အားနည်းနေသေးသည်။ သို့သော် အိမ်ရောက်လျှင် ကလေးတွေကို မြင်ရတော့မယ်ဟူသော စိတ်ကြောင့် သူမ အားတက်နေသည်။ ဝေါလသာက အန်နာ့ကို ကားပေါ်မှ အိမ်ထဲသို့ တွဲပြီး ခေါ်လာခဲ့သည်။ ဝေါလသာက သူမအား အပေါ်ထပ်ရှိ သူတို့အိပ်ခန်းသို့ ခေါ်သွားရန် ခြေဦးလှည့်သောအခါ အန်နာက ငြင်းဆန်သည်။

"ဟင့်အင်း . . . မသွားဘူး၊ မသွားဘူး၊ ကျွန်မကို ကလေးထိန်းခန်းပဲ ပို့ပါ"

"အနားယူပါဦးကွယ်၊ သိပ်မှ နေမကောင်းသေး . . ."

နောက်ထပ် ဝေါလသာ ဘာပြောသည်ကို သူမ မကြားတော့။ ဝေါလသာ၏ လက်မောင်းကြားမှ ရုန်းထွက်ပြီး ကလေးထိန်းခန်းသို့သာ စွတ်ပြေးလာခဲ့တော့သည်။

နေကာတံခါးရွက်များ ဆွဲချထားသောကြောင့် တစ်ခန်းလုံး မှောင်နေသည်။ ခဏကြာတော့မှ သူမမျက်လုံးများက အမှောင်ကို ကျင့်သားရသွားသည်။ သူမသည် အလွန်စိတ်လှုပ်ရှားနေသည်။ စိတ်လှုပ်ရှားလွန်း၍ မူးဝေသလိုပင် ဖြစ်လာမိသည်။ သူမကိုယ်သူမ လဲကျသွားလေမလားဟုပင် ထင်မိသည်။

ဝေါလသာက နောက်မှ လိုက်လာသည်။ သူက အန်နာကို တစ်စုံတစ်ရာ လှမ်းပြောနေသည်။ သို့သော် အန်နာက လုံးဝ စိတ်မဝင်စား၊ နားလည်းမထောင်။

သူမအဖို့ ကလေးတွေသာ အဓိက မဟုတ်လား။ ကလေးများမှာ





သီးခြား လွှဲပုခက်များထဲတွင် အိပ်ပျော်နေကြသည်။ အန်နာက ကလေးတွေအနီး ကပ်သွားပြီး စိုက်ကြည့်နေသည်။ သူ့မျက်စိထဲတွင် ကလေးများမှာ အလွန်လှနေကြသည်။ သားကလေးက အဖေနှင့် ပိုတူသည်။ ရွှေဝါရောင်ဆံပင်ထူထူဖြင့် အဖေလိုပင် ချောသည်ဟု ထင်သည်။ သမီးကလေးမှာလည်း သေးသေးသွယ်သွယ် မျက်နှာ၊ ရွှေရောင်ဆံပင်ဖြင့် အရုပ်ကလေးလို လှနေသည်။

အန်နာက ဝေါလသာဘက် လှည့်ပြီး ပြောသည်။

"ကလေးတွေက သိပ်ချောတာပဲနော်၊ ကျွန်မတော့ သိပ်ပျော်တာပဲ မောင်"

"လာစမ်းပါ အန်နာရယ်"

ဝေါလသာက တိုးတိုးကလေး ပြောသည်။ သူက အန်နာ့တစ်ကိုယ်လုံး ကြုံးဖက်လိုက်သည်။ ထို့နောက် နှစ်ယောက်သား အိပ်ခန်းဆီသို့ လျှောက်လာခဲ့ကြသည်။

★

အန်နာက သားကလေးကို ပီတာ၊ သမီးကလေးကို ဘာဂျစ်တာဟု နာမည်ပေးသည်။ အန်နာမှာ တစ်ချိန်လုံး ကလေးထိန်းခန်းတွင်သာ အချိန်ကုန်နေတော့သည်။ သူက ကလေးတွေကို ချော့မြှူသည်။ စကားပြောသည်။ ကလေးတွေက သူ့စကားကို နားမလည်။ သို့သော် သူ့မေတ္တာကိုတော့ ခံစားမိကြမည်ဟု သူက ယုံကြည်သည်။

ဝေါလသာ ရုံးမှ ပြန်လာတိုင်း အန်နာကို ကလေးထိန်းခန်းတွင်သာ တွေ့ရလေ့ရှိသည်။ ဝေါလသာက အခန်းဝမှ ရပ်ကြည့်နေသည်။

"လာပါ မောင်ရဲ့၊ ကျွန်မတို့ ကစားနေကြတယ်လေ"

"ညစာ မပြင်ရသေးဘူး . . . မဟုတ်လား"

အန်နာက ရုတ်တရက် စိတ်မကောင်း ဖြစ်သွားမိသည်။ သူ့မှာ အပြစ်ရှိသည်ဟု ထင်မိသည်။ သူမက ဝေါလသာအတွက်ထက် ကလေးတွေအတွက်သာ အချိန်ပိုပေးနေသည်။ နောက်တော့

www.burmeseclassic.com



ဝေါ်လသာအတွက်သာ အချိန်ပိုပေးတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ သို့ပေမယ့် နောက်တစ်နေ့လည်း မနေ့ကအတိုင်းပင် ဖြစ်နေတတ်ပြန်သည်။ အမြွာပူးရင်သွေးကလေးတွေက သူမအား သံလိုက်လို ဆွဲငင်ထားကြသည်။ အမှန်က အန်နာ့အနေဖြင့် သူ့ခင်ပွန်းကို မချစ်တော့၍ မဟုတ်။ အလွန် ချစ်ပါသည်။ ကလေးတွေမှာလည်း ဝေါ်လသာ၏ ကိုယ်ပွားများပင် ဖြစ်သည်။ ကလေးတွေကိုချစ်လျှင် ဝေါ်လသာကိုလည်း ချစ်ရာရောက်သည်ဟု သူ့အပြစ်ကိုသူ ဖြေသိမ့်သည်။

ထို့ကြောင့်လည်း သူမသည် ညစဉ်ညတိုင်း ဝေါ်လသာအိပ်ပြီဆိုလျှင် ခုတင်ပေါ်မှ တိတ်တိတ်ကလေးဆင်းပြီး ကလေးထိန်းခန်းသို့ သွားသည်။ အိပ်ပျော်နေသော ကလေးတွေ၏ မျက်နှာကို မိုးလင်းသည်အထိ ထိုင်ကြည့်နေသည်။ ပြီးတော့ ဝေါ်လသာ မနိုးခင်ကလေးတွင်မှ သူတို့အိပ်ခန်းသို့ ပြန်လာသည်။

တစ်ခါက သန်းခေါင်လောက်တွင် ဝေါ်လသာက မသက်သာ၍ ကလေးထိန်းခန်းသို့ သွားကြည့်တော့ အန်နာ့ကို လက်ပူးလက်ကြပ် မိတော့သည်။

"အချိန်မတော် ဘာလာလုပ်နေရတာလဲကွယ်"

"အို ဘာမှ မဟုတ်ပါဘူး မောင်၊ ဘာမှ မဟုတ်ပါဘူး၊ ဟို . . . ဟို . . . ကျွန်မ . . . "

"အခန်းပြန်သွား"

ဒီစကားမျိုးကို ယခင်က ဘယ်တုန်းကမှ မကြားခဲ့စဖူး။ မိုးလင်းတော့ နံနက်စာစားရင်း ဝေါ်လသာက ပြောသည်။

"တို့ အနားယူ ခရီးထွက်သင့်တယ် ထင်တယ်၊ အဲဒါဆိုရင် တို့နှစ်ယောက်လုံးအတွက် အကျိုးရှိမယ်"

"ဒါပေမဲ့ ကလေးတွေက ခရီးသွားဖို့ ငယ်ပါသေးတယ် မောင်"

"ငါက တို့နှစ်ယောက်အတွက် ပြောနေတာ"

အန်နာက ခေါင်းခါလိုက်သည်။

"ကျွန်မ ကလေးတွေကို မခွဲနိုင်ဘူး"





ဝေါ်လသာက အန်နာ့လက်ကို ဆုပ်ကိုင်လိုက်သည်။

"ကလေးတွေအကြောင်း မေ့ထားလိုက်စမ်းပါ အန်နာရယ်"

အန်နာက အလန့်တကြား ဖြစ်သွားသည်။

"အို ကလေးတွေအကြောင်း မေ့ထားရမယ် ဟုတ်လား"

"ဒီမှာ အန်နာ. . မင်း ကိုယ်ဝန်မရှိခင်က တို့နှစ်ယောက်ဘဝဟာ ဘယ်လောက် ပျော်စရာကောင်းသလဲ၊ ဘယ်သူမှ အနှောင့်အယှက်မရှိဘဲ နှစ်ယောက်တည်း နေခဲ့ရတာ ဘယ်လောက် အေးချမ်းသလဲ"

ဒီတော့မှ အန်နာက သူ့ယောကျ်ားအကြောင်း နားလည်သွားတော့သည်။ သူ့ယောကျ်ားက ကလေးတွေကို မနာလိုစိတ် ဖြစ်နေပါပကော။

★

ရက်တွေ လတွေ လျင်မြန်စွာ ကုန်လွန်သွားခဲ့သည်။ ယခုတော့ ဝေါ်လသာက ကလေးတွေအနား လုံးဝ မကပ်တော့။ ကလေးတွေ မွေးနေ့တွင် အန်နာက ကစားစရာတွေ မျိုးစုံ ဝယ်ပေးသည်။ ဝေါ်လသာကတော့ အလုပ်ကိစ္စဖြင့် အမြဲတမ်း ခရီးထွက်နေတော့သည်။ သူက ကလေးတွေအပေါ်တွင် လုံးဝ စိတ်မဝင်စားတော့။ ဒါကို အန်နာက သူ့အပြစ်ဟု အမှန်အတိုင်း မြင်သည်။ သူက ကလေးတွေ အပေါ်တွင် လိုအပ်သည်ထက် ပိုပြီး စိတ်ဝင်စားနေခြင်းကြောင့် ဖြစ်သည်။ 'လွန်ကိုလွန်လွန်းတယ်' ဟု ဝေါ်လသာက မကြာခဏ ပြောတတ်သည်။ ဝေါ်လသာက အန်နာ့ကို စိတ်ရောဂါကုဆရာဝန်နှင့် စမ်းသပ်ကြည့်ဖို့ ပြောသည်။ အန်နာက ဝေါ်လသာ ကျေနပ်ပါစေတော့ဟူသောသဘောဖြင့် ဆရာဝန်ထံ ဝတ်ကျေတန်းကျေ တစ်ခေါက်လောက် သွားလိုက်သည်။ နောက်ထပ် ဆက်မသွားတော့။

အန်နာက ဒီပြဿနာမှာ သူနှင့်သာ ဆိုင်သည် မဟုတ်။ ဝေါ်လသာနှင့်လည်း ဆိုင်သည်ဟု ယူဆသည်။ သူ့တွင် ကလေးတွေကို အချစ်လွန်သော အပြစ်ရှိသည်ဆိုလျှင် ဝေါ်လသာမှာလည်း မချစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သော အပြစ်ရှိသည်ဟု ထင်သည်။

နောက်တော့ အန်နာက ဝေါလသာရှေ့တွင် ကလေးတွေ အကြောင်း ဘာမျှမပြောတော့။ သို့ပေမယ့် ဝေါလသာ ရုံးသွားချိန် အထိတောင် မစောင့်နိုင်ဘဲ အားအားရှိတိုင်း ကလေးတွေ အခန်းသို့သာ သွားနေတော့သည်။ တကယ်တော့ ယခုအခါ ကလေးတွေမှာ ငယ်တော့သည် မဟုတ်။ သုံးနှစ်အရွယ်သို့ပင် တိုင်ခဲ့ပြီ။ ကလေးတွေ ကြီးလာလျှင် ဘယ်လိုရုပ်မျိုး ရှိပါလိမ့်မလဲဟု အန်နာက စိတ်မှန်းဖြင့် တွေးကြည့်သည်။ ပီတာက အသက်နှင့် စာလျှင် အရပ်ရှည်နေသည်။ ကိုယ်လက်အင်္ဂါကတော့ သန့်မာသည်။ သူ့အဖေလိုပင် အားကစားသမား ရုပ်သွင်ရှိသည်။ သမီးငယ် ဘာဂျစ်တာကလည်း တစ်နေ့ထက် တစ်နေ့ ချောလာသည်။ လှလာသည်။ သူကလေးက ဖအေနှင့်လည်း မတူ၊ မအေနှင့်လည်း မတူ၊ ဆံပင်က ရွှေရောင်၊ အသားအရေက ကြွေရုပ်ကလေးလို ဖွေးနေသည်။

ကလေးတွေအပေါ်တွင် သူတို့ဖအေ စိတ်ထား ပြောင်းလာပါစေဟု အန်နာက မကြာခဏ ဆုတောင်းမိသည်။ ပြောင်းတော့ ပြောင်းလာပါ၏။ သို့သော် ပြောင်းလာတော့မှ ပိုဆိုးလာသည်။ သူက ကလေးတွေကို မချစ်ရုံသာ မကတော့ဘဲ မုန်းသည့်အဆင့်ထိ ရောက်လာခဲ့ပြီ။ ဒီလို ဖြစ်ရတာကလည်း ဝေါလသာက သူ့အချစ်ကို အပြည့်အဝ လိုချင်လို့၊ တခြားဘယ်သူ့ကိုမှ ခွဲဝေမပေးစေချင်လို့ဟု အန်နာက ထင်ခဲ့သည်။ သို့ပေမယ့် သူ့ကိုလည်း ဝေါလသာက တစ်နေ့ထက်တစ်နေ့ အချစ်ပြယ်လာပြီ ဆိုသည်ကို အန်နာက တဖြည်းဖြည်း သိလာခဲ့သည်။ သူ့ဖခင်စကား တကယ်မှန်နေပြီ။ ဝေါလသာက သူ့ကို ချစ်လို့ မဟုတ်၊ ငွေကိုချစ်လို့ လက်ထပ်ခဲ့ခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ကလေးတွေမှာ သူ့အတွက် အဟန့်အတား ဖြစ်နေသည်။ သူက ကလေးတွေကို ဖယ်ထုတ်ပစ်ချင်သည်။ ပြီးတော့ ဝေါလသာက အန်နာအား ကုမ္ပဏီ အစုရှယ်ယာတွေကို ရောင်းရန် ယခုတလော မကြာခဏ တိုက်တွန်းစကား ပြောလာသည်။

"ဆမ်က တို့ကို မတားနိုင်ပါဘူး၊ အဲဒီငွေတွေ အားလုံးယူပြီး





တစ်နေရာကို သွားကြမယ်၊ တို့နှစ်ယောက်တည်း သွားမယ်"

"ကလေးတွေကကော . . ."

"မပါဘူး၊ ဒီမှာ . . . အန်နာ ကိုယ်တို့လင်မယား နှစ်ယောက်ပဲ အရေးကြီးတယ်၊ ကလေးတွေကို ပစ်ထားခဲ့မယ်၊ ဒါကို လုပ်ကိုလုပ်ရမယ်"

ဒီတော့မှ သူ့ယောက်ျား ရူးနေပြီဆိုတာကို အန်နာက သဘောပေါက်လာသည်။ ကြောက်လည်း အလွန်ကြောက်လာသည်။ ဝေါလသာက အိမ်စေတွေအားလုံးကို မောင်းထုတ်ပစ်သည်။ တစ်ပတ်မှ တစ်ခါ လာရသော သန့်ရှင်းရေးအလုပ်သမ တစ်ယောက်ကိုသာ မဖြုတ်ဘဲ ချန်ထားသည်။ အိမ်တွင် သူမှတစ်ပါး အန်နာနှင့် ကလေးနှစ်ယောက်သာ ကျန်တော့သည်။ သူ့အပြုအမူတွေကလည်း တစ်နေ့ထက်တစ်နေ့ ကြမ်းလာသည်။ သူ့စိတ်ရောဂါကို အချိန်မီ ကုသရန် လိုအပ်နေပြီ။ အချိန်လွန်သွားလျှင် ယခုထက် ဆိုးရွားလာနိုင်သည်။ ခေတ်မီဆေးဝါးနှင့်ကုလျှင် သူ့ဝေဒနာ ပျောက်ကင်းနိုင်မည်ဟု အန်နာက တွေးမိသည်။

★

အန်နာသည် သူမ၏ အိပ်ခန်းကြမ်းပြင်ပေါ်တွင် ငုတ်တုတ်ကလေး ထိုင်ရင်း ဝေါလသာ ပြန်အလာကို စောင့်နေရသည်။ ဝေါလသာက အခန်းတံခါးကို အပြင်မှ သော့ပိတ်ထားခဲ့ပြီး အလုပ်သို့ ထွက်သွားသည်။ ယခုတော့ သူမ လုပ်ရမည့်အလုပ်ကို အန်နာက သိပြီ။ ဒီအလုပ်ကို ဝေါလသာ အကျိုးအတွက်၊ သူမအကျိုးအတွက်၊ ကလေးတွေ အကျိုးအတွက် လုပ်ကို လုပ်ရမည်။

အန်နာသည် ထိုင်ရာမှထပြီး တယ်လီဖုန်းဆီသို့ လျှောက်လာခဲ့သည်။ တစ်ခဏမျှ တွေနေမိသေးသည်။ ထို့နောက် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ နံပါတ် ၁၁၀ ကို လှည့်လိုက်သည်။ ယင်းနံပါတ်မှာ အရေးပေါ် ရဲစခန်းနံပါတ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်မှ စကားပြောသံ။

"ဟဲလို . . .ဦး ရဲစခန်းကပါ၊ အခု ဖုန်းဆက်တာ ဘယ်သူပါလဲ ခင်ဗျာ . . ."

"ကျွန်မ . . . ကျွန်မ . . . အို . . ."

အန်နာက ရုတ်တရက် စကားပြတ်သွားသည်။ မမြင်ရသော လက်တစ်ဘက်က အန်နာ့လက်မှ တယ်လီဖုန်းကို လုယူလိုက်သည်။ ပြီးတော့ တယ်လီဖုန်းကို သူ့နေရာတွင် ပြန်ချလိုက်သည်။

အန်နာက နောက်သို့ လှည့်ကြည့်လိုက်သည်။ သူမက ငိုသံပါပါ နှင့် ပြောသည်။

"ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မကို မရိုက်ပါနဲ့"

ဝေါလသာ၏ မျက်လုံးများက တလက်လက် တောက်နေသည်။ သူ့အသံက တိုးလွန်း၍ မနည်းနားထောင်ယူရသည်။

"မင်းကို ကိုယ် မရိုက်ပါဘူးကွယ်၊ မင်းကို ကိုယ် ချစ်ပါတယ်၊ တကယ် ယုံပါ"

သူက အန်နာ့လက်ကို လှမ်းကိုင်သည်။ အန်နာ့တစ်ကိုယ်လုံး ကြောက်စိတ် လွှမ်းသွားသည်။

"ရဲတွေ လာဖို့ မလိုအပ်ပါဘူး အန်နာ၊ မင်းက တကယ်လာစေ ချင်လို့လား"

အန်နာက ကြောက်ကြောက်လန့်လန့်ဖြင့် ခေါင်းကို ခါယမ်းပြ သည်။

"ဒုက္ခပေးနေတာက ကလေးတွေပါ၊ သူတို့ကို တို့ ရှင်းပစ်ရတော့ မယ်၊ ငါ . . ."

အောက်ထပ်မှ လူခေါ်ခေါင်းလောင်းသံ ပေါ်ထွက်လာသည်။ ဝေါလသာက တွံ့ခနဲ ဖြစ်သွားသည်။ ခေါင်းလောင်းသံ ထပ်မံပေါ်လာ သည်။

"ဒီမှာပဲ နေ၊ ငါ သွားလိုက်မယ်"

သူက အမိန့်ပေးပြီး အခန်းထဲမှ ထွက်သွားသည်။ အန်နာက တုန်တုန်ယင်ယင်ဖြင့် အခန်းထဲတွင် ရပ်ကျန်ရစ်သည်။ အပြင်မှ သော့





ဖြုန်ပိတ်သံ ကြားရသည်။

ဝေါလသာသည် လှေကားမှ ပြေးဆင်းလာခဲ့သည်။ အိမ်ရှေ့ တံခါးကို ဆွဲဖွင့်လိုက်သည်။ မွဲပြာရောင် စာပို့သမားဝတ်စုံဖြင့် လူတစ် ယောက် ရပ်နေသည်။ သူ့လက်ထဲမှာ စာအိတ်တစ်အိတ် ကိုင်ထား သည်။

"မစ္စတာ ဝေါလသာနဲ့ မစ္စက်ဝေါလသာတို့အတွက် အရေးကြီး တဲ့စာ ပါလာပါတယ်"

"ကောင်းပြီ၊ ကျုပ် ယူသွားမယ်"

ဝေါလသာက တံခါးကို ပြန်ပိတ်လိုက်သည်။ သူ့လက်ထဲမှ စာအိတ်ကို ကြည့်သည်။ ထို့နောက် ဖောက်ဖွင့်ပြီး အထဲမှ စာကို ဖတ်သည်။

"ဆမ်ရိုဖေး တောင်တက်ရင်း မတော်တဆ သေဆုံးသွားပြီ၊ ဤ သတင်းကို ပို့ရခြင်းအတွက် အလွန်တရာ ဝမ်းနည်းမိသည်။ အုပ်ချုပ် ရေးအဖွဲ့ အရေးပေါ် အစည်းအဝေးကို သောကြာနေ့ နေ့လယ်တွင် ကျင်းပမည်။ ကျေးဇူးပြု၍ ဌာနချုပ်မြို့၌ ရှိနေပါ"

အဆုံးတွင် "ရိုးစ်ဝီလျံ" ဟု လက်မှတ်ရေးထိုးထားသည်။

★ ↔ ★



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

**[illegible]လီနိုင်ငံ**
**ရောမမြို့**
**[illegible]နှစ်၊ စက်တင်ဘာလ ၇ ရက်**
**ညနေ ၆-နာရီ**

အိုင်ဗိုပလာဇီသည် အိပ်ခန်းအလယ်တွင် မတ်တတ်ကြီး ရပ်နေသည်။ သူ့မျက်နှာမှ သွေးတွေ စီးကျနေသည်။ ပါးစပ်ကလည်း "အမလေး [illegible] . . . နာလိုက်တာ" ဟု အော်ညည်းနေသည်။

"ညည်းမနေနဲ့ . . . ဒါက အစပဲရှိသေးတာ . . .၊ ရှင့်လို ယောကျ်ားမျိုးကို ဒီလိုလုပ်မှ တော်ရုံကျတယ် . . ."

ဒိုနာတယ်လာက အိုင်ဗိုပလာဇီအား အော်ပြောလိုက်သည်။

ဒိုနာတယ်လာက လက်သည်းနှင့်ကုတ်ခြစ်ထား၍ သူ့မျက်နှာက သွေးစိမ်းဖြာဖြာ ယိုစီးကျနေတာတောင်မှ အိုင်ဗိုက သူမကို စိတ်မကုန်နိုင်သေး။ ဒိုနာတယ်လာသည် တကယ်လည်း လှသည်။ သူမ၏အလှကို မြင်လိုက်ရလျှင် အိုင်ဗိုမှာ အရူးအမူးဖြစ်ပြီး စိတ်ကို မထိန်းနိုင်အောင် ခံစားရသည်။ သူမ၏မျက်နှာက ကျားသစ်မျက်နှာနှင့်တူသည်၊ မေးရိုးက ကျယ်ကားသည်။ မျက်လုံးက စွေသည်။ နှုတ်ခမ်းတွေက ပြည့်ဖောင်း ရွှန်းအိနေသည်။ ယင်းနှုတ်ခမ်းတွေနှင့် သူ့ကို ကြမ်းကြမ်းရမ်းရမ်း ကိုက်တတ်သည်။

သို့သော် ယခုလောလောဆယ်မှာတော့ အိုင်ဗိုက ဒါတွေကို ခံစားနေ၍ မဖြစ်။ ဒါကြောင့် သူက ကုလားထိုင်ပေါ်မှ အဝတ်ဖြူစတစ်ခုကို လှမ်းယူလိုက်သည်။ သူ့မျက်နှာမှ သွေးများကို သုတ်ပစ်ပြီးမှ ထိုအဝတ်စမှာ သူ့အကျီမှန်း သိရတော့သည်။

ဒိုနာတယ်လာက နှစ်ယောက်အိပ် ခုတင်ကြီးပေါ်မှ ရပ်ပြီး အော်ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် . . . သွေးမတိတ်ဘဲ သေသွားရင် ပိုကောင်းတယ်၊ ကျုပ်က ရှင်နဲ့ဆက်ဆံပြီးရင် ရှင့်ကို အိမ်သာထဲက ပစ္စည်းလို့ သဘောထားတယ်"

ဒီလို ဆိုးရွားသောအခြေအနေမျိုးသို့ သူ ဘယ်လိုရောက်လာရသည်ကို အိုင်ဗိုက အကြိမ်ပေါင်းများစွာ တွေးခဲ့ဖူးသည်။ ဟိုတုန်းကဆိုလျှင် သူ့ကိုယ်သူ လောကတွင် အပျော်ရွှင်ဆုံး လူတစ်ယောက်အဖြစ် ဝုဏ်ယူမဆုံး ဖြစ်ခဲ့ရသည်။ ဒီအချက်ကို သူ့မိတ်ဆွေအားလုံးကလည်း လက်ခံသည်။ သူ့တွင် ရန်သူဟူ၍ မရှိ၊ မိတ်ဆွေသာ ရှိသည်။ လူ့ဘဝမှစ၍ သူသည် ပျော်ပျော်နေ၊ ပျော်ပျော်စား လူစားမျိုး ဖြစ်သည်။ ဒါကြောင့်လည်း သူ့ဘဝကို အီတလီတစ်နိုင်ငံလုံးရှိ ယောကျ်ားတွေအားလုံးအနက် တစ်ဝက်ခန့်က အားကျမိကြခြင်း ဖြစ်သည်။ သူ၏လောကအမြင်ကို အတိုချုပ်၍ ပြောရလျှင် "မိန်းမပွေ၊ ပျော်ပျော်နေ" ဟူသော ဝါဒဖြစ်သည်။ ဒါကြောင့်လည်း သူ့မှာ အမြဲတမ်း အလုပ်များနေသည်။ သူသည် စိတ်ခံစားမှု အလွန်ပြင်းပြသည်။ မိန်းမမြင်တိုင်း ကြိုက်တတ်သည်။ အချစ်သစ်တွေ့လျှင်လည်း အချစ်ဟောင်းကို လုံးဝမေ့ပစ်တတ်သည်။ သူသည် မိန်းမဆိုလျှင် ပျိုအိုမရွေး သဘောတူသည်။ သူ့အဖို့ မိန်းမတိုင်း လှနေသည်။

ထူးခြားချက်ကတော့ သူက တစ်ချိန်တည်းတွင် မိန်းကလေးတစ်ဒါဇင်လောက်နှင့် တစ်ပြိုင်တည်း တွဲတတ်ခြင်း ဖြစ်သည်။ အိုင်ဗို၏ အချစ်သျှတ္တရပညာရပ်တွင် အဆင့်ငါးဆင့်ရှိသည်။ ပထမဆင့်မှ မိန်းမတွေကို သူက ပန်းစည်း လက်ဆောင်ပေးသည်။ 'အလင်္ကာ' စာအုပ်များပေးသည်။ နေ့တိုင်း ဖုန်းဆက်သည်။ ဒုတိယဆင့်မှ မိန်းမတွေကိုတော့ အင်္ကျီဝယ်ပေးသည်။ ချော့ကလက်ဘူး ဝယ်ပေးသည်။ တတိယဆင့်မှ မိန်းမတွေကို လက်ဝတ်လက်စား ဝယ်ပေးသည်။ နာမည်ကြီးဟိုတယ်တွေ ခေါ်သွားပြီး ညစာကျွေးသည်။ စတုတ္ထဆင့်မှ မိန်းမတွေကိုမူ သူ့အခန်းခေါ်သွားပြီး သူကျွမ်းကျင်သော ချစ်နည်းတစ်ရာဖြင့် မီးကုန်ယမ်းကုန် ပြုစုသည်။ သူ့အခန်းကို ပန်းမျိုးစုံဖြင့် အလှဆင်ထားသည်။ သူခေါ်လာသော မိန်းကလေး၏ အကြိုက်လိုက်၍ ခေတ်ဟောင်း



ခေတ်သစ်သီချင်းများနှင့် စတီရီယို တေးသီချင်းတွေအစုံ ဖွင့်သည်။ သူ့ဟာ ဟင်းချက်လည်း ကောင်းသည်။ သူ့ချစ်ဖော်ကြိုက်တတ်သော အကောင်းဆုံးဟင်းလျာတွေကို ဖွယ်ဖွယ်ရာရာ ချက်ကျွေးသည်။ ညစာစားပြီးတော့ ရေခဲစိမ် ရှန်ပိန်အရက်တစ်ပုလင်းကို အိပ်ရာထဲ ယူသည်။ ဒါကြောင့်မို့လည်း သူက စတုတ္ထဆင့်ကို ပို၍နှစ်သက်ခြင်း ဖြစ်သည်။

သို့သော်လည်း ပဉ္စမဆင့်မှာ အားလုံးအနက် အသိမ်မွေ့ဆုံးဟု ဆိုနိုင်သည်။ ဒီအဆင့်တွင် ရင်ကွဲသံဖြင့် ခွာခွဲနှုတ်ဆက်ကြသည်။ အပြန်အလှန် လက်ဆောင်တွေ ရက်ရက်ရောရော ပေးကြသည်။

★

သို့သော် . . . ယင်းအရာအားလုံးမှာ အတိတ်က ဖြစ်ပျက်ခဲ့တာတွေသာ ဖြစ်သည်။

ယခုတော့ အိုင်ဗိုပလာဇီက သူ့မျက်နှာမှ သွေးတွေကို မှန်ထဲမှာကြည့်ပြီး အကြီးအကျယ် တုန်လှုပ်ချောက်ချားနေသည်။

"မင်း ရက်ရက်စက်စက် လုပ်ထားတာ ကြည့်ပါဦး အချစ်ရယ်၊ ဒါ မင်း တကယ်လုပ်တာလားကွယ် . . ."

သူသည် ဒိုင်နာတယ်လာကို ပွေ့ဖက်ရန် ခုတင်နားသို့ ကပ်သွားသည်။ သူကမဖက်ခင် သူမက နူးညံ့အိစက်သော လက်များဖြင့် လှမ်းဖက်လိုက်သည်။ ပြီးတော့ အိုင်ဗို၏ကျောပြင်ကို သူမ၏ လက်သည်းရှည်ကြီးများနှင့် ကုတ်ခြစ်သည်။ သူမက တိရစ္ဆာန်ရိုင်း တစ်ကောင်ပမာ သဲသဲမဲမဲ ကုတ်ခြစ်သည်။ အိုင်ဗိုက နာလွန်း၍ အော်သည်။

"အော်ပြန်ပြီလား၊ ဘလိတ်ဓားရှိရင် ဖြတ်ပစ်ဖို့တောင် ကောင်းတယ် . . ."

"တောင်းပန်ပါတယ် . . . အချစ်ရယ်၊ ကလေးတွေ ကြားကုန်ပါလိမ့်မယ်"

"ကြား . . . ကြား . . . ဒါမှ သူတို့အဖေ ဘယ်လိုတိရစ္ဆာန်စားမျိုးလဲဆိုတာ သိကြလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အချစ်ကလည်းကွယ် . . ."

အိုင်ဗိုက ရှေ့သို့ တိုးလာသည်။

"ရှင် ကျွန်မကို မထိနဲ့၊ ရှင့်မျက်နှာ နောက်ထပ် မကြည့်ချင်ဘူး"

အိုင်ဗိုက နောက်ဆုတ်သွားသည်။ သူ့သိက္ခာကို စော်ကားခံလိုက်ရပြီ။

"ကိုယ့်မိန်းမက ကိုယ့်ယောက်ျားကို ဒီလိုပဲ ပြောရသလားကွယ်"

"ရှင်က ရှင့်ကို ကောင်းကောင်းမွန်မွန် ဆက်ဆံစေချင်တယ်ပေါ့လေ၊ ရှင်က ကျုပ် လိုချင်တာ ပေးနိုင်လို့လား"

"ဒါတော့ ငါ မတတ်နိုင်လို့ပါကွယ်၊ ငါ့မှာ မရှိလို့ပါ"

"မရှိရင် ရအောင်ရှာပေါ့"

"ဒေါ်လာ တစ်သန်းရအောင် ရှာဖို့ဆိုတာ အချိန် လိုပါတယ် အချစ်ရယ်၊ ဒါပေမဲ့ . . . ဒါပေမဲ့ . . . ငါ ကြံပါ့မယ်"

သူက ဘောင်းဘီကို ကမန်းကတန်း ကောက်ဝတ်သည်။ ပြီးတော့ ဖိနပ်စီးသည်။ ဗိုင်နာတယ်လာက အခန်းထဲတွင် ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြင့် ဂနာမငြိမ် လျှောက်သွားနေသည်။

သူမ၏ ဖွံ့ထွားသော ရင်သားအစုံက လှုပ်ခါနေသည်။

"ဘုရားရေ . . . ဘယ်လို မိန်းမစားမျိုးပါလိမ့်၊ ငါ ဘယ်လိုမှ မုန်းလို့ မရပါလား"

အိုင်ဗိုက သူမကို ကြည့်ရင်း တွေးမိသည်။

သူက သွေးများပေနေသော အင်္ကျီကို ကောက်ဝတ်လိုက်သည်။ သူ့မျက်နှာအနှံ့ သွေးများ စို့နေဆဲ ဖြစ်သည်။ သူက သူ့မယားကြီး မျက်နှာကို မြင်ယောင်လာသည်။

"ဒီအဖြစ်ကို ငါ့မိန်းမကို ဘယ်လို ရှင်းပြရပါ့မလဲကွယ်"

အိုင်ဗိုပလာဇီ၏ မယားကြီးမှာ ဆီမိုနက်တာရှိဖေး ဖြစ်သည်။ ဆီမိုနက်တာမှာ ရှိဖေးမိသားစုဝင်တစ်ဦးဖြစ်ပြီး အီတလီဆိုင်ရာကုမ္ပဏီခွဲ၏ အမွေခံလည်း ဖြစ်သည်။ ဆီမိုနက်တာနှင့် စတင်တွေ့စဉ်က အိုင်ဗိုမှာ ဗိသုကာပညာရှင်ကလေးတစ်ဦး ဖြစ်သည်။ သူလုပ်နေသော အဆောက်အအုံကုမ္ပဏီက ဆီမိုနက်တာတို့အိမ်ကြီးကို ပြုပြင်ဆောက်





လုပ်ရာတွင် အိုင်ဗိုက ကြီးကြပ်ခဲ့ရရာမှ သူတို့နှစ်ဦး ဖူးစာဆုံခဲ့ကြသည်။ ဆီမိုနက်တာက အိုင်ဗိုကို မြင်မြင်ချင်း ချစ်မိသည်။ ဆီမိုနက်တာနှင့် တွေ့ပြီး ရက်ပိုင်းအတွင်း အိုင်ဗို၏လူပျိုဘဝ ကုန်လွန်သွားခဲ့သည်။ ပထမညတွင်ပင် အိုင်ဗိုက သူ၏အချစ်သျှတ္တရပညာအရ သူမအား စတုတ္ထဆင့်အထိ ခေါ်ဆောင်သွားခဲ့သည်။ ဒီလိုနှင့်မကြာမီပင် သူတို့ လက်ထပ်လိုက်ကြသည်။

အိုင်ဗိုသည် ဗိသုကာလုပ်ငန်းကို စွန့်လွှတ်လိုက်ပြီး အီတလီဆိုင်ရာ ရှိဖေးနှင့်သားများကုမ္ပဏီခွဲတွင် အလုပ်ဝင်လုပ်သည်။

သူသည် စကတည်းက အောင်မြင်မှုရခဲ့သည်။ အရည်အချင်းပြည့်ဝသူဖြစ်၍ ခဏအတွင်း လုပ်ငန်းများကို နှံ့စပ်ကျွမ်းကျင်လာသည်။ သူ့ကို လူတိုင်းက သဘောကျသည်။ အားကျသည်။ သူသည် ရုပ်ရည်လည်း ချောသည်။ သူ့မျက်နှာက အမြဲတမ်း ပြုံးနေတတ်သည်။ တကယ်တော့ အိုင်ဗိုက ဟန်ဆောင်နေခြင်းသာ ဖြစ်သည်။ သူ့အတွင်းစိတ်က တစ်မျိုး၊ အပြင်စိတ်က တစ်မျိုး၊ သူက အပြင်စိတ်ကိုသာ ပြသည်။ အတွင်းစိတ်ကိုတော့ လူမမြင်အောင် ဖွက်ထားသည်။ သူ့အတွင်းစိတ်မှာ ကြမ်းတမ်းသည်။ အမုန်းတရား ကြီးမားသည်။ မရှောင်သာလျှင် လူသတ်မှုပင် ကျူးလွန်နိုင်သည်။

ဥစ္စာပေါ ရုပ်ချောသော သူဌေးသမီး ဆီမိုနက်တာနှင့် လက်ထပ်လိုက်သောကြောင့် သူ့ဘဝ တိုးတက်ခဲ့သည်။ သို့သော် သူက သူ့ပင်ကိုယ်စရိုက်ကိုတော့ မဖျောက်။ အခြားမိန်းမတွေနှင့် တွဲမြဲ တွဲသည်။

ဆီမိုနက်တာ၏ဖခင်က သူတို့အား ရောမမြို့စွန်တွင် လှပခမ်းနားသော အိမ်ကြီးတစ်ဆောင် ဝယ်ပေးသည်။

ဆီမိုနက်တာမှာ လင်သားအပေါ် တာဝန်ကျေသော မယားကောင်းတစ်ဦး ဖြစ်သည်။ သူ့ယောက်ျားကို အလွန်ချစ်သည်။ မြတ်နိုးရှိသေသည်။ သားကိုသခင် လင်ကိုဘုရား သဘောထား၍ ပြုစုသည်။ သို့သော် သူမမှာ ချွတ်ယွင်းချက်တစ်ခုတော့ ရှိသည်။ ချစ်သဝန်တိုခြင်းဖြစ်သည်။ ယင်းစိတ်ဓာတ်ဝင်လာလျှင် သူမသည် ရိုင်းလာတတ်သည်။ တစ်ခါက အိုင်ဗိုသည် ဘရာဇီးသို့ အလုပ်ကိစ္စဖြင့် သွားရာတွင် အမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးကုန်သည်တစ်ဦးကို လေယာဉ်ပေါ် တင်ခေါ်သွားခဲ့သည်။ ပြန်ရောက်တော့ ဆီမိုနက်တာက စွဲချက်တင်သည်။ မဟုတ်မတရား စွပ်စွဲရမလားဆိုပြီး အိုင်ဗိုက ဒေါသူပုန်ထသည်။ ဒီလိုနှင့် လင်မယားအချေအတင် စကားများကြသည်။ ဆီမိုနက်တာက စိတ်ရိုင်းဝင်ပြီး တွေ့သမျှပန်းကန်ခွက်ယောက်များနှင့် အိမ်ထောင်ပရိဘောဂများကို ပေါက်ခွဲရိုက်ချိုးပစ်သည်။ အိုင်ဗိုကိုလည်း ဓားနှင့် လိုက်ထိုးသည်။ သူ့ကိုယ်သူလည်း ထိုးမည်လုပ်သည်။ အိုင်ဗိုက ဓားကို အတင်းဝင်လုသည်။ ကြမ်းပြင်တွင် နှစ်ယောက်သား လုံးထွေးရိုက်ပုတ်ကြသည်။ အိုင်ဗိုက သူမ၏ အဝတ်အစားများကို တစ်ခုမကျန် ဆုတ်ဖြဲ ဆွဲချွတ်ပစ်လိုက်သည်။

ဒီနောက်တော့ အိုင်ဗိုက အနေအထိုင် ဆင်ခြင်လာခဲ့သည်။ သူ့ဇနီး၏ သံသယ အဝင်မခံတော့။ တကယ်တော့ သူသည် ကံအကောင်းဆုံး လူတစ်ယောက်ဖြစ်သည်။ သူ့မိန်းမမှာ ငယ်ရွယ်ချောမောသည်။ ပစ္စည်းဥစ္စာ ကြွယ်ဝသည်။ ဉာဏ်အမြော်အမြင် ရှိသည်။ သူတို့ နှစ်ယောက်က အကြိုက်ချင်းလည်း တူကြသည်။ ဘဝချင်းလည်း တူကြသည်။ သူတို့၏ အိမ်ထောင်ရေးသည် စံပြအိမ်ထောင်ရေး ဖြစ်သည်။

★

ဒီလိုနှင့် အိမ်ထောင်သက် သုံးနှစ်အထိ ပျော်ရွှင်ချမ်းမြေ့စွာ နေလာခဲ့ကြသည်။ တစ်နေ့တော့ အိုင်ဗိုက စွစ္စလီမြို့သို့ အလုပ်ကိစ္စဖြင့် ခရီးထွက်ရင်း ဒိုနာတယ်လာ စပိုလီနီနှင့် စတင်ဆုံတွေ့ရသည်။ ဒိုနာတယ်လာကို မြင်မြင်ချင်း အိုင်ဗိုမှာ အားကောင်းသော သံလိုက်နှင့် တွေ့ရသလို ခံစားရသည်။ သူ့မိန်းမ ဆီမိုနက်တာက ငါးရံ့ကိုယ်အလှပိုင်ရှင်၊ ယခု ဒိုင်နာတယ်လာက ရမ္မက်ငွေ့လျှံပြီး အိစက်မှည့်ဝင်းနေသော ပုစွန်ထုပ်ကျွေးကြီး။ အိုင်ဗိုနှင့် ဒိုနာတယ်လာတို့ စတင်တွေ့ဆုံပြီး တစ်နာရီအကြာတွင် အိပ်ရာထဲ ရောက်သွားခဲ့ကြသည်။

အိုင်ဗိုက သူ့ကိုယ်သူ ချစ်စွမ်းရည် အပြည့်ဝဆုံး ပါရဂူတစ်



ယောက်ဟု ထင်ခဲ့သည်။ ယခု ဒိုနာတယ်လာနှင့်တွေ့တော့ သူက တပည့်ဖြစ်သွားသည်။ ဒိုနာတယ်လာကို ဦးချရတော့သည်။ ဒီသူငယ်မကို လက်လွှတ်မခံနိုင်ဟု သူက ဆုံးဖြတ်လိုက်သည်။

ယင်းသို့လျှင် ဒိုနာတယ်လာမှာ အိုင်ဗို၏ အမြှောင်မယား ဖြစ်လာခဲ့ရသည်။ ဒိုနာတယ်လာက သူ့ထံမှ ကတိတစ်ခုပဲ တောင်းဆိုသည်။

မယားကြီး ဆီမိုနက်တာနှင့် မိမိကလွဲလျှင် အခြား ဘယ်မိန်းမနှင့်မှ မတွဲရ။

အိုင်ဗိုက ဝမ်းမြောက်ဝမ်းသာ ကတိပေးလိုက်သည်။

ဒါတွေက လွန်ခဲ့သော ရှစ်နှစ်ခန့်က ဖြစ်ရပ်များ။ ယင်းကာလအတွင်း အိုင်ဗိုသည် မယားကြီးအပေါ်တွင်လည်း သစ္စာမဖောက်၊ မယားငယ်အပေါ်တွင်လည်း သစ္စာမဖောက်။

ဒီမိန်းမနှစ်ယောက်စလုံးမှာ အချစ်ငတ်နေကြသူတွေချည်း ဖြစ်သည်။ အချစ်စွမ်းအား သူမတူအောင် ပြင်းပြကြသူတွေချည်း ဖြစ်သည်။ သာမန်ယောကျ်ားတစ်ယောက်ဆိုလျှင် ယင်းနှစ်ယောက်ကြားတွင် အရုပ်ကြိုးပြတ် ဖြစ်သွားနိုင်သည်။ သို့သော် အိုင်ဗိုအဖို့တော့ ပြောင်းပြန်ဖြစ်သည်။ သူက မယားကြီးဆီမိုနက်တာနှင့် ချစ်နေချိန်တွင် သူ့ရင်ခွင်ထဲသို့ မယားငယ် ဒိုနာတယ်လာ၏ အိစက်မှည့်ရွှန်းသော ကိုယ်ခန္ဓာကြီး ရောက်နေသည်ဟု အာရုံပြုသည်။ အလားတူပင် မယားငယ်နှင့် ချစ်နေချိန်တွင်လည်း မယားကြီး၏ နုပျိုလတ်ဆတ်သော အတွေ့အထိကို သတိရသည်။ သူ့အဖို့တော့ မိန်းမနှစ်ယောက်အနက် ဘယ်မိန်းမနှင့်ပဲ ချစ်ရချစ်ရ ကျေနပ်သည်။ တစ်ယောက်မှာ မရှိတာကို တစ်ယောက်ထံမှ ဖြည့်ယူပြီး သူ့စိတ်ကျေနပ်မှုကို အစွမ်းကုန် ဖန်တီးယူနေသည်။

အိုင်ဗိုက မယားငယ်ဒိုနာတယ်လာအတွက် ခမ်းနားကျယ်ဝန်းသော အိမ်ခန်းကြီးတစ်ခန်း ငှားပေးထားသည်။ အချိန်ရလျှင် ရသလို သွားတွေ့သည်။ ရိုးရိုးမရနိုင်လျှင် ခရီးထွက်ဟန်ဆောင်ပြီး သွားသည်။ ရုံးသို့သွားတိုင်းလည်း ဝင်သည်။ နေ့လယ်ရုံးအားချိန်တွင်လည်း တွေ့

www.burmeseclassic.com

www.burmeseclassic.com



သည်။

တစ်ကြိမ်တုန်းကဆိုလျှင် အိုင်ဗိုက မယားကြီးနှင့်အတူ နယူးယောက်မြို့သို့ နှစ်ထပ်သဘင်္ဘောကြီးဖြင့် ခရီးထွက်ရာတွင် အောက်ထပ်အထူးခန်း၌ မယားငယ်ကိုပါ တိတ်တိတ်ကလေး ခေါ်ယူလာခဲ့သည်။ ထိုငါးရက်အတွေ့အကြုံသည် အိုင်ဗို၏ဘဝတွင် စိတ်တက်ကြွရဆုံး အတွေ့အကြုံပင် ဖြစ်တော့သည်။

★

တစ်ညနေတွင် ဆီမိုနက်တာက သူမမှာ ကိုယ်ဝန်ရှိနေပြီဟု ပြောသည်။ အိုင်ဗိုမှာ ထခုန်တော့မတတ် ဝမ်းသာသွားသည်။ နောက်တစ်ပတ်ကြာတော့ ဒိုနာတယ်လာကလည်း အလားတူပင် ပြောလာသည်။ အိုင်ဗို၏ဝမ်းသာမှုမှာ ခွက်လျှံသွားတော့သည်။ လောကတွင် ငါ့လောက်တုသိုလ်ကံကောင်းတဲ့လူ ရှိနိုင်ပါဦးမလားဟုလည်း တွေးမိသည်။

အချိန်တန်သော့ ဆီမိုနက်တာက မိန်းကလေးမွေးသည်။ နောက်တစ်ပတ်အကြာတွင် ဒိုနာတယ်လာက ယောကျ်ားကလေး မွေးသည်။ သို့သော် သူ့ကုသိုလ်ကံက ဒီမျှနှင့် မကုန်သေး၊ မကြာခင်တွင်ပင် ဒိုနာတယ်လာမှာ ကိုယ်ဝန်ရှိလာပြန်သည်။ နောက်တစ်ပတ်ကြာတော့ ဆီမိုနက်တာကလည်း ကလေးရှိနေပြီဟု ဆိုပြန်သည်။ ကိုးလလွန်သောအခါ ဒိုနာတယ်လာတွင် သားကလေးတစ်ယောက် ထပ်မွေးသည်။ ဆီမိုနက်တာကလည်း သမီးကလေးတစ်ယောက် မွေးပြန်သည်။ နောက်လေးလအကြာတွင် သူ့မိန်းမနှစ်ယောက်စလုံး ကိုယ်ဝန်ရှိလာကြပြန်သည်။ နှစ်ယောက်စလုံး တစ်နေ့တည်းတွင်ပင် မီးဖွားကြသည်။ အိုင်ဗိုမှာ မိန်းမနှစ်ယောက်ကြား ဗျာများနေသည်။

ဒီတစ်ကြိမ်တွင်လည်း ဒိုနာတယ်လာက ယောကျ်ားကလေး၊ ဆီမိုနက်တာက မိန်းကလေး တစ်ယောက်စီ ထပ်မွေးကြပြန်သည်။

အိုင်ဗိုက ဒီအဖြစ်ကို ပြောင်းပြန်လုပ်ပစ်ချင်သည်။ ယခုတော့ မယားငယ်က သားကလေးသုံးယောက်မွေးပြီး မယားကြီးက မိန်းက





လေးသုံးယောက်မွေးသည်။ ဒီအဖြစ်က သူ့ကို သရော်သလိုဖြစ်နေသည်။ သားတွေက အဖေ့အမွေ၊ အဖေ့လုပ်ငန်း ဆက်ခံရမည်ဆိုတော့ မယားကြီးက သားကလေးတွေမွေးလျှင် ဘယ်လောက်ကောင်းလိမ့်မလဲ။ သို့သော် အိုင်ဗိုက ဖြစ်သမျှအကြောင်း အကောင်းချည်းဟု ဖြေသည်။ သူ့ဘဝသူ ကျေနပ်သည်။ သူ့မှာ အိမ်တွင်းအတွက် ကလေးသုံးယောက်၊ အိမ်ပြင်အတွက် ကလေးသုံးယောက် ရှိနေပြီ။ သူက ကလေးတွေကို ငိုထားမတတ် ချစ်သည်။ သမီးကလေးသုံးယောက်ကို အစ္စဘယ်လာ၊ အင်နီဒက်တာနှင့် ကမီလာဟူ၍ အမည်ပေးသည်။ သားကလေးသုံးယောက်ကိုတော့ ဖရန်စက်စကို၊ ကာလိုနှင့် လူကာ . . .။

ကလေးတွေ ကြီးလာသည်နှင့်အမျှ အိုင်ဗို၏ အခြေအနေတွေက ရှုပ်ထွေးလာရသည်။ မွေးနေ့ပြဿနာ၊ ပွဲတော်ရက်အား ပြဿနာ၊ အနားယူရက် ပြဿနာတွေကို ခက်ခက်ခဲခဲ ဖြေရှင်းလာရသည်။ ကျောင်းအပ်ရေး ပြဿနာကိုတော့ လွယ်လွယ်ပင် ဖြေရှင်းနိုင်ခဲ့သည်။ သမီးကလေးတွေကို ပြင်သစ် သီလရှင်ကျောင်း အပ်လိုက်သည်။ သားကလေးတွေကိုမူ ဂျက်ဆူအစ် သာသနာပြုကျောင်း ပို့လိုက်သည်။

သူက ဆရာဆရာမတွေနှင့် မကြာခဏ တရင်းတနှီး သွားတွေ့သည်။ ကလေးတွေ၏ အိမ်စာတွေကိုလည်း ဖေးမ ပြသပေးသည်။ ကလေးတွေ ကစားချိန်တွင်လည်း သူပါ ဝင်ကစားသည်။ သူ့ဘဝကား မလွယ်သောဘဝ ဖြစ်သည်။ သို့သော် သူက နိုင်နိုင်နင်းနင်း စခန်းသွားသည်။ သူသည် ခင်ပွန်းကောင်းတစ်ယောက်၊ ချစ်သူကောင်းတစ်ယောက်၊ ဖခင်ကောင်းတစ်ယောက် ဖြစ်သည်။ မွေးနေ့များနှင့် ဘာသာရေးပွဲတော်နေ့များတွင် မိသားစုနှစ်ခုလုံးကို အဆင်ပြေအောင် ပြုစုသည်။ မယားကြီးနှင့် မယားငယ်ကို အဖိုးတန်လက်ဆောင်တွေ ယ်ပေးသလို သားများနှင့် သမီးများကိုလည်း လက်ဆောင်မျိုးစုံ အလျှံ ယ် ဝယ်ပေးသည်။

သူ့ဇနီး နှစ်ယောက်စလုံး တစ်မျိုးစီ လှကြသည်။ တစ်မျိုးစီ တော် ကြသည်။ သားကလေးတွေနှင့် သမီးကလေးတွေကလည်း ရုပ်ရည်



www.burmeseclassic.com

www.burmeseclassic.com



ချောမောကြသည်။ သွက်လက်ချက်ချာကြသည်။ အိုင်ဗိုအဖို့ ဝမ်းသာ ဂုဏ်ယူ၍ မဆုံးတော့။ သူ့ဘဝကား ပျော်စရာအတိပါတကား။

သို့သော် . . . မကြာမီတွင် ပျော်စရာဘဝမှ ငိုစရာဘဝသို့ ပြောင်းလဲလာခဲ့တော့သည်။

★

ကြမ္မာဆိုးဟူသည် ဆိုင်းမဆင့် ဗုံမဆင့် ရုတ်တရက် ပေါ်ပေါက်လာ တတ်သည်ချည်း ဖြစ်သည်။

ထိုနေ့မနက်က အိုင်ဗိုသည် နံနက်စာစားပြီးနောက် မယားကြီး ဆီမိုနက်တာနှင့် ချစ်ပွဲဝင်ခဲ့သည်။ ပြီးတော့ ရုံးသို့ တန်းလာခဲ့သည်။ မွန်းလွဲတစ်နာရီထိုးတော့ သူ့အတွင်းရေးမှူးအား အစည်းအဝေးရှိ သည်ဟု ညာပြီး ရုံးခန်းမှ ထွက်လာခဲ့သည်။

နောက် မိနစ်သုံးဆယ်ကြာလျှင် အိုင်ဗိုသည် သူ့မယားငယ် အခန်းသို့ ရောက်လာသည်။ အခန်းတံခါး ဖွင့်လိုက်လျှင် ဖွင့်လိုက်ချင်း စိုးရိမ်စရာ တစ်ခုခုတော့ ဖြစ်နေပြီဆိုသည်ကို သူက ချက်ချင်းသတိ ပြုလိုက်မိသည်။ ဖရန်စက်စကို၊ ကာလိုနှင့် လူကာတို့ ညီအစ်ကို သုံး ယောက်သည် သူ့အမေအနီးတွင် ဝိုင်းထိုင်ပြီး တရှုံ့ရှုံ့နှင့်ငိုနေကြသည်။ ဒိုနာတယ်လာ၏ မျက်နှာတွင်လည်း အမုန်းရိပ်များ ပေါ်လွင်နေသည်။

"အလကားလူ၊ သွား . . . မလာနဲ့"

ဒိုနာတယ်လာက သူ့ကို မြင်မြင်ချင်း လှမ်းအော်သည်။ အိုင်ဗို မှာ ကြောင်တက်တက် ဖြစ်နေသည်။

"ကလေးတွေ ဘာဖြစ်တာလဲကွယ် . . . ကိုယ် ဘာများ လုပ်မိ သလဲဟင် . . ."

သူမက ထိုင်ရာမှ ထရပ်လိုက်သည်။

"ဒီမှာ ရှင်လုပ်တာ ရှင်ပဲ ကြည့်"

ဒိုနာတယ်လာက မဂ္ဂဇင်းတစ်စောင်ဖြင့် အိုင်ဗို၏ မျက်နှာကို လှမ်း ပေါက်သည်။





အိုင်ဗိုက မဂ္ဂဇင်းကို ကမန်းကတန်း ကောက်ကြည့်လိုက်သည်။

"ဟိုက် . . ."

သူက အလန့်တကြား ဖြစ်သွားသည်။ မဂ္ဂဇင်းအဖုံးတွင် သူနှင့် ဆီမိုနက်တာ အပါအဝင် သမီးကလေးသုံးယောက်နှင့် စုရိုက်ထား သော ဓာတ်ပုံကို တွေ့လိုက်ရသည်။ ဓာတ်ပုံအောက်နားတွင်လည်း "မိသားစု၏ဖခင်" ဟူ၍ ပုံစာရေးထားသည်။

လ,အတန်ကြာက မဂ္ဂဇင်းတိုက်မှ သူ့အကြောင်း ဆောင်းပါးရေး ရန် ခွင့်တောင်းခဲ့ဖူးသည်။ သူက သူ့လုပ်ငန်းနှင့် ကျော်ကြားမှု အကြောင်းကို သာမန်လောက်သာ ရေးမည်ထင်၍ ကြည်ကြည်ဖြူဖြူ ပင် သဘောတူခဲ့သည်။ ယခုတော့ သူ့အဖို့ ငါးပါးကြီးမှောက်ပြီ။

သူက ရှိုက်ငိုနေသော မယားငယ်နှင့် သားကလေးများကို ကြည့် လိုက်သည်။

"ဒါကို ကိုယ် ရှင်းပြနိုင် . . ."

"ရှင် ရှင်းဖို့ မလိုဘူး၊ ကလေးတွေကို ကျောင်းသားတွေက ရှင်းပြ လိုက်ပြီးပြီ၊ ကလေးတွေက ငိုပြီး အိမ်ပြန်လာကြတယ်၊ တစ်ကျောင်းလုံး က အဖေမပေါ်သားတွေလို့ ခေါ်ကြသတဲ့တော့"

ဒိုနာတယ်လာက ရှိုက်၍ ငိုလိုက်ပြန်သည်။

"ဒီမှာ အချစ် . . . ."

"ဒီက တိုက်ခန်းရှင်နဲ့ အိမ်နီးချင်းတွေအားလုံးက ကျွန်မတို့ မိသားစုကို အနာကြီးရောဂါသည်တွေလို ဆက်ဆံနေကြပြီး ကလေး တွေခမျာ မျက်နှာတောင် မဖော်နိုင်ကြတော့ဘူး၊ သူတို့ကို ဒီမှာထားလို့ မဖြစ်တော့ဘူး၊ တစ်နေရာ ခေါ်သွားတော့မယ် . . ."

အိုင်ဗို၏ရင်ထဲ ဒိတ်ခနဲ မြည်သွားသည်။

"ဘာတွေ ပြောနေတာလဲကွာ"

"ကျွန်မ ဒီမှာ မနေတော့ဘူး၊ ကလေးတွေပါ ခေါ်သွားမယ်"

"မင်း ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ ကလေးတွေကို ငါလည်း ဖိုင်တာ ပဲ"

"ကျွန်မကို မတားနဲ့၊ တားရင် ရှင့်ကို အသေသတ်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အမြစ်တတော့ တကယ့်ကို စိတ်ပျက်စရာကြီးပင် ဖြစ်သည်။ အိုင်ဗိုက သူ့မယားကလေးနှင့် သားငယ်များကို ကြည့်ပြီး ကြောင်ကြောင်ကြီး ရပ်နေသည်။ သူ့ရင်ထဲတွင် မုန်တိုင်းထနေသည်။

ဒိုနာတယ်လာက အသံမာမာဖြင့် ပြောလိုက်သည်။

"ကျွန်မတို့ မသွားခင် ဒေါ်လာတစ်သန်း လိုချင်တယ်၊ ချက်လက်မှတ် မဟုတ်ဘူး၊ ငွေသားပဲ လိုချင်တယ်"

အလိုလေး . . . မဖြစ်နိုင်တာကြီးပဲ၊ အိုင်ဗိုက ရယ်လိုက်သည်။

"ဒေါ်လာတစ်သန်းတဲ့လား၊ ဟား . . . ဟား . . . ဟား"

"ပေးရင်ပေး၊ မပေးရင် ရှင့်မိန်းမဆီ ဖုန်းဆက်လိုက်မယ်၊ ဒါပဲ"

★

ဒီဖြစ်ရပ်တွေ ပေါ်ပေါက်ခဲ့သည်မှာ ခြောက်လခန့် ကြာခဲ့ပါပြီ။ ဒိုနာတယ်လာက သူမ၏ စီမံကိန်းကို အကောင်အထည်တော့ မဖော်သေး၊ သို့သော် တစ်နေ့ ဖော်ကောင်း ဖော်လိမ့်မည်ဆိုတာကို အိုင်ဗိုက သိသည်။ သူမသည် အိုင်ဗိုအား တစ်နေ့ထက်တစ်နေ့ အကြပ်ကိုင်လာသည်။ အလုပ်ရုံးကို မကြာခဏ ဖုန်းဆက်သည်။

"ငွေကို ရှင် ဘယ်လိုရရ ကျွန်မ ဂရုမစိုက်ဘူး၊ ရအောင်သာ မြန်မြန်လုပ်ပါ"

ဒီမျှ များပြားသော ငွေကို ရနိုင်ရန်မှာ တစ်နည်းသာ ရှိသည်။ တခြားမဟုတ်၊ ကုမ္ပဏီ အစုရှယ်ယာကို ရောင်းပစ်ရန် ဖြစ်သည်။ သို့သော် ယင်းသို့ မရောင်းနိုင်အောင် ဆမ်ရိုဖေးက တားဆီးထားသည်။ သူသည် အိုင်ဗို၏ အိမ်ထောင်ရေးအတွက် အန္တရာယ်ဖြစ်သည်။ အနာဂတ်အတွက် ဆူးငြောင့်ခလုတ် ဖြစ်သည်။ သူ့ကို ရပ်တန်းကရပ်အောင် လုပ်ရမည်။ ဒီလုပ်ငန်းအတွက် ဘာမျှ မခက်။ လုပ်နိုင်တဲ့လူကို လုပ်ခိုင်းလျှင်-ဘာမဆို မဖြစ်နိုင်တာ မရှိ။

အိုင်ဗိုအနေဖြင့် အခံရအခက်ဆုံးမှာ ဒိုနာတယ်လာက သူ့ကို သူမအနား လုံးဝ အကပ်မခံခြင်းပင် ဖြစ်သည်။ သူသည် ကလေးတွေ



ကိုတော့ နေ့တိုင်း တွေ့ရသည်။ သို့သော် ဒိုနာတယ်လာ၏ အိပ်ခန်းထဲကိုတော့ လုံးဝ ဝင်ခွင့်မရ။

"ကျွန်မ တောင်းတဲ့ငွေကိုသာ အရင်ပေးပါ၊ ဒါမှ ရှင် ကျွန်မအနားကပ်ရမယ်"

သူမက ယင်းသို့လျှင် ကတိပေးသည်။

အိုင်ဗိုမှာ အကြီးအကျယ် စိတ်ညစ်နေရပြီ။ တစ်ညနေတွင် သူက ဒိုနာတယ်လာဆီ ဖုန်းဆက်သည်။

"ငါ ခုချက်ချင်း လာခဲ့မယ်၊ ငွေကိစ္စလည်း အားလုံး စီစဉ်ပြီးပြီ"

သူက ခရီးရောက်မဆိုက်ပင် ဒိုနာတယ်လာအခန်းထဲ တန်းဝင်သည်။ ပြီးတော့ ဒိုနာတယ်လာ၏ အချစ်ကိုရရန် မရပ်မနား ကြိုးစားသည်။

သို့သော် သူမက အနားသို့ လုံးဝအကပ်မခံသည့်အပြင် တိရစ္ဆာန်ခိုင်းတစ်ကောင်ပမာ ဒေါသပေါက်ကွဲပြီး သူ့အား သဲသဲမဲမဲ ကုတ်ခြစ်ဆိတ်ခိုက်လေတော့သည်။

★

ဒိုနာတယ်လာ၏ အခန်းမှ အပြန်တွင် အိုင်ဗိုက ဖြစ်ပျက်ခဲ့သမျှကို ပြန်တွေးလာခဲ့သည်။ သူက ကားနောက်မှန်တွင် သူ့မျက်နှာကို ကြည့်လိုက်သည်။ သွေးစတော့ ခြောက်သွားပြီ။ သို့သော် ခြစ်ရာများကြောင့် မျက်နှာတစ်ခုလုံး ပုံပျက်ပန်းပျက် ဖြစ်နေသည်။ သူ့အင်္ကျီတွင်လည်း သွေးစွန်းရာတွေနှင့်။ မျက်နှာမှ ဒဏ်ရာတွေနှင့် ကျောကုန်းမှ ဒဏ်ရာတွေကို ဆီမိုနက်တာအား ဘယ်လိုလုပ်ပြီး ရှင်းပြရပါ့မလဲ။ အမှန်အတိုင်း ဖွင့်ပြောလိုက်ရင် ကောင်းမလား။ ဒီအတွေး သူ့ခေါင်းထဲဝင်လာလျှင် ဝင်လာချင်းပင် သူက ပြန်မောင်းထုတ်လိုက်သည်။ ဒါမှမဟုတ် စိတ်ဓာတ်ကျနေတုန်း မဆင်ခြင်နိုင်တော့ဘဲ မိန်းကလေးတစ်ယောက်နှင့် အိပ်မိပြီး အမှတ်မထင် ကိုယ်ဝန်ရှိသွားရခြင်း ဖြစ်သည်ဟု ပြောပြရမှာလား။ ဒီလိုဆိုရင် ကလေးသုံးယောက်ကိစ္စတော့ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ပြောမလဲ၊ မဖြစ်ဘူး-ဒုက္ခပဲ။ ငါ့ဘဝတော့ ငါးပြားမတန်အောင် ဖြစ်ရတော့မှာပဲ၊ ဒီနေ့ညနေ အိမ်မပြန်၍လည်း မဖြစ်၊ အိမ်တွင် ဧည့်သည်တွေကို ညစာကျွေးဖို့ ဖိတ်ထားပြီးပြီ။ ဆီမိုနက်တာက သူ့ကို စောင့်နေလိမ့်မည်။

အိုင်ဗိုအဖို့ ထွက်ပေါက်မရှိတော့။ လေးဘက်လေးတန် ပိတ်မိနေပြီ။ သူ့အိမ်ထောင်ရေးလည်း ပြိုကွဲခဲ့ပြီ။ သူ့ဘဝကို တန်ခိုးတော်ရှင်မှတစ်ပါး ဘယ်သူမှ မကယ်နိုင်တော့။

ယင်းသို့ တွေးလာရင်း လမ်းဘေးတစ်နေရာတွင် ဆိုင်းဘုတ်တစ်ခုကို လှမ်းမြင်လိုက်ရသည်။ သူ့**ခေါင်းထဲအလင်းရောင်တစ်ခု** ဖျတ်ခနဲဝင်လာသည်။ သူက ဘရိတ်ကို **ရုတ်တရက် အောင့်နင်းပြီး** ကားကို လမ်းဘေးတွင် ထိုးရပ်လိုက်သည်။

သူ့ကိစ္စပြီးတော့ ကားကို ပြန်လည်မောင်းထွက်**လာခဲ့သည်။ အိမ်**ခြံဝရောက်သောအခါ လုံခြုံရေး ဒရဝမ်များက သူ့မျက်**နှာနှင့် သူ့**အကျီတို့ကို တအံ့တဩ ကြည့်ကြသည်။ သို့သော် သူက ဂရုမစိုက်သလိုဖြင့် မောင်း**ဝင်လာခဲ့သည်**။ အိမ်ရှေ့ဆင်ဝင်အောက်ရောက်တော့ ကားကို ရပ်**သည်။ အိမ်ရှေ့**တံခါးကို ဖွင့်ပြီး ဧည့်ခန်းထဲ လျှောက်ဝင်လာခဲ့သည်။

ဆီမိုနက်**တာက သူ့ယောက်ျား**ကိုမြင်တော့ လန့်သွားသည်။

"ဟင် ဘယ်**လိုဖြစ်လာတာလဲ အိုင်ဗို၊** ကြည့်စမ်း . . . မြင်မ[illegible]ောင်း ရှုမကောင်း၊ ပြော**စမ်းပါဦး . . ဘယ်လို** ဖြစ်လာရတာလဲဟင်"

အိုင်ဗိုက မချိသွားဖြဲ ပြုံးပြသည်။ **အပြုံးကြောင့်** မျက်နှာမှ နာကျင်မှုကို အောင့်ခံရင်း အရေးမကြီးသလို ပြန်ပြောလိုက်သည်။

"ဟာ မပြောပါနဲ့ကွာ၊ ငါက မဟုတ်တရုတ် သွားလုပ်မိလို့"

ဆီမိုနက်တာက သူ့အနားကပ်လာပြီး မျက်နှာမှ ဒဏ်ရာတွေကို သေသေချာချာ ကြည့်သည်။ သူမ မျက်နှာ ရှုံ့မဲ့သွားသည်။

"ရှင့်ကို ဘယ်သူ ကုတ်ခြစ်လိုက်တာလဲ ဟင်"

"ဘယ်သူရမှာလဲ ဒီကောင်ကြီးပေါ့ကွ၊ "ဟဲ . . . ဟဲ" သူက လက်ကို နောက်ပစ်၍ ဝှက်ထားသော ကြောင်ကြီးတစ်ကောင်ကို ရှေ့



သို့ ထုတ်ပြလိုက်သည်။ "ငါက အစ္စဘယ်လာအတွက် ဝယ်လာခဲ့တာ၊ သူ့ကို ခြင်းထဲထည့်တော့ ခွေမသားကောင်ကြီးက ငါ့ကို သောက်ရမ်းကုတ်ခြစ်တော့တာပဲ"

"အမလေးတော် . . . ကျွတ် . . . ကျွတ် . . ဖြစ်မှ ဖြစ်ရပလေ၊ သာ . . . လာ အပေါ်တက်၊ ခဏ လှဲနေလိုက်ဦး၊ ကျွန်မ ဆရာဝန်ခေါ်လိုက်မယ်၊ အိုင်အိုဒင်း လိမ်းပေးမယ်၊ ပြီးတော့ . . ."

"နေပါစေကွယ် . . . ရပါတယ်၊ ငါ ဘာမှ မဖြစ်ပါဘူး၊ ဒါနဲ့ ဒီကောင်ကြီးက ငါ့ကျောကုန်းတောင် ကုတ်သေးတာကွ"

"ဟုတ်ပါရဲ့တော် ဘယ်လောက် အခံရခက်လိမ့်မလဲနော်"

"အို . . . သိပ်မဟုတ်ပါဘူး၊ အပေါ်ယံကလေးပါ၊ တကယ်ပြောတာပါ"

အိမ်ရှေ့**တံခါးမှ ခေါင်းလောင်း**သံ ပေါ်ထွက်လာသည်။

"ကျွန်မ **သွားလိုက်မယ်**"

"နေပါစေ၊ ကိုယ် သွားလိုက်မယ်၊ အလုပ်က အရေးကြီးတဲ့စာတွေ လာပို့တာ ဖြစ်မယ်"

သူက တံခါးဝသို့ ရေးကြီးသုတ်ပျာ လာခဲ့သည်။ တံခါးကို ဖွင့်လိုက်သည်။

"မစ္စတာ အိုင်ဗိုပလာဇီပါလား ခင်ဗျား"

"ဟုတ်ပါတယ်"

အပြာရင့်ရောင် ယူနီဖောင်းဝတ်ထားသော စာပို့သမားက စာအိတ်တစ်အိတ် ကမ်းပေးသည်။ အထဲမှာ စာမှ ရီးစ်ဝီလျံထံမှ လာသော တယ်လီပရင်တာ သံကြိုးစာ ဖြစ်သည်။ အိုင်ဗိုက စာကို ကမန်းကတန်း **ဖတ်သည်**။ ပြီးတော့ တံခါးဝတွင် ရပ်နေမိသည်။ အကြာကြီး **ရပ်နေမိသည်။**

**သူက** သက်ပြင်းရှည်ကြီးကို ရှိုက်လိုက်သည်။ ထို့နောက် ဧည့်သည်များအတွက် ညစာကိစ္စစီစဉ်ရန် အပေါ်ထပ်သို့ တက်လာခဲ့သည်။

★ ↔ ★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၄ )

အာဂျင်တီးနားနိုင်ငံ
ဘွေနိုအေးရီးမြို့
တနင်္လာနေ့၊ စက်တင်ဘာလ ၇ ရက်
ညနေ ၃-နာရီ၊

ဘွေနိုအေးရီးမြို့ပြင်ရှိ ကားပြိုင်ကွင်းကြီးထဲတွင် လူထုပရိသတ် ၁၅၀၀၀ ကျော်တို့သည် ကြိတ်ကြိတ်တိုးလျက် ရှိကြသည်။ သူတို့သည် စံချိန်သစ်တင်သော ဗိုလ်လုပွဲကြီးကို လာရောက် အားပေးနေကြခြင်း ဖြစ်သည်။

ကားပြေးလမ်းမှာ စက်ဝိုင်းပုံဖြစ်ပြီး ပြိုင်ပွဲဝင် ကားများသည် ထိုစက်ဝိုင်းကို ၁၁၅ ပတ်တိတိ ပတ်ကြရမည်ဖြစ်သည်။ ယင်းခရီး၏ လမ်းဖြောင့် အရှည်အလျားမှာ လေးမိုင်နီးပါး ရှိသည်။ ထိုခရီးကို ငါးနာရီနီးပါး ပတ်ရသည်။ ခြစ်ခြစ်တောက် နေပူရှိန်အောက်တွင် ကားပေါင်း ၃၀ ကျော် ပြိုင်ပွဲဝင်ကြရာ နောက်ဆုံးတွင် သုံးလေးစီးမျှသာ ကျန်တတ်သည်။

ဤပြိုင်ပွဲမှာ သမိုင်းဝင်ပွဲကြီး ဖြစ်သည်။ ဤပွဲမျိုး ယခင်က လုံးဝ မရှိခဲ့ဖူး၊ နောင်တွင်လည်း ရှိနိုင်မည် မဟုတ်။

ပြိုင်ပွဲဝင်သူ အားလုံးပင် တစ်ပွဲမဟုတ် တစ်ပွဲတွင် ဗိုလ်စွဲထားသူများချည်း ဖြစ်ကြသည်။ အထူးသဖြင့် နယူးဇီလန်မှ ခရစ်အေမွန်၊ အင်္ဂလန်မှ ဘရိုင်ယန် ရက်ဒ်မင်း၊ အီတလီမှ အန်ဒရီယာ အဒါမိစီ၊ ဘရာဇီးမှ ကာလိုစ်မာကို၊ ဘယ်လဂျီယံမှ ဂျက်ကီအိုက်စ်နှင့် ဆွီဒင်မှ နီလာဆင်တို့မှာ ကမ္ဘာကျော် ကားမောင်းချန်ပီယံများ ဖြစ်ကြသည်။

ကားပြေးလမ်းပေါ်တွင် နီ၊ ပြာ၊ ဖြူ၊ ဝါ စသော ရောင်မျိုးစုံ ကားများကို ဂီယာကုန် ဖွင့်၍ မောင်းနှင်နေကြသောကြောင့် ရုတ်တရက် ကြည့်လိုက်လျှင် လှုပ်ရှားနေသော သက်တန့်ကြီးတစ်ခုပမာ ထင်မှတ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲဝင်ကားများသည် စက်ဝိုင်းပုံ ကားလမ်းများကို တစ်ရစ်ပြီး တစ်ရစ် အလုအယက် ကျော်တက်ပတ်မောင်းရင်း အများစုမှာ နောက် မြီးဆွဲကျန်ရစ်ခဲ့ကြသည်။ အချို့က အချင်းချင်း ဝင်တိုက်ကြသည်။ အချို့က မိုးမျှော်ပက်လက် ဖြစ်ကျန်ရစ်ကြသည်။ အချို့မှာ မီးလောင် ကျန်ရစ်ကြသည်။ အချို့မှာ စက်ပျက်ကျန်ရစ်ကြသည်။

ပွဲကြည့်ပရိသတ်များ ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။

အာဂျင်တီးနားမှ အာမန်ဒါရစ်၊ ဆွီဒင်မှ နီလဆင်နှင့် ပြင်သစ်မှ မာတယ်တို့၏ ကားများက အပြတ်အသတ် ရှေ့သို့ ပြေးနေသည်။ အာမန်ဒါရစ်၏ကားက 'ဆူရတီး' အမျိုးအစား၊ နီလဆင်၏ ကားက 'မာတရာ' အမျိုးအစား၊ မာတယ်၏ကားမှာ 'ဖာရာရီ ၃၁၂၊ ဘီ ၂' အမျိုးအစား။

သူတို့ နှစ်ယောက်သည် လမ်းဖြောင့်၊ လမ်းကွေ့များကို အလု အယက်ခုန်ကျော် ပြေးတက်ပြီး ထူးထူးချွန်ချွန် အစွမ်းပြနေကြသည်။

အာမန်ဒါရစ်၏ ကားက ရှေ့ဆုံးမှ ပြေးနေသောကြောင့် အာဂျင် တီးနားပရိသတ်က လက်ခုပ်သံမစဲအောင် ခုန်ပေါက်အားပေးကြ သည်။ နီလဆင်၏ဖြူနီရောင် 'မာတရာ' ကားကလေးက ရှေ့ဆုံးကား နောက်မှ ကပ်လိုက်နေသည်။ နောက်ဆုံးကားမှာ ပြင်သစ်မှ မာတယ် မောင်းလာသော ရွှေဝါရောင်နှင့် အနက်ရောင် 'ဖာရာရီ' ကားကလေး ဖြစ်သည်။

နောက်ဆုံး ငါးမိနစ်သာ ကျန်တော့သည့်အချိန်တွင်မှ ပရိသတ် က ပြင်သစ် ကားမောင်းသူကို အာရုံစိုက်လာသည်။ သူ့ကားကလေး သည် ၁၀၊ ၇၊ ၅၊ ၃ စသည်ဖြင့် တစ်ဆင့်ပြီး တစ်ဆင့် ကျော်တက်လာ နေသည်။

ကားသုံးစီးသည် တစ်နာရီလျှင် မိုင် ၁၈၀ နှုန်းဖြင့် စက်ကုန်ဖွင့် ၍ ပြေးလျက်ရှိသည်။ ပရိသတ်ကြီးက ရင်တဖိုဖို၊ အသည်းတထိတ် ထိတ်ဖြင့် မျက်တောင်မခတ် ကြည့်နေကြသည်။

အနီရောင် ကုတ်အင်္ကျီ ဝတ်ထားသော ဒိုင်လူကြီးက လမ်းဘေး တစ်နေရာတွင် ရပ်လျက် အချက်ပြ ဆိုင်းဘုတ်ကို ကိုင်ထားသည်။





ဆိုင်းဘုတ်တွင် လျှပ်တစ်ပြက် မီးရောင်ဖြင့် '၅-ရစ်' ဟူသော စာတန်း ပေါ်လာသည်။ ပန်းတိုင်ရောက်ရန် နောက်ထပ် '၅-ရစ်' သာ ကျန် တော့သည်ဟူ၍ ဆိုလိုခြင်း ဖြစ်သည်။

မကြာမီတွင် အာမန်ဒါရစ် (အာဂျင်တီးနား) က ပထမ၊ မာတယ် (ပြင်သစ်) က ဒုတိယ၊ နီလဆင် (ဆွီဒင်) က တတိယနေရာသို့ ရောက် လာသည်။ ဒိုင်လူကြီးက '၃-ရစ်' ဆိုင်းဘုတ် ပြသည်။

အာမန်ဒါရစ်က အခြေအနေကို အကဲခတ်လိုက်သည်။ ပြင်သစ် ကားမောင်းသူ၏ အစွမ်းကို သတိပြုမိသည်။ သို့သော် သူသာ အောင် ပွဲခံရမည်ဟု ဆုံးဖြတ်လိုက်သည်။

'၂-ရစ်' စာတန်း ပေါ်လာသည်။

ပြင်သစ်ကားက ကျော်တက်ရန် ကြိုးစားသည်။ အာမန်ဒါရစ်ရှေ့ မှ ဖြတ်ပိတ်သည်။ ပြင်သစ်ကားက ဝင်တိုက်ရန် တစ်ဟုန်ထိုး ပြေးလာ သည်။ အာမန်ဒါရစ်က အရှိန်ဖြင့် လှည့်၍ ရှောင်လိုက်ရာ လူရော ကားပါ ဒိုင်ခင်လိုးပြီး မိုးမျှော်ပက်လက် မှောက်သွားတော့သည်။ ကား ဘီးများက အပေါ်ဘက်တွင် တဝီဝီ လည်နေဆဲမှာပင် အနီရောင်နှင့် အနက်ရောင် မီးခိုးလုံးများ လျှံထွက်လာသည်။

သို့သော် ပရိသတ်က လူရော ကားပါ မီးလောင်နေသည်ကို လုံးဝ ဂရုမစိုက်။ ဗိုလ်စွဲသော ပြင်သစ်ကားမောင်းသူဆီသို့သာ ညာသံ ပေးရင်း ပြုပြေးသွားကြပြီး ကောင်းချီးသောမနာ ပြုနေကြသည်။

ပြင်သစ် ကားမောင်းသူက ကားပေါ်မှ ဖြည်းဖြည်းချင်း ထရပ် လိုက်သည်။ ပြီးတော့ လေကာမျက်မှန်ကြီးနှင့် ဦးထုပ်ကို ချွတ်လိုက် သည်။

သူကား အမျိုးသားမဟုတ်၊ အမျိုးသမီး ဖြစ်သည်။

သူမ၏ ကျန်းမာတောင့်တင်းသော ကိုယ်ကာယမှာ အားကစား မယ်၏ အလှမျိုးဖြင့် ထူးထူးခြားခြား လှနေသည်။

သူမ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသည်။ သို့သော် မောပန်း သောကြောင့် မဟုတ်။ စိတ်လှုပ်ရှားမှုကြောင့်သာ ဖြစ်သည်။ ကားနှင့် အတူ မီးထဲပါသွားသော အာမန်ဒါရစ်၏ မျက်လုံးများကို နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏတွင် သူမက အနီးကပ် ကြည့်လိုက်ရသည်။ ယင်းမြင်ကွင်းကို သူမ၏ မျက်စိတွင် ပူပူနွေးနွေး မြင်နေရဆဲ ဖြစ်သည်။

ပြိုင်ပွဲကြေညာသူ၏ တုန်တုန်ယင်ယင် အသံကျယ်ကြီးသည် အသံချဲ့စက်မှ ပေါ်ထွက်လာသည်။

"ဒီနေ့ ကားမောင်းပြိုင်ပွဲမှာ ဗိုလ်စွဲသွားသူကတော့ 'ဟာရာရီ' ပြိုင်ကားနဲ့ပြိုင်ပွဲဝင်တဲ့ ပြင်သစ်နိုင်ငံက မစ္စတာဟယ်လင်ရိုဖေးမာတယ် ဖြစ်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား"

နောက် ၂ နာရီခန့် အကြာတွင် ဟယ်လင်ရိုဖေးမာတယ်နှင့် သူ့ယောက်ျား ချားမာတယ်တို့သည် ဘွေနိုအေးရိမြို့လယ်ရှိ 'ရစ်ဇ်ဟိုတယ်' မှ သူတို့၏ အခန်းထဲတွင် ရောက်နေကြသည်။ သူတို့ လင်မယားသည် အိပ်ခန်းမီးဖိုရှေ့ရှိ ကြမ်းပြင်ပေါ်တွင် . . .။

★

ချားမာတယ်သည် ဟယ်လင်ရိုဖေးအား ငွေနှင့်ဂုဏ်ကိုမက်၍ လက်ထပ်ခဲ့သည်။ သို့သော် ဟယ်လင်က သူ့အား ဂုဏ်ကိုသာ ပေးခဲ့သည်။ ငွေကို မပေးခဲ့။ ထိုအခါမှ ချားမာတယ်က သူ့လုပ်ရပ် မှားကြောင်း သိခဲ့ရတော့သည်။

ဟယ်လင်နှင့် စတွေ့ရစဉ်က ချားမာတယ်သည် ပဲရစ်မြို့ရှိ ရှေ့နေလုပ်ငန်းကုမ္ပဏီတစ်ခုတွင် လက်ထောက် ရှေ့နေကလေးအဖြစ် လုပ်ကိုင်နေသည်။ တစ်နေ့တွင် သူက ဥပဒေစာရွက်စာတမ်းများ ပိုက်ပြီး စည်းဝေးခန်းသို့ ဝင်လာသည်။ အခန်းထဲတွင် သူ့ဆရာရှေ့နေကြီးလေးဦးနှင့်ဟယ်လင်တို့ကို တွေ့ရသည်။ သူက ဟယ်လင့်အကြောင်း ကြားဖူးသည်။ တကယ်တော့ ဥရောပတစ်တိုက်လုံးတွင် ဟယ်လင့်အကြောင်းကို မကြားဖူးသူဟူ၍ မရှိ။ သူမသည် ရိုဖေးနှင့်သားများကုမ္ပဏီ၏ အမွေစား အမွေခံ သန်းကြွယ်သူဌေးသမီးတစ်ဦး ဖြစ်သည်။ သူမသည် စမိုက်ကြမ်းသည်။ ရဲရင့်သည်။ ထင်ရာ စွတ်လုပ်တတ်သည်။ ထို့ကြောင့် သူမအကြောင်း စာနယ်ဇင်းများတွင် မကြာခဏ ဖတ်ကြ



ရသည်။

ဟယ်လင်က စကိတ်စီးချန်ပီယံလည်း ဖြစ်သည်။ လေယာဉ်မောင်းရာတွင်လည်း နာမည်ကျော်သည်။ နီပေါနိုင်ငံတွင် တောင်တက်ရာ၌လည်း အစွမ်းပြသည်။ မြင်းစီး၊ ကားမောင်းရာတွင်လည်း ဗိုလ်စွဲသည်။ ယောက်ျားတွေကိုလည်း ထည်လဲနှင့် တွဲသည်။ ထို့ကြောင့်ပင် သူမ၏ဓာတ်ပုံများကို "ပဲရစ်မက်ချ်" နှင့် "ပြင်သစ်ဂျာနယ်" များတွင် ခဏခဏ မြင်ကြရခြင်း ဖြစ်သည်။

ယခု သူမသည် လက်ရှိယောက်ျားနှင့် ကွာရှင်းလိုသောကြောင့် ရှေ့နေရုံးခန်းသို့ ရောက်ရှိလာခြင်း ဖြစ်သည်။ လေးယောက်မြောက်လား၊ ငါးယောက်မြောက်လား ဆိုသည်ကိုတော့ ရှေ့နေကလေး ချားမာတယ်က မသိ။ စိတ်လည်း မဝင်စားမိ။ တစ်ကြောင်းကလည်း ရိုဖေးမိသားစုမှာ သူ့အခြေအနေနှင့်ယှဉ်လျှင် "မမီတဲ့ ပန်း" ဖြစ်နေသောကြောင့် ဖြစ်သည်။

ချားမာတယ်က သူ့ဆရာရှေ့နေကြီးတစ်ဦးအား စာရွက်စာတန်းများကို လှမ်းပေးလိုက်သည်။ သူသည် အထူးပင် စိတ်လှုပ်ရှားနေသည်။ အခန်းထဲတွင် အလှဘုရင်မဟယ်လင်ရှိနေသောကြောင့်တော့ မဟုတ်၊ ပညာဂုဏ်အရ အလွန်လေးစားရသော သူ့ဆရာများ၏ ရှေ့မှောက် ရောက်နေသောကြောင့်သာ ဖြစ်သည်။ အလုပ်သဘောအရ ထိုပုဂ္ဂိုလ်ကြီးများမှာ အာဏာပိုင်များ ဖြစ်ကြသည်။ ချားမာတယ်က သူတို့နိုင်းတာကို ဆောင်ရွက်ရသူသာ ဖြစ်သည်။

သူသည် ဗီဇအားဖြင့် လူရိုးလူအေးဖြစ်သည်။ ရသမျှ ဝင်ငွေကလေးဖြင့် အေးအေးလူလူ နေသည်။ သူက တံဆိပ်ခေါင်းစုခြင်းကို ဝါသနာပါသည်။

တကယ်တော့ ချားမာတယ်မှာ ထူးချွန်သော ရှေ့နေတစ်ဦး မဟုတ်။ သို့သော် အရည်အချင်းတော့ မညံ့။ စေ့စပ်သည်။ စိတ်ချရသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သည်။ သူ့အသက်က ၄၀-ခန့်သာ ရှိသေးသည်။ လူချောလူလှတစ်ဦးဟု မဆိုနိုင်သော်လည်း အရုပ်ဆိုးသူတစ်ယောက်တော့ မဟုတ်။ ကြည့်ပျော်ရှုပျော်ရုပ်မျိုး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ဟယ်လင့်ကို မြင်ခဲ့ရသော်လည်း ချားမာတယ်အနေဖြင့် ဘာမျှ ထူးထူးခြားခြား ခံစားချက် မဖြစ်မိခဲ့။ ဟယ်လင့်ကို စိတ်ဝင်စားရလောက်အောင် သူ့မှာ တန်းတူရည်တူ အဆင့်အတန်းရှိသည်ဟုလည်း မထင်မိခဲ့။

ထို့ကြောင့်လည်း နောက်တစ်နေ့ သူ့ဆရာရှေ့နေကြီးက သူ့အား ရုံးခန်းထဲ ခေါ်ပြီး အလုပ်တာဝန် ပေးအပ်သောအခါတွင် သူက အကြီးအကျယ် အံ့အားသင့်သွားမိခြင်း ဖြစ်သည်။

"ဟယ်လင်က သူ့အမှုကို မောင်ရင်ပဲ ကိုင်စေချင်တယ်၊ လက်ခံလိုက်ပါ"

"ဟာ . . . ဘယ်နှယ့် ကျွန်တော့်ကိုပဲ ရွေးပြီး . . ."

"ဒါကတော့ ငါလည်း မစဉ်းစားတတ်ဘူး၊ ငါ့အနေနဲ့တော့ သူ့ကို အစွမ်းကုန် ကူညီလိုက်ပါလို့ပဲ ပြောချင်တယ်"

ဒီလိုဖြင့် ထိုနေ့မှစပြီး ချားမာတယ်မှာ ဟယ်လင်နှင့် မကြာခဏ တွေ့ဆုံရသည်။ သူမက သူ့အား ဖုန်းဆက်ပြီး အိမ်သို့ ခေါ်သည်။ အမှုကိစ္စ တိုင်ပင်သည်။ ပြီးတော့ ညစာသွားစားကြသည်။ ပြဇာတ်သွားကြည့်ကြသည်။

သူတို့နှစ်ယောက် တွေ့ကြပြီး ရက်ပိုင်းအတွင်းမှာပင် ဟယ်လင်က သူ့ကို ကြိုက်နေကြောင်း ချားမာတယ် သိလာရတော့သည်။ သူ့ကိုယ်သူ မယုံနိုင်အောင် ဖြစ်မိသည်။ သူက အညတရ ရှေ့နေကလေးတစ်ယောက်၊ သူမက ကမ္ဘာသိ သန်းကြွယ် မိသားစုဝင် အမျိုးသမီး။

သို့သော် မကြာမီတွင် ဟယ်လင်က ပြောလာသည်။

"ချား . . . ရှင်နဲ့ ကျွန်မတို့ လက်ထပ်ကြစို့"

ဒီတော့မှ ချားမာတယ်က သူ့ကိုယ်သူ ယုံကြည်သွားတော့သည်၊ ဒါပေမဲ့ သူက အိမ်ထောင်ရေးကို လုံးဝ တွေးသူ မဟုတ်။ သူက မိန်းမတွေကို သဘောမကျ။ မိန်းမတွေနှင့် အဆင်ပြေအောင် မပေါင်းတတ်။ အထူးသဖြင့် ဟယ်လင့်ကို မချစ်နိုင်။ မချစ်တာ ထားဦး။ ကြိုက်ကော ကြိုက်ရဲ့လား။ ဒါကိုလည်း သူက အပြတ်မပြောနိုင်သေး။ ပြီးတော့ ဟယ်လင့်ကိုယူလျှင် သူ့အနေဖြင့် လောင်းရိပ်မိသွားမည်။



သူမက မနေရှင်၊ ဂုဏ်ကြီးရှင် သူဌေးသမီး မဟုတ်လား၊ စရိုက်သဘာဝချင်းလည်း တစ်ယောက်နှင့်တစ်ယောက် ပြဒါးတစ်လမ်း သံတစ်လမ်း။ ဟယ်လင်က ခေတ်ဆန်သည်။ ပွေရှုပ်သည်။ သူက လျှော့ကြီးထိုး ရိုးရိုးသမား။

ဟယ်လင်က အသစ်အဆန်းကြိုက်သော ဖက်ရှင်လောက၊ ဆိုရှယ်လောက၏ နှင်းဆီခိုင်။ ချားမာတယ်က လူရိုးလူအေး၊ လူလတ်ပိုင်းအရွယ် သာမန်ရှေ့နေကလေးတစ်ဦး။ ဒါနဲ့များ ဟယ်လင်က သူ့ကို ဘာကြောင့် ကြိုက်ရသလဲ။ အဖြေကို သူက လုံးဝ တွေးမရ။

ပြီးတော့ ဟယ်လင်က အန္တရာယ်များပြီး ယောက်ျားတွေနှင့်သာ သင့်တော်သော မြင်းစီး၊ ကားမောင်း အလုပ်များတွင်လည်း ယောက်ျားတွေထက် ထူးချွန်သည်။ ဒါကြောင့်များလား မသိ။ သူမက ယောက်ျားတွေကို လုံးဝ အထင်မကြီး၊ ယောက်ျားတွေကို ကစားစရာ အရုပ်လိုသာ သဘောထားသည်။ စီးကရက် မီးညှိပေးဖို့၊ တံခါး ဖွင့်ပေးဖို့၊ ခိုင်းချင်ရာ ခိုင်းဖို့၊ ရမ္မက်စိတ်ကို ပြေပျောက်စေဖို့လောက်သာ တန်ဖိုးထားသည်။

ဟယ်လင် တွဲလာခဲ့သမျှ လူတွေထဲတွင် အပျော်ကြူး မိန်းမပွေသူများ၊ 'တစ်ညအိပ် မယား' ရှာနေကြသော သူဌေးကြီးများနှင့် လူလည် လူပေါ် လူကြော့များသာ ပါဝင်သည်။ ချားမာတယ်လို လူရိုးလူအေး တစ်ယောက်မျှ မရှိခဲ့စဖူး။

တကယ်တော့ ဟယ်လင်က ချားမာတယ်ကို ရွှံ့တုံးကလေးလို သဘောထားခြင်း ဖြစ်သည်။ လူရိုးလူအေးမို့ သူမ ကြိုက်သလို ပုံသွင်းယူနိုင်မည်။ ကျွေးရာစား၊ ထားရာနေ၊ စေရာလုပ်မည့် လူစားမျိုး ဖြစ်၍ သူမအတွက် အခြားယောက်ျားတွေထက် ပို၍ အသုံးဝင်နိုင်မည်။

ထို့ကြောင့်လည်း သူတို့သည် မကြာမီတွင် လက်ထပ်လိုက်ကြသည်။ ပြီးတော့ မွန်တီကာလိုမြို့သို့ ပျားရည်ဆမ်းခရီး ထွက်ကြသည်။

ချားမာတယ်က ရှေ့နေလုပ်ငန်း ပြန်ဝင်မည် ပြောသောအခါ ဟယ်လင်က တားသည်။

"မရှုစမ်းပါနဲ့၊ ကျွန်မက ရှေ့ဖတ်စာရေးကလေးတစ်ဦးနဲ့ လက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်မယ်လို့ ရှင် ထင်သလား၊ ဘယ်ရမလဲ . . . ရှင် ကျွန်မတို့ မိသားစု လုပ်ငန်း ဝင်လုပ်ရမယ်၊ တစ်နေ့ ရှင် ဒီလုပ်ငန်းတစ်ခုလုံး အုပ်ချုပ်ရမယ်၊ ဒီလုပ်ငန်းကြီးကို ကျွန်မတို့ပဲ အုပ်ချုပ်ရမယ် . . .”

★

ဟယ်လင်၏ ထောက်ခံချက်ဖြင့် ပဲရစ်မြို့ရှိ ရိုဖေးနှင့် သားများကုမ္ပဏီခွဲ **ဗွင်** ချားမာတယ် အလုပ်ရသည်။ ကုမ္ပဏီတွင် တွေ့ကြုံရသမျှကို **မာတယ်က** ဟယ်လင့်ကို **အစီရင်ခံရသည်။** ဟယ်လင်က သူ့ကို ညွှန်ကြားသည်။ ကူညီသည်။ **အကြံပေးသည်။ မာတယ်၏ တိုးတက်မှုမှာ** အလွန်မြန်သည်။ မကြာမီတွင် သူသည် ပြင်သစ်ကုမ္ပဏီခွဲ၌ အုပ်ချုပ်ရေးမှူး ဖြစ်လာသည်။ အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးလည်း ဖြစ်လာသည်။ ဟယ်လင်က သူ့အား သာမန်ရှေ့နေတစ်ဦးဘဝမှ ကမ္ဘာကျော် ကုမ္ပဏီကြီးတစ်ခု၏ အမှုဆောင်လူကြီးဘဝသို့ ပြောင်းလဲပစ်လိုက်သည်။

စင်စစ် သူ့ဘဝသည် အပျော်လုံး ဆိုရဖို့ ဘဝဖြစ်သည်။ သို့သော် သူ့မှာ သူ့ဘဝအတွက် ဝမ်းနည်းပက်လက် ဖြစ်နေရသည်။ သူတို့ လက်ထပ်သည့်နေ့မှစ၍ ဟယ်လင်က သူ့ကို အနိုင်ယူစီးပိုးနေကြောင်း **မာ**တယ်က သဘောပေါက်ခဲ့ရသည်။ သူ့စိတ်နှင့်သူ့ကိုယ် ဘာမျှလုပ်ပိုင်ခွင့် မရှိ။ အဝတ်အစားဆိုလည်း ဟယ်လင် ဝယ်ပေးမှ ဝတ်ရသည်။ ဖိနပ်ဆိုလည်း ဟယ်လင်ဝယ်ပေးမှ စီးရသည်။ လခကိုလည်း တစ်ပြားမကျန် ပြန်အပ်ရသည်။ ဟယ်လင်က သူ့အား ကလေးမုန့်ဖိုးပေးသလို ပေးသည်။ သူ့လက်ထဲ ပိုက်ဆံတစ်ပြားမှ မကျန်သောအခါ ဟယ်လင့်ထံ မျက်နှာပြာပြာဖြင့် လက်ဖြန့် တောင်းရသည်။

ပြီးတော့ ဘာလုပ်လုပ်၊ ဘယ်သွားသွား ဟယ်လင့်ထံ အသေးစိတ် အစီရင်ခံ တင်ပြရသည်။ ဘာပဲ လုပ်နေလုပ်နေ၊ ဘယ်ပဲ သွားနေသွားနေ ဟယ်လင်ခေါ်လျှင် ချက်ချင်း ရှေ့တော်မှောက် အရောက်လာရသည်။





ချားမာတယ်သည် အသက် ၃၂ နှစ်အထိ မိခင်အိုကြီးနှင့် နေလာခဲ့ရသူဖြစ်သည်။ သူ့မိခင်ကြီးမှာ ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ နာတာရှည်ဝေဒနာသည်ဘဝတွင် သူက မိခင်ကြီးကို မညည်းမညူ ပြုစုစောင့်ရှောက်ခဲ့သည်။ အမေတစ်ခု သားတစ်ခုမို့ သူက မိခင်ကြီးကို အလွန်ချစ်သည်။ ကြင်နာမြတ်နိုးသည်။ ထို့ကြောင့် သူ့တွင် မိန်းကလေးတွေနှင့် တွဲနေဖို့ အချိန်မရခဲ့။ မိန်းမယူဖို့ကိစ္စကိုလည်း လုံးဝ မစဉ်းစားခဲ့။ သူ့မိခင်ကြီးသည် သူ့အတွက် ကြီးလေးသော ဝန်ထုပ်ဝန်ပိုးကြီးသဖွယ် ဖြစ်နေခဲ့သည်။ မိခင်ကြီး ကွယ်လွန်လျှင် သူ့အဖို့ ယင်းတာဝန်က ကင်းရှင်းပြီး လွတ်လပ်မှု ရရှိနိုင်လိမ့်မည်ဟု သူက မျှော်လင့်ခဲ့သည်။ သို့သော် မိခင်ကြီး တကယ်ကွယ်လွန်သွားသောအခါ သူ့မှာ လွတ်လပ်မှုကို မရသည့်အပြင် ဆုံးရှုံးမှုကိုသာ ရင်နှင့်အောင် ခံစားခဲ့ရသည်။ ထိုအချိန်မှစပြီး သူသည် လိင်ကိစ္စကိုလည်း လုံးဝ စိတ်မဝင်စားတော့။ မိန်းမအကြောင်းကိုလည်း လုံးဝ မတွေးတော့။

ဟယ်လင်က လက်ထပ်ဖို့ကိစ္စ ပထမဆုံးပြောတော့ သူက လူရိုးသူအ, ဖြစ်၍ သူ့ဘဝကို အမှန်အတိုင်းပင် ဖွင့်ပြောခဲ့သည်။

“ကျွန်တော့်မှာ မိန်းမစိတ် ကုန်နေပြီ၊ အားမရှိတော့ဘူး”

ဟယ်လင်က ပြုံးလိုက်သည်။

“အမလေး . . . ချားရယ်၊ သနားစရာပါကလား၊ ဒီကိစ္စအတွက် မပူပါနဲ့၊ ရှင့်ကို **ကျွန်မ အာမခံ**ပါတယ်၊ ကျွန်မနဲ့ညားရင် ရှင် ကြိုက်လာမှာပါ”

သို့သော် မာတယ်က ကြိုက်မလာ၊ အမုန်းသာ ပွားလာခဲ့သည်။ ဟယ်လင်က သူမျှော်လင့်သည်ထက် စရိုက်ကြမ်းသည်။ သူက မိန်းမ၊ ဟယ်လင်က ယောကျ်ားဘဝမျိုးရောက်နေရသည်။ သူ့မှာ ယောကျ်ား သိက္ခာကျရသည်။ တစ်ဘက်ဘက်မှ သိက္ခာတက်လိုတက်ငြား ကြိုးစားရအောင်ကလည်း ဟယ်လင်က အဘက်ဘက်မှ သူ့ထက်သာနေသည်။ သူမသည် အလွန်ဉာဏ်ထက်သည်။ ဥပဒေကိုလည်း ကျွမ်းကျင်သည်။ စီးပွားရေးကိုလည်း နားလည်သည်။ သူမသည် ကုမ္ပဏီ

www.burmeseclassic.com



ကိစ္စနှင့် ပတ်သက်ပြီး သူနှင့်အကြာကြီး ဆွေးနွေးနိုင်သည်။ ဘယ်တော့မှ ငြီးငွေ့သည်ဟူ၍ မရှိ။

"ဒီမှာ ကျွန်မပြောမယ် ချား၊ အာကာဆိုတာ ရှင်သိတယ် မဟုတ်လား၊ ရှိဖေးနှင့်သားများကုမ္ပဏီမှာ အာကာရှိတယ်၊ ကမ္ဘာပေါ်က နိုင်ငံတွေအနက် တစ်ဝက်ကျော်ကျော်ကို မှောက်နိုင်လှန်နိုင်တဲ့ အာကာရှိတယ်၊ တစ်နေ့ ဒီလုပ်ငန်းကြီးကို ကျွန်မ အုပ်ချုပ်ရမယ်၊ ဒီကုမ္ပဏီကြီးကို ကျွန်မရဲ့ အဘေးက တည်ထောင်ခဲ့တာ၊ ဒါကြောင့် ကျွန်မလည်း ပိုင်တယ် . . ."

ဟယ်လင်က အာကာတွေ ငွေတွေအကြောင်း ဘယ်လောက်ပဲ ပြောပြော မာတယ်တတော့ လုံးဝ စိတ်မဝင်စားတော့၊ ဒဏ်မခံနိုင်တော့။ ထို့ကြောင့်လည်း သူက ဟယ်လင့်ကို တစ်နေ့ထက်တစ်နေ့ စိတ်ကုန်လာသည်။ ရွံမုန်းလာသည်။ ဖြစ်နိုင်လျှင် ထွက်ပြေးချင်လာသည်။ သို့သော် သူ့မှာ ငွေမရှိ။

တစ်နေ့တော့ ရီနီဒူးချန့်ဆိုသူ မိတ်ဆွေတစ်ဦးနှင့် နေ့လယ်စာ စားရင်း သူဌေးဖြစ်နည်းအကြောင်း အလေးအနက် ဆွေးနွေးမိကြသည်။ ဒူးချန့်က သူ့အကြံကို တင်ပြသည်။

"ကျွန်တော့် ဦးလေးတစ်ယောက်က ဘာဂန်ဒီနယ်မှာ စပျစ်ခြံကြီး ပိုင်တယ်ဗျ၊ သူသေသွားတာ မကြာသေးဘူး၊ မျိုးကောင်းမျိုးသန့် ပထမတန်းစား စပျစ်ခင်းကြီးပဲ၊ စုစုပေါင်း ဧကတစ်သောင်းရှိတယ်၊ အဲဒါ အခုရောင်းမလို့ လုပ်နေကြတယ်၊ ကျွန်တော် ဝယ်ရင် ဈေးချိုချိုနဲ့ရမှာ သေချာတယ်၊ ဒါပေမဲ့ ကျွန်တော် တစ်ယောက်တည်းတော့ မတတ်နိုင်ဘူး၊ ကျွန်တော်တို့နှစ်ယောက်သာ စပ်တူလုပ်ရင်တော့ တစ်နှစ်ထဲ ဝင်ငွေနှစ်ဆတိုးလာမှာပဲဗျ၊ ခင်ဗျား မယုံရင် လာကြည့်စမ်းပါဗျာ . ."

တကယ်တော့ မာတယ်မှာ ကိုယ်ပိုင်ငွေဆို၍ ခြူးတစ်ပြားမှ ရှိသူ မဟုတ်။ သို့သော် မိမိ၏အရှိန်အဝါကို အထင်သေး မခံလို။ ထို့ကြောင့် ဟန်တစ်လုံးဖြင့် ဘာဂန်ဒီစပျစ်ခြံကြီးကို သွားကြည့်သည်။ သူက အကြီးအကျယ် သဘောကျသွားသည်။ ဒါကို ဒူးချန့်က သတိပြုမိတော့ မာတယ်ကို မီးထိုးပေးလိုက်သည်။



"ခင်ဗျား ကိုယ်တွေ့ပဲ မဟုတ်လား၊ ကျွန်တော်တို့နှစ်ယောက် ပေါ်ပြီး ဖရန့်နှစ်သန်း အရင်းမြှုပ်လိုက်ရင် တစ်နှစ်အတွင်း တစ်ယောက် လေးသန်းကတော့ ခါးပိုက်ဝင်အိတ်ဝင်ပဲဗျ"

အင်း . . . ဖရန့်လေးသန်းတဲ့။ ဒီငွေရရင် ငါ ဒီဘဝက လွတ်ကျွတ်မယ်၊ ဟယ်လင်ရှာမတွေ့နိုင်တဲ့ တစ်နေရာသွားပြီး ကိုယ်ရောင်ဖျောက်နေမယ်။

သူက စိတ်ကူးဖြင့် တိုက်ဆောက်နေမိသည်။

"ကောင်းပြီ သူငယ်ချင်း၊ ကျွန်တော် အစွမ်းကုန် ကြိုးစားကြည့်မယ်"

ကတိအတိုင်း သူက အစွမ်းကုန်ကြိုးစားသည်။ နေ့ရောညပါ မအိပ်မနေ ကြိုးစားသည်။ ဒီလို အခွင့်ကောင်းဆိုတာ တစ်သက်မှာ တစ်ခါသာ ပေါ်လာတတ်သည် မဟုတ်လား။ သို့သော် ငွေလေးသန်း ဘယ်လို ရှာမလဲ။ ထိုမျှများပြားသော ငွေကို သူ့အနေဖြင့် ဘယ်မှာမှ ချေးငှား၍ ရနိုင်မည် မဟုတ်။ ရနိုင်သည့်တိုင်အောင် ဟယ်လင်မသိဘဲ မနေ။ ရှိသမျှ ပစ္စည်းများအားလုံး ဟယ်လင့်နာမည်နှင့်ချည်း ဖြစ်နေသည်။ အိမ်တွေ၊ အဖိုးတန် ရှေးဟောင်းပန်းချီကားတွေ၊ မော်တော်ကားတွေ။

စိန်ရွှေရတနာ လက်ဝတ်လက်စားတွေ။

ဟုတ်တယ် . . . သိပ်လှတဲ့ စိန်ရွှေရတနာတွေ . . .။ ဒါတွေကို ဟယ်လင် တစ်ခါမှ မဝတ်။ မီးခံသေတ္တာထဲမှာသာ အမြဲတမ်း သိမ်းဆည်းထားသည်။ အင်း . . . ဟန်ကျပြီ။ အကြံရပြီ။ အဲဒါတွေ ဟယ်လင် မသိအောင် တတိတိနဲ့ နည်းနည်း၊ နည်းနည်းစီ ခိုးယူပြီးတော့ သူ့နေရာ မှ အတုတွေ လုပ်ထည့်ထား။ အစစ်တွေကို အပေါင်ခံ။ လိုတဲ့ငွေ ရရော . . .။ အဲဒီငွေကို စပျစ်ခြံမှာ မြှုပ်နှံပြီး ငွေပြန်ပေါ်လာတဲ့အခါ လက်ဝတ်လက်စား အစစ်တွေ ပြန်ရွေး၊ သူ့နေရာ ပြန်ထား။ ဟယ်လင်လည်း လုံးဝ မသိ။ ငါလည်း တစ်သက်တာ လွတ်မြောက်ရေး အတွက် ငွေ အလုံအလောက် ရရော . . .။

ထိုနေ့မှစ၍ မာတယ်မှာ လိပ်ပြာမသန့် ဖြစ်လာသည်။ မလုံမလဲ

www.burmeseclassic.com

ဖြစ်လာသည်။ လူလည်း မငြိမ်၊ စိတ်လည်း မငြိမ် ဖြစ်လာသည်။ အလိုလို လိပ်ပြာ လန့်နေသည်။ တွေးကြောက်နေသည်။ ဟယ်လင့်မျက်နှာမြင်တိုင်း သူ့မှာ ချွေးပြန်နေမိသည်။ ဟယ်လင်က မူမမှန်သော သူ့ယောက်ျားအခြေအနေကို သတိပြုမိသည်။ သူမက ဆရာဝန်ခေါ်ပြီး စမ်းသပ်စေသည်။ ဒီတော့မှ မာတယ်မှာ ပို၍ရင်ခုန်ရသည်။

"ဘာရောဂါမှ မရှိပါဘူး၊ အလုပ်များလို့ စိတ်ရောကိုယ်ရော နည်းနည်းနွမ်းနယ်နေတာပါ၊ တစ်ရက်နှစ်ရက် အနားယူလိုက်ရင် ကောင်းသွားပါလိမ့်မယ်"

ဟယ်လင်က သူ့ယောက်ျားကို အကြာကြီး စိုက်ကြည့်နေသည်။ သူ့ယောက်ျားက ခုတင်ပေါ်တွင် စန့်စန့်ကြီး လှဲနေသည်။ ဟယ်လင်က ပြုံး၍ပြောသည်။

"ကျေးဇူးတင်ပါတယ်၊ ဒေါက်တာ"

ဆရာဝန် ပြန်သွားပြီးလျှင် ပြီးချင်း ဟယ်လင်က ခုတင်ပေါ် လှဲချလိုက်သည်။

"ကိုယ် သိပ်နေမကောင်းဘူးကွယ်"

"ကိစ္စမရှိဘူး ကျွန်မ နေကောင်းတယ်"

မာတယ်အဖို့ ဒီအကြိမ်လောက် ဟယ်လင့်ကို စိတ်ကုန် ရွံမုန်းမိသော အကြိမ်ဟူ၍ ရှိနိုင်တော့မည် မဟုတ်။

★

နောက်တစ်ပတ်ကြာသောအခါ မာတယ်အတွက် အခွင့်အရေးပေါ်လာသည်။ ဟယ်လင်က မိတ်ဆွေတွေနှင့် စကိတ်စီးထွက်ရန် ပြင်ဆင်သည်။

"ကျွန်မ မရှိတုန်း ရှင် ညတိုင်း အိမ်ကို စောစောပြန်နော်၊ ဘယ်လိုဖုန်းဆက်ကြည့်လို့ မရှိရင်တော့ ဒါပဲ . . ."

မာတယ်က သူ့မိန်းမ ကားမောင်းထွက်သွားသည်ကို တံခါးဝမှ ရပ်ကြည့်ကျန်ရစ်သည်။ မြင်ကွင်းမှ ပျောက်သွားလျှင် ပျောက်သွားချင်း



အိမ်ပေါ်ရှိ မီးခံသေတ္တာဆီသို့ တန်းပြေးလာခဲ့သည်။ ဟယ်လင် ဖွင့်သည်ကို သူ မကြာခဏ ရပ်ကြည့်နေခဲ့ဖူးသည်။ ထို့ကြောင့် သော့အထပ်ထပ်ကို သူက အခက်အခဲမရှိ ဖွင့်နိုင်သည်။ သူသည် တုန်ယင်နေသာလက်များဖြင့် ရတနာကြုတ်များကို ထုတ်ယူသည်။ အဖိုးတန်ရွှေထည်ပစ္စည်းများနှင့် ကျောက်မျက်ရတနာများမှာ ကြယ်ပွင့်ကလေးများပမာ တဖျတ်ဖျတ်လက်လင်းနေကြသည်။

ဤသို့ဖြင့် သူသည် တစ်ကြိမ်လျှင် ရွှေထည်ပစ္စည်း တစ်မျိုးကျစီနှုံးယူပြီး လက်ဝတ်လက်စားအတုဝိဇ္ဇာ ပန်းထိမ်ဆရာကြီး ပီယာချောက်ထံ အပ်နှံသည်။ သူက အတုလုပ်ရခြင်းအကြောင်းကို ပန်းထိမ်ဆရာကြီးအား တုန်တုန်ယင်ယင် မရှင်းမလင်းနှင့် အကြာကြီး ရှင်းပြသည်။

"မွန်ဆီယာ ကျွန်တော်က လူတိုင်းအတွက် အတုလုပ်ပေးနေရတဲ့ လူပါ၊ ဒီခေတ်မှာ ဘယ်သူမှ လမ်းပေါ်လျှောက်ပြီး အစစ်ကို မဝတ်ကြပါဘူး"

ပန်းထိမ်ဆရာကြီး၏ စကားကြောင့် သူ့ရင်ထဲ အတော်ကလေးအေးသွားသည်။

သူသည် အတုတစ်ခုပြီးတိုင်း အသစ်နှင့် အစားထိုးယူသည်။ အချိန်မှာ သူမျှော်မှန်းသည်ထက် ပို၍ ကြာသွားသည်။ ဟယ်လင်အပြင်ထွက်တော့မှ ထိုးတိုက်လုပ်ရသောကြောင့် ဖြစ်သည်။

နောက်ဆုံး လိုအပ်သော အရေအတွက်ရတော့ အစိုးရ မြူနီစပယ် ငွေချေးဘဏ်တွင် လက်ဝတ်လက်စားအစစ်များကို အပေါင်ခံ၍ ငွေချေးသည်၊ ထိုငွေကို သူ့မိတ်ဆွေ ဒူချန့်အား ပေးလိုက်သည်။ သူကား စပျစ်ခြံကြီးတစ်ခုကို တစ်ဝက်ပိုင်ခဲ့ပြီ။ သူ့လုပ်ရပ်ကို ဟယ်လင်က သိုးသိုးသန့်သန့်ပင် မရိပ်စားမိ။ သူ အလွန်ပျော်နေသည်။ သူ့ဘဝလွတ်လပ်ရေးရတော့မည်။

သူသည် စပျစ်စိုက်နည်း၊ မြေဩဇာကျွေးနည်းနှင့် ဝိုင်အရက်ချက်နည်း စာအုပ်များကို သဲသဲမဲမဲ လေ့လာဖတ်ရှုသည်။ အလုပ်စွဲခန်းစားပွဲထဲတွင် စပျစ်လုပ်ငန်းစာအုပ်တွေနှင့် ပြည့်နေသည်။

စီးပွားဖက်ဖြစ်သူ ဒူးချန့်နှင့်လည်း မှန်မှန်တွေ့သည်။ ဒူးချန့်၏

www.burmeseclassic.com



စကားကို ကြားရသည်မှာ မစားရ ဝခမန်း ဖြစ်သည်။

“စပျစ်ခင်းအခြေအနေကတော့ မှန်းထားတာထက် ပိုကောင်းနေတယ်ဗျ၊ ဝိုင်အရက်ဈေးကလည်း တစ်နေ့ထက်တစ်နေ့ မိုးထိ ထိုးတက်တယ်၊ ဒီဈေးအတိုင်းသာဆိုရင် ကျုပ်တို့နှစ်ယောက်တော့ ပထမမှာ လှောင်ကန်တစ်ကန်ကို ဖရန့်သုံးသိန်းရမှာ သေချာနေပြီ”

မာတယ်၏ စိတ်ကူးက ယင်းထက်ပင် ပိုသေးသည်။ သူ့မျက်စိထဲတွင် ရွှေရောင်စပျစ်သီးများကို အပြွတ်လိုက် အပြွတ်လိုက် မြင်ယောင်နေသည်။ သူသည် တောင်ပင်လယ်ကျွန်းများ။ ဗင်နီဇွဲလားနိုင်ငံနှင့် ဘရာဇီးနိုင်ငံများသို့ ခရီးသွားလာရေး လမ်းညွှန်စာစောင်များကို မပြတ်ဝယ်ဖတ်နေသည်။ ထိုနာမည်များကို ကြားရ မြင်ရသည်မှာ သူ့အတွက် ရင်တလှပ်လှပ် ခံစားနေရသည်။ အလွန် ပျော်နေမိသည်။

သို့သော် ပြဿနာတစ်ခု ရှိနေပြန်သည်။ ကမ္ဘာပေါ်တွင် ရှိဖေးနှင့်သားများကုမ္ပဏီခွဲ မရှိသောနိုင်ငံဟူ၍ ခပ်ရှားရှား ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရပ်ခြားသို့ သူ ရှောင်ထွက်သွားလျှင် ဟယ်လင် မသိနိုင်သော နေရာမှာလည်း ခပ်ရှားရှားပင် ဖြစ်မည်။ ဟယ်လင်က သူ့နေရာကို တွေ့သွားလျှင် သူ့ကို သတ်မည်မှာ သံသယဝင်စရာ မလို။ ဟယ်လင်က သူ့ကို မသတ်ခင် သူက ဟယ်လင်ကို ပထမဆုံး သတ်မှ ဖြစ်မည်။ ထို့ကြောင့် သူက လူမသိနိုင်သော သတ်နည်းအမျိုးမျိုးကို နေ့တိုင်း တွေးကြံနေသည်။

ဒီအတောအတွင်း သူ့အမူအရာတွေလည်း ပြောင်းလာသည်။ ဟိုတုန်းက ဟယ်လင့်အပေါ်တွင် စိတ်မရှည်ခဲ့သမျှ အခုတော့ အတိုးချ၍ သည်းခံလာသည်။ ဘယ်အရာမဆို သူက ဟယ်လင့်စိတ်ကြိုက် လုပ်ပေးလာသည်။

စပျစ်လုပ်ငန်းတွင် နွေရာသီနှင့် မိုးဦးကာလသည် အရေးအကြီးဆုံး ဖြစ်ကြောင်း ချားမာတယ်က သိထားပြီး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စပျစ်သီးများကို စက်တင်ဘာလတွင် ခူးရမည်ဖြစ်၍ နွေရာသီနှင့် မိုးဦးကာလတွင် နေရောင်နှင့်မိုးရေကို မျှမျှတတ ရဖို့လိုအပ်သည်။ နေရောင်များလျှင် အသီးအရသာ ပျက်တတ်သလို မိုးများ



ပြန်တော့လည်း အပင်တွေ ရေမြုပ်ကုန်သည်။

ဇွန်လတွင် ရာသီဥတု အလွန်ကောင်းသည်။ ချားမာတယ်က ဘာဂန်ဒီရာသီဥတုအခြေအနေကို ပထမတွင် တစ်နေ့တစ်ကြိမ်ကျလေ့လာသည်။ နောက်တော့ တစ်နေ့နှစ်ကြိမ်ကျ လေ့လာသည်။ သူသည် အလွန်စိတ်လှုပ်ရှားနေသည်။ သူ၏ စိတ်ကူးယဉ်အိပ်မက်အကောင်အထည်ပေါ်ရန် ရက်ပိုင်းမျှသာ လိုတော့သည် မဟုတ်လား။ သူက သူ့ရည်မှန်းချက် အောင်မြင်လျှင် ဂျမေကာကျွန်းမှ မွန်တီဂိုခင်လယ်အော်ဒေသသို့ ရှောင်သွားရန် ဆုံးဖြတ်ပြီးသား ဖြစ်သည်။

ထိုကျွန်းတွင် ရှိဖေးနှင့်သားများကုမ္ပဏီဌာနခွဲများ လုံးဝ မရှိ။ ထိုအရပ်တွင် သူ့ကိုယ်သူ ဇာတ်မြှုပ်နေမည်။ ဟယ်လင်အနေဖြင့် လုံးဝခြေရာခံ၍ ရမည်မဟုတ်။ တောင်ပေါ်ဒေသတွင် အိမ်ကောင်းကောင်းတစ်ဆောင် ဝယ်မည်။ ဒီကျွန်းတွင် အစေအရာရာ ဈေးသက်သာသည်။ ထို့ကြောင့် အစားအသောက် ကောင်းကောင်းလည်း စားရမည်၊ အစေခံလည်း ထားရမည်။ ဒီအတိုင်းသာဆိုလျှင် သူ့ဘဝသည် ဘယ်လောက် ဇိမ်ရှိလိမ့်မလဲ။

ဇွန်လ ပထမရက်များအတွင်း ချားမာတယ်၏ဘဝမှာ ပျော်စရာအတိ ဖြစ်နေသည်။ တကယ်တော့ သူ၏မျက်မှောက်ဘဝသည် ပျော်စရာဘဝမျိုး မဟုတ်၊ သို့သော် သူက မျက်မှောက်ဘဝတွင် နေနေခြင်းမဟုတ်၊ အနာဂတ်ကာလတွင် နေနေခြင်း ဖြစ်သည်။ ယင်းအနာဂတ်ကာလသည် ကရေဘီယန်ပင်လယ်ထဲမှ နေရောင်လွှမ်းသော လေကောင်းလေသန့်ရသော ကျွန်းကလေးပေါ်တွင် ရှိနေသည်။

ဇွန်လရာသီဥတုသည် တစ်နေ့ထက်တစ်နေ့ သာယာကောင်းမွန်သာတော့မယောင် အခြေအနေ ပြနေသည်။ နေရောင်လည်း ရသည်။ မိုးရေလည်း ရသည်။ စပျစ်သီးကင်းလေးတွေအတွက် အကောင်းဆုံးရာသီဥတု ဖြစ်သည်။ ရာသီဥတုကောင်းလျှင် စပျစ်ခင်းကောင်းမည်။ ပေါင်ခင်းကောင်းလျှင် ချားမာတယ်၏ကံလည်း ကောင်းလာမည်။

ဘာဂန်ဒီဒေသတွင် ဇွန်လ ၁၅-ရက်နေ့အထိ မိုးဖွဲဖွဲကလေးပင် ရွာနေခဲ့သည်။ ထိုနောက်တွင်ကား မိုးက တစ်နေ့ထက်တစ်နေ့ သည်း

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တော့သည်။ တစ်နေ့မှ မိုးစဲသည် မရှိ ရက်ဆက်ရွာသည်။ ချားမာတယ်မှာ အကြီးအကျယ် စိတ်ဓာတ်ကျသွားပြီး ရာသီဉတုအခြေအနေကိုပင် လုံးဝလေ့လာချင်စိတ် မရှိတော့။

သူ့မိတ်ဆွေ ဒူးချန့်က တယ်လီဖုန်းဆက်၍ အားပေးသည်။

"ဇူလိုင်လလယ်မှာ မိုးစဲသွားရင်တော့ သီးနှံတွေအတွက် မစိုးရိမ်ရပါဘူးဗျ"

သို့သော် ပြင်သစ်မိုး**လေဝသဌာန၏** ရာသီဉတုခန့်မှန်းချက်အရ ဇူလိုင်လမှာ မိုးအကြီးဆုံးလ **ဖြစ်လာခဲ့**သည်။ ဩဂုတ်လဆန်းတော့ ချားမာတယ်အဖို့ သူခိုးယူခဲ့သမျှ ငွေအားလုံးမှာ တစ်ပြားမကျန် မိုးရေထဲ ပါသွားလေတော့သည်။ သူ့တစ်သက်တွင် ဒီမျှကြောက်စိတ်ပေါ်ခဲ့ရသော အချိန်မှာ ဒီတစ်ကြိမ်သာ **ဖြစ်**တော့သည်။

★

"ကျွန်မတို့ နောက်လမှာ **အာဂျင်တီးနား**ကို သွားကြမယ်၊ အဲဒီမှာ ကားပြိုင်ပွဲဝင်ဖို့ ကျွန်မ စာရင်းသွင်း**ထားတယ်**"

ဤသို့ဖြင့် သူတို့လင်မယားနှစ်ယောက် ဘွေနိုအေးရိစ်မြို့သို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

ဟယ်လင်က ဖာရာရီပြိုင်ကားကလေးဖြင့် စက်ဝိုင်းလမ်းကို စက်ကုန်ဖွင့်ပြီး မောင်းပြေးနေသည်။ **မာတယ်က** အသည်းတယားယားဖြင့် မျက်တောင်မခတ် ကြည့်နေသည်။ သူ့စိတ်ထဲကလည်း "ကားမှောက်လိုက်စမ်းပါ၊ မှောက်လိုက်စမ်းပါ၊ ဒါမှ ငါ့ဒုက္ခ အေးမယ်" ဟု ကျိတ်၍ ဆုတောင်းနေမိသည်။

သို့သော် အခြားလူမှ မဟုတ်ပဲ၊ ဟယ်လင်ရိုဖေးမာတယ်ပဲ၊ ဘဝဇာတ်ဆရာက ချားမာတယ်ကို **"ဆုံးရှုံးသူ" နေရာ၌** ထားသော်လည်း ဟယ်လင့်ကိုတော့ "အောင်နိုင်သူ" **နေရာသို့ ပို့ခဲ့သည်**မဟုတ်လား။

ဒီပွဲတွင် အောင်နိုင်လိုက်ခြင်းအတွက် ဟယ်လင်က ယခင်အခါများကထက် ပို၍ ဝမ်းသာနေသည်။ ထို့ကြောင့် ပြိုင်ပွဲပြီးလျှင်ပြီးချင်း





သူတို့လင်မယား ဟိုတယ်သို့ တန်းပြန်ကြသည်။ ဟိုတယ်ရောက်တော့ ဟယ်လင်က အဝတ်အစားပင် မလဲဘဲ သူ့ယောက်ျားကို အိပ်ခန်းထဲ ဆွဲခေါ်လာခဲ့သည်။

"ခက်တော့တာပဲ . . . တစ်ဆိတ်လောက် သည်းခံပါကွယ်၊ ဘိုယ် တောင်းပန်ပါတယ်"

မာတယ်က သူ့ဇနီးထံ တောင်းပန်လိုက်သည်။

ထိုအချိန်တွင် အပြင်မှ တံခါးခေါက်သံ ထွက်ပေါ်လာသည်။

"အရေးကောင်း ဒိန်းဒေါင်းဖျက်ပြီ"

ဟယ်လင်က မကျေနပ်သံဖြင့် ပြောလိုက်သည်။ ပြီးတော့ နားစွင့်နေသည်။ **တံခါးခေါက်သံ** ပေါ်ထွက်လာပြန်သည်။ တစ်ဆက်တည်း **သူခေါ်သံ ကြားရသည်။**

"မစ္စတာ မာတယ် ရှိပါသလားခင်ဗျာ"

"ဒီမှာပဲ နေ"

ဟယ်လင်က အမိန့်သံဖြင့် ပြောသည်။ ထို့နောက် ခုတင်ပေါ်မှ အမန်းကတန်း လူးလဲထသည်။ **ပြီးတော့ ပိုးသားဝတ်ရုံကြီး**ကို ကောက်ဝတ်ပြီး တံခါးဆီသို့ လာ**ခဲ့သည်။ တံခါးကို ဖွင့်လိုက်**တော့ ပြာလဲ့လဲ့ယူနီဖောင်းဝတ်စုံဖြင့် **တာဝိုသမားကို တွေ့ရသည်။** သူ့လက်ထဲတွင် နှုတ်ပိတ်စာအိတ်တစ်**အိတ်ကို ကိုင်ထားသည်။**

"မစ္စတာမာတယ်နဲ့ **မစ္စမာတယ်တို့အတွက်** အရေးကြီးတဲ့ စာတစ်စောင် ပါလာပါတယ် **ခင်ဗျာ**"

ဟယ်လင်က စာအိတ်လှမ်းယူပြီး တံခါးကို ပြန်ပိတ်လိုက်သည်။

သူမက စာအိတ်ကို ဖောက်ဖွင့်လိုက်သည်။ စာကို ဖတ်ကြည့်သည်။ နောက်တစ်ခေါက် ဖြည်းဖြည်းကလေး ထပ်ဖတ်ကြည့်သည်။

"ဘာအကြောင်းလဲ"

မာတယ်က အိပ်ရာပေါ်မှ လှမ်းမေးလိုက်သည်။

"ဆမ်ရိုဖေး သေပြီတဲ့"

ဟယ်လင်၏မျက်နှာတွင် အပြုံးပန်းပွင့်လာသည်။

★ ↔ ★



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၅ )

အင်္ဂလန်နိုင်ငံ
လန်ဒန်မြို့
ဝန်လင်္ကာဝန်၊ စက်တင်ဘာလ ၄ ရက်
နံနက် ၂-နာရီ၊

လန်ဒန်မြို့ ပစ်ကာဒီလီရပ်ကွက်၊ စိန့်ဂျိမ်းလမ်းထိပ်ရှိ ကမ္ဘာကျော် "ပွိုက်ကလပ်" ၏ စားသောက်ခန်း တစ်နေရာတွင် ပါလီမန်အမတ် ဆာအလက်နီခိုးလ်သည် ဂျွန်ဆွင်တန်ဆိုသူ ညှော်သည်တစ်ဦးနှင့်အတူ နေ့လည်စာ သုံးဆောင်လျက်ရှိသည်။ ဆာအလက်မှာ ပိန်ပိန်သွယ်သွယ်နှင့် အသက် ၄၀ ကျော်၊ ၅၀ နီးပါးအရွယ် ဖြစ်သည်။ သူသည် ရိုဖေးနှင့်သားများ ကုမ္ပဏီ၏အစုရှယ်ယာပိုင် တစ်ဦးလည်း ဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးလည်း ဖြစ်သည်။

ဆာအလက်သည် ဂလောက်စက်စတာရှိုင်းယားနယ်တွင် အိမ်ကြီးရခိုင်ဖြင့် တခမ်းတနား နေထိုင်သည်။ အရေးကြီးသော ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုကို ဆွေးနွေးရန် ပွိုက်ကလပ်သို့ ရောက်ရှိလာခြင်း ဖြစ်သည်။

"ဒါနဲ့ . . . ဆာအလက်၊ ကျွန်တော်တို့ အလုပ်ကိစ္စကလေး ဆက်လိုက်ကြရအောင်"

ဧည့်သည်ဖြစ်သူ ဂျွန်ဆွင်တန်က ပါးစပ်ကို စက္ကူလက်သုတ်ပဝါဖြင့် သုတ်ရင်း စ,ပြောသည်။

"ခင်ဗျားကို လွှန်ခဲ့တဲ့ နှစ်ပတ်လောက်က ကျုပ်ပြောပြီးပါပကော၊ ဒီကိစ္စအတွက် ကျုပ် အစွမ်းကုန် ကြိုးစားနေပါတယ် . . . မစ္စတာဆွင်တန်၊ ကျုပ်ကို အချိန်တော့ နည်းနည်းပေးပါ"

ဆာအလက်က လေအေးအေးဖြင့် ပြန်ပြောလိုက်သည်။

"ကျွန်တော့်အလုပ်ရှင်တွေက လူကြီးမင်းအပေါ်မှာ အလွန်

www.burmeseclassic.com

www.burmeseclassic.com



သက်သက်ညှာညှာ စဉ်းစားကြပါတယ် ဆာအလက်၊ ဒါပေမဲ့ အခု တော့ အချိန်က လိုအပ်တာထက် ပိုသွားပြီ၊ သူတို့က စိတ်မရှည်ကြ တော့ဘူး၊ ဒီလူတွေက စိတ်ဆိုးရင် ကောင်းတဲ့လူတွေ မဟုတ်ဘူး၊ **လူကြီးမင်းနဲ့** ကျွန်တော်တို့ **နှစ်ယောက်**လုံးအတွက် အကျိုးယုတ်ဖို့သာ **ရှိတယ်၊ ကျွန်**တော် ပြောတာ သဘောပေါက်ပါလိမ့်မယ်"

"**ကျုပ်**မှာ လောလောဆယ် ပေးစရာ ငွေမရှိဘူး"

ဤတွင် ဆွမ်တန်က အသံထွက်အောင် ရယ်ပြီး . . .

"ဟန်ဆောင် မနေပါနဲ့ဗျာ၊ လူကြီးမင်း**ရဲ့ မိခင်**က ရိုဖေးမိသားစု ဝင်တစ်ဦးပဲ၊ လူကြီးမင်းမှာ ဧကတစ်**ထောင် ခြံမြေ**လည်းရှိတယ်၊ ကြီး ကျယ်ခမ်းနားတဲ့ အိမ်ကြီးလည်း ရှိတယ်၊ **ရှိုးလ်ရှိုက်**စ်ကားလည်း ရှိတယ်၊ လူကြီးမင်း ဒီလောက်တောင် မဆင်းရဲသေးပါဘူး၊ ကျွန်တော် ပြောတာ မှားသလား . . ."

ဆာအလက်က ဘေးဘီသို့ မျက်လုံးကစားလိုက်သည်။ သူ အလွန် စိတ်မချမ်းသာ ဖြစ်သွားသည်။

"ဒါတွေက လက်ပြောင်းလက်လွှဲ ရောင်းလို့ရတဲ့ ပစ္စည်း**တွေ** မဟုတ်ဘူး၊ ဒါတွေကို ကျုပ် . . . မ . . ."

"ဒါပေမဲ့ လူကြီးမင်းရဲ့ ဇနီးချောကလေး ဗီဗီယံက **လက်** ပြောင်းလက်လွှဲ လုပ်လို့ ရပါတယ်၊ သူ့မှာ ဘရစ်စတိုမြို့ မြင်းကြီးနှစ် ကောင်တောင် ရှိတာပဲ"

ဆာအလက်၏ မျက်နှာတစ်ခုလုံး နီရဲသွားသည်။ သူ အလွန် **ဒေါသထွက်သွားသည်။** ဒီလူ့ပါးစပ်မှ သူ့ဇနီး နာမည်ကို ပြောလိုက် ခြင်းသည် **မလေးမစား** စော်ကားမော်ကားပြုခြင်း ဖြစ်သည်ဟု သူက ယူဆသည်။ **သို့သော်** ကိုယ့်အကြောင်းနှင့်ကိုယ်ဆိုတော့ ဘာမှ ပြန်မ ပြောသာ၊ ငုံ့**ခံရုံသာ** ရှိတော့သည်။

ဆာအလက် အိမ်မှ ထွက်လာစဉ်က ဗီဗီယံမှာ အိပ်ရာမှပင် မနိုးသေး။ သူတို့လင်မယားသည် အိပ်ခန်းခွဲ၍ အိပ်ကြသည်။ သူက ကိုယ့်မိန်းမအခန်းသို့ လူပျိုလှည့်သလို တမင်တကာ သွားရသည်ကို အလွန်ပျော်သည်။



ဗီဗီယံမှာ ယောကျ်ားတိုင်း ငေးကြည့်ရသော မိန်းမချောကလေး တစ်ဦးဖြစ်သည်။ အပြာနုရောင် မျက်လုံး၊ ရွှေဝါရောင် ဆံပင်၊ ဖြူဖွေး သော အသားအရေ၊ အိစက်ဝင်းပသော ကိုယ်လုံးတို့သည် သူမ၏ အလှရတနာများ ဖြစ်ကြသည်။

ဆာအလက်သည် သူမနှင့် ကပွဲတစ်ခုတွင် စတင်ဆုံကြစဉ်က ဗီဗီယံမှာ ဇာတ်ရုံမင်းသမီးကလေးဘဝ ဖြစ်သည်။ သူမကို မြင်မြင်ချင်း ဆာအလက်က အစွဲကြီးစွဲသွားသည်။ သူမက သူ့ထက် အသက် ၂၀ ခန့်မျှ ငယ်သည်။ သူတို့နှစ်ယောက်မှာ အသက်ချင်းကွာသလောက် အကိုက်ချင်းလည်း မတူကြ။ ဆာအလက်နှင့်ဆိုလျှင် တခြားစီ ဖြစ်နေ သည်၊ ဆာအလက်က အရှက်အကြောက်ကြီးသော အတွေးသမား။ ဗီဗီယံက သွက်လက်မြူးကြွသော လက်တွေ့သမား။

သူတို့နှစ်ယောက် စတင် သိကျွမ်းရပြီး နှစ်ပတ်အကြာတွင် ဆာ အလက်က ဗီဗီယံအား အရဲစွန့်ကာ ဖုန်းဆက်သည်။ သူက ပြဇာတ် ကြည့်ပြီး ညစာသွားစားကြရန် ဖိတ်ခေါ်သည်။ ဗီဗီယံက လွယ်လွယ် ကူကူ လက်ခံသောအခါ ဆာအလက်က အံ့ဩဝမ်းသာ ဖြစ်မိရသည်။

ညစာစားပြီးတော့ ဗီဗီယံကို အိမ်တိုင်ရာရောက် လိုက်ပို့သည်။

"အိမ်ထဲ မဝင်တော့ဘူးလား"

ဗီဗီယံက ပြန်ဖိတ်သောအခါတွင်လည်း ဆာအလက်က အံ့ဩ ဝမ်းသာ လက်ခံသည်။ ထိုည ဗီဗီယံ၏ ခုတင်တွင်ပင် အတူအိပ်ကြ သည်၊ ထိုအချိန်မှစ၍ ဆာအလက်၏ဘဝသစ် စတင်ခဲ့တော့သည်။ သူ့ဘဝတွင် ဗီဗီယံလို ဆွဲဆောင်မှုရှိသော မိန်းမမျိုးဆို၍ ဗီဗီယံတစ် ယောက်သာ ရှိသည်ဟု ထင်မိသည်။

ဗီဗီယံမှာ အခြားအရည်အချင်းတွေလည်း ရှိသေးသည်။ ရှက် တတ်သော ဆာအလက်ကို ဗီဗီယံက ဟက်ဟက်ပက်ပက် ရယ်အောင် လုပ်နိုင်သည်။ တည်တည်ခန့်ခန့်နေတတ်သော အတွေးသမား ပါလီ မန် အမတ်မင်း ဆာအလက်သည် ဗီဗီယံနှင့် တွေ့ရလျှင် ဖျတ်လတ် လာတ်ကြွလာသည်။

ထို့ကြောင့် သူ့မှာ ဗီဗီယံကို မမြင်ရ မနေနိုင်တော့။ ဗီဗီယံနှင့်

www.burmeseclassic.com

www.burmeseclassic.com



ခဏခဏ တွဲလာသည်။ အိမ်သို့သွား၍ မတွေ့လျှင် သူက စိတ်ပူလာသည်။ တခြားယောက်ျားတွေနှင့် တွဲမည်ကို ဝန်တိုစိတ် ဝင်လာသည်။

သူက ဗီဗီယံအား လက်ထပ်ခွင့် တောင်းရန် စိတ်ကူးကြည့်သည်။ မိမိက မှုန်မှိုးမတ်နွယ် ပါလီမန်အမတ်၊ ရိုဖေးမျိုးဆက်ဝင် အထက်တန်းလွှာ ပုဂ္ဂိုလ်ကြီးတစ်ဦး။ ဗီဗီယံက ဒုတိယတန်းစား ဂီတသမား မိဘများမှ မွေးဖွားလာသူ အညတရ မင်းသမီးကလေး။ ပိုက်ဆံမရှိ၊ ပညာလည်း မတတ်။

ထို့ကြောင့် သူက သူ့စိတ်ကို ထိန်းကြည့်သည်။ သို့သော် မရ။ ဗီဗီယံမှ ဗီဗီယံ ဖြစ်နေသည်။ နောက်ဆုံး ဘာပဲဖြစ်ဖြစ်၊ ကိုယ်ကြိုက်တာ ကိုယ်ယူတယ်ဆိုပြီး ဗီဗီယံကို လက်ထပ်လိုက်တော့သည်။

★

လက်ထပ်ပြီးနောက် ဆာအလက်က သူ့ဇနီးချောကလေးအား ဂလောက်စက်စတာနယ်ရှိ မိသားစုအိမ်ကြီးသို့ ခေါ်လာခဲ့သည်။ အိမ်ကြီးမှာ သုံးထပ်တိုက်အိမ်ကြီးဖြစ်ပြီး ရဲတိုက်တမျှ ခမ်းနားသည်။ ရှေးပန်းချီကားများ၊ ကြွေထည် ငွေထည်ပစ္စည်းများ၊ အဖိုးတန် နိုင်ငံခြားလုပ် အိမ်ထောင်ပရိဘောဂများဖြင့် ပြည့်နေသည်။

ရက်သတ္တပတ် သုံးပတ်ကြာသောအခါ ဗီဗီယံက သူ့လင်တော်မောင်အား ပြောသည်။

"ကျွန်မတို့ ဒီနေရာက ထွက်ကြရအောင်"

ဆာအလက်က အံ့သြသွားသည်။

"ဘယ့်နှယ် လန်ဒန်ကလာတာမှ ရက်ပိုင်းပဲ ရှိသေးတာ . . . ခုပဲ လန်ဒန်ပြန်သွားချင်တယ်ဆိုတော့ . . ."

"ကျွန်မက အပြီးအပိုင် ပြောင်းသွားဖို့ ပြောနေတာ"

ဆာအလက် စိတ်ရှုပ်သွားသည်။ ပြတင်းပေါက်တွင် သွားရပ်ပြီး မြစိမ်းရောင် မြက်ခင်းပြင်ကြီးကို လှမ်းကြည့်နေသည်။ သူသည် ဤနေရာ၊ ဤဒေသတွင် မွေးဖွားလာခဲ့သူ ဖြစ်သည်။



"ဗီဗီယံ . . . ဒီနေရာက ပိုပြီး အေးချမ်းပါတယ်ကွယ် . . ."

"ကျွန်မ သိပါတယ်၊ အဲဒါကိုပဲ ကျွန်မ မကြိုက်တာ၊ သုသာန်တစပြင် ကျနေတာပဲ"

ဒီလိုနှင့် နောက်တစ်ပတ်တွင် သူတို့လင်မယား လန်ဒန်သို့ ပြန်ပြောင်းလာခဲ့ကြလေသည်။

★

လန်ဒန်မြို့စွန်တွင် ဆာအလက်ပိုင် လေးထပ်တိုက်ကြီး၌ နေကြသည်။ ဒီအိမ်တွင်လည်း အသုံးအဆောင်၊ ပရိဘောဂနှင့် အိမ်စေ ဘာမှ လိုလေသေးမရှိ။ မကြောင့်မကြ မတောင့်မတ လိုတရ ဘဝ။

ဗီဗီယံသည် ပထမနှစ်ပတ်တွင် သူ့ယောက်ျားနှင့် တစ်ခုတင်တည်း အိပ်သည်။ တစ်နေ့တော့ သူမက ဆိုသည်။

"အလက် ရှင့်ကို ကျွန်မ ချစ်ပါတယ်၊ ဒါပေမဲ့ အိပ်ရာထဲ ဟောက်တာကိုတော့ ကျွန်မ မခံနိုင်ဘူး၊ ကျွန်မ တစ်ယောက်တည်းပဲ အိပ်ပါရစေ၊ စိတ်မရှိပါနဲ့နော်"

ဘယ့်နှယ့် စိတ်မရှိလို့ ဖြစ်ပါ့မလဲ၊ အကြီးအကျယ် စိတ်ရှိတာပေါ့။ ကိုယ့်မိန်းမနှင့်အတူ မအိပ်ရတာကို ယောက်ျားတိုင်း လက်မခံနိုင်။ သို့သော် ဆာအလက်ကတော့ မယားချောကလေး မျက်နှာညှိုးမည်စိုး၍ ကျိတ်ပြီး လက်ခံလိုက်ရသည်။

"ရပါတယ်ကွယ် ကိုယ်နားလည်ပါတယ်"

ပထမတွင် ဆာအလက်က ဗီဗီယံအား လွှတ်တော်ညည့်ခန်းသို့ ခေါ်သွားသည်။ သူ မိန့်ခွန်းပြောနေစဉ် ဇနီးချောကလေးက စိတ်ဝင်စားစွာ နားထောင်နေသည်ကို မြင်ရသောအခါ သူက အလွန်ဂုဏ်ယူသည်။ နောက်တော့ သူ့မိန့်ခွန်းမဆုံးခင် ဗီဗီယံက ထ,ပြန်သွားတတ်သည်။

ထိုအခါ ဆာအလက်မှာ အကြီးအကျယ် စိတ်ခတ်ကျမိသည်။ ဗီဗီယံမှာ ဂဏှာမငြိမ် ဖြစ်နေသည်။ စိတ်လှုပ်ရှားလှုပ်သည်။

www.burmeseclassic.com



ဒီအတွက် သူက ဗီဗီယံအား အပြစ်မတင်။ သူ့ကိုယ်သူသာ အပြစ်မြင်သည်။ သူ့ဇနီးကလေးမှာ ငယ်ရွယ်သူဖြစ်၍ သူ့အပေါင်းအသင်း အဖိုးကြီးတွေနှင့် ပေါင်းရသည်ကို မပျော်တာ ဖြစ်မည်ဟု ထင်သည်။

ထို့ကြောင့် ဗီဗီယံ၏ လူငယ်အပေါင်းအသင်းများကို အိမ်ခေါ်ပြီး စိတ်ကြိုက်ပြုစုစေသည်။ သို့သော် ဘယ်လိုမှ အကြောင်းထူးမလာ။ ဗီဗီယံမှာ ပင်ကိုယ်ဗီဇကိုက စိတ်မတည်သော၊ အပြောင်းအလဲ မြန်သော မိန်းကလေး ဖြစ်သည်။

★

တဖြည်းဖြည်းနှင့် ဗီဗီယံမှာ အလည်လွန်လာခဲ့သည်။ ပျော်ပွဲရွှင်ပွဲ လောင်းကစားပွဲများသို့ မပြတ်ရောက်လာသည်။ ငွေကို ရေလို သုံးလာသည်။ အဝတ်အစား၊ လက်ဝတ်လက်စားနှင့် ကားကို ခုတစ်မျိုး ခု ထစ်မျိုး ပြောင်းသည်။ ဆာအလက်က သူမအား မတားချင်။ သူ့ခမျာ ဆင်းရဲခဲ့ရှာလို့ အခွင့်အရေးသာတုန်း သုံးရှာတာပဲဟုသာ မယားဘက်မှ မဲတင်း၍ ဖြေသိမ့်နေခဲ့သည်။ ကြာတော့လည်း ဘယ်တတ်နိုင်တော့ မလဲ။ သူ့လခမှာ အမြတ်ခွန်ဖြတ်၍ တစ်ပြားမှ မကျန်။ ရှိဖေးနှင့် သားများကုမ္ပဏီရှိ အစုရှယ်ယာ ဆိုသည်မှာလည်း ရောင်းလို့ရသည် မဟုတ်။

ဆာအလက်က သူ့ဇနီးလေးအား အခြေအနေကို စိတ်ရှည်လက်ရှည် ပြောပြသည်။ သို့သော် ဗီဗီယံက လုံးဝ စိတ်မဝင်စား။ ငွေရေးကြေးရေးကိစ္စ ကြားရလျှင် သူမက ခေါင်းမူးလာတတ်သည်။ ဒီလိုနှင့် ဖြစ်ချင်ရာ ဖြစ်စေတော့ သဘောဖြင့် ဆာအလက်က လုံးဝ လွှတ်ပေးထားလိုက်တော့သည်။

တစ်နေ့တွင် 'တွတ်ကလပ်' လောင်းကစားပွဲပိုင်ရှင် တွတ်မိုက်ကယ် ပေါက်လာသည်။

"ဝမ်းနည်းပါတယ် ဆာအလက်၊ လူကြီးမင်းရဲ့ ဇနီးဆီမှာ ကျွန်တော် ပေါင်တစ်ထောင် အကြွေးရစရာ ရှိပါတယ်၊ ကြွေကစားတာမှာ ရှုံးလို့ ကျွန်တော့်ဆီက ချေးသွားတဲ့ ငွေပါ"



ဆာအလက်မှာ ခုတ်လိုက်ခံလိုက်ရသူလို ဖြစ်သွားသည်။ သို့သော် သူက အကြွေးကို ဆပ်လိုက်သည်။ ထိုညတွင် လင်မယား စကားများသည်။

"ဒီအတိုင်းဆိုရင် ငါ မွဲလိမ့်မယ်၊ ငါ မတတ်နိုင်တော့ဘူး။ မင်းက ရှောထက် ပိုသုံးနေတယ်"

"စိတ်မဆိုးပါနဲ့ အချစ်ရယ်၊ သမီးလေး တောင်းပန်ပါတယ်၊ နောက်ကို ဒီလို မဖြစ်စေရတော့ပါဘူး"

ဗီဗီယံက ဒေါသထွက်နေသော သူ့ယောကျ်ားလည်ပင်းကို သိုင်းဖက်လိုက်သည်။

ဆာအလက်၏မျက်နှာတွင် ဒေါသငွေ့တွေ ချက်ချင်းပြေပျောက်သွားပြီး အချစ်ငွေ့တွေ စို့တက်လာသည်။

နောက်နှစ်ပတ်အကြာတွင် တွတ်မိုက်ကယ် ရောက်လာပြန်သည်။ ဒီတစ်ကြိမ်တွင်မူ အကြွေးငွေက ပေါင်ငါးထောင်။ ဆာအလက် ဒေါသအိုး ပေါက်ကွဲတော့သည်။

"ခင်ဗျားတို့က ဘာဖြစ်လို့ သူ့ကို ငွေချေးရတာလဲ"

"မချေးလို့ ဖြစ်ပါ့မလား ခင်ဗျာ၊ သူက ဆာအလက်ရဲ့ဇနီး မဟုတ်လား ကျွန်တော်တို့ ဘယ်လို ငြင်းနိုင်ပါ့မလဲ"

"ကျုပ်မှာ ငွေရစရာ ရှိပါတယ်၊ ဒါပေမဲ့ ခုတော့ မရှိသေးဘူး"

"ကိစ္စ မရှိပါဘူး၊ ချေးငွေသဘောပဲ ထားလိုက်ပါ၊ ရတဲ့အခါ ကျသင့်တဲ့အတိုးနဲ့ ပြန်ဆပ်ရင် ဖြစ်ပါတယ်"

ဆာအလက် ရင်အေးသွားသည်။

"ကျေးဇူးကြီးလှပါတယ် မစ္စတာတွတ်"

★

...ဒိုင်းက တစ်လုံးပြီးတစ်လုံး ဆောင့်ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်လအကြာတွင် ဗီဗီယံမှာ နောက်ထပ်အကြွေး ပေါင်နှစ်သောင်းခွဲ ရှိနေပြန်ပြီဟူသော သတင်းက ဆာအလက်နားသို့ ရောက်လာခဲ့ပြန်သည်။ ဒါနှင့် မပြီးသေး၊ တစ်ပတ်လျှင် အတိုးငွေက ၁၀ ရာခိုင်နှုန်း ပါသေးသတဲ့။ ဆာအလက်အဖို့ လဲသေလိုက်ရန်သာ ရှိတော့သည်။ ရင်ဝ ဆောင့်ကန်လိုက်သလို ခံစားရသည်။

သူ့မှာ ဘာပစ္စည်းမှ ရောင်းစရာ မရှိ။ အိမ်၊ ကား၊ ရှေးဟောင်းပစ္စည်း အားလုံးမှာ ကုမ္ပဏီပိုင်များသာ ဖြစ်သည်။

သူကား အတိုးကြီးစား ငွေရှင်ကြေးရှင် 'ငမန်းများ' ပါးစပ်ထဲ ရောက်သွားခဲ့ပြီ။ ဘယ်လိုပင် ကြိုးဆပ်သော်လည်း မကျေနိုင်တော့။

အကြွေးရှင်များ၏ ခါးပိုက်ဆောင် လူမိုက်များက တစ်နေ့မပြတ် ရောက်လာပြီး အကျပ်ကိုင်လာကြသည်။ အမြန်ဆုံး ပြန်ဆပ်ဖို့ တောင်းဆိုလာကြသည်။ ဆာအလက်က ရဲမင်းကြီး အကူအညီကို ယူပြီး ၎င်းတို့အား ပြန်လည် အကျပ်ကိုင်ရန် စိတ်ကူးမိသည်။

"ခင်ဗျားတို့ အကျပ်ကိုင်ရင် ကျုပ်ကလည်း ပြန်ကိုင်ရလိမ့်မယ်၊ ကျုပ်မှာ 'အထက်ပိုင်း' မှာ အဆက်အသွယ် ရှိတယ်ဆိုတာ သိတယ် မဟုတ်လား"

"ဟုတ်ကဲ့ . . . သိပါတယ်၊ သိပါတယ်၊ ကျွန်တော်တို့မှာလည်း 'အောက်ပိုင်း' မှာ အဆက်အသွယ် ရှိတယ်ဆိုတာ သိစေချင်တယ်"

ဆာအလက်မှာ ကြောက်ချီးတုန်ပြီး ကျောချမ်းသွားမိလေသည်။

ယခုလည်း ဆာအလက်မှာ အကြွေးရှင်များ၏ ခါးပိုက်ဆောင် လူမိုက်တစ်ယောက်ရှေ့ ရောက်နေရပြန်ပြီ။ သူ့မျက်နှာမှာ ဖြူရော်နေသည်။ ဂုဏ်လည်း မရှိတော့၊ သိက္ခာလည်း မရှိတော့။

"ကျုပ်က သူတို့ရသင့်တာထက် ပိုပေးပြီးပါပြီ၊ နောက်ထပ် . . ."

"အဲဒါက အတိုးငွေပါ ဆာအလက်၊ အရင်းငွေက တစ်ပြားမှ မပေးရသေးပါဘူး"

ဂျွန်ဆွင်တန်က လေအေးအေးဖြင့် ပြောသည်။

"ဒါတော့ အမှေ့ ငွေညှစ်တာပဲဗျာ"

"ဒီလိုဆိုရင် ကျွန်တော့်ဆရာကို ဒီအတိုင်းပဲ ပြောလိုက်ပါ့မယ်"



ဆွင်တန်က ထိုင်ရာမှ ထ,ရန်ပြင်သည်။

"အို . . . မဟုတ်ပါဘူး၊ ခဏ ထိုင်ပါဦး"

ဆာအလက်က ကမန်းကတန်း လိုက်တားသည်။

"ဒီစကားမျိုး မသုံးပါနဲ့ ဆာအလက်"

ဆွင်တန်က ပြန်ထိုင်ရင်း ပြောသည်။

"ဒီစကားမျိုး နောက်ဆုံးသုံးသွားတဲ့ လူတစ်ယောက်ဟာ ကြမ်းပြင်ပေါ် ဒူးထောက်သွားခဲ့ရပြီ"

မှန်သည်။ ဒီအကြောင်းတွေကို စာနယ်ဇင်းတွေထဲမှာ ဆာအလက် ဖတ်ခဲ့ရဖူးသည်။ ငွေရှင်ကြေးရှင်များသည် အကြွေးမဆပ်နိုင်သူများအား သိက္ခာကျအောင်၊ အရှက်ရအောင် မှတ်လောက်သားလောက် ဒဏ်ခတ်တတ်ကြသည်။ ယခု သူ ဆက်ဆံနေရသော သူများမှာလည်း အကြင်နာကင်းသော လူရိုင်းများ ဖြစ်သည်။ သူသည် တွေးမိရင်း လည်ချောင်းထဲ ဆို့ကျပ်လာသလိုပင် ခံစားမိသည်။

"ကျုပ် ဆိုလိုတာက တစ်မျိုးပါ။ ခု လောလောဆယ် ငွေမပြည့်သေးဘူးလို့ ဆိုလိုတာပါ"

သူက စိတ်ကို ထိန်း၍ အေးအေးသာသာ ပြောသည်။

ဆွင်တန်က သူ့စီးကရက်မှပြာကို ဆာအလက်ရှေ့မှ အရက်ခွက်ထဲ တောက်ချေလိုက်ရင်း . . .

"ဒါပေမဲ့ လူကြီးမင်းမှာ ရိုဖေးနှင့်သားများကုမ္ပဏီ အစုရှယ်ယာတွေ အများကြီး ရှိနေတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒါက ရောင်းလို့ မရဘူး၊ ပြောင်းရွှေ့လို့ မရဘူး၊ ရိုဖေးနှင့်သားများ ကုမ္ပဏီက မိသားစုပိုင်ကုမ္ပဏီ ဖြစ်တယ်၊ အပြင်ပုဂ္ဂိုလ်တွေကို ဖွင့်မပေးဘူး"

ဆွင်တန်က စီးကရက်ကို တစ်ဖွာရှိုက်လိုက်သည်။

"အပြင်ကို ဖွင့်မပေးဘူးလား"

"ဒါက ဆမ်ရိုဖေးလက်ထဲမှာ ရှိတယ်၊ ကျုပ် . . . ကျုပ်က သူ့ကို ဖွင့်ပေးဖို့ စည်းရုံးနေပါတယ်"

"ဖြစ်အောင် ကြိုးစားပါ"

www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာတွတ်ကို ပြောပြပါ၊ သူ့ငွေကို ပေးပါ့မယ်၊ ဒါပေမဲ့ ကျုပ်ကိုတော့ နောက်ထပ် ဖြဲခြောက်မနေပါနဲ့လို့"

"အလို . . . ဖြဲခြောက်နေတယ် ဟုတ်လား၊ ဒီမှာ ဆာအလက် ဒါ ဖြဲခြောက်နေတာ မဟုတ်ဘူး၊ ကျွန်တော်တို့ ဖြဲခြောက်ရင် လူကြီးမင်းပိုင် မြင်းစောင်းတွေ ပြာကျကုန်လိမ့်မယ်၊ မြင်းသားကျပ်ကင် စားရလိမ့်မယ်၊ လူကြီးမင်းရဲ့အိမ်နဲ့ လူကြီးမင်းမိန်းမလည်း ပြာဖြစ်သွားလိမ့်မယ်၊ ဒါနဲ့ . . . လူကြီးမင်း မိန်းမကင် စားဖူးသလား"

ဆွင်တန်က ပြောင်ချော်ချော်ဟန်ဖြင့် ခနဲ့လိုက်သည်။

"အိုး . . . အိုး . . . ကျေးဇူးပြုပြီး ဒါတော့ မလုပ် . . . မလုပ်လိုက်ပါနဲ့"

ဆာအလက်၏ မျက်နှာတွင် သွေးဆုတ်နေပြီ။

"စိတ်ချပါ၊ တစ်စုံတစ်ခုသော အတိုင်းအတာ မရောက်မချင်း မလုပ်ပါဘူး၊ ကျွန်တော်က ဆာအလက်ကို နောက်နေတာပါ၊ တွတ်မိုက်ကယ်ဟာ လူကြီးမင်းရဲ့ မိတ်ဆွေပဲ၊ မိတ်ဆွေဆိုတာ အချင်းချင်း ကူညီရမှာပဲ၊ ကျွန်တော်ပြောတာ မှန်ရဲ့လား၊ မနက်က ကျွန်တော်နဲ့ တွေ့တော့ သူက ပြောတယ်၊ 'ဆာအလက်က လူကောင်းပါ၊ သူ့မှာ ငွေမရှိတာ မှန်တယ်၊ ဒါပေမဲ့ သူ တစ်နည်းနည်းနဲ့ရအောင် ရှာလိမ့်မယ်တဲ့"

ဆာအလက်၏ မျက်ခုံးအပေါ်သို့ မြင့်တက်သွားသည်။

"ဘာ . . . ဘာ . . . တစ်နည်းနည်းနဲ့ . . ."

"ဟုတ်ပါတယ် . . . လူကြီးမင်းလို လူတော်တစ်ယောက်အနေနဲ့ တစ်နည်းနည်းနဲ့ ငွေရအောင် လုပ်နိုင်တာပေါ့ မဟုတ်ဘူးလား၊ ဆေးကုမ္ပဏီကြီး တစ်ခုလုံး ပိုင်နေတဲ့လူပဲ . . . မဟုတ်ဘူးလား၊ စကားအဖြစ်ပြောရရင် လူကြီးမင်းက ကိုကင်းဘိန်းလိုဟာတွေ လုပ်နိုင်တာပဲ၊ ဘယ်သူမှ မသိပါဘူး၊ ကျွန်တော်နဲ့ လူကြီးမင်းပဲ သိမှာ၊ အဲဒါတွေ လုပ်ပြီး ကုမ္ပဏီပိုင် ဆေးထုပ်တွေနဲ့ ရောပို့ရင် ဘယ်သူသိမှာလဲ၊ လိုတဲ့ ငွေလည်း မလိုချင်သလောက် ရရောပေါ့"

ဆာအလက် မျက်လုံးပြူးသွားသည်။





"ခင်ဗျား ရူးနေပြီလား၊ ဒါမျိုး . . . ကျုပ် . . . ကျုပ် လုံးဝ မလုပ်နိုင်ဘူး"

"လုပ်သင့်တဲ့အခါ လုပ်နိုင်ပါတယ်" ဆွင်တန်က ပြောရင်း ဇော်တတ်ရပ်လိုက်သည်။

"ကဲ . . . တိုတိုပဲပြောပါရစေ၊ ကျွန်တော်တို့ငွေကို ရအောင်ရှာရင် ရှာပါ၊ ဒါမှမဟုတ် . . . ကိုကင်းထုပ်တွေ ဘယ်နေရာမှာ ချရမယ်ဆိုတာ ကျွန်တော်တို့က ပြောရင် ပြောတဲ့အတိုင်း လုပ်ပါ . . . ဒါပါပဲ"

ဆွင်တန်က စီးကရက်တိုကို ဆာအလက်၏ ပန်းကန်ပြားထဲ ပစ်ထည့်လိုက်သည်။

"အို . . . ဒါနဲ့ . . . ဗီဗီယံကိုလည်း နှုတ်ဆက်တယ်လို့ ပြောပြပါ . . . ခွင့်ပြုပါ . . . ဆာအလက်"

ထို့နောက် ဂျွန်ဆွင်တန် အခန်းထဲမှ ထွက်သွားသည်။

ဆာအလက် တစ်ယောက်တည်း ထိုင်ကျန်ရစ်သည်။ သူ ယခုရောက်နေသောနေရာမှာ သူနှင့် အလွန်ရင်းနှီးသော နေရာဖြစ်သည်။ သို့သော် ယင်းတို့မှာ အတိတ်ကာလကသာ ဖြစ်သည်။ ယခုအချိန်တွင် ယင်းတို့အားလုံးမှာ သူ့အဖို့ သူစိမ်းပြင်ပြင် ဖြစ်နေကြပြီ။ သူနှင့်လုံးဝ ပတ်သက်သလို ဖြစ်နေကြပြီ။

သူသည် သူ့ပန်းကန်ပြားထဲမှ ရေစိုနေသော စီးကရက်တိုအလေးကို စိုက်ကြည့်နေမိသည်။ သူတို့က သူ့ကို အရုပ်ကွဲအောင် လုပ်နေကြပြီ။ ဒီလိုဘဝမျိုးထဲ ဘယ်လိုကြောင့် ရောက်လာရပါလိမ့်။ သူ့ဘဝကား တရားမဝင် မြေအောက် မှောင်ခိုဂိုဏ်းထဲ ရောက်မှန်းမသိ ရောက်နေပါရောလား။

တကယ်တော့ သူတို့က သူ့ထံမှ ငွေလိုချင်၍ မဟုတ်။ သူတို့တောင်းနေသောငွေမှာ သူ့ကို မျှားနေသော ငါးမျှားချိတ်မှ "မျှားစာ" သာ ဖြစ်သည်။ သူ့အနေဖြင့် ဆေးကုမ္ပဏီနှင့် ပတ်သက်နေခြင်းကို သူတို့အကျိုးအတွက် အသုံးချလို၍သာ ဖြစ်သည်။ သူတို့က သူ့ကို ဒေးစာခံလုပ်ပြီး ဘိန်းမှောင်ခိုလုပ်ကာ စီးပွားရှာလို၍သာ ဖြစ်သည်။ မြေအောက်မှောင်ခိုဂိုဏ်းလက်ထဲ သူ ရောက်သွားကြောင်း လူသိရှင်



www.burmeseclassic.com

www.burmeseclassic.com



ကြား ဖြစ်ကုန်လျှင် သူ ကိုယ်စားပြုသော နိုင်ငံရေးပါတီမှလည်း ပြုတ်မည်၊ ပါလီမန် အမတ်ရာထူးမှလည်း လျှော့မည်။ ပြီးတော့ သူ့ဂုဏ်၊ မျိုးနိုးဂုဏ်၊ အလုပ်ဂုဏ်။ တွေးပင် မတွေးမိရဲတော့။

သူ့အခြေအနေကား အရှူးမီးဝိုင်း ကြုံနေရပြီ။ ထွက်ပေါက်မရှိဖြစ်နေရပြီ၊ သူတို့အကြွေး ဆပ်နိုင်မှ ဒီအန္တရာယ်မှ လွတ်ကင်းနိုင်မည်။

သူက ဆမ်ရိုဖေးအား ကုမ္ပဏီအစုရှယ်ယာတွေကို ရောင်းချခွင့်ပြုရန် အကြိမ်ကြိမ် တိုက်တွန်းခဲ့ဖူးသည်။ သူ့အဖို့ ဒီလမ်းမှတစ်ပါး အခြားမရှိတော့သောကြောင့် ဖြစ်သည်။ သို့သော် ဆမ်ရိုဖေးက သူ့ကို ဘားသည်။

"ဒီအကြောင်းတွေ ထားလိုက်စမ်းပါ . . . အလက်၊ ရှယ်ယာတွေ ရောင်းလိုက်ရင် အပြင်လူတွေ ဝင်လာပြီး ကုမ္ပဏီကို မောင်ပိုင်စီးရတော့မှာပေါ့၊ မောင်ရင် . . . ဘာလို့ ဒီကိစ္စ လောနေရတာလဲ၊ မောင်ရင့်မှာ လခလည်း သုံးမကုန်အောင်ရပြီ၊ ပြီးတော့ အပိုသုံးခွင့်ပြုငွေတွေလည်း နည်းတာမှမဟုတ်တာ၊ မောင်ရင့်မှာ ငွေမလိုပါဘူး"

သူ့မှာ သေလုမျောပါး ငွေလိုနေကြောင်း ဖွင့်ပြောလိုက်ရန် ဆာအလက်က အားယူမိသေးသည်။ သို့သော် ထုးလာမည် မဟုတ်၊ ဆမ်ရိုဖေးသည် ကြင်နာမှုကင်းသော စီးပွားရေးသမားတစ်ဦး ဖြစ်သည်။ ယခုလို ရှုပ်ရှုပ်ထွေးထွေး ပြဿနာတွေရှိကြောင်း ဆမ်ရိုဖေး သိသွားလျှင် သူ့ကို အလုပ်မှ ချက်ချင်းထုတ်ပစ်မည်မှာ မြေကြီးလက်ခတ်မလွဲ။

ဆာအလက်မှာ တွေးရင်း အသက်မရှူနိုင် ဖြစ်လာသည်။ သူ့ဘဝ ပျက်တော့မှာလား။

★

ဝိုက်ကလပ်မှ ညှော်ကြိုလုလင်က ဆာအလက်၏ စားပွဲသို့ လျှောက်လာသည်။ သူ့နောက်မှ စာပို့သမားဝတ်စုံဖြင့် လူတစ်ယောက် ပါလာသည်။ စာပို့သမား လက်ထဲတွင် ချိတ်ပိတ်စာအိတ်တစ်အိတ် ကိုင်ထားသည်။





"ခွင့်ပြုပါ . . . ဆာအလက်" ညှော်ကြိုလုလင်က ခွင့်တောင်းသည်။ "ဒီပုဂ္ဂိုလ်မှာ လူကြီးမင်းအတွက် ကိုယ်ရေးကိုယ်တာ စာတစ်စောင် ပါလာပါတယ်"

"ကျေးဇူးပါပဲ . . ."

စာပို့သမားက စာအိတ်ကို လှမ်းပေးသည်။ ထို့နောက် ညှော်ကြိုလုလင်က စာပို့သမားကို တံခါးဆီသို့ ပြန်ခေါ်သွားသည်။

ဆာအလက်က စာအိတ်ကို ဖောက်မဖတ်ဘဲ အကြာကြီး ထိုင်နေသည်။ ပြီးတော့မှ စာကို ဖတ်ကြည့်သည်။

သုံးကြိမ်တိတိ ဖတ်ကြည့်သည်။ ထို့နောက် စာကို သူ့လက်ဖြင့် ဆုံးထွေး ဆုပ်ခြေလိုက်သည်။

သူ့မျက်လုံးအစုံတွင် မျက်ရည်တွေ စို့လာကြသည်။ ။

★ ↔ ★



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

…ခိုဘန်နိုင်ငံ
…နေယာက်မြို့
…ဘော်အနှ၊ စက်တင်ဘာလ ၇ ရက်
…ချိန် ၁၁-နာရီ။

…တ် ၇၀၇-၃၂၀ ကိုယ်ပိုင် ဘိုးအင်းဂျက်လေယာဉ်ကြီးသည် ကနေ်…ယာဉ်ကွင်းသို့ ဦးတည် ထိုးဆင်းလာသည်။ တစ်ညလုံး တစ်ရေးမှ…နေ့ခဲ့ဘဲ ခရီးရှည်စီးလာခဲ့ရသောကြောင့် ရီးစ်ဝီလျှံမှာ ကိုယ်ရေး…ပေါ် နွမ်းနယ်လျက်ရှိသည်။ သူသည် ဆမ်ရိုဖေးနှင့်အတူ ဒီလေယာဉ်…ဖြင့် မကြာခဏ ခရီးထွက်ခဲ့ဖူးသည်။ သူ့စိတ်ထဲတွင် လေယာဉ်ပေါ်…ဆမ်ရိုဖေး ရှိနေသလို ထင်မှတ်မိသည်။

အယ်လစ်ဇဘက်ရိုဖေးက သူ့ကို မျှော်နေလိမ့်မည်။ ဒီနေ့ သူ…လာမည့်အကြောင်းကို သူက အီစတန်ဘူမြို့မှ ကြိုတင်သံကြို…ပြီး ဖြစ်သည်။ တကယ်တော့ သူမ၏ဖခင်ကြီး ကွယ်လွန်သွားခြင်…င်းကို သူက အက်လစ်ဇဘက်အား တယ်လီဖုန်းဖြင့် တိုက်ရိုက်…သွင်လည်း ဖြစ်နိုင်သည်ပင်။ သို့သော် သူမအား ထိုနည်းဖြင့်…ပြခြင်းကို သူက မလိုလား။

…လေယာဉ်သည် ပြေးလမ်းပေါ်သို့ ငြိမ့်ခနဲ ဆင်းလိုက်ပြီးနောက်…နေရာဆီသို့ ဘီးလိမ့်လာနေသည်။

…င်းစ်မှာ အထုပ်အပိုး များများစားစား မပါ။ ထို့ကြောင့်…ဘက်ဌာနမှ စစ်ဆေးမှုကိစ္စများ မြန်မြန်ပြီးစီးသွားသည်။ အပြင်…တွင် ကောင်းကင်တစ်ခွင်တစ်ပြင်လုံး ပြာမှိုင်းနေသည်။ မကြာမီ…င်လာပေတော့မည်။

…ထမတန်းစား ဇိမ်ခံကားကြီးတစ်စီးက သူ့ကို အသင့်စောင့်နေ…သူသည် ကားပေါ်တက်ပြီးနောက် ဆမ်ရိုဖေး၏ အိမ်ကြီးရှိရာ-



www.burmeseclassic.com

www.burmeseclassic.com



လောင်းအိုင်လင်းခြံကြီးဆီသို့ မောင်းနှင်လာခဲ့သည်။

သူ့ဖခင်၏သတင်းဆိုးကြီးကို အယ်လစ်ဇဘက်အား ခရီးရောက် မဆိုက် ရုတ်တရက် ပြောပြလိုက်လျှင် သူမအနေဖြင့် ရင်ကွဲမတတ် ခံစားရပေလိမ့်မည်။ ထို့ကြောင့် ဘယ်စကားကို ဘယ်လို စပြောရပါ့ဟု ရိုးစ်ဝီလျံက တစ်လမ်းလုံး တွေးလာခဲ့သည်။ သို့ပေမယ့် အိမ်ရှေ့တံခါး ဝတွင် အယ်လစ်ဇဘက်၏မျက်နှာကို မြင်တွေ့လိုက်ရသောခဏ၌ပင် သူ့ပါးစပ်မှ စကားလုံးများ ရုတ်တရက် ခုန်ထွက်သွားကြတော့သည်။

အယ်လစ်ဇဘက်ကို မြင်ရတိုင်း ရိုးစ်မှာ တအံ့တဩ ဖြစ်ခဲ့ရ သည်။ တစ်နေ့ထက်တစ်နေ့ ထူးထူးခြားခြား လှလာသည်ဟု ထင်ရ သည်။ သူမသည် မိခင်ဖြစ်သူ၏ အလှကို အမွေရခဲ့သည်။ အချိုး အဆစ် ပြေပြစ်ပြီး ကျက်သရေရှိသော ကိုယ်လုံး၊ ထူထည်းသော မျက် တောင်ရှည်ကြီးများဖြင့် အလှဆင်ထားသော မဟူရာမျက်လုံး၊ နက် မှောင်တောက်ပနေသော ဆံကေသာနှင့် ဖြူဖွေးနူးညံ့သော အသား အရေတို့က မြင်ရသူ ရူမဝနိုင်စရာ ဖြစ်သည်။ သူမသည် လည်ပင်းဖွင့် နို့နှစ်ရောင် ဘလောက်စ်အင်္ကျီနှင့် ပြာလဲ့ရောင် ဇာတွန့်ဖလန်နယ် ဂါဝန်တို့ကို ဝတ်ဆင်ပြီး ညိုဝါရောင်အပေါ်ဖွင့် ရှူးဖိနပ်ကို စီးထား သည်။

သူမ၏ရုပ်သွင်တွင် လွန်ခဲ့သော ကိုးနှစ်ခန့်က ရိုးစ်မြင်ခဲ့ရသော ဆယ်ကျော်သက်ရွယ် အပျိုဖျန်းမလေးဆန်သော အမူအရာများ လုံးဝ မတွေ့ရတော့။ ယခုတွေ့ရသော အယ်လစ်ဇဘက်ကား တည်ငြိမ် သော၊ လေးနက်သော အပျိုကြီးဖားဖား ဖြစ်နေလေပြီ။

သူမက ရိုးစ်အား ချစ်စရာအပြုံးဖြင့် ဆီးကြိုသည်။ သူမအလွန် ဝမ်းသာနေသည်။

"လာ . . . ရိုးစ်၊ အခန်းထဲ သွားရအောင်"

သူမက ရိုးစ်၏လက်ကို လှမ်းကိုင်ရင်း ပြောသည်။ ထို့နောက် ဝက်သစ်ချသားကာ စာကြည့်ဆောင်ကြီးထဲသို့ ဦးဆောင်ခေါ် လာခဲ့ သည်။

"ဖေဖေလည်း ပါတယ်နော် . . ."



အေးအေးသက်သာ ပြောနေဖို့ အခြေအနေ မပေးတော့။ ရိုးစ် က သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

"မင်းဖေဖေ သတင်းကတော့ ဝမ်းနည်းစရာပဲ . . . လစ်ဇ်"

သူမ၏မျက်နှာ ရုတ်တရက် ညှိုးကျသွားသည်ကို မြင်လိုက်ရ သည်။ သူမက ရိုးစ်၏စကားဆက်ကို စောင့်နေသည်။

"သူ မရှိတော့ဘူး . . ."

"ဘာ . . . ဘာ . . . ဘာဖြစ်လို့ . . ."

သူမ၏ပါးစပ်မှ လေသံသဲ့သဲ့မျှ ထွက်လာသည်။ သူမသည် ကျောက်ရုပ်ကြီးလို မတုန်မလှုပ် ရပ်နေသည်။

"ဘယ်လိုက ဘယ်လိုဆိုတာ အသေးစိတ် မသိရသေးဘူး၊ သူက 'မောင့်တလန့်' တောင်တန်း သွားတက်တယ်၊ ကြိုးပြတ်ကျတယ်၊ ရေခဲ တောင်ကြားထဲ ကျသွားတယ် . . . ဒါလောက်ပဲ သိရတယ်"

"အလောင်းကို တွေ့ရသလား"

သူမက မျက်လုံးများကို မှိတ်ထားလိုက်သည်။ ခဏကြာတော့မှ ပြန်ဖွင့်သည်။

"အသူတစ်ရာ ချောက်ကြီးထဲ ကျသွားတာ . . ."

သူမ၏ မျက်နှာတွင် သွေးဆုတ်သွားသည်။ ရိုးစ်က ထိတ်ထိတ် ပျာပျာ ဖြစ်သွားသည်။

"လစ်ဇ် . . . လစ်ဇ် . . . ဘာ ဘာဖြစ် . . ."

သူမက တက်တက်ကြွကြွ ပြုံးလိုက်သည်။

"ကျွန်မ ဘာမှ မဖြစ်ပါဘူး၊ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ . . . လက် ဖက်ရည်လား၊ ဘာစားမလဲ"

ရိုးစ်က သူမအား တအံ့တဩ ကြည့်နေမိသည်။ ခဏကြာတော့ မှ သူက အဖြစ်မှန်ကို နားလည်လာသည်။ အယ်လစ်ဇဘက်သည် ရုတ်တရက် သွေးလန့်သွားသည်။ သူမ စကားပြောနေခြင်းမှာ အမှတ် မထင် ပါးစပ်မှ ပြောနေခြင်းသာ ဖြစ်သည်။ သူမ ဘာပြောနေမှန်း သူမကိုယ်တိုင် မသိ။ သူမ၏မျက်လုံးများက ထူးထူးခြားခြား အရောင် တောက်နေသည်။ သူမ၏အပြုံးကလည်း အသက်မပါ။ အရေပြုံးကြီး။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက နာမည်ကျော် အားကစားသမားပဲ၊ သူ့ရတဲ့ ဆုတံဆိပ်တွေ ရှင် တွေ့တယ်မဟုတ်လား၊ သူကပဲ အမြဲတမ်း နိုင်တာပဲ။ ဟိုတုန်းက 'မောင့်ဘလန့်' ကို ဖေဖေတက်ဖူးတာ ရှင် သိသလား"

ရိုးစ်၏ပါးစပ်မှ "လစ်ဇ် . . ." လောက်သာ ထွက်လာသည်။

"ဟုတ်ပါတယ် . . . ရှင် သိပါတယ်၊ တစ်ခါက ရှင်နဲ့ပဲ သွားကြတာပဲဟာ . . . မဟုတ်ဘူးလား"

ရိုးစ်က ဘာမှ ပြန်မပြောတော့။ သူမ ပြောချင်ရာသာ ပြောပါစေတော့ဟု လွှတ်ထားလိုက်သည်။ ဒါမှ သူမ ခံစားနေရသော ဝေဒနာသက်သာရာရပေလိမ့်မည်။ ဟိုတုန်းက အယ်လစ်ဇဘက်က ငိုလွယ်ရယ်လွယ် မိန်းကလေး၊ အရှက်ကြီးသော မိန်းကလေး။ အခု အယ်လစ်ဇဘက်ကား လုံးဝ ပြောင်းလဲသွားခဲ့ပြီ။ သူမသည် ပြင်းထန်သော ဝေဒနာကို အတွင်းကျိတ်ခံစားနေရပြီ။ သူမ၏ဟန်မူရာမှာ အပြင်က တည်ငြိမ်နေသော်လည်း အတွင်းတွင် အကြီးအကျယ် လှုပ်ရှားနေလေပြီ။ ယင်းသို့တွေးရင်း ရိုးစ်က အလွန်စိုးရိမ်သွားမိသည်။

"ငါ ဆရာဝန် သွားခေါ်လိုက်မယ်၊ လိုလိုမယ်မယ်ပေါ့"

"အို . . . နေပါစေ၊ မလိုပါဘူး၊ ကျွန်မ နေကောင်းပါတယ်၊ ရှင် စိတ်မရှိရင် ကျွန်မ ခဏ ခုတင်ပေါ် လှဲနေလိုက်မယ်၊ နည်းနည်းမောသလိုပဲ"

"ငါ စောင့်နေရဦးမှာလား"

"ကျေးဇူးပဲ . . . မလိုပါဘူး"

သူမက ရိုးစ်အား တံခါးဝထိ လိုက်ပို့သည်။ ရိုးစ်က ကားပေါ်သို့ အတက်တွင် သူမက လှမ်းခေါ်သည်။

"ရိုးစ် . . ."

ရိုးစ်က ပြန်ကြည့်လိုက်သည်။

"ရှင် လာတာ ကျေးဇူးတင်ပါတယ်"

ဘုရားရေ . . . .။

★





နိုစ်ဝီလျှံ ထွက်သွားပြီးနောက် အယ်လစ်ဇဘက်ရိုဖေးသည် အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။ သူမသည် အခန်းမျက်နှာကြက်ကို ငေးစိုက်ကြည့်လိုက်၊ ပြတင်းပေါက်မှကျော်ကာ အပြင်သို့ လှမ်းမျှော်ကြည့်လိုက်ဖြင့် ခုတင်ပေါ်တွင် အတော်ကြာကြာ လှဲနေခဲ့သည်။

ဝေဒနာသည် တဖြည်းဖြည်းဖြင့် သူမကို ဖိစီးလာသည်။ သို့ပေမယ့် သူမက စိတ်ငြိမ်ဆေး လုံးဝ မစား၊ သူမက ဝေဒနာကို ပကတိအတိုင်း ခံစားကြည့်ချင်သည်။ ကျေးဇူးရှင် ဖခင်ကြီးတစ်ယောက်လုံး ဆုံးရှုံးသွားရခြင်းအတွက် သမီးဖြစ်သူက ဝမ်းနည်းကြေကွဲရမည်မှာ ခမ္မတာဖြစ်သည်။ ဝမ်းနည်းကြေကွဲရမည်သာ ဖြစ်သည်။ သို့သော် သူမက ဝေဒနာကို ခံနိုင်စွမ်းရှိသည်။ သူမသည် စိတ်ဓာတ်စွမ်းအားပြင်းထန်ကြီးမားသော ဆမ်ရိုဖေး၏သမီး မဟုတ်လား။

အယ်လစ်ဇဘက်သည် တစ်နေ့လုံး တစ်ညလုံး အိပ်ရာပေါ်တွင် လှဲနေသည်။ သူမသည် တစ်ခါတစ်ရံ အသိအာရုံ ကင်းမဲ့သွားပြီး ဘာကိုမျှ သတိမရ၊ တစ်ခါတစ်ရံ အားလုံးကို သတိရသည်။ ခံစားရသည်။ တစ်ခါတစ်ရံ သူမက ရယ်ပစ်လိုက်သည်။ တစ်ခါတစ်ရံ ငိုပစ်လိုက်သည်။ သူမကိုယ်သူမ ရူးများရူးသွားလေပြီလားဟူ၍လည်း စဉ်းစားမိလေသည်။

သန်းခေါင်လောက်တွင် ဗိုက်ထဲက မခံမရပ်နိုင်အောင် ဆာလောင်လာသည်၊ မီးဖိုခန်းထဲ ဝင်လာခဲ့သည်။ အသားညှပ်မုန့်ကြီးတစ်ခုကို အငမ်းမရ ကောက်စားလိုက်သည်။ ဘာအရသာမျှ မတွေ့၊ ပြန်ပစ်ချလိုက်သည်။ သူမ တစ်ကိုယ်လုံးတွင် နေရာအနှံ့ ဖိစီးနေသော ဝေဒနာကို ဘယ်အရာကမှ မဖြေဖျောက်နိုင်၊ သူမ တစ်ကိုယ်လုံးမှာ မီးကင်ခံနေရသလို ပူလောင်နေသည်။ သူမ၏စိတ်ကတော့ အတိတ်ကို ပြန်ရောက်နေသည်၊ ဖခင်ကြီးနှင့်အတူ ပျော်ပျော်ရွှင်ရွှင် နေခဲ့ရသော ကာလများကို သတိရနေသည်။

ရောင်နီတက်လာသည်ကို ပြတင်းပေါက်မှ လှမ်းမြင်ရပြီ။ အတန်ကြာတော့ အိမ်ဖော် တံခါးလာခေါက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သွား . . . ကျွန်မအခန်း ဘယ်သူမှ မလာနဲ့"

တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာသည်။ သူမရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ တယ်လီဖုန်းကို ကမန်းကတန်း လှမ်းကိုင်သည်။

"ဖေဖေနဲ့ တူတယ်"

ချက်ချင်း သတိပြန်ဝင်လာသည်။ လက်ကို ပြန်လွှတ်လိုက်သည်။

ဖေဖေ ဘယ်တော့မှ တယ်လီဖုန်းဆက်တော့မည် မဟုတ်။ ဖေဖေ့ အသံကို ဘယ်တော့မှ ကြားရတော့မည် မဟုတ်။ ဖေဖေ့ကို ဘယ်တော့မှ မြင်ရတော့မည် မဟုတ်။

အသူတစ်ရာရေခဲတောင်ကြား . . .။

အသူတစ်ရာ . . .။

အယ်လစ်ဇဘက်သည် အိပ်ရာပေါ်တွင်ပင် ရှိနေသေးသည်။ အတိတ်ရေစီးထဲ မျောပါနေသည်။ အားလုံးကို သတိရနေသည်။ အရာတိုင်းကို သတိရနေသည်။ ။

★ ↔ ★



# အခန်း (၇)

အယ်လစ်ဇဘက် ရိုဝန်ရိုဖေး . . .။

သူမကို မွေးဖွားစဉ်က ဆမ်ရိုဖေးမိသားစုအဖို့ နှစ်ထပ်ကွမ်း ဝမ်းနည်းခဲ့ကြရသည်။ သူမကို မွေးဖွားပြီးလျှင်ပြီးချင်း မိခင်သေဆုံးခဲ့သောကြောင့်လည်း ဝမ်းနည်းခဲ့ကြရသည်။ ယောက်ျားကလေး မမွေးဖွားဘဲ မိန်းကလေး မွေးဖွားလာခဲ့ခြင်းကြောင့်လည်း ဝမ်းနည်းခဲ့ကြရသည်။

မိခင်ဝမ်းဗိုက် အမှောင်တိုက်ထဲမှ ထွက်မလာခင်ကဆိုလျှင် ကုဋေကုဋာ ချမ်းသာကြွယ်ဝသော ရိုဖေးနှင့်သားကုမ္ပဏီကြီး၏ အမွေကို ဆက်ခံမည့်သူအဖြစ် သူမကို ကိုးလတိုင်တိုင် မျှော်လင့်ခြင်းကြီးစွာဖြင့် စောင့်ခဲ့ကြသည်။

ဆမ်ရိုဖေး၏ဇနီး ပက်ထရီရှာမှာ ပိတုံးရောင်ဆံပင်နှင့် အလှအရှင်မကလေးတစ်ပါး ဖြစ်ခဲ့သည်။ ဆမ်ရိုဖေးအား သူ၏ရာထူးဂုဏ်ဓနဂုဏ်တို့ကြောင့် မိန်းမတိုင်းက လက်ထပ်ချင်ကြသည်။ သို့သော်လည်း သူက ပက်ထရီရှာကိုသာ လက်ထပ်ခဲ့သည်။ ပက်ထရီရှာကို လက်ထပ်ခြင်းမှာ လှလွန်း၍ မဟုတ်။ အလုပ်သဘောအရ လက်ထပ်ခြင်းသာ ဖြစ်သည်။ သူ့လုပ်ငန်းအတွက် ပက်ထရီရှာကို လက်ထပ်သင့်သောကြောင့် လက်ထပ်ခြင်းသာဖြစ်သည်။

ဆမ်တွင် မိသားစုအတွက် အချိန်မရှိ။ မိသားစုကို တယုတယ မွေ့နေလိုသော စိတ်ထားလည်း မရှိ။ သူ့ဘဝတွင် ရိုဖေးနှင့်သားများ ကုမ္ပဏီ လုပ်ငန်းသာ အဓိကဖြစ်သည်။ သူသည် ကုမ္ပဏီကို အသက်အမျှ တွယ်တာသည်။ သူနှင့် ဆက်စပ်သမျှ လူတွေကိုလည်း တစ်နည်းနည်းလမ်းအားဖြင့် ကုမ္ပဏီအတွက် အသုံးဝင်စေချင်သည်။ သူ့အတွက် ပက်ထရီရှာ၏ အရေးပါမှုသည် ကုမ္ပဏီအတွက်,သူမ၏တစ်နည်းတစ်လမ်း အထောက်အပံ့ပြုနိုင်မှုအပေါ်တွင်သာ တည်သည်။ ဆမ်ရိုဖေးက သူမအား ဘယ်လိုရည်ရွယ်ချက်ဖြင့် လက်ထပ်ခြင်းဖြစ်ကြောင်း သူမက အချိန်လွန်မှ သိခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆမ်က သူမအား က,ခိုင်းသည်။ သူမက လှလှပပ ကသည်။ သူမသည် စံပြအိမ်ရှင်မ ဖြစ်သည်။ စံပြမစ္စက်ဆမ်ရိုဖေး ဖြစ်သည်။ သို့သော် လင်ယောက်ျားထံမှ အချစ်ကို မရ။ နောက်တော့ သူမကလည်း ဘယ်သူ့ကိုမှ မချစ်တတ်တော့။ သူမက ဆမ်ကို အလုပ်အကျွေးပြုသည်။ ကုမ္ပဏီ၏ အနိမ့်ဆုံးအမှုထမ်းတစ်ဦးသဖွယ် ခိုင်းရာလုပ်သည်။ သူမသည် ၂၄ နာရီ အသင့်ဖြစ်နေရသည်။ ဆမ်ရိုဖေးက တစ်နေရာမှ လှမ်းခေါ်လျှင်လည်း လေယာဉ်ဖြင့် ချက်ချင်းလိုက်သွားရသည်။ ကမ္ဘာ့ခေါင်းဆောင်များကို အကောင်းဆုံးညစာစားပွဲဖြင့် ဧည့်ခံရာတွင် အလှဆုံးစံပြအိမ်ရှင်မအဖြစ် တာဝန်ထမ်းရသည်။

သူမကား ရိုဖေးနှင့်သားများကုမ္ပဏီပိုင် စာချုပ်မဝင်သော ပစ္စည်းတစ်ခုပမာ ဖြစ်နေသည်။ အလှမပျက်အောင် နေရသည်။ လေ့ကျင့်ခန်း မှန်မှန်လုပ်ရသည်။ ကျန်းမာရေးအတွက် အစားအသောက်ကို ရွေးချယ်စားရသည်။ အဝတ်အစားနှင့် လက်ဝတ်လက်စားများကိုလည်း နိုင်ငံအရပ်ရပ်မှ ကမ္ဘာကျော်ဖက်ရှင်တိုက်ကြီးများနှင့် ကမ္ဘာကျော် ပန်းထိမ်ဆရာများထံမှ အထူးတလည် မှာယူဝတ်ဆင်ရသည်။

သူမမှာ အချိန်အားဟူ၍ မရှိ။ အချိန်တိုင်း အလုပ်များနေသည်။ သို့သော် သူမမှာ လိုဘ မပြည့်။ ပျော်ရွှင်မှု မရှိ။ သူမဘဝသည် ဟာနေသည်။ ဘလာနတ္ထိ ဖြစ်နေသည်။

သူမ ကိုယ်ဝန်ရှိလာတော့ အားလုံး ပြောင်းလဲသွားခဲ့သည်။

ဆမ်ရိုဖေးသည် ရိုဖေးမျိုးဆက်၏ နောက်ဆုံးအမွေခံသားယောက်ျား ဖြစ်သည်။ ထို့ကြောင့် သူ့အမွေကို ဆက်ခံနိုင်ရန် ဆမ်ရိုဖေးက သားယောက်ျားကလေးတစ်ဦးကို သွေးရူးသွေးတန်း တောင့်တနေသည်။ ဒါကို ပက်ထရီရှာက ကောင်းကောင်းသဘောပေါက်သည်။ သူက သူမအား အထူးအားကိုးနေသည်။ အထူး မျှော်လင့်နေသည်။ ယခုအခါ သူမသည် မယ်တော်မိဘုရားကြီးဘဝ ရောက်နေသည်။ တစ်နေ့တွင် ခမည်းတော် အရိုက်အရာကို ဆက်ခံပြီး၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရမည့် သားတော်တစ်ပါး မွေးဖွားလာဖို့ အရေးကိုသာ နေ့ရှိသမျှ တောင့်တနေရသည်။



ပက်ထရီရှာအား ဘီးတပ်ကုလားထိုင်ဖြင့် သားဖွားခန်းသို့ ခေါ်သွားချိန်တွင် ဆန်ရိုဖေးက သူမ၏လက်ကို ဆုပ်ကိုင်ပြီး ပြောလိုက်သေးသည်။

"ကျေးဇူးတင်ပါတယ် . . . အချစ်ရယ်"

နောက် မိနစ်သုံးဆယ်အကြာတွင် သူမသည် သွေးကြောပိတ်ပြီး သေဆုံးသွားခဲ့သည်။ သူမသည် ခင်ပွန်းသည်၏ ကြီးစွာသောဆန္ဒကို မဖြည့်စွမ်းနိုင်ခဲ့ဟူသော အချက်ကို မသိဘဲ သေဆုံးသွားခြင်းမှာ သူမအဖို့ ကံကောင်းသည်ဟု ဆိုရပေတော့သည်။

ဆမ်ရိုဖေးသည် နာရီမလပ် တရစပ် အလုပ်များနေရသည့်အထဲမှ မရအရ အချိန်ယူပြီး ဇနီးသည်၏ အသုဘကို တခမ်းတနား သဂြိုဟ်သည်။ ပြီးတော့ မွေးကင်းစ သမီးကလေးအတွက် အထူးဂရုစိုက်၍ အစီအစဉ်များ ပြုလုပ်သည်။ တစ်ပတ်အကြာတွင် အယ်လစ်ဇဘက်ကို ဆေးရုံမှအိမ်သို့ ယူလာသည်။ အိမ်ရောက်တော့ ကလေးထိန်း "နန်နီ" တွေတစ်ပုံကြီး လက်ထဲ လွှဲအပ်လိုက်တော့သည်။

ပထမ ငါးနှစ်အတွင်း အယ်လစ်ဇဘက်သည် သူ့ဖေဖေ့ကို မြင်ဖူးတွေ့ဖူးရုံလောက်သာ ရှိသည်။ ခဏလာလိုက် ပြန်ထွက်သွားလိုက်ဖြင့် သူစိမ်းတစ်ရုံဆံထက် နည်းနည်းသာ ပိုသည်။ တစ်ခါတွင် အယ်လစ်ဇဘက်သည် လောင်းအိုင်လင်းကျွန်းမှ သူတို့၏စံအိမ်ကြီးထဲ ရောက်နေသည်ကို တွေ့ရသည်။ နောက်တစ်ပတ်ကြာတော့ ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်း ဘီယာရစ် ကမ်းခြေမြို့ရှိ သူတို့၏တောအိမ်ကြီးသို့ ရောက်နေပြန်သည်။ ခြံမြေဧက ၃၀ ကျယ်၍ အခန်းပေါင်း ၅၀ ရှိသောအိမ်ကြီးထဲရောက်နေသောအခါ အယ်လစ်ဇဘက်မှာ သမုဒ္ဒရာကြီးထဲ ငါးကလေးတစ်ကောင်တည်း နေရသလို ဖြစ်နေတော့သည်။

ထို့ပြင် ဆမ်ရိုဖေးတွင် နယူးယောက်မြို့ ဘီးကမင်းလမ်းမကြီးပေါ်တွင်လည်း အခန်းပေါင်းများစွာ ပါဝင်သော အိမ်ကြီးရှိသည်။ အီတလီနိုင်ငံ ဆာဒင်နီးယားကျွန်းတွင်လည်း စံအိမ်ကြီး ရှိသည်။ ကြီးကျယ်ခမ်းနားမှု အလယ်တွင် ကြီးပြင်းလာခဲ့ရသည်။ သို့သော် သူမသည် အဖော်မဲ့နေသလို အမြဲပင် ခံစားရသည်။ သူမကိုယ်သူမ အခြား

www.burmeseclassic.com

www.burmeseclassic.com



လူတွေနှင့်မတူသော အပြင်လူတစ်ယောက် ဖြစ်နေသည်ဟုထင်သည်။

စဉ်းစားတတ်သောအရွယ် ရောက်လာတော့ ဆမ်ရိုဖေး၏သမီး ဆိုတာ ဘယ်လိုမိန်းမစားမျိုးဖြစ်ရမည် ဆိုသည်ကို အယ်လစ်ဇဘက်က နားလည်လာသည်။ သူမ၏မေမေသည် ကုမ္ပဏီကို အလုပ်အကျွေး ပြုခဲ့ရသည်။ သူမလည်း ကုမ္ပဏီကို အလုပ်အကျွေးပြုရမည်ပင်။ သူမ မှာ မိသားစုဘဝ မရှိဟုဆိုလျှင် မိသားစု မရှိသောကြောင့်ပင် ဖြစ်သည်။

မိသားစုဘဝ ရှိသည်ဟုဆိုလျှင် သူမ မိသားစုမှာ လခစားအိမ် ဖော်များနှင့် အမြဲတမ်း ရပ်ဝေး တစ်နေရာရာသို့ ရောက်နေတတ်သော **သူမ၏** ဖခင်ကြီးတို့သာ ဖြစ်သည်။ ဖခင်ကြီးမှာလည်း သမီးထက် အလုပ်ကိုပိုချစ်သူဖြစ်သည်ဟု သူမက စွဲပိုက်ထားသည်။ သူမ၏မိခင် သည် ကြုံလာရသော အခြေအနေကို လက်ခံနိုင်စွမ်း ရှိခဲ့သည်။ ဒါပေ မယ့် . . လူမမယ် သမီးကလေးအဖို့တော့ အလွန်အခံရခက်လှသည်။ တဖြည်းဖြည်းနှင့် လူတွေက သူမကို ကြဉ်စပြုလာကြသည်။ မုန်းစ ပြုလာကြသည်။ ဒီပြဿနာကို ဘယ်လိုဖြေရှင်းရမည်ဆိုတာလည်း လုံးဝ မစဉ်းစားတတ်။ **နောက်ဆုံးတော့** ဘယ်သူမပြု မိမိမှုဟုသာ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိတော့သည်။

သူမသည် ဖခင်ကြီး၏ အချစ်ကိုရရန် အချိန်ရတိုင်း ပျာပျာသလဲ ကြိုးစားသည်။ ကျောင်းနေချိန်ရောက်တော့လည်း ထွေထွေရာရာ ရုပ်ပုံ ကလေးများနှင့် ရေဆေးပန်းချီပုံကလေးများ ဆွဲသည်။ စက္ကူဆေးလိပ် ပြာခွက်ကလေးများ လုပ်သည်။ ယင်းတို့ကို သူမက ရင်အုပ်မကွာ အမြတ်တနိုး သိမ်းထားသည်။ ဖခင်ကြီး နိုင်ငံခြားခရီးမှ ပြန်လာလျှင် လက်ဆောင်ပေးမည်။ သူ့သမီး လက်ရာများကို မြင်ရတော့ ဖခင်ကြီး က အံ့သြဝမ်းသာဖြင့် "လှလိုက်တာ . . . သမီးရယ်၊ သမီးလေးက သိပ်တော်တာပဲ" ဟု သူမကို ရင်ခွင်တွင် ပွေ့ပိုက်ရင်း ချီးမွမ်းပေလိမ့် မည်။

သို့သော် လက်တွေ့ဘဝကတော့ အယ်လစ်ဇဘက် တွေးသလို မဟုတ်။ ဖခင်ကြီးက သူ့သမီးငယ်၏ လက်ဆောင်များကို ကြည့်ပြီး၊ ခေါင်းညိတ်သည်။ ခေါင်းခါသည်။ ပြီးတော့ . . .



"သမီး ဘယ်တော့မှ အနုပညာသမား မဖြစ်နိုင်ပါဘူး . . . သမီး ရယ်" တဲ့။

တစ်ခါတစ်ရံ အယ်လစ်ဇဘက်သည် သန်းခေါင်ချိန်တွင် အိပ်ရာ မှ ရုတ်တရက် နိုးလာတတ်သည်။ သူမသည် လေတဟူးဟူးတိုက်နေ သော လှေကားရှည်ကြီးမှ တစ်လှမ်းချင်းဆင်းကာ ကျယ်ဝန်းသော ခန်းဆောင်ကြီးကို ဖြတ်လျှောက်လာပြီး ဖခင်ကြီး၏ အခန်းဆီသို့ ရှေးရှု လာခဲ့သည်။ သူမသည် ဘုရားဆောင်တစ်ခုသို့ ဝင်ရသည့်ခံစားချက် မျိုးဖြင့် ဖခင်ကြီး၏အခန်းသို့ ဝင်လာသည်။

ဤအခန်းသည် ဖေဖေကြီးအခန်းဖြစ်သည်။ ဤအခန်းတွင် ဖေ ဖေကြီး အလုပ်လုပ်သည်။ လုပ်ငန်းဆိုင်ရာ အရေးကြီးသော စာရွက် စာတမ်းများကို ဤအခန်းတွင်ပင် ဖေဖေကြီး လက်မှတ်ထိုးသည်။ ဤအခန်းမှထိုင်ကာ ဖေဖေကြီးသည် ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီ ခွဲများကို အုပ်ချုပ်သည်။ အယ်လစ်ဇဘက်သည် သားရေကွပ် စားပွဲကျယ်ကြီး ဆီသို့ လျှောက်လာသည်။ စားပွဲကို သူမ၏လက်ဖြင့် အသာအယာ ပွတ်ကြည့်သည်။ ပြီးတော့ သားရေဖုံး ကုလားထိုင်တွင် ဝင်ထိုင်သည်။ သူမသည် ဖေဖေကြီးအနားသို့ ရောက်နေသလို ထင်မှတ်မိ သည်။

အခန်းထဲတွင် ဖေဖေကြီး ရှိနေသလို ထင်ရသည်။ စိတ်ကူးထဲ တွင် ဖေဖေကြီးနှင့် စကားပြောကြည့်သည်။ သူမ ပြောသမျှကို ဖေဖေ ကြီးက စိတ်ဝင်စားစွာ နားထောင်နေသည်။

တစ်ညတွင် အယ်လစ်ဇဘက်သည် ထုံးစံအတိုင်း မှောင်ကြီးမဲမဲ ထဲမှ ဖေဖေကြီး စားပွဲတွင် ထိုင်နေသည်။ ရုတ်တရက် အခန်းမီးလင်း သွားသည်။ တံခါးဝတွင် ဖေဖေကြီး ရပ်နေသည်။ ညအိပ်ဝတ်ရုံကြီး ဝတ်ကာ သူ့စားပွဲ၌ ထိုင်နေသော သမီးငယ်အား ဖေဖေကြီးက စိုက် ကြည့်နေသည်။

"မှောင်ကြီးမည်းမည်းထဲ တစ်ယောက်တည်း ဘာလုပ်နေတာလဲ . . . သမီး"

ထို့နောက် ဖေဖေကြီးက သမီးငယ်ကို ပွေ့ချီပြီး အိပ်ခန်းသို့ လာခဲ့သည်။ သူမကို ခုတင်ပေါ်တွင် ပြန်သိပ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က အယ်လစ်ဇဘက်သည် အိပ်မပျော်ဘဲ မိုးစင်စင်လင်းသွားခဲ့သည်။ သူမအား ဖေဖေကြီး ပွေ့ချီခဲ့သည်ကို တွေးပြီး အလွန်ပျော်နေသည်။

နောက်ပိုင်းတွင်လည်း သူမသည် ဖေဖေကြီး အခန်းသို့ ညတိုင်းဆင်းသွားပြီး ကုလားထိုင်တွင် ထိုင်ကာ ဖေဖေကြီးအလာကို မျှော်သည်။ သို့သော် ဖေဖေကြီးကား နောက်ထပ် ပေါ်မလာတော့။

သူမ၏ မေမေအကြောင်းကို တစ်အိမ်လုံးတွင် ဘယ်သူမှ စကားစပင် ဖော်မပြောကြ။ မေမေ၏ လှပသော ကိုယ်လုံးပေါ် ဓာတ်ပုံကြီးကတော့ ဧည့်ခန်းတွင် အမြဲရှိနေသည်။ မေမေ့ဓာတ်ပုံကို သူမက အကြာကြီး ရပ်ကြည့်နေတတ်သည်။ ပြီးတော့ သူမကိုယ်သူမ မှန်ထဲပြန်ကြည့်မိသည်။ သူမက မေမေလောက် မလှ။ ဒါကြောင့်လည်း ဖေဖေကြီးက သူမကို ဂရုမစိုက်တာပဲဟု တွေးမိသည်။ ထိုအခါ သူမသည် ကိုယ်ရောစိတ်ပါ နွမ်းခွေပျော့ကျသွားတော့သည်။

★

အယ်လစ်ဇဘက် ၁၂ နှစ်သမီးအရွယ်ရောက်တော့ နယူးယောက်မြို့ အရှေ့မင်ဟက်တန်ရပ်ကွက်မှ နာမည်ကြီး အလွတ်ပညာသင်ကျောင်းတွင် စတင် ပညာသင်ရသည်။ သူမသည် ရိုးလ်စ်ရွိုက်စ်ကားကြီးဖြင့် ကျောင်းသို့ ရောက်လာသည်။ အခန်းထဲဝင်ပြီး စားပွဲတွင် ထိုင်သည်။ တစ်ချိန်လုံး ငြိမ်နေသည်။ ဘယ်သူနှင့်မျှ စကားမပြော။ ဘယ်သူ့ကိုမှ ဂရု မစိုက်။ မသိတာကိုလည်း ဘယ်တော့မှ မေးခွန်း မထုတ်။ ဆရာက အတင်း မေးခွန်းထုတ်ပြန်တော့လည်း ဘာကိုမှ ဟုတ်တိပတ်တိ မဖြေနိုင်။

နောက်တော့ ဆရာတွေက သူမကို ပေယျာလကန် ပစ်ထားလိုက်တော့သည်။ ဆရာတွေက အယ်လစ်ဇဘက်အား အလိုလိုက်လွန်း၍ ပျက်စီးနေသော မိန်းကလေးဟု သဘောထားလိုက်ကြသည်။ အတန်းပိုင်ဆရာက ကျောင်းအုပ်ဆရာမကြီးထံသို့ ပညာရည်ပြ



...ဉ့်ဇက်အစီရင်ခံစာ တင်ရာတွင်လည်း . . .

"အယ်လစ်ဇဘက်ရိုဖေးအား တိုးတက်အောင်လုပ်ရန် မလွယ်...။ သူမသည် အတန်းသူများနှင့် မတူမတန်သလို ပြုမူနေထိုင်သည်။ ...ပေါင်းလုပ်ငန်းများတွင် လုံးဝ ပါဝင်ခြင်း မရှိ။ မိတ်ဆွေဖွဲ့ရန် စိတ်မဝင်...။ သူမ၏ ပညာရည်မှာလည်း ကျေနပ်စရာ မရှိ။ မကြိုးစား၍လား၊ ...ိုက်နိုင်၍လား ဆိုသည်ကို သိရန် ခက်သည်။ သူမသည် အကျိုး...ဆောင် စေတနာရှင်ကြီးတစ်ဦး မဟုတ်ခဲ့လျှင် ကျွန်ုပ်က သူမအား ...ကျောင်းထုတ်ပစ်ရန် လေးလေးနက်နက် ထောက်ခံမည် ဖြစ်ပါသည်" ...၍ ပြင်းပြင်းထန်ထန် မှတ်ချက်ချခဲ့သည်။

အဖြစ်မှန်ကတော့ အစီရင်ခံစာနှင့် တခြားစီဖြစ်သည်။ စင်စစ် ...မသည် အထီးကျန် အဖော်မဲ့နေသော မိန်းကလေး ဖြစ်သည်။ သူမ...ွင် အကာအကွယ်မရှိသလို ခံစားနေရသည်။ သူမကိုယ်သူမ တန်ဖိုး...သော မိန်းကလေးတစ်ယောက်အဖြစ် မမြင်၊ ကိုယ့်ဘဝကိုတွေးပြီး ...ငယ်စိတ်ပျက်နေသည်။ မိတ်ဆွေဖွဲ့ရမည်ကို ကြောက်နေသည်။ ...မ၏ အထီးကျန်ဘဝ၊ တန်ဖိုးမဲ့သောဘဝကို သူစိမ်းတွေ သိကုန်မည်...ို ကြောက်နေသည်။

တကယ်တော့ သူမသည် ဗီဇအားဖြင့် မာနကြီးသူ မဟုတ်။ ...တွင်းစိတ်က အရှက်လွန်ပြီး ပတ်ဝန်းကျင်ကို လန့်နေခြင်းသာ ဖြစ်...သည်၊ သူမသည် သူမ၏ဖခင်ကြီး နေထိုင်သော ပတ်ဝန်းကျင်နှင့် ...မပတ်သက်ဟု ထင်နေသည်။ သူမသည် ဘယ်ပတ်ဝန်းကျင်၊ ...ယ်အသိုင်းအဝိုင်းနှင့်မျှ မဆိုင်ဟု ထင်နေသည်။ ရိုးလ်စ်ရွိုက်ကားကြီး ...ကျောင်းတက်ရသည်ကို သူမ မကြိုက်။ သူမနှင့် မထိုက်တန်ဟု ...င်သည်။

တသင်ခန်းထဲတွင် ဆရာများ မေးသမျှကိုလည်း သူမက မသိ...တာ တစ်ခုမကျန် သိသည်ပင်။ သို့သော် သူမက စကားပြောရမှာ...ကြောက်နေသည်။ သူမကို လူတွေ ဝိုင်းကြည့်မှာကို ရှက်နေသည်။

အမှန်က သူမသည် အလွန်စာဖတ်သူဖြစ်သည်။ တစ်ညလုံး ...ဘဲ ဖတ်လေ့ရှိသည်။ တစ်အုပ်ပြီးတစ်အုပ် စားပစ်သလား ထင်ရ

www.burmeseclassic.com

www.burmeseclassic.com



မတတ် ဖတ်သည်။

သူမသည် အချိန်တိုင်း နေ့ခင်းကြောင်တောင် စိတ်ကူးအိပ်မက် မက်နေတတ်သည်။ ကိုယ်ဖြစ်ချင်တာကို ကိုယ့်စိတ်ကြိုက် ဖန်ဆင်းထားတာမို့ သူမ၏အိပ်မက်များမှာ အလွန်ချစ်စရာ ကောင်းကြသည်။

သူမသည် ဖခင်ကြီးနှင့်အတူ ပြင်သစ်နိုင်ငံ ပါရီမြို့တော်သို့ ရောက်သွားသည်။ တစ်နေ့တွင် သားအဖနှစ်ယောက် မြင်းရထားဖြင့် မြို့လယ်လမ်းမကြီးကို ဖြတ်ပြီး ကုမ္ပဏီရုံးခွဲသို့ လာခဲ့ကြသည်။ ရုံးခန်းကြီးမှာ စိန့်ပတ်ထရစ် ဘုရားရှိခိုးကျောင်းခန်းမကြီးတမျှ ကျယ်ပြောခမ်းနားသည်။ အမှုထမ်းတွေက စာရွက်စာတမ်းများနှင့် ဖိုင်တွဲများကို ပိုက်ကာ ဆမ်ရိုဖေးစားပွဲသို့ လာတင်ကြသည်။

"အဲဒါတွေ ထားလိုက်စမ်းပါ၊ ငါ အလုပ်များနေတာ မင်းတို့ မမြင်ဘူးလား၊ ငါ့သမီး အယ်လစ်ဇဘက်နဲ့ ငါ စကားပြောနေတယ်"

ဆမ်ရိုဖေးက အမှုထမ်းများကို မောင်းထုတ်ပစ်လိုက်သည်။

ထို့နောက် သားအဖနှစ်ယောက် ဆွစ်ဇာလန်သို့သွားပြီး ရေခဲပြင် စကိတ်စီးကြသည်။ မတ်စောက်သော ဆင်ခြေလျှောတစ်နေရာတွင် နှစ်ယောက်သား ဘေးချင်းယှဉ်ပြီး စီးဆင်းလာကြသည်။ ရုတ်တရက် ဖခင်ကြီး ချော်လဲသွားသည်။ နာလွန်း၍ အော်ညည်းလိုက်သည်။ သူ့ခြေထောက် ကျိုးသွားခဲ့ပြီ။ အယ်လစ်ဇဘက်က မျက်ကလူးဆန်ပြာ ဖြစ်သွားပြီး "ဖေဖေ ကိစ္စမရှိဘူး၊ သမီး ပြုစုမယ်၊ မကြာခင် ကောင်းသွားမှာပါ" ဟု ဖခင်ကြီးအား အားပေးစကား ပြောလိုက်သည်။

ပြီးတော့ သူမက စကိတ်စီးပြီး ဆေးရုံသို့ ကမန်းကတန်း လာခဲ့သည်။ "မြန်မြန်လုပ်ကြပါ . . . မြန်မြန် . . . မြန်မြန်၊ ကျွန်မဖေဖေ ခြေထောက်နာသွားတယ်"

ဝတ်ရုံဖြူဝတ် လူပေါင်းတစ်ဒါဇင်လောက်က ဆမ်ရိုဖေးကို လူနာတင်ကားပေါ်တင်ပြီး ဆေးရုံသို့ သယ်လာခဲ့ကြသည်။ အယ်လစ်ဇဘက်မှာ ဖခင်ကြီးခုတင်နားမှ တစ်ဖဝါး မခွာ။ ၂၄ နာရီ မထတမ်း ပြုစုပေး နေသည်။ ထိုအချိန်တွင် သူမ၏မိခင်သည် တစ်နည်းနည်းဖြင့် အသက် ပြန်ရှင်လာပြီး ဆေးရုံခန်းထဲသို့ ရောက်လာခဲ့သည်။ ဖခင်ကြီးက ရုတ်



တရက် အိပ်ရာမှ လူးလဲထလိုက်သည်။

"သွား . . . သွား . . . မင်းကို ငါ မကြည့်ချင်ဘူး၊ ဒီမှာ ငါ့သမီး အယ်လစ်ဇဘက် ရှိနေပြီ၊ ငါ ပြောနေတယ်၊ မြန်မြန် ပြန်ထွက်သွား"

တစ်ခါတစ်ရံ သူမ၏စိတ်ကူးအိပ်မက်သည် ဆာဒင်းနီးယားကျွန်း ပေါ်မှ စံအိမ်ကြီးဆီသို့ ရောက်သွားတတ်သည်။ အိမ်ကြီးတွင် အိမ်ဖော် တွေ တစ်ယောက်မျှ မရှိ။ သူမနှင့် ဖခင်ကြီးတို့သာ ရှိနေကြသည်။ သူမကိုယ်တိုင်ပင် မီးဖိုထဲဝင်သည်။ ဖခင်ကြီးကြိုက်တတ်သော ဟင်း လျာတွေကို ဖွယ်ဖွယ်ရာရာ ချက်သည်။ ဖခင်ကြီးက သူမ ချက်ကျွေးသော ဟင်းမျိုးစုံကို ပလုပ်ပလောင်း စားရင်းမှ . . .

"မြန်လိုက်တာ သမီးရယ်၊ ဖေဖေ့သမီးကြီးက အမေထက်တောင် တော်နေပါရောလား"

ထိုအချိန်တွင် အိမ်ရှေ့တံခါးမှ လူခေါ်ခေါင်းလောင်းသံ ကြား လိုက်ရသည်။ သူမ၏ဖခင်ကြီး အရပ်ထက်မြင့်သော လူတစ်ယောက် ဝင်လာသည်။ ထိုလူက အယ်လစ်ဇဘက်အား လက်ထက်ခွင့်တောင်း သည်။ ဤတွင် ဖခင်ကြီးက "ဖေဖေ့ကို ပစ်မသွားပါနဲ့ သမီးရယ်၊ သမီးကို ဖေဖေ မခွဲနိုင်ပါဘူးကွယ်"

အယ်လစ်ဇဘက်ကလည်း ဖခင်ကြီးအား ဘယ်တော့မှမခွဲရန် ကတိပြုသည်။ သို့သော် ဒါတွေက တကယ်မဟုတ်။ အယ်လစ်ဇဘက် ၏ စိတ်ကူးအိပ်မက်မျှသာ။

★

အယ်လစ်ဇဘက် နေထိုင်ကြီးပြင်းခဲ့ရသော အိမ်များအနက် သူမ အကြိုက်ဆုံးမှာ ဆာဒင်းနီးယားမှ စံအိမ်ကြီး ဖြစ်သည်။ ဒီအိမ်ကြီးက အမည်နှင့်လိုက်အောင် ကြီးလည်းကြီးသည်။ ခမ်းလည်း ခမ်းနားသည်။ သူမအဖို့ နေသားအကျဆုံး အိမ်ကြီးလည်း ဖြစ်သည်။

တကယ်တော့ အယ်လစ်ဇဘက်က စံအိမ်ကြီးကိုသာ သဘောကျသည်မဟုတ်။ ဆာဒင်းနီးယားကိုလည်း သဘောကျသည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ဆာဒင်းနီးယားမှာ ကျောက်ဆောင် ကျောက်ကမ်းပါးများ ဝိုင်းရံလျက်ရှိပြီး အလွန်စိတ်လှုပ်ရှားစရာကောင်းသော ကျွန်းတစ်ကျွန်း ဖြစ်သည်။ အနောက်တောင် အီတလီကမ်းရိုးတန်းမှ မိုင် ၁၆၀ အကွာတွင် တည်ရှိသည်။ ညို့ညို့မှိုင်းမှိုင်း တောင်တန်းတောင်စွယ်များ၊ ပြာလဲ့လဲ့ ပင်လယ်ရေပြင်နှင့် စိမ်းစိုသော ယာခင်းကြီးများကို မြင်ရသည်မှာ မျက်စိပသာဒလှသလောက် ရင်ထဲတွင်လည်း အေးငြိမ့်မှုရသလိုခံစားရသည်။

သဘာဝအလျောက် ဖူးပွင့်နေကြသော ပန်းမျိုးစုံတို့၏ ရနံ့များနှင့် လှိုင်းပုတ်သံများက ကျွန်း၏အလှကို ပို၍လှအောင် ဖြည့်စွက်ပေးနေသလို ထင်မှတ်ရသည်။

အထူးသဖြင့် တောပန်း၊ တောင်ပန်းများနှင့် ပင်လယ်ရေပြင်တို့ကို ကျော်ဖြတ်လာသော လေညင်း မြမြကလေးကို ရှူရှိုက်ရသည်မှာ မဝ,နိုင်အောင် ရှိလှသည်။

တစ်ခါတစ်ရံ ရာသီလိုက်၍ လေပြင်းများနှင့် မုန်တိုင်းငယ်များလည်း တိုက်ခတ်လာတတ်သည်။ တစ်ခါတစ်ရံ ဆာဟာရ သဲကန္တာရမှ လာသော လေပူများကိုလည်း ရှူရှိုက်ရသည်။ အယ်လစ်ဇဘက်က အဲဒါတွေ အားလုံးကို သဘောကျသည်။ နှစ်သက်သည်။

ရိုဖေးစံအိမ်ကြီးကို ကုန်းမြင့်ပေါ်တွင် တည်ဆောက်ထားသောကြောင့် ပင်လယ်ပြင်ကို အပေါ်စီး မြင်နေရသည်။ အောက်ဘက်ခပ်လှမ်းလှမ်းရှိ စိမ်းလန်းသော ကုန်းမြင့်ကလေးများကြားမှ သင်္ဘောဆိပ်ကို လှမ်းမျှော်ကြည့်လိုက်လျှင် လက်ရာမြောက်သော ရေဆေးပန်းချီကားတစ်ချပ်ကို ကြည့်ရသလို ရင်ထဲတွင် တလှပ်လှပ် ခံစားရသည်။

စံအိမ်ကြီးကို ရဲတိုက်ကြီးတစ်ခုပမာ ကျောက်သားများဖြင့် ခိုင်ခံ့စွာ ဆောက်လုပ်ထားသည်။ ခမ်းနားလှသော အခန်းကျယ်ကြီးများမှာ နန်းဆောင်တမျှ ထင်ရသည်။ အခန်းတိုင်းတွင်လည်း နိုင်ငံခြားဖြစ် အဖိုးတန် ပန်းချီကားများ၊ ပရိဘောဂများ၊ ကော်ဇောများနှင့် ပြည့်နှက်နေသည်။ ဧည့်ခန်းမကြီးနံရံတွင် အယ်လစ်ဇဘက်၏ ဘိုးဘင်များဖြစ်ကြသော ဆင်မြူရယ်ရိုဖေးနှင့် တီရင်နီယာရိုဖေးတို့၏ ကိုယ်လုံးပေါ် ပုံတူကားကြီးကို ထည်ဝါခန့်ညားစွာ ချိတ်ဆွဲထားသည်။





တစ်အိမ်လုံးတွင် အယ်လစ်ဇဘက် အကြိုက်ဆုံးမှာ ဆင်ခြေလျှောအုတ်ကြွပ်မိုးထားသော အပေါ်ဆုံးထပ် မျှော်စင်ခန်း ဖြစ်သည်။ ၎င်းအခန်းသို့ ဒုတိယထပ်ရှိ ကြောင်လိမ်လှေကားမှ တက်ရသည်။ အယ်လစ်ဇဘက်၏ဖခင် ဆမ်ရိုဖေးက ဤအခန်းကို စာကြည့်ခန်းအဖြစ် အသုံးပြုသည်။ အခန်းထဲတွင် အလုပ်စားပွဲကြီးတစ်လုံးနှင့် ဆုံလည်ကုလားထိုင် တစ်လုံးရှိသည်။ အခန်းနံရံများတွင် စာအုပ်များပြည့်နေသော နံရံကပ်ဗီရိုများနှင့် မြေပုံကားချပ်ကြီးများ ရှိသည်။ မျှော်စင် လသာဆောင်ကလေးမှ အပြင်သို့ ကြည့်လိုက်လျှင် မြင်ရသော ရှုခင်းမှာ ရင်သပ်ရှုမောစရာ ဖြစ်သည်။

အယ်လစ်ဇဘက် ၁၃ နှစ် သမီးအရွယ်တွင် သူမ၏မျိုးရိုးဇစ်မြစ်ကို ဒီစံအိမ်ကြီး၌ ရှာဖွေတွေ့ရှိခဲ့သည်။ ထိုအချိန် ထိုကာလမှစ၍ သူမသည် ရိုဖေးမျိုးဆက်ဝင်တစ်ဦး ဖြစ်ကြောင်း၊ ရိုဖေးမျိုးဆက်၏ အစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်း၊ ပထမဆုံးအကြိမ် အတိအကျ သိရှိခဲ့ခြင်း ဖြစ်သည်။

★

ထိုနေ့က အယ်လစ်ဇဘက်၏ ဖေဖေသည် အော်လဘီးယားသို့ ကားဖြင့် ထွက်သွားခဲ့သည်။ အယ်လစ်ဇဘက်သည် စံအိမ်ကြီး၏ အပေါ်ထပ်ရှိ မျှော်စင်ခန်းသို့ ကြောင်လိမ်လှေကားမှ တက်လာခဲ့သည်။

သူမသည် နံရံကပ်ဗီရိုများမှ စာအုပ်များကို လုံးဝ စိတ်ဝင်စားခြင်း မရှိ။ ဒီစာအုပ်များမှာ အားလုံးလိုလို ဆေးပညာဆိုင်ရာ ခေတ်ဟောင်း ခေတ်သစ်ကျမ်းများ၊ စီးပွားရေး စာအုပ်များနှင့် နိုင်ငံတကာ ဥပဒေစာအုပ်များသာဖြစ်ကြောင်း သူမက သိထားပြီး ဖြစ်သည်။ ဒီလို ဘာသာရပ်ဆိုင်ရာ စာအုပ်များကို ဖတ်ရသည်မှာ အလွန်ငြီးငွေ့စရာကောင်းသည်ဟု သူမက ထင်သည်။

အချို့မှာ ရှားပါးလက်ရေး စာမူများ ဖြစ်သည်။ ယင်းတို့ကို မှန်ဗီရိုများတွင် တရိုတသေ သိမ်းဆည်းထားသည်။ အလယ်ခေတ်က ရေး



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သော လက်တင်ဘာသာ ဆေးကျမ်းများလည်း ရှိသည်။ အယ်လစ်ဇဘက်မှာ လက်တင်ဘာသာ သင်ယူနေသူဖြစ်၍ လက်တင်ဘာသာဖြင့် ရေးသားထားသော ဆေးကျမ်းစာအုပ်ကို အမှတ်မထင် ကြည့်ချင်စိတ် ပေါ်လာသည်။

ထို့ကြောင့် သူမက ဗီရိုမှန်တံခါးကို တွန်းဖွင့်လိုက်သည်။ ထိုစာအုပ်နောက်တွင် အခြားအမည်မသိ စာအုပ်ကြီး တစ်အုပ်ကို ရုတ်တရက် မျက်စိကျမိသည်။ သို့ဖြင့် သူမက ယင်းစာအုပ်ကို လှမ်းယူလိုက်သည်။ သေသေသပ်သပ် ချုပ်ထားသော သားရေဖုံး စာအုပ်ထူကြီး ဖြစ်သည်။ သို့သော် အပေါ်ဖုံးတွင် စာအုပ်နာမည်ကိုတော့ ရေးမထား။

အယ်လစ်ဇဘက်က သိလိုဇောဖြင့် စာအုပ်ကို လှန်ဖွင့်လိုက်သည်။ ထိုအချိန်ကာလသည် သူမအဖို့ ကမ္ဘာသစ်တစ်ခု၏တံခါးကို ဖွင့်လိုက်ခြင်းပင် ဖြစ်တော့သည်။

ထိုစာအုပ်မှာ တခြားစာအုပ် မဟုတ်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသား၍ သိုးကလေးသားရေပေါ်တွင် အထူးစပယ်ရှယ်ပုံနှိပ်ထားသော အတ္ထုပ္ပတ္တိစာအုပ်ကြီး၊ သူမ၏ဘိုးဖြစ်သူ ဆင်မြူရယ်ရိုဖေး၏ အတ္ထုပ္ပတ္တိစာအုပ်ကြီးပင် ဖြစ်လေသည်။

စာအုပ်တွင် စာရေးဆရာနာမည် မပါ။ ရေးသားပြီးစီးသော ခုနှစ်သက္ကရာဇ်ကိုလည်း ဖော်ပြမထား။ သို့သော် ဒီစာအုပ်ကြီး၏သက်တမ်းမှာ အနည်းဆုံးနှစ်ပေါင်း တစ်ရာတော့ ရှိပေရော့မည်ဟု အယ်လစ်ဇဘက်က ခန့်မှန်းသည်။ နှစ်ကာလတာရှည်၍ အချို့စာမျက်နှာများတွင် စာလုံးများ မှေးမှိန်နေကြပြီ။ အချို့မှာ နဂိုရောင်ပျက်ပြီး ဝါကျန့်ကျန့်ဖြစ်နေကြပြီး အချို့လည်း ဆွေးရိစပြုနေကြပြီ။

သို့သော် ဒါတွေက အရေးမဟုတ်။ စာအုပ်တွင် ရေးသားထားသော အကြောင်းအရာ ဇာတ်လမ်းသာ အဓိကဖြစ်သည်။ ဒီဇာတ်လမ်းသည် အောက်ထပ် ခန်းမဆောင်နံရံတွင် ချိတ်ဆွဲထားသော ပုံတူကားကြီးများကို အသက်သွင်းပေးလိုက်သည့် ဇာတ်လမ်းဖြစ်သည်။ အယ်လစ်ဇဘက်သည် သူမဘိုးဘင်များ၏ ပုံတူကားကြီးများကို အကြိမ်ပေါင်းတစ်ရာမက ကြည့်ခဲ့ မြင်ခဲ့ရပြီး ဖြစ်သည်။ သူမ၏ အဘိုးမှာ



ခံ့ညားသော အားမာန်နှင့် အသိဉာဏ်တို့ကို မြင်တွေ့ရသည်။ ဆံပင်ကောင်းကောင်း၊ မေးရိုးကားကားနှင့်စူးရှသော မျက်လုံးပြာများက ခန့်ညားသော ရုပ်သွင်ကို ဖော်ပြနေသည်။

အဘွားကတော့ အလှမယ်တစ်ပါး ဖြစ်သည်။ နက်မှောင်သော ဆံပင်၊ ညက်ညောသော အသားအရေနှင့် မဟူရာ မျက်လုံးတို့၏ ပိုင်ရှင် ဖြစ်သည်။ ဒီပုဂ္ဂိုလ်နှစ်ဦးတို့သည် ယခင်က အယ်လစ်ဇဘက်အဖို့ သူစိမ်းပြင်ပြင် ဖြစ်နေခဲ့ကြသည်။ သူမနှင့်ဘာမှ မပတ်သက်သလို အဆက်ပြတ်နေခဲ့ကြသည်။

သို့သော် ယခုတော့ သူမ အမှတ်မထင် တွေ့ရသော အတ္ထုပ္ပတ္တိ စာအုပ်ကြီးကို ဖွင့်ဖတ်လိုက်သည့် အချိန်မှစ၍ ဆင်မြူရယ်ရိုဖေးနှင့် ဘီရင်နီယာရိုဖေးတို့မှာ အသက်ဝင်လှုပ်ရှားလာခဲ့ကြသည်။

အယ်လစ်ဇဘက်မှာလည်း သူမ၏ ဘိုးဘင်များနှင့်အတူ ဟိုလွန်လေပြီးသော ၁၈၈၅ ခုနှစ်ကာလမှ ပိုလန်နိုင်ငံ၊ ကရာကိုးမြို့သို့ ရောက်ရှိသွားခဲ့သည်။

အယ်လစ်ဇဘက်က စာအုပ်ကြီးကို တစ်ရွက်ပြီးတစ်ရွက် အငမ်းမရ လှန်လှော၍ဖတ်ရှုနေသည်။ ဖတ်ရင်းဖတ်ရင်း သူမသည် သူမ၏ မိသားစု မျိုးဆက်သမိုင်းကို ပို၍ပို၍ သိလာရသည်။

သူမ၏ အဘိုးဖြစ်သူ ဆင်မြူရယ်ရိုဖေးကား သာမန်ပုဂ္ဂိုလ်တစ်ဦး မဟုတ်၊ "ရိုဖေးနှင့်သားများ ကုမ္ပဏီကြီး" ကို လက်မွန်မဆွ တည်ထောင်ခဲ့သူ ဖြစ်သည်။ စိတ်ကူးဉာဏ် ဆန်းပြားသော စွန့်စားလိုစိတ်ပြင်းပြသော ပုဂ္ဂိုလ်လည်း ဖြစ်သည်။

ထို့ပြင် . . . ထို့ပြင် . . . လူသတ်သမား တစ်ဦးလည်း ဖြစ်သည်ဟူ၍။ ။

★ ↔ ★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၈ )

အယ်လစ်ဇဘက်သည် အတ္ထုပ္ပတ္တိစာအုပ်ကြီးကို စိတ်ဝင်စားစွာဖြင့် ဆက်ဖတ်နေသည်။

၁၈၅၅- ခုနှစ်။ ဂျူးလူမျိုးများအား အစုလိုက် အပြုံလိုက် သတ်ဖြတ်နေသော ကာလ။

ထိုအချိန်က ဆင်မြူရယ်ရှိဖေးမှာ ငါးနှစ်သာအရွယ်မျှသာ ရှိသေးသည်။ သို့သော် သူ့မိခင်ကြီး အသတ်ခံရပုံကို သူက မနေ့တစ်နေ့ကလိုပင် မြင်ယောင်နေသေးသည်။

တစ်မြို့လုံး နေရာအနှံ့ ဆူပူသတ်ဖြတ်မှုများ ဖြစ်ပွားနေချိန်တွင် ဆင်မြူရယ်သည် ကရာကိုးမြို့စွန်ရှိ ဆင်းရဲသားရပ်ကွက်မှ သူတို့မိသားစု၏ သစ်သားအိမ်ကလေးထဲတွင် ပုန်းနေခဲ့သည်။ အချိန်အတန်ကြာ၍ ဆူပူမှုများ၊ ငြိမ်းအေးသွားသောအခါ ဆင်မြူရယ်ကလေးသည် သူ့မိခင်ကို ရှာဖွေရန် ပုန်းနေရာမှ လမ်းကြားထဲသို့ထွက်လာခဲ့သည်။ လမ်းကြားထဲတွင် အသံဗလံဆို၍ မသေဘဲ ကျန်ရစ်သူများ၏ ငိုကြွေးသံများကိုသာ ကြားနေရသည်။

အခြေအနေမှာ တစ်ကမ္ဘာလုံး မီးလောင်တိုက်ထဲ အမြိုက်ခံရသလို ထင်ရသည်။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် မည်းနက်သောမီးခိုးလုံးကြီးများသာ ပိတ်ဖုံးနေသည်။ မီးရောင်ကြောင့် ကောင်းကင်တစ်ခွင်တစ်ပြင်လုံး နီရဲနေသည်။ ပေါက်ပြားမိန်းမ အရွယ်စုံလူအုပ်ကြီးသည် ဦးတည်ရာသို့ သွေးရူးသွေးတန်း လျှောက်ပြေးနေကြသည်။ သူတို့သည် ပျောက်ဆုံးနေသော မိသားစုကြီးအား ရင်ဘတ်စည်တီး ငိုကြီးချက်မ ရှာဖွေနေကြခြင်း ဖြစ်သည်။

ဘယ်နေရာပဲကြည့်လိုက် ကြည့်လိုက် လူသေအလောင်းကောင်များကိုသာ တွေ့ရသည်။

မြင်မကောင်း ရှုမကောင်း ရိုက်သတ် ခုတ်ထစ်ထားသော အလောင်းများ . . . ၊ မုဒိမ်းကျင့်ပြီး ရက်ရက်စက်စက် သတ်ဖြတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သော အဝတ်မပါ ဗလာကိုယ်တီး အမျိုးသမီးများ . . .၊ သေခြင်းဆိုးဖြင့် မရှုမလှ သေနေကြသော လူမမယ်ကလေးငယ်လေးများ . . .၊ မသေမရှင် သွေးဗွက်ထဲ လူးလိမ့်နေကြသော ယောကျ်ားမိန်းမ၊ ကလေးလူကြီးများ၊ ကြားရသူ ရင်ပွင့်မတတ် ခံစားရသော ဆို့ဆို့နင့်နင့် ငိုကြွေးမြည်တမ်းသံများ . . .။

"မေမေ . . . မေမေ"

မေမေက မျက်လုံးကို အားယူဖွင့်ကြည့်သည်။ သားငယ်၏ မျက်နှာကို မြင်ရပြီ။ စကားပြောရန် အားတင်းကြိုးစားသည်။ သို့သော် နှုတ်ခမ်းများသာ လှုပ်ရှားနိုင်တော့သည်။ စကားလုံးများ ထွက်မလာတော့။ သူက မေမေ့အသက်ကို ဖြစ်သည့်နည်းဖြင့် ကယ်တင်လိုသည်။ သို့သော် ဘယ်လိုကယ်ရမည်ကို သူ မသိ။

ထို့ကြောင့် အမေ့မျက်နှာမှ သွေးများကို လက်ဖြင့် အသာအယာ သုတ်ပေးသည်။ ထိုခဏ၌ပင် မေမေသည် သူမ၏ အသက်တမျှ ချစ်မဝသော သားငယ်နှင့်တကွ လောကကြီး တစ်ခုလုံးကို စွန့်ခွာသွားခဲ့လေတော့သည်။

ထိုအချိန်မှစ၍ ဆင်မြူရယ်သည် သူ့ကိုယ်သူ ဆရာဝန်ဖြစ်အောင် ကြိုးစားရန် ဆုံးဖြတ်လိုက်သည်။

ဆင်မြူရယ်တို့မိသားစုသည် သုံးထပ်သစ်သားအိမ်တစ်ဆောင်တွင် အခြားမိသားစုရှစ်ခုအတူ ကျပ်ကျပ်တည်းတည်း နေထိုင်ကြရသည်။ ဆင်မြူရယ်၊ သူ့ဖခင်နှင့် သူ့ဒေါ်လေး ရာချယ်တို့က အခန်းကျဉ်းကလေး တစ်ခန်းရသည်။ ဆင်မြူရယ်၏ ဘဝတွင် အခန်းတစ်ခန်းထဲ၌ တစ်ယောက်တည်း ကျယ်ကျယ်သာသာ နေခဲ့ရသည်ဟူ၍ တစ်ခါမျှ မရှိခဲ့စဖူး၊ ဆူဆူညံညံ အသံဗလံမျိုးစုံကို မကြားရဘဲ အေးအေးလူလူ နေခဲ့ရသည်ဟူ၍လည်း တစ်ခါမျှ မရှိခဲ့စဖူး၊ တကယ်တော့ သူက တစ်ကိုယ်တည်း အေးအေးလူလူ နေရမည့်ဘဝမျိုးကိုလည်း ဘယ်တုန်းကမှ မတောင့်တခဲ့ချေ။

အကြောင်းကတော့ . . . သူတို့လောကတွင် ထိုဘဝမျိုးသည် ဘယ်တော့မှ မရှိနိုင်ဟူ၍ အသည်းစွဲအောင် ခံယူထားသောကြောင့်



ဖြစ်သည်။ သူသည် အမိဝမ်းမှ ကျွတ်ကတည်းကပင် ဆူဆူညံညံ ကျပ်ကျပ်တည်းတည်းဘဝတွင် ထာဝစဉ် နေခဲ့ရသည် မဟုတ်ပါလား။

နေဝင်ချိန်ရောက်တိုင်း ရပ်ကွက်အဝင်အထွက် နှစ်ထပ်ဂိတ်တံခါးမကြီးများကို သော့ခလောက်ကြီးများဖြင့် ပိတ်လိုက်ကြသည်။ နေထွက်ချိန်တွင် တံခါးများ ပြန်ပွင့်လာပြီး ဂျူးလူမျိုးကုန်သည်များအား ဘရာကိုးမြို့တွင်းသို့ဝင်၍ ကုန်ရောင်းကုန်ဝယ်ခွင့်ပြုသည်။ သို့သော် သူတို့သည် မြို့တွင်း၌ ညအိပ်ညနေ နေခွင့်မရှိ၊ နေမဝင်မီ မိမိတို့နေထိုင်ရာ ရပ်ကွက်သို့ အမြဲတမ်း ပြန်လာကြရသည်။ ထို့နောက်တော့ ထုံးစံအတိုင်း တံခါးပိတ် ခြံလှောင်ခံကြရသည်။ ဤသည်ကား သူတို့တစ်ခေတ်၏ ဘယ်တော့မှ မပြောင်းလဲသော နေ့စဉ်ဘဝ . . .။

ဆင်မြူရယ်၏ ဖခင်သည် ရုရှားနိုင်ငံ ကိဗ်မြို့တွင် နေထိုင်ခဲ့ရာမှ ဂျူးလူမျိုးများအား နှိပ်စက်မှုကြောင့် ပိုလန်နိုင်ငံ ကရာကိုးမြို့သို့ ပြေးလာခဲ့သည်။ ကရာကိုးတွင် ဖူးစာရှင်နှင့် တွေ့ရပြီး အိမ်ထောင်ပြုခဲ့ခြင်းဖြစ်သည်။ သူသည် အဝတ်အထည်များ၊ အလှကုန်များနှင့် ပန်းကန်ခွက်ယောက်များကို လက်တွန်းလှည်းပေါ်တင်၍ တစ်လမ်းဝင် တစ်လမ်းထွက်လှည့်လည်ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ရ၏။

ဆင်မြူရယ် ၁၂ နှစ်သားအရွယ်တွင် သူ့ဖခင်က ကရာကိုးမြို့ထဲသို့ ပထမဆုံးအကြိမ် ခေါ်သွားခဲ့သည်။ ဂျူးအမျိုးသားများအား အချိန်အကန့်အသတ်ဖြင့်သာ ဝင်ခွင့်ပြုသော မြို့ကြီးထဲသို့ ဝင်ရောက်လည်ပတ်ခွင့်ရသောကြောင့် ဆင်မြူရယ်ကလေးမှာ အထူးပင် စိတ်လှုပ်ရှားမိသည်။ ဝမ်းသာမဆုံး ဖြစ်မိသည်။

ကရာကိုးမြို့သူမြို့သားများမှာ သူတို့ ဂျူးအမျိုးသားများနှင့် ဘခြားစီ ဖြစ်သည်။ အဝတ်အစား၊ အသွင်အပြင်မှစ၍ နေရာတကာတွင် သူတို့ထက် အဆပေါင်းများစွာ သာလွန်ကြသည်။

ဈေးကြီးများတွင် လူတွေ ကြိတ်ကြိတ်တိုးနေကြသည်။ အဖိုးတန်ပစ္စည်းမျိုးစုံကို ဝယ်ချင်တိုင်း ဝယ်နေကြသည်။ မိုးမျှော် ဘုရားရှိခိုးကျောင်းကြီးများနှင့် တိုက်တာအဆောက်အအုံများမှာလည်း ခမ်းနားကြီးကျယ်လှသည်။ ဒီလို ခန့်ညားကြီးကျယ်မှုများကို ဆင်မြူရယ်အနေ

www.burmeseclassic.com



ဖြင့် ဒီတစ်ကြိမ်သာ မြင်ဖူးသေးသည်။

ကရာကိုးမြို့မှ လူနေအဆောက်အအုံများမှာ သူတို့ရပ်ကွက်မှ နေအိမ်များလို ပြွပ်သိပ်ရှုပ်ထွေးမနေကြ။ ကိုယ့်ခြံကိုယ့်ဝန်းနှင့် သပ်ယပ်သာယာလှသည်။ အိမ်တိုင်းလိုလိုတွင် ရေကန်များ၊ ပန်းဥယျာဉ်ကလေးများ ရှိကြသည်။ ဒီလူတွေနှင့် ဒီအဆောက်အအုံကြီးတွေကို မြင်ရသောအခါ ဆင်မြူရယ်လေးမှာ လွတ်လပ်မှုနှင့် သာယာကျယ်ပြောမှုအရသာကို အသက်ရှူမှားမတတ် တအံ့တဩ ခံစားရသည်။ "ဒီမြို့ကြီးထဲက လူတိုင်းဟာ သူဌေးကြီးတွေ ဖြစ်မှာပဲ" ဟုလည်း တွေးမိသည်။

ဆင်မြူရယ်တို့ သားအဖနှစ်ယောက်သည် ကုန်စုံဆိုင်အတော်များများသို့ သွားရောက်ကာ လိုအပ်သော ကုန်ပစ္စည်းများ ဝယ်ကြသည်။ ကုန်ပစ္စည်းများကို ချယ်ဂါရီ အပြည့်တင်ပြီးသောအခါ သားအဖနှစ်ယောက် အိမ်သို့ပြန်ရန် ဦးလှည့်ကြသည်။

"ဖေဖေ သားတို့ ဒီမှာ နေလို့ ရသေးသလား"

ဆင်မြူရယ်က စိတ်အားတက်ကြွစွာဖြင့် ဖခင်မျက်နှာ မော်ကြည့်ရင်း မေးသည်။

"မရတော့ဘူး သား၊ ဖေဖေတို့ အိမ်ပြန်ကြရတော့မယ်"

ဖခင်က ညှိုးငယ်သော မျက်နှာဖြင့် ပြန်ဖြေသည်။

ဆင်မြူရယ်မှာ လောလောဆယ်တွင် အိမ်ပြန်ချင်စိတ် မရှိတော့။ သူ့ဘဝတွင် ဒီတစ်ကြိမ်သာ အပြင်လောကသို့ ရောက်ဖူးခြင်း ဖြစ်သည်။ အပြင်လောကကို မြင်ရတော့ သူ့ဘဝသည် လှောင်အိမ်မှ လွတ်မြောက်လာသော ငှက်ငယ်ပမာ ခံစားရသည်။ ကရာကိုးမြို့သူမြို့သားတွေက သူတို့လုပ်ချင်ရာ လုပ်နိုင်ကြတယ်၊ သွားချင်ရာသွားနိုင်ကြတယ်၊ ငါတို့ကတော့ ဘာကြောင့်များ ခြံလှောင်ခံနေကြပါလိမ့်"

ဒီလို မတန်မရာ အတွေးမျိုးကို တွေးမိသောကြောင့် ဆင်မြူရယ်မှာ ကိုယ့်ကိုယ်ကိုယ်ပင် ပြန်ရှက်သွားမိသည်။

ထိုနေ့ညတွင် ဆင်မြူရယ်သည် အိပ်မပျော်တော့။ သူ့မျက်စိထဲတွင် ကရာကိုးမြို့မှ လှပသော တိုက်တာအဆောက်အအုံများ၊ ရေကန်များနှင့် ပန်းဥယျာဉ်များကိုသာ မြင်ယောင်နေမိတော့သည်။

ငါလည်း သူတို့လို လွတ်လွတ်လပ်လပ် နေနိုင်တဲ့ဘဝရောက်အောင် လုပ်ရမယ်။

သူ၏ အတွေးစိတ်က မသိမသာ ဆုံးဖြတ်ချက်ချမိသည်။ ဒီအကြောင်းကို တခြားတစ်ယောက်နှင့် တိုင်ပင်ကြည့်ချင်လာသည်။ ဆွေးနွေးကြည့်ချင်လာသည်။ သို့သော် သူ့ခံစားချက်ကို နားလည်မည့်သူဟူ၍ တစ်ယောက်မျှ မရှိ။

★

အယ်လစ်ဇဘက်သည် စာအုပ်ကြီးကို ပြန်ပိတ်လိုက်သည်။ သူမ၏ မျက်လုံးများကိုလည်း မှိတ်ထားလိုက်သည်။ ဆင်မြူရယ်ကလေး၏ ရုပ်သွင်ကို မြင်ယောင်လာသည်။ ဆင်မြူရယ်ကလေး၏ အထီးကျန်ဘဝ စိတ်လှုပ်ရှားမှုနှင့် မိမိဘဝကို မိမိမကျေနပ်မှုများကို ကိုယ်ချင်းစာစိတ်ဖြင့် မျှဝေခံစားနေမိသည်။

ထိုအချိန်မှစ၍ အယ်လစ်ဇဘက်သည် သူမ၏အဘိုးကို ထင်ထင်ရှားရှား မြင်ခဲ့ရသည်။ နှလုံးသားဖြင့် နှစ်နှစ်ကာကာ နားလည်ခဲ့ရသည်။ သူဟာ ငါ့အဘိုးအရင်း၊ ငါဟာ သူ့မြစ်အရင်း၊ ငါဟာ သူ့သွေးအစစ် ဆိုသည်ကိုလည်း လေးလေးနက်နက် သဘောပေါက်မိသည်။

အိမ်ရှေ့တွင် ဖေဖေ၏ကားဝင်လာသံကို ကြားလိုက်ရသည်။ စာအုပ်ကြီးကို ကမန်းကတန်း ပြန်ပိတ်လိုက်သည်။ ထိုနေ့မှစ၍ အယ်လစ်ဇဘက်သည် စာအုပ်ကြီးကို ဖတ်ခွင့်မရတော့။ ဖေဖေ ဘယ်မှမသွားသောကြောင့် ခိုးဖတ်ချိန် လုံးဝ မရတော့။

သို့သော် . . . နယူးယောက်မြို့သို့ အပြန်ခရီးတွင်တော့ သူမက ထိုစာအုပ်ကြီးကို သူမ၏ အဝတ်သေတ္တာထဲတွင် ဝှက်၍ ယူလာခဲ့လေသည်။

★ ↔ ★



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဆာဒင်းနီးယား၏ ဆောင်းကာလသည် နေရောင်ဖြင့် နွေးထွေးသော်လည်း နယူးယောက်မြို့တော်၏ ဆောင်းကာလကတော့ ဆိုက်ဘေးရီးယား ရာသီဥတုနှင့် တစ်ထေရာတည်း တူနေသည်။ လမ်းတကာတွင် ဆီးနှင်းများသာ ဖုံးလွှမ်းလျက်ရှိသည်။ ဘယ်နေရာပဲကြည့်လိုက်ကြည့်လိုက် ရေခဲပြင်ကြီးကိုသာ မြင်နေရသည်။ "အီးစ်" မြစ် ရေပြင်ကို ကျော်ဖြတ်တိုက်ခတ်လာသော လေကလည်း အရိုးကွဲမတတ် စိမ့်အေးလှသည်။ သို့ပေမယ့် အယ်လစ်ဇဘက်ကတော့ ယင်းအရာတွေကို လုံးဝ ဂရုမစိုက်။

တကယ်တော့ ယခုအချိန်တွင် သူမသည် သူမ၏ အဘိုးဖြစ်သူနှင့်အတူ လွန်လေပြီးသော နှစ်ပေါင်းတစ်ရာကျော်ကာလမှ ပိုလန်နိုင်ငံသို့ ရောက်ရှိနေသည် မဟုတ်ပါလား။

ဒါကြောင့်လည်း သူမသည် ညနေ ကျောင်းဆင်းတိုင်း သူမ၏ အခန်းထဲသို့ ပြေးဝင်သွားပြီး အတ္ထုပ္ပတ္တိစာအုပ်ကြီးကိုသာ ကောက်ကိုင်လေ့ရှိသည်။

ဒီစာအုပ်ကြီးမှာ အယ်လစ်ဇဘက်အဖို့ အံ့တစ်ပါးဖြစ်နေသည်။ ဒီစာအုပ်ကြီးကို ဖတ်ရခြင်းကြောင့် သူမအနေဖြင့် မယုံကြည်နိုင်လောက်အောင် စိတ်အားတက်ကြွလာခဲ့သည်။ သူမ၏ဘဝနှင့် အဘိုး၏ ဘဝသည် တစ်ထပ်တည်း တူနေသည်ဟု ထင်မိသည်။ အဘိုး၏ ဘဝသည် အထီးကျန် တစ်ကောင်ကြွက်ဘဝ ဖြစ်ခဲ့သည်။ သူ၏ခံစားချက်များကို ရင်ဖွင့်ပြောပြရန် တစ်ဦးတစ်ယောက်မျှ မရှိ။

"သူလည်း ငါ့လိုပါပဲလား" ဟူ၍ . . .။

အယ်လစ်ဇဘက်က သူမ၏ အဘိုးအပေါ်တွင် စာနာစိတ် ဖြစ်ပေါ်မိသည်။

သူမနှင့်အဘိုးတို့မှာ ခေတ်ကာလအားဖြင့် နှစ်ပေါင်းတစ်ရာကျော်မျှ ကွာဝေးကြသော်လည်း စာအုပ်ကြီးကို ဖတ်နေချိန်တွင်မူ သူတို့၏



www.burmeseclassic.com

www.burmeseclassic.com



မြေးအဘိုးနှစ်ယောက်မှာ အရွယ်တူ၊ ဘဝတူများ ဖြစ်နေကြတော့သည်။

ထို့ကြောင့်လည်း သူမ၏ဘဝသည် အဘိုး၏ဘဝနှင့် တစ်ထပ်တည်း တူနေသည်ဟူ၍ သူမက ခံယူမိခြင်း ဖြစ်သည်။

အယ်လစ်ဇဘက်သည် စာအုပ်ကြီးကို ဆက်လက်ဖတ်ရှုလေသည်။

★

ဆင်မြူရယ်သည် ဆရာဝန်ဘဝကိုသာ နေ့ရှိတိုင်း တောင့်တနေသည်။

သူတို့ရပ်ကွက်သည် မြို့စွန်ဆင်းရဲသား ရပ်ကွက်ဖြစ်၍ ရောဂါဘယ အလွန်ထူပြောသည်။ သူတို့ရပ်ကွက်တွင် လူဦးရေ သောင်းနှင့်ချီ၍ ရှိသော်လည်း သက်ဆိုင်ရာ အာဏာပိုင်များက ဆရာဝန်သုံးဦးကိုသာ သူတို့ရပ်ကွက်တွင် ဆေးဝါးကုသခွင့် ပြုထားသည်။ ထိုသုံးဦးအနက် ဒေါက်တာ ဗီနိုဝါးမှာ အထင်ရှားဆုံးနှင့် အချမ်းသာဆုံး ဖြစ်သည်။ ဒေါက်တာဝါး၏ အိမ်ကြီးမှာ ရပ်ကွက်အတွင်းရှိ အိမ်စုတ်အိမ်နုတ်များအလယ်တွင် ရဲတိုက်ကြီးတစ်ခုသဖွယ် ထည်ဝါခမ်းနားလှသည်။

အိမ်ကြီး၏ ပြတင်းပေါက်များကို လှမ်းကြည့်လိုက်လျှင် သစ်လွင်သန့်ရှင်းသော စားပွဲကုလားထိုင်များနှင့် လှပသော ဇာခန်းဆီးများကို မြင်ရသည်။ ဆင်မြူရယ်က ထိုအိမ်ကြီးကို ကြည့်ပြီး အိမ်ထဲတွင် ဒေါက်တာဝါးက လူနာများအား ဆေးကုသနေပုံကို စိတ်ကူးဖြင့် မှန်းကြည့်နေတတ်သည်။ ဒေါက်တာဝါးလို ဆရာဝန်ကြီးတစ်ဦးဦးကသာ သူ့အား ကူညီမည်ဆိုလျှင် သူလည်း ဆရာဝန်တစ်ယောက် ဖြစ်လာနိုင်မည်မှာ သေချာသည်ဟုလည်း စိတ်ကူးယဉ်မိသည်။

သို့သော် လောလောဆယ် အခြေအနေတွင် သူ့ဘဝနှင့် ဒေါက်တာဝါး၏ ဘဝမှာ မိုးနှင့်မြေကြီးပမာ ကွာဝေးလှသည်။ ဘယ်လိုမှ ဆက်စပ်၍ မရနိုင်သော အခြေအနေမျိုး ဖြစ်နေသည်။



တစ်နေ့တွင် ဆင်မြူရယ်သည် ဒေါက်တာဝါး၏ အိမ်ကြီးရှေ့မှ ဖြတ်လျှောက်သွားစဉ် ဒေါက်တာဝါးနှင့် သမီးကလေးတို့ လမ်းလျှောက်ထွက်လာသည်ကို တွေ့ရသည်။ ကောင်မလေးမှာ သူနှင့်သက်တူရွယ်တူခန့် ဖြစ်သည်။ သူ့တစ်သက်တွင် ဒီလောက်ချောမောလှပသော မိန်းကလေးတစ်ယောက်ကို ဒီတစ်ကြိမ်သာ မြင်ဖူးသေးသည်ဟူ၍ ဆင်မြူရယ်က တွေးလိုက်မိသည်။ မိန်းကလေး၏မျက်နှာကို မြင်လိုက်ရသည့် တစ်ခဏတွင်ပင် ဆင်မြူရယ်၏ ဦးနှောက်ထဲသို့ အသစ်တစ်ခုလျှပ်တစ်ပြက် ဝင်ရောက်လာသည်။

သူကလေးသည် တစ်နေ့သောအခါ သူ့ဇနီးဖြစ်ရမည်ဟူသော အသိပင်ဖြစ်သည်။ ဘယ်နည်းဘယ်ပုံ ဖြစ်လာမည် ဟူသော အချက်ကိုမူ သူ မသိ။ သို့သော် ဖြစ်ကိုဖြစ်ရမည်ဟူ၍ ယုံကြည်လိုက်မိသည်ဘာတော့ အမှန်ပင်။

ထိုနေ့မှစ၍ ဆင်မြူရယ်သည် အကြောင်းမရှိ အကြောင်းရှာကာ အိမ်ကြီးနားသို့ နေ့တိုင်းသွားသည်။ သူကား သူ့စိတ်ကူးထဲမှ ဇနီးလောင်းကလေးကို မျက်စိအောက်က အပျောက်မခံနိုင် ဖြစ်ခဲ့လေပြီ။

တစ်ညနေတွင် ဆင်မြူရယ်သည် အိမ်ကြီးရှေ့က ဖြတ်လျှောက်သွားစဉ် အိမ်ထဲမှ စန္ဒရားတီးသံ ကြားလိုက်ရသည်။ ကောင်မလေး၏ လက်သံဖြစ်ကြောင်း ချက်ချင်းသိလိုက်သည်။ သူက ကောင်မလေးကို အနီးကပ် ကြည့်ချင်စိတ် ပေါ်လာသည်။ နီးနားဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သောအခါ ဘယ်သူ့ကိုမှ မမြင်ရ။ သို့နှင့်အိမ်ကြီးဘေးနားကပ်လာခဲ့သည်။ ဂီတသံမှာ အပေါ်ထပ်မှ ဖြစ်သည်။

ဆင်မြူရယ်က နောက်သို့ ပြန်ဆုတ်ပြီး နံရံအနေအထားကို အကဲခတ်လေ့လာကြည့်သည်။ အိမ်နံရံကို ချိတ်တက်ရန် လက်ကိုင်စရာကနည်းလှသည်။ သို့သော် သူသည် အချိန်ဆွဲမနေတော့ဘဲ တွေ့ရာရာကိုလှမ်းဆွဲပြီး အိမ်နံရံကို ချိတ်တက်တော့သည်။ ဒုတိယထပ်မှာ သူထင်ထားထက် ပိုမြင့်နေသည်။

သူသည် မြေကြီးမှ ဆယ်ပေအမြင့်သို့ ရောက်လာခဲ့သည်။ သို့သော် ပြတင်းပေါက်ကို မရောက်သေး။ အောက်သို့ ပြန်ငုံ့ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခေါင်းထဲက မူးနောက်နောက် ဖြစ်လာသလို ခံစားရသည်။ ထိုအချိန်တွင် စန္ဒရားသံက ပို၍ကျယ်လာသည်။ ကောင်မလေးက သူ့ကို ရည်ညွှန်းပြီး တီးခတ်နေသည်ဟု သူက တွေးလိုက်သည်။ သူသည် အိမ်နံရံပေါ်မှ နောက်ဆုံးလက်ကိုင်တစ်ခုကို လှမ်းဆွဲပြီး အားသွန် ထိုးတက်လိုက်သည်။ ပြတင်းပေါက်ကို ရောက်ခဲ့ပြီ။ ပြတင်းဝမှာ ခေါင်းပြူပြီး အထဲသို့ ချောင်းကြည့်လိုက်သည်။

အခန်းကြီးမှာ သစ်လွင်လှပသော အိမ်ထောင်ပရိဘောဂများဖြင့် ဖိတ်ဖိတ်တောက်နေသည်။ ရွှေရောင်နှင့် အဖြူရောင် စန္ဒရားကြီးရှေ့တွင် ကောင်မလေးက ထိုင်နေသည်။ သူကလေး၏နောက်မှ ပက်လက်ကုလားထိုင်တွင် ထိုင်ရင်း စာဖတ်နေသူကတော့ ဒေါက်တာဝါး။

ဆင်မြူရယ်က အဖိုးကြီးကို လုံးဝ ဂရုမစိုက်၊ သူနှင့် မလှမ်းမကမ်းရှိ စန္ဒရားရှေ့မှ အလှနတ်သမီးကလေးကိုသာ သူက မျက်လုံးကျွတ်ကျမတတ် စိုက်ကြည့်နေသည်။

သူကား ကောင်မလေးကို အသည်းနှစ်မျှ စွဲချစ်သွားမိလေပြီ။ ကောင်မလေးနှင့်သာ ဖူးစာဆုံရမည်ဆိုပါက သူ့ဘဝတွင် ဘာကိုပဲ လုပ်ရလုပ်ရ တကယ်ဖြစ်အောင် လုပ်ပေတော့မည်။

အတွေးများ မဆုံးသေးမီတွင်ပင် ပြတင်းဘောင်ကို ဆုပ်ကိုင်ထားသော သူ့လက်များ လျှော့ပြေသွားပြီး ဆင်မြူရယ်မှာ မြေကြီးပေါ်သို့ လိမ့်ကျသွားလေတော့သည်။

★

သူ သတိပြန်ရလာသောအခါ ဒေါက်တာဝါး၏ ခွဲစိတ်ခန်းစားပွဲပေါ် ရောက်နေသည်ကို တွေ့ရသည်။ ဒေါက်တာဝါးက အနံ့ဆိုးသော ဂွမ်းစတစ်ခုကို ဆင်မြူရယ်၏ နှာခေါင်းဝနားကပ်ပြီး ကိုင်ထားသည်။ ဆင်မြူရယ်က အသက်ရှူကျပ်လာသဖြင့် စားပွဲပေါ်တွင် ထထိုင်လိုက်သည်။

"ငါက မင်းခေါင်းထဲက ဦးနှောက်တွေကို ထုတ်ပစ်လိုက်မလို့ပဲ၊ ဒါပေမဲ့ မင်းမှာ ဦးနှောက်ရှိမှာ မဟုတ်ဘူးထင်လို့ မလုပ်တော့ဘူး၊ ကိုင်း . . . ဆိုစမ်းပါဦး . . . ဒီမှာ မင်း ဘာခိုးမလို့ လာတာတုန်း"

"ဘာမှမခိုးပါဘူး" ဆင်မြူရယ်က စိတ်ဆိုးသံဖြင့် ပြန်ပြောလိုက်သည်။

"မင်း နာမည် ဘယ်လိုခေါ်တုန်း . . . "

"ဆင်မြူရယ် ရိုဖေး"

ဒေါက်တာဝါးက ဆင်မြူရယ်၏ ညာဘက်လက်ကောက်ဝတ်ကို သူ့လက်ဖြင့် စမ်းကြည့်သည်။ ဆင်မြူရယ်က နာလွန်း၍ အော်သည်။

"ဟင်း . . . မင်းတော့ လက်ကျိုးသွားပြီ . . . ဆင်မြူရယ်၊ မင်းကို ရဲလက်ထဲ အပ်လိုက်ရင် ဒီလက် ကောင်းသွားလိမ့်မယ် ထင်တယ်"

ဆင်မြူရယ်က အသံကုန် အော်ညည်းလိုက်သည်။ ရဲတွေက သူ့ကို အိမ်ပြန်ခေါ်သွားလျှင် ဒေါ်လေးရာချယ် ရင်ကွဲပေတော့မည်။ သူ့ဖခင်ကလည်း သူ့ကို သတ်တော့မည်။ ဒါပေမဲ့ ဒါတွေက အရေးမကြီး၊ ပို၍အရေးကြီးတာက ကောင်မလေးအချစ်ကိုရအောင် ဘယ်လိုဆက်လုပ်ရမလဲဆိုတာပဲ ဖြစ်သည်။ ယခုတော့ သူက ရာဇဝတ်ကောင်ဖြစ်နေပြီ။ လူဆိုးလူမိုက် ဖြစ်နေပြီ။ လက်ဆစ်က ဒုတ်ခနဲ မြည်သွားသလို ခံစားလိုက်ရသည်။ သူက ဒေါက်တာဝါး၏ မျက်နှာကို အလန့်တကြား မော်ကြည့်လိုက်သည်။

"မပူပါနဲ့၊ မင်းလက် ငါ ပြန်ဆက်ပေးလိုက်ပြီးပြီ" ဒေါက်တာက လက်ကို ပတ်တီးစည်းပေးနေသည်။ "မင်း ဒီအနားမှာ နေသလား"

"မနေပါဘူး ခင်ဗျား"

"နောက်ကို ဒီအနားမှာ မင်းကို မြင်ရဦးမှာလား"

"ဟုတ်ကဲ့ ခင်ဗျာ"

"ဘာဖြစ်လို့"

"ကျွန်တော် ဆရာဝန်ဖြစ်ချင်လို့ပါ ခင်ဗျာ"

ဒီစကားကို ပြောရန် လုံးဝမရည်ရွယ်သော်လည်း သူ့ပါးစပ်မှ အလိုလို ထွက်သွားမိသည်။

ဒေါက်တာဝါးက သူ့ကို မယုံကြည်နိုင်သော မျက်နှာဖြင့် စိုက်







www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသည်။

"ဒါကြောင့်မို့လို့ မင်းက ငါ့အိမ်ကို သူခိုးကြမ်းပိုးလို လာတက်တာပေါ့ . . . ဟုတ်စ"

ဤတွင် ဆင်မြူရယ်က သူ့ဘဝဇာတ်လမ်းကို ပြောပြမိရက်သားဖြစ်သွားသည်။ သူက သူ့မိခင်ကြီး လမ်းပေါ်တွင် အသတ်ခံရပုံကို ပြောပြသည်။ သူ့ဖခင်အကြောင်းကိုလည်း ပြောပြသည်။ သူနှင့် သူ့ဖခင်တို့ ကရာကိုးမြို့သို့ သွားကြပုံ၊ သူတို့ရပ်ကွက်ထဲတွင် ညအခါ တိရစ္ဆာန်တွေလို ခြံလှောင်ခံရ၍ စိတ်ညစ်ရပုံတွေကို စီကာပတ်ကုံး ပြောပြသည်။ ပြီးတော့ ဒေါက်တာဝါး၏သမီးငယ်ကို မြင်မြင်ချင်း ချစ်မိပုံကိုလည်း ရင်ဖွင့်ပြောသည်။

ဒေါက်တာဝါးက ငြိမ်သက်စွာ နားထောင်နေသည်။ သူ့ဇာတ်လမ်း ဆုံးသွားသောအခါ ဆင်မြူရယ်က "ကျွန်တော် . . . ကျွန်တော် အများကြီး ဝမ်းနည်းပါတယ် ခင်ဗျား . . ." ဟူ၍ တောင်းပန်စကားဆိုသည်။

ဒေါက်တာက သူ့ကို အကြာကြီး စိုက်ကြည့်နေပြီးမှ . . .

"ငါလည်း ဝမ်းနည်းပါတယ်ကွာ၊ မင်းအတွက်၊ ငါ့အတွက်၊ အားလုံးအတွက် ငါ ဝမ်းနည်းမိတယ်၊ လူတိုင်းဟာ အကျဉ်းသားတွေ ဖြစ်နေကြတာပဲ၊ အဆိုးဆုံးကတော့ လူတစ်ယောက်ဆီမှာ အခြားလူတစ်ယောက်က အကျဉ်းသား ဖြစ်နေရတာ အဆိုးဆုံးပေါ့"

ဆင်မြူရယ်က နားထွေးသွားသည်။

"ဘယ်လို . . . ဘယ်လိုပါလိမ့် ခင်ဗျာ"

ဒေါက်တာက ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။

"တစ်နေ့ကျတော့ မင်း နားလည်လာပါလိမ့်မယ်" ဒေါက်တာက စားပွဲနား လျှောက်သွားပြီး ဆေးတံကိုယူကာ ဆေးစာဖြည့်နေသည်။ "မင်းအတွက် အများကြီး နစ်နာမှာကိုတွေးပြီး ငါ စိုးရိမ်မိတယ် . . . ဆင်မြူရယ်"

သူက မီးခြစ်ကို ခြစ်လိုက်ပြီး ဆေးတံကို ညှိသည်။ မီးကို ပြန်မှုတ်လိုက်သည်။ ပြီးတော့ . . . ဆင်မြူရယ်ဘက်ကို လှည့်လာသည်။





"မင်း လက်ကျိုးတာကို ပြောတာ မဟုတ်ဘူး၊ ဒါက မကြာခင် ကောင်းသွားမှာပါ၊ ဒါပေမဲ့ မင်းအဖို့ တစ်သက်လုံး ကုစားလို့ မရနိုင်တဲ့ ဒဏ်ရာတစ်ခုကို ငါက ပေးရတော့မလို ဖြစ်နေပြီ"

ဆင်မြူရယ်က မျက်လုံးပြူးကြီးများဖြင့် ဒေါက်တာကို ကြည့်နေသည်။ ဒေါက်တာက သူ့ဘေးနားသို့ ကပ်လာသည်။ ပြီးတော့ လေသံအေးအေးဖြင့် ဆက်ပြောသည်။

"လောကမှာ ရည်မှန်းချက်ရှိတဲ့လူ ရှားတယ်၊ ဒါပေမဲ့ မင်းမှာတော့ ရည်မှန်းချက်က နှစ်ခုတောင် ရှိနေတယ်၊ အဲဒီနှစ်ခုစလုံးကို ငါက ဖျက်ဆီးပစ်ရမှာကိုတွေးပြီး ငါ စိတ်မကောင်းဘူး"

"ကျွန်တော် . . . မ . . . မ . . ."

"ငါပြောတာ သေသေချာချာ နားထောင်၊ မင်း ဆရာဝန် မဖြစ်နိုင်ဘူး၊ ဒီနေရာမှာ မင်းဘယ်တော့မှ မဖြစ်နိုင်ဘူး၊ အားလုံးပေါင်းမှ ကိုးသုံးယောက်ပဲရှိတယ်၊ ကိုးသုံးယောက်ကိုသာ ဒီရပ်ကွက်မှာ ဆေးကုခွင့် ပြုထားတယ်၊ ဒီမှာ ကျွမ်းကျင်တဲ့ဆရာဝန်တွေ တစ်ပုံကြီးရှိတယ်၊ သိုအနားယူတဲ့အခါ သူတို့ဝင်လာကြလိမ့်မယ်၊ မင်းအတွက် လမ်းမရှိတော့ဘူး၊ အခွင့်အရေး မရှိတော့ဘူး၊ မင်းက မဟုတ်တဲ့နေရာမှာ မဟုတ်တဲ့အချိန်မှာ မွေးလာခဲ့တာကိုး၊ ငါပြောတာ သဘောပေါက်ရဲ့လား သူငယ်"

ဆင်မြူရယ်က တံတွေးကိုမျိုချရင်း . . .

"ဟုတ်ကဲ့ . . . ခင်ဗျာ"

ဒေါက်တာက အနည်းငယ် တုံ့ဆိုင်းနေဟန်ပြုပြီးမှ ဆက်ပြောပြန်သည်။

"ပြီးတော့ မင်းရဲ့ ဒုတိယရည်မှန်းချက် . . . ဒါက ပိုတောင်မဖြစ်နိုင်သေးဘူး၊ တီရင်နီယာကို မင်းတစ်သက်မှာ ဘယ်တော့မှ လက်ထပ်ခွင့်ရနိုင်စရာ မရှိဘူး"

"ဘာဖြစ်လို့လဲ ခင်ဗျာ . . ." ဆင်မြူရယ်က ဖျတ်ခနဲ မေးလိုက်သည်။

ဒေါက်တာဝါးက သူ့က စေ့စေ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ . . . ဟုတ်လား၊ ဘာဖြစ်လို့လဲဆိုရင် မင်း ဆရာဝန် မဖြစ်နိုင်လို့ပဲပေါ့၊ တို့မှာ မျိုးရိုးအလိုက် စည်းကမ်းတွေ ရှိတယ်၊ တို့မျိုးရိုးက စည်းနဲ့ကမ်းနဲ့ နေကြတယ်၊ ငါ့သမီးက သူနဲ့အဆင့်အတန်းတူတဲ့ လူကိုမှ လက်ထပ်လိမ့်မယ်၊ သူ့ဘဝ၊ သူ့အခြေအနေအတိုင်း တစ်သက်လုံး နေထိုင်သွားနိုင်အောင် စွမ်းဆောင်နိုင်တဲ့လူကိုမှ သူက လက်ထပ်လိမ့်မယ်၊ သူဟာ အတတ်ပညာရှင်၊ ရှေ့နေ၊ ဆရာဝန် . . . ဒါမှမဟုတ် ရဟူဒီဓမ္မဆရာ တစ်ယောက်ယောက်ကိုသာ လက်ထပ်ရလိမ့်မယ်၊ ဒီတော့ ဒီအကြောင်း မင်းခေါင်းထဲ စဉ်းစား မနေပါနဲ့တော့"

"ဒါပေမဲ့ . . ."

ဒါပေမဲ့ ဒေါက်တာဝါးက ဆင်မြူရယ်အား ဆက်ပြောခွင့်မပြုတော့။ ဆင်မြူရယ်၏ ပခုံးကို လှမ်းကိုင်လိုက်ပြီး အိမ်ရှေ့တံခါးဝသို့သာ တန်း၍ ခေါ်ထုတ်လာခဲ့တော့သည်။

"နောက်သုံးလေးရက်ဆိုရင် ပတ်တီးခွာနိုင်ပြီ၊ ဒီကြားထဲ ပတ်တီးကို သန့်သန့်ရှင်းရှင်းထားပါ . . ."

"ဟုတ်ကဲ့ . . . ခင်ဗျာ၊ အများကြီး ကျေးဇူးတင်ပါတယ်"

ဒေါက်တာဝါးက ရည်မွန်သော၊ ရုပ်ရည်ခန့်ညားသော၊ သွက်လက်ချက်ချာသော လူငယ်ကလေးကို စိုက်ကြည့်နေသည်။

"ကိုင်း . . . သွားပေဦးတော့ ဆင်မြူရယ်"

★

နောက်တစ်နေ့ညနေတွင် ဆင်မြူရယ်က ဒေါက်တာဝါး၏ အိမ်တံခါးဝတွင် ရပ်ကာ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ ဒေါက်တာဝါးက သူ့ကို ပြတင်းပေါက်မှ လှမ်းကြည့်နေသည်။ ဒေါက်တာက သူ့ကို မောင်းထုတ်လိမ့်မည်ဟု ဆင်မြူရယ်က ထင်သည်။ သို့သော် . . .

"ဝင်ပါစေ . . . ဖွင့်ပေးလိုက်ပါ"

ဒေါက်တာက အိမ်ဖော်အား လှမ်းပြောလိုက်သည်။



ထို့နောက်တွင်တော့ ဆင်မြူရယ်သည် ဒေါက်တာ၏အိမ်သို့ တစ်ပတ်တွင် နှစ်ခေါက်၊ သုံးခေါက်မျှ မှန်မှန်ရောက်လာတော့သည်။ သူက ဒေါက်တာ့အတွက် လက်တိုလက်တောင်း ကိစ္စကလေးများကို ဖျတ်ဖျတ်လတ်လတ် ဆောင်ရွက်ပေးသည်။ အပြန်အလှန်သဘောဖြင့် ဒေါက်တာကလည်း သူ့ကို အခွင့်အရေးပေးလာသည်။ ဒေါက်တာက လူနာများအား စမ်းသပ်နေစဉ်၊ ဆေးဝါးကုသနေစဉ်၊ ဓာတ်ခွဲခန်းတွင် ဆေးဝါးဖော်နေစဉ် ဆင်မြူရယ်မှာ အနီးကပ်လေ့လာခွင့် ရလာသည်။ သူက အရာရာကို အထူးစိတ်ဝင်စားစွာဖြင့် လေ့လာသည်။ သင်ယူသည်။ မှတ်သားသည်။

ဆင်မြူရယ်၏ စိတ်အားတက်ကြွနေပုံကို မြင်ရသောအခါ ဒေါက်တာဝါးမှာ ဝမ်းသာရမည့်အစား ဝမ်းနည်းခြင်းသာ ဖြစ်ရသည်။ မိမိကိုယ်ကို အပြစ်တစ်စုံတစ်ရာ ကျူးလွန်မိသူအဖြစ်လည်း မြင်မိသည်။ ဆင်မြူရယ်အနေဖြင့် ဘယ်တော့မှ မဖြစ်နိုင်သော အရာတစ်ခုကို မိမိက မြှောက်ပေးနေသလိုများ ဖြစ်နေပြီလားဟူ၍ ဒေါက်တာက သံသယဝင်မိသည်။ သို့သော် သူက အပြစ်မဲ့သော၊ စိတ်အားတက်ကြွနေသော လူငယ်ကလေးတစ်ဦးအား ဘယ်လိုလုပ် မောင်းထုတ်ရပါ့မလဲ။

ဆင်မြူရယ်အဖို့ ကံကောင်းသည်ဟုပင် ဆိုရမည်လား မသိ။ ဒေါက်တာဝါးအနားတွင် ရှိနေတိုင်း တီရင်နီယာကလေးကလည်း သူတို့အနားတွင် အမြဲတမ်းလိုလို ရစ်သီရစ်သီဖြင့် လမ်းသလားနေတတ်သည်။

တစ်ခါတွင်တော့ သူတို့နှစ်ယောက်သား မီးဖိုခန်းတွင် ပက်ပင်းတိုးကြသည်။ ဆင်မြူရယ်မှာ ရင်တွေပန်းတွေ တဒိတ်ဒိတ် ခုန်နေမိသည်။ သူ့ကိုယ်သူ ရုတ်တရက် လဲကျသွားတော့မလားဟုပင် ထင်မိသည်။

တီရင်နီယာက ဆင်မြူရယ်ကို အကြာကြီး စိုက်ကြည့်နေသည်။ သူကလေး၏ မျက်လုံးများမှာ အရောင်တလက်လက် ထွက်နေသလို ထင်ရသည်။ အားတက်စရာ အကြည့်မျိုး၊ မျှော်လင့်ချက်ပေးသော

www.burmeseclassic.com

www.burmeseclassic.com



အကြည့်မျိုး ဖြစ်သည်။ တီရင်နီယာက ခေါင်းကို မသိမသာ ညိတ်ပြပြီး အခန်းထဲမှ ပြန်ထွက်သွားသည်။

အဖြစ်မှန်ကတော့ သူကလေးက ဆင်မြူရယ်ကို သဘောကျသွားပြီ။ ဒါကို ပါးစပ်က ပြောစရာ မလို၊ သူကလေး၏ မျက်လုံးရွဲကြီးတွေက ပြောသွားခဲ့ပြီ။ ဆင်မြူရယ်အဖို့ ပထမဆင့်တွင်တော့ အောင်ပွဲခံလိုက်ရပြီ။ ကျန်အဆင့်တွေက အရေးမကြီးတော့။ အချိန်ကာလက ကြည့်လုပ်ပေးသွားလိမ့်မည်။

ဆင်မြူရယ်က သူ့အခြေအနေကို လုံးဝ သံသယ မရှိတော့။ ကံတရားက သူ့ဘက်တွင် ရှိနေပြီ မဟုတ်လား။ သူ၏ အနာဂတ် စိတ်ကူးယဉ်ဗိမာန်တွင် တီရင်နီယာမှာ အဓိက ဦးတည်ချက် ဖြစ်လာခဲ့ပြီ။

ယခုအချိန်တွင် သူသည် သူ့တစ်ယောက်တည်းအတွက်သာ မစဉ်းစားတော့ဘဲ တီရင်နီယာအတွက်ပါ စဉ်းစားလာရတော့သည်။ တစ်ချိန်တည်းတွင် သူသည် ငရဲနှင့်တူသော အကျဉ်းထောင်နှင့်တူသော သူတို့ရပ်ကွက်မှ ထွက်ပြေးရန် နည်းလမ်းကို ကြံဆလာသည်။ သူတစ်ယောက်တည်း ထွက်ပြေးရန် မဟုတ်။ တီရင်နီယာနှင့်အတူ ထွက်ပြေးရန် ဖြစ်သည်။

ယင်းသို့ ထွက်ပြေးကြပြီးနောက် ချစ်သူမောင်မယ်နှစ်ဦးတို့ စီးပွားဖြစ်ထွန်းကာ ပျော်ရွှင်စွာ နေထိုင်ကြရပုံများကိုလည်း သူက အကြိမ်များစွာ စိတ်ကူးယဉ်နေမိလေသည်။

သို့သော် စိတ်ကူးသည် စိတ်ကူးသာ ဖြစ်သည်။ လက်တွေ့ မဟုတ်သေး၊ တကယ် ဖြစ်မလာသေး။

★

အယ်လစ်ဇဘက်သည် စာအုပ်ကြီးကို ဖတ်ရင်း အိပ်ပျော်သွားခဲ့သည်။ မိုးလင်း၍ အိပ်ရာမှနိုးလာသောအခါ စာအုပ်ကြီးကို လုံခြုံရာတွင် ဖွက်ထားလိုက်သည်။ ပြီးတော့ ကျောင်းသွားရန် ရေမိုးချိုး၊ အဝတ်အစား





လဲသည်။ သို့သော် သူမ၏စိတ်အာရုံကတော့ အဘိုးဖြစ်သူဆီသို့သာ ရောက်နေသည်။

တီရင်နီယာကလေးကို သူ ဘယ်လိုရအောင် ယူလိုက်သလဲ။ သူတို့ရပ်ကွက်မှ သူ ဘယ်လိုလုပ်ပြီး ထွက်ပေါက် ရှာသွားသလဲ။ သူ ဘယ်လိုကြီးပွား ချမ်းသာသွားသလဲ။

အယ်လစ်ဇဘက်က ဒါတွေကို အလွန် သိချင်ဇောကပ်နေသည်။ စာအုပ်ကြီးက သူမကို ခွာမရအောင် ညို့စားထားပြီ။ ဖြစ်နိုင်လျှင် စာအုပ်ကြီးကို တစ်ထိုင်တည်းနှင့် ဆုံးအောင် ဖတ်ပစ်လိုက်ချင်သည်။ သို့သော် အခြေအနေက မပေး။ စာအုပ်ကြီးကလည်း ထူလွန်းသည်။ အခြား မလွှဲမရှောင်သာ လုပ်စရာကိစ္စတွေကလည်း ရှိနေသေးသည်။ ဒါကြောင့်လည်း သူမက စာအုပ်ကြီးကို ပြီးအောင် မဖတ်နိုင်ခြင်းအတွက် စိတ်တိုနေမိသည်။

★

ပွဲရုံထဲတွင် ပရိသတ်များ ပြည့်လျှံနေသည်။ ကျောင်းကပွဲဖြစ်၍ ဆရာမိဘများနှင့် ဆွေမျိုး မိတ်သင်္ဂဟတွေ စုံစုံညီညီ တက်ရောက်ကြသည်။

ဇာတ်ခုံတစ်ဘက်ရှိ စန္ဒရားကြီးနှစ်လုံးမှ ပေါ်ထွက်လာသော ဂီတသံတွေ မြိုင်ဆိုင်လှသည်။ ဇာတ်ခုံပေါ်မှ ကျောင်းသူကျောင်းသားကလေးများ၏ ကကြိုးကကွက်များကလည်း ညက်ညောလှသည်။ ကျောင်းသူကလေးများသည် "စင်ဒရဲလာ" ပုံပြင်နှင့် "ငန်းတို့ပျော်ရာရောက်နံသာ" ဇာတ်ကွက်များကို ပိုင်နိုင်ကျွမ်းကျင်စွာ ကပြနိုင်ကြသည်။ အကသင် နည်းပြဆရာမကြီး မဒမ်နက်ထရိုဗာမှာ ဇာတ်ခုံဘေးစွန်းမှ ထိုင်ကာ သူ့တပည့်ကလေးများ၏ အနုပညာစွမ်းရည်ကို ဝမ်းသာမဆုံး ပြုံးပြုံးနှင့် စောင့်ကြည့်လျက် ရှိသည်။

ကန့်လန့်ကာ နောက်ကွယ်တွင်မူ အယ်လစ်ဇဘက်မှာ ရင်တွေ နှလုံးတွေ တုန်နေမိသည်။ သူမက ကန့်လန့်ကာကို အသာလှစ်ပြီး

www.burmeseclassic.com



ပရိသတ်ဆီသို့ တိတ်တခိုးကလေး ချောင်းကြည့်လိုက်သည်။ သူမ၏ ဖခင်ကြီးသည် ရှေ့ဆုံး ဒုတိယခုံတန်း အလယ်တွင် ထိုင်နေသည်။

မကြာမီတွင် သူမ အလှည့်ရောက်လာတော့မည်။ သူ့ကကွက်က မခက်သော်လည်း မလွယ်သော ကကွက်မျိုး၊ တစ်ယောက်တည်း စခန်းသွားရမည့် တစ်ပင်တိုင်အက။ တိုနံ့နံ့ ကိုယ်ကျပ်အင်္ကျီကို ဝတ်ထားရသဖြင့် သူ့ကိုယ်သူ မလုံမလဲ ဖြစ်နေမိသည်။ ရှက်ကိုးရှက်ကန်း ဖြစ်နေမိသည်။ ဒီကပွဲသို့ ဖခင်ကြီးကို ဖိတ်ခေါ်လာမိသည့်အတွက် သူ့ကိုယ်သူလည်း အပြစ်တင်မိသည်။ သူမ အရှက်တကွဲ ဖြစ်ရမည့်ပွဲကိုမှ ဖခင်ကြီးကို ခေါ်လာမိလေခြင်းဟူ၍ နောင်တရနေမိသည်။

သို့ပေမယ့် သူ့အခန်းက တစ်မိနစ်မျှသာ ကြာမည်ဖြစ်၍ တော်ပေသေးသည်။ သူ့ကကွက်မှားသွားသည့်တိုင်အောင် အချိန်တိုသောကြောင့် ပရိသတ်က သတိထားမိမည် မဟုတ်ဟူ၍ တွေးပြီး ကိုယ့်စိတ်ကိုယ် ဖြေသိမ့်ရသည်။

"ကဲ . . . အယ်လစ်ဇဘက်ရေ . . . မင်းအလှည့်ပဲ၊ ခြေဖျားကလေးထောက်ပြီး ရွှရွကလေးသာ ထွက်ပါတော့ . . ."

ဒီစကားသံများနှင့်အတူ မဒမ်နက်ထရီဗာ၏ အေးစက်သော လက်တစ်ဖက်က သူမ၏လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။ ရုတ်တရက်မို့ အယ်လစ်ဇဘက်၏ တစ်ကိုယ်လုံးတွင် ကြက်သီးတွေ သိမ့်ခနဲ ခုန်သွားသည်။

"ဟုတ်ကဲ့ . . . ဆရာမ" ဟု သူမက ပြန်ပြောရန် ကြိုးစားသော်လည်း စကားလုံးများက လည်ချောင်းထဲတွင်ပင် တစ်ဆို့ရပ်ဆိုင်းသွားကြသည်။

စန္ဒရားနှစ်လုံးမှ ဂီတသံများက တစ်ပင်တိုင်ကကွက်နှင့် လိုက်ဖက်စွာ ပေါ်ထွက်လာသည်။ အယ်လစ်ဇဘက်က ကန့်လန့်ကာနောက်ကွယ်တွင် ငူငူကြီး ရပ်နေသည်။ မှင်တက်မိသလို မလှုပ်မယှက် ရပ်နေသည်။

"ကဲ . . . ထွက်တော့လေ"

မဒမ်နက်ထရီဗာက လေသံဖြင့် ပြောရင်း အယ်လစ်ဇဘက်ကို

နောက်ကျောမှ တွန်းပို့လိုက်သည်။

အယ်လစ်ဇဘက်သည် ဇာတ်ခုံအလယ်သို့ ရောက်လာခဲ့သည်။ မလုံတလုံ ပါးပါးလျားလျား မင်းသမီး အဝတ်အစားနှင့်မို့ ရှက်စိတ်က လွှမ်းမိုးနေသည်။ သူမသည် ပရိသတ်ကို လုံးဝ မကြည့်။ ကြည့်လျှင် သူမဖခင်ကြီး၏ မျက်နှာကို မြင်မိမည် စိုးသည်။ မြန်နိုင်သမျှ မြန်မြန် ကပြီး ဇာတ်ခုံနောက် ဝင်ပြေးရန်သာ စိတ်စောနေမိသည်။ သူမ၏ ကကွက်မှာ ခက်ခက်ခဲခဲ မဟုတ်။ ရိုးရိုးလွယ်လွယ်ကလေးသာ ဖြစ်သည်။ တစ်ပင်တိုင်ဘဲလေးကကွက်အတိုင်း ခြေလက်များကို ကွေးလိုက် ဆန့်လိုက်၊ ရှေ့တိုးလိုက် နောက်ဆုပ်လိုက် ခုန်လိုက် ပျံ့လိုက် လုပ်ရုံမျှသာ ဖြစ်သည်။

အယ်လစ်ဇဘက်က တီးကွက်အလိုက် ခြေထောက်များကို တင်လှုပ်ရှားလိုက်သည်။ ထိုနောက်တွင်တော့ ပရိသတ်ကို လုံးဝဂရုမစိုက်တော့ဘဲ စိတ်ရှိတိုင်းသာ ခုန်ပျံလှုပ်ရှားနေလေတော့သည်။

အချိန်စေ့သွား၍ အကရပ်လိုက်သည်။ ပရိသတ်များ၏ လက်ခုပ်သြဘာသံများ ဆူညံသွားသည်။

အယ်လစ်ဇဘက်က ရှေ့ပိုင်း ဒုတိယခုံတန်းကို လှမ်းကြည့်လိုက်သည်။ အပြုံးပန်းတွေ ရွှန်းရွှန်းဝေနေသော ဖခင်ကြီးမျက်နှာကို မြင်ရသည်။ ဖခင်ကြီးက ဂုဏ်ယူဝမ်းသာမဆုံး ဖြစ်နေသည်။ လက်ခုပ်တီး၍ အားမရနိုင်အောင် ဖြစ်နေသည်။

ရုတ်တရက်အားဖြင့် အယ်လစ်ဇဘက်၏ စိတ်ထဲတွင် အသိစိတ်တစ်ခု လက်လင်းသွားသည်။ ဂီတသံများ လုံးဝ ရပ်သွားကြပြီ။ သို့သော် အယ်လစ်ဇဘက်က ဆိုင်းမဆင့်ဗုံမဆင့်ဘဲ ဖြုန်းစားကြီးနှင့် ထောက်ကာငင်ကာ ကပြန်လေတော့သည်။ သူမသည် ပတ်ဝန်းကျင်တစ်ခုလုံးကို လုံးဝမေ့နေသလို ခုန်ပျံမြူးတူးသော စိတ်လွတ်ကိုယ်လွတ် အချင်တိုင်း ကနေတော့သည်။

လုံးဝ မမျှော်လင့်သော အခြေအနေမျိုးမို့ စန္ဒရားဆရာနှစ်ယောက်မှာလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကြသည်။ ရုတ်တရက်အားဖြင့် မှင်တက်မိသလို ကြက်သေ သေနေမိကြသည်။

www.burmeseclassic.com



တစ်အောင့်လောက် ကြာတော့မှ စန္ဒရားဆရာတစ်ယောက်က ရုတ်တရက် သတိဝင်လာပြီး စန္ဒရားခလုတ်ကို စတင်နှိပ်တော့သည်။ ဒီတော့မှ နောက်တစ်ယောက်ကလည်း သံယောင်လိုက်ကာ တီးခတ်တော့သည်။

အကနည်းပြဆရာမကြီး မဒမ်နက်ထရိုဗာမှာတော့ ဇာတ်ခုံထိပ်စွန်းမှ ရပ်ကာ အယ်လစ်ဇဘက်အား ဆက်မကရန် မျက်ကလူးဆန်ပျာ အချက်ပြလျက် ရှိနေလေသည်။ ဒေါသစိတ်ကြောင့် သူမ၏ မျက်နှာတစ်ခုလုံးလည်း နီရဲနေသည်။ သို့သော် အယ်လစ်ဇဘက်က သူ့ဆရာမကို လုံးဝ ဂရုမစိုက်၊ တစ်လောကလုံးတွင် သူတစ်ယောက်တည်းသာ ရှိနေသည့်ဟန်မျိုးဖြင့် အဝမ်းမရ ကပြီးရင်းကရင်း ကနေတော့သည်။

★

"ကျွန်မတို့ ကျောင်းအနေနဲ့ ဒီလိုအပြုအမူမျိုးကို ခွင့်လွှတ်နိုင်ဖို့ ခဲယဉ်းပါတယ် . . . မစ္စတာရိုဖေး . . .၊ ဒါကို လူကြီးမင်း သဘောပေါက်ပါလိမ့်မယ်"

မဒမ်နက်ထရိုဗာ၏အသံက တုန်နေသည်။ ဒေါသစိတ်ကို မနည်းကြီးထိန်းပြီး ပြောနေရသည်။

"လူကြီးမင်းရဲ့သမီးက ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဆိုတဲ့ အချိုးမျိုးနဲ့ သူ လုပ်ချင်တာ လုပ်သွားတာပဲ၊ သူ့ကိုယ်သူ တကယ့်နိုင်ငံကျော် မင်းသမီးကြီးပုံမျိုးနဲ့ ပရိသတ်ကိုရော၊ ကျောင်းကိုပါ စော်ကားသွားတာပဲ . . ."

မစ္စတာရိုဖေးက သမီး၏မျက်နှာကို လှည့်ကြည့်လိုက်သည်။ သမီးဖြစ်သူက ဖခင်မျက်နှာ မကြည့်ရဲ၍ ခေါင်းကို ငုံ့ထားလိုက်သည်။ တကယ်တော့ သူမ ကျူးလွန်မိခဲ့သော ဖြစ်မှုမှာ ဘယ်နည်းနှင့်မျှ ခွင့်လွှတ်နိုင်စရာ မရှိဆိုသည်ကို အယ်လစ်ဇဘက်က သဘောပေါက်ပါသည်။

သို့သော် ပေါက်တဲ့နဖူး မထူးတော့။ ထိုအချိန်က သူမကိုယ်သူမ





ဘယ်လိုမှ ထိန်း၍ မရနိုင်ခဲ့သောကြောင့် ဖြစ်ချင်ရာ ဖြစ်စေတော့ဟူသော သဘောဖြင့် စိတ်ကို လွှတ်ပေးခဲ့ခြင်း ဖြစ်သည်။ တကယ့်အဖြစ်မှန်ကတော့ သူမအနေဖြင့် ဖခင်ကြီးအတွက် ထူးထူးခြားခြား အစွမ်းပြချင်သောကြောင့် ဖြစ်သည်။ ဖခင်ကြီးက သူမကို သဘောကျစေချင်သည်၊ အထင်ကြီးစေချင်သည်။ ဂုဏ်ယူစေချင်သည်။ နောက်ဆုံး သူမကို ချစ်စေချင်သည်။ ဒါကြောင့်လည်း ဖခင်ကြီးအတွက် စေတနာတွေပိုကာ စိတ်ကူးပေါက်ရာ လုပ်မိခဲ့ခြင်းဖြစ်သည်။

"ဆရာမပြောတာ မှန်ပါတယ်"

မစ္စတာရိုဖေးက မဒမ်နက်ထရိုဗာကို ထောက်ခံစကားဆိုသည်။

"ကျွန်တော် သင့်တော်သလို ကြည့်ပြီး အပြစ်ပေးပါမယ်"

မဒမ်နက်ထရိုဗာက အယ်လစ်ဇဘက်၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။ သူ့အကြည့်က အောင်နိုင်သူတစ်ဦး၏ ဂုဏ်ယူဝင့်ကြွားသည့်အကြည့်မျိုး။

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် . . . မစ္စတာရိုဖေး၊ ဒီကိစ္စအတွက် လူကြီးမင်းလက်ထဲကိုပင် လုံးဝ လွှဲအပ်ပါတယ် . . ."

ထို့နောက်တော့ အယ်လစ်ဇဘက်တို့ သားအဖနှစ်ယောက် မဒမ်နက်ထရိုဗာ၏ ရုံးခန်းထဲမှ ပြန်ထွက်လာခဲ့ကြသည်။ ကျောင်းရှေ့မှာ အတန်ကြာမျှ ရပ်နေမိကြသည်။ ဖခင်ဖြစ်သူကလည်း သမီးဖြစ်သူအား ဘာစကားမျှ မပြော။ တကယ်တော့ သမီးဖြစ်သူက တောင်းပန်စကားပြောရန် စိတ်ကူးမိသေးသည်။ သို့သော် ပြော၍ မထွက်၊ ပြောတော့ကော ဘာထူးမှာလဲ။

သူမ၏ ဖခင်ကြီးက လူတစ်မျိုးဖြစ်သည်။ ဘူးဆို ဖရုံမသီးသော လူစားမျိုး။ သူ ဒေါသထွက်လျှင် ဘယ်သူနှင့်မှ မတူ၊ အလွန်ကြောက်စရာကောင်းသည်။ သူ့အမိန့်ကို မနာခံသူများ၊ အပြစ်တစ်စုံတစ်ရာ ကျူးလွန်သူများအား နည်းနည်းကလေးမှ ညှာတာစိတ်ရှိသူ မဟုတ်။

ဒါကြောင့်လည်း အယ်လစ်ဇဘက်က ဖခင်ကြီး ဘေးနားတွင် ရပ်ကာ ကျရောက်မည့် ပြစ်ဒဏ်ကိုသာ စောင့်စားလျက်ရှိသည်။

ဖခင်ဖြစ်သူက သမီးဘက်သို့ မျက်နှာမူလိုက်သည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



လေသံအေးအေးနှင့် ပြောလိုက်သည်။

"ကဲ . . . သမီးရေ၊ တို့ ဟိုတယ်သွားပြီး တစ်ခုခု သွားစားကြရအောင်"

ဒီတော့လည်း အယ်လစ်ဇဘက်မှာ စိတ်ကိုမထိန်းနိုင်တော့ဘဲ မျက်ရည်မိုးကိုသာ ဖြိုင်ဖြိုင်ကြီး ရွာချလိုက်မိလေတော့သည်။

★

ထိုနေ့ညက အယ်လစ်ဇဘက်သည် အိပ်ရာထဲတွင် မျက်စိကို လုံးဝ မှိတ်၍ မရ။ အိပ်ချင်စိတ်လည်း လုံးဝ မရှိ။ ညနေက အဖြစ်အပျက်များက သူမ၏ ကိုယ်စိတ်နှစ်ပါးလုံးကို လွှမ်းမိုးချုပ်ကိုင်ထားသည်။ သူမ၏ စိတ်သည် အလွန်လှုပ်ရှားနေသည်။ တကယ်တော့ ညနေက အဖြစ်အပျက်များသည် စိတ်ကူးမဟုတ်။ ညနေတုန်းက သူမ၏ဖခင်ကြီးနှင့် အတူ ဝက်ဝံသားရေ၊ ဆင်သားရေ၊ ခြသေ့်သားရေနှင့် မြင်ကျားရေများဖြင့် တခမ်းတနား မွမ်းမံခြယ်သထားသော ဟိုတယ်ခန်းထဲတွင် ထိုင်ကာ ညစာစားနေပုံကို မြင်ယောင်လာသည်။

ဖခင်ကြီးက ကျောင်းကိစ္စ၊ ကပွဲကိစ္စများကို လုံးဝ မပြော၊ လောလောဆယ် သူ သွားခဲ့သော ဂျပန်ပြည်ခရီးအတွေ့အကြုံကိုသာ သမီးဖြစ်သူအား အလေးအနက် ပြောပြနေသည်။

အယ်လစ်ဇဘက်က ပွဲသိမ်းအချိုပွဲအဖြစ် နောက်ဆုံးအိုက်စကရင်တစ်ဇွန်းကို စားပြီးသောအခါမှ ဖခင်ကြီးက ရုတ်တရက် မေးလိုက်သည်။

"ဒါနဲ့ . . . ကပွဲမှာ သမီး ဘယ်လိုဖြစ်တာလဲ၊ အဲဒီလို ဘာလို့ လုပ်တာလဲ"

ဒီတော့မှ အယ်လစ်ဇဘက်မှာ အကြီးအကျယ် လန့်ဖြတ်သွားမိတော့သည်။ သွားပါပြီ၊ ငါ့ဘဝတော့ ပျက်ပါပြီဟုလည်း အထိတ်တလန့် တွေးလိုက်မိသည်။ ဖခင်ကြီးအား လူပုံအလယ်တွင် အရှက်ခွဲခဲ့သော သမီးမိုက်ကို ဖခင်ဖြစ်သူက ရက်ရက်စက်စက် အပြစ်ပေးတော့





မည်ဟု သူမက တွေးလိုက်မိသည်။ သူမက စိတ်ကို အားတင်းပြီး ပြန်ဖြေလိုက်သည်။

"တခြားလူတွေထက် ပိုပြီး တော်ချင်လို့ပါ ဖေဖေ"

ပြီးတော့ . . . အသံမထွက်ဘဲ စိတ်ထဲက ကျိတ်၍ ပြောလိုက်မိပါသေးသည်။ "အဲဒီလို တော်ချင်တာကလည်း ဖေဖေ့အတွက်ပါ၊ ဖေဖေ့သမီးအတွက် ဖေဖေ ဂုဏ်ယူနိုင်အောင်လို့ပါ"

ဖခင်ကြီးက သမီးဖြစ်သူ၏ မျက်နှာကို ကြည့်လိုက်သည်။ အကြာကြီးကြည့်နေသည်။ ပြီးတော့မှ အားရပါးရ ရယ်လိုက်သည်။

"ဟား . . . ဟား . . . ဟား . . . သမီး လုပ်လိုက်တာ လူတိုင်းကို အောချယူရတာပဲ"

ဖခင်ကြီး၏ စကားတွင် ဂုဏ်ယူသည့် လေသံမျိုး ပါဝင်နေသည်ကို အယ်လစ်ဇဘက်က သတိပြုလိုက်မိသည်။ ရှက်စိတ်ကြောင့် သူမ၏ မျက်နှာတစ်ပြင်လုံး နီရဲသွားသည်။ သူမက အရဲစွန့်၍ မေးလိုက်သည်။

"ဖေဖေက သမီးကို စိတ်မဆိုးဘူးပေါ့နော်"

ဖခင်က သမီးမျက်နှာကို စိုက်ကြည့်နေသည်။ ယခင်က ကြည့်ခဲ့ဖူးသော အကြည့်မျိုး မဟုတ်၊ အလွန်ထူးခြားသော အကြည့်ဖြစ်ကြောင်း အယ်လစ်ဇဘက်က သတိပြုမိသည်။

ဖခင်က လေသံအေးအေးဖြင့် ပြောသည်။

"သမီးက အတော်ဆုံးဖြစ်ချင်လို့ အဲဒီလို လုပ်တာကိုး၊ ဟုတ်စ၊ အေး . . . အဲဒါ ရှိဖေးမိသားစုရဲ့ မွေးရာပါ ရည်မှန်းချက်ပဲ သမီးရဲ့"

ပြီးတော့ ဖခင်က သမီးဖြစ်သူ၏ လက်ဝါးကို လှမ်းကိုင်ပြီး အားပါးတရ ဖျစ်ညှစ်နေသည်။

အယ်လစ်ဇဘက်က အိပ်ရာထဲတွင် လှဲရင်း အတွေးရုပ်ရှင်ကားကို ကြည့်နေသည်။

တကယ်တော့ ဖေဖေဟာ ငါ့ကို ချစ်တာပဲ။ တကယ်ချစ်တာပဲ။ နောက်ဆိုရင် တို့သားအဖနှစ်ယောက် အတူတူ နေကြရတော့မယ်။ အဖေက သူသွားရာ ငါ့ကို ခေါ်သွားမှာပဲ။ ဖေဖေနဲ့အလှကိုစွတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း အများကြီးပြောမယ်၊ တခြားကိစ္စတွေလည်း အကြာကြီးပြောမယ်။ ငါတော့ အပျော်ကြီးပျော်ရတော့မယ် . . . ပျော်ရတော့မယ်။

ဒီအတွေးများအဆုံးတွင် အယ်လစ်ဇဘက်သည် နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့လေသည်။

★

နောက်ရနေ့ညနေပိုင်းတွင် သူမ ဖခင်ကြီး၏ အတွင်းရေးမှူးက အယ်လစ်ဇဘက်အား ခရီးထွက်ဖို့ အသင့်ပြင်ထားရန် လာပြောသည်။

သူမအား ဆွစ်ဇာလန်နိုင်ငံတွင် ကျောင်းအိပ်ကျောင်းစား သွားအပ်ရန် အားလုံးစီစဉ်ပြီးပါပြီတဲ့။

★ ↔ ★



## အခန်း ( ၁၀ )

အယ်လစ်ဇဘက်သည် "လီမွန်နိုင်ငံတကာ မိန်းကလေး အထက်တန်းကျောင်း" တွင် ကျောင်းအိပ်ကျောင်းစား နေရသည်။ ထိုကျောင်းသည် "စိန့်ဘလဲ" ရွာတွင် တည်ရှိပြီး သာယာလှသော "ချူချာတယ်" ရေအိုင်ကြီးကို အပေါ်စီးမြင်နေရသည်။ ကျောင်းသူကလေးများမှာ ၁၄ နှစ်မှ ၁၈ နှစ်အတွင်း အရွယ်များ ဖြစ်ကြသည်။ ဤကျောင်းသည် ဆွစ်ဇာလန်နိုင်ငံတွင် ပညာသင်ကြားရေး၌ အကောင်းဆုံးနှင့် အကျော်ကြားဆုံး ကျောင်းတစ်ကျောင်း ဖြစ်သည်။

သို့ပေမယ့် အယ်လစ်ဇဘက်ကတော့ ဒီကျောင်း၌ နေရသည်ကို တစ်စက်ကလေးမှ မပျော်။

သူ့ကိုယ်သူ တစ်ကျွန်းပို့ခံနေရသူလိုသာ ခံစားနေရသည်။ သူမသည် မွေးရပ်မြေနှင့် အဝေးကြီးသို့ ရောက်နေရသည်။ ဘာပြစ်မှုမှ ကျူးလွန်မိသော လူတစ်ယောက်ကို ပြည်နှင်ဒဏ်ခတ်ကာ မဲဇာပို့ထားသလို ခံစားနေရသည်။ တမြန်နေ့ညနေက ဟိုတယ်တွင် ဖခင်ကြီးနှင့်အတူ ညစာစားခဲ့စဉ်ကမူ သူမကလည်း ဖခင်ကြီးကို နားလည်ခဲ့သည်။ ဖခင်ကြီးကလည်း သူမကို နားလည်ခဲ့သည်ဟု ထင်ခဲ့မိသည်။ ဖခင်ကြီးအပါးမှာ တစ်ဖဝါးမကွာ အမြဲတမ်း နေနေရတော့မည်ဟု ထင်ခဲ့မိသည်။

ယခုတော့ အထင်နှင့်အမြင် တခြားစီ ဖြစ်ခဲ့ရပြီ။ ဖခင်ကြီးနှင့် ဝေးကွာလှသော တစ်ပြည်တစ်ရွာတွင် ရောက်နေရပြီ။

အယ်လစ်ဇဘက်အဖို့ ဖခင်ကြီး၏ မျက်နှာကို ကိုယ်တိုင်ကိုယ်ကြပ် မမြင်ရသော်လည်း သတင်းစာများနှင့် မဂ္ဂဇင်းများတွင်တော့ သူမဖခင်ကြီးအကြောင်း မကြာခဏ ဖတ်ရှုရသည်။ ဖခင်ကြီး၏ ဓာတ်ပုံကိုလည်း မကြာခဏ မြင်တွေ့ရသည်။ နိုင်ငံတစ်နိုင်ငံမှ သမ္မတနှင့်သော်လည်းကောင်း၊ ဝန်ကြီးချုပ်နှင့်သော်လည်းကောင်း လက်ဆွဲနှုတ်ဆက်နေသောဖခင်ကြီး၏ ဓာတ်ပုံအမျိုးမျိုးကို မြင်တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတွင်လည်း ဘုံဘေမြို့တွင် ကုမ္ပဏီရုံးခွဲသစ် ဖွင့်ပေးနေသော ဖခင်ကြီးကို မြင်တွေ့ရသည်။ တစ်ခါတွင်မူ ဖခင်ကြီးက အယ်လပိုင်းတောင်ထွတ်များဆီသို့ ရောက်နေသည်။ တစ်ခါတွင်မူ ဇီရန်ပြည့်ရှင် ရှားဘုရင်နှင့်အတူ ညစာစားနေပုံကို မြင်တွေ့ရသည်။

အယ်လစ်ဇဘက်သည် ဖခင်ကြီးအကြောင်းပါသော သတင်း၊ ဆောင်းပါးများနှင့် ဓာတ်ပုံများကို ဖြတ်ယူပြီး မှတ်စုစာအုပ်တစ်အုပ်တွင် သေသေသပ်သပ် ကပ်ထားသည်။ ပြီးတော့ ယင်းမှတ်စုစာအုပ်ကို သူမအဘိဓါန် အတ္ထုပ္ပတ္တိစာအုပ်ကြီးနှင့်အတူ တရိုတသေ သိမ်းဆည်းထားလေသည်။

အယ်လစ်ဇဘက်သည် အခြားကျောင်းသူကလေးတွေနှင့် ရောရောနှောနှော မရှိ။ သူတစ်ယောက်တည်း တစ်ဘာသာ ဖြစ်နေသည်။ အခြားကျောင်းသူများက နှစ်ယောက်တစ်ခန်း၊ သုံးယောက်တစ်ခန်း စသည်ဖြင့် နေထိုင်ကြပေမယ့် အယ်လစ်ဇဘက်ကတော့ တစ်ယောက်တည်း တစ်ခန်း နေသည်။

ရံဖန်ရံခါ ကျောင်းအားရက်များတွင် ဖခင်ထံသို့ စာရှည်ရှည်ကြီးတွေ ရေးလေ့ရှိသည်။ စိတ်ကို မထိန်းနိုင်ဘဲ သူ့ခံစားချက်တွေကို တစ်ခုမကျန် ဖွင့်အန် ရေးသားမိသောအခါ ရေးပြီးသမျှကို ဆုတ်ဖြဲပစ်တတ်သည်။ ဖခင်ကြီးထံမှလည်း သူ့ထံသို့ မကြာခဏဆိုသလို စာတွေလာတတ်သည်။ သူမ၏မွေးနေ့တိုင်းတွင်လည်း အထုပ်ကြီး အထုပ်ငယ်များဖြင့် အဖိုးတန်ပစ္စည်းမျိုးစုံ ရောက်လာတတ်သည်။ ယင်းပစ္စည်းတွေကို သူ့ဖခင်ကြီး၏ အတွင်းရေးမှူးက ဖခင်ကြီး၏ အမိန့်အရ ဝယ်ယူပေးပို့ခြင်း ဖြစ်သည်။ ယင်းသို့ ပစ္စည်းတွေ တစ်ပြုံကြီး ရောက်လာသောအခါတိုင်း အယ်လစ်ဇဘက်မှာ ဖခင်ကြီးကိုသာ အငမ်းမရ တောင့်တမိတော့သည်။ ဖခင်ကြီးကိုသာ အလွန်အမင်း အောက်မေ့နေမိတော့သည်။

ထို့ကြောင့်လည်း လာမည့်ခရစ်စမတ်ပွဲတော်ရက်အတွင်း ဆာဒင်းနီးယားအိမ်ကြီးသို့ပြန်ပြီး ဖခင်နှင့်အတူ သွားနေမည်ဟု သူမ အားခဲထားလေသည်။ ပွဲတော်ရက်ကို ကြိုတင်၍ လက်ချိုးရေတွက်နေရသည်မှာ သူမအဖို့ မသက်သာလှ။ ပွဲတော်ရက် နီးလာလေလေ မအောင့်နိုင်စိတ်က ပြင်းပြလာလေလေဖြစ်သည်။ သူမအဖို့ ဖခင်ကြီးနှင့် တွေ့ချင်စိတ်က အရှူးအမူး ပြင်းပြနေလေသည်။

ဖခင်ကြီးနှင့်တွေ့သောအခါ ဖခင်ကြီးသဘောကျ သမီးအလိမ္မာတစ်ဦး ဖြစ်လာဖို့အတွက်လည်း သူ့စိတ်ကူးနှင့်သူ စည်းကမ်းတွေ၊ ညတ်ချက်တွေ ထုတ်ပြီး မှတ်စုစာအုပ်တွင် ကျကျနန ရေးမှတ်ထားသည်။

နွဲ့ဆိုး မဆိုးပါနှင့်။

တစ်ခုခုကို အမြဲတမ်း စိတ်ဝင်စားပါ။

ဘာအကြောင်းမှ မကောင်းမပြောနှင့်။ အထူးသဖြင့် ကျောင်းနှင့် ပတ်သက်၍ ဘာမှ မပြောနှင့်။

တစ်ယောက်တည်း အထီးကျန်ဘဝ ဖြစ်နေရကြောင်း လုံးဝမပြောနှင့်။

ဖခင်ကြီး စကားပြောနေတုန်း ဘာမှ ဖြတ်မပြောနှင့်။ ဂရုစိုက်၍ နားထောင်ပါ။

အမြဲတမ်း သန့်သန့်ရှင်းရှင်းနှင့် ကြွေရရ နေထိုင်ပါ။

အမြဲတမ်း ပျော်ရွှင်နေသည်ဟု ထင်အောင် မကြာခဏ ဟက်ဟက်ပက်ပက် ရယ်မောပါ။

တကယ်တော့ ဒီစည်းကမ်းချက်များမှာ သူမ၏ ဆုတောင်း ပတ္ထနာပင် ဖြစ်လေသည်။ ဒီစည်းကမ်းချက်တွေကို လိုက်နာကျင့်သုံးလျှင် မိမိဖြစ်စေချင်သော ဘဝမျိုး ဖြစ်လာနိုင်သည်ဟုလည်း ယုံကြည်ထားသည်။

ထို့ကြောင့်လည်း သူမသည် တတိယကမ္ဘာအကြောင်းနှင့် ဖွံ့ဖြိုးဆဲ ၁၉ နိုင်ငံများအကြောင်းကို စေ့စေ့စပ်စပ် လေ့လာဖတ်ရှုသည်။ သူ့သမီးကြီး အထွေထွေဗဟုသုတနှင့် ပြည့်ဝကြောင်း သိရသောအခါ သူ့ဖခင်ကြီးက . . .

"အံမယ် . . . ဖေဖေ့သမီးကြီးက ဘယ်ခေလို့တုန်း၊ ဗဟုသုတတွေနဲ့ တော်တော် ပြည့်စုံနေပြီပဲ၊ တော်တယ် . . . တော်တယ် . . .







www.burmeseclassic.com

www.burmeseclassic.com



သမီး တော်တယ် . . ."

ဟု ချီးကျူးရင်း သူ့အတွင်းရေးမှူးဘက်သို့ လှည့်ပြီး . . .

"ဟော့ သမီးကို ကျောင်းဆက်ထားဖို့ မလိုတော့ဘူး ထင်တယ်၊ ငါနဲ့ပဲ ဒီမှာ အတူနေပါစေတော့လား . . ." ဟူ၍ ပြောကောင်းပြောပေလိမ့်မည်။

ဒါက တကယ်တော့ မဟုတ်သေး။ အယ်လစ်ဇဘက်၏ စိတ်ကူး၊ အယ်လစ်ဇဘက်၏ ဆုတောင်းမှုသာ ဖြစ်ပေသေးသည်။

★

မိသားစုပိုင်ဂျက်လေယာဉ်ပျံကြီးက ဇူးရစ်မြို့လေဆိပ်မှ အယ်လစ်ဇဘက်ကို တင်ဆောင်ကာ အော်လဘီးယားလေဆိပ်သို့ ပျံသန်းလာခဲ့သည်။

အော်လဘီးယား လေဆိပ်တွင် အဖိုးတန် ဖိမ်ခံကားသစ်ကြီး တစ်စင်းက အယ်လစ်ဇဘက်အား အသင့်စောင့်လျက် ရှိသည်။

အယ်လစ်ဇဘက်က ကားမောင်းသူအား စကားတစ်ခွန်းမှ မပြောဘဲ ကားနောက်ပိုင်းတွင် ဝင်ထိုင်လိုက်သည်။ စိတ်လှုပ်ရှားမှုကြောင့် ဒူးများ တုန်နေမည်စိုး၍ ဒူးနှစ်ဘက်ကို ပူးကပ်ကာ တောင့်တောင့်ကြီး ထိုင်နေသည်။

"ဖေဖေနဲ့ တွေ့ရင်တော့ မငိုမိအောင် ကြိုးစားရမှာပဲ၊ ဘာပဲဖြစ်ဖြစ် ငါ ဟိုမှာ နေရတာ လွမ်းနာကျနေတယ်ဆိုတာတော့ ဖေဖေ လုံးဝ မရိပ်မိအောင် ဟန်ဆောင်ထားရမှာပဲ . . ."

ကားသည် လေတဟူးဟူးတိုက်ခတ်နေသော တောင်ပေါ်လမ်းမရှည်ကြီးအတိုင်း အရှိန်နှင့် ပြေးလျက်ရှိသည်။ တစ်နေရာသို့ ရောက်၍ တစ်ကွေ့ ကွေ့လိုက်သောအခါ တောင်ထိပ်လမ်းသည် အလွန်ကျဉ်းသွားသည်။ အယ်လစ်ဇဘက်က ဒီလမ်းကို အလွန်ကြောက်သည်။ ဒီလမ်းက မြင့်လည်း မြင့်သည်။ ကျဉ်းလည်း ကျဉ်းသည်။ တစ်ဘက်က တောင်စောင်း။ တစ်ဘက်က အသူတစ်ရာနက်သော



ချောက်ကမ်းပါးကြီး။

ကားသည် အိမ်ရှေ့ခြံဝင်းထဲတွင် ရပ်သွားသည်။ အယ်လစ်ဇဘက်က ကားပေါ်မှ ကမန်းကတန်း ဆင်းပြီး အိမ်ရှေ့တံခါးဝသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။

အိမ်ရှေ့တံခါးကို လာဖွင့်သူက ဆာဒင်းနီးယန်း အမျိုးသမီး အိမ်ဖော်မကြီး မာဂရစ်တာ။

"ဟယ်လို . . . မစ္စ အယ်လစ်ဇဘက်"

မာဂရစ်တာက သံတံခါးကို ဖွင့်ပေးရင်း ဝမ်းပန်းတသာ နှုတ်ဆက်သည်။

"ဖေဖေ ရှိသလား . . ."

"မရှိဘူး၊ အရေးပေါ်ကိစ္စနဲ့ ဩစတြေးလျကို သွားတယ်၊ ဒါပေမယ့် . . . မပူပါနဲ့၊ ဖေဖေကြီးက လက်ဆောင်ပစ္စည်းတွေ တစ်ပုံကြီး ဝယ်ထားခဲ့ပါတယ်၊ ခရစ်စမတ်ပွဲတော်ကျတော့ သိပ်ပျော်စရာကောင်းမှာပဲ"

အယ်လစ်ဇဘက်၏ရင်ထဲတွင် ဆို့နင့်သွားသလို ခံစားရသည်။

★ ↔ ★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

အယ်လစ်ဇဘက်သည် အတ္ထုပ္ပတ္တိစာအုပ်ကြီးကို သူမနှင့် တစ်ပါတည်း ယူလာခဲ့သည်။ သူမသည် ဆာဒင်းနီးယား စံအိမ်ကြီး၏ ခန်းမဆောင်ကြီးထဲတွင် ရပ်နေသည်။ နံရံတွင် သူမ၏ အဘိဖြစ်သူ ဆင်မြူရယ်နှီဖေး၏ ပုံတူပန်းချီကားချပ်ကြီး ရှိသည်။ အဘွားဖြစ်သူ တီရင်နီယာ၏ ပုံကိုလည်း ကပ်လျက်သား ချိတ်ဆွဲထားသည်။

အယ်လစ်ဇဘက်၏ စိတ်ထဲတွင် သူမ၏အဘိနှင့် အဘွားများ သက်ရှင်လှုပ်ရှားလာသလို ခံစားမိသည်။ သူ့ကိုယ်သူလည်း သက်ရှင်လှုပ်ရှားနေသော အဘိနှင့် အဘွားတို့၏ ရှေ့မှောက်သို့ ရောက်နေသလို ထင်မိသည်။

အတန်ကြာသောအခါ နေရာမှ လှည့်ထွက်လာခဲ့ပြီး ကြောင်လိမ်လှေကားအတိုင်း အပေါ်ဆုံးထပ် မျှော်စင်ဆောင်ဆီသို့ တက်လာခဲ့သည်။ အတ္ထုပတ္တိ စာအုပ်ကြီးကိုလည်း ယူလာခဲ့သည်။

သူမသည် နေ့တိုင်းလိုလို မျှော်စင်ခန်း၌သာ အချိန်ကုန်သည်။ အချိန်လုံးတွင်လည်း အတ္ထုပတ္တိ စာအုပ်ကြီးကိုသာ ဖတ်နေမိတော့သည်။ တချို့အခန်းများကို ဖတ်ပြီးသော်လည်း အားမရနိုင်၍ ထပ်ကာထပ်ကာ ပြန်ဖတ်သည်။ ဖတ်တိုင် းဖတ်တိုင်းတွင်လည်း သူမ၏ စိတ်နှင့် ကိုယ်မှာ ဆင်မြူရယ်နှင့်တီရင်နီယာတို့ဆီသို့သာ ရောက်နေတော့သည်။

သူမ၏ဘဝသည် သူတို့ဘဝနှင့် တစ်သားတည်း ဖြစ်နေတော့သည်။ သူမ၏ ဘိဘင်များနှင့် အချိန်ကာလ ကွာခြားမှုမှာ စင်စစ်အားဖြင့် ရာစုနှစ် တစ်နှစ်တာမျှ ကွာခြားသော်လည်း အတ္ထုပ္ပတ္တိစာအုပ်ကြီးကို ဖတ်နေချိန်တွင်မူ ယင်းကွာဝေးမှုသည် လုံးဝပျောက်ကွယ်သွားခဲ့သလတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com



အယ်လစ်ဇဘက်က အတ္ထုပ္ပတ္တိ စာအုပ်ကြီးကို ဆက်လက်ဖတ်ရှုလေသည်။

ဆင်မြူရယ်သည် ဒေါက်တာဝါး၏ ဓာတ်ခွဲခန်းတွင် ဆေးဖော်ဆေးစပ်လုပ်ငန်းများကို နှစ်အတော်ကြာမျှ လေ့လာဆည်းပူးသည်။ ဘာပဲလုပ်လုပ် သူ့စိတ်ထဲမှာတော့ တီရင်နီယာကလေးကိုသာ အမြဲတမ်း စွဲလမ်းနေမိသည်။ သူ ကြိုးစားသမျှသည် တီရင်နီယာအတွက်သာ ဖြစ်သည်။ တစ်နေ့တော့ တီရင်နီယာကို သူ ပိုင်ရမည်ဟုလည်း လေးလေးနက်နက် သန္နိဋ္ဌာန်ချထားသည်။

ယခုအချိန်တွင် သူ့အပေါ်မှာ ဒေါက်တာဝါးကလည်း အလွန်ကျေနပ်နေလေပြီ။ သူကလည်း ဒေါက်တာခိုင်းသမျှ မညည်းမညူ ကြည်ကြည်ဖြူဖြူနှင့် တာဝန်ကျေပွန်စွာ လုပ်ပေးသည်။ တပည့်ဝတ်နှင့်အညီ ဝတ်ကြီးဝတ်ငယ် အထွေထွေကိုလည်း မလစ်ဟင်းရအောင် အမြဲကြိုးစားသည်။

သို့သော် တီရင်နီယာ၏မိခင်ကြီးကတော့ ဆင်မြူရယ်ကို များစွာ သဘောမကျ။ ဖြစ်နိုင်လျှင် အိမ်ကပင် မောင်းထုတ်ပစ်ချင်သည်။ အဘိုးကြီးကို မလွန်ဆန်နိုင်၍သာ အဘွားကြီးက လက်ပိုက်ကြည့်နေရခြင်း ဖြစ်သည်။

ဘယ်လိုပဲဖြစ်ဖြစ် ဆင်မြူရယ်ကတော့ စီမံကိန်းဖြင့် ပန်းတိုင်သို့ ချီတက်နေသူဖြစ်၍ ကိုယ့်ဘက်က မမှားအောင် သတိဝီရိယကြီးစွာထားလေသည်။

သူသည် ဒေါက်တာဝါးထံတွင် နည်းနာခံရင်း ဆေးဝါးများ၏ ဓာတ်သဘာဝနှင့် ဆေးပညာသမိုင်းကို အထူးဂရုစိုက် လေ့လာသည်။ ဓာတုဗေဒပညာရပ်ကို စတင်ဖော်ထုတ်ခဲ့သော ရှေးဟောင်း အီဂျစ်လူမျိုးတို့၏ ဆေးပညာမှတ်တမ်းများကိုလည်း စိတ်ဝင်စားစွာဖြင့် လေ့လာမှတ်သားသည်။

ဆင်မြူရယ်တို့ ခေတ်တုန်းကဆိုလျှင် ကရာကိုးမြို့တွင်းနှင့် မြို့ပြင်ဆင်းရဲသားရပ်ကွက်များရှိ ပရဆေးဆိုင်များမှာ အလွန့်အလွန် အဆင့်အတန်းနိမ့်နေဆဲပင် ဖြစ်သည်။ ရှိသမျှပုလင်းများနှင့် စဥ့်အိုးစဥ့်ခွက်





များထဲမှ ပရဆေးအားလုံးလိုလိုမှာ လုံးဝ မစမ်းရသေးသော ဆေးများနှင့်သာ ပြည့်နှက်နေသည်။

အချို့ဆေးတွေမှာ လုံးဝ အသုံးမဝင်။ အချို့ကျတော့ လူနာအတွက် အလွန်အန္တရာယ်များသော ဆေးတွေသာ ဖြစ်နေသည်။ ဆေးဝါးတွေကိုယ်တိုင်က အသုံးမဝင်ရသည့်အထဲ လုပ်ကိုင်ဖော်စပ်ရာတွင် သန့်ရှင်းမှု မရှိခြင်း၊ သိုလှောင်သိမ်းဆည်းရာတွင် မသန့်ရှင်းခြင်းတို့ကြောင့် ပိုးမွှားအညစ်အကြေးများနှင့် ရောပြွမ်းနေခြင်းမှာ ပို၍ပင် ဆိုးရွားသေးသည်။ ထို့ကြောင့်လည်း လူနာများမှာ ဆေးကြောင့်သော်လည်းကောင်း၊ ပိုးမွှားကြောင့်သော်လည်းကောင်း တစ်ခုမဟုတ်တစ်ခုကြောင့် အသက်ဆုံးရှုံးကြရလေသည်။

သို့သော် ထိုအချိန်က ထုတ်ဝေကြသော ဆေးပညာမဂ္ဂဇင်းများကို ဖတ်ခွင့်ရသဖြင့် ဆင်မြူရယ်အဖို့ အသိပညာ တိုးတက်မှုအတွက် အံကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ သူသည် ယင်းမဂ္ဂဇင်းများကို ဝါးစားသလို အငမ်းမရ ဖတ်ရှုပြီးနောက် မရှင်းသော သဘောတရားများကို ဒေါက်တာဝါးနှင့် ဆွေးနွေးလေ့ရှိသည်။

"တကယ်တော့ အနာရှိရင် ဆေးရှိရမှာပဲ ဆရာကြီး၊ ကျန်းမာခြင်းဟာ သဘာဝဖြစ်တယ်၊ ထာဝရလည်း ဖြစ်တယ်၊ ရောဂါဆိုတာ သဘာဝ မဟုတ်ဘူး၊ ထာဝရလည်း မဟုတ်ဘူး၊ ဒီလိုဆိုရင် ဘယ်ရောဂါမဆို ကုနိုင်တဲ့ဆေးနည်းဆိုတာလည်း ရှိမှာပဲ"

တစ်နေ့တွင် ဆင်မြူရယ်က ဒေါက်တာဝါးနှင့် ဆွေးနွေးရင်း သူ့ယုံကြည်ချက်ကို စိတ်အားထက်သန်စွာဖြင့် တင်ပြလိုက်သည်။

"ဒါလည်း ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါ့အတွေ့အကြုံအရတော့ ငါဖော်စပ်ထားတဲ့ ဆေးသစ်ကို လူနာအများစု စမ်းသပ်မခံရဲကြဘူးကွဲ့၊ ငါတော့ သူတို့မှန်တယ်လို့ ထင်တယ်"

ထို့နောက်တော့ ဆင်မြူရယ်သည် ဒေါက်တာဝါး၏ ကိုယ်ပိုင်စာကြည့်တိုက်မှ ဆေးပညာစာအုပ်မှန်သမျှ တစ်အုပ်မကျန် သဲသဲမဲမဲ ဖတ်ရှုတော့၏။

ထိုအချိန်က သိပ္ပံပညာရှင်များ၏ လေ့လာစူးစမ်းမှုအရ သဘော



www.burmeseclassic.com

www.burmeseclassic.com



တရားတစ်ရပ် ခေတ်စားနေသည်။ ရောဂါဖြစ်ခြင်း အကြောင်းတရားကို ဖျက်ဆီးပစ်နိုင်သော တန်ပြန်စွမ်းအားတစ်ရပ်ကို ဖော်ထုတ်နိုင်လျှင် မည်သည့်ရောဂါမဆို ပျောက်ကင်းအောင် ကုသနိုင်သည်ဟူသော သဘောတရားဖြစ်သည်။

ဤသဘောတရားသည် ခေတ်သစ် ဆေးပညာ တိုးတက်ရေးအတွက် တော်လှန်သော အတွေးအခေါ် သဘောတရားတစ်ရပ် ဖြစ်သည်။ ဤအတွေးအခေါ်သည် ဆင်မြူရယ်၏ ဦးနှောက်တွင် သံမှိုနှက်ထားသလို စွဲနေသည်။

ဒေါက်တာဝါးကိုယ်တိုင်လည်း တစ်ကြိမ်က စမ်းသပ်မှုတစ်ခု ပြုလုပ်ခဲ့ဖူးသည်။ သူက ဆုံဆို့နာဖြစ်နေသော ဝေဒနာရှင်တစ်ဦးထံမှ သွေးကို မြင်းတစ်ကောင်၏ ကိုယ်ထဲသို့ သွင်းသည်။ မြင်းသေသွားသောအခါ သူ၏စမ်းသပ်မှုကို ဆက်မလုပ်တော့ဘဲ လုံးဝ စွန့်လွှတ်လိုက်တော့သည်။ သို့သော် ဆင်မြူရယ်ကတော့ ဒေါက်တာဝါး၏ လုပ်ရပ်သည် လမ်းမှန်ပေါ်မှာရှိသည်ဟု ယုံကြည်နေဆဲဖြစ်သည်။

"ဆရာကြီး အဲဒီနည်းကို အခု ဆက်လုပ်ကြည့်ဖို့ ကောင်းတယ်၊ ကျွန်တော်ကတော့ အောင်မြင်မယ်လို့ ယုံကြည်တယ်"

သို့သော် ဆရာကြီးက ခေါင်းခါသည်။

"မင်းအသက်က ၁၇ နှစ်ပဲ ရှိပါသေးတယ် ဆင်မြူရယ်၊ မင်းလည်း ငါ့အရွယ်ရောက်ရင် ငါ့လိုပဲ ယုံကြည်လာမှာပဲ . . .၊ ဒါတွေ မေ့ပစ်လိုက်စမ်းပါ သူငယ်ရယ်"

သို့သော် ဆင်မြူရယ်ကတော့ မမေ့နိုင်။ သူက ဆရာကြီးလက်လျှော့သွားသောနည်းကို ဆက်လက် စမ်းသပ်ကြည့်ချင်သည်။ ထို့ကြောင့် သူလက်လှမ်းမီရာ ကြောင်ကလေး၊ ကြွက်ကလေးများနှင့် စမ်းသပ်ကြည့်သည်။ စမ်းသပ်ပြီး မိနစ်ပိုင်းအတွင်းမှာပင် ယင်းတိရစ္ဆာန်ကလေးတွေ သေကုန်ကြသည်။

သို့သော် ဆင်မြူရယ်က စိတ်မပျက်။ အစမ်းသပ်ခံ တိရစ္ဆာန်တွေက သေးလွန်းလို့သာ ဤသို့ဖြစ်ရသည်ဟူ၍ စဉ်းစားမိသည်။ မြင်းဖြစ်စေ၊ နွားဖြစ်စေ၊ သိုးဖြစ်စေ ရလျှင် စမ်းသပ်မှု အောင်မြင်မည်ဟု





လည်း ယုံကြည်သည်။ သို့သော် ထိုတိရစ္ဆာန်ကြီးများကို သူ့အနေဖြင့် ဘယ်မှာ ရနိုင်ပါ့မလဲ။

ကံကောင်းချင်တော့ တစ်နေ့တွင် ဆင်မြူရယ် အိမ်သို့ ပြန်သွားတော့ ရှေးဟောင်းလှည်းတစ်စီးနှင့် မြင်းတစ်ကောင်ကို အိမ်ရှေ့တွင် တွေ့ရသည်။ လှည်း၏ဘေးနံရံတွင်လည်း "ရှိဖေးနှင့် သား" ဟူသော စာတန်းကို ဖြစ်ကတတ်ဆန်း လက်ရေးဖြင့် ရေးထားသည်။ သူက အိမ်ထဲ ပြေးဝင်သွားပြီး ဖခင်ဖြစ်သူအား မေးကြည့်သည်။

"အဖေဝယ်လာတဲ့ မြင်းပေါ့ . . . သားရဲ့၊ မြင်းလှည်းနဲ့ဆိုတော့ အလုပ်ပိုတွင်တာပေါ့၊ နောက်လေးငါးနှစ်ဆိုရင် နောက်တစ်ကောင် ထပ်ဝယ်နိုင်မှာပဲ"

ဖခင်ကြီးက သူ့စီမံကိန်းကို သားဖြစ်သူအား ဂုဏ်ယူဝမ်းသာစွာဖြင့် ပြောပြသည်။ ဆင်မြူရယ်ကတော့ သူတို့ရပ်ကွက်ထဲက နွံ့ဗွက်တွေ၊ အညစ်အကြေးတွေထဲ မြင်းနှစ်ကောင်၊ လှည်းနှစ်စီးနှင့် အိုကြီးအိုမ သူ့ဖခင်ကြီး ရုန်းနေရမည့်အဖြစ်ကို တွေးကြည့်ပြီး ငိုချင်စိတ်ပင် ပေါက်လာမိသည်။

ထိုနေ့ည လူတိုင်းအိပ်ပျော်နေချိန်တွင် ဆင်မြူရယ်သည် မြင်းဇောင်းသို့ တိတ်တဆိတ်သွားပြီး မြင်းကို စစ်ဆေးကြည့်ရှုသည်။ မြင်းက မျိုးကောင်းမျိုးသန့်အစားထဲက မဟုတ်သည့်အပြင် ရှုနာရှိုက်ကုန်း မြင်းအိုမကြီး ဖြစ်သည်။ မြင်းမကြီးကြည့်ရတာ သူ့ဖခင်ကြီးလမ်းလျှောက်တာတောင် လိုက်မီနိုင်မည့်ပုံမျိုး မဟုတ်ဘူးဟူ၍ ဆင်မြူရယ်က တွေးလိုက်မိသည်။

သို့သော် ဒါက အဓိကမဟုတ်။ သူ့ဓာတ်ခွဲခန်းအတွက် အစမ်းသပ်ခံ တိရစ္ဆာန်တစ်ကောင်ရတာသာ အဓိက မဟုတ်လား။

သို့ဖြင့် ဆင်မြူရယ်က မြင်းဇောင်းထောင့်တစ်နေရာတွင် ယာယီ ဓာတ်ခွဲခန်းကလေးတစ်ခုကို ဖြစ်သလို ပြင်ဆင်ပြီး သူ့လုပ်ငန်းကို စတင်လုပ်ကိုင်တော့သည်။

ပထမဦးစွာ သူသည် စုပ်ပြုတ်ရည်ခွက်ထဲသို့ ဆုံဆို့နာပိုးများကို မွေးမြူသည်။ စုပ်ပြုတ်ရည် အရောင်အဆင်း ညိုမည်းလာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



အခြားထည့်စရာ ခွက်တစ်ခုထဲသို့ ပြောင်းထည့်ပြီး အရည်ကျဲသွားအောင် မီးတွင် သင့်ရုံမျှ နွေးသည်။ ပြီးလျှင် အရေပြားအောက် ထိုးရသည့် ပြွန်အပ်ထဲသို့ ထိုအရည်ကို ထည့်သည်။ ထို့နောက် ဒေါက်တာဝါး ပြုလုပ်သည်ကို မြင်ဖူးသည့်အတိုင်း ပြွန်အပ်ထဲမှ အရည်များကို မြင်းမကြီး၏ ပခုံးအရေပြားအောက်သို့ ထိုးသွင်းလိုက်လေသည်။

ဆင်မြူရယ်၏ ခန့်မှန်းချက်အရဆိုသော် နောက် ၇၂ နာရီအတွင်း မြင်းမကြီးကိုယ်ခန္ဓာအတွင်း ရောဂါပိုးများ ပျံ့နှံ့သွားကြသည်။ ထိုအချိန်တွင် အရည်ပို၍ များသော ပြွန်အပ်ဖြင့် ဒုတိယအကြိမ် ထပ်ထိုးမည်။ ပြီးတော့ နောက်ထပ် တတိယအကြိမ် ထပ်သွင်းဦးမည်။

အကယ်၍ ပိုးကို ပိုးချင်းသတ်နိုင်သည်ဟူသော အဆိုသာ မှန်ခဲ့လျှင် မြင်းမကြီးကိုယ်ထဲသို့ ထိုးသွင်းလိုက်သော အရည်များသည် ရောဂါပိုးကို သတ်နိုင်သော အမာခံသွေးအုပ်စုများ ဖြစ်လာကြမည်။ ဤတွင် သူ့အတွက် ဆုံဆို့နာပျောက်ဆေးကို ရလေပြီ။

သို့သော် တကယ့်အဖြစ်ကတော့ ဆင်မြူရယ် မျှော်မှန်းသလို ဖြစ်မလာခဲ့။

ကံဆိုးချင်တော့ သုံးရက်မြောက်သောနေ့တွင် မြင်းမကြီး ကောက်ကာငင်ကာ သေပါလေတော့သည်။ မြင်းမကြီး သေရခြင်းအကြောင်းရင်းကို မသိရှာသော ဆင်မြူရယ်၏ ဖခင်ကြီးမှာ သေခါနီး မြင်းပိန်မကြီးကို ရောင်းလိုက်သူ အား "တွေ့တဲ့နေရာမှာ အသေသတ်ပစ်မယ်" ဟူ၍သာ တစ်ကြိမ်းတည်း ကြိမ်းနေတော့သည်။

အကြောင်းရင်းအမှန်ကို သိသူ တရားခံ ဆင်မြူရယ်မှာလည်း မိမိ၏အပြစ်အတွက် ယူကြုံးမရ ဖြစ်ရရှာလေသည်။ သူ့လက်ချက်ကြောင့် မြင်းမကြီးလည်း ဆုံးရသည်၊ ဖခင်ကြီးလည်း စိတ်သောကရောက်ရှာသည်။ ထို့ထက် ပိုဆိုးသည်ကတော့ သူ၏ဘဝရည်မှန်းချက် ဗိမာန်ကြီးပါ တစ်ခါတည်း ပြိုကွဲသွားခဲ့ရခြင်းပင် ဖြစ်သည်၊ သူ့ရည်မှန်းချက် မအောင်မြင်လျှင် သူ မြတ်နိုးလှသော တီရင်နီယာကလေးနှင့် တစ်သက်လုံး ဝေးရပေတော့မည်။ ဆင်မြူရယ်၏ အခြေအနေကတော့ စားမလည်းဆုံး ဖွတ်လည်းဆုံးကိန်းမျိုး ဆိုက်ခဲ့လေပြီ။



သို့သော် ကြမ္မာဆိုးက ဒီမျှနှင့် အားမရသေး။

မြင်းမကြီး သေပြီး နောက်တစ်နေ့တွင် တီရင်နီယာကလေးအား နယ်ဟူဒီဓမ္မဆရာတစ်ယောက်နှင့် လက်ထပ်တော့မည်ဟူသော သတင်းကို ဆင်မြူရယ် ကြားသိရပြန်လေသည်။ သူ့အဖို့ လဲရာဖိထောင်းခံလိုက်သလို အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်ရလေတော့သည်။

သို့ဖြင့် သူသည် သွေးရူးသွေးတန်းဖြင့် တီရင်နီယာတို့ အိမ်ကြီးဆီသို့ ပြေးလာခဲ့လေသည်။ တီရင်နီယာ၏မိဘများကို ဧည့်ခန်းတွင် အသင့်တွေ့ရသည်။

"ဘယ်လိုဖြစ်ကြတာလဲ ခင်ဗျာ . . . တစ်ခုခုတော့ မှားနေပြီဆင်ပါတယ်၊ အမှန်က တီရင်နီယာက ကျွန်တော့်ကို လက်ထပ်မလို့ ရည်ရွယ်ပြီးသားပါ"

ဆင်မြူရယ်က ခရီးရောက်မဆိုက်ပင် ဟောဟောဒိုင်းဒိုင်း ပြောဆိုလိုက်သည်။ ဒေါက်တာဝါးနှင့် ဇနီးတို့က ဘာမှ ပြန်မပြော။ ဆင်မြူရယ်၏ မျက်နှာကိုသာ အံ့ဩခြင်း ကြီးစွာဖြင့် စိုက်ကြည့်နေကြသည်။

"ကျွန်တော်ဟာ တီရင်နီယာနဲ့ မတန်ဘူးဆိုတာ ကျွန်တော် သိပါတယ်ခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော်ကလွဲပြီး အခြားတစ်ယောက်နဲ့ လက်ထပ်ရင် သူ့အနေနဲ့ တစ်သက်လုံး စိတ်ဆင်းရဲတော့မှာပဲ၊ မမှားရာကြီးက အသက်ကြီးလှပါပြီ ခင်ဗျာ"

ဆင်မြူရယ်က သူ့ခံစားချက်ကို အမှန်အတိုင်း ဖွင့်ပြောလိုက်၏။

"ဟော့ကောင်လေး . . . ခုချက်ချင်း ထွက်သွား ထွက်သွား . ."

တီရင်နီယာ၏ မိခင်ကြီးက အော်၍ နှင်ထုတ်သည်။

နောက် တစ်မိနစ်အတွင်းတွင် ဆင်မြူရယ်မှာ လမ်းမပေါ်သို့ ရောက်နေတော့သည်။ တီရင်နီယာကလေး၏အိမ်သို့ ဘယ်တော့မှ လာရတော့ဟုလည်း လုံးဝပြည်နှင်ဒဏ် ခတ်ခံခဲ့ရလေပြီ။

ထိုညက ဆင်မြူရယ်မှာ တစ်ညလုံး တစ်မှေးမှ မမှေးရဘဲ မိုးစင်စင်လင်းသွားခဲ့လေသည်။

★

www.burmeseclassic.com



နောက်တစ်နေ့ညနေတွင် ဒေါက်တာဝါးက ဆင်မြူရယ်အား အိမ်သို့ လာခဲ့ရန် အခေါ်လွှတ်လိုက်သည်။

ဆင်မြူရယ် ရောက်သွားသောအခါ ဧည့်ခန်းထဲတွင် သားမိသားဖ သုံးယောက်စလုံး ထိုင်နေသည်ကို တွေ့ရသည်။

"အခု . . တို့မှာ ပြဿနာတစ်ခုနဲ့ ရင်ဆိုင်နေရပြီ၊ တီရင်နီယာက တော်တော်ခေါင်းမာတဲ့ မိန်းကလေး၊ အကြောင်းတစ်ခုခုကြောင့် သူက မင်းကို သဘောကျခဲ့မိတယ်၊ ဒါပေမဲ့ အဲဒါကို တကယ့်အချစ်၊ တကယ့်မေတ္တာလို့ မခေါ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် ဒီအရွယ်မှာ အချစ်စစ်အချစ်မှန်ကို မသိနိုင်သေးလို့ပဲ၊ သူက မမ္မဆရာကို လက်မထပ်နိုင်ဘူးလို့ ငြင်းနေတယ်၊ သူက မင်းကိုပဲ လက်ထပ်ချင်သတဲ့"

ဒေါက်တာဝါးက တည်ငြိမ်စွာဖြင့် ပြောပြသည်။

ဆင်မြူရယ်က တီရင်နီယာ၏မျက်နှာကလေးကို တိတ်တခိုးကလေး ငဲ့ကြည့်လိုက်သည်။ တီရင်နီယာက ပြုံးပြသည်။ ဆင်မြူရယ် တစ်ကိုယ်လုံး ပီတိတွေ ဖုံးသွားသည်။ သို့သော် မကြာပါချေ။

"ဒါနဲ့ . . . မင်းက ငါ့သမီးကို ချစ်တယ်လို့ ပြောတယ်၊ ဟုတ်စ . . ."

အဘိုးကြီးက ခပ်တည်တည်နှင့် မေးလိုက်သည်။

"ဟုတ် . . . ဟုတ် . . . ဟုတ် . . . ပါ . . . တယ်၊ ခင်ဗျာ" ဆင်မြူရယ်အသံက တုန်နေသည်။ သူက အားတင်း၍ ပြန်ပြောလိုက်သည်။ "ဟုတ်ပါတယ် . . . ခင်ဗျာ"

"ဒီလိုဆိုရင် မင်းကို ငါ တစ်ခုမေးမယ်၊ တီရင်နီယာ တစ်ဘဝလုံးမှာ ခြေသလုံးအိမ်တိုင် ဈေးသည်တစ်ယောက်ရဲ့ မယားဘဝနဲ့ နေသွားရတာကို မင်း ကျေနပ်နိုင်ပါ့မလား . . ."

ဆင်မြူရယ် ထောင်ချောက်ကို ချက်ချင်း သတိပြုလိုက်မိသည်။ သို့သော် သူ့အဖို့ ထွက်ပေါက်မရှိ။ သူက တီရင်နီယာ့မျက်နှာကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ပြီးတော့မှ . . .

"မကျေနပ်နိုင်ပါဘူး . . . ခင်ဗျာ"



"အေး . . ဒီလိုဆိုရင် မင်းလည်း ပြဿနာကို မြင်ပြီပဲ၊ ခြေသလုံးအိမ်တိုင် ဈေးသည်တစ်ယောက်နဲ့ တီရင်နီယာလက်ထပ်တာကို ဘယ်သူမှ မမြင်ချင်ဘူး၊ ဒီတော့ . . . မင်းကလည်း ခြေသလုံးအိမ်တိုင် ဈေးသည်တစ်ယောက်ပဲ မဟုတ်လား . . . ဆင်မြူရယ် . . ."

"တစ်သက်လုံး ဒီလိုချည်းပဲ မနေပါဘူး . . . ဆရာကြီး"

ဆင်မြူရယ်၏ အသံက မာလည်း မာသည်။ ယုံကြည်ချက်ကသည်း ပါသည်။

"ဒီလိုချည်း မနေရင် မင်း ဘယ်လိုနေမလဲ၊ မင်း မိဘတွေလည်း ခြေသလုံးအိမ်တိုင်၊ မင်းလည်း ခြေသလုံးအိမ်တိုင်ပဲပေါ့၊ ငါ့သမီးကို ခြေသလုံးအိမ်တိုင် ကောင်မျိုးနဲ့တော့ လုံးဝ မပေးစားနိုင်ဘူးဟေ့ ဒါပဲ"

ဆင်မြူရယ်က သူတို့သားမိ သားဖ သုံးယောက်ကို မျက်နှာငယ်လေးနှင့် ကြည့်လိုက်သည်။ သူသည် အကြီးအကျယ် စိတ်ဓာတ်ကျသွားမိသည်။

ဒေါက်တာဝါးက ဆက်ပြောသည်။

"ဒါပေမဲ့ မင်းကို သနားလို့ တို့က ကတိတစ်ခုတော့ ပေးမယ်၊ မင်းကို အချိန်ခြောက်လ ပေးမယ်၊ ဒီခြောက်လအတွင်း မင်းကိုယ်မင်း ခြေသလုံးအိမ်တိုင်ဘဝက လွတ်အောင်သာ ကြိုးစားပြပေတော့၊ ခြောက်လကုန်လို့မှ မင်း ဘာမှ ဖြစ်မလာဘူးဆိုရင် တီရင်နီယာကို မင်းနဲ့ မပေးစားနိုင်ဘူး၊ မမ္မဆရာနဲ့ပဲ ပေးစားမယ်"

ဆင်မြူရယ်က ဆရာကြီး၏မျက်နှာကို ကြောင်ကြောင်ကြီး ကြည့်နေသည်။ ပါးစပ်ကလည်း "ခြောက်လ . . . ခြောက်လ" ဟူ၍ တိုးတိုးကလေး ရွတ်နေမိသည်။

တကယ်တော့ ခြောက်လဆိုသော အချိန်ကာလမှာ တိုတောင်းလွန်းလှသည်။ ခြောက်လအတွင်း လူတစ်လုံးသူတစ်လုံး ဖြစ်အောင် ကြိုးစားဖို့ဆိုသည်မှာ ဘယ်သူ့အတွက်မှ လွယ်သော အလုပ်မဟုတ်၊ အထူးသဖြင့် ကရာကိုးမြို့စွန် ဆင်းရဲသားရပ်ကွက်တွင် ခြေသလုံးအိမ်တိုင် ဈေးသည်ကလေးဘဝဖြင့် နေနေရသော ဆင်မြူရယ်လို လူငယ်တစ်ဦးအဖို့ရာတွင် ပို၍ ပို၍ မလွယ်။

www.burmeseclassic.com



"ငါပြောတာ နားလည်ရဲ့လား"

"ဟုတ် . . . ဟုတ်ကဲ့ . . . ခင်ဗျာ"

ဟုတ်ပါသည်။ သူ့အား လုံးဝ ထွက်ပေါက်မရှိသော ထောင်ချောက်ထဲ ဆွဲသွင်းလိုက်ကြောင်း ဆင်မြူရယ်က ကောင်းကောင်းကြီး နားလည်ပါသည်။ သူသည် သူ့လည်ပင်းတွင် ကျောက်တုံးကြီး ဆွဲလိုက်သလို ခံစားမိသည်။ သူ ယခုကြုံရသော အခက်အခဲအတွက် ဆုံးဖြတ်ချက် တစ်စုံတစ်ရာကိုသော်လည်းကောင်း၊ အဖြေတစ်ခုခုကို သော်လည်းကောင်း သူက မလိုချင်တော့ပေ။ တန်ခိုးကြွဒ္ဒိပါဒ် စွမ်းအားကိုသာ တောင့်တမိပါတော့သည်။

★

'ခြောက်လ စီမံကိန်း' ကြီးကား စတင်ခဲ့လေပြီ။ စီမံကိန်းအစတွင် ဆင်မြူရယ်ဘဝကတော့ ဖခင်ကြီးအား ကူညီနေရသော ခြေသလုံး အိမ်တိုင်ဘဝ၊ ဈေးသည်ဘဝမှာပင် ရှိနေသေးသည်။ သူသည် လက်တွန်းလှည်းတစ်စီးဖြင့် ကရာကိုးမြို့ထဲ သွားပြီး ထွေရာကမာကုန်သေးကုန်မွှားကလေးတွေကို တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ဝယ်ယူရသည်။

သို့သော် ညနေစောင်း၍ သူတို့ရပ်ကွက် ဂိတ်တံခါးဝသို့ အမှောင်ရိပ်သန်းလာလျှင် သန်းလာချင်း အိမ်သို့ရောက်အောင် အမြန်သုတ်ခြေတင်၊ ညစာထမင်းကို ကြုံရာဟင်းနှင့် ကမန်းကတန်းစားပြီးတော့ သူ့ခုတ်ခွဲခန်းကလေးထဲဝင်ပြီး ညဥ့်နက်သန်းခေါင် တုကုန်းကုန်းနှင့်သာ ကြိုးစားလုပ်ကိုင် နေတော့သည်။ သူသည် ထိုးဆေးရည် အမျိုးမျိုးကို တီထွင်ဖော်စပ်ပြီး ယုန်များ၊ ကြောင်များ၊ ခွေးများနှင့် ငှက်များကို ထိုးစမ်းကြည့်သည်။ သို့သော် ယင်းတိရစ္ဆာန်တွေအားလုံး သေကုန်ကြသည်ချည်း ဖြစ်သည်။ ဒီတိရစ္ဆာန်တွေငယ်လို့ ဒီလိုဖြစ်တာ၊ တိရစ္ဆာန်ကြီးကြီးရရင် ငါ့အကြံအောင်မှာပဲဟု သူက တွေးသည်။

သို့သော် သူ့မှာ တိရစ္ဆာန်ကြီးကြီးဆို၍ နွားတစ်ကောင်ပင် မရှိ။ အချိန်ကလည်း တစ်ရက်တစ်ရက်နှင့် ကုန်လွယ်လှတော့သည်။



တစ်နေ့အာရုဏ်တက်တွင် ဆင်မြူရယ်သည် ရပ်ကွက်ဂိတ်တံခါး တွင် အခြားဈေးသည်များနှင့်အတူ တံခါးအဖွင့်ကို ရပ်စောင့်နေ သည်။ သို့သော် သူ့စိတ်ကတော့ တစ်နေရာသို့ ရောက်နေသည်။ အခြားလူတွေကိုလည်း မမြင်၊ သူတို့အသံကိုလည်း မကြား။ သူမြင်တာ က တီရင်နီယာ။ သူကြားတာက တီရင်နီယာ့အသံ။

"ဟော့ . . . ဂျူးနာကလေး . . . ထမင်းငြီးပြီ ထင်တယ်၊ မြန်မြန် လှုစမ်း"

ဆင်မြူရယ်က အပေါ်မော့ကြည့်လိုက်သည်။ ဂိတ်တံခါး ပွင့်နေ ပြီ၊ သူ့လှည်းက လမ်းမတွင် ပိတ်ဆို့နေသည်။ ဂိတ်စောင့်ရဲသားက သူ့အား စိတ်ဆိုးမာန်ဆိုးနှင့် ဟိန်းဟောက်လိုက်ခြင်း ဖြစ်သည်။

ဤဂိတ်တွင် အမြဲလိုလို အစောင့်ရဲသားနှစ်ဦး ချထားလေ့ ရှိ သည်။ သူတို့သည် အထူးတံဆိပ် တပ်ထားသော အစိမ်းရောင် ယူနီ ဖောင်းများကို ဝတ်ထားကြသည်။ ခါးတွင် ခြောက်လုံးပြူးသေနတ်ချိတ် ထားသည်။ လက်ထဲတွင်တော့ နံပါတ်တုတ်ကြီးတွေ ကိုင်လို့၊ အစောင့် တစ်ဦး၏ခါးတွင် ဂိတ်ဖွင့်သော့ကြိုးကို သံကြိုးနှင့် ချည်ထားသည်။

ဆင်မြူရယ်တို့ ရပ်ကွက်ဘေးတွင် ချောင်းရိုးကလေးတစ်ခု ရှိ သည်။ ချောင်းရိုးကလေးပေါ်တွင် သစ်သားတံတားဟောင်းကလေး ရှိသည်။ တံတားတစ်ဘက်တွင် ရပ်ကွက်စောင့်ရဲသားများနေသော အဆောင်ရှိသည်။

အစောင့်ရဲသားများက ဂျူးတွေကို တံတားပေါ်ဖြတ်ပြီး ဒရွတ်တိုက်ဆွဲခေါ်သွားသည်ကို ဆင်မြူရယ်က ခဏခဏ မြင်ဖူးသည်။ ယင်းသို့ခေါ်သွားခံရလျှင်လည်း သူတို့အဖို့ ပြန်လမ်းမရှိတော့။ ဥပဒေအရ နေဝင်လျှင် ဂျူးလူမျိုးမှန်သမျှ ရပ်ကွက်ထဲသို့ ပြန်ဝင်ကြရသည်။

နေဝင်၍ အပြင်မှတွေ့ရသော ဂျူးလူမျိုးတို့ကို အစောင့်ရဲများက ဖမ်းဆီးပြီး အကျဉ်းစခန်းများသို့ပို့ကာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် အပြစ်ပေးသည်။ ဂျူးအမျိုးသားတစ်ဦးအဖို့ နေဝင်မိုးချုပ်၍ ဂိတ်တံခါး အပြင်ဘက်တွင် အဖမ်းခံရလျှင် ငရဲပြည်သို့ သွားရသည်နှင့်ဘာမျှ မခြားတော့။

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်းဆိုလျှင် အစောင့်ရဲသားနှစ်ဦးသည် တစ်ညလုံး ပတ္တရောင်လှည့်ရင်း ဂိတ်တံခါးကို လုံခြုံရေး ကင်းစောင့်ကြရသည်။ သို့သော် ဂျူးအမျိုးသားတွေ ရပ်ကွက်ထဲဝင်ပြီး နောက်ဂိတ်တံခါးတွေ ပိတ်လိုက်ပြီးသောအခါ ရဲသားနှစ်ဦးတို့က အချင်းချင်းနားလည်မှုယူ ကာ တစ်ယောက်တစ်လှည့်စီ မြို့ထဲဝင်ပြီး အပျော်လိုက်ကြသည်။ မိုးလင်းခါနီးမှ ပြန်လာပြီး တစ်ယောက်တံခါးဖွင့်သည်ကို တစ်ယောက် က ကူညီလေ့ရှိသည်။ ဒီအကြောင်းတွေကို ဆင်မြူရယ်တို့ ရပ်ကွက်မှ လူတိုင်း သိနေကြသည်။

အမြဲတမ်း တာဝန်ကျလေ့ရှိသော ဂိတ်စောင့်နှစ်ယောက်မှာ ပေါလ်နှင့် အာရမ်တို့ ဖြစ်သည်။ ပေါလ်က အေးဆေး၍ စိတ်သဘော ကောင်းသည်။ အာရမ်ကတော့ ပေါလ်နှင့် စရိုက်ချင်း ပြောင်းပြန်ဖြစ် သည်။ လူနှင့်မတူ တိရစ္ဆာန်နှင့်သာ တူသည်။ အာရမ်မှာ ရုပ်ကြမ်းသ လောက် စိတ်လည်း ကြမ်းသည်။ သူက ဂျူးတွေမြင်လျှင် မုဆိုးအမဲ လိုက်သလို လိုက်သည်။ ဂိတ်ဝတွင် အာရမ်ရှိနေလျှင် ဂျူးတွေရပ်ကွက် ထဲ အစောကြီး ပြန်ဝင်လေ့ရှိသည်။

ဂိတ်တံခါးပိတ်ခါနီး အနည်းဆုံးအချိန်တစ်မိနစ်မျှ နောက်ကျ လျှင်ပင် အာရမ်က ခွင့်လွှတ်သည်မဟုတ်။ သူသည် ဂျူးတွေကို တံခါး အပြင်ဘက်တွင်ထားပြီး ဂိတ်တံခါးကြီး ပိတ်လိုက်ရသည်ကို အလွန် ပျော်သူ ဖြစ်သည်။ ထို့နောက် သူက နံပါတ်တုတ်နှင့် ရိုက်နှက်ပြီး တံတားပေါ်ဖြတ်ကာ ရဲကင်းသို့ ဒရွတ်တိုက် ဆွဲခေါ်သွားလေ့ရှိသည်။

ယနေ့နံနက်တွင်လည်း အာရမ်က ဂိတ်တံခါးဖွင့်ပြီးနောက် ဂိတ်ဝ တွင်ရပ်ကာ ဆင်မြူရယ်အား လှည်းကို မြန်မြန်တွန်းသွားရန် ဆူပူဟိန်း ဟောက်နေသည်။ ဆင်မြူရယ်မှာ အထိတ်တလန့်ဖြင့် လှည်းကို ကမန်း ကတန်း တွန်းကာ ဂိတ်အပြင်ဘက် ပြေးထွက်လာခဲ့ရသည်။ သူ့စိတ် ထဲမှာတော့ အာရမ်က ဝါးစားတော့မတတ် မျက်လုံးနီကြီးတွေနှင့်သူ့ ကျောပြင်ကို ရပ်ကြည့်နေရစ်မှာပဲဟု တွေးပြီး နောက်သို့ပင်တစ်ချက် မျှ ပြန်လှည့်မကြည့်ရဲတော့။

★



ခြောက်လမှ ငါးလ၊ ငါးလမှ လေးလ၊ လေးလမှသုံးလသို့ ရောက်လာခဲ့ သည်။ ထိုကာလအတွင်း ဆင်မြူရယ်သည် တစ်ရက်၊ တစ်နာရီ၊ တစ်ဗီ ဇနာမလပ် ဓာတ်ခွဲခန်းထဲတွင် အချိန်ကုန်ကာ သူ့ဆေးနည်းကိုသာ သဲသဲမဲမဲ စမ်းသပ်တီထွင်နေလေသည်။

ဆင်မြူရယ်က သူတို့ရပ်ကွက်ထဲမှ ချမ်းသာကြွယ်ဝသော ကုန် သည်ကြီးများအား သူ့အကြံကို ပြောကြည့်သည်။ ရည်ရွယ်ချက်မှာ ငွေကြေးအကူအညီ လိုချင်သောကြောင့် ဖြစ်သည်။ အများစုက သူ့ စကားကိုပင် ဆုံးအောင် နားမထောင်ကြ။ အချို့ကလည်း သူ့အတွက် ဘာမှ အကျိုးမရှိသော အကြံဉာဏ်များကို ပေးကြသည်။

"မင်းက ပိုက်ဆံလိုချင်တယ် မဟုတ်လား၊ ပိုက်ဆံလိုချင်ရင် မူးစု ဖဲစုက စုရတယ်ကွ၊ အဲဒီလို နေ့တိုင်းစုသွားရင် တစ်နေ့တော့ မင်းလည်း ငါ့လို ကုန်စုံဆိုင်ကြီး ပိုင်လာမှာပေါ့"

သူတို့အဖို့ကတော့ ပြောရလွယ်တာပေါ့၊ သူတို့က မွေးကတည်း က ချမ်းသာလာကြတဲ့ လူတွေပဲ၊ အခုမှ တစ်မူးတစ်ပဲက စုရမယ့်လူအဖို့ တော့ မိုးပေါ်က ကြွယ်ဆွတ်ရသလို ရှိတော့မပေါ့။

တစ်ခါတစ်ရံ ကြံရာမရတော့ တီရင်နီယာကို ခိုးပြီး တစ်နေရာ ထွက်ပြေးရ ကောင်းမလားဟူ၍ ဆင်မြူရယ်က စိတ်ကူးသည်။ သို့ သော် ဘယ်နေရာ သွားမလဲ။ အဲဒီနေရာ ရောက်တော့လည်း ဒီ အတိုင်းပဲ နေမှာပဲ၊ ကိုယ့်မှာက ပိုက်ဆံတစ်ပြားမှ မရှိတာ။

ဒီလိုနှင့် အချိန်တွေ တရွေ့ရွေ့ကုန်သွားခဲ့ရပြန်သည်။ သုံးလမှ နှစ်လ၊ နှစ်လမှတစ်လသို့ ရောက်လာခဲ့သည်။ ဒီကြားထဲ တစ်ပတ်လျှင် သုံးကြိမ်လောက် တီရင်နီယာနှင့် တွေ့ခွင့်ရ၍ ဖြေသာပါသေးသည်။ တီရင်နီယာနှင့် တွေ့ရတိုင်းလည်း ဆင်မြူရယ်မှာ အားတွေတက်လာ သည်။ ငါ့အကြံ အောင်ကို အောင်ရမည်ဟုလည်း ပိုင်ပိုင်နိုင်နိုင် သန္နိဋ္ဌာန်ချမိသည်။

တစ်ညတွင် ဆင်မြူရယ်၏ ဓာတ်ခွဲခန်းကလေးသို့ တီရင်နီယာ နွဲ့နွဲ့စားစား ရောက်လာသည်။ သူမက ဆင်မြူရယ်၏ ပခုံးပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



လက်တင်လိုက်သည်။

"ကျွန်မတို့ ထွက်ပြေးကြစို့လား"

တီရင်နီယာ၏ ချစ်မေတ္တာအတိမ်အနက်ကို သိရသဖြင့် ဆင်မြူရယ်မှာ အထူးပင် ဝမ်းသာမိသည်။ ထို့ကြောင့်လည်း တီရင်နီယာ၏နောင်ရေးအတွက် သူ့မှာ ပို၍တွေးပူမိလေသည်။

"မဖြစ်သေးဘူး တီရင်နီယာ၊ တို့နှစ်ယောက် ဘယ်ပဲပြေးပြေး ခြေသလုံးအိမ်တိုင်ဘဝ မလွတ်နိုင်သေးပါဘူး"

"ကျွန်မကတော့ ဂရုမစိုက်ပါဘူး"

ဆင်မြူရယ်၏ စကားကြားရတော့ တီရင်နီယာက နေရာမှ ချာခနဲ လှည့်ပြီး ပြန်ထွက်သွားလေတော့သည်။

★

ခြောက်လပြည့်ရန် ရက်သတ္တသုံးပတ်သာ လိုတော့သည်။

ထိုနေ့နံနက်တွင် ဆင်မြူရယ်သည် လမ်းမပေါ်သို့ ထွက်လာရင်းကျောင်းနေဘက် သူငယ်ချင်းဟောင်း အိုင်ဆက်နှင့် တွေ့သည်။ အိုင်ဆက်သည် သူ့မြင်းအိုကြီး "လိုတီ" ကို ဆွဲလာသည်။ သူ့မြင်းမှာ မျက်လုံးတစ်ဖက်သာ ရှိသည်။ ရှုနာရှိုက်ကုန်းနှင့် နာတာရှည်မြင်းအိုကြီး ဖြစ်သည်။

"ဟော့ . . . သူငယ်ချင်း"

"ဟာ . . . အိုင်ဆက် . . . ဒါနဲ့မင်းက ဒီမြင်းပိန်ကြီးနဲ့ ဘယ်သွားမလို့လဲကွ"

"သားရေစက်ရုံ သွားရောင်းမလို့ကွ . . ."

ဆင်မြူရယ်က တစ်စုံတစ်ရာ ဖျတ်ခနဲ သတိရလိုက်သည်။

"သူတို့က ဘယ်လောက်ပေးနိုင်လို့လဲကွာ"

"ငါလည်း သိပါတယ်၊ ဒါပေမဲ့ လေးငါးရှီလင်အောက် ရရင်တော်ပါပြီကွာ . . .၊ ငါက တွန်းလှည်းတစ်စီး ဝယ်ချင်လို့ပါ"

ဆင်မြူရယ်က အထူးဝမ်းသာသွားမိသည်။ သူ့ရင်က တဒိတ်ဒိတ် ခုန်နေသည်။



"ဟာ ဒီလိုဆိုရင် ဟန်ကျတာပဲကွ၊ မင်းလည်း စက်ရုံသွားမနေရတော့ဘူးပေါ့၊ ငါ့လှည်းနဲ့ မင်းမြင်းနဲ့ လဲရအောင်ကွာ"

ဒီနောက်တော့ ငါးမိနစ်အတွင်း သူတို့နှစ်ယောက် အလုပ်ဖြစ်သွားကြတော့သည်။

ဆင်မြူရယ်က သူ့ဖခင်ကြီးအား နားဝင်အောင် ရှင်းပြသည်။ သူက လှည်းသစ်တစ်စီး ထပ်လုပ်ရန် မခက်ကြောင်း ပြောပြသည်။ ဖခင်ကြီးကလည်း ရှောရှောရှုရှုပင် သဘောတူလေသည်။

ဆင်မြူရယ်က ရွှင်မြူးဝမ်းသာစွာဖြင့် မြင်းပိန်ကြီးကို မြင်းဇောင်းထဲ သွင်းသွားသည်။ သူက မြင်းလည်ဆံမွေးများကို တယုတယပွတ်သပ်ရင်း ပြောသည်။

"ကဲ . . . လိုတီရေ စိတ်တော့ မရှိပါနဲ့၊ မင်းဟာ ဆေးပညာသမိုင်းသစ်ကို မကြာခင် ဖော်ထုတ်ရတော့မှာပါ"

ဆင်မြူရယ်သည် အချိန်မဆိုင်းဘဲ သူ့ဆေးနည်းသစ်ကို စတင်စမ်းသပ်ရန် အလုပ်စခန်း ဝင်ပြန်လေတော့သည်။

★

ဆင်မြူရယ်တို့ ရပ်ကွက်တွင် လူဦးရေလည်း ထူပြောကျပ်တည်းသည်။ သတ်ဝန်းကျင် သန့်ရှင်းရေးသည် လုံးဝ မရှိ။ ထို့ကြောင့် လူအသေအပျောက်များသော ကပ်ရောဂါများ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။

လောလောဆယ်တွင်လည်း ကြောက်စရာကောင်းသော အဖျားရောဂါတစ်မျိုး ဖြစ်ပွားလျက်ရှိသည်။ ယင်းရောဂါ ဖြစ်လာလျှင် လူနာမှာ ချောင်းဆိုးရင်ကျပ်ပြီး အဖုအကျိတ်များ ရောင်ရမ်းကာ သေဆုံးသွားတတ်ကြသည်။ ဆရာဝန်များအနေဖြင့် ဤရောဂါဖြစ်ရခြင်း အကြောင်းရင်းကို လုံးဝ မစဉ်းစားတတ်အောင် ဖြစ်နေကြသည်။ ထို့ကြောင့် ဘယ်ဆေးနှင့် ကုသရမည် ဆိုသည်ကိုလည်း လုံးဝ မသိကြ။

အိုင်ဆက်၏ ဖခင်ကြီးသည် အဖျားလွန် ချောင်းဆိုးရင်ကျပ်ရော

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ဖြင့် အိပ်ရာထဲ ဘုံးဘုံးလဲနေကြောင်း သိရသောအခါ ဆင်မြူရယ်က ကမန်းကတန်း သွားကြည့်သည်။

"ဆရာဝန်လည်း ခုပဲ လာသွားသေးတယ် . . . ဆင်မြူရယ်၊ ဒါပေမဲ့ သူလည်း ဘာမှ မတတ်နိုင်တော့ဘူးတဲ့ကွာ . . ."

အိုင်ဆက်က မျက်ရည်စက်လက်နှင့် ပြောပြသည်။ ထိုအချိန်တွင် အပေါ်ထပ်မှ ချောင်းဆိုးသံကို တဟွတ်ဟွတ်နှင့် အဆက်မပြတ် ကြားနေရသည်။

"ဒီလိုဆိုရင် ငါ့ကို တစ်ခုလုပ်ပေးစမ်းကွာ၊ မင်း အဖေရဲ့ လက်ကိုင်ပုဝါ တစ်ထည်လောက် ငါ လိုချင်တယ်"

"ဘယ်လို လက်ကိုင်ပဝါမျိုးလဲ"

"အခု မင်းအဖေ သုံးနေတဲ့ဟာပေါ့၊ သတိထားပြီးလည်း ယူလာဦးကွ၊ အဲဒီအထဲမှာ ရောဂါပိုးတွေ အများကြီး ရှိလိမ့်မယ်"

နောက်တစ်နာရီခန့်အကြာတွင် ဆင်မြူရယ်သည် မြင်းဇောင်းထဲရှိ ဓာတ်ခွဲခန်းသို့ ပြန်ရောက်နေသည်။ သူသည် လက်ကိုင်ပဝါမှ ရောဂါပိုးများကို စုပ်ပြုတ်ရည်ခွက်ထဲသို့ ပြောင်းထည့်လိုက်သည်။

သူသည် ထိုနေ့တစ်ညလုံး မအိပ်မနေ သူ့ဆေးနည်းကို စမ်းသပ်တီထွင်နေသည်။ နောက်တစ်နေ့၊ ပြီးတော့ နောက်တစ်နေ့အထိ ဆက်တိုက် အလုပ်လုပ်နေသည်။ သူ စမ်းသပ်ဖော်စပ်ထားသော ဆေးရည်ကို မြင်းအိုကြီး လိုတီ၏ ခန္ဓာကိုယ်ထဲသို့ ထိုးသွင်းလိုက်သည်။

ရည်ရွယ်ချက်မှာ အိုင်ဆက်၏ ဖခင်ကြီးအသက်ကို ကယ်တင်ရန်ပင် ဖြစ်သည်။ တစ်ချိန်တည်းတွင် သူ့အသက်ကို ကယ်တင်ရန်လည်း ဖြစ်ပေတော့သည်။

★

ဘုရားသခင်က သူ့ကိုပဲ ဖန်ဆင်းလိုက်လေသလား။ ဒါမှမဟုတ် မြင်းအိုကြီး လိုတီကိုပဲ ဖန်ဆင်းလိုက်လေသလားဆိုသည်ကို ဆင်မြူရယ် အနေဖြင့် လုံးဝ မစဉ်းစားတတ်တော့ပါ။ သာမန်အားဖြင့်ဆိုလျှင်တော့





"ကံတရားက ဖန်ဆင်းလိုက်တာပါပဲ" ဟူ၍သာ ပြောရပါတော့မည်။

မှန်ပါသည်။ ကံတရားက ဖန်ဆင်းလိုက်တာဟူ၍ပင် ဆိုရပါတော့မည်။

မြင်းအိုကြီး လိုတီသည် ထိုးဆေးဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့သည်။ ဆေးတွေ တစ်လုံးပြီးတစ်လုံး ထိုးသွင်းသော်လည်း မြင်းအိုကြီးသည် မသေခဲ့ပါ။

နောက်ဆုံးတော့ ဆင်မြူရယ်၏ တီထွင်မှုကြီး အောင်မြင်ခဲ့လေပြီ။ သူသည် ငန်းမန်းဖြေဆေးကို တီထွင်အောင်မြင်ခဲ့လေပြီ။

နောက်တစ်ဆင့်တွင် အိုင်ဆက်၏ဖခင်ကြီးအား သူ့ဆေးနှင့် စမ်းသပ်နိုင်ရန် ဖျောင်းဖျောင်းဖျဖျ ပြောပြဖို့သာ ကျန်ပေတော့သည်။

ဆင်မြူရယ်သည် အိုင်ဆက်တို့ အိမ်သို့ သုတ်ခြေတင်ခဲ့သည်။ အိမ်ရောက်တော့ လူနာဘေးတွင် မိသားစုတွေ၊ ဆွေမျိုးတွေ ဝိုင်းနေကြသည်ကို တွေ့ရသည်။ လူနာ အသက်ငင်နေပြီ၊ သေတော့မည်၊ သြော်မိ သေတော့မည်။

"ဖေဖေတော့ ဒီတောင်က မကျော်နိုင်တော့ပါဘူးကွာ၊ မိနစ်ပိုင်းလောက်ပဲ ကျန်ပါတော့တယ် . . ."

အိုင်ဆက်က ဝမ်းနည်းပက်လက်နှင့် ပြောရှာပါသည်။

"ကဲ . . . တို့သွားကြည့်ကြရအောင်ကွာ . . ."

နှစ်ယောက်သား အပေါ်ထပ် တက်လာခဲ့ကြသည်။ လူနာသည် အိပ်ရာပေါ်တွင် အရုပ်ကြိုးပြတ်ကြီး စန့်နေသည်။ မျက်နှာတွင် သွေးမရှိတော့။ တစ်ကိုယ်လုံးလည်း ချစ်ချစ်တောက်ပူနေသည်။ ချောင်းကလည်း တဟွတ်ဟွတ် ဆိုးနေသည်။

ဆင်မြူရယ်က သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

"မင်းနဲ့ မင်းအမေကို ငါ တစ်ခု ပြောချင်တယ်ကွာ"

သူက ယင်းသို့ နိဒါန်းချီကာ သူတီထွင်ထားသော ဆေးရည်အကြောင်းကို ပြောပြသည်။ အိုင်ဆက်နှင့် သူ့မိခင်ကြီးတို့က ဆင်မြူရယ် အပေါ်တွင် လုံးဝ အယုံကြည်မရှိကြ။ သို့သော် သူတို့အဖို့ ရွေးစရာ အခြားလမ်းသာ ရှိတော့သည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ကွာ မင်းကြိုက်သလိုသာ လုပ်ပါတော့"

အိုင်ဆက်က စိတ်ပျက်လက်ပျက်သံဖြင့် ခွင့်ပြုလိုက်သည်။ ဆင်မြူရယ်က အချိန်ဆွဲမနေတော့ဘဲ သူ့ဆေးရည်ကို လူနာ၏ ကိုယ်ထဲသို့ ထိုးသွင်းလိုက်လေသည်။

ပြီးတော့ သူက လူနာခန်းဘေးတွင် သုံးနာရီတိတိ ထိုင်စောင့်နေသည်။ အခြေအနေ ဘာမှ မထူးခြား။ ဆေးသတ္တိ လုံးဝ မပြ။ သို့သော် လူနာသည် ယခင်ကထက် ပို၍ချောင်းဆိုးလာသည်ကတော့ ထင်ရှားသည်။ အိုင်ဆက်က ဆင်မြူရယ်၏မျက်နှာကို စိုက်ကြည့်နေသည်။ ဆင်မြူရယ်က အိုင်ဆက်၏ မျက်လုံးဒဏ် မခံနိုင်တော့။

သို့ဖြင့် သူသည် လူနာဘေးမှ ထပြီး ပြန်လာခဲ့တော့သည်။

★

နောက်တစ်နေ့ အရုဏ်တက်တွင် ဆင်မြူရယ်သည် ကုန်ဝယ်ရန် ကရာကိုးမြို့သို့ လာခဲ့သည်။ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ကုန်တွေဝယ်ခြမ်းနေစဉ် သူ့စိတ်ကတော့ အိုင်ဆက်၏ဖခင်ကြီးဆီကိုသာ ရောက်နေသည်။ အခုအချိန်ဆိုရင် သေပြီးရောပေါ့။

မွန်းစောင်း၍ လှည်းပေါ်တွင် ကုန်တွေ ပြည့်သွားသောအခါ ဆင်မြူရယ်သည် လှည်းကို တွန်းပြီး သူတို့ရပ်ကွက်သို့ ပြန်လာခဲ့လေသည်။

သူတို့ရပ်ကွက် ဂိတ်တံခါးနှင့် နှစ်မိုင်ခန့်အဝေးသို့ ရောက်တော့ လှည်းတွင် ဘီးတစ်ဖက် တစ်ခြမ်းပဲ့ပြီး ပြုတ်ထွက်သွားတော့သည်။ ကုန်ပစ္စည်းတွေလည်း အားလုံး မြေကြီးပေါ်တွင် ပြန့်ကြဲကုန်လေသည်။ မကြာမီတွင် လူအုပ်ကြီးက ဝိုင်းလာသည်။ သူတို့က ပြန့်ကြဲနေသော ပစ္စည်းတွေကို လိုချင်မျက်စိဖြင့် အငမ်းမရ ကြည့်နေကြသည်။ တစ်ယောက်ယောက်က စလိုက်လျှင် အားလုံးဝင်လုကြတော့မည်ဟု သေချာသည်။

ဆင်မြူရယ်မှာ စိုးရိမ်စိတ်ကြောင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်



နေသည်။ ကံကောင်းချင်တော့ ရဲသားတစ်ယောက် လူအုပ်ထဲ ရောက်လာသည်။ လူတွေနောက်သို့ ရှဲသွားကြသည်။

"မင်းလှည်း ဘီးသစ်တပ်မှ ဖြစ်မှာပေါ့"

ရဲသားက ကြင်နာသံဖြင့် ပြောသည်။

"ဟုတ် . . . ဟုတ်ပါတယ် ခင်ဗျာ"

"လှည်းဘီး ရောင်းတဲ့နေရာ သိသလား"

"မသိပါဘူး ခင်ဗျာ"

ရဲသားက စာရွက်တစ်ရွက်ထုတ်၍ တစ်စုံတစ်ရာ ရေးမှတ်သည်။ ပြီးတော့ . . .

"ဒီ လိပ်စာအတိုင်းသွား၊ အဲဒီမှာ မင်းလိုချင်တာ ပြောပြ"

"ကျွန်တော့် လှည်းကို ဒီမှာ . . . ထား . . ."

"ထားခဲ့ပါ . . . ရပါတယ်"

ရဲသားက လူအုပ်ဘက်သို့ မျက်နှာထားတင်းတင်းဖြင့် လှည့်ကြည့်လိုက်ရင်း . . .။

"ငါ စောင့်နေပါ့မယ်၊ ကဲ . . . မြန်မြန်သာ ပြေးပေတော့"

ဆင်မြူရယ်သည် ရဲသားပေးသော လိပ်စာအတိုင်း သုတ်ခြေတင်လာခဲ့သည်။ မကြာမီတွင် ပန်းပဲဖိုတစ်ခုကို တွေ့ရသည်။ သင့်တော်သော ဘီးကို ကမန်းကတန်း ရွေး၊ ကျသင့်ငွေကို သုတ်သီးသုတ်ပျာ ရှင်းပြီးနောက် လှည်းဘီးကို လိမ့်ရင်း ပြေးလာခဲ့သည်။

ရဲသားကို နေရာတွင်ပင် တွေ့ရသည်။ လူအုပ်လည်း ရှင်းသွားပြီ။ ကုန်တွေလည်း အားလုံးပြည့်ပြည့်စုံစုံ ရှိနေသည်။ ရဲသား၏ အကူအညီဖြင့် လှည်းဘီးကို ပြန်တပ်ပြီးနောက် အမြန်ဆုံး ထွက်ခွာလာခဲ့လေသည်။

★

ဆင်မြူရယ်သည် နေမဝင်မီ အိမ်သို့ ရောက်နိုင်ရန် ခရီးပြင်းနှင်ခဲ့သည်။ သူတို့နေထိုင်သော ဂျူးရပ်ကွက်သို့ရောက်ရန် တစ်မိုင်ခရီးခန့်သာ

www.burmeseclassic.com

www.burmeseclassic.com



တန်တော့သည်။ သူက ရှေ့သို့ လှမ်းကြည့်လိုက်သည်။ သူတို့ရပ်ကွက်ကို ကာရံထားသော အုတ်နံရံအမြင့်ကြီးကို ကောင်းကင် နောက်ခံဖြင့် ထင်ထင်ရှားရှား မြင်နေရပြီ။

မိနစ်ပိုင်းအတွင်းမှာပင် နေလုံးသည် အနောက်ဘက် မိုးကုပ်စက်ဝိုင်းပေါ်တွင် ငုပ်လျှိုးသွားပြီး၊ ပတ်ဝန်းကျင်တစ်ခုလုံးကို အမှောင်ထုက လွှမ်းခြုံသွားခဲ့သည်။ သည်အချိန်ဆိုလျှင် ရပ်ကွက်တံခါးတွေ ပိတ်သွားပြီး ဖြစ်ပေလိမ့်မည်။

သူ့ရင်သည် ပြုတ်ကျတော့မတတ် ခုန်လှုသည်။ လှည်းကို အားကုန်တွန်းပြီး ရှေ့သို့သာ စွတ်ပြေးနေတော့သည်။

သူတို့ရပ်ကွက်ဂိတ်ဝသို့ ရောက်သောအခါ သူ့မှာ အမောသာ အဖတ်တင်တော့သည်။ ဂိတ်တံခါးကြီး ပိတ်သွားလေပြီ။ ယခုလို ဂိတ်တံခါးကြီး ပိတ်သွားသည်ကို သူ့အနေဖြင့် တစ်ခါမှ မကြုံခဲ့ရစဖူး။ ပိတ်သွားသော ဂိတ်တံခါးကြီးကို ဂိတ်အပြင်ဘက်မှလည်း တစ်ကြိမ်မှ မမြင်ခဲ့ရစဖူး။

သူသည် ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာသည်။ သူ့ဘဝတစ်ခုလုံးသည် ကျွမ်းသန္တာလန်ကာ ပြိုကွဲသွားသလို ခံစားလိုက်ရသည်။ သူကား မိသားစုနှင့်လည်းကောင်း၊ သူ့ဘဝ ပတ်ဝန်းကျင်နှင့်လည်းကောင်း လုံးဝ အဆက်ပြတ်ရပေတော့မည်။

သူသည် ကြောက်စိတ်ကို ထိန်းပြီး ဂိတ်တံခါးနားသို့ ကပ်သွားသည်။ ဟိုဟိုသည်သည် ကျိုးကန်းတောင်းမှောက် လှည့်ပတ်ကြည့်သည်။ အစောင့်ရဲသား တစ်ယောက်မျှ မတွေ့ရ။ ဟန်ကျပြီ။ တစ်နည်းနည်းဖြင့် ဂိတ်တံခါးကို ဖွင့်ဝင်မည်။ ဒါမှ မဟုတ် အုတ်နံရံကြီးကို ကျော်တက်မည်။

"ဟေ့ကောင် . . . ရပ်လိုက်"

ဆင့်မြူရယ်၏ အတွေးပင် မဆုံးသေး။ မှောင်ရိပ်ထဲမှ အစောင့်ရဲသားတစ်ယောက်၏ အသံက ကြောက်စရာ ထွက်ပေါ်လာသည်။ ရဲသား၏ မျက်နှာကို မမြင်ရ။ သို့သော် ဆင်မြူရယ်က အသံကို မှတ်မိသည်။ ထိုရဲသားမှာ အခြားသူ မဟုတ်။ အာရမ် ဖြစ်သည်။





"ကဲ . . . လာခဲ့စမ်း . . . လာခဲ့စမ်း"

ဆင်မြူရယ်က တုန်တုန်ယင်ယင်ဖြင့် ရှေ့သို့ တိုးသွားသည်။ အာရမ်၏ မျက်နှာပေါ်မှ စပ်ဖြဲဖြဲအပြုံးက သူ့ကို မကြောက်, ကြောက်အောင် ဖြဲချောက်နေသလို ထင်ရသည်။

"ဗိုလ် . . . ဗိုလ်ကြီးရယ် . . . ကျွန် . . . ကျွန်တော် လမ်းမှာ လှည်းပျက်သွားလို့ပါ"

ဆင်မြူရယ်က ကြောက်ကြောက်လန့်လန့်ဖြင့် တောင်းပန်နေသည်။

အာရမ်က ရှေ့သို့ တိုးလာပြီး ပြုတ်တူကြီးလို သူ့လက်ကြီးဖြင့် ဆင်မြူရယ်၏ အကျီဂုတ်ပိုးကို ဆုပ်ကိုင်လိုက်သည်။ ပြီးတော့ သူ့လက်ကို အပေါ်သို့ မြှင့်တင်လိုက်ရာ ဆင်မြူရယ်မှာ မြေကြီးပေါ် ခြေမကျဘဲ ရုပ်သေးရုပ်လို တွဲလောင်းကြီး ဖြစ်နေသည်။

"ဟေ့ . . . ဂျူးမသားကလေး မင်းပြောတာ ငါ ဘာမှနားမလည်ဘူး အခု မင်း ဂိတ်အပြင်ဘက် ရောက်နေပြီ၊ ဘာဖြစ်မလဲဆိုတာ မင်း သိရဲ့လား"

ဆင်မြူရယ်က ဇီးရွက်လောက် မျက်နှာသေကလေးဖြင့် ခေါင်းကို ခါပြလိုက်သည်။

"အေး . . . မသိရင် ငါ ပြောမယ်၊ ပြီးခဲ့တဲ့အပတ်က ဥပဒေ တစ်ခု အသစ်ထုတ်ထားတယ်၊ ဂိတ်တံခါးပိတ်ပြီးလို့ အပြင်ဘက်မှာ တွေ့တဲ့ ဂျူးတွေအားလုံးကို သင်္ဘောနဲ့ တင်ပြီး ဆိုင်လေးရှားနယ်ကို ပို့ရမယ်တဲ့၊ အဲဒီမှာ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၁၀နှစ် ကျခံရမယ်တဲ့၊ ဘယ့်နှယ့်လဲ . . . သဘောကျရဲ့လား"

ဆင်မြူရယ်က အာရမ်ပြောတာကို မယုံနိုင်။ ထို့ကြောင့် . . .

"ဒါပေမဲ့ ကျွန်တော့်မှာ ဘာအပြစ်မှမရှိတာ၊ ကျွန်တော် . . ."

အာရမ်က ဆင်မြူရယ်၏ပါးပြင်ကို လက်ဝါးနှင့် တအားဖြတ်ရိုက်လိုက်သည်။ ပြီးတော့ ပခုံးကိုကိုင်ပြီး ဆင်မြူရယ်အား မြေကြီးပေါ်သို့ တွန်းလှဲချလိုက်သည်။

"မြန်မြန်ထစမ်း . . . အချိန် မရှိဘူး၊ သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ် . . . ဘယ်ကို"

"ဘယ်ကိုရမှာလဲကွ၊ ရဲကင်းကိုပေါ့၊ မနက်ကျတော့ မင်းကိုလည်း တခြားကောင်တွေနဲ့အတူတူ သဘော်နဲ့ တင်ပို့ရမှာပဲ၊ ကဲ . . . ထစမ်း"

ဆင်မြူရယ်က မြေကြီးပေါ်တွင် ရှို့ရှို့လေးထိုင်နေရင်းမှ . . .

"ကျွန်တော့်ကို အိမ်ပြန်ခွင့်ပြုပါဦး ဗိုလ်ကြီးရယ်၊ ကျွန်တော့်အဖေနဲ့ အဒေါ်ကို နှုတ်ဆက်ပြီးမှ . . ."

"မလိုပါဘူးကွ"

"ဒါဆိုရင်လည်း သတင်းကလေးဖြစ်ဖြစ် ပို့ခွင့်ပြုပါ ဗိုလ်ကြီးရယ်"

အာရမ်က ဆင်မြူရယ်အား တက်နင်းတော့မလို အပေါ်စီး၍ ရယ်လိုက်သည်။ ပြီးတော့ လေသံအေးအေးဖြင့် . . .

"ဟေ့ကောင် ဂျူးစုတ် . . . ငါပြောနေတာ မကြားဘူးလား၊ ထစမ်း . . . မြန်မြန်ထစမ်း၊ နို့မဟုတ်ရင် မင်းပေါင်ကြားထဲ ငါ ပိတ်ကန်မိလိမ့်မယ် . . . သိရဲ့လား"

ဆင်မြူရယ်က ဖြည်းဖြည်းချင်း ထသည်။ အာရမ်က ဆင်မြူရယ်၏လက်ကို ပြုတ်တူဖြင့် ညှပ်သလို တအားဆုပ်ကိုင်လိုက်သည်။ ထို့နောက် ရဲစခန်းဘက်သို့ ဆွဲခေါ်လာခဲ့သည်။

ဆိုင်လေးရှားမှာ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၁၀နှစ်တဲ့။

ရောက်ရင် ဘယ်သူမှ ပြန်လမ်းမရှိတော့ဘူး။

"ဗိုလ်ကြီးရယ် . . . ကျွန်တော့်ကို သနားပါ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် တောင်းပန်ပါတယ် ဗိုလ်ကြီးရယ်"

"အေး . . ဂျူးစုတ်ကလေး . . တောင်းပန်စမ်း၊ တောင်းပန်စမ်း၊ ငါက ဂျူးတွေ တောင်းပန်တာကို သိပ်သဘောကျတယ်၊ ဆိုင်လေးရှားအကြောင်း မင်း ကြားဖူးမှာပေါ့၊ မင်း အဲဒီကို ဆောင်းရာသီအမီ ရောက်သွားမှာပါ၊ ဒါပေမဲ့ မကြောက်ပါနဲ့၊ မြေအောက်သတ္တုမိုင်းထဲမှာက နွေးပါတယ်၊ မင်းအဆုတ်ထဲ ကျောက်မီးသွေးမှုန့်တွေ ဝင်ပြီး ချောင်းဆိုးသွေးပါ ဖြစ်လာတဲ့အခါမှာတော့ မင်းကို အလုပ်မခိုင်းတော့ပါဘူး၊ မင်း မာလကီရောင်းတဲ့အထိ ရေခဲပြင်ထဲ ပစ်ထားကြမှာပဲ"

ဆင်မြူရယ်က အာရမ်ပြောနေသော စကားကို စိတ်မဝင်စား



သူ့စိတ်က သူ့မိသားစု၊ တီရင်နီယာနှင့် အိုင်ဆက်၏ဖခင်ကြီးတို့ဆီသာ ရောက်နေသည်။

ဘာပဲဖြစ်ဖြစ် သူများအသတ်တော့ မခံဘူး။ ငါ လွတ်အောင်ကြံမယ်။

သူသည် အောက်ဘက်တွင် ရေတွေတဝေါဝေါ စီးဆင်းနေသော တံတားပေါ်လျှောက်ရင်း အကြံထုတ်နေသည်။

တံတားကျော်ပြီးသောအခါ အာရမ်က ဆင်မြူရယ်၏ လက်ကို ဆခင်ထက် ပြင်းပြင်းညှစ်ပြီး ကျောက်စရစ်လမ်းကလေးအတိုင်း ခပ်သုတ်သုတ် လျှောက်သွားသည်။

ရဲစခန်းရောက်ရန် ကိုက် ၃၀ လောက်သာ ကျန်တော့သည်။ ခန်းမှ ရဲသားတွေ စကားပြောသံကိုပင် ကြားနေရပြီ။ လုပ်စရာရှိသည်ကို အခုလုပ်မှ ဖြစ်တော့မည်။

အချိန်မှာ စက္ကန့်ပိုင်းမျှသာ ကျန်တော့သည်။

ဆင်မြူရယ်က ညာဘက်လက်ဖြင့် သူ့ဘောင်းဘီအိတ်ကို နှိုက်လိုက်သည်။ ပိုက်ဆံအကြွေများ ထည့်ထားသော အဝတ်ပိုက်ဆံအိတ်မှ ကြိုးကို ဖြည်းဖြည်းချင်း ဖြည်သည်။ ပြီးတော့ . . . ပိုက်ဆံအိတ်ကို ဆွဲထုတ်ပြီး မြေကြီးပေါ်သို့ သွန်ချလိုက်သည်။ တချွင်ချွင်မြည်သော ကျောက်ခင်းလမ်းပေါ်တွင် ပိုက်ဆံအကြွေတွေ ပြန့်ကြဲသွားလေသည်။

"ဘာဖြစ်တာလဲကွ"

အာရမ်က ရုတ်တရက် တုံ့ခနဲရပ်လိုက်သည်။

"ဘာမှ မဟုတ်ပါဘူး"

ဆင်မြူရယ်က ခပ်တည်တည် ပြန်ဖြေလိုက်သည်။

အာရမ်က မြေကြီးပေါ်ငုံ့ကြည့်လိုက်သည်။ ပွင့်နေသောပိုက်ဆံအိတ်မှ ပိုက်ဆံအကြွေတွေကို မြင်သည်။

"မင်းသွားရမယ့်နေရာက ပိုက်ဆံ မလိုပါဘူးကွာ"

သူက ပြောရင်းဆိုရင်း ပိုက်ဆံအိတ်ကို ကောက်ရန် ခါးကုန်းလိုက်သည်။ တစ်ချိန်တည်းတွင် ဆင်မြူရယ်ကလည်း မြေကြီးပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



ငှက်ကာ ခါးကုန်းလိုက်သည်။ သို့သော် သူက ပိုက်ဆံအိတ်ကို ကောက်ရန် မဟုတ်၊ အနီးရှိ ကျောက်ခဲကြီးကို ကောက်ရန်သာ ဖြစ်သည်။

အာရမ်က ဆင်မြူရယ်၏ ဘယ်ဘက်လက်ကို ဆုပ်ကိုင်ထားရင်းမှ ပိုက်ဆံကြွေများကို တကုန်းကုန်းဖြင့် ကောက်ယူနေတုန်း ဆင်မြူရယ်က ကျောက်တုံးကြီးကို ဇတ်ခနဲ ကောက်ယူပြီး အာရမ်၏ ဦးခေါင်းကို တအား ထုခွဲလိုက်လေသည်။ ဆင်မြူရယ်က တစ်ကြိမ်မက သုံးလေးငါးကြိမ်အထိ ဆက်တိုက်ထုချလိုက်သည်။ အာရမ်မှာ အသံပင် မထွက်နိုင်တော့ဘဲ နေရာတွင် ပုံလျက်သား လဲကျသွားလေတော့သည်။

ထို့နောက်တွင်တော့ ဆင်မြူရယ်က အချိန်ဆွဲမနေတော့ဘဲ လုပ်စရာရှိသည်များကို တစ်ခုပြီးတစ်ခု စက်ရုပ်လို ဆက်တိုက်လုပ်သွားသည်။

သူသည် အာရမ်၏ခါးတွင် သံကြိုးဖြင့်ဆွဲထားသော ဂိတ်တံခါးသော့ကြီးကို ဖြုတ်ယူလိုက်သည်။ ပြီးတော့ အာရမ်၏အလောင်းကို ခြေထောက်မှ ဒရွတ်တိုက်ဆွဲသွားပြီး ရေစီးသန်သော ချောင်းထဲသို့ ချလိုက်သည်။ ထို့နောက် သွေးစသွေးနများကို ဖုံးဖိဖျောက်ဖျက်သည်။ သက်သေခံ ကျောက်တုံးကြီးကိုလည်း ရေထဲသို့ ပစ်ချလိုက်လေသည်။

ဆင်မြူရယ်သည် ဂိတ်တံခါးသို့ သုတ်ခြေတင် ပြန်လာခဲ့သည်။ ဂိတ်တံခါးကြီးကို ခက်ခက်ခဲခဲဖွင့်ပြီး လှည်းကို တွန်းဝင်သည်။ ပြီးတော့ တံခါးကို လက်ရာမပျက် ပြန်ပိတ်ခဲ့ပြီး အိမ်သို့ လာခဲ့လေသည်။

အိမ်ရောက်တော့ သူ့ဖခင်နှင့်အဒေါ်တို့အား ဖြစ်ပျက်ခဲ့သမျှကို တိုးတိုးတိတ်တိတ် ပြောပြပြီး ဘယ်သူ့ကိုမျှ မပြောရန် နှုတ်ပိတ်ထားလိုက်သည်။

နောက်ဆုံးတော့ အာရမ်၏ လက်စွဲတော် ဂိတ်တံခါးသော့ကြီးကို ခြံဝင်းထဲ တစ်နေရာတွင် လက်စပျောက် မြှုပ်နှံလိုက်လေသည်။

★





မနက် အရုဏ်တက်ချိန်တွင် ဂိတ်တံခါးဝ၌ ဈေးသည်တွေ စုပြုံနေကြသည်။ သူတို့က တံခါးဖွင့်ပေးရန် အော်ဟစ်တောင်းဆိုနေကြသည်။

ရဲသားများနှင့် စစ်သားများမှာ သော့ရှာမရ၍ ဒေါင်းတောက်နေကြသည်။ ယမန်နေ့ညက အာရမ်နှင့်အတူ တာဝန်ကျသော ရဲသားပေါ်လိုက ညတုန်းက သူ ကရာကိုးမြို့ထဲ သွားလည်နေကြောင်း ဖြောင့်ချက်ပေးသဖြင့် သူ့ကို ဖမ်းချုပ်ထားလိုက်သည်။

သို့သော် ပြဿနာမှာ ဒီမျှနှင့် မပြီးသေး။ အာရမ် ဘယ်မှာလဲ။ အသတ်ခံရတာလား။ ထွက်ပြေးသွားသလား။ အာရမ် အသတ်ခံရကြောင်း သက်သေအထောက်အထားတွေ့လျှင် ဂျူးရပ်ကွက်တစ်ခုလုံး တပ်ကြီးဆိုက်သွားနိုင်သည်။ ဂျူးတွေကို တစ်ယောက်မကျန် သတ်ပစ်ကြလိမ့်မည်။ သို့သော် အာရမ် အသတ်ခံရကြောင်း ဘာအထောက်အထားမျှ မတွေ့ရ။ ဂိတ်တံခါးကြီးကလည်း လက်ရာမပျက် ပိတ်လျက်သား ရှိနေသည်။ ရပ်ကွက်ထဲမှ ဂျူးတွေလည်း အပြင်မှာ တစ်ယောက်မျှ မရှိ။ အားလုံး ရပ်ကွက်ထဲမှာပင် ရှိနေကြသည်။

ထို့ကြောင့် အာရမ် အသတ်ခံရတာ မဖြစ်နိုင်။ ဒီအကောင် အလွန် မိန်းမပွေသည်။ အမျှောင်မယားငယ် တစ်ဒါဇင်လောက်ရှိသည်။ ကေန္တ သူ့ကောင်မတစ်ယောက်ယောက်နှင့် ထွက်ပြေးသွားတာ ဖြစ်မည်။

ရဲဘက်နှင့် စစ်ဘက် အာဏာပိုင်များက ယင်းသို့လျှင် မှတ်ချက်ချကြလေသည်။

★

ညတုန်းက စိတ်ရောကိုယ်ပါ အကြီးအကျယ် ပင်ပန်းခဲ့ရသောကြောင့် ဆင်မြူရယ်မှာ သန်းခေါင်ကျော်မှ အိပ်ပျော်သွားခဲ့သည်။

နေအတန်မြင့်မှ သူ အိပ်ရာမှ နိုးလာသည်။ မျက်လုံးကို ဖွင့်လိုက်သောအခါ အနီးတွင် အိုင်ဆက်ရပ်နေသည်ကို တွေ့ရသည်။

"ဟော့ . . . ဆင်မြူရယ်၊ ထ,စမ်းပါဦးကွ၊ မြန်မြန်၊ ငါ့အဖေကြီး



www.burmeseclassic.com

www.burmeseclassic.com



ချောင်းမဆိုးတော့ဘူးကွ၊ ချောင်းဆိုး လုံးဝ ရပ်သွားပြီ၊ မင်း လိုက်ပြီး ကြည့်စမ်းပါဦးကွ၊ ငါ့အဖေကြီး မင်း . . . မင်း . . .”

အိုင်ဆက်က ပြုံးတူးပြဲတဲဖြင့် မနားတမ်း ပြောနေသည်။

ဆင်မြူရယ်က အိုင်ဆက်စကားမဆုံးခင် အိပ်ရာမှ ကမန်းကတန်း လူးလဲထ,လိုက်ပြီး အိမ်ရှေ့သို့ ပြေးထွက်လာခဲ့လေသည်။

သူတို့ သူငယ်ချင်းနှစ်ယောက် ရောက်သွားချိန်တွင် လူနာမှာ အိပ်ရာပေါ် ထ,ထိုင်နေပြီ ဖြစ်သည်။ အဖျားလည်း လုံးဝ မရှိတော့။ ချောင်းဆိုးလည်း ရပ်သွားခဲ့ပြီ။

ဆင်မြူရယ်က လူနာအနီးသို့ ကပ်သွားသည်။

“ငါ ကြက်သားစွပ်ပြုတ်ကလေး တစ်ခွက်လောက် သောက်ချင်လိုက်တာကွယ် . . . .”

အဘိုးကြီး၏ စကားကို ကြားရသောအခါ ဆင်မြူရယ်မှာ စိတ်ကို မထိန်းနိုင်တော့ဘဲ ဝမ်းသာဝမ်းနည်းစိတ်ဖြင့် ကြုံကြုံပါအောင် ငိုချလိုက်လေတော့သည်။

တကယ်တော့ သူသည် တစ်နေ့တည်း လူတစ်ယောက်အသက်ကို သတ်ပြီး အခြားတစ်ယောက်၏အသက်ကို ကယ်တင်ခဲ့သည် မဟုတ်ပါလား။

ဆင်မြူရယ်၏ ဆေးစွမ်းကြောင့် အိုင်ဆက်၏ဖခင်ကြီး ကျန်းမာသွားပြီဟူသော သတင်းသည် ဂျူးရပ်ကွက်အတွင်း တောမီးပမာ ပြန့်သွားသည်။ ဆင်မြူရယ်တို့ အိမ်တွင် နေ့ချင်းညချင်း လူနာတွေ ဝိုင်းအုံလာကြသည်။ ဆင်မြူရယ်မှာ ဆေးစပ်၍ မလောက်နိုင်အောင် ဖြစ်နေလေသည်။

ဆင်မြူရယ်က လူနာတွေနှင့် မအားနိုင်သည့်အထဲမှ အချိန်လုပြီး ဒေါက်တာဝါးဆီသို့ လာခဲ့သည်။ ဆရာကြီးက သူ့သတင်း အစုံအလင် ကြားသိထားပြီး ဖြစ်သည်။ သို့သော် မယုံတစ်ဝက် ယုံတစ်ဝက် ရှိနေသေးသည်။

“ငါ့မျက်စိနဲ့ တပ်အပ်မြင်ရမှ ငါ ယုံမယ်၊ မင်းဆေး ပေးစမ်းပါ၊ ငါ့လူနာတွေကို စမ်းကြည့်မယ်”



ဆရာကြီးက မျှော်လင့်ချက်မရှိသော အသည်းအသန် လူနာတစ်ယောက်ကိုရွေးပြီး ဆင်မြူရယ်၏ဆေးကို ထိုးပေးလိုက်သည်။ သေငယ်ဇောနှင့် အိပ်ရာပေါ် စန့်စန့်ကြီး မျောနေသော လူနာသည် ၂၄ နာရီအတွင်း ဝေါက်ခနဲ ထ,ထိုင်သည်။

ဒေါက်တာဝါးက အလွန်ကျေနပ်သွားပြီး ဆင်မြူရယ်၏ ဓာတ်ခွဲခန်းကို လိုက်ကြည့်သည်။ သူက မယုံကြည်နိုင်အောင် ဖြစ်နေသည်။ ဆင်မြူရယ်အတွက် ဝမ်းသာမဆုံး၊ ဂုဏ်ယူမဆုံး ဖြစ်နေသည်။

“အေး . . . ငါ့တပည့်ကြီး တော်ပါပေတယ်ကွယ်၊ ဂုဏ်ယူလောက်ပါပေတယ်၊ မင်း . . . အောင်မြင်ပါပြီ၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းအဖြစ် ဘာလိုချင်သလဲ . . . ပြော”

ဆင်မြူရယ်က မယုံကြည်နိုင်သော အကြည့်ဖြင့် ဆရာကြီး၏မျက်နှာကို မော်ကြည့်လိုက်သည်။ ပြီးတော့ . . . မလုံမလဲ အမူအရာဖြင့် ပြန်ပြောလိုက်လေသည်။

“နောက်ထပ် မြင်းတစ်ကောင်ပဲ လိုချင်ပါတယ် ဆရာကြီး”

★

ထိုနှစ်သည် ၁၈၆၈ ခုနှစ် ဖြစ်သည်။ ထိုနှစ်သည် ‘ရှိဖေးနှင့်သားများ ဆေးကုမ္ပဏီ’ ကို စတင်မွေးဖွားလိုက်သော နှစ်လည်း ဖြစ်သည်။

ထိုနှစ်တွင်ပင် ဆင်မြူရယ်နှင့် တီရင်နီယာတို့ လက်ထပ်ကြသည်။ မင်္ဂလာလက်ဖွဲ့ပစ္စည်းအဖြစ် မြင်းခြောက်ကောင်ရသည်။ ခေတ်မီ သိပ္ပံနည်းကိရိယာအစုံအလင်နှင့် ဓာတ်ခွဲခန်းအသစ်တစ်ခုလည်း ရသည်။

ဆင်မြူရယ်သည် ဆေးမျိုးစုံကို တီထွင်ထုတ်လုပ်နိုင်သဖြင့် ကမ္ဘာမီအတွင်း ဝေးနီးဝန်းကျင် ကျော်ကြားလာခဲ့သည်။ စီးပွားဥစ္စာသည်း ဒီရေအလား တိုးတက်လာခဲ့သည်။ သူက ဆင်းရဲသားများအားအခမဲ့ ကုသပေးသည်။

“ဆေးပညာဆိုတာ ရောဂါပျောက်အောင် ကုသဖို့အတွက် ဖြစ်တယ်၊ ငွေရအောင် စီးပွားရှာဖို့ မဟုတ်ပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



၎င်းကား သူ၏ လက်သုံးစကားဖြစ်သည်။

စီးပွားဖြစ်ထွန်းလာသည်နှင့်အမျှ ဆေးတိုက်ခွဲများလည်း အနှံ့အပြားဖွင့်လှစ်နိုင်လာခဲ့သည်။ ယခင်က သူ့အား ငွေကြေးအကူအညီ မပေးလိုခဲ့သော လူချမ်းသာများ ရောက်လာပြီး အစုရှယ်ယာဝင်ခွင့် တောင်းလာကြသည်။ သို့သော် ဆင်မြူရယ်က လက်မခံ။

"မိတ်ဆွေယောင် ဆောင်လာတဲ့ မြေခွေးကို ကိုယ့်ကြက်ခြံထဲ ဝင်ခွင့် မပြုသင့်ဘူး၊ တစ်နေ့ မြေခွေးက ကြက်တွေကို စားပစ်လိမ့်မယ်" ဟူသော စကားမှာ အစုရှယ်ယာကိစ္စနှင့် ပတ်သက်သော ဆင်မြူရယ်၏ ခံယူချက်ဖြစ်သည်။

နှစ်များမကြာမီတွင် အစိုးရက ဂျူးအမျိုးသားများအား ကရာကိုးမြို့တွင်း၌ လွတ်လပ်စွာ စီးပွားရေး လုပ်ကိုင်ခွင့်ပြုသောအခါ ဆင်မြူရယ်သည် မြို့တွင်း၌ ခမ်းနားလှပသော အိမ်ကြီးတစ်ဆောင် ဝယ်လိုက်သည်။ ဆေးတိုက်ကြီး တစ်တိုက်ကိုလည်း ဖွင့်လှစ်သည်။

ဆင်မြူရယ်နှင့် တီရင်နီယာတို့တွင် အေဘရာဟင်၊ ဂျိုးဇက်၊ အန်တွန်၊ ဂျန်နှင့် ပီတာဟူ၍ သားငါးယောက် ထွန်းကားသည်။ သားတစ်ယောက်မွေးတိုင်း ဆေးတိုက်တစ်ခုစီအသစ် ဖွင့်လှစ်သည်။ နောက်ဖွင့်သော ဆေးတိုက်က ယခင်ဆေးတိုက်ထက် ပို၍ကြီးကျယ်ခမ်းနားသည်။

သားတွေ ကြီးလာသောအခါ ကိုယ်ပိုင်ဆရာတွေ ငှားပြီး ပညာသင်ပေးသည်။ သားတစ်ယောက်စီကို နိုင်ငံခြားဘာသာစကား တစ်မျိုးစီ ခွဲခြားသင်ယူစေသည်။ အေဘရာဟင်နှင့် ဂျန်တို့က အင်္ဂလိပ်ဘာသာ၊ ဂျိုးဇက်က ဂျာမန်ဘာသာ၊ အန်တွန်က ပြင်သစ်ဘာသာနှင့် ပီတာက အီတာလျံဘာသာတို့ကို အသီးသီး သင်ယူကြရသည်။ သားတွေ ဆယ်ကျော်သက်ရွယ်ရောက်သောအခါ ဖခင်နှင့်အတူ ပြည်တွင်းပြည်ပခရီး သွားကြရသည်။ သူတို့အား စီးပွားရေး လက်တွေ့ပညာကို အနာဂတ်အတွက် မျိုးစေ့ချပေးခြင်းပင် ဖြစ်သည်။

သားကြီး အေဘရာဟင် အသက် ၂၀ နှစ်ပြည့်သောနေ့တွင် ဆင်မြူရယ်က သားအားလုံးကို ခေါ်ပြီး ဩဝါဒပေးသည်။



"အေဘရာဟင်က အမေရိကကို သွားရမယ်၊ အဲဒီမှာ ဆေးထုတ်လုပ်ရေး စက်ရုံဖွင့်ပြီး သားကြီးကိုယ်တိုင် ကြီးကြပ်ရမယ်၊ ပြီးတော့ . . . ဂျိုးဇက်က အသက် ၂၀ နှစ်ပြည့်ရင် ဘာလင်မြို့ကိုသွားပြီး စက်ရုံတည်ရမယ်၊ အဲဒီလိုပဲ အန်တွန်က ပြင်သစ်၊ ဂျန်က အင်္ဂလန်၊ ပီတာက အီတလီကိုသွားပြီး စက်ရုံကြီးတွေ ဆောက်ကြရမယ်"

ဒီလိုနှင့် နောက်ခုနစ်နှစ်အတွင်းတွင် နိုင်ငံကြီး ငါးနိုင်ငံ၌ 'ရှိဖေးနှင့်သားများကုမ္ပဏီ' ခွဲများကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည်။

နိုင်ငံခြားရှိ သားတွေကို အိမ်ကြီးရခိုင်တွေ ဝယ်ပေးသည်။ လခကောင်းကောင်း ပေးသည်။ ရသမျှ အမြတ်ငွေကို မိသားစုပိုင် အစုရှယ်ယာအဖြစ် လုပ်ငန်းတွင် အရင်းပြန်မြှုပ်ကြရသည်။ မည်သူမျှ တစ်ဦးတစ်ယောက်ချင်း အစုရှယ်ယာ ရောင်းချခွင့်မပြု။ ထိန်းချုပ်ရှယ်ယာအများကို အကြီးဆုံးသားနှင့် ၎င်း၏အမွေကို ဆက်ခံသူက ပိုင်ရမည်။ ထိန်းချုပ်ရှယ်ယာကို ပိုင်သူ၏ ခွင့်ပြုချက်မရလျှင် မည်သူမျှ မိမိ၏အစုရှယ်ယာကို သူစိမ်းတစ်ရံဆံအား ရောင်းချခြင်း မပြုနိုင်။

၎င်းသည်မှာ ဆင်မြူရယ် ချမှတ်ပေးသော ရှိဖေးနှင့်သားများကုမ္ပဏီ၏ သံမဏိစည်းကမ်း ဖြစ်သည်။ ၎င်းစည်းကမ်းကို မည်သူမျှ မဖောက်ရ။ သားစဉ်မြေးဆက် အသက်ထက်ဆုံး ထိန်းသိမ်းကြရမည် ဖြစ်သည်။

★

အချိန်တန် အရွယ်ရောက်သောအခါ ဆင်မြူရယ်၏သားတွေ အိမ်ထောင်ပြုကြသည်။ ရာစုနှစ် တစ်ပတ်လည်တော့ ဆင်မြူရယ်မျိုးဆက်တွင် မြေးတွေ၊ မြစ်တွေ ပြန့်ပွားလာခဲ့သည်။ သားကြီး အေဘရာဟင်သည် အမေရိကန်သူနှင့် လက်ထပ်သည်။ ဝုဒရောအမည်နှင့် သားတစ်ယောက် ထွန်းကားသည်။ ဝုဒရောမှ မွေးဖွားလာသော သားကို ဆင်မြူရယ်ဟု နာမည်မှည့်သည်။

ဂျိုးဇက်က ဂျာမန်သူနှင့် ရသည်။ ၎င်းတို့မှ သားတစ်ယောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက် ထွန်းကားသည်။ သားဖြစ်သူ အိမ်ထောင်ပြု၍ အန်နာအမည်ဖြင့် သမီးတစ်ယောက်ထွန်းကားသည်။ အန်နာက ဂျာမန် အမျိုးသား ဝေါ်လသာဝက်စနာနှင့် လက်ထပ်သည်။

ထိုပြင် တတိယသား အန်တွန်က ပြင်သစ်သူနှင့် လက်ထပ်၍ သားနှစ်ယောက် မွေးဖွားသည်။ သားတစ်ယောက်က ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသည်။ ကျန်သောသားက အိမ်ထောင်ပြု၍ ဟယ်လင် အမည်ဖြင့် သမီးတစ်ယောက် ထွန်းကားသည်။ ဟယ်လင်မှာ အိမ်ထောင်ဆက်များသော်လည်း သားသမီး မထွန်းကား။

စတုတ္ထသားဂျိန်က အင်္ဂလန်သူနှင့် လက်ထပ်သည်။ သမီးတစ်ဦး ထွန်းကား၍ မှုးမတ်နွယ်ဖြစ်သူ နီခိုးလ်နှင့် အိမ်ထောင်ပြုသည်။ ၎င်းတို့မှ အလက်နီခိုးလ်အမည်ဖြင့် သားတစ်ယောက် မွေးဖွားသည်။

သားထွေး ပီတာက အီတာလျံမနှင့် ညားသည်။ သားတစ်ယောက်၊ သမီးတစ်ယောက် ရသည်။ သားဖြစ်သူ အိမ်ထောင်ပြု၍ ဆီမိုနက်တာအမည်ဖြင့် သမီးတစ်ယောက် ထွန်းကားသည်။ ဆီမိုနက်တာက အီတာလျံ အမျိုးသား ဗိသုကာကလေး အိုင်ဗိုပလာဇီနှင့် လက်ဆက်သည်။

ဤသည်မှာ ဆင်မြူရယ်ရိုဖေးနှင့် တီရင်နီယာတို့မှ ပေါက်ဖွားလာသော မိသားစု မျိုးဆက်ပင် ဖြစ်လေသည်။ တစ်နည်းအားဖြင့် 'ရိုဖေးနှင့်သားများ ကုမ္ပဏီ' ၏ 'မျိုးဆက်သွေး' လည်း ဖြစ်သည်။

ရိုဖေးနှင့်သားများကုမ္ပဏီသည် စတင်တည်ထောင်သည်မှ စ၍ ရာစုနှစ်တစ်ဝက်ခန့်အကြာတွင် ကမ္ဘာအရပ်ရပ်၌ ကုမ္ပဏီများ ဖွင့်လှစ်နိုင်သည်အထိ ကြီးကျယ်တိုးတက်လာခဲ့လေသည်။ တကယ်တော့ ခြေသလုံးအိမ်တိုင် ဂျူးအမျိုးသားကလေးဆင်မြူရယ်နှင့် သူ၏မြင်းအိုကြီး 'လိုတီ' တို့က ကမ္ဘာကျော် စီးပွားရေးလုပ်ငန်းအင်ပိုင်ယာ မျိုးဆက်ကြီးတစ်ခုကို အုတ်မြစ်ချ တည်ထောင်ပေးခဲ့ခြင်းပင် ဖြစ်ပေတော့သည်။

★



အယ်လစ်ဇဘက်သည် 'စာအုပ်ကြီး' ကို ဖတ်၍ ပြီးသွားသည်။ ဤတစ်ကြိမ်သည် ငါးကြိမ်မြောက် ဖတ်ပြီးခြင်း ဖြစ်သည်။ သူမသည် စာအုပ်ကြီးကို မှန်ဗီရိုထဲတွင် တရိုတသေ ပြန်သိမ်းလိုက်သည်။

သူမအဖို့ သည်စာအုပ်ကို နောက်ထပ် ဖတ်စရာ မလိုတော့ပေ။ သူမကိုယ်တိုင်က သည်စာအုပ်ကြီး၏ အစိတ်အပိုင်းတစ်ခု ဖြစ်သလို သည်စာအုပ်ကြီးသည်လည်း သူမ၏ အစိတ်အပိုင်းတစ်ခုပင် မဟုတ်ပါလား။

သူမ ဘယ်သူဘယ်ဝါ ဖြစ်သည်။ ဘယ်က ဆင်းသက်ပေါက်ဖွားလာသည်ဆိုတာကို သူမဘဝတွင် ပထမဦးဆုံးအကြိမ် အရင်းအမြစ်မှ၍ သိရှိခဲ့ရပြီ မဟုတ်ပါလား။

★ ↔ ★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

အယ်လစ်ဇဘက်၏ ၁၅ နှစ်မြောက်မွေးနေ့တွင် အယ်လစ်ဇဘက်တို့ကျောင်းသို့ ရိုးစ်ဝိလျံ ရောက်လာသည်။ လက်ဆောင်ပစ္စည်းတွေလည်း တစ်ပွေ့တစ်ပိုက်ကြီး ယူလာသည်။ အမှန်က သမီးဖြစ်သူ၏မွေးနေ့အတွက် ဖခင်ကြီးပေးလိုက်သော ပစ္စည်းများကို လာပို့ခြင်း ဖြစ်သည်။

"သူကိုယ်တိုင် လာပို့မလို့တဲ့၊ ဒါပေမဲ့ အလုပ်တွေက သိပ်များနေတယ်"

အယ်လစ်ဇဘက်က စိတ်မကောင်းဖြစ်သွားသော်လည်း မျက်နှာမပျက် ဟန်ဆောင်ကာ ထိန်းထားလိုက်သည်။ သို့သော် ရိုးစ်ကတော့ အယ်လစ်ဇဘက်၏ အတွင်းစိတ် အခြေအနေကို အကဲခတ်မိပါသည်။ သူမသည် သူငယ်နှပ်စားအရွယ် မဟုတ်တော့။ အရာရာကို သိတတ်သော၊ ခံစားတတ်သော အပျိုကြီးဖားဖားအရွယ်သို့ ရောက်နေပြီ။

"တို့နှစ်ယောက် ညစာ သွားစားရင် မကောင်းဘူးလား"

ထိုစကားသည် ရိုးစ်ပါးစပ်မှ မရည်ရွယ်ဘဲနှင့် ရုတ်တရက် ထွက်သွားသည်။ တော်တော်ပိုင်တဲ့ အကြံပဲဟု အယ်လစ်ဇဘက်က တွေးထိုက်မိသည်။

"ကျေးဇူးတင်ပါတယ် . . . နေပါစေ၊ စာကြည့်စရာ နည်းနည်းရှိနေလို့ပါ"

သူမ၏အသံက နည်းနည်းမာသလို ထင်ရသည်။

သို့သော် ရိုးစ်က ဆန့်ကျင်ဘက်အဖြေကို လိုချင်သူ မဟုတ်။ သူက အယ်လစ်ဇဘက်အတွက် ကိုယ်ချင်းစာမိသည်။ သူကိုယ်တိုင်သူ့မွေးနေ့ပေါင်းများစွာကို အဖော်မပါဘဲ တစ်ကိုယ်တော် ကျင်းပခဲ့ရသည်။ ထို့ကြောင့် သူက အယ်လစ်ဇဘက်၏ တစ်ကိုယ်တော်ငြင်းဆိုချက်ကို လက်မခံ။ ကျောင်းအုပ်ဆရာမကြီးထံ ခွင့်တောင်းပြီး အယ်လစ်ဇဘက်ကို အတင်းခေါ်လာခဲ့သည်။

အသင့်ရပ်ထားသော ရိုးစ်၏ကားထဲသို့ နှစ်ဦးသား ဝင်ထိုင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ကားသည် လေယာဉ်ကွင်းဆီသို့ ဦးတည်ပြေးနေသည်။

"ဒါက နျူချာတယ်ကို သွားတဲ့လမ်းမှ မဟုတ်ဘဲ"

အယ်လစ်ဇဘက်က ပြောလိုက်သည်။

"နျူချာတယ်ကို သွားမယ်လို့ ဘယ်သူက ပြောလို့တုန်း"

ရီးစ်က အယ်လစ်ဇဘက်ကို လှည့်ကြည့်ရင်း ပြန်ပြောလိုက်သည်။

"ဒါဖြင့် ကျွန်မတို့ အခု ဘယ်သွားကြမှာလဲ"

"ပါရီကို သွားမယ်လေ၊ မက်ဇင်ဟိုတယ်က ၁၅ နှစ်မြောက် မွေးနေ့ပွဲ ကျင်းပဖို့ အကောင်းဆုံး နေရာပေါ့"

သူတို့သည် ကိုယ်ပိုင်ဂျက်လေယာဉ်ဖြင့် ပါရီမြို့သို့ လာခဲ့ကြသည်။ နှစ်ယောက်သား မက်ဇင်ဟိုတယ်၏ စပယ်ရှယ်အကောင်းဆုံး ဟင်းလျာမျိုးစုံဖြင့် ညစာကို မြိန်မြိန်ရှက်ရှက် စားကြသည်။ နောက်ဆုံး ရှန်ပိန်အရက်နှင့် မွေးနေ့ကိတ်မုန့်ကြီးတို့ဖြင့် ပွဲသိမ်းလိုက်ကြသည်။ စားသောက်ပြီးတော့ ရီးစ်က အယ်လစ်ဇဘက်အား ပါရီမြို့တွင်းအနှံ့ ကားဖြင့် လိုက်ပြသည်။ သူတို့နှစ်ယောက် အတော်ညဉ့်နက်မှ ဆွစ်ဇာလန်နိုင်ငံသို့ ပြန်လာခဲ့ကြသည်။

ထိုနေ့အတွေ့အကြုံသည် အယ်လစ်ဇဘက်အဖို့ ပျော်စရာ အကောင်းဆုံး အတွေ့အကြုံတစ်ရပ် ဖြစ်သည်။ ရီးစ်ကလည်း တော်ပါပေသည်။ အယ်လစ်ဇဘက်အား ပျော်အောင် ပြုစုနိုင်သည်။ သူ့စကားကို ကြားရသည်မှာလည်း ပျော်စရာကောင်းသည်။ သူ့အမူအရာကို မြင်ရသည်မှာလည်း စိတ်ချမ်းသာသည်။

ကျောင်းခြံဝတွင် ကားရပ်ပြီး ကားပေါ်မှ အဆင်းတွင် အယ်လစ်ဇဘက်က . . .

"ကျွန်မ ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး။ ဒီနေ့ဟာ ကျွန်မဘဝမှာ အပျော်ဆုံးမွေးနေ့ပါပဲ"

"မင်းဖေဖေကိုပဲ ကျေးဇူးတင်ပါ၊ ဒါဟာ သူ့စိတ်ကူးပါ"

သို့သော် အယ်လစ်ဇဘက်ကတော့ မယုံ။ ရီးစ်က ညာပြောသည်ဟုသာ သဘောပိုက်လိုက်သည်။





တစ်ချိန်တည်းတွင် ရီးစ်ဟာ အံ့ဩစရာကောင်းလောက်အောင် တော်တဲ့ လူပဲ၊ လူက တော်သလောက် ရုပ်ရည်ကလည်း ဆွဲဆောင်မှု အပြည့်ရှိတယ်ဟူ၍ အယ်လစ်ဇဘက်က မှတ်ချက်ချလိုက်မိလေသည်။

ထိုညက အယ်လစ်ဇဘက်သည် တော်တော်နှင့် အိပ်၍မရ။ ရီးစ်ဝီလျံအကြောင်းကိုသာ တွေးနေမိသည်။ အိပ်မပျော်တော့ သူမက အိပ်ရာထပြီး ပြတင်းနားက စားပွဲကလေးဆီသို့ လျှောက်လာသည်။ စာရွက်နှင့် ဖောင်တိန်ယူကာ ရေးခြစ်လိုက်လေသည်။

"မစ္စက် ရီးစ်ဝီလျံ"

သူမသည် ထိုစာတန်းကို အကြာကြီးစိုက်ကြည့်နေလေ၏။

★

ထိုနေ့က ရီးစ်ဝီလျံသည် ပြင်သစ်ရုပ်ရှင် မင်းသမီးချောကလေး တစ်ယောက်နှင့် ချိန်းထားသည်။ သို့ပေမယ့် လုံးဝမရည်မှန်းဘဲ သူက ဒုံးစပ်ဆော့ပြီး အယ်လစ်ဇဘက်အား ညစာစားရန် ဖိတ်ခေါ်မိခဲ့သောကြောင့် ရုပ်ရှင်မင်းသမီးကလေးအတွက် ၂၄ နာရီ နောက်ကျသွားခဲ့ရသည်။ သို့သော် ရီးစ်က လုံးဝ ဂရုမစိုက်။ ရသမျှ အချိန်ပိုင်းကလေးအတွင်း မင်းသမီးကလေးအား မက်ဇင်ဟိုတယ်မှာပင် ပြုစုလိုက်သည်။

ရီးစ်ကတော့ အယ်လစ်ဇဘက်နှင့်အတူ မွေးနေ့ပွဲကျင်းပခဲ့ရတာက ပို၍ပင် ပျော်စရာကောင်းသေးသည်ဟု တွေးနေမိသည်။

တကယ်တော့ အယ်လစ်ဇဘက်သည် တစ်နေ့သောအခါ အရေးကြီးသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာနိုင်သည်ဟူသောအချက်ကို ရီးစ်က ခန့်မှန်းထားပြီးသား မဟုတ်ပါလား။

★

အယ်လစ်ဇဘက်သည် တစ်နေ့ထက်တစ်နေ့ ရုပ်ရော စိတ်ပါ ပြောင်းလဲလာသည်။ ဒီလိုပြောင်းလဲလာသည်မှာ အဘိုးကြီး ဆင်မြူရယ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လား။ ဒါမှမဟုတ် ရီးစ်ဝီလျံကြောင့်လား ဆိုတာကတော့ သူမကိုယ်တိုင်လည်း ကွဲကွဲပြားပြား မသိ။ သို့ပေမယ့် မိမိ၏စိတ်ပိုင်းရောရုပ်ပိုင်းပါ ပြောင်းလဲလာခြင်းအတွက်တော့ သူမက ဂုဏ်ယူမိသည်။

သူမသည် ယခင်ကလို အစားမကြီးတော့၊ အစာကို လျှော့စားလာသည်။ ဒါကြောင့်လည်း သူမ၏ကိုယ်လုံးကိုယ်ပေါက်မှာ ဘုတ်ပွကြီး ဖြစ်မနေတော့ဘဲ တစ်နေ့တခြား ကိုယ်အလေးချိန် လျော့လာပြီး ကြည့်ပျော်ရှုပျော် အနေအထားသို့ ရောက်လာခဲ့သည်။

ယခင်ကဆိုလျှင် သူမသည် အခန်းထဲအောင်းကာ စာအုပ်တွေနှင့် အဖော်ပြုနေခဲ့သည်။ ယခုတော့ ယင်းသို့ မဟုတ်တော့။ ကျောင်းအားကစားပွဲများတွင် ပါဝင်လာခဲ့သည်။ အခြားကျောင်းသူတွေနှင့်လည်း အပေါင်းအသင်း လုပ်လာသည်။ သူတို့က အယ်လစ်ဇဘက်၏ ပြောင်းလဲမှုကို မယုံကြည်နိုင်အောင် ဖြစ်နေကြသည်။ ဟိုတုန်းက သူတို့၏ပါတီပွဲများသို့ အယ်လစ်ဇဘက်ကို ဖိတ်ပေမယ့် ဘယ်တော့မှ မလာခဲ့စဖူး မဟုတ်လား။

တစ်ညတွင်တော့ ကျောင်းသူအချင်းချင်း 'ကျိတ်ဝိုင်း' တစ်ခုသို့ အယ်လစ်ဇဘက်-တက်လာခဲ့သည်။ သူမအား ဘယ်သူကမျှ မျှော်လင့်ထားသည် မဟုတ်။ ထို့ကြောင့် အားလုံးကပင် အံ့သြနေကြသည်။ ကျောင်းသူတစ်ယောက်ကဆိုလျှင် "မင်းလာမယ်လို့ တို့ လုံးဝ မယုံဘူး ဒါကြောင့် တို့အလောင်းအစားတောင် လုပ်နေကြသေးတယ်" ဟူ၍ပင် ပြောလိုက်သေးသည်။

သူတို့ ကျိတ်ဝိုင်းမှာ 'ပဂျားမား ပါတီပွဲ' ဟုခေါ်သော ဝိုင်းဖြစ်သည်။ ရင်းနှီးသူချင်းချင်း ချိန်းပြီး ညအိပ်ဝတ်ရုံကြီးတွေဝတ်ကာ ရောက်တတ်ရာရာ ပြောဆိုစားသောက်ရင်း သန်းခေါင်ကျော်သည်အထိ အချိန်ဖြုန်းသောဝိုင်း ဖြစ်သည်။

ထိုနေ့ကပွဲကို ကျောင်းသူလေးယောက် ပေါင်းနေသော အခန်းတစ်ခန်းတွင် ပြုလုပ်သည်။ စုစုပေါင်း ကျောင်းသူ နှစ်ဒါဇင်နီးပါး တက်ရောက်လာကြသည်။

တစ်ခန်းလုံးတွင် စူးရှသင်းပျံ့သော စီးကရက်မီးခိုးနံ့များနှင့် မွှန်



နေသည်။ ကျောင်းသူအများစုသည် ဆေးခြောက်ရှူလေ့ရှိကြောင်း အယ်လစ်ဇဘက်က သိထားသည်။ သို့သော် သူမအနေဖြင့် တစ်ခါမှ စမ်းခဲ့ဖူး။ ထိုညက ပါတီပွဲရှင်မှာ ရေနီတိုကာအမည်ရှိ ပြင်သစ်အမျိုးသမီးကလေး ဖြစ်သည်။

ရေနီက အညိုရောင် စီးကရက်တစ်လိပ်ကို ကိုက်ရင်း အယ်လစ်ဇဘက်အနားသို့ လျှောက်လာသည်။ သူမက စီးကရက်ကို တစ်ချက်ရှိုက်လိုက်ပြီး အယ်လစ်ဇဘက်အား ကမ်းပေးသည်။

"သောက်တတ်တယ်နော်"

သူ့စကားက မေးခွန်းနှင့် မတူ။ တိုက်တွန်းသံ ပါနေသည်။

"သောက်တတ်တာပေါ့"

အယ်လစ်ဇဘက်က မသောက်တတ်ဘဲနှင့် ညာပြောလိုက်သည်။ ပြီးတော့ စီးကရက်ကို လှမ်းယူလိုက်သည်။

သူမက စီးကရက်ကို လက်ကြားညှပ်ထားရင်း ခပ်ဆိုင်းဆိုင်း လုပ်နေသည်။ ပြီးတော့ ပါးစပ်တွင် တပ်ပြီး တစ်ဖွာ ရှိုက်လိုက်သည်။ သူမ၏ မျက်နှာတစ်ပြင်လုံး အစိမ်းရောင်ပြောင်းသွားသလို ထင်လိုက်ရသည်။ မီးခိုးငွေ့တွေက အဆုတ်ထဲ မွှန်နှောက်ထိုးဖောက်သွားကြသည်။

သူမက ကြိုးစားပြီး ပြုံးသည်။ ပြီးတော့ သက်ပြင်းချလိုက်သည်။

"မဆိုးဘူး"

ရေနီက အယ်လစ်ဇဘက်အနားမှာ ပြန်ထသွားသည်။ အတန်ကြာတော့ အယ်လစ်ဇဘက်မှာ ခုတင်ပေါ်တွင် စန့်စန့်ကြီး လဲနေလေပြီ၊ ပထမတော့ ခေါင်းထဲက မူးနောက်နောက် ဖြစ်လာသလို ခံစားရသည်။ ခဏကြာတော့ အမူးပြေသွားသည်။ သူမက နောက်ထပ်တစ်ဖွာ ထပ်ဖွာလိုက်သည်။ ခေါင်းထဲတွင် ပေါ့သွားသလို ခံစားလာရသည်။ အယ်လစ်ဇဘက်သည် ယခင်က ဆေးခြောက်အကြောင်း စာအုပ်တွေထဲမှာလည်း ဖတ်ဖူးသည်။ သူများပြောတာတွေကိုလည်း ကြားဖူးသည်။ ဆေးခြောက်သတ္တိက တစ်ဒင်္ဂအားဖြင့် စိတ်လွင့်ကိုယ်လွတ် ဖြစ်သွားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက နောက်ထပ်တစ်ဖွာ ထပ်ဖွာလိုက်ပြန်သည်။ ဒီတစ်ကြိမ်တော့ ခါတိုင်းထက် ခပ်ပြင်းပြင်း ရှိုက်လိုက်သည်။ သူမသည် လေထဲတွင် လွင့်မျောနေသလို ခံစားနေရသည်။ ကမ္ဘာသစ်တစ်ခုသို့ ရောက်သွားသလို ထင်နေရသည်။ အခန်းထဲတွင် သူ့အဖော်တွေကို မြင်နေရသည်။ စကားပြောသံတွေကိုလည်း ကြားနေရသည်။ သို့သော် သူတို့ရုပ်တွေကို ပြတ်ပြတ်သားသား မမြင်ရ၊ အားလုံး မှုန်ဝါးနေကြသည်။ စကားသံတွေကလည်း မပီမသ၊ တစ်ခါတစ်ခါ ပြတ်ပြတ်သွားကြသည်။ အဝေးကြီးမှလာသော အသံတွေလို ထင်နေရသည်။

အလင်းရောင်ကလည်း မခံရပ်နိုင်အောင် စူးရှသွားသည်။ သူမက မျက်လုံးတွေ မှိတ်ထားလိုက်သည်။ သူမသည် လဟာပြင်ထဲ မျောပါသွားသည်။ စိတ်ထဲ အလွန်ပျော်မြူးနေသည်။ သူမသည် ကျောင်းခေါင်မိုးပေါ်က လဟာပြင်ထဲ ပျံဝဲနေသည်။ တဖြည်းဖြည်းနှင့် မိုးမြင့်နတ်ထံ ပျံတက်လာခဲ့သည်။ ဆီးနှင်းဖုံးသော အယ်လ်ပိုင်းတောင်ထွတ်များပေါ် ရောက်လာသည်။ ပြီးတော့ ဂွမ်းစိုင်တွေ လွှမ်းမိုးထားသော ပင်လယ်ပြင်ပေါ် ရောက်လာပြန်သည်။

တစ်ယောက်ယောက်က သူမနာမည် အော်ခေါ်သံ ကြားရသည်။ မြေပြင်သို့ ပြန်ဆင်းလာခဲ့ရန် ခေါ်နေသည်။

မေးစင်းနေသော မျက်တောင်များကို မဖွင့်ချင်ဖွင့်ချင် ဖွင့်ကြည့်လိုက်သည်။ ရေနီက အယ်လစ်ဇဘက်ကိုယ်ပေါ်တွင် မှီဖက်ထားသည်။ သူမက အယ်လစ်ဇဘက်အား ရီဝေနေသော မျက်လုံးအစုံဖြင့် တရှိုက်မက်မက် စိုက်ကြည့်နေသည်။

"ဘယ့်နှယ်လဲ . . . အိုကေရဲ့လား . . ."

အယ်လစ်ဇဘက်က ယဲ့ယဲ့ကလေး ပြုံးနေသည်။

★

အယ်လစ်ဇဘက်တို့ မိန်းကလေးကျောင်းနှင့် ယောကျ်ားကလေးကျောင်းမှာ များစွာ မဝေးလှ။ ထို့ကြောင့် မိန်းကလေးများက လစ်လျှင်



လစ်သလို ယောကျ်ားကလေးများနှင့် ချိန်းတွေ့ကြသည်။ ကျောင်းသူချင်းဆုံမိလျှင် အများဆုံးပြောကြသော အကြောင်းအရာမှာလည်း သူတို့နှင့်တွဲသော ယောကျ်ားကလေးတွေအကြောင်းသာ ဖြစ်နေတတ်သည်။

အဆိုးဆုံးကတော့ အပျိုဖော်ဝင်စ မိန်းကလေးတို့ သဘာဝအတိုင်း လိင်စိတ်ဖြေဖျော်မှုကို နည်းအမျိုးမျိုးဖြင့် ရယူခံစားနေကြခြင်းပင် ဖြစ်သည်။

သို့သော် အယ်လစ်ဇဘက်ကတော့ မိမိ၏ အပျိုစင်ဘဝကို အစွမ်းကုန် ထိန်းထားသည်။ ဘယ်ယောကျ်ားကလေးနှင့်မှလည်း ချိန်းမတွေ့၊ ဘယ်လိုလိင်စိတ်ဖြေဖျော်မှုမျိုးကိုမှလည်း မခံစား။

တစ်ခုတော့ ရှိသည်။ အယ်လစ်ဇဘက်၏ လိင်စိတ်ကတော့ တစ်နေ့ထက်တစ်နေ့ ပြင်းပြလာသည်မှာ အမှန်ပင်။ ဤသည်မှာ ပတ်ဝန်းကျင် စေ့ဆော်မှုကြောင့်လည်း ဖြစ်သည်။ အရွယ်ကြောင့်လည်း ဖြစ်သည်။

ဖွဲမီးလို တငွေ့ငွေ့လောင်နေသော ယင်းစိတ်ကို ဆွပေးလိုက်သူကတော့ ဆရာမကလေး မစ္စဟာရီယော့ ဖြစ်လေသည်။

မစ္စဟာရီယော့မှာ အယ်လစ်ဇဘက်နှင့် အသက်ချင်း သိပ်မကွာသူ၊ နှစ်ဆယ်ကျော်ကျော်အရွယ်မျှသာ ရှိသေးသည်။ ကိုယ်လုံးကိုယ်ခန့် သေးသေးသွယ်သွယ်နှင့် ရုပ်ရည်ချောမောသူလည်း ဖြစ်သည်။ သူက အယ်လစ်ဇဘက်အပေါ် ထူးထူးခြားခြား ခင်မင်မှုပြသည်။ အယ်လစ်ဇဘက်ကလည်း သူ့ဆရာမကလေးကို ထူးထူးခြားခြား သံယောဇဉ်တွယ်နေမိသည်။ အယ်လစ်ဇဘက်သည် အဆိုးအကောင်း အကြောင်းကိစ္စ တစ်ခုခုပေါ်တိုင်း ဆရာမကလေးဆီသို့သာ သွားပြီး ရင်ဖွင့်လေ့ရှိသည်။ ဆရာမကလေးက အယ်လစ်ဇဘက်ပြောသမျှကို စိတ်ပါလက်ပါ နားထောင်သည်။ ပြီးတော့ အယ်လစ်ဇဘက်၏ လက်ကလေးကို တယုတယ ပွတ်သပ်ရင်း ကြင်နာမှု အပြည့်အဝဖြင့် နှစ်သိမ့်စကားဆိုသည်။ ချောကလက်နှင့် ကိတ်မုန့်တွေလည်း ကျွေးသည်။ ဒီလိုအခါမျိုးတိုင်း အယ်လစ်ဇဘက်အဖို့ အပျော်ကြီး ပျော်ရသည်ချည်း

www.burmeseclassic.com

www.burmeseclassic.com



ပင် ဖြစ်သည်။

မစ္စဟာရီယော့က ပြင်သစ်ဘာသာဆရာမ၊ ပြီးတော့ ဖက်ရှင်ဝတ်စားဆင်ယင်မှု ဘာသာရပ်များကိုလည်း သင်ပြသည်။ မိန်းကလေးတွေ ဝတ်စားဆင်ယင်မှုတွင် 'စတိုင်' ခေါ် 'ဟန်'၊ အရောင်အသွေး လိုက်ဖက်မှုနှင့် ပစ္စည်းချင်း တစ်ခုနှင့်တစ်ခု သင့်လျော်ကိုက်ညီမှုတို့ကို အထူးတလည် ဂရုစိုက်ကြရန် သူမက အလေးအနက်ပြု၍ သင်ပြလေ့ရှိသည်။

"အထူးသဖြင့် မိန်းကလေးတွေ မှတ်ထားဖို့က အတွဲအစပ်မညီညွတ်ရင် အပျံစား ဝတ်စားထားတောင်မှ အညံ့ဆုံး ဆင်ယင်ထုံးဖွဲ့မှုမျိုး ဖြစ်သွားနိုင်တယ် . . ."

'အတွဲအစပ် ညီညွတ်မှု' ဟူသော စကားမှာ မစ္စဟာရီယော့၏ လက်သုံးစကား ဖြစ်သည်။ ဒီစကားကို သူမက အမြဲလိုလို ထည့်ပြောလေ့ရှိသည်။

အယ်လစ်ဇဘက်သည် လိင်စိတ်ပေါ်လာတိုင်း သူ့ဆရာမကလေး မစ္စဟာရီယော့ကိုသာ အမြဲလိုလို သတိရနေတတ်သည်။ မစ္စဟာရီယော့က သူမမျက်နှာကို ရွှန်းရွှန်းစားစား စိုက်ကြည့်နေပုံ၊ သူမ၏ လက်ချောင်းကလေးများကို တယုတယ ပွတ်သပ်ကစားနေပုံတို့ကို မြင်ယောင်လာသည်။

ပြီးတော့ မစ္စဟာရီယော့က သူမ၏တစ်ကိုယ်လုံးကို သိမ်းကြုံးပွေ့ဖက်လိုက်ပုံ၊ ကျောပြင်ရင်သားမကျန် နေရာအနှံ့ကို ပွတ်သပ်ကစားနေပုံတို့ကို သတိရလာသည်။ ပထမတုန်းကတော့ အယ်လစ်ဇဘက်က မစ္စဟာရီယော့၏ အပွေ့အဖက်ကို အမှတ်မထင် သာမန်အပွေ့အဖက်မျိုးဟုသာ ထင်မှတ်ခဲ့သည်။ နောက်တော့မှ သာမန်မဟုတ်ဘဲ ထူးခြားသော၊ ရည်ရွယ်ချက်ရှိသော အပွေ့အဖက်မျိုးဖြစ်ကြောင်း တစ်စတစ်စ သိလာခဲ့ရသည်။ တုံ့ပြန်မှု လိုချင်သောအပွေ့အဖက်မျိုးဖြစ်ကြောင်း သိလာခဲ့ရသည်။

ထိုအခါတွင်းမှ အဖြစ်မှန်ကို သိခဲ့ရပေသည်။ ဒီလိုအဖြစ်မှန်ကို သိရသောကြောင့်လည်း သူမစိတ်ထဲတွင် အတော်ကလေး တုန်လှုပ်



သွားမိသည်။

အဖြစ်မှန်ကတော့ သူမသည် မိန်းမစစ်စစ်မဟုတ်ဘဲ ယောက်ျားလျာတစ်ယောက် ဖြစ်နေခြင်းပင်တည်း။

ထို့ကြောင့်လည်း အယ်လစ်ဇဘက်က ယောက်ျားကလေးတွေကို လုံးဝ စိတ်ဝင်စားခြင်းမရှိဘဲ မိန်းကလေးတွေကိုသာ စိတ်ဝင်စားခြင်း ဖြစ်သည်။

မိန်းကလေးတွေ ဆိုရာတွင်လည်း မိန်းကလေးတိုင်းကိုတော့ မဟုတ်။ မစ္စဟာရီယော့လို အာရုံခံစားတတ်သော၊ နားလည်မှုရှိသော မိန်းကလေးမျိုးကိုမှ သူမက စိတ်ဝင်စားသည်။

ယောက်ျားလျာ မိန်းကလေးတစ်ယောက်အဖို့ လူ့အဖွဲ့အစည်းထဲ ဝင်၍ အများတကာနှင့် ရောနှောဆက်ဆံရာတွင် အနှောင့်အယှက် အခက်အခဲတွေ တစ်ပုံတပင်ကြီး ရှိကြောင်းကို အယ်လစ်ဇဘက်က လက်တွေ့စိနှင့်လည်း ကိုယ်တိုင်ကိုယ်ကျ မြင်ဖူးသည်။ စာအုပ်တွေထဲမှာလည်း ဖတ်ဖူးသည်။

ယောက်ျားလျာတွေကို လောကလူ့အဖွဲ့အစည်းက လူရာမသွင်း၊ သူတို့အား သဘာဝတရားက ပြစ်ဒဏ်ခတ်ထားသော တရားခံများလို ဆက်ဆံကြသည်။

ဒါပေမဲ့ အယ်လစ်ဇဘက်က စဉ်းစားကြည့်သည်။ လောကမှာ အချစ်ဆိုတာ ဘာလဲ။ ယောက်ျားတစ်ယောက်ကို ချစ်တာနဲ့ မိန်းမတစ်ယောက်ကို ချစ်တာ ဘာကွာခြားသလဲ။

အရေးကြီးဆုံးက ချစ်ခြင်းမေတ္တာပဲ မဟုတ်လား။ ချစ်ခြင်းမေတ္တာ အပြည့်အဝရှိတဲ့ လိင်တူတစ်ယောက်ကို ချစ်တာထက် အချစ်မရှိတဲ့ ဆန့်ကျင်ဘက်လိင်ပိုင်ရှင်တစ်ဦးကို ချစ်တာက ပိုပြီး ကောင်းနိုင်ပါ့မလား။

သူမ၏ စိတ်ထားပြောင်းလဲမှုကို ဖခင်ကြီးသိသွားရင်တော့ ရင်ကွဲနာတော့မှာပဲဟု၍ အယ်လစ်ဇဘက်က တွေးပူလိုက်မိသည်။ သို့သော် အိုးစွမရှိ။ နောင်ခါလာ နောင်ခါချေးပေါ့။ မီးစင်ကြည့်ပြီး က,ရမှာပေါ့။

သူမသည် အခြားမိန်းကလေးတွေလို သာမန်မိန်းကလေးဘဝ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဘယ်တော့မှ လင်ယူသားမွေး ပြုနိုင်တော့မည်မဟုတ်။ သူမ ဘယ်ပဲသွားသွား၊ လူ့အသိုင်းအဝိုင်းက ဝိုင်းပယ်ခံရတော့မည်မှာ သေချာနေသည်။

အို . . . ဒါတွေ တွေးပူနေလို့ အလကားပဲ၊ ပေါက်တဲ့နဖူး မထူးတော့ပါဘူး။ မစ္စဟာရီယော့နဲ့ပဲ အတူနေတော့မယ်။ ချစ်သူနှစ်ယောက် အေးအေးလူလူနေနိုင်အောင် အခန်းကလေး တစ်ခန်း၊ ဒါမှမဟုတ် အိမ်ကလေးတစ်ဆောင် ရှာမယ်။ အိမ်ကလေးကို နေချင်စဖွယ်ဖြစ်အောင် ပန်းချီကားတွေ အိမ်ထောင်ပရိဘောဂတွေနဲ့ ကျကျနန ပြင်ဆင် မွမ်းမံမယ်။

ပြီးတော့ ငါ့ကိုယ်ငါလည်း ယောက်ျားလျာနဲ့ တူအောင် မနေဘူး။ ယောက်ျားလျာ အဝတ်အစားမျိုးတွေကို လုံးဝမဝတ်ဘဲ နေမယ်။ ငါ့အပြုအမူ အနေအထိုင်နဲ့ အပြောအဆိုတွေအားလုံး မိန်းကလေးနဲ့တူအောင် အစွမ်းကုန် ကြိုးစားနေထိုင်မယ်။

ညနေကျရင် နှစ်ယောက်သား မီးဖိုဘေးမှာ ပွေ့ဖက်ပြီး ရင်ခွင်လှုံရင်း ခံစားမှု ကဗျာတွေ ရွတ်ကြမယ်။

အချိန်ကာလဆိုတာ ချစ်ခြင်းမေတ္တာရဲ့ ရန်သူပါပဲ။
ချမ်းမြေ့တဲ့ တို့ရဲ့ဘဝကို ဖျက်ဆီးတာလည်း သူပါပဲ။
တို့ရဲ့ချစ်ခြင်းမေတ္တာကို တို့ရဲ့ပျော်ရွှင်မှုတွေ၊ တို့ရဲ့ကြေကွဲမှုတွေ
တို့ရဲ့မျက်ရည်တွေနဲ့ပဲ တိုင်းတာလို့ ရနိုင်ပါတယ်။ ဒါနဲ့များ ချစ်သူ
တွေဟာ သူတို့ရဲ့ ပျော်ရွှင်မှုကို နေ့တွေ၊ ညတွေ၊ လတွေ၊ နှစ်တွေ
နဲ့ တိုင်းတာနေကြတာ ဘာသဘောပါလိမ့်။

အယ်လစ်ဇဘက်က သူတို့နှစ်ယောက်၏ ပြန့်ပြူးရှည်လျားသော အနာဂတ်ခရီးလမ်းကို မျှော်မှန်းတွေးတောရင်း လန်းဆန်းရွှင်မြူးနေလေသည်။ ။

★ ↔ ★

# အခန်း ( ၁၃ )

အယ်လစ်ဇဘက်သည် သူမ၏ အထက်တန်းကျောင်းသူဘဝ နောက်ဆုံးနှစ်တွင် ၁၈ နှစ် ပြည့်သည်။ ထိုနှစ် 'အီစတာပွဲတော်' ကျောင်းပိတ်ရက်တွင် ၁၀ ရက်ခန့် အနားယူရန် ဆာဒင်းနီးယား စံအိမ်ကြီးသို့ ပြန်လာခဲ့သည်။

ထိုအချိန်တွင် သူမသည် ကားမောင်းတတ်နေပြီဖြစ်၍ ကားကို ကိုယ်တိုင်မောင်းပြီး တစ်ကျွန်းလုံး အနှံ့အပြား လျှောက်လည်သည်။

သဲသောင်ကမ်းခြေတစ်လျှောက် လျှောက်မောင်းသည်။ ကမ်းခြေတံငါရွာလေးများသို့ သွားလည်သည်။ နေ့လည်ချိန်တွင် နွေးထွေးသော မြေထဲပင်လယ်ဒေသ နေရှိန်အောက်တွင် ရေကူးသည်။ ညအချိန်တွင် အိပ်ယာထဲ လှဲရင်း ကမ်းစပ်ကျောက်ဆောင်၏ ကြေကွဲဖွယ် သီချင်းညည်းသံကို နားထောင်ရင်းသည်။

သူမသည် တင်ပီယိုရွာတွင် ကျင်းပသော 'ဝါဆိုပွဲတော်' ကိုလည်း သွားကြည့်သည်။ ပွဲတော်တွင် တစ်ရွာလုံး ရိုးရာဝတ်စုံကိုသာ ဝတ်ကြရသည်။ ဒိုမီနိုဝတ်ရုံဖြင့် မျက်နှာကို ဖုံးကွယ်ထားကြသော မိန်းကလေးများက သူတို့နှင့်တွဲကရန် ယောက်ျားကလေးများကို ဖိတ်ခေါ်ကြသည်။ သည်အချိန်တွင် လူတိုင်း လွတ်လပ်နေကြသည်။ လုပ်ချင်ရာကို လွတ်လပ်စွာ လုပ်နိုင်ကြသည်။ ထိုညအဖို့ ယောက်ျားကလေးတစ်ယောက်က သူနှင့်အိပ်ရန် ခေါ်လျှင်လည်း မိန်းကလေးက သဘောတူလျှင် အားလုံး အဆင်ပြေနေပြီ။ သို့သော် နောက်နေ့မနက်ကျင်တော့ ထိုမိန်းကလေးကို သွားခေါ်၍ ရချင်မှ ရလိမ့်မည်။ သည်အဖြစ်ကိုမြင်ရတော့ တစ်ရွာလုံး တိရစ္ဆာန်တွေလို နေကြတာပဲဟု၍ အယ်လစ်ဇဘက်က ပြောမိသည်။

ပြီးတော့ အယ်လစ်ဇဘက်သည် ပွန်တာရာမာရားကျွန်းသို့လည်း ကိုယ်တိုင်ကားမောင်းပြီး သွားလည်သည်။ ထိုကျွန်းတွင် တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရင်းသားများက သိုးကလေးတစ်ကောင်လုံး မီးကင် စားသောက်ကြသည်ကိုလည်း စိတ်ဝင်စားစွာ ထိုင်ကြည့်နေသည်။ တိုင်းရင်းသားများက ကျွေးမွေးသော များရည်မုန့်တစ်မျိုးကိုလည်း စားသည်။ ထိုကျွန်းယွက် နာမည်ကျော် ပိုင်အရက်ကိုလည်း သောက်သည်။

အယ်လစ်ဇဘက် အကြိုက်ဆုံးနေရာတစ်ခုကတော့ ပေါ်တိုကာဗိုကျွန်းမှ 'ခြင်္သေ့ထမင်းဆိုင်' ဖြစ်သည်။ ထမင်းဆိုင် အောက်ထပ်တွင် ရှေးရိုးပုံစံ အရက်သောက်ခန်းတစ်ခုနှင့် စားပွဲဆယ်လုံးဆံ့ ထမင်းစားခန်းတစ်ခု ရှိသည်။

အယ်လစ်ဇဘက်က ဝါဆိုပွဲတော်ကို 'ယောက်ျားလေးပွဲတော်' ဟူ၍ နာမည်ပေးထားသည်။ ပွဲတော်ရက်တွင် လူကုံထံသူဌေးသားတွေ အုပ်စုဖွဲ့ပြီး လာကြသောကြောင့် ဖြစ်သည်။ သူတို့သည် ရေကူး ပါတီပွဲများနှင့် မြင်းစီးပါတီပွဲများကို စိတ်လွတ်ကိုယ်လွတ်ကျင်းပပြီး အပျော်ကြူး မြူးတူးကြသည်။ သူတို့က အယ်လစ်ဇဘက်ကိုလည်း ပါတီပွဲသို့ အလုအယက် ဖိတ်ခေါ်ကြသည်။ တကယ်တော့ သူတို့ပွဲမှာ ပျော်ပွဲရွှင်ပွဲမဟုတ်ဘဲ မိတ်လိုက်ပွဲများသာ ဖြစ်သည်ဟု အယ်လစ်ဇဘက်က မှတ်ချက်ချသည်။

"ဒီကောင်လေးတွေက လူတော်ကလေးတွေပါ"

အယ်လစ်ဇဘက်၏ဖခင်ကြီးက သည်လိုပင် အားပေးအားမြှောက် စကားဆိုသည်။

အယ်လစ်ဇဘက်ကတော့ သူ့မဖခင်ကြီး ထင်သလို မထင်။ အားလုံး တုံးတွေဟုသာ ယူဆသည်။ သူတို့ကအရက်ကိုလည်း အရူးအမူး သောက်ကြသည်။ စကားကိုလည်း လေကြီးမိုးကြီး ပြောကြသည်။ ပြီးတော့ သူမကိုလည်း အရူးအမူး လိုက်ကြသည်။ တကယ်တော့ သူတို့က သူမကို သဲကြီးမဲကြီး လိုက်နေကြသည်မှာ အသိဉာဏ်ရှိသော၊ တန်ဖိုးရှိသော မိန်းမတစ်ယောက်ကို လိုချင်၍မဟုတ် ဆိုတာဟုမဟုတ် မဟောင်းမွှားသမဟောမပါဟ်သည်။ ရှိဖေးမျိုးဆက်အမွေခံ မိန်းကလေးတစ်ဦးမို့လို့ သည်လောက်အထိ အလေးထားနေကြခြင်းသာ ဖြစ်သည်။



သူတို့က အယ်လစ်ဇဘက်အား အရေးတယူ ဖိတ်ခေါ်ပြီး အရက်တိုက်ကြသည်။ ထမင်းကျွေးကြသည်။ သူတို့နှင့် လိုက်အိပ်ရန် အတင်းရော အမွှရော စည်းရုံးကြသည်။ တကယ်တော့ သူတို့က အယ်ပ်များမနေခြင်း ဖြစ်သည်။ သူတို့က အယ်လစ်ဇဘက်ကို ယင်ဖိုတောင် မသန်းဖူးသေးသောအပျိုစစ်စစ် နုနုထွတ်ထွတ်ကလေးဟု ထင်နေကြသည်။ သူတို့နှင့် တစ်ညလောက် အိပ်ဖူးသွားလျှင် သူတို့အပေါ် တန်းတန်းစွဲသွားပြီး သူတို့ခိုင်းသလို ဘာမဆိုလုပ်မယ့် မိန်းကလေးဟု ထင်နေကြသည်။

ဒါပေမဲ့ အယ်လစ်ဇဘက်က သူတို့ထင်ထားတဲ့ မိန်းမစားမျိုး မဟုတ်၊ ယောက်ျားကလေးတစ်ယောက်က "လာပါ အချစ်ရယ် ကိုယ့်အခန်း သွားကြစို့" စကားခေါ်လာတိုင်း "နေပါစေ . . . ဖြည်းဖြည်းပေါ့၊ အချိန်တွေ အများကြီး ကျန်သေးတယ်" စသည်ဖြင့် သိမ္မာယဉ်ကျေးစွာ အမြဲတမ်း ရှောင်ထွက်ခဲ့သည်ချည်း ဖြစ်သည်။

ကျောင်းပိတ်ရက်မကုန်မီ ရီးစ်ဝီလျံလည်း ဆာဒင်းနီးယားအိမ်သို့ ရောက်လာသည်။ ရီးစ်ကိုမြင်တွေ့ရတော့ အယ်လစ်ဇဘက်အဖို့ အတော်ပင် စိတ်လှုပ်ရှားသွားမိသည်။ ဝမ်းလည်း အလွန်သာမိသည်။ ရီးစ်သည် ယခင်ကထက် ပို၍ ချောလာသည်ဟု သူမ ထင်သည်။

ရီးစ်ကလည်း သူမကိုတွေ့တော့ ဝမ်းသာနေပုံ ရသည်။

"မင်း ဘာဖြစ်နေတာလဲ"

ရီးစ်က အယ်လစ်ဇဘက်၊ ဘက်ကို ရွှန်းရွှန်းစားစားကြည့်ရင်း မေးသည်။

"ဘာကို ဆိုလိုတာလဲ"

"မင်း သိပ်မကြာခင်က ကိုယ့်ကိုယ်ကိုယ် မှန်ထဲမှာ ကြည့်မိရဲ့လား"

"မကြည့်မိပါဘူး"

ရီးစ်က မစ္စတာဆမ်ရိုဖေး၏မျက်နှာကို လှမ်းကြည့်လိုက်ရင်း "ကောင်လေးတွေအားလုံး နားပင်း၊ ဆွံ့အ မျက်မမြင်တွေ

www.burmeseclassic.com

www.burmeseclassic.com



သာ မဟုတ်ကြရင် အယ်လစ်ဇဘက်ဟာ ကျွန်တော်တို့နဲ့ သိပ်ပြီး ကြာကြာနေလိမ့်မယ်လို့ ကျွန်တော် မထင်ဘူး”

ရီးစ်က ‘ကျွန်တော်တို့’ ဟူ၍ သုံးလိုက်သည်ကို အယ်လစ်ဇဘက်က တော်တော် သဘောကျသွားသည်။ အမှန်ကတော့ ရီးစ်၏ စကားမှာ အယ်လစ်ဇဘက်အား ယောကျ်ားကလေးတွေနှင့် ဆက်ဆံပုံကို အားမရ၍ စောင်းပြောလိုက်သော စကားဖြစ်သည်။ ဘာပဲဖြစ်ဖြစ် သူ့စကားတွင် ရင်းနှီးခင်မင်မှု ပါဝင်နေသောကြောင့် အယ်လစ်ဇဘက် အနေဖြင့် သဘောကျမိခြင်း ဖြစ်သည်။

နောက်ပိုင်းရက်များတွင် အယ်လစ်ဇဘက်မှာ ဆာအင်ဒီးယား စံအိမ်ကြီးတွင် စံပြအိမ်ရှင်မ ဖြစ်နေလေသည်။

သူမသည် ဖခင်ကြီးနှင့် ရီးစ်တို့အနားမှာ တစ်ဖဝါးမခွာဘဲ တတ်နိုင်သမျှ ဝတ်ကြီးဝတ်ငယ် ပြုနေသည်။ သူတို့အတွက် အရက်စားပွဲ ပြင်ပေးသည်။ ထမင်းစားပွဲ ပြင်ပေးသည်။ အလုပ်ကိစ္စအတွက် ဟိုဟိုသည်သည် ခိုင်းလျှင်လည်း ကိုယ်တိုင်ကားမောင်းပြီး သွားလိုက်သေးသည်။

တစ်ခါတလေ သူမ၏ဖခင်ကြီးနှင့် ရီးစ်ဝီလျံတို့နှစ်ယောက်သား အလုပ်ကိစ္စများကို အကြိတ်အနယ် ဆွေးနွေးနေချိန်တွင် အယ်လစ်ဇဘက်က ဘေးမှထိုင်ပြီး စိတ်ပါလက်ပါ နားထောင်နေတတ်သည်။

သူတို့က ကုမ္ပဏီခွဲများ ပူးပေါင်းရေး၊ စက်ရုံသစ် ဖွင့်လှစ်ရေး အရောင်းသွက်သော ကုန်ပစ္စည်းများနှင့် လူမကြိုက်သော ကုန်ပစ္စည်းများအကြောင်းကို ဆွေးနွေးဝေဖန်ကြသည်။ ပြီးတော့ အပြိုင်ကုမ္ပဏီတွေအကြောင်း၊ စီမံကိန်း မဟာဗျူဟာနှင့် တန်ပြန်မဟာဗျူဟာ အကြောင်းတွေကို ဆွေးနွေးကြသည်။ သည်အကြောင်းအရာတွေ အားလုံးမှာ အယ်လစ်ဇဘက်အဖို့တော့ စိတ်ဝင်စားစရာတွေချည်း ဖြစ်နေသည်။

အထူးသဖြင့် ရီးစ်နှင့် သည်လို နီးနီးကပ်ကပ်နေရပြီး သူ့မျက်နှာကို ကြည့်နေရသည်ကပင် သူမအဖို့ ပျော်စရာကြီး ဖြစ်နေသည်။



တစ်နေ့တွင် အပေါ်ဆုံးထပ် ‘မျှော်စင်ဆောင်’၌ ဆမ်ရိုဖေး အလုပ်လုပ်နေတုန်း ရီးစ်က အယ်လစ်ဇဘက်အား အပြင်ထွက်ပြီး နေ့လည်စာ သွားစားကြရန် ဖိတ်ခေါ်သည်။ အယ်လစ်ဇဘက်၏ ဆန္ဒ အရ ‘ခြသေ့်နီ စားသောက်ဆိုင်’ သို့ လာခဲ့ကြသည်။ ရီးစ်က ပစ်မှတ် ထိအောင် မြားပစ်ကစားနည်းကို အခြားလူတွေနှင့် ကစားသည်။ အယ်လစ်ဇဘက်က စိတ်ရှည်လက်ရှည် ကြည့်နေသည်။

ရီးစ်သည် စားသောက်ဆိုင်တွင် လူတိုင်းနှင့် အဆင်ပြေနေသည်၊ စားသောက်ဆိုင်ကိုလည်း ကိုယ့်အိမ်လို သဘောထားပုံရသည်။ တကယ်တော့ သူသည် ဘယ်နေရာမှာမဆို အံဝင်ခွင်ကျ ဖြစ်နေသူ တစ်ယောက် မဟုတ်လား။

နှစ်ယောက်သား အခန်းထောင့်မှာ စားပွဲလေးတစ်ခုတွင် ထိုင်ပြီး စားရင်းသောက်ရင်း စကားပြောကြသည်။ ရီးစ်က အယ်လစ်ဇဘက်တို့ကျောင်းအကြောင်း မေးသည်။

“ကျောင်းက သိပ်မဆိုးပါဘူး၊ ဒါပေမဲ့ ကျွန်မအဖို့တော့ ဗညာမှ သိပ်ရတယ်လို့ မထင်ဘူး”

ရီးစ်က ပြုံးသည်။

“ဒီအဆင့်ထိ လူတိုင်း မရောက်နိုင်ပါဘူး၊ ဒါနဲ့ . . . လာမယ့် လဆိုရင် စာမေးပွဲပြီးတော့မယ် မဟုတ်လား”

“ ဟုတ်တယ်၊ ပြီးတော့မယ်”

“ဟင့်အင်း . . ဘာမှ မစဉ်းစားရသေးဘူး”

“ယောကျ်ားယူဖို့ စိတ်ကူးသလား”

မမျှော်လင့်သော မေးခွန်းမို့ အယ်လစ်ဇဘက်အဖို့ ရင်ထဲတွင် ခံစားလိုက်ရသည်။ ပြီးတော့ အသံထွက်ပြီး ရယ်လိုက်သည်။

“လှို့ဝှက်ချက်လား” ရီးစ်က မေးသည်။

“လှို့ဝှက်ချက်” သူမ ပြန်ဖြေသည်။

တကယ်တော့ အယ်လစ်ဇဘက်က သူ့စိတ်ထဲမှာ ရှိတာတွေ ရီးစ်အား အမှန်အတိုင်း ဖြောင့်ဖွင့်ပြောလိုက်ချင်သည်။ ဒါပေမဲ့ အကြောင်းကို သူမအနေဖြင့် ဘာမှ ရေရေရာရာ သိသေးသည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ လုံးဝ မသိရသေးဆိုလျှင် ပို၍ မှန်ပေလိမ့်မည်။

ရိုးစိတ်က ရုပ်ချောသည်။ စီးပွားရေးတွင် အလွန်တော်သည်။ သူမ၏ဖခင်ကြီးက လက်ရုံးတစ်ဆူ အားထားနေရသူ ဖြစ်သည်။

သူမက သည်လောက်ပဲ သိသည်။ ရိုးစိတ်ကိုယ်ရေးရာဇဝင်နှင့် ပတ်သက်၍ ဘာမှ မသိရသေး။ ရိုးစိတ်သည် ဘယ်လိုလူစားမျိုးဆို သည်ကိုလည်း လုံးဝ မခန့်မှန်းနိုင်သေး။ အမှန်တော့ ရိုးစိတ်သည် အကဲ ခတ်ရ မလွယ်ကူသော လူစားမျိုးဖြစ်သည်။ သူ၏ ပြင်ပအပြုအမူ အပြောအဆိုများကိုကြည့်ပြီး သူ၏ အတွင်းစိတ်ခံစားမှုအမှန်ကို ဆုံး ဖြတ်၍မရနိုင်သော လူစားမျိုးဖြစ်သည်။

ရိုးစိတ်၏မျက်နှာကို စိုက်ကြည့်နေရင်း အယ်လစ်ဇဘက်က သည်အတိုင်းပင် တွေးမိလေသည်။

★ ↔ ★

## အခန်း ( ၁၄ )

အောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနား ပြီးလျှင်ပြီးချင်း အယ်လစ် ဇဘက်သည် အိမ်သို့ ပြန်လာခဲ့သည်။ သူမ၏အသက်မှာ ၁၈ နှစ် တင်းတင်း ပြည့်ခဲ့လေပြီ။

သည်တစ်ကြိမ် သူမ လာခဲ့သော အိမ်မှာ နယူးယောက်မြို့ ငဲဟတ်တန်ရပ်ကွက်၊ ဘိုကမန်ရိပ်သာရှိ ခန်းတွဲအိမ်ကြီး ဖြစ်သည်။

ရိုးစိတ်လည်း ရောက်နေသည်ကို တွေ့ရသည်။ ရောက်နေလိမ့် မည်ဟုလည်း သူမက မျှော်လင့်နေခဲ့သည်။

အယ်လစ်ဇဘက် ရောက်သွားချိန်တွင် သူမဖခင်နှင့် ရိုးစိတ် တို့က စာကြည့်တိုက်ခန်းထဲတွင် စကားပြောနေကြသည်။ သူမက အခန်းထဲ ဝင်သွားတော့ နှစ်ယောက်စလုံး ထိုင်ရာမှထ၍ ကြိုဆိုကြ သည်။

"သမီး . . . အခုပဲ ရောက်လာသလား"

"ဟုတ်ပါတယ် . . . ဖေဖေ"

"အား . . . ဒီလိုဆို ကျောင်းပြီးသွားပြီပေါ့"

"ဟုတ်ပါတယ် . . . ဖေဖေ"

"အေး . . . ကောင်းတယ်၊ ကောင်းတယ်"

ဖခင်ကြီးက သမီးဖြစ်သူကို ပြုံးကြည့်နေသည်။

ရိုးစိတ်က အယ်လစ်ဇဘက်အနားသို့ လျှောက်လာသည်။ သူ့ မျက်နှာက ပြုံးလျက်။ သူသည် အယ်လစ်ဇဘက်အား တွေ့ရသည်ကို အတယ်လည်း ဝမ်းသာနေပုံ ပေါ်သည်။

"လစ်ဇ်က ပိုချောလာသလိုပဲ၊ ဒါနဲ့ . . . ကျောင်းဆင်းပွဲက အော်တော်စည်ရဲ့လား၊ မင်းဖေဖေကလည်း ကျောင်းဆင်းပွဲကို သိပ် တက်ချင်တာပဲ၊ ဒါပေမဲ့ အလုပ်က လုံးဝ ထွက်သွားလို့ မရအောင် ဖြစ်နေတယ်"

ရိုးစိတ်က သူမ၏ဖခင်ကြီးပြောမည့် စကားအားလုံးကို မပြောနေ

www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်သည်။

ဖခင်ကြီးမလာ၍ စိတ်မကောင်းဖြစ်ခဲ့မိခြင်းအတွက် အယ်လစ်ဇဘက်က သူမကိုယ်ကို သူမ ပြန်ပြီး အပြစ်တင်မိသည်။

တကယ်တော့ ဖခင်ကြီးက သူမအား မချစ်၍ မဟုတ်။ သူ့အသက်နှင့်တမျှ ချစ်မြတ်နိုးသော လုပ်ငန်းကြီးအတွက် စိတ်ရောကိုယ်ပါ မြှုပ်နှံလုပ်ကိုင်နေရသောကြောင့်သာ ဖြစ်သည်။ အမှန်က သူ့အတွက် သားတစ်ယောက် ရှိသင့်သည်။ သမီးက သူ့ဘဝ၊ သူ့လောကအတွက် သူစိမ်းပြင်ပြင် ဖြစ်နေသည်။

"ကျွန်မ နှောင့်ယှက်သလို ဖြစ်နေမလား"

အယ်လစ်ဇဘက်က တံခါးဆီသို့ ပြန်လှည့်ရင်း မေးလိုက်သည်။

"ခဏနေပါဦး" ရီးစ်က ပြောသည်။ ပြီးတော့ ဆမ်ရိုဖေးဘက်သို့ လှည့်ရင်း . . . "လစ်ဇ်ရောက်လာတာ အချိန်မီပဲ၊ စနေနေ့ည ဧည့်ခံပွဲမှာ သူ ကောင်းကောင်း ကူညီနိုင်တယ်"

ဆမ်က သမီးဖြစ်သူအား စိုက်ကြည့်နေသည်။ မိခင်ဖြစ်သူနှင့် တစ်ရုပ်တည်း။ ချောတာ လှတာမှာလည်း တူသည်။ ယဉ်ကျေးသိမ်မွေ့တာမှာလည်း တူသည်။ ရိုဖေးနှင့်သားများကုမ္ပဏီအတွက် တကယ်အသုံးဝင်မည့် အမျိုးသမီးတစ်ဦးပါပဲ။

"သမီးမှာ ပွဲထိုင်အဝတ်အစားတွေ ရှိရဲ့လား"

"ကျွန်မ. . ."

အယ်လစ်ဇဘက်က အံ့သြဟန်ဖြင့် စကားတုံ့နေသည်။

"ကိစ္စမရှိပါဘူး၊ သမီး စိတ်ကြိုက် သွားဝယ်ပါ၊ သမီး ဧည့်ခံပွဲ ပေးတတ်ပါ့မလား"

ဆွစ်ဇာလန် မိန်းကလေး အထက်တန်းကျောင်းကို စိတ်ထဲက ကျိတ်ပြီး ကျေးဇူးတင်လိုက်မိသည်။ သူတို့ကျောင်းက သိပ္ပံဝိဇ္ဇာဘာသာရပ်များအပြင် လူမှုဆက်ဆံရေး ကျင့်စဉ်များကိုလည်း ပြည့်ပြည့်စုံစုံ သင်ပေးသည် မဟုတ်လား။

"ရပါတယ် ဖေဖေ၊ သမီး ကောင်းကောင်း ဧည့်ခံတတ်ပါ





တယ်"

"ကောင်းတယ် . . . ကောင်းတယ် . . . ဆော်ဒီအာရေဗျက ဧည့်သည်တွေကို ဖေဖေ ဖိတ်ထားတယ်၊ စုစုပေါင်း . . ." ဆမ်က မေးဖြင့်ပြီး ရီးစ်ဘက် လှည့်လိုက်သည်။

ရီးစ်က အယ်လစ်ဇဘက်အား ပြုံးကြည့်ရင်း. .

"စုစုပေါင်း လူ ၄၀ လောက်ရှိမယ်၊ အပိုအလိုရှိရင်လည်း တစ်ယောက်နှစ်ယောက်ပေါ့"

"အားလုံး ကျွန်မ တာဝန်ထားပါ ဖေဖေ"

အယ်လစ်ဇဘက်က မိမိကိုယ်ကိုယ် ယုံကြည်စိတ်အပြည့်ဖြင့် ပြန်ပြောလိုက်သည်။

★

ဧည့်ခံပွဲနေ့တွင် အယ်လစ်ဇဘက်သည် အလွန်ပျော်နေသည်။ စားသောက်စရာ အားလုံးကို သူမကိုယ်တိုင်ပင် ဦးဆောင်ကာ စီမံခန့်ခွဲရသည်။ ဧည့်သည်များအား ကော့ကတဲဂဏန်းပေါင်း၊ အာလူးကတ်တလိပ်နှင့် အကောင်းဆုံး ဝိုင်အရက်တို့ဖြင့် ဝေဝေဆာဆာ ကျွေးမွေးဧည့်ခံရန် စားပွဲထိုးခေါင်းဆောင်အား သူမက အထူးတလည် ညွှန်ကြားထားသည်။

သို့သော် ဧည့်သည်တွေ စားပွဲတွင် ထိုင်ကြသောအခါမှာတော့ သူမအဖို့ ပျော်ရဖို့နေနေသာသာ ချုံးပွဲချပြီး ငိုရမည့်ကိန်းနှင့်သာ ကြုံရလေသည်။

ကံဆိုးချင်တော့ အာလူးကတ်တလိပ်ထဲတွင် ဝက်သားပါနေသောကြောင့် အာရပ်အမျိုးသား ဧည့်သည်များမှာ ဘယ်ဟင်းခွက်ကိုမှ လက်နှင့်မထိဘဲ ငုတ်တုတ်ကြီးသာ ထိုင်နေကြတော့သည်။ သူတို့က ဟင်းကိုသာမက အရက်ကိုလည်း ကစ်ကျိုက်တစ်ငုံမှ မသောက်ကြတော့။

ဤတွင် အိမ်ရှင်မအဖြစ် လုံးဝတာဝန်ယူ၍ ဧည့်ခံပြုစုရသော



www.burmeseclassic.com

www.burmeseclassic.com



အယ်လစ်ဇဘက်မှာ ရှက်စိတ် အားနာစိတ်များကြောင့် ဘာမှ မကြံတတ်တော့ဘဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေလေသည်။

ဖြတ်ထိုးဉာဏ်ကောင်းသောရိုးစ်က အချိန်မီ ဝင်ကယ်လိုက်သောကြောင့် တော်ပါသေး၏။

အခြေအနေမကောင်းတော့မှန်း အကဲခတ်မိလျှင် ခတ်မိချင်း ရိုးစ်က အလုပ်ခန်းထဲ ဝင်သွားပြီး တယ်လီဖုန်းကောက်ဆက်လိုက်သည်။ မကြာမီတွင် သူပြန်ရောက်လာကာ ဧည့်သည်များအား ရယ်စရာ မောစရာတွေပြောပြီး ဟန်မပျက် ဧည့်ခံနေသည်။ ထိုအချိန်တွင် စားပွဲထိုးများက စားပွဲပေါ်ရှိ ပန်းကန်များကို ကျွမ်းကျင်စွာဖြင့် အမြန်ပြန်သိမ်းကြသည်။

မိနစ်ပိုင်းအတွင်းပင် ဟိုတယ်ထရပ်ကားတစ်စီး ခြံဝင်းထဲဝင်လာပြီး မော်ဝိဠာအတတ်ဖြင့် ဖန်ဆင်းလိုက်သည့်အလား စားပွဲပေါ်တွင် သိုးကလေးကင်၊ ကြက်သားလုံးကြော်၊ ငါးဟင်း၊ ထမင်း၊ ဒိန်၊ အချိုလုံးများနှင့် လတ်ဆတ်သော သစ်သီးမျိုးစုံ ရောက်လာတော့သည်။

စားစရာတွေကို အားလုံးပင် မြိန်မြိန်ရှက်ရှက် စားသုံးကြသည်။ သို့သော် အယ်လစ်ဇဘက်ကတော့ စိတ်ဓာတ်ကျပြီး တစ်လုပ်မှ မျိုမကျ။ သူမ တစ်ချိန်လုံး ရိုးစ်၏မျက်နှာကိုသာ အကဲခတ် စောင့်ကြည့်နေသည်။ သူမ၏အရှက်ကို ကာကွယ်ပေးလိုက်သောကြောင့် အယ်လစ်ဇဘက်က ရိုးစ်အား စိတ်ထဲက ကျိတ်ပြီး အထူးပင် ကျေးဇူးတင်နေမိသည်။

မိုးလင်းခါနီး ဧည့်သည်တွေ ပြန်သွားသောအခါ ဧည့်ခန်းထဲတွင် သူတို့သုံးယောက်သာ ကျန်ခဲ့သည်။

အယ်လစ်ဇဘက်က သက်ပြင်းတစ်ချက်ရှိုက်၍ ဖခင်ကြီးဘက်သို့ လှည့်လိုက်သည်။

“ ညစာစားပွဲကိစ္စအတွက် ကျွန်မ စိတ်မကောင်းပါဘူး၊ ရိုးစ်သာ မကယ်လိုက်ရင်တော့ . . .”

“စိတ်မကောင်း မဖြစ်ပါနဲ့ . . . နောက်တစ်ခါဆိုရင် သမီးဒီထက် ပိုကောင်းအောင် စီစဉ်နိုင်မှာပါ”



သူမဖခင်ကြီး၏ စကားအတိုင်း တကယ်ပင် မှန်ပါသည်။ နောက်ပိုင်းဧည့်ခံပွဲများတွင် အယ်လစ်ဇဘက်မှာ ‘ပါရဂူ’ ဖြစ်နေတော့သည်။ ဧည့်သည်လေးယောက်ပဲဖြစ်ဖြစ်၊ လေးရာပဲဖြစ်ဖြစ် သူမအဖို့ ဘာမှ အခက်အခဲ မရှိတော့။

ဧည့်ခံပွဲလုပ်တော့မည်ဆိုလျှင် သူမ ဧည့်သည်တွေကြိုက်တာနှင့် မကြိုက်တာကို အရင်လေ့လာသည်။ သူတို့ ဘယ်အစားအစာမျိုးကြိုက်သလဲ၊ ဘယ်အရက်မျိုး နှစ်သက်သလဲ၊ ဘယ်လိုပုံစံနှင့် ဧည့်ခံတာကို ကြိုက်သလဲ စသည်ဖြင့် သူမ ဧည့်သည်တစ်ဦးစီအတွက် မှတ်တမ်းအတပ်ပြားတစ်ခုစီ ဖွင့်ထားသည်။

ဧည့်ခံပွဲကျတော့ ဧည့်သည်တွေမှာ သူတို့အကြိုက်ဆုံး ဝိုင်အရက်၊ ဝီစကီအရက်၊ စီးကရက်နှင့် အစားအစာများကို စားသုံးရရှိမှုတော့ဘဲ သူတို့လုပ်ငန်းနှင့် ပါတ်သက်၍လည်း အယ်လစ်ဇဘက်က နှံ့နှံ့စပ်စပ် ပါဝင်ဆွေးနွေးနိုင်သည်ကို တွေ့ရသောအခါ အထူးတလည် တျေနပ်ဝမ်းသာ ဖြစ်ကြရသည်။

ဧည့်ခံပွဲလုပ်တိုင်း ရိုးစ် ပါသည်ချည်းပင်။ အများအားဖြင့် သူက မိန်းမချောကလေးတွေအနားမှာ ရှိနေတတ်သည်။ ဒါကိုမြင်ရတော့ အယ်လစ်ဇဘက်အဖို့ မခံမရပ်နိုင်ဖြစ်အောင် မနာလိုဖြစ်ရသည်။ ထို့ကြောင့်လည်း သူမက ရိုးစ်နှင့်တွဲသောမိန်းကလေး၏ ဆံထုံးပုံမျိုး လိုက်ထုံးသည်။ ထိုမိန်းကလေးဝတ်သော အဆင်မျိုး လိုက်ဝတ်သည်။ ထိုမိန်းကလေး ပြုမူပြောဆိုသလို ပြုမူပြောဆိုသည်။ သို့သော် သူမလုပ်သမျှကို ရိုးစ်က စိတ်ဝင်စားမှု မပြ။ သူက လုံးဝသတိမမူမိဟန်ပင် မတူ။ သည်တော့မှ အယ်လစ်ဇဘက်မှာ စိတ်ဓာတ်ကျသွားပြီး ကိုယ့်ဟန်ကိုယ့်မူအတိုင်းပင် ဝတ်စားနေထိုင်ရန် ဆုံးဖြတ်မိတော့သည်။

သူမအသက် (၂၁)နှစ်မြောက် မွေးနေ့နံနက်တွင် နံနက်စာစားပွဲဝိုင်းသို့ ဆင်းလာတော့ ဖခင်ကြီးက ပြောသည်။

“ဒီနေ့ည ပြဇာတ်လက်မှတ်ဝယ်ထားပါ၊ ပြဇာတ်ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ တွမ်တီဝမ်း (၂၁) ဟိုတယ်မှာ ညစာစားကြမယ်”

ဖေဖေက သူ့သမီးကို သတိရသွားပဲဟု တွေးမိပြီး အယ်လစ်ဇဘက်က ကျိတ်ပြီး ဝမ်းသာသွားမိသည်။

ဖခင်ကြီးက ဆက်ပြောသည်။

“အားလုံး လူပေါင်း ၁၂ယောက် ရှိမယ်၊ တို့ ဘော်လီဗီယားနိုင်ငံနဲ့ လုပ်ငန်းသစ်တွေ လုပ်စရာရှိတယ်”

အယ်လစ်ဇဘက်က သူမမွေးနေ့ကိစ္စ ဘာမှမပြော။ ကျောင်းနေဖက်မိတ်ဆွေများဆီမှ မွေးနေ့သဝဏ်လွှာ သံကြိုးစာတွေ တဖွဲဖွဲ ရောက်လာကြသည်။ ညနေ၆နာရီကျတော့ သူမအတွက် ပန်းစည်းတွေ တမွှေ့တပိုက်ကြီး ရောက်လာသည်။ သူမ၏ဖခင်ထံမှ မွေးနေ့လက်ဆောင်မှန်း သူမ အတတ်သိသည်။ သို့သော် ကတ်ပြားတွင် ရေးသားထားသော စာတန်းအောက်မှ လက်မှတ်မှာ ရီးစ်၏လက်မှတ် ဖြစ်နေသည်။ စာတန်းကတော့ 'ချစ်စရာကောင်းသော အမျိုးသမီး အတွက် ချစ်စရာအကောင်းဆုံး နေ့တစ်နေ့ပါပဲတဲ့။

ထိုနေ့ည ၇ နာရီတွင် သူမ၏ဖခင်ကြီး ပြဇာတ်ရုံသို့ ထွက်သွားသည်။ ခြံထဲမှ မောင်းထွက်သွားသော ကားကိုကြည့်ပြီး အယ်လစ်ဇဘက်က စိတ်ပျက်ကျန်ရစ်သည်။ လူ့ဘဝမှာ ၂၁ နှစ် အရွယ် ဆိုတာ အရေးကြီးသော မှတ်တိုင်တစ်ခု ဖြစ်သည်။ ဒါဖြင့် ၂၁ နှစ် မြောက်မှာ သူမ ဘာလုပ်ရမလဲ။ ဘာမှ လုပ်စရာမရှိ။ ဘယ်သူမှလည်း မရှိ။ သူမ၏ တစ်ဦးတည်းသော ဘဝအဖော်ဖြစ်သူ ဖခင်ကြီးမှာလည်း သူ့လုပ်ငန်း အောင်မြင်ရေးအတွက် ဘော်လီဗီယန်းဧည့်သည်များနှင့် ပြဇာတ်ကြည့်ရန် ထွက်သွားလေပြီ ။

အကယ်၍ သူမသာ သားယောကျ်ားလေးတစ်ယောက် ဖြစ်ခဲ့လျှင် ဖခင်ကြီးက မွေးနေ့ရက်မြတ်မင်္ဂလာမှာ သည်လိုပဲ အမှုမဲ့ အမှတ်မဲ့ ပစ်ထားပါ့မလား။

“ညစာ အဆင်သင့်ဖြစ်နေပါပြီ မမလေး”

စားပွဲထိုးက အနားလာပြီး ပြောသည်။

“မဆာသေးဘူး”





စားပွဲထိုး ပြန်ထွက်သွားသည်။

တကယ်တော့ သူမသည် အထီးကျန်ဖြစ်နေသည်။ ကိုယ့်ဘဝ ကိုယ်တွေးပြီး ဝမ်းနည်းနေသည်။ လွန်ခဲ့သော မွေးနေ့တွေမှာလည်း ဒီအတိုင်းပါပဲ။ အဖေလည်း မရှိ၊အမေလည်း မရှိ။ ဝမ်းနည်းစိတ်ကို တစ်ယောက်တည်း ကျိတ်ဖြေရင်းနဲ့ပဲ အချိန်ဖြုန်းခဲ့ရတာပါပဲ။

၁၀ နာရီထိုးတော့ အယ်လစ်ဇဘက်က ညအိပ်ဝတ်ရုံကြီး ဝတ်ပြီး မှောင်မည်းနေသော ဧည့်ခန်းမှ မီးဖိုရှေ့မှာ တစ်ယောက်တည်း ထိုင်နေသည်။

“မင်္ဂလာမွေးနေ့ပါ . . . လစ်”

ထိုအသံနှင့်အတူ မီးများ လင်းသွားသည်။ ရီးစ်သည် သူမ အနီးသို့ လျှောက်လာသည်။ သူက အပြစ်တင်သံဖြင့် ပြောသည်။

“ကိုယ့်မွေးနေ့မှာ ဒီလိုပဲ နေရသလား၊ မိန်းကလေး တစ်ယောက်အဖို့ (၂၁) နှစ်မြောက်မွေးနေ့ကို ဘယ်နှစ်ခါ ကြုံရမှာမို့လဲ”

“ရှင် . . . ရှင် . . . ဒီည ဖေဖေနဲ့အတူ ရှိနေမယ်လို့ပဲ ကျွန်မ ယူဆထားတာ” သူမက အံ့သြသံဖြင့် ပြောလိုက်သည်။

“ဟုတ်ပါတယ် . . . ဒါပေမဲ့ သူက ဒီည မင်းတစ်ယောက်တည်း ပျင်းနေလိမ့်မယ်၊ သွားလိုက်ပါဆိုတာနဲ့ . . . ၊ ကဲ . . . အဝတ်အစား လဲပါ၊ တို့ ညစာ သွားစားကြရအောင်”

အယ်လစ်ဇဘက်က ခေါင်းကို ခါယမ်းလိုက်သည်။

“ဟင့်အင်း . . . ကျေးဇူးတင်ပါတယ် ရီးစ်၊ ကျွန်မ မဆာလို့ပါ . . . တကယ်ပါ”

“ငါ . . . ငါ တစ်ယောက်တည်း မစားချင်ဘူး၊ မင်းကို အဝတ်လဲချိန် ၅ မိနစ် ပေးမယ်၊ နို့မဟုတ်ရင်တော့ ဒီအတိုင်းပဲ ခေါ်သွားရလိမ့်မယ်”

သည်လိုနှင့် မငြင်းသာတော့ဘဲ လိုက်လာခဲ့ရသည်။ သူတို့နှစ်ယောက် မဟောင်းဖိုင်းပင်းဟွန်းပေါ်က ဟိုတယ်မှာ စားကြသည်။ ဟင်းတွေက ဖွယ်ဖွယ်ရာရာ စုံလင်လှသည်။ ပါရီမြို့က မက်ဇင်ဟိုတယ်မှာ စားခဲ့စဉ်ကထက်ပင် မြိန်သေးသည်ဟု အယ်လစ်ဇဘက်ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



နိုးစ်က သူမကို ဂရုတစိုက် ဆက်ဆံသည်။ ဒါကြောင့်လည်း သူ့ကို မိန်းမတွေ သဘောကျကြတာပဲဟု အယ်လစ်ဇဘက်က တွေးလိုက်မိသည်။ သူ့ရုပ်ရည်ကြောင့် သူ့ကို မိန်းမတွေ စွဲတာ မဟုတ်၊ သူကိုယ်တိုင်က မိန်းမတွေကို အမှန်တကယ် စွဲလမ်းသောကြောင့်သာ ဖြစ်သည်၊ သူက မိန်းမတွေနှင့် နေရတာကို ပျော်သည်။

နိုးစ်၏ အပြုအမူ၊ အပြောအဆိုများကြောင့် အယ်လစ်ဇဘက်သည် သူမကိုယ်သူမ လောကတွင် တကယ်အရေးပါသော ပုဂ္ဂိုလ်တစ်ယောက်လို ယူဆလာသည်။ နိုးစ်ကို ကြည့်ရသည်မှာလည်း တစ်လောကလုံးတွင် သူမနှင့်အတူ နီးနီးကပ်ကပ်နေရသည်ကို အပျော်ဆုံးဟု ခံယူထားသလို ထင်ရသည်။ ဒါကြောင့်လည်း သူဟာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်နေတာပဲဟူ၍ အယ်လစ်ဇဘက်က တွေးမိသည်။ နိုးစ်က စားရင်းသောက်ရင်း ဝေလနယ်တွင် ငယ်စဉ်က သူ့ဘဝ တစ်စွန်းတစ်စကို ပြောပြသည်။

"ငါက အားလုံးကို မြင်ချင်တယ်၊ ကြည့်ချင်တယ်၊ အားလုံးကို လုပ်ချင်တယ်၊ ယူပိုင်းပို ဖြစ်ချင်တယ်၊ ငါ့ကိုယ်ငါ အားမရဘူး၊ ဒါကြောင့် အိမ်က ထွက်ပြေးခဲ့တယ်၊ ငါပြောတာ သဘောပေါက်ရဲ့လား"

မေးစရာပင် မလို၊ အယ်လစ်ဇဘက်က သဘောပေါက်တဲ့အပြင် ဟိုဘက်တောင် လွန်သွားသေးသည်။

"အိမ်က ပြေးလာပြီးတဲ့နောက် ပန်းခြံတွေမှာ အလုပ်သမားဝင်လုပ်တယ်၊ ပင်လယ်ကမ်းခြေမှာလည်း ကျပမ်းအလုပ်တွေ ဝင်လုပ်တယ်၊ တစ်နွေမှာတော့ ရှိစီလီကိုဖြတ်ပြီး ခရီးသည်တွေကို ငှက်ကလေးနဲ့ ပို့ပေးတဲ့အလုပ် လုပ်ခဲ့ရတယ်၊ ပြီးတော့ . . ."

"နေပါဦး ရှိစီလီဆိုတာက ဘာလဲ၊ ငှက်ကလေးကကော"

"ရှိစီလီဆိုတာက မြစ်ရဲ့နာမည်၊ အင်မတန် ရေစီးသန်ပြီး အန္တရာယ်များတဲ့ မြစ်ပေါ့၊ ငှက်ကလေးဆိုတာကတော့ သစ်သားနဲ့ တိရစ္ဆာန်သားရေနဲ့စပ်ပြီး လုပ်ထားတဲ့ ရှေးဟောင်းလှေကလေးတစ်မျိုး၊ ရိုမန်ခေတ်မတိုင်မီက အသုံးပြုခဲ့တဲ့ လှေတစ်မျိုးပေါ့၊ မင်း ဝေလနယ် ရောက်ဖူးသလား"





အယ်လစ်ဇဘက်က ခေါင်းခါပြသည်။

"မင်းရောက်ဖူးရင် သိပ်ပျော်မှာပဲ၊ ကမ္ဘာပေါ်မှာ အလှဆုံးလည်း ရှိတယ်၊ ရှုခင်းသာတဲ့ တောတောင်စိမ့်စမ်းတွေလည်း တစ်ပုံပဲ၊ သဘာဝအလှတွေစုပြုံနေတဲ့ ဒေသတစ်ခုပဲ ဆိုပါတော့"

"ဒါနဲ့တောင်မျာ သူက ထွက်ပြေးလာရသေးတယ်နော်"

နိုးစ်က သူမအား ပြုံးပြရင်း . . .

"ဟုတ်တယ်၊ ငါက ငါ့ကိုယ်ကိုယ်မှ မကျေနပ်နိုင်တာပဲ၊ ငါက ကမ္ဘာကြီးကို ခါးစောင်းတင်ချင်တာကိုး"

★

နောက် သုံးနှစ်ခန့်ကြာသောအခါ အယ်လစ်ဇဘက်မှာ သူ့ဖခင်ကြီးအတွက် မရှိမဖြစ် ပုဂ္ဂိုလ်တစ်ဦးအဆင့်သို့ ရောက်လာခဲ့တော့သည်။ သူမ၏ အဓိကတာဝန်က ဖခင်ကြီးအား ဝတ်ကြီးဝတ်ငယ် ပြုစုခြင်းနှင့် သူ့အလုပ်ကိုသူ ဦးဖူးမတွ အာရုံစိုက်၍ လုပ်နိုင်အောင် အစစအရာရာ ကူညီဆောင်ရွက်ပေးခြင်းတို့ပင် ဖြစ်သည်။ ဖခင်ကြီးကလည်း အလုပ်ကိစ္စနှင့် ပတ်သက်၍သော်လည်းကောင်း၊ ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်၍သော်လည်းကောင်း လုပ်ငန်းအဝဝကို သမီးဖြစ်သူနှင့်သာ လုံးဝလွှဲအပ်ထားတော့သည်။

အလုပ်သမားခန့်ရာ ဖြုတ်ရာတွင်လည်း အယ်လစ်ဇဘက် သဘောပင် ဖြစ်သည်။

နောက်ဆုံး အယ်လစ်ဇဘက်သည် ဖခင်ကြီးအတွက် နားမျက်စိသဖွယ် ဖြစ်လာခဲ့သည်။ လူတစ်ယောက်နှင့် လုပ်ငန်းကိစ္စ ဆွေးနွေးပြီးသောအခါတိုင်း ထိုလူ့အပေါ် အယ်လစ်ဇဘက်၏အမြင်ကို ဖခင်ကြီးက အမြဲတမ်း မေးတတ်သည်။ ထိုသူ၏အပြုအမူ၊ အပြောအဆိုနှင့် သဘောထားကို သုံးသပ်မိုင်းသည်။ အလုပ်ကိစ္စနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ခု ချလိုလျှင်လည်း ဖခင်ကြီးက သမီးဖြစ်သူ၏ အကြံဉာဏ်ကို ယူပြီးမှ ဆောင်ရွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံအကြီးအကဲတွေက သူတို့နိုင်ငံတွင် ရှိဖေးနှင့်သားများကုမ္ပဏီပိုင် စက်ရုံသစ်တစ်ခု တည်ဆောက်ရန် သူမဖခင်ထံ တောင်းပန်လာကြသည်။ အချို့လည်း သူတို့နိုင်ငံရှိ စက်ရုံကို ပိတ်မပစ်ရန် မေတ္တာရပ်ခံကြသည်။

တစ်ခါက ယင်းသို့သော ဆွေးနွေးပွဲတစ်ခု အပြီးတွင် အယ်လစ်ဇဘက်က ပြောလိုက်သည်။

"တကယ့်ကို မယုံကြည်နိုင်စရာပါပဲလား ဖေဖေ၊ တကယ်တော့ ဖေဖေဟာ နိုင်ငံကြီးတစ်နိုင်ငံကို အုပ်ချုပ်နေရသလိုပဲနော်"

ဖခင်ကြီးက သဘောကျ၍ ရယ်သည်။

"ရှိဖေးနှင့်သားများကုမ္ပဏီရဲ့ ဝင်ငွေဟာ ကမ္ဘာ့နိုင်ငံလေးပုံသုံးပုံရဲ့ ဝင်ငွေထက်တောင် ပိုပါသေးတယ် သမီးရဲ့"

သူမဖခင်ကြီး ခရီးထွက်သောအခါ အတူလိုက်ပါရင်း အယ်လစ်ဇဘက်သည် အခြားရှိဖေးမိသားစုဝင်ပုဂ္ဂိုလ်များနှင့် ကျွမ်းဝင်ရင်းနှီးလာခဲ့သည်။ အယ်လစ်ဇဘက်တို့၏ အိမ်များသို့ လာလည်ကြသည်။ အယ်လစ်ဇဘက်ကလည်း ကျောင်းပိတ်ရက်များတွင် သူတို့ဆီသို့ သွားလည်တတ်သည်။

အီတလီနိုင်ငံ ရောမမြို့တွင် နေထိုင်သော မစ္စဆီမိုနက်တာနှင့် သူမ၏ခင်ပွန်း အိုင်ဗိုပလာဇီတို့မှာ ပွင့်လင်း၍ အယ်လစ်ဇဘက်အပေါ် ခင်မင်မှု ရှိကြသည်။ အိုင်ဗိုပလာဇီက အီတလီနိုင်ငံဆိုင်ရာ ရှိဖေးနှင့်သားများကုမ္ပဏီခွဲကို တာဝန်ယူအုပ်ချုပ်နေရသူ ဖြစ်သည်။ သူသည် ဆက်ဆံရေးပြေပြစ်သလို လုပ်ငန်းကျွမ်းကျင်မှုလည်း ရှိသည်။

ပါရီမြို့တွင် ဟယ်လင်ရှိဖေးနှင့် သူမ၏ခင်ပွန်း ချားမာတယ်တို့ ရှိကြသည်။ အယ်လစ်ဇဘက်က ဟယ်လင်ကို ယခုတိုင်နားမလည်သေး။ ဟယ်လင်က သူမအပေါ် ကောင်းရှာသော်လည်း အယ်လစ်ဇဘက်ကတော့ ဟယ်လင့်ကို တစ်မျိုးကြီး မြင်နေသည်။ ချားမာတယ်မှာ ပြင်သစ်ကုမ္ပဏီခွဲ၏အကြီးအကဲ ဖြစ်သည်။ ချားမာတယ်အား သူမ၏ဖခင်က အုပ်ချုပ်ရေးညံ့သည်ဟု ခဏခဏ ပြောသံကြားရသည်။ သို့သော် အယ်လစ်ဇဘက်အနေဖြင့်တော့ ချားမာတယ်ကို အရည်အ





ချင်းရှိသူတစ်ယောက်ဟု သတ်မှတ်ထားသည်။ အမှန်က သူသည် အမိန့်အတိုင်းကောင်းစွာ ဆောင်ရွက်နိုင်သူသာ ဖြစ်သည်။ ကိုယ်ပိုင် ဦးထွင်းဉာဏ်တော့ မရှိ။ သူ့လုပ်ငန်းအောင်မြင်နေသည်မှာ သူ့မိန်းမ ဟယ်လင်က နောက်ပိုင်းမှ ဦးဆောင် ညွှန်ကြားနေသောကြောင့် ဖြစ်သည်ဟု အယ်လစ်ဇဘက်က ယုံကြည်သည်။

ဂျာမနီမှ အန်နာရှိဖေးတို့ လင်မယားအပေါ်တွင် အယ်လစ်ဇဘက်က ခင်မင်မှု ရှိသည်။ ဝေါလသာ ဂက်စနာက သူ့ထက်အသက်ကြီးသော အန်နာကို ငွေမက်သည်ဟု ဝေဖန်ပြောဆိုသံ ကြားဖူးသည်။ သို့သော် အယ်လစ်ဇဘက်ကတော့ ဝေါလသာကို မြင်မြင်ချင်း ခင်မင်သည်။ ဝေါလသာက ရုပ်ရှင်မင်းသားတစ်ယောက်လို ရုပ်ချောသည်။ သို့သော် ဘဝင်မမြင့်၊ ဟန်ဆောင်မှု မရှိ။ သူ့မိန်းမကိုလည်း တကယ် ချစ်မြတ်နိုးသည်။ သူတို့လင်မယားအကြောင်းနှင့်ပတ်သက်၍ ကောင်းသတင်းတွေ ပြန့်နေသော်လည်း အယ်လစ်ဇဘက်ကတော့ ...ခဲ မယုံ။

ဆွေမျိုးတွေအားလုံးအနက် အင်္ဂလန်နိုင်ငံမှ ဆာအလက်နီနိုးလ်တော့ အယ်လစ်ဇဘက်က အခင်မင်ဆုံးဖြစ်သည်။ သူမတွင် ...သနာတစ်ခုခုကြုံတိုင်း အလက်နီနိုးလ်ကိုသာ အမြဲတမ်း ဖွင့်ဟတင်ပြတတ်သည်။ အလက်ကလည်း အယ်လစ်ဇဘက်အား စေတနာ ...ပြည့်ဖြင့် တန်းတူရည်တူ ဆက်ဆံသည်။ လိုအပ်တာရှိလျှင် လှိုက်...လှဲလှဲ ကူညီသည်။ တစ်ခါက ကြုံခဲ့ရသော ဖြစ်ရပ်တစ်ခုကို အယ်လစ်ဇဘက်က မှတ်မိနေသေးသည်။ အယ်လစ်ဇဘက်က သူမ၏ ...ခင်ကြီးအပေါ် စိတ်ကောက်ပြီး အိမ်က ထွက်ပြေးရန် ကြံသည်။ ...နှင့် အထုပ်အပိုးတွေ ပြင်ဆင်ပြီးလျှင်ပြီးချင်း လန်ဒန်ရှိ ဆာအလက်နီနိုးလ်ထံသို့ တယ်လီဖုန်းဖြင့် နောက်ဆုံးနှုတ်ဆက်စကား လှမ်းပြောသည်။

ထိုအချိန်တွင် အလက်မှာ အရေးကြီးသော အလုပ်ကိစ္စဖြင့် ...ည်းအဝေး တက်နေချိန်ဖြစ်သည်။ သို့သော်လည်း သူက အစည်းအဝေးမှ ချက်ချင်းထလာပြီး အယ်လစ်ဇဘက်နှင့် တစ်နာရီခန့်မျှ တယ်



www.burmeseclassic.com

www.burmeseclassic.com



လီဗုန်း စကားပြောသည်။ အလက်နှင့် စကားပြောပြီးသောအခါ အယ်လစ်ဇဘက်က ဖခင်ကြီးအပေါ် ခွင့်လွှတ်ရန် ဆုံးဖြတ်လိုက်တော့သည်။

အလက်၏ဇနီးဖြစ်သူ ပီပီယံနှင့် ဆက်ဆံရေးကျတော့ ပုံစံတစ်မျိုးဖြစ်သည်။

အလက်က စိတ်ကောင်းသည်။ အေးဆေးသည်။ ရက်ရောသည်။ အတွေးအခေါ် ရှိသည်။ ပီပီယံကတော့ တစ်ကိုယ်ကောင်းဆံသည်။ ဦးနှောက်ဉာဏ် မရှိ၊ ကိုယ်ဖုံ့ဖုံ့သာ သိတတ်သော မိန်းမဟု အယ်လစ်ဇဘက်က ယုံကြည်ထားသည်။

အယ်လစ်ဇဘက် သူမဖခင်၏ အတွင်းရေး ပြဿနာများကို တဖြည်းဖြည်းနှင့် ပို၍ပို၍ သိလာခဲ့ရသည်။ သူမ ဖခင်ကြီးသည် လောလောဆယ်တွင် အရေးကြီးသော ပြဿနာတစ်ရပ်ကို ရင်ဆိုင်နေရသည်ဟု သူမက ခန့်မှန်းမိသည်။ သို့သော် ဘာပြဿနာဆိုတာကိုတော့ တိတိကျကျ မသိ။ ဖခင်ကြီးကို မေးကြည့်တော့လည်း "အရေးမကြီးပါဘူး . . . သမီးရယ်၊ အသေးအဖွဲကိစ္စပါ။ နောက်တော့မှ ဖေဖေပြောပြမယ်" ဟူ၍သာ ပေါ့ပေါ့တန်တန် ပြန်ဖြေတတ်သည်။

သူမ၏ ဖခင်ကြီးသည် တစ်နေ့ထက်တစ်နေ့ လျှို့ဝှက်လာခဲ့သည်။ အလုပ်ကိစ္စများကိုလည်း တစ်ယောက်တည်းသာ ကျိတ်လုပ်လာသည်။ ထို့ကြောင့် သူ၏ကိုယ်ရေးကိုယ်တာနှင့် လျှို့ဝှက်အလုပ်ကိစ္စများကို အယ်လစ်ဇဘက်အနေဖြင့် အသိရခက်လာသည်။

တစ်နေ့တော့ သူမ၏ ဖခင်ကြီးက . . .

"သမီးရေ . . . မနက်ဖြန် ဖေဖေ ချာမိုးနီးတောင်တန်း သွားပြီး အနားယူရင်း တောင်သွားတက်မယ် . . ."

အယ်လစ်ဇဘက်က တော်တော်ဝမ်းသာသွားသည်။ ဖခင်ကြီး အလုပ်ပင်ပန်းလှပြီ။ အနားယူခရီးထွက်သင့်ပြီဟု သူမက ယူဆသည်။ ဖခင်ကြီး၏ ကိုယ်အလေးချိန်မှာ ယခုတလော အတော်ကလေး ကျသွားသည်။ အသားအရေလည်း ဖြူရော်ရော် ဖြစ်နေသည်။

"ဒီလိုဆိုရင် တည်းခိုဖို့ နေရာထိုင်ခင်းအတွက် သမီး စီစဉ်ပေးလိုက်မယ်လေ"

"မလိုတော့ဘူး . . . သမီး၊ အားလုံး စီစဉ်ပြီးပြီ"

သို့ဖြင့် နောက်တစ်နေ့နံနက်တွင် ဖခင်ကြီးသည် ချာမိုးနီးတောင်တန်းသို့ ခရီးထွက်သွားခဲ့သည်။ ထိုနေ့သည်ကား၊ သူမ၏ ဖခင်ကြီးအား နောက်ဆုံး မြင်လိုက်ရသောနေ့ပင် ဖြစ်တော့သည်။

★

အယ်လစ်ဇဘက်သည် မှောင်မည်းနေသော အခန်းထဲမှ အိပ်ရာပေါ်တွင် လှဲရင်း အတိတ်ကို ပြန်လည်စဉ်းစားနေသည်။

သူမ၏ ဖခင်ကြီး ကွယ်လွန်သွားပြီ ဆိုသည်ကို မယုံနိုင်အောင် ဖြစ်နေသည်။ သူမ၏စိတ်ထဲတွင် ဖခင်ကြီး အသက်ထင်ရှားရှိနေသေးသည်ဟု ထင်မှတ်နေဆဲပင် ဖြစ်သည်။

ဖခင်ကြီးကား သူမကလွဲလျှင် ရိုဖေးမျိုးဆက်၏ နောက်ဆုံး အမွေခံပုဂ္ဂိုလ် ဖြစ်သည်။

ယခု သူ မရှိတော့။ ကမ္ဘာတစ်ဝန်းလုံးတွင် ပျံ့နှံ့နေသော ကုမ္ပဏီလုပ်ငန်းကြီး၏ အနာဂတ်ခရီးကို ဘယ်လို စခန်းသွားရမည်နည်း။ ကုမ္ပဏီ၏ ထိန်းချုပ်အစုရှယ်ယာကို ချုပ်ကိုင်ထားသူမှာ သူမ၏ ဖခင်ကြီးသာ ဖြစ်သည်မဟုတ်ပါလား။

"ထိန်းချုပ်ရှယ်ယာကို ဖေဖေက တစ်ယောက်ယောက်ကိုများ အမွေစားအမွေခံအဖြစ် ကြိုတင်လွှဲပြောင်းထားခဲ့ပါရဲ့လား"

အယ်လစ်ဇဘက်က အတွေးဖြင့် မေးခွန်းထုတ်နေမိလေသည်။

နောက်တစ်နေ့တွင် သူမ ဖခင်ကြီး၏ရှေ့နေရောက်လာသောအခါ အဖြေထွက်လာခဲ့သည်။

"မင်းဖေဖေရဲ့ သေတမ်းစာကို ငါ ယူလာတယ်၊ အဖေကြီးအကွယ် စိတ်မကောင်း ဖြစ်နေရတဲ့ ဒီလိုအချိန်မျိုးမှာ လာပြီး နှောင့်ယှက်တာကိုတော့ ခွင့်လွှတ်စေချင်တယ်၊ ငါက ဒီကိစ္စကို မင်းအနေနဲ့ ချက်ချင်း သိထားဖို့ လိုအပ်တယ်ထင်လို့ လာခဲ့တာပါ၊ မင်းဟာ မင်း

www.burmeseclassic.com



ဖေဖေရဲ့ တစ်ဦးတည်းသော အမွေစားအမွေခံပဲ၊ ဆိုလိုတဲ့သဘော မင်းဟာ ရှိဖေးနှင့်သားများကုမ္ပဏီရဲ့ ထိန်းချုပ်အစုရှယ်ယာကို ပိုင်တဲ့ ပုဂ္ဂိုလ်ပါပဲ . . .”

ကြားရသော စကားကို အယ်လစ်ဇဘက်က မယုံနိုင်အောင် ဖြစ်သွားမိသည်။ သူမအနေဖြင့် ဒီမျှကြီးကျယ်သော လုပ်ငန်းကြီး စီမံခန့်ခွဲ ကွပ်ကဲအုပ်ချုပ်ရလိမ့်မည်ဟု မမျှော်လင့်ခဲ့သည်မှာလည်း အမှန်ပင်။

“ဘာကြောင့်များ ကျွန်မကိုမှ လွှဲခဲ့ရတာပါလိမ့်”

အယ်လစ်ဇဘက်က မိမိဘာသာ မိမိတွေးသလိုဖြင့် မေးလိုက် သည်။

ရှေ့နေက အတန်ကြာ စဉ်းစားနေပြီးမှ . . .

“ဒီမှာ . . . မစ္စရှိဖေး၊ အမှန်ပြောရရင် မင်းဖေဖေဟာ အသက် မကြီးလှသေးပါဘူး။ အရွယ်ကောင်းပဲ ရှိပါသေးတယ်၊ သူ့ကိုယ်သူ လည်း ဒီအရွယ်နဲ့ မသေသေးဘူးလို့ တွက်ထားမှာပဲလို့ ငါယုံကြည် တယ်၊ ဒါကြောင့် အချိန်တန်တဲ့အခါကျတော့ သင့်တော်ဆုံးပုဂ္ဂိုလ်တစ် ယောက်ယောက်ကို လွှဲအပ်တဲ့သေတမ်းစာတစ်ခု သူ ရေးကောင်းရေး လိမ့်ဦးမယ်၊ ဒါပေမဲ့ လောလောဆယ်မှာတော့ ဒီကိစ္စကို သူ မဆုံး ဖြတ်နိုင်သေးတာ ဖြစ်လိမ့်မယ်”

ရှေ့နေက စကားကို ခေတ္တဖြတ်ပြီးမှ ဆက်ပြောသည်။

“ဒါက . . . စိတ်ကူးနဲ့ မှန်းကြည့်တဲ့သဘောပါ၊ အဖြစ်မှန် ကတော့ ခုအချိန်မှာ အဓိကပုဂ္ဂိုလ်ဟာ မင်းပါပဲ၊ ကုမ္ပဏီတစ်ခုလုံး မင်း လက်ထဲ ရောက်နေပြီ၊ ဒီတော့ ဒီကုမ္ပဏီကြီးကို မင်း ဘာလုပ်ချင်သလဲ ဘယ်သူ့ကို ပေးမလဲ၊ လောလောဆယ် ဒါကိုပဲ ယတိပြတ် ဆုံးဖြတ် ရလိမ့်မယ် . . .”

ရှေ့နေက စကားဖြတ်ပြီး အယ်လစ်ဇဘက်အား အကဲခတ်နေ လာနေသည်။ ပြီးတော့မှ . . .

“ဟိုတုန်းက ရှိဖေးနှင့်သားများကုမ္ပဏီအုပ်ချုပ်ရေးအဖွဲ့မှာ မိန်းမတစ်ယောက်မှ မပါဝင်ခဲ့ဘူး၊ ဒါပေမဲ့ . . . ခုနေအခါမှာတော့





မင်းက မင်းဖေဖေနေရာကို ဝင်ယူလိုက်ပြီးပြီ၊ လာမယ့် သောကြာနေ့ ဆိုရင် ဇူးရစ်မြို့မှာ အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေး ကျင်းပလိမ့်မယ်၊ မင်း တက်နိုင်ပါ့မလား”

အယ်လစ်ဇဘက်က ရုတ်တရက် အဖြေမပေး။ အတွေးဖြင့် ငြိမ် သက်နေသည်။ သူမ၏ စိတ်မျက်စိတွင် အဘိုးကြီးဆင်မြူရယ်၏ရုပ်ပုံ လွှာကို မြင်ယောင်လာသည်။ သူမ တစ်ကိုယ်လုံး အားမာန်တွေအပြည့် ဝင်ရောက်လာသည်။

ထို့ကြောင့် သူမက ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချစွာဖြင့် ပြန် ပြောလိုက်သည်။

“ကျွန်မ တက်နိုင်ပါတယ်”

★ ↔ ★



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၅ )

ဆွစ်ဇာလန်နိုင်ငံ
ဇူးရစ်မြို့
သောကြာနေ့ စက်တင်ဘာလ ၁၁ ရက်
နေ့လည် ၁၂-နာရီ

ရှိဖေးနှင့်သားများကုမ္ပဏီ၏ နိုင်ငံတကာဌာနချုပ်သည် ဇူးရစ်မြို့ အနောက်ဘက်အစွန်ရှိ စပရက်တင်ဘက်နယ်မြေတွင် တည်ရှိသည်။

မှန်သားအတိဖြင့် ၁၂ ထပ်ရှိသော အုပ်ချုပ်ရေးဌာန အဆောက်အအုံကြီးက အခြားအဆောက်အအုံများကို စီးမိုးထားသည်။ သုတေသန အဆောက်အအုံများ၊ ထုတ်လုပ်ရေး စက်ရုံများ၊ ဓာတ်ခွဲခန်း အဆောက်အအုံများ၊ စီမံကိန်း အဆောက်အအုံများနှင့် သယ်ယူပို့ဆောင်ရေး ဌာနများကလည်း ကျယ်ပြန့်စွာ နေရာယူထားကြသည်။

ဤနေရာရှိ အဆောက်အအုံအားလုံးကား ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတွင် ကမ္ဘာနှင့်အဝန်း ကျော်ကြားသော ရှိဖေးနှင့်သားများ ကုမ္ပဏီကြီး၏ ဗဟိုချက်ချာ ပင်မ သွေးကြောကြီးများပင် ဖြစ်သည်။

အုပ်ချုပ်ရေးဌာနဧည့်ခန်းမှာ ခေတ်မီပရိဘောဂများဖြင့် အလွန်ခမ်းနားလှသည်။ တစ်ခန်းလုံးကို အဖြူရောင်နှင့် အစိမ်းရောင်တို့ဖြင့် မြင်ရသူ စိတ်ကြည်နူးစရာ မွမ်းမံခြယ်သထားသည်။

အခန်းတစ်နေရာရှိ မှန်သားစားပွဲတစ်လုံးတွင် ဆက်သွယ်ရေး အရာမတစ်ဦး ထိုင်နေသည်။ သူမထံမှ ခွင့်ပြုချက်ရပြီးနောက် အခြား ဌာနများသို့ သွားလိုသောပုဂ္ဂိုလ်များအား အစောင့်အမှုထမ်းတစ်ဦးက လိုက်ပို့ရသည်။ ဧည့်ခန်းမကြီး၏ လက်ယာဘက်အစွန်တွင် ကုမ္ပဏီ ဥက္ကဋ္ဌတစ်ဦးသာလျှင် အသုံးပြုခွင့်ရှိသော သီးသန့်အမြန် ဓာတ်လှေကား အပါအဝင် ဓာတ်လှေကားပေါင်း များစွာတို့မှာ အစီအရီ ရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့နံနက်တွင်မူ ဥက္ကဋ္ဌ၏ ကိုယ်ပိုင်ခာတ်လှေကားကို အုပ်ချုပ်ရေးအဖွဲ့ဝင်အားလုံးပင် အသုံးပြုနေကြသည်။ သူတို့သည် ဂျက်လေယာဉ်၊ ရဟတ်ယာဉ်၊ မီးရထားနှင့် ဓိမ်ခံကားစသည့် အဆင်ပြေရာယာဉ်များဖြင့် ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည်။

ဝက်သစ်ချသား မှန်ကူကွက်ခံ မျက်နှာကြက်မြင့်မြင့် ခန်းမကျယ်ကြီးထဲသို့ ရောက်ရှိနေကြသော ပုဂ္ဂိုလ်များမှာ အင်္ဂလန်မှ ဆာအလက်နီနိုးလ်၊ ဂျာမနီမှ ဝေါလသာဂက်စနာ၊ အီတလီမှ အိုင်ဗိုပလာဒီ၊ ပြင်သစ်မှ ချားမာတယ်နှင့် ရီးစ်ဝီလျံတို့ ဖြစ်ကြသည်။ ၎င်းတို့အနက် အုပ်ချုပ်ရေးအဖွဲ့ဝင် မဟုတ်သူမှာ ရီးစ်ဝီလျံတစ်ဦးသာ ဖြစ်သည်။

စားပွဲပေါ်တွင် အဖျော်ရည်များ၊ အရက်များနှင့် စားစရာမျိုးစုံချထားသည်။ သို့သော် ယင်းတို့ကို ဘယ်သူမှ စိတ်မဝင်စားကြ။ အားလုံးလိုလိုပင် မျက်နှာထား တင်းမာနေကြသည်။ စိတ်လှုပ်ရှားနေကြသည်။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြသည်။

အသက်လေးဆယ်ကျော်ကျော်ခန့်ရှိ ဆွစ်အမျိုးသမီး ရုံးအကူအတွင်းရေးမှူး ကိတ်အားလင်း အခန်းထဲသို့ ဝင်လာသည်။

“မစ္စရိုဖေးရဲ့ကား ရောက်လာပါပြီရှင်”

သူမက ယင်းသို့လျှင် သတင်းပို့ ကြေညာပြီးနောက် အစည်းအဝေးစားပွဲကြီးပေါ်တွင် လိုအပ်သမျှ ပစ္စည်းတွေ နေသားတကျ အစုံအလင် ရှိမရှိ မျက်လုံးတစ်ချက် ဝင့်၍ အကဲခတ်ကြည့်လိုက်သည်။ မစ္စကိတ်အားလင်းကား မစ္စတာရိုဖေး၏ ရုံးအကူအတွင်းရေးမှူးအဖြစ် ၁၅ နှစ်တိုင်တိုင် အမှုထမ်းလာခဲ့သူ ဖြစ်သည်။ ရုံးလုပ်ငန်းတွင် အထူးကျွမ်းကျင်သောကြောင့် အထက်အောက်လူတိုင်းက လေးစားရသူ ဖြစ်သည်။ ယနေ့တွင် သူမ၏ အလုပ်ရှင်ကြီး မစ္စတာဆမ်ရိုဖေး မရှိတော့သော်လည်း သူမ၏ သိက္ခာနှင့် အဆင့်အတန်းမှာ ယခင်အတိုင်းပင် အပြည့်အဝ ရှိနေဆဲ ဖြစ်သည်။

သူမသည် စည်းဝေးခန်း အပြင်အဆင်ကို ကျေနပ်သွားဟန်ဖြင့် ဦးခေါင်းကို မသိမသာ တစ်ချက်ညိတ်လိုက်ပြီးနောက် အခန်းထဲမှ ပြန်ထွက်သွားလေသည်။





အောက်ထပ်တွင်မူ အုပ်ချုပ်ရေးရုံးကြီးရှေ့၌ အယ်လစ်ဇဘက်ရိုဖေးသည် ဓိမ်ခံကားသစ်ကြီးပေါ်မှ ဆင်းလိုက်သည်။ သူမသည် အဖြူရောင်ဘလောက်စ်နှင့် အနက်ရောင်ဂါဝန်ကို ဝတ်ထားသည်။ မျက်နှာတွင် မိတ်ကပ်ခြယ်သထားခြင်း လုံးဝ မရှိ။ သူမ၏အသက်မှာ ၂၄ နှစ်ရှိပြီ ဖြစ်သော်လည်း ရုပ်သွင်က အသက်ထက် နုပျိုနေသည်။ သို့သော် သူမ၏ ဖြူရော်ရော်မျက်နှာတွင် ဝမ်းနည်းမှုအရိပ်အရောင်များကတော့ ထင်ရှားစွာ ပေါ်လွင်လျက်ရှိသည်။

တိုက်ပေါင်းစုံမှ သတင်းထောက်တွေက သူမကို စောင့်နေကြသည်။ တိုက်ထဲသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ရုပ်မြင်သံကြားဌာန၊ အသံလွှင့်ဌာနနှင့် သတင်းစာတိုက်များမှ ဓာတ်ပုံဆရာများ၊ ဓာတ်ပုံသတင်းထောက်နှင့် သတင်းထောက်များက ကင်မရာတွေ၊ မိုက်ကရိုဖုန်းတွေဖြင့် သူမကို ဝိုင်းထားကြသည်။

“ကျွန်တော်က ‘လာယူရှော့ပ်’ သတင်းစာတိုက်ကပါ . . . မစ္စရိုဖေး ကျွန်တော်တို့ကို အချက်တစ်ချက်လောက် ပြောပြနိုင်ပါသလား။ အခု ဒီကုမ္ပဏီကြီးကို ဘယ်သူက အုပ်ချုပ်သွားမှာပါလဲ”

“ဒီဘက်ကို နည်းနည်း လှည့်လိုက်ပါ . . . မစ္စရိုဖေး၊ ကျွန်တော်တို့ သတင်းစာပရိသတ်တွေက ခင်ဗျားရဲ့အပြုံးကို မြင်ချင်လို့ပါ”

“ကျွန်တော်က အေပီသတင်းဌာနကပါ၊ ခင်ဗျား ဖခင်ကြီးရဲ့ သေတမ်းစာကို သိပါရစေ”

“ကျွန်တော်က နယူးယောက် ‘ဒေးလီးနယူးစ်’ သတင်းစာကပါ၊ ခင်ဗျားဖခင်ကြီးက တောင်တက်ဝါသနာတစ်ယောက် မဟုတ်လား၊ ဘယ်လိုဖြစ်တ[illegible]ဆိုတာ သိပါရစေ”

“ကျွန်တော်က ‘ဝေါစထရိဂျာနယ်’ ကပါ၊ ကုမ္ပဏီရဲ့ ဘဏ္ဍာရေးအခြေအနေ ဘယ်လိုရှိပါသလဲ”

“လန်ဒန် ‘တိုင်း’ ကပါ၊ ရိုဖေး ကုမ္ပဏီအကြောင်း ဆောင်းပါးတစ်ပုဒ် ရေးမလို့ပါ”

အယ်လစ်ဇဘက်သည် သတင်းစာသမားများက ဝိတ်ဘုပ်ဝိုင်းအုံပြီး တစ်ယောက်တစ်ပေါက် မေးမြန်းနေသည့်ကြားမှ လုံခြုံရေးအစောင့်



www.burmeseclassic.com

သုံးယောက်၏ အခြံအရံဖြင့် ရုံးခန်းသို့ ခက်ခက်ခဲခဲ လာခဲ့ရသည်။

"နောက်တစ်ပုံလောက် ရိုက်ပါရစေဦး . . . မစ္စရှိဖေး"

အယ်လစ်ဇဘက်သည် ဓာတ်လှေကားသို့ ရောက်လာသည်။ ဓာတ်လှေကားတံခါး ပိတ်သွားသည်။ သူမက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

မကြာမီတွင် အယ်လစ်ဇဘက်သည် အုပ်ချုပ်ရေးအဖွဲ့ စည်းဝေးခန်းထဲသို့ ဝင်လာခဲ့သည်။ ဆာအလက်နီခိုးလ်က မထမ်းဆုံး ထ၍ နှုတ်ဆက်သည်။ သူက အယ်လစ်ဇဘက်ကို ပွေ့ဖက်လိုက်ရင်း . . .

"စိတ်မကောင်းပါဘူး . . . အယ်လစ်ဇဘက်၊ တို့အားလုံးပဲ မယုံကြည်နိုင်အောင် ခံစားကြရတယ်၊ ဗီဗီယံနဲ့ ငါတို့ တယ်လီဖုန်းဆက်မလို့ ကြံသေးတယ်၊ ဒါပေမဲ့ . . ."

"ကျွန်မ သဘောပေါက်ပါတယ်၊ ကျေးဇူးတင်ပါတယ် . . . အလက်၊ ပေးလိုက်တဲ့ စာအတွက်လည်း ကျေးဇူးတင်ပါတယ်"

ထို့နောက် အိုင်ဗိုပလာဇီ ထလာသည်။ သူမ၏ ပါးနှစ်ဖက်ကို မွှေးပြီး နှုတ်ဆက်သည်။

"ဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူးကွယ်၊ မင်း နေကောင်းရဲ့လား"

"ဟုတ်ကဲ့ . . . ကောင်းပါတယ်၊ ကျေးဇူးပဲ . . . အိုင်ဗို" သူမက တစ်ဘက်သို့ လှည့်လိုက်ပြီး . . .

"ဟဲလို . . . ချား"

"အယ်လစ်ဇဘက် . . . ဟယ်လင်နဲ့ ငါတို့ အထူးပဲ စိတ်မကောင်း ဖြစ်ကြရတယ်ကွယ်"

"ကျေးဇူးတင်ပါကွယ်"

ထို့နောက် ဝေါလသာဂတ်စနာက အယ်လစ်ဇဘက်ဆီသို့ လျှောက်လာသည်။

"မင်းဖေဖေကြီးအတွက် အန်နာရော ငါပါ အထူးဝမ်းနည်းကြရပါတယ် . . . လစ်ဇ်"

အယ်လစ်ဇဘက်က ခေါင်းကို ညိတ်ရင်း . . .



"ကျေးဇူးတင်ပါတယ် . . . ဝေါလသာ"

တကယ်တော့ အယ်လစ်ဇဘက်က သည်နေရာတွင် မနေချင်တော့ပါ။ အရာရာတိုင်းက သူမ၏ဖခင်ကြီးကိုသာ သတိရအောင် လှုံ့ဆော်နေကြသည် မဟုတ်ပါလား။ သူမတစ်ယောက်တည်းသာ နေချင်သည်။ သည်နေရာက ထွက်ပြေးချင်လှပြီ။

ရီးစ်ဝီလျံက တစ်ထောင့်တွင် ရပ်ရင်း အယ်လစ်ဇဘက်အား ကြည့်နေသည်။ အတွေး နက်နေသည်။ ဒီလူတွေ ဒီအတိုင်း ဆက်ပြောနေကြရင် ဒီသူငယ်မ ဒုက္ခရောက်တော့မယ်။

သို့ဖြင့် သူက ရှေ့သို့လျှောက်လာပြီး လက်ကို အပေါ်မြှောက်ရင်း . . .

" ဟဲလို . . . လစ်ဇ်"

" ဟဲလို . . . ရီးစ်"

ရီးစ်သည် မစ္စတာဆမ်ရိုဖေး ကွယ်လွန်သွားကြောင်း သတင်းကို အယ်လစ်ဇဘက်ထံသို့ အိမ်တိုင်ရာရောက် လာပြောခဲ့သည်။ ထိုအကြိမ်သည် သူ့အား နောက်ဆုံးဆုံခဲ့ရသော အကြိမ်ဖြစ်သည်။ သူမက နှစ်ပေါင်းများစွာ ကြာခဲ့ပြီဟု ထင်မိသည်။ စက္ကန့်ပိုင်းမျှသာ ရှိသေးသည်ဟုလည်း ထင်နေသည်။ တကယ်တော့ ရက်သတ္တပတ်ပင် ကြာခဲ့ခြင်း ဖြစ်သည်။

အယ်လစ်ဇဘက်အနေဖြင့် အခြေအနေအရ ကြံ့ခိုင်မပျက်အောင် ထိန်းသိမ်းထားနိုင်ဖို့လိုအပ်ကြောင်း ရီးစ်က သဘောပေါက်သည်။ ထို့ကြောင့် သူက အချိန်ဆွဲမနေတော့ဘဲ . . .

"ကဲ . . . လူလည်း စုံပြီပဲ၊ လုပ်ငန်း စရအောင်၊ သိပ်မကြာဘူး"

အယ်လစ်ဇဘက်က ရီးစ်အားလှမ်းကြည့်ပြီး အပြုံးဖြင့် ကျေးဇူးတင်လိုက်သည်။

ပုဂ္ဂိုလ်အသီးသီးက ရိတ်တဂံပုံစံ ဝက်သစ်ချသားစားပွဲကြီးပေါ်တွင် နေရာယူကြသည်။ ရီးစ်က အယ်လစ်ဇဘက်အား စားပွဲထိပ် ဦးဆောင်ခေါ်ယူလာပြီး ကုလားထိုင်ကို ရွှေ့ပေးလိုက်သည်။

www.burmeseclassic.com



"ဒါ . . . ဖေဖေ့ကုလားထိုင်ပဲ" ဟု အယ်လစ်ဇဘက်က တွေးလိုက်မိသည်။ 'ဖေဖေဟာ ဒီကုလားထိုင်ပေါ်က ထိုင်ပြီး စည်းဝေးပွဲတွေကို ဦးဆောင်ကျင်းပခဲ့တာ . . .'

ချားမာဘယ်က စတင်ပြောသည်။

"ဒါနဲ့ . . . ဒီအစည်းအဝေးမှာ သဘာပတိ . . ." ခေတ္တစကားရပ်သွားပြီး ဆာအလက်ဘက်သို့ လှည့်ရင်း . . .။

'ခင်ဗျား ဘာဖြစ်လို့ မလုပ်တာလဲ"

ဆာအလက်က ပရိတ်သတ်အားလုံး၏မျက်နှာကို ဝေ့ကြည့်လိုက်သည်။ ခေါင်းချင်းရိုက် တီးတိုးပြောသံများ ထွက်လာသည်။

"ကောင်းပါတယ်"

အားလုံးကပင် သဘောတူကြသည်။

ဤတွင် ဆာအလက်က သူ့ရှေ့စားပွဲပေါ်မှ လူခေါ်ခလုတ်ကို နှိပ်လိုက်သည်။ မှတ်စုစာအုပ်ကိုင်ပြီး ရုံးအဖွဲ့အတွင်းရေးမှူး ကိတ် အားလင်း ဝင်လာသည်။ သူမက ကုလားထိုင်လွတ်တွင် ဝင်ထိုင်ပြီး မှတ်စုစာအုပ်ကို ထုတ်ကာ အသင့်ပြင်ဆင်ထားသည်။

ဆာအလက်က ဆက်ပြောသည်။

"ဒီနေ့စည်းဝေးပွဲမှာ အခြေအနေအရ အစဉ်အလာ လုပ်ရိုးလုပ်ထုံးတွေကို ယာယီအားဖြင့် ချွင်းချန်ထားရင် ကောင်းပါလိမ့်မယ်၊ အခုအချိန်မှာ ကျွန်တော့်တို့အားလုံး ကြီးမားတဲ့ ဆုံးရှုံးမှုကြီးနဲ့ ရင်ဆိုင်နေကြရပါတယ်၊ ဒါပေမဲ့ . . . ရှိဖေးနှင့်သားများကုမ္ပဏီအတွက် ကနေ့ အမိကလိုအပ်ချက်ကတော့ ဂုဏ်သိက္ခာ အပြည့်အဝရှိကြောင်း လူထုရှေ့မှာ ပြဖို့ပါပဲ"

ဤတွင် ချားမားတယ်က ဖြတ်၍ . . .

"မကြာခင်ကပဲ ကျုပ်တို့ကုမ္ပဏီကို သတင်းစာတွေက အပုပ်ချခဲ့ကြပြီးပြီ"

အယ်လစ်ဇဘက်က သူ့ကို လှမ်းကြည့်ပြီး . . .

"ဘာဖြစ်လို့လဲ . . ." ဟု မေးလိုက်သည်။

ရိုးစ်က ဝင်ရှင်းသည်။





"ကုမ္ပဏီဟာ လောလောဆယ်မှာ မကြုံစဖူးလောက်အောင် ငွေကြေးအခက်အခဲနဲ့ ရင်ဆိုင်နေရတယ် . . . လစ်ဇ်၊ ကုမ္ပဏီကို တရားစွဲခံထားရလို့ အစိုးရကလည်း စစ်လားဆေးလား လုပ်နေတယ်၊ ဘဏ်တိုက်တွေကလည်း ချေးငွေတွေကို အတင်းပြန်တောင်းနေကြတယ်၊ ဆိုလိုတာကတော့ ဒီအချက်တွေဟာ ကျွန်တော်တို့ကုမ္ပဏီအတွက် ကောင်းတဲ့လက္ခဏာတွေ မဟုတ်ဘူး၊ လူထုက ကျွန်တော်တို့ကုမ္ပဏီကို ယုံကြည်တယ်၊ ယုံကြည်တဲ့အတွက် ကျွန်တော်တို့ ဆေးဝါးတွေကို ဝယ်ယူသုံးစွဲကြတယ်၊ ကျွန်တော်တို့မှာ ယုံကြည်မှု မရှိတော့တဲ့အခါ ဝယ်သူလည်း ရှိတော့မှာ မဟုတ်ဘူး"

အိုင်ဗိုပလာဇီက ပြောသည်။

"ကျွန်တော်တို့မှာ ရှင်းမရနိုင်တဲ့ ပြဿနာမျိုး မရှိပါဘူး၊ အရေးကြီးတာကတော့ ကုမ္ပဏီကို အမြန်ဆုံး ပြန်လည်ဖွဲ့စည်းဖို့ပါပဲ"

"ဘယ်လို ဖွဲ့မလဲ" အယ်လစ်ဇဘက်က မေးလိုက်သည်။

"အစုရှယ်ယာတွေကို လူထုကို ချရောင်းလိုက်ရင် ဖြစ်တာပေါ့" ဟု ဝေါလသာက ဝင်ပြောသည်။

ဤတွင် ချားမာတယ်က . . .

"အဲဒီလိုလုပ်ရင် ဘဏ်ချေးငွေတွေကို ကျွန်တော်တို့ ကိုယ့်ဘာကိုယ် တာဝန်ယူပြီး ကုမ္ပဏီအတွက် အရင်းအနှီး လုံလုံလောက်လောက် ချန်ထားနိုင်မယ်"

အယ်လစ်ဇဘက်က ဆာအလက်ကို ကြည့်ရင်း . . .

"ဒီအဆိုကို အလက် သဘောတူသလား"

"အားလုံး သဘောတူကြတယ်လို့ ထင်တယ် . . . လစ်ဇ်"

အယ်လစ်ဇဘက်က ကိုယ်ကို ကုလားထိုင်နောက်သို့ ပစ်မှီ[illegible]က်သည်။ သူမ စဉ်းစားနေသည်။

ရိုးစ်က သူ့ရှေ့မှ စာရွက်စာတမ်းများကို ကောက်ကိုင်လိုက်[illegible] အယ်လစ်ဇဘက်အနီးသို့ လာခဲ့သည်။

"ဒီမှာ လိုအပ်တာတွေအားလုံး ပြင်ဆင်ထားပြီးပြီ၊ လစ်ဇ်က [illegible]က်မှတ်ထိုးရုံပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



အယ်လစ်ဇဘက်က သူမရှေ့ရှိ စာရွက်များကို စိုက်ကြည့်နေသည်။ ပြီးတော့ . . .

"ကျွန်မ လက်မှတ်ထိုးရင် ဘာဖြစ်လာမလဲ"

ချားမာတယ်က ပြောသည်။

"ကျွန်တော်တို့ကုမ္ပဏီကို ဝယ်ချင်တဲ့သူတွေ အများကြီးရှိပါတယ်၊ သူတို့က ကျွန်တော်တို့တောင်းတဲ့ဈေးနဲ့ အစုရှယ်ယာတွေကို ဝယ်ကြမှာပါ။ အဲဒီလို အစုရှယ်ယာ ဖွင့်ပေးလိုက်ရင် အသင်းအဖွဲ့တွေ ခြေရာ ပုဂ္ဂလိကကုမ္ပဏီတွေပါ အများကြီး ပေါ်လာနိုင်ပါတယ်"

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင် အုပ်ချုပ်ရေးအဖွဲ့မှာ သူတို့လူတွေကို ထည့်ကြတော့မှာပေါ့"

"ဒါက ထုံးစံပဲ"

"အဲဒီတော့ ရိုဖေးနှင့်သားများကုမ္ပဏီကို သူတို့ ကြိုးကိုင်တော့မှာပေါ့"

"ကျွန်တော်တို့လည်း ရှိနေကြဦးမှာပေါ့" အိုင်ဗိုပလာဇီက ဝင်ပြောသည်။

အယ်လစ်ဇဘက်က ချားမာတယ်ဘက် လှည့်ရင်း ထပ်မေးလိုက်သည်။

"ရှယ်ယာပွဲစားတွေ အုပ်စုဖွဲ့ပြီး အကြံထုတ်နေတယ်လို့ စောစောက ပြောခဲ့တယ်နော်"

"ဟုတ်ပါတယ်"

"ဒီတော့ ခု ဘာကြောင့် သူတို့လုပ်ငန်း မစသေးတာလဲ"

"ဒါတော့ ကျုပ် မသိဘူး"

"ဒီကုမ္ပဏီကို မိသားစုလက်ထဲက လွှတ်ပြီး အပြင်လူတွေ လက်ထဲ ထည့်ပေးဖို့ကိစ္စကို အားလုံး သဘောတူတယ်ဆိုရင် ဟိုတုန်းကတည်းက ဘာကြောင့် မလုပ်ခဲ့ကြတာလဲ"

ခေတ္တ ငြိမ်သက်သွားသည်။ အတန်ကြာတော့မှ အိုင်ဗို ပလာဇီက . . .





"အများသဘောတူဖို့ လိုအပ်ပါတယ် . . . လစ်ဇ်၊ အုပ်ချုပ်ရေး အဖွဲ့ဝင်တိုင်း သဘောတူရပါမယ်"

"သဘောမတူတဲ့လူ ဘယ်သူ ရှိမလဲ"

ဘယ်သူမှ မဖြေ။ တစ်ခန်းလုံး တိတ်ဆိတ်နေသည်။

နောက်ဆုံးမှ ရီးစ်က ပြောလိုက်သည်။

"ဆမ်ရိုဖေး"

"ဆမ်မှာ သူ့ကိုယ်ပိုင်စိတ်ကူး ရှိခဲ့ပါတယ်၊ သူက အင်မတန် ခေါင်းမာတဲ့ လူပဲ" ဟု ဝေါ်လသာက ပြောသည်။

အင်း . . . ဒါ အဘိုးကြီးဆင်မြူရယ်နှင့် တူလို့ပေါ့ဟု အယ်လစ်ဇဘက်က တွေးလိုက်မိသည်။ ကိုယ့်ကြက်ခြံထဲကို မိတ်ဆွေ ယောင်ဆောင်ထားတဲ့ မြေခွေး ဘယ်တော့မှ ဝင်ခွင့်မပြုဘူး။ တစ်နေ့ သူက ခြံဖောက်ပြီး ကြက်တွေကို ဝင်စားမှာ။ ဖေဖေဟာ အစုရှယ်ယာ တွေကို မရောင်းချင်ဘူး။ အကြောင်းရှိလို့ ဖြစ်မှာပေါ့။

"တို့ကို ယုံကြည်စမ်းပါ . . . လစ်ဇ်၊ ဒီလုပ်ငန်းကြီးတစ်ခုလုံး ကို တို့ပဲ ကြည့်လုပ်လိုက်ပါ့မယ်၊ မင်းက ဒီကိစ္စတွေ ဘာမှ နားလည်တာ မဟုတ်ဘူး" ဟု အိုင်ဗိုပလာဇီက ဆိုသည်။

အယ်လစ်ဇဘက်က တည်ငြိမ်စွာဖြင့် ပြန်ပြောလိုက်သည်။

"ကျွန်မ နားလည်အောင် လုပ်ကြည့်ချင်တယ်"

"ဒီကိစ္စအတွက် မင်း ဘာကြောင့် ဒုက္ခခံချင်နေရတာလဲ၊ မင်းပိုင်တဲ့ အစုရှယ်ယာတွေ ရောင်းလိုက်ရင် ငွေတွေ သုံးမကုန်အောင် ရမှာပဲ၊ အဲဒီအခါမှာ မင်းသွားချင်တဲ့နေရာ သွားပြီး လုပ်ချင်တာကို လုပ်နိုင်တာပေါ့"

ဝေါ်လသာ၏စကားသည် ယုတ္တိရှိနေသည်။ ဇာတ်ရှုပ်ကြီးထဲ သူမ ဘာဖြစ်လို့ ပါဝင်ပါတ်သက်နေရမှာလဲ။ သူမရှေ့ရောက်နေသော စာရွက်တွေကို လက်မှတ်ထိုးပြီး ထွက်သွားရုံပဲ မဟုတ်လား။

ချားမာတယ်က စိတ်မရှည်သံဖြင့် . . .

"အယ်လစ်ဇဘက် . . . တို့ အချိန်ဖြုန်းသလို ဖြစ်နေပြီ၊ မင်း အနေနဲ့ ရွေးစရာလမ်း မရှိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အယ်လစ်ဇဘက်ကတော့ ရွေးစရာနည်းလမ်းရှိသည်ဟု ယုံကြည်သည်။ သူ့ဖခင်ကြီးမှာလည်း ရွေးစရာနည်းလမ်းတွေ အမြဲတမ်းရှိခဲ့သည် မဟုတ်လား။ သူမမှာလည်း ရွေးစရာနှစ်လမ်း ရှိပါသည်။ ပထမလမ်းက စာရွက်တွေပေါ်မှာ လက်မှတ်ထိုးပြီး ကုမ္ပဏီကို သူတို့လက်ထဲ ဝကွက်အပ်လိုက်ရမည့် နည်းလမ်း . . . ။ ဒုတိယနည်းလမ်းကတော့ သူတို့တစ်တွေက အစုရှယ်ယာတွေကို ဘာကြောင့် ဒီလောက်ကောင် အလောတကြီး ရောင်းချင်နေရသလဲဆိုတာကို သိအောင် စောင့်ကြည့်ဖို့ နည်းလမ်း။

သူတို့အားလုံး တစ်ကျိတ်တည်း တစ်ကြံတည်း ညှိထားသလို သူမကို အတင်းတိုက်တွန်းနေကြပြီ။ သူမသည် အတွန်းခံနေရပြီ။ အခန်းထဲရှိ လူတိုင်းလူတိုင်းက သူမအား စာရွက်တွေပေါ်တွင် လက်မှတ်ထိုးစေချင်နေကြပြီ။

သူမက ရီးစ်၏မျက်နှာကို တစ်ချက်ငဲ့စောင်းကြည့်လိုက်သည်။ သူ့အမူအရာက ဘာမှ မထူးခြား၊ ခပ်တည်တည်ပင်။

ကိတ်အားလင်း၏မျက်နှာကို ကြည့်လိုက်ပြန်သည်။ သူသည် ဖခင်ကြီး၏ယုံကြည်စိတ်ချရသော အတွင်းရေးမှူးအဖြစ် အကြာကြီး လုပ်လာခဲ့သူဖြစ်သည်။ အယ်လစ်ဇဘက်က ကိတ်အားလင်းအနေဖြင့် ပြောလိုတာရှိရင် ပြောစေချင်သည်။

အားလုံးက အယ်လစ်ဇဘက်၏မျက်နှာကိုသာ စိုက်ကြည့်နေကြသည်။ အယ်လစ်ဇဘက်က တည်ငြိမ်သောအသံဖြင့် သူမ၏ဆန္ဒကို ကြေငြာလိုက်သည်။

"ကျွန်မ လက်မှတ်မထိုးသေးဘူး၊ ခု မထိုးသေးဘူး"

တစ်ခန်းလုံး အတန်ကြာမျှ တိတ်ဆိတ်သွားသည်။

"ငါတော့ နားမလည်နိုင်အောင်ကို ဖြစ်သွားတယ် . . . အယ်လစ်ဇဘက်"

သူ့မျက်နှာက ဖြူရော်နေသည်။

"တကယ်တော့ မင်း လက်မှတ်ထိုးမှ ဖြစ်မယ်၊ ထိုးမှ ဖြစ်မယ် ထိုးကို ထိုးရမယ်၊ အားလုံး စီစဉ်ပြီးပြီ"



ချားမာတယ်က စိတ်ဆိုးသံဖြင့် ခင်ပြောသည်။

"ဝေါလသာ ပြောတာ မှန်တယ်၊ မင်း လက်မှတ် ထိုးရမယ်"

တစ်ယောက်တစ်ပေါက်ဖြင့် အယ်လစ်ဇဘက်ကို ဝေဖန်ထိုးနှက်ရင်း အခန်းထဲတွင် ရှုစိရှုစိ ဖြစ်နေကြသည်။

"မင်း ဘာကြောင့် လက်မှတ်မထိုးတာလဲ"

အိုင်ဗိုပလာဇီက အမိန့်ပေးသံဖြင့် မေးလိုက်သည်။

"ကျွန်မဖေဖေက မထိုးစေချင်လို့ ကျွန်မ မထိုးတာပေါ့၊ အခုလို အားလုံးက ကျွန်မကို အတင်းထိုးခိုင်းနေကြလို့ ကျွန်မ မထိုးတာပေါ့" ဟူ၍ အယ်လစ်ဇဘက်က ပြောင်ပြောင်ပင် ပြောချလိုက်ချင်သည်။ သို့သော် ယင်းသို့ပြောလိုက်လျှင် သူမ မှားသွားမည်ဟု ယုံကြည်သည်။ သူမက အခြေအနေမှန်ကို တိတိကျကျ သိရအောင် စောင့်ကြည့်ချင်သေးသည်။ ထို့ကြောင့် သူမက . . .

"ကျွန်မ နည်းနည်း အချိန်ယူပြီး စဉ်းစားစေချင်လို့ပါ" ဟူ၍သာ မြွေမသေတုတ်မကျိုးနည်းကို သုံးလိုက်ရသည်။

အားလုံးဝင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"အချိန်က ဘယ်လောက်ကြာမလဲ"

အိုင်ဗိုပလာဇီက မေးလိုက်သည်"

"ဘယ်ပြောနိုင်မလဲ . . . ဒီမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ရှင်းရှင်းလင်းလင်းသိအောင် ကျွန်မ စဉ်းစားရဦးမှာ"

ဤတွင် ဖဲဝါလသာက ပေါက်ကွဲတော့သည်။

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ တို့ မစောင့်နိုင်ဘူး"

"အယ်လစ်ဇဘက်ပြောတာ မှန်တယ်လို့ ကျွန်တော် ထင်ပါတယ်"

ရီးစ်၏ တည်ငြိမ်သော အသံ။

အားလုံးက ရီးစ်ကို ကြည့်လိုက်သည်။ ရီးစ်က ခပ်တည်တည်ဖြင့် ဆက်ပြောသည်။

"သူ့အနေနှင့် အချိန်ယူသင့်တယ်၊ ဒါမှ ကျွန်တော်တို့ကုမ္ပဏီ

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်နေရတဲ့ ပြဿနာတစ်ရပ်လုံးကို ရှင်းရှင်းလင်းလင်း သိနိုင်မယ်၊ အဲဒီတော့မှ ဘာလုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်ချက် ချနိုင်မယ်"

အားလုံး ငြိမ်နေကြသည်။ အားလုံး တွေနေကြသည်။

"ဒါကို ကျွန်တော် သဘောတူတယ်"

ဆာအလက်က ထောက်ခံလိုက်သည်။

ဤတွင် ချားမာတယ်က အသံမာမာဖြင့် . . .

"လူကြီးမင်းများခင်ဗျား . . . အဖြစ်မှန်ကတော့ ကျွန်တော်တို့ သဘောတူတာ၊ မတူတာ အဓိကမဟုတ်တော့ပါဘူး၊ အခုအချိန်တစပြီး ကုမ္ပဏီဟာ အယ်လစ်ဇဘက်လက်ထဲ ရောက်သွားပါပြီ"

"လစ်ဇ် . . . အမြန်ဆုံး ဆုံးဖြတ်ချက်ချစေချင်ပါတယ်" ဟု အိုင်ဗိုပလာဇီက တောင်းပန်သည်။

"စိတ်ချပါ . . . ချပ့်ါမယ်" အယ်လစ်ဇဘက်က ကတိပေးလိုက်သည်။

အားလုံးပင် အယ်လစ်ဇဘက်ကို ကြည့်နေကြသည်။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြသည်။

တစ်ဦးသောပုဂ္ဂိုလ်၏ စိတ်ထဲတွင်မူ ထူးဆန်းသော အတွေးတစ်ခု ဝင်လာလေသည်။

'ဘုရားရေ . . . ဒီသူငယ်မလည်း သူ့အဖေလို ကိုယ့်သေတွင်း ကိုယ်တူးနေပြန်ပကော'

★ ↔ ★

# အခန်း ( ၁၆ )

အယ်လစ်ဇဘက်သည် ဖခင်ကြီး၏ရှူးရစ်ဌာနချုပ်သို့ ယခင်က ခဏခဏ လာရောက်ခဲ့ဖူးသည်။ သို့သော် ထိုစဉ်က သူမမှာ အိမ်ရှင်နှင့်မတူ ဧည့်သည်နှင့်သာ တူနေသည်။

ထိုစဉ်က ဌာနချုပ်ကြီး၏ ဩဇာအာဏာကို သူမ၏ဖခင်ကြီးက ပိုင်ဆိုင်ခဲ့သည်။ ယခုအချိန်တွင်မူ ယင်းဩဇာအာဏာမှာ သူမလက်ထဲသို့ ရောက်ရှိနေပြီ။

သူမက ရုံးခန်းကြီးအနှံ့ မျက်လုံးကစားလိုက်သည်။ သူမကိုယ်သူမ အယောင်ဆောင်တစ်ယောက်လို ထင်မိသည် ။

ရုံးခန်းကြီးမှာ ကျယ်ဝန်းသလောက် ခမ်းနားလှသည်။

ရုံးခန်းထောင့်တစ်နေရာ ကမ္ဘာကျော် ရွှန်ဂျင်ကုမ္ပဏီလုပ် သံမဏိကက်ဘိနက်ဗီရိုကြီးတစ်လုံး ရှိသည်။ ယင်းအပေါ်မှ နံရံတွင် ၁၈ ရာစု ပြင်သစ်ပန်းချီကျော် ဖရန့်ဆွာမီလေး ရေးဆွဲသော တောတောင်ရှုခင်း ပန်းချီကားချပ်ကြီးကို ချိတ်ဆွဲထားသည်။ တစ်နေရာတွင်မူ အန္တွေးမာတ်ပေး မီးဖိုတစ်ခု၊ မီးဖိုရှေ့တွင် တောင်ဆိတ်ရေခင်း ဆိုဖာကုလားထိုင် တစ်လုံး၊ စားပွဲကြီးတစ်လုံးနှင့် အခြားကုလားထိုင်ငယ်လေးလုံး ရှိသည်။

အခန်းနံရံများ ပတ်ပတ်လည်တွင်လည်း ရေနွား၊ ချဂါးလ်၊ တလီးနှင့် ဘော်ဘက် စသောကမ္ဘာကျော်ပန်းချီဆရာကြီးများ၏ ရှုခင်းစုံ ပန်းချီကားချပ်ကြီးများ . . .။

အခြားတစ်နေရာတွင်တော့ အနက်ရောင် မဟော်ဂနီစာရေးစားပွဲတစ်လုံး။

ယင်းစားပွဲနောက်တွင်မူ တယ်လီဖုန်းနှင့် အခြားဆက်သွယ်ရေးကိရိယာများမှာ ကမ္ဘာတဝှန်းရှိ ကုမ္ပဏီခွဲများနှင့် တိုက်ရိုက်ဆက်သွယ်ရာတွင် အသုံးပြုသော ကိရိယာများပင် ဖြစ်သည်။

အဆိုပါစားပွဲကြီးနောက်မှ နံရံတွင်ကား ဆမ်ရိုဖ်ဂျုရယ်ရိုဖေး၏

www.burmeseclassic.com

www.burmeseclassic.com



ပုံတူပန်းချီကားကြီး တစ်ချပ်။

ရုံးခန်းနှင့်တွဲလျက်အခန်းများမှာ အဝတ်အစား လဲခန်း၊ ရေချိုးခန်း၊ အားကစားခန်း၊ ဆေးခန်း၊ ထမင်းစားခန်း၊ ဆံပင်ညှပ်ခန်း၊ နှင့် သူမဖခင်ကြီးကိုယ်ပိုင် အနားယူခန်းများ။

အယ်လစ်ဇဘက်က ရုံးခန်းစားပွဲတွင် ဝင်ထိုင်လိုက်သည်။ စားပွဲပေါ်တွင် ဖိုင်တွဲများ၊ မှတ်တမ်းများ၊ စာရင်းဇယားများနှင့် အစီရင်ခံစာများ စသောလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများ တောင်လိုပုံနေသည်။ ယင်းတို့ကိုကြည့်ရင်း အယ်လစ်ဇဘက်က ဖခင်ကြီးကို သတိရလာသည်။

ဤစားပွဲတွင် ဖခင်ကြီး ထိုင်ခဲ့သည်။ ဖခင်ကြီးကား လုပ်ငန်းကျွမ်းကျင်မှုတွင် ရှာမှရှားသူ ဖြစ်သည်။ ခုနေခါ ဖခင်ကြီး ရှိနေလျှင် ဘယ်လောက် ကောင်းလိမ့်မလဲ၊ အယ်လစ်ဇဘက်က ဆုံးရှုံးမှုအတိုင်းအတာကိုတွေးမိပြီး ရင်ထဲတွင် ဆို့တက်လာသည်အထိ ခံစားနေရသည်။

တစ်ချိန်တည်းတွင် ဆာအလက်က လန်ဒန်သို့ မပြန်မီ ပြောသွားသောစကားကို ကြားယောင်လာသည်။

"အချိန်ယူပြီး စဉ်းစားပါ . . . လစ်ဇီ၊ ဘယ်သူပြောတာကိုမှ နားမယောင်ပါနဲ့၊ ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချင့်ချိန်ချိန် ဆုံးဖြတ်ပါ"

အလက်သည် သူမ၏ခံစားချက်ကို နားလည်သည်ဟု သူမက ယုံကြည်သည်။

"ကျွန်မတို့ကုမ္ပဏီကို အပြင်လူတွေလက်ထဲ လွှဲအပ်ဖို့ ကျွန်မအနေနဲ့ ဆုံးဖြတ်ချက်ချသင့်တယ်လို့ ထင်သလား . . . အလက်"

"ဒါက ပြောရမှာခက်တယ် လစ်ဇီ၊ ဒါပေမဲ့ ငါ့အနေနဲ့ကတော့ ငါ့အလုပ်ငါ လုပ်ရမှာပဲ၊ တို့အစုရှယ်ယာတွေကို မရောင်းရင် တို့အဖို့ ဘာမှ အကျိုးမရှိသလို ဖြစ်နေတယ်၊ ဒါပေမဲ့ လုပ်သင့် မလုပ်သင့် ဆုံးဖြတ်ရမှာ မင်းပဲ၊ မင်း အမိကပဲ"

အယ်လစ်ဇဘက်က ရုံးခန်းကြီးထဲမှာ တစ်ယောက်တည်း ထိုင်ရင်း အလက်နှင့် ပြောခဲ့သောစကားကို ပြန်လည်သတိရလာသည်။





အလက်ထံသို့ တယ်လီဖုန်းဆက်ချင်စိတ် ရုတ်တရက် ပေါ်လာသည်။ သို့သော် သူမ ပြောမည့်စကားကတော့ "အလက် . . . ဝမ်းနည်းပါတယ်၊ ကျွန်မ စိတ်ပြောင်းသွားပြီ" ဟူ၍သာ ဖြစ်သည်။

တယ်လီဖုန်းစားပွဲကို ကြည့်လိုက်သည်။ "ရိုးစ် ဝီလျံ"ဟူသော စာတန်းကို သွားမြင်မိသည်။

သူမက အတန်ကြာ စဉ်းစားနေသည်။ ပြီးတော့ . . . ရိုးစ်၏ တယ်လီဖုန်းခလုတ်ကို နှိပ်လိုက်လေသည်။

★

ရိုးစ်သည် အယ်လစ်ဇဘက်၏ စားပွဲရှေ့တွင် ထိုင်ကာ သူမကို အကဲခတ်နေသည်။ ရိုးစ်၏ခေါင်းထဲတွင် ဘာကို စဉ်းစားနေမှန်း အယ်လစ်ဇဘက်က သိနေသည်။ တကယ်တော့ သူတို့နှစ်ယောက်စလုံးပင် တစ်ခုတည်းသော အကြောင်းအရာကိုသာ တွေးနေကြသည်။ သူတို့တွေးနေသည်မှာ အယ်လစ်ဇဘက်အနေဖြင့် အထူးတာဝန်မရှိဘဲ သည်နေရာသို့ လာစရာမလိုဟူသော အကြောင်းပင်ဖြစ်သည် ။

"မနက်က အစည်းအဝေးမှာ မင်းက ဗုံးဖောက်ခွဲလိုက်တာပဲ"

ရိုးစ်က စတင်ပြောလိုက်သည်။

"သူတို့အားလုံး စိတ်မကောင်းဖြစ်သွားမှာကို ကျွန်မ မလိုလားပါဘူး"

"စိတ်မကောင်းဖြစ်သွားရုံ ဘယ်ကမလဲ၊ မင်း လုပ်လိုက်တာကြောင့် အားလုံး လန့်ဖြန့်သွားကြတယ်၊ သူတို့က မင်းကို တစ်ထိုင်တည်းနဲ့ ချည်ပြီးတုပ်ပြီး ဖြစ်လိမ့်မယ်လို့ မျှော်လင့်ထားကြတာ၊ အစည်းအဝေးပြီးပြီးချင်း သတင်းထုတ်ပြန်ဖို့တောင် အဆင်သင့် လုပ်ထားကြပြီးပြီ၊ ဒါနဲ့ မင်း ဘာကြောင့် လက်မှတ်မထိုးတာလဲ . . . လစ်ဇီ"

သူမ နှလုံးသားက မထိုးပါနဲ့ဟု တိုက်တွန်းနေလို့ဟု ပြောလျှင် ရိုးစ်က ရယ်ချင်ရယ်လိမ့်မည်။ ထို့ကြောင့် သူမက မဖြေဘဲ နေလိုက်သည်။ တကယ်တော့ သူမဖခင်ကြီးအနေဖြင့် ကုမ္ပဏီကို မိသားစုလက်



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင်သာ အမြဲရှိနေစေချင်သည် မဟုတ်ပါလား။ ထို့ကြောင့် ဖခင်ကြီးဆန္ဒ ပြည့်ဝအောင် သူမအနေနှင့် နည်းလမ်းရှာဖွေရပေမည်။

ရီးစ်က ဆက်ပြောသည်။

"မင်းရဲ့အဘိုးဟာ ဒီလုပ်ငန်းကို မိသားစုအဖြစ် စပြီး တည်ထောင်ခဲ့တယ်၊ အပြင်လူကို လုံးဝ ခွင့်မပြုခဲ့ဘူး၊ ဒါပေမဲ့ သူ့လက်ထက်က အခုလို မကြီးကျယ်သေးဘူး၊ အခုတော့ အခြေအနေတွေ ပြောင်းသွားပြီ၊ တို့ကုမ္ပဏီဟာ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံး ဆေးဝါး ထုတ်လုပ်ရေးကုမ္ပဏီတစ်ခု ဖြစ်နေပြီ၊ မင်းအဖေကုလားထိုင်မှာ ထိုင်နေတဲ့လူဟာ ဒီကုမ္ပဏီနဲ့ပတ်သက်သမျှ လုပ်ငန်းအားလုံးအတွက် နောက်ဆုံးအဆုံးအဖြတ်ပေးရမယ့် လူပဲ၊ ဒီတာဝန်ဟာ အကြီးအကျယ် ခက်ခဲတဲ့တာဝန်ကြီးပဲ"

အယ်လစ်ဇဘက်က ရီးစ်၏မျက်နှာကို ကြည့်လိုက်သည်။ ရီးစ်က သူမအား ကုလားထိုင်ပေါ်ကမှား ဆွဲချချင်နေသလားဟု တွေးလိုက်မိသည်။

"ရှင် . . . ကျွန်မကို အကူအညီ ပေးမလား"

"မင်း သိပါတယ် . . .၊ ငါ ကူညီမှာပေါ့"

အယ်လစ်ဇဘက်က ရင်ထဲတွင်ပေါ့သွားသလို ခံစားလိုက်ရသည်။

"တို့ ပထမဦးဆုံး လုပ်ရမယ့်အလုပ်က ဒီက စက်ရုံကြီးတစ်ခုလုံး နှံ့အောင် လျှောက်ကြည့်ဖို့ပဲ၊ ဒီကုမ္ပဏီက လုပ်နေသမျှ လုပ်ငန်းတွေအကြောင်း ပြည့်ပြည့်စုံစုံ သိရဲ့လား"

"သိပ်မသိသေးဘူး"

တကယ်တော့ သူမက လျှော့ပြောလိုက်ခြင်းသာ ဖြစ်သည်။ သူမသည် လွန်ခဲ့သော သုံးလေးနှစ်ခန့်မှ၍ သူမ၏ ဖခင်ကြီးနှင့်အတူ အစည်းအဝေးတိုင်းသို့ တက်ရောက်ခဲ့ဖူးသည်။ ထို့ကြောင့်လည်း ရိုဖေးနှင့်သားများကုမ္ပဏီ၏ လုပ်ငန်းဌာနများအကြောင်းကို အတော်ပင် နှံ့နှံ့စပ်စပ် သိရှိခဲ့ရခြင်း ဖြစ်သည်။ သို့ပေမယ့် သူမက ရီးစ်၏ ပြောပြချက်ကို နားထောင်ချင်သေးသည်။





"တို့က ဆေးဝါးတွေအပြင် တခြားပစ္စည်းတွေလည်း အများကြီး ထုတ်လုပ်သေးတယ်၊ မာတုဗေဒပစ္စည်းတွေ၊ ရေမွှေးတွေ၊ ဆံသဆီတွေ၊ ပိုးသတ်ဆေးတွေလည်း ထုတ်တယ်၊ ပြီးတော့ ခေါင်းလိမ်းဆီတွေ ဆရာဝန်သုံးပစ္စည်းတွေလည်း ထုတ်သေးတယ်၊ စည်သွတ်စားကုန် သောက်ကုန်တွေလည်း ထုတ်တယ်"

ဒါတွေအားလုံး အယ်လစ်ဇဘက် သိသည်။ သို့ပေမယ့် သူမက ဘာမျှ မပြော။ ရီးစ်ပြောသမျှ ငြိမ်၍သာ နားထောင်နေသည်။

"ပြီးတော့ . . . ဆရာဝန်တွေအတွက် သတင်းလွှာမဂ္ဂဇင်းလည်း ထုတ်သေးတယ်၊ တိပ်ပလာစတာတွေလည်း ထုတ်တယ်"

ရီးစ်က စိတ်ပါလက်ပါ ပြောပြနေသည်။ သူ့လေသံတွင် ဂုဏ်ယူသံလည်း ပါနေသည်။

"ရိုဖေးနဲ့သားများကုမ္ပဏီက ကမ္ဘာ့နိုင်ငံပေါင်း တစ်ရာကျော်မှာ စက်ရုံတွေ၊ ကုမ္ပဏီခွဲတွေ ဖွင့်ထားတယ်၊ စက်ရုံတိုင်း၊ ကုမ္ပဏီခွဲတိုင်းက ဒီရုံးချုပ်ကို အချိန်မှန်မှန် အစီရင်ခံစာတွေ ပေးပို့ရတယ်၊ အဘိုးကြီး ဆင်မြူရယ်ဟာ မြင်းကလေး တစ်ကောင်၊ ဖန်ပြွန် တစ်ခုနဲ့ ဒီလုပ်ငန်းကို စတင်ခဲ့တယ်၊ အခုဆိုရင် ကမ္ဘာတစ်ဝှန်းလုံးမှာ စက်ရုံပေါင်း (၆၀)၊ သုတေသန ဆယ်ခု၊ အရောင်းစာရေးနဲ့ အခြားအမှုထမ်းပေါင်း ထောင်သောင်းချီပြီး ရှိနေပြီ။

မနှစ်ကဆိုရင် အမေရိကန်ပြည်ထောင်စု တစ်ခုတည်းမှာပဲ ဆေးဝါးပစ္စည်းနဲ့ ပတ်သက်ပြီး ဒေါ်လာသန်းပေါင်း ၁၄,၀၀၀ သုံးစွဲခဲ့တယ်၊ တကယ်တော့ တို့မှာ လိုသလောက်ရနိုင်တဲ့ ဈေးကွက်တွေ သုံးလုံလောက်လောက် ရှိပါတယ်"

သို့နှင့်ပင် ရိုဖေးနှင့်သားများကုမ္ပဏီသည် ဘဏ်ချေးငွေများအတွက် ပြဿနာတွေ ဝိုင်းဝိုင်းလည်နေရသလား၊ တစ်ခုခုတော့ မှားနေပြီ၊ တစ်ခုခုတော့ မှားနေပြီ။

အယ်လစ်ဇဘက် စိတ်ထဲက တွေးလိုက်မိလေသည်။

★



www.burmeseclassic.com

www.burmeseclassic.com



အယ်လစ်ဇဘက်နှင့် ရီးစ်တို့နှစ်ယောက်သား စက်ရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ ရှုးရစ်ဌာနချုပ်တွင် စက်ရုံပေါင်း တစ်ဒါဇင်လောက် ရှိသည်။ ဧက ၆၀ မျှ ကျယ်ဝန်းသော ဌာနချုပ်အတွင်း အဆောက်အအုံကြီးငယ်ပေါင်း ၇၀ ကျော်မျှရှိရာ သီးခြားကမ္ဘာလေး တစ်ခုလို ဖြစ်နေသည်။

သူတို့သည် ထုတ်လုပ်ရေး ဌာန၊ သုတေသန ဌာန၊ ဓာတ်ခွဲ ဌာနနှင့် ကုန်လှောင်ရုံများကို စစ်ဆေးကြည့်ကြသည်။

ထို့နောက် ဇီဝဗေဒဌာနနှင့် ဆေးရည်သိုလှောင်ရာဌာနများသို့ လာခဲ့ကြသည်။ ဆေးရည်ဌာနတွင် ဆေးရည်ထည့်ထားသော ဧရာမ ဖန်တိုင်ကီကြီး ၅၀-ခန့် ရှိသည်။ ယင်းဆေးရည်များမှာ ပုလင်းသွင်းရန် နောက်ဆုံးအဆင့်သို့ ရောက်နေပြီ ဖြစ်သည်။

ပြီးတော့ . . . ဆေးပြား ပုံသွင်းဌာန။

ဆေးမှုန့်များကို ဆေးပြားအဖြစ် ပုံသွင်းပြီးနောက် အရွယ်အစား ညှိခြင်း၊ ကုမ္ပဏီတံဆိပ် ရိုက်ခြင်း၊ ဗူးသွင်းခြင်း၊ လေဘယ်တံဆိပ် ကပ်ခြင်း အားလုံးကို အော်တိုမက်တစ်စက်များက ဇယ်ဆက်သလို အလိုအလျောက် လုပ်သွားကြသည်။

စက်ရုံအလုပ်ရုံများအပြင် လူနေအဆောက်အအုံတွေကလည်း မနည်းလှ။

"ဒီမှာ သိပ္ပံပညာရှင်ပေါင်း သုံးရာကျော် ရှိတယ်" ရီးစ်က လမ်းလျှောက်ရင်း မတ်တတ်ပြောလာသည်။ "အားလုံးလိုလို ပါရဂူဘွဲ့ရတွေချည်းပဲ၊ ဒါနဲ့ ဒေါ်လာသန်း ၁၀၀-ခန်းကို ကြည့်ဦးမလား"

အယ်လစ်ဇဘက်က ခေါင်းညိတ်လိုက်သည်။

ယင်းအခန်းမှာ သီးခြားအုတ်တိုက်တစ်ခု ဖြစ်သည်။ တိုက်ဝတွင် ယူနီဖောင်းဝတ် အစောင့်တစ်ဦးက သေနတ်ထမ်းပြီး ရပ်နေသည်။ ရီးစ်က လုံခြုံရေးကတ်ပြားကို ထုတ်ပြလိုက်သည်။ အစောင့်က ၎င်းတို့နှစ်ဦးအား ရှည်လျားသော စင်္ကြံလမ်းအတိုင်း ရှေ့ဆောင်ခေါ်လာခဲ့သည်။ စင်္ကြံဆုံးမှ သံမဏိတံခါးကြီးရှေ့တွင် ရပ်လိုက်ကြသည်။





အစောင့်က တံခါးဖွင့်ပေးသည်။

အခန်းတွင် ပြတင်းပေါက် လုံးဝ မရှိ။ ကြမ်းပြင်မှ မျက်နှာကြက်အထိ သံစင်များတွင် ပုလင်းများဖြင့် ပြည့်နှက်နေသည်။

"ဒီအခန်းကို ဒေါ်လာသန်း ၁၀၀ ခန်းလို့ ဘာကြောင့် ခေါ်တာလဲ"

အယ်လစ်ဇဘက်က မေးလိုက်သည်။

"ဒေါ်လာသန်း ၁၀၀ ကုန်လို့ပေါ့။ ဒီစင်တွေပေါ်က ဆေးပုလင်းတွေမှာ သီးခြားနာမည် မရှိဘူး၊ လေဘယ်ပေါ်မှာ နံပါတ်ပဲ ရေးထားတယ်၊ ဒီဆေးတွေက အလုပ်မဖြစ်ဘူး၊ စမ်းသပ်မှု မအောင်မြင်ဘူး"

"ဒါနဲ့များ သန်း ၁၀၀ တောင်မှ . . ."

"တချို့ဆေးတွေက ဆယ်နှစ်လောက်စမ်းပြီးမှ အလုပ်မဖြစ်လို့ လက်လွှတ်လိုက်ရတယ်၊ သုတေသနအဆင့်မှာပဲ 'ဆေးတစ်မျိုးအတွက် ဒေါ်လာငါးသန်းက ဆယ်သန်းအထိ သုံးစွဲရတာမျိုး ရှိတယ်၊ တချို့လည်း အခြား အပြိုင်ကုမ္ပဏီတွေက ဖြတ်ထုတ်သွားလို့ ကိုယ်က ရပ်လိုက်ရတယ်၊ ဒါပေမဲ့ ဒီဆေးတွေကို တို့က ဖျက်ဆီးမပစ်ဘူး၊ ခုလိုပဲ စနစ်တကျ သိမ်းဆည်းထားတယ်၊ တစ်နေ့မှာ ပိုပြီးတော်တဲ့ ဆေးသိပ္ပံပညာရှင်တွေ ပေါ်လာပြီး ပြန်လည်သုတေသနပြုကြည့်လို့ အောင်မြင်ရင် အလုပ်ဖြစ်နိုင်သေးတာပေါ့"

တစ်နေ့တွင် အလုပ်ပြန်ဖြစ်နိုင်သေးတာကတော့ ဟုတ်ချင်ဟုတ်ပါလိမ့်မည်။ ဒါပေမဲ့ လောလောဆယ် ငွေတွေ သန်းချီပြီး ရေထဲ သွန်ပစ်ရတာကတော့ ကြောက်ခမန်းလိလိပါပဲလား။

အယ်လစ်ဇဘက်က ယင်းသို့တွေးရင်း အကြီးအကျယ် စိတ်ညစ်မသာ ဖြစ်သွားမိသည်။

"ကဲ . . . လာ၊ ဒီဘက် လျှောက်ကြည့်ရအောင်၊ 'အရှုံးဌာန' ကို သွားကြမယ်"

သူတို့သည် အခြားအဆောက်အအုံတစ်ခုသို့ လာခဲ့ကြသည်။ ဤအဆောက်အအုံတွင် အစောင့်တော့ မရှိ။ သို့သော် အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားသောအခါတွင်ကား စာစောကလိုပင် ပုလင်းပေါင်းများစွာ
တင်ထားသော စင်များကို တွေ့ရသည်။

"ဒါတွေက ဆုံးရှုံးသွားတဲ့ ငွေတွေပေါ့၊ ဘယ်ရွှေ့ဘယ်မျှ
တာ ရေတွက်လို့တော့ ရနိုင်မှာ မဟုတ်တော့ဘူး၊ ဒါပေမဲ့ တို့က ဒါ
လည်း ဆက်လုပ်နေတာပဲ"

"ကျွန်မကတော့ ဘာမှ နားမလည်တော့ဘူး၊ ဘယ်
သဘောပါလိမ့်"

ရီးစ်က ပြန်မဖြေသေးဘဲ စင်နားသို့ လျှောက်သွားပြီး ပုလင်း
တစ်လုံးကို လှမ်းယူလိုက်သည်။ ပုလင်းတွင် 'အဆိပ်တောက်ခြင်း'
ဟူ၍ လေဘယ်ကပ်ထားသည်။

"လွန်ခဲ့တဲ့နှစ်က အမေရိကတစ်ပြည်လုံးမှာ အစားမှား
အဆိပ်တောက်ဝေဒနာရှင်ပေါင်း ဘယ်လောက်ရှိခဲ့တယ်ဆိုတာ သ
ထားမိရဲ့လား၊ စုစုပေါင်း ငါးဆယ့်နှစ်ယောက် ရှိခဲ့တယ်၊ ဒီဆေ
တစ်မျိုးတည်း ဖော်စပ်သိမ်းဆည်းထားရတာပဲ၊ ဒေါ်လာ သန်းချီ
ကုန်တယ်"

ရီးစ်က နောက်ထပ် ဆေးတစ်ပုလင်း ယူလိုက်ပြန်သည်။

"ဒါက ခွေးရူးအဆိပ် ဖြေဆေး၊ ဒီအခန်းထဲမှာ ဒီလိုဆေး
တွေ အများကြီးရှိတယ်၊ မြွေဆိပ် ဖြေဆေး၊ သစ်ပင်ဆိပ် ဖြေဆေ
မျိုးစုံပါပဲ၊ တို့က ဒီဆေးတွေကို စစ်တပ်တွေနဲ့ ဆေးရုံတွေကို အလ
လှူတယ်၊ ကုသိုလ်ဖြစ် သဘောပေါ့၊ ပိုက်ဆံတစ်ပြားမှ မရဘူး
ကြောင့်မို့ ဒီအခန်းကို 'အရှုံးဌာန' လို့ ခေါ်တာ"

"မဆိုးဘူး၊ ဒါမျိုး ကျွန်မလည်း သဘောကျတယ်"

တကယ်တော့ သူမ၏အဘိုးအဘိုးကြီးဆင်မြူရယ်လည်း
မျိုးကို သဘောကျလိမ့်မည်ဟု အယ်လစ်ဇဘက်က တွေးလိုက်မိသည်

ထို့နောက် ရီးစ်က အယ်လစ်ဇဘက်အား အိတ်စွပ်ဆေး
တောင့်လုပ်ဌာနသို့ ခေါ်လာခဲ့သည်။ အခန်းထဲသို့ သူတို့ ရောက်သွ
ချိန်တွင် ပိုးသတ်ထားပြီးသော ပုလင်းခွံများတွင် ဆေးတောင့်တ
များ ထည့်နေသည်။ ၎င်းလုပ်ငန်းကိုလည်း စက်ဖြင့်ပင် အ





လျောက် လုပ်သွားသည်။ ပုလင်းများတွင် ဆေးတောင့်များ ထည့်ပြီး
သောအခါ တံဆိပ်တပ်ခြင်း၊ ဖွမ်းဆို့ခြင်းနှင့် အဖုံးပိတ်ခြင်းတို့ကိုလည်း
တ်ဖြင့်ပင် ပြုလုပ်သွားသည်။

ပြီးလျှင် ပုလင်းခွံလုပ်သော ဌာန၊ ဗိသုကာ ဌာနနှင့်
ဆောက်အအုံ ဌာနများကို လှည့်လည်ကြည့်ရှုကြပြန်သည်။ အခြား
ဆောက်အအုံတစ်ခုတွင်မူ စာရေးနေကြသော လူပေါင်းများစွာကို
တွေ့ရသည်။ ပုံနှိပ်စက်သံများက ဂျုံးဂျုံးဂျက်ဂျက် ဆူညံနေသည်။
၎င်းဌာနသည် ပြန်ကြားရေးနှင့် ပုံနှိပ်ထုတ်ဝေရေးဌာန ဖြစ်သည်။
၎င်းဌာနမှ ကုန်ပစ္စည်းလမ်းညွှန်စာစောင်အမျိုးမျိုးကို ဘာသာစကား
ပေါင်း ၅၀ ကျော်ဖြင့် ရိုက်နှိပ်ဖြန့်ချိရသည်။

ဆေးဝါးထုတ်လုပ်သော လုပ်သားများအား ရောဂါပိုးမွှား
နှိပ်စက်ရာအခန်းများတွင် ခရမ်းလွန်ရောင်ခြည်မီးချောင်းများ ထွန်း
ထားသည်။ အယ်လစ်ဇဘက်မှာ မျက်စိအကျင့် မရှိ၍ ရုတ်တရက်
မှင် မကြည့်တတ်အောင် ဖြစ်နေသည်။ အခန်းများကို အဖြူရောင်၊
အစိမ်းရောင်နှင့် အပြာရောင်များ သုတ်ထားသည်။ အလုပ်သမားများ
လည်း အခန်းရောင်နှင့် လိုက်လျောညီထွေ တူညီဝတ်စုံများ
ဝတ်ထားကြသည်။

သူတို့သည် အလုပ်ခန်းသို့ ဝင်တိုင်းတွင်လည်းကောင်း၊
အခန်းမှ ပြန်ထွက်တိုင်းတွင်လည်းကောင်း ရောဂါပိုးသတ်ခန်းမှ ဖြတ်
သွားကြရသည်။ ဝတ်စုံပြာလုပ်သားများဆိုလျှင် ပိုးသတ်ခန်းတွင် တစ်
ကိုယ်လုံး လျှော်ပိတ်ခံကြရသည်။ သူတို့သည် ထမင်းစားရန်၊ အလုပ်
နားရန်၊ အိမ်သာဝင်ရန်ရှိသောအခါတိုင်း ဝတ်စုံများကိုချွတ်၍ အစိမ်း
ရောင်ကြားနေခန်းသို့ ဝင်ကာ ရိုးရိုးဝတ်စုံဝတ်ပြီးမှ အပြင်ထွက်ကြရ
သည်။ အလုပ်ခန်းသို့ ပြန်ဝင်သောအခါတွင်လည်း ယင်းအစီအစဉ်ကို
ပြောင်းပြန်လုပ်၍ ဝင်ကြရသည်။

"ဒါတွေမြင်ရတော့ မင်း စိတ်ဝင်စားမှာပဲ"

ရီးစ်က ပြောသည်။ သို့သော် အယ်လစ်ဇဘက်က ဘာမှ
ပြန်မပြော။ တကယ်တော့ သူမက ပြန်မပြောနိုင်လောက်အောင်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားနေခြင်း ဖြစ်သည်။

သူတို့သည် သုတေသနဌာနအဆောက်အအုံ စင်္ကြံလမ်းအတိုင်း လျှောက်လာကြသည်။ 'ကန့်သတ်၊ မဝင်ရ' ဟူသော စာတန်းချိတ်ဆွဲထားသော အခန်းတစ်ခုရှေ့တွင် ရပ်လိုက်ကြသည်။

ရိုးစ်က တံခါးကို တွန်းလိုက်သည်၊ နှစ်ယောက်သား အခန်းထဲ ဝင်လာခဲ့ကြသည်။ အယ်လစ်ဇဘက်က နောက်မှ လိုက်လာသည်။ တစ်ခန်းလုံး မီးရောင်မှိန်မှိန်သာ လင်းနေသည်။ အခန်းထဲတွင် မျောက်၊ လယ်ကြွက်၊ ကြောင်နှင့် ကြွက်ဖြူမျိုးစုံကို လှောင်အိမ်များနှင့် ထည့်ထားသည်။ အယ်လစ်ဇဘက်၏ စိတ်ထဲတွင် တောကြီးမျက်မည်းထဲ ရောက်လာသလို ထင်မိသည်။

တချို့တိရစ္ဆာန်များကို တစ်ခေါင်းလုံး ပြောင်နေအောင် ကတုံးရိတ်ထားပြီး သူတို့၏ ဦးနှောက်ထဲသို့ စမ်းသပ်ကိရိယာများ ထိုးစိုက်ခံနေကြရသည်။ တချို့က ငြိမ်သက်နေပြီး တချို့ကလည်း လှောင်အိမ်တွေထဲတွင် ဆူညံအော်ဟစ်နေကြသည်။ တချို့လည်း ပြေးလွှား လှုပ်ရှားနေကြသည်။ သူတို့၏ ဆူညံသံနှင့် အနံ့အသက်ကလည်း မခံနိုင်အောင် ဆိုးရွားလှသည်။

အယ်လစ်ဇဘက်က လှောင်အိမ်တစ်ခုအနီးသို့ ကပ်သွားသည်။ ကြောင်ကလေးတစ်ကောင်၏ ဦးနှောက်ဖွင့်ပြီး ပလပ်စတာဖြင့် ထုပ်ထားသည်။ လျှပ်စစ်ကြိုးတွေလည်း တစ်ဒါဇင်လောက် တပ်ထားသည်။ လှောင်အိမ်ရှေ့တွင် ပါးသိုင်းမွေးနှင့် အရပ်ရှည်ရှည် လူငယ်တစ်ဦးရပ်ပြီး တစ်စုံတစ်ရာကို ရေးမှတ်နေသည်။

"ဒါက ဘာလုပ်တာလဲ"

အယ်လစ်ဇဘက်က လူငယ်သိပ္ပံပညာရှင်ကလေးအား မေးလိုက်သည်။

"စိတ်ငြိမ်ဆေးတစ်မျိုး ဖော်မလို့ စမ်းသပ်နေတာပါ"

"အောင်မြင်ပါစေ . . . အောင်မြင်ရင် ကျွန်မလည်း သုံးနိုင်တာပေါ့"

သူမက အတည်လိုလို၊ အရွှမ်းလိုလို ပြန်ပြောလိုက်သည်။



ပြီးတော့ တစ်ခေါင်းလုံး အုံပြီး မူးနောက်နောက်ဖြစ်လာ၍ အခန်းထဲမှ ကမန်းကတန်း ပြန်ထွက်လာခဲ့သည်။

ရိုးစ်က စင်္ကြံလမ်းတွင် အယ်လစ်ဇဘက်နှင့် ဘေးချင်းယှဉ် လျှောက်လာသည်။

"နေကောင်းရဲ့လား . . . လစ်ဇ်"

အယ်လစ်ဇဘက်က သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး

"နေ . . . နေကောင်းပါတယ်၊ ဒါနဲ့ ခုနဟာတွေက တကယ် အလုပ်ဖြစ်ရဲ့လား၊ လိုကော လိုအပ်သလား"

"ဘယ့်နှယ့် ပြောပါလိမ့်၊ သိပ်လိုအပ်တာပေါ့၊ ဒီစမ်းသပ်မှုတွေကြောင့်ပဲ လူ့အသက်ပေါင်းများစွာကို ကယ်နိုင်ခဲ့ပြီပဲ၊ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းမှာ မွေးလာတဲ့လူတွေထဲက သုံးပုံတစ်ပုံကျော်ဟာ ဒီလို ခေတ်မီဆေးဝါးတွေကြောင့် အသက်ရှင်နေကြတာပေါ့ လစ်ဇ်၊ ဒီအချက်ကို မင်း တွေးကြည့်စမ်းပါ . . ."

အယ်လစ်ဇဘက်က တွေးကြည့်နေလေသည်။

★

ဌာနချုပ်ရှိ အရေးပါသော စက်ရုံအလုပ်ရုံများသို့ သွားရောက်လေ့လာရာတွင်ပင် ခြောက်ရက်တိတိ အချိန်ကြာသည်။ လုပ်ငန်းခွင် လေ့လာနေပြီးတော့ အယ်လစ်ဇဘက်မှာ ကိုယ်ရောစိတ်ပါ ခြေကုန်လက်ပန်း ကျသွားသည်။ လုပ်ငန်းတစ်ခုလုံး၏ ကြီးကျယ်မှုကို တွေးပြီး သူမခေါင်းထဲတွင် လေးလံနေသလို ခံစားရသည်။ သူမအနေဖြင့် ယခု မြင်ရသည်မှာ ရိုဖေးနှင့်သားများကုမ္ပဏီ၏ အလုပ်ဌာန တစ်ခုတည်းသာ ရှိသေးသည်။

ကြားသိခဲ့ရသော ကိန်းဂဏန်းများနှင့် အချက်အလက်များကလည်း လန့်စရာပင် ကောင်းလှသည်။

"ဆေးဝါးအသစ်တစ်မျိုး ထုတ်လုပ်ရောင်းချနိုင်ဖို့အတွက် အနည်းဆုံး ၎င်းနှစ်ကနေပြီး (၁၀)နှစ်အထိ ကြာတတ်ပါတယ်၊ စမ်းသပ်

www.burmeseclassic.com

www.burmeseclassic.com



ဖော်စပ်တဲ့ ဆေးအမျိုးပေါင်း နှစ်ထောင်လောက်ထဲက သုံးမျိုးလောက်သာ ထုတ်လုပ်ရောင်းချနိုင်တာမျိုးလည်း ရှိပါတယ်။

ဒီဌာနချုပ်က ပစ္စည်းအရည်အသွေးထိန်းသိမ်းရေးဌာနအလေးတစ်ခုမှာပဲ ဖာမူထမ်းပေါင်း ၃၀၀ကျော် ရှိပါတယ်။

ကမ္ဘာ့နိုင်ငံအားလုံးက အမှုထမ်းတွေ အားလုံးပေါင်းကတော့ ငါးသိန်းကျော်ပါတယ်။

လွန်ခဲ့တဲ့နှစ်က အသားတင် ဝင်ငွေစုစုပေါင်းကတော့ . . . "

အယ်လစ်ဇဘက်မှာ ရီးစ်ပြောနေသမျှကို မှတ်မိအောင် မနည်းကြိုး ဂရုစိုက် နားထောင်နေရသည်။ တကယ်တော့ ရိုဖေးနှင့်သားများကုမ္ပဏီမှာ ကြီးကျယ်လှပါသည်။ သို့သော် 'ကြီးကျယ်သည်' ဟူသော ဝေါဟာရမှာ ယေဘူယျဆန်၍ မြင်သာအောင် မခန့်မှန်းနိုင်ပါ။ ဝေါဟာရကို လူအင်အား၊ ငွေအင်အားနှင့် အစားထိုး ဖော်ပြလိုက်တော့မှသာ အံ့အားကြီးသင့်ရလောက်အောင် ရုပ်လုံးက ပေါ်လာလေသည်။

ယိုညယ မအယ်ယစ်ဇဘက်သည် အိပ်ရာထဲတွင် အတွေးနက်နေမိသည်။ သူမ မြင်ခဲ့သမျှ၊ ကြားခဲ့သမျှတွေကို ပြန်တွေးနေမိသည်။ ဤမျှ ကြီးကျယ်လှသော ကုမ္ပဏီကြီးနှင့် သူမ၏ စွမ်းဆောင်နိုင်အားကို နှိုင်းယှဉ် သုံးသပ်ကြည့်မိသောအခါ လှည်းနှင့်ဝန် မနိုင်ရင်ကန်ဖြစ်နေသလို ခံစားမိသည်။

တစ်ချိန်တည်းတွင် အစည်းအဝေးနေ့က သူမဦးလေးတော်များ ပြောသွားသော စကားများကိုလည်း ကြားယောင်လာသည်။

"ငါပြောတာ ယုံစမ်းပါကွယ်၊ ဒီတာဝန်ကို ငါတို့ကို လွှဲအပ်လိုက်တာက ပိုပြီး အကျိုးရှိပါလိမ့်မယ်၊ မင်းက ဒီလုပ်ငန်းတွေ ဘာမှ နားမလည်ပါဘူး . . . " ဟူသော အိုင်ဗိုဗ်လာဇီ၏ အထင်သေးစကား။

"အစုရှယ်ယာတွေကို ရောင်းဖို့ မင်းအနေနဲ့ သဘောတူသင့်ပါယ်ယို့ ပါယူဆပါယ်၊ ဒါမှမဟုတ် ငါကတော့ ငါ့အလုပ်ငါ လုပ်ရမှာပဲ" ဟူသော ဆာအလက်နီခိုးလ်၏ မရေမရာ စကား။

သူတို့ပြောတာ မမှားဘူး၊ သူတို့အားလုံး မှန်တယ်။ ငါထွက်



သွားတာ ကောင်းတယ်။ ငါ့ကုမ္ပဏီကို သူတို့လက်ထဲ ထည့်ခဲ့မယ်၊ သူတို့ လုပ်ချင်သလိုလုပ်ကြပါစေတော့။ ခုလိုအခြေအနေမျိုးနဲ့ ငါနဲ့ ဘာမှ မဆိုင်ဘူး။

အယ်လစ်ဇဘက်က ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်သည်။ သူမ၏ ရင်ထဲမှ ဝန်ထုပ်ဝန်ပိုးကြီး လျော့ကျသွားသလို ခံစားလိုက်ရသည်။ ချက်ချင်းပင် သူမ အိပ်ပျော်သွားလေသည်။

★

နောက်တစ်နေ့သည် သောကြာနေ့ ဖြစ်သည်။ သည်တစ်ရက်လွန်လျှင် မှက်သတ္တပတ်အဆုံး နားရက်နှစ်ရက် ရောက်ပေတော့မည်။

အယ်လစ်ဇဘက်သည် ရုံးခန်းသို့ အစောကြီး ရောက်သွားသည်။ ရောက်ရောက်ချင်း ရီးစ်ဝီလျံကို ခေါ်ခိုင်းလိုက်သည်။ သူမ၏ ဆုံးဖြတ်ချက်ကို ကြေငြာချက် ထုတ်ပြန်လိုက်တော့မည်။

"မစ္စတာဝီလျံ ခရီးထွက်သွားပါတယ်၊ မနေ့ညကပဲ နိုင်ရိုဘီမြို့ကို လေယာဉ်နဲ့ ထွက်ခွာသွားပါတယ်"

ရုံးအဖွဲ့မှူး မစ္စက်ကိတ်အားလင်းက လာပြောသည်။

"အင်္ဂါနေ့မှ ပြန်လာမယ်လို့ ပြောသွားပါတယ်၊ တခြား တစ်ယောက်ယောက်များ ခေါ်ပေးရပါမလား"

အယ်လစ်ဇဘက်က ခဏမျှ တွေနေသည်။ ပြီးတော့မှ . . .

"ဆာအလက်ဆီ ဖုန်းခေါ်ပေးပါ"

"ကောင်းပါပြီ . . . "

မစ္စကိတ်အားလင်းက ခဏမျှ ရပ်နေပြီး . . .

"မစ္စအယ်လစ်ဇဘက်လိပ်စာနဲ့ မနက်က ပါဆယ်တစ်ထုပ် ရောက်နေပါတယ်၊ ရဲဌာနက ပို့လိုက်တာ ဖြစ်ပါတယ်၊ မစ္စတာရိုဖေးချာမိုနီးတောင်တက်စခန်းမှာ မကွယ်လွန်ခင်က အသုံးပြုခဲ့တဲ့ပစ္စည်းတွေ ပါပါတယ်"

ဖခင်ကြီးနာမည် ကြားလိုက်ရတော့ အယ်လစ်ဇဘက်ရင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် ရုတ်တရက် ဆို့တက်လာသလို ခံစားလိုက်ရသည်။

မစ္စကိတ်အားလင်းက ဆက်ပြောသည်။

"ဒီပစ္စည်းကို မစ္စအယ်လစ်ဇဘက်ရဲ့ စာပို့သမားနဲ့ မပေးလိုက်ရတာကို ခွင့်လွှတ်ပါလို့လည်း ရဲဌာနက တောင်းပန်ထားပါတယ်"

အယ်လစ်ဇဘက်က မျက်ခုံးချီလိုက်သည်။

"ဟင် . . . ကျွန်မစာပို့သမား ဟုတ်လား"

"မစ္စအယ်လစ်ဇဘက်က ဒီပစ္စည်းကို ယူဖို့ ချာမိုနီးစခန်းကို လွှတ်လိုက်တဲ့ စာပို့သမားကို ပြောတာပါ"

"အလို့ . . ဘုရားရေ ငါလည်း ဘယ်သူ့မှ မလွှတ်ရပါလား"

တစ်ယောက်ယောက်ကတော့ ဝင်နှောက်ပြီ ထင်သည်။

"ဘယ်မှာလဲ . . . အဲဒီပစ္စည်း"

"မစ္စအယ်လစ်ဇဘက်ရဲ့ သီးသန့်ခန်းထဲမှာ ကျွန်မ ထားခဲ့ပါတယ်"

အယ်လစ်ဇဘက်သည် သူမ၏သီးသန့်ခန်းထဲသို့ လာခဲ့သည်။ အခန်းထဲတွင် သူမဖခင်ကြီး၏ အဝတ်အစားများ ထည့်ထားသော သေတ္တာတစ်လုံးနှင့် သော့ပိတ်ထားသော ခရီးဆောင် လက်ဆွဲသေတ္တာတစ်လုံး ရှိသည်။ သေတ္တာတွင် သော့တွဲတန်းလန်း ချိတ်ထားသည်။ ဤသေတ္တာထဲတွင် ကုမ္ပဏီအစီရင်ခံစာများ ရှိကောင်း ရှိပေလိမ့်မည်။ ၎င်းတို့ကို ရိုးစ်အား ရှင်းခိုင်းမှ ဖြစ်မည်။ ရိုးစ် ခရီးထွက်နေမှန်း သူမက ချက်ချင်း သတိရမိသည်။ သူမကိုယ်တိုင်လည်း ခရီးထွက်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ သူမက လက်ဆွဲသေတ္တာကို ကြည့်လိုက်သည်။ ဖခင်ကြီး၏ ကိုယ်ရေးကိုယ်တာပစ္စည်းကလေးတွေ ရှိကောင်းရှိနိုင်သည်။ ဟုတ်ပြီ . . ငါကိုယ်တိုင်ဖွင့်ကြည့်မှပဲ။

ထိုအခိုက် မစ္စကိတ်အားလင်း ဝင်လာပြီး . . .

"ခွင့်ပြုပါ . . . မစ္စအယ်လစ်ဇဘက်၊ ဆာအလက် ရုံးခန်းထဲမှာ မရှိပါဘူး"

"ဒီလိုဆိုရင် သူရောက်လာရင် ကျွန်မကို ပြန်ခေါ်ဖို့ ပြောထားလိုက်ပါ။ ကျွန်မ ဆာဒင်းနီးယားစံအိမ်မှာ ရှိနေမယ်၊ တစ်ခါတည်း





ပဲ မစ္စတာပလာဇီ၊ မစ္စတာဂက်စနာ၊ မစ္စတာမာတယ်တို့ကိုလည်း အဲဒီကို ကျွန်မဆီ ဖုန်းဆက်ဖို့ 'သတင်း' ပို့ထားပါ"

သူတို့ထံမှ တယ်လီဖုန်းလာလျှင် သူမ ထွက်သွားတော့မည် ဖြစ်ကြောင်း၊ အစုရှယ်ယာတွေကိုလည်း သူတို့သဘောကျ လုပ်ချင်သလို လုပ်နိုင်ကြောင်း . . . သူမက အပြီးအပိုင် ပြောပြလိုက်တော့မည် ဖြစ်သည်။

သူမသည် ဆာဒင်းနီးယားစံအိမ်သို့သွား၍ ရက်ကြာကြာ အနားယူချင်နေသည်။ ဤစံအိမ်သည် စိတ်ချမ်းမြေ့စရာကောင်းသည်။ ဤစံအိမ်တွင် အေးအေးလူလူ အနားယူရင်း သူမ၏နောင်ရေးအတွက် စီမံကိန်းချရမည်။

အဖြစ်အပျက်များက တစ်ခုပြီးတစ်ပြီး အလွန်လျင်မြန်စွာ ပေါ်ပေါက်လာခဲ့ကြသည်။ သူမအနေဖြင့် ပြတ်ပြတ်သားသား သုံးသပ်၍ ဆုံးဖြတ်ချက်ချနိုင်ဖို့ အခွင့်အလမ်းလည်း မမြင်၊ အချိန်လည်း မပေး။

လောလောဆယ် ရင်ဆိုင်နေရသော ပြဿနာအားလုံးကို မြန်းစားကြီး ဆုံးဖြတ်ချက်ချ၍ ဖြေရှင်းဖို့ဆိုသည်မှာ လုံးဝ မဖြစ်နိုင်သောကိစ္စ ဖြစ်သည်။ သူမလို အတွေ့အကြုံ လုံးဝ မရှိသေးသော ကျောင်းထွက်စ မိန်းမပျိုကလေးတစ်ယောက်အနေဖြင့် ဘယ်လိုမှ မတတ်နိုင်သော ရောမကိစ္စကြီး ဖြစ်သည်။

ထို့ကြောင့်လည်း သူမသည် ထိုနေ့ညနေတွင်ပင် ဆာဒင်းနီးယားသို့ လေယာဉ်ဖြင့် ချက်ချင်း ထွက်ခွာခဲ့သည်။ သူမနှင့်အတူ ဖခင်ကြီး၏ ခရီးဆောင်လက်ဆွဲသေတ္တာကိုလည်း ယူဆောင်လာခဲ့သည်။

★ ↔ ★



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

အယ်လစ်ဇဘက်သည် လေယာဉ်ကွင်းမှ အငှားကားတစ်စီး ငှားလာခဲ့သည်။ စံအိမ်ကြီးတွင် လူတစ်ယောက်မျှ မရှိ။ သူမ ယခင်တစ်ခေါက် ပြန်လာကတည်းက ပိတ်ထားခဲ့သည်။ သူမ လာမည်ဆိုသည်ကိုလည်း ဘယ်သူ့ကိုမှ အကြောင်းမကြားခဲ့။

ထို့ကြောင့် ကိုယ့်အိမ်ကိုယ်ဖွင့်ပြီး တစ်ယောက်တည်း ဝင်သည်။ ရင်းနှီးကျွမ်းဝင်ပြီးသား အခန်းကျယ်ကြီးများထဲတွင် တစ်ယောက်တည်း လျှောက်သွားနေမိသည်။ သူမစိတ်တွင် ဘာမှ မထူးခြား။ နေ့စဉ် နေနေကျ အိမ်လိုပင် ထင်မှတ်သည်။ သူမသည် သည်အိမ်ကြီးနှင့် ရက်အတန်ကြာ ကွဲကွာနေခဲ့ရသည်ဟုလည်း လုံးဝ မထင်မိ။ သည်အိမ်ကြီးမှာ သူမနှင့်အရင်းနှီးဆုံး ဖြစ်သည်။ သူမ၏ ပျော်စရာကောင်းလှသော ကလေးဘဝကို သည်အိမ်ကြီးမှာပင် ကုန်လွန်ခဲ့ရသည် ။

ဟိုတုန်းကဆိုလျှင် သည်အိမ်ကြီးတွင် အိမ်ဖော်တွေ အများကြီး ရှိခဲ့သည်။ ယခုမူ ဘယ်သူမှ မရှိတော့။ သူမတစ်ယောက်တည်းသာ ရှိတော့သည်။ အတိတ်၏ ပဲ့တင်သံများသာ ရှိတော့သည်။

သူမသည် ဖခင်ကြီး၏လက်ဆွဲသေတ္တာကို အောက်ထပ်ဧည့်ခန်းတွင် ထားခဲ့ပြီး သူမ၏အဝတ်သေတ္တာကို အပေါ်ထပ်သို့ ယူလာခဲ့သည်။ သူမသည် နှစ်ပေါင်းများစွာ အကျင့်ပါနေသည့်အလျောက် သူမ၏ အိပ်ခန်းဆီသို့ပင် တန်းတန်းမတ်မတ် လျှောက်လာခဲ့သည်။ ဖခင်ကြီး၏အခန်းကို မြင်လိုက်ရသောအခါ ခြေလှမ်းများ ရပ်သွားသည်။ ပြီးတော့ ဖခင်ကြီးအခန်းဆီသို့ပင် လျှောက်လာခဲ့သည်။ တံခါးကို ဖြည်းဖြည်းကလေး ဖွင့်သည်။ ဖခင်ကြီးကိုများ တွေ့ရမလားလား၊ ဖခင်ကြီး၏အသံကိုများ ကြားရမလမလား ဟူသောအတွေးတ သူမဦးနှောက်ထဲ ဝင်ရောက်လာသောကြောင့် ဖြစ်သည်။

တကယ်တော့ အခန်းထဲတွင် ဘယ်သူမှ မရှိ။ အခန်းထဲမှ

www.burmeseclassic.com



အရာဝတ္ထုအားလုံး နဂိုအတိုင်းပင် လက်ရာခြေရာ မပျက် ရှိနေကြသည်။ ဘာတစ်ခုမှ ပြောင်းလဲခြင်း မရှိ။

အခန်းထဲတွင် နှစ်ယောက်အိပ် ခုတင်ကြီး တစ်လုံး၊ အဝတ်ဗီရို တစ်လုံး၊ မှန်တင်ခုံ တစ်ခု၊ ဆိုဖာကုလားထိုင် နှစ်လုံးနှင့် အနွေးပေး မီးဖိုရှေ့တွင် ဆိုဖာညောင်စောင်း တစ်ခု ရှိသည်။

အယ်လစ်ဇဘက်က အဝတ်သေတ္တာကို ချထားခဲ့ပြီး ပြတင်းပေါက်နားသို့ လျှောက်လာသည်။ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ တောင်တန်းများဆီမှ လေနုအေးကလေး ဝင်လာသည်။ သည်ည သည်အခန်းမှာပဲ သူမ အိပ်တော့မည်။

သူမသည် အောက်ထပ်သို့ ပြန်ဆင်းခဲ့ပြီး စာကြည့်တိုက်ခန်းသို့ ဝင်လာခဲ့သည်။ သားရေဖုံး ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ ပြီးတော့ ကုလားထိုင်လက်တန်းများကို သူမလက်များဖြင့် ပွတ်သပ်တစားနေသည်။ သူမ၏ဖခင်ကြီးနှင့် အလုပ်ကိစ္စ ဆွေးနွေးကြတိုင်း သည်ကုလားထိုင်တွင် ရိုးစ် အမြဲထိုင်လေ့ရှိသည်။

သူမသည် ရိုးစ်အကြောင်းကို စဉ်းစားနေမိသည်။ ခုနေခါ ဒီမှာ သူရှိနေယင် သိပ်ကောင်းမှာပဲဟုလည်း တောင့်တမိသည်။ ရိုးစ်က သူမအား ပါရီမြို့သို့ ညစာစားရန် ခေါ်သွားပြီးနောက် ကျောင်းသို့ ပြန်ပို့ပေးပုံ၊ သူမက အဆောင်ထဲပြန်ရောက်တော့ သူမကိုယ်သူမ စိတ်ကူးယဉ်ပြီး 'မစ္စက်ရိုးစ်ဝီလျံ' ဟူသော နာမည်ကို ခဏခဏ ရေးနေခဲ့မိပုံများကို သတိရမိသည်။

ချက်ချင်းပင် သူမသည် စာရေးစားပွဲသို့ ထသွားပြီး တလောင်တံကို ယူကာ 'မစ္စက်ရိုးစ်ဝီလျံ' ဟူ၍ ရေးနေမိပြန်သည်။ သူမသည် နာမည်ကို သဘောကျစွာ ပြုံးပြုံးကြီး ကြည့်နေမိလေသည်။

ထို့နောက် မီးဖိုခန်းထဲ လျှောက်လာခဲ့သည်။ ရေခဲသေတ္တာကို ဖွင့်ကြည့်သည်။ အထဲတွင် ဘာပစ္စည်းမှ မရှိ။ သူမဗိုက်ထဲ ဆာသလိုလို ဖြစ်လာသည်။ ကြောင်အိမ်ကို ဖွင့်ကြည့်လိုက်သည်။ အသေးစားငါးသေတ္တာ နှစ်ဘူး၊ နက်စ်ကဖီး ဘူးဝက်ခန့်နှင့် ဘီစကွတ် တစ်ထုပ် တွေ့ရသည်။





သူမသည် သည်အိမ်ကြီးတွင် ရက်အတန်ကြာ နေဦးမည်။ စားရေးသောက်ရေးအတွက် နေ့တိုင်း အပြင်ထွက်စားနေရလျှင် ဒုက္ခများမည်။ ထို့ကြောင့် ဈေးသွားပြီး ရိက္ခာအပြည့်အစုံ ဝယ်ထားရန် ဆုံးဖြတ်လိုက်သည်။

အိမ်ဘေးကားရုံထဲတွင် အထွေထွေအိမ်သုံး ဂျစ်ကားတစ်စီး အမြဲတမ်း ထားသည်။ ယခု ယင်းကား ရှိနေသေးသလား။

သူမသည် မီးဖိုခန်းနောက်ဘက်သို့ လာခဲ့သည်။ ထိုမှ ကားရုံသို့ လျှောက်လာခဲ့သည်။ တော်ပါသေးရဲ့ . . . ကားရုံထဲတွင် ဂျစ်ကား ရှိနေသည်။

မီးဖိုခန်းသို့ ပြန်လာခဲ့သည်။ ကြောင်အိမ်နောက်မှ နံရံတွင် သော့တွဲများ ချိတ်ဆွဲထားသည်။ ဂျစ်ကားသော့ကို ယူပြီး ကားရုံသို့ ပြန်လာခဲ့သည်။ ကားမှာ ဓာတ်ဆီမှ ရှိပါသေးရဲ့လား။ ကမန်းကတန်း ကားသော့ဖွင့်ပြီး စက်နှိုးကြည့်လိုက်သည်။ ကားစက်သံ တဝီဝီ မြည်လာသည်။ ဟုတ်ပြီ . . . ပြဿနာတစ်ခုတော့ ရှင်းသွားပြီ။ မနက်မြို့ထဲသွားပြီး လိုအပ်သမျှ မီးဖိုချောင်ပစ္စည်းတွေ ဝယ်မည်။

ပြီးတော့ အိမ်ပေါ်သို့ ပြန်တက်လာခဲ့သည်။ ဧည့်ခန်းမကြီးထဲ ဝင်လာသည်။ တစ်ခန်းလုံး ပကတိ တိတ်ဆိတ်နေသည်။ သူမ၏ ခြေသံကိုသာ တရှပ်ရှပ် ကြားနေရသည်။

သည်အချိန်မှာ ဆာအလက်ဆီက တယ်လီဖုန်းလာရင် သိပ်ကောင်းမှာပဲဟု တောင့်တမိသည်။ သူမ အတွေးမဆုံးခင်မှာပင် တယ်လီဖုန်းသံ တကယ်ထွက်ပေါ်လာသည်။ သူမစိတ်ထဲ ထိတ်ခနဲ ဖြစ်သွားမိသည်။

တယ်လီဖုန်းစားပွဲသို့ လျှောက်လာခဲ့ပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟဲလို . . ."

"အယ်လစ်ဇဘက်လား . . . အလက်ပါ"

အယ်လစ်ဇဘက်က အသံထွက်အောင် ရယ်လိုက်မိသည်။

"ဘာတွေများ ရယ်စရာ တွေ့နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပြောရင် အလက် ယုံမှာ မဟုတ်ဘူး၊ ဒါနဲ့ . . . အခု ဘယ်က ဆက်နေတာလဲ"

"ဂလောက်ဆက်စတာကပေါ့"

အယ်လစ်ဇဘက်သည် ဆာအလက်နှင့် တွေ့ချင်စိတ်ပေါ် လာသည်။ ကုမ္ပဏီနှင့်ပတ်သက်သော သူမ၏ ဆုံးဖြတ်ချက်ကို ကိုယ်တိုင်တွေ့ပြီး ပြောပြလိုက်ချင်သည်။

"ဒီမှာ . . . အလက် ကျွန်မအတွက် တစ်ခုခု ဆောင်ရွက်ပေး ပါလား"

"ရပါတယ် . . . ဆောင်ရွက်ပေးမှာပေါ့"

"လာမယ့် ရက်အားမှာ ကျွန်မဆီ လာခဲ့စေချင်တယ်၊ တိုင်ပင် စရာတွေ ရှိလို့ပါ"

ဆာအလက်ဘက်မှ အသံထွက်မလာ။ ခဏကြာတော့မှ . .

"ကောင်းပြီ . . . လာခဲ့မယ်"

ဆာအလက်က သူ့မှာ အခြားကိစ္စတွေရှိသေးလို့ ခွင့်လွှတ် ဟု မပြော။ ဆက်ဆက်လာခဲ့မယ်ဟုသာ ဆိုသည်။

"ဒါမှ . . . အလက်" ဟု အယ်လစ်ဇဘက်က ကျိတ်ပြီး ချီးကျူးလိုက်မိသည်။

"ဒါနဲ့ ဗီဗီယံပါ ခေါ်လာခဲ့ပါလား . . . အလက်"

"မဖြစ်ဘူး ထင်တယ်၊ သူက ထုံးစံအတိုင်း လန်ဒန်မှာ အလုပ် ရှုပ်နေတယ်၊ ငါ မနက်ဖြန် မနက် လာခဲ့မယ်၊ ဖြစ်တယ် မဟုတ်လား"

"သိပ်ကောင်းတာပေါ့၊ ဘယ်အချိန် ရောက်မလဲ၊ ကွန် လေဆိပ် လာကြိုမယ်လေ . . ."

"နေပါစေ . . . ငါ့ဟာငါ ကားငှားပြီး လာခဲ့ပါ့မယ်"

"ဒါဖြင့်လည်း ကောင်းပြီလေ၊ ကျေးဇူးတင်ပါတယ် . . . အလက်၊ အများကြီး ကျေးဇူးတင်ပါတယ်"

အယ်လစ်ဇဘက်က တယ်လီဖုန်းကို ပြန်ချလိုက်သည်။ သူမရင်ထဲတွင် ပေါ့သွားသလို ခံစားရသည်။

တစ်ချိန်တည်းတွင် သူမအတွေးသည် အလုပ်ကိစ္စဆီ





ရောက်သွားသည်။ နောက်တက်လာမည့် ကုမ္ပဏီဥက္ကဋ္ဌက ဘယ်သူ များ ဖြစ်ပါ့မလဲ၊ တကယ်တော့ ဤကိစ္စကို အုပ်ချုပ်ရေးဘုတ်အဖွဲ့ သာ ဆုံးဖြတ်နိုင်မည် ဖြစ်သည်။

သို့သော် သူမက ဖခင်ကြီးသဘောထားဘက်မှ ရပ်တည်ပြီး တွေးကြည့်နေသည်။ ရီးစ်ဝီလျံကို သွားပြီးသတိရမိသည်။ အခြားပုဂ္ဂိုလ် များမှာ ကိုယ့်လုပ်ငန်းလောက်တွင်သာ တော်ကြသူများ ဖြစ်သည်။ ရီးစ်ကတော့ ကမ္ဘာနှင့်ချီ၍ လုပ်ကိုင်နေရသော ကုမ္ပဏီလုပ်ငန်း တစ်ခု လုံးကို ပတ်ပတ်နပ်နပ် ကျွမ်းကျင်သူ ဖြစ်သည်။ သူသည် အလွန် တော်သူ ဖြစ်သည်။အလွန် အရည်အချင်းပြည့်ဝသူ ဖြစ်သည်။

တကယ်တော့ ပြဿနာမှာ ရီးစ်က ဥက္ကဋ္ဌရာထူးနှင့် မတန် သော အချက်မဟုတ်။ သူသည် ရိုဖေးမိသားစုဝင် မဟုတ်ခြင်းသာ အဓိက ပြဿနာ ဖြစ်နေသည်။ သူသည် ရိုဖေးမိသားစုဝင် တစ်ဦးဦး နှင့် အိမ်ထောင်ပြုထားခြင်း မဟုတ်ခြင်းကသာ ပြဿနာ ဖြစ်သည်။ ထို့ကြောင့် သူသည် ဥက္ကဋ္ဌရာထူး ရဖို့ မဆိုထားနှင့်ဦး၊ အုပ်ချုပ်ရေး အဖွဲ့ဝင် ဖြစ်ဖို့ပင် အင်္ဂါရပ်ပြည့်စုံသူတစ်ဦး မဟုတ်သေး။

အယ်လစ်ဇဘက်သည် အတွေးတန်းလန်းဖြင့် စည့်ခန်းမကြီး သို့ ဖြတ်လျှောက်လာခဲ့သည်။ ဖခင်ကြီး၏ လက်ဆွဲသေတ္တာကို တွေ့ သည်။ ဖွင့်ကြည့်လျှင် ကောင်းမည်လား။ ဆာအလက် ရောက် လာမှ ဖွင့်ခိုင်းရမည်လား။ ဒါပေမဲ့ ဒီအထဲ ကိုယ်ရေးကိုယ်တာတွေ လည်း ရှိနိုင်တယ်။

သူမက သေတ္တာကို ကောက်ယူပြီး စာကြည့်တိုက်ခန်းသို့ လာခဲ့သည်။ သေတ္တာကို စားပွဲပေါ် တင်လိုက်သည်။

သော့တွဲကို ဖြုတ်သည်။ ဘေးပတ်ပတ်လည် သော့ပေါက် များကို ဖွင့်သည်။ သေတ္တာထဲတွင် မနီလာစာအိတ်ရှည်ကြီး တစ်အိတ် တွေ့ရသည်။ သူမက စာအိတ်ကို ဖွင့်ဖောက်လိုက်သည်။ အဖုံးစက္ကူ အောက်တွင် လက်နှိပ်စက်ရိုက် စာရွက်တစ်တွဲ ပေါ်ထွက်လာသည်။ အဖုံးစက္ကူပေါ်တွင်တော့ အောက်ပါစာတန်းများကို ရေးသားထား သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗန္ဓုလာ ဆဗ်ရှိဖေး

"ထိပ်တန်း လျှို့ဝှက်"

မိတ္တူ အပိုမရှိ။

သည်စာရွက်များမှာ လုပ်ငန်းဆိုင်ရာ အစီရင်ခံစာ တစ်ခု ဖြစ်နိုင်သည်။ သို့သော် အမည်နာမ တစ်စုံတစ်ရာ ရေးသားထားခြင်း မရှိ။ သည်အစီရင်ခံစာကို ဘယ်သူရေးသလဲ။

သူမက စာရွက်များကို ကမန်းကတန်း ခပ်မြန်မြန်ကလေး လှန်ဖတ်ကြည့်သည်။ ပြီးတော့ ဖြည်းဖြည်း ဖတ်ကြည့်သည်။ ခဏ ရပ်လိုက်သည်။

သူမကိုယ်သူမ မယုံနိုင်အောင် ဖြစ်သွားသည်။

လက်တင်ကုလားထိုင်ဆီသို့ လာခဲ့သည်။ သူမ၏ခြေထောက် မှ ဖိနပ်ကိုလည်း ချွတ်ပစ်လိုက်သည်။ ခြေထောက်များကို ကိုယ် အောက်သို့ ရုပ်တင်လိုက်သည်။ ပြီးတော့ စာရွက်များကို ဖြန့်ဖတ် လိုက်သည်။

ဖြည်းဖြည်းကလေး ဖတ်သည်။ ပုဒ်စစ်လုံးချင်း ဖတ်သွားသည်။ သူမတစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်း ထသွားမိလေသည်။

★

သူမ ဖတ်နေသော စာရွက်များမှာ လန့်စရာ ကောင်းလှသော အတွင်း ရေး မှတ်တမ်းများ ဖြစ်နေသည်။ လွန်ခဲ့သောနှစ်အတွင်းက ပေါ်ပေါက် ခဲ့သော ပြဿနာများနှင့် ပတ်သက်၍ စုံစမ်းတွေ့ရှိချက်များကို ရေး သားထားသည့် လျှို့ဝှက်အစီအရင်ခံစာ ဖြစ်နေသည်။

ချီလီနိုင်ငံရှိ ရှိဖေးနှင့်သားများပိုင် စက်ရုံခွဲတစ်ခုတွင် ရုတ်တ ရက် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သည်။ ယင်းသို့ ပေါက်ကွဲမှုကြောင့် စတုရန်း ၁၀ မိုင် ပတ်ဝန်းကျင်အတွင်း အဆိပ်ဖြစ်နိုင်သော ဓာတုဗေ ပစ္စည်းများ ပျံ့နှံ့သွားခဲ့သည်။ လူ ၁၂ ယောက်သေဆုံးပြီး တစ်ရာကျော် ဆေးရုံတင်ပို့ခဲ့ရသည်။ ထို့ပြင် မွေးမြူရေးတိရစ္ဆာန်များ အများအပြား သေဆုံးပြီး သီးနှံစိုက်ခင်းများလည်း အဆိပ်သင့်ရသည်။ ထို့ကြောင့် ယင်းဒေသတစ်ဝိုက်မှာ လုံးဝ လုပ်ကိုင်စားသောက်၍ မဖြစ်တော့ လောက်အောင် ပျက်စီးသွားခဲ့လေသည်။

ဤဖြစ်ရပ်အတွက် ယင်းဆိုင်ရာအစိုးရက ကုမ္ပဏီကို တရားစွဲဆိုခဲ့ရာ လျော်ကြေးငွေပေါင်း သိန်းသန်းချီ၍ ပေးခဲ့ရသည်။

သည်ထက်ပို၍ ဆိုးသည်ကား ပေါက်ကွဲမှုသည် မတော်တဆ ဖြစ်ပေါ်ခြင်း မဟုတ်၊ တမင်ကြံစည် လုပ်ဆောင်ချက်ကြောင့် ဖြစ် သည်ဟူသော အချက်ပင် ဖြစ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ အစီရင်ခံစာတွင် အောက်ပါအတိုင်း ရေးသားထားသည်။

စက်ရုံတွင်း ပေါက်ကွဲမှုကို ချီလီအစိုးရ၏ စုံစမ်းစစ်ဆေး ရေး အဖွဲ့ဝင်များက အပေါ်ယံ သဘောမျှသာ ပြုလုပ်ခဲ့ကြသည်။ အစိုးရ၏ သဘောမှာ ဤသို့ ဖြစ်သည်။

ကုမ္ပဏီသည် အလွန်ချမ်းသာသည်။ ခံရသော လူထုမှာ အလွန်ဆင်းရဲသည်။ ထို့ကြောင့် လူထု၏နစ်နာမှုအတွက် ထိုက် သင့်သော လျော်ကြေးကို ကုမ္ပဏီက ပေးစေလိုသည်။

ပေါက်ကွဲမှုသည် အမည်မသိသူ တစ်ဦးကသော်လည်း ကောင်း၊ လူတစ်စုကသော်လည်းကောင်း ပလတ်စတစ်ဗုံးများကို အသုံးပြု၍ တမင် ကြံစည် လုပ်ဆောင်မှုကြောင့် ဖြစ်ရသည် ဟူသော အချက်ကို ကျွန်ုပ်တို့က သံသယမရှိ ယုံကြည်သည်။ သို့ရာတွင် အလုပ်ရုံရှိ အမှုထမ်းများအတွင်း အချင်းချင်း ငြိုငြင်ဆိုင် တိုက်ခိုက်မှု ပြင်းထန်နေသောကြောင့် ဤအမှုအတွက် ခိုင်ခိုင် မာမာ သက်သေ ထုတ်ပြရန် မဖြစ်နိုင်ပါ။

ဤဖြစ်ရပ်ကို အယ်လစ်ဇဘက်ကလည်း ကောင်းစွာ မှတ်မိ နေသေးသည်။ သေဆုံးသွားသော လူနှင့် တိရစ္ဆာန်ဓာတ်ပုံများကို စာနယ်ဇင်းများက မျက်နှာဖုံးတွင် ဝေဝေဆာဆာ ဖော်ပြခဲ့ကြသည်။ ကုမ္ပဏီအနေဖြင့် တာဝန်မဲ့လုပ်ကိုင်နေပြီး လူသားတို့၏ နစ်နာဆုံးရှုံး မှုကို လက်လွှတ်စပယ် ပြုခဲ့သည်ဟုလည်း သတင်းစာများက ဝိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



နှပ်စွဲခဲ့ကြသည်။ ဤအချက်ကြောင့် ကုမ္ပဏီ၏ ဂုဏ်သိက္ခာ အကြီးအကျယ် ကျဆင်းသွားခဲ့ရသည်။

အစီရင်ခံစာ၏ နောက်တစ်ခန်းတွင် ကုမ္ပဏီပိုင် အမိက သုတေသန စီမံကိန်းကြီးများအကြောင်းကို ဖော်ပြထားသည်။ ယင်းတို့မှာ သိပ္ပံပညာရှင်များက နှစ်ပေါင်းများစွာ စမ်းသပ်လုပ်ကိုင်နေသော လုပ်ငန်းကြီးများ ဖြစ်ကြသည်။

စုစုပေါင်း စီမံကိန်းကြီးလေးခု ပါဝင်သည်။ ဤစီမံကိန်းကြီးများအားလုံး အောင်မြင်လျှင် ကုမ္ပဏီအတွက် ငွေတွေ ကုဋေကုဋာချီပြီး ဝင်လာမည် ဖြစ်သည်။ စုစုပေါင်း မြှုပ်နှံရင်းနှီးရသော စရိတ်မှာ ဒေါ်လာငွေ သန်း ၅၀ ကျော်သည်။

သို့သော် လောလောဆယ် မှင်ဆိုင်နေရသော ပြဿနာမှာ အဆိုပါစီမံကိန်းကြီးများအရ ထုတ်လုပ်ရန် စမ်းသပ်သုတေသနပြုနေသော ကုန်ပစ္စည်းအားလုံးကိုပင် အပြိုင်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတစ်ခုကလည်း အစိုးရထံတွင် မှတ်ပုံတင် လျှောက်ထားပြီး ရိုဖေးကုမ္ပဏီမှ စမ်းသပ်နေသော 'ဖော်မြူလာ' နည်းနာအတိုင်းပင် ရိုဖေးကုမ္ပဏီထက် ဦးအောင် ထုတ်လုပ်ရန် ကြံစည်နေခြင်း ဖြစ်သည်။

အစီရင်ခံစာတွင် ရေးသားထားသည်မှာ . . .

ကုန်ပစ္စည်းတစ်ခုတည်းတွင်သာ ယခုကဲ့သို့ ဆန့်ကျင်ဘက် ကုမ္ပဏီနှစ်ခုတို့ တိုက်ဆိုင်မှုရှိကြသည်ဆိုလျှင် ယင်းဖြစ်ရပ်မှာ မတော်တဆ တိုက်ဆိုင်မှုဟူ၍ ဆိုနိုင်သည်။ တူညီသော လုပ်ငန်းများကို အပြိုင်အဆိုင် လုပ်ကိုင်နေကြသော ကုမ္ပဏီပေါင်းများစွာ ရှိကြသောကြောင့် ကုမ္ပဏီအားလုံးက မလွှဲမရှောင်သာ တိုက်ဆိုင်ပြီး၊ ကုန်ပစ္စည်းတစ်ခုတည်းကို တစ်ပြိုင်တည်း ထုတ်လုပ်နေတတ်သော အဖြစ်မျိုး ရှိကောင်းရှိနိုင်သည်။

သို့သော် ယခုမူ ရိုဖေးနှင့်သားများကုမ္ပဏီက ထုတ်လုပ်ရန် စမ်းသပ်နေသော ကုန်ပစ္စည်းလေးမျိုးလုံးကို အခြားကုမ္ပဏီတစ်ခုကလည်း ဤမျှတိုတောင်းလှသော ကာလအတွင်း တိုက်တိုက်ဆိုင်ဆိုင် ထုတ်လုပ်ရန် စီစဉ်နေခြင်းကိုကား ကျွန်ုပ်တို့



အနေဖြင့် သွေးရိုးသားရိုး တိုက်ဆိုင်မှုအဖြစ် မယူဆနိုင်ပေ။ ကေန္ဒ လျှို့ဝှက်သုတေသန ဖော်မြူလာကို ရိုဖေးနှင့်သားများကုမ္ပဏီ အမှုထမ်းတစ်ဦးဦးက ပြိုင်ဘက်ကုမ္ပဏီသို့ ခိုးယူပေးပို့က်မယာကြောင့် အို့မဟုတ် ရောင်းချလိုက်သောကြောင့် ဖြစ်မည်မှာ သံသယ ဖြစ်စရာ မလို။

စမ်းသပ်မှုများမှာ ထိပ်တန်းလျှို့ဝှက်ချက်ဖြစ်ခြင်းနှင့် ဓာတ်ခွဲရုံအများအပြားတွင် လုံခြုံရေးအစောင့်အကြပ် ထူထပ်စွာချထား၍ ဆောင်ရွက်ရခြင်းတို့ကြောင့် ဤလုပ်ငန်းနှင့် သက်ဆိုင်သူအားလုံးကို ရုံးဝင်ရုံးထွက်တိုင်း အထူးတလည် စစ်ဆေးခြင်းပြုပြီးမှ ခွင့်ပြုခဲ့သည်။

ထို့ကြောင့် ယခုကိစ္စတွင် အမိကတာများခံမှာ ရိုဖေးနှင့်သားများကုမ္ပဏီမှ ထိပ်တန်းအမှုဆောင် ပုဂ္ဂိုလ်တစ်ဦးဦးဖြစ်မည်ဟု ကျွန်ုပ်တို့ လေးလေးနက်နက် ယုံကြည်သည်။

သည်မျှသာ မဟုတ်သေး။ ကုမ္ပဏီပိုင် အဆိပ်ဆေးများစွာကို လေဘာယ်ဟံဆိပ်ဟုမဟွကပ်ပြီး ဟင်ပို့ရောင်းချမိသော မပြေးက်ိမများ ဖြစ်ရပ်ကြီးလည်း ပေါ်ပေါက်ခဲ့သေးသည်။ အဖြစ်မှန်ကို နောက်မှ သိကြရသောကြောင့် ဆေးဝါးသုံးစွဲသူတွေ အတော်များများ သေဆုံးခဲ့ရသည်။ ကုမ္ပဏီမှာလည်း လဲရာဖိထောင်းသလို အကြီးအကျယ် နာမည်ပျက်သွားခဲ့ရသည်။ သို့သော် လေဘာယ်တံဆိပ်တုတွေကို ဘယ်သူတွေက ဘယ်နေရာမှ ကပ်ပေးလိုက်ကြောင်းကို ယနေ့တိုင် စုံစမ်းစစ်ဆေး၍ မရနိုင်သေး။

ပြီးတော့ အခြားငန်းမန်း အဆိပ်ဖြေဆေး တစ်မျိုးမှာလည်း လုံခြုံရေးအစောင့်အကြပ် ထူထပ်စွာ ချထားသည့် ဓာတ်ခွဲခန်းထဲမှ ပျောက်ဆုံးသွားခဲ့သည်။ ဆေးပျောက်ဆုံးသွားပြီး တစ်နာရီအတွင်းမှာပင် အမည်မသိ တစ်ယောက်ယောက်က သတင်းစာတိုက်များသို့ လက်ထောက်ချလိုက်သောကြောင့် တိုင်းပြည်အနှံ့ ဟိုးလေးတကျော် ဖြစ်သွားခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ညှိုး၍ အမှောင်ရိပ်များ ထူထဲလာခဲ့ပြီ။ ညဦးလေကလည်း တဖြည်းဖြည်း အေးစိမ့်လာသည်။ သို့သော် အယ်လစ်ဇဘက်မှာ ထိုင်ရာမှ မထသေး။ လက်ထဲမှ အစီရင်ခံစာတွင်သာ စိတ်ရော ကိုယ်ပါ နှစ်မြှုပ်နေဆဲ ဖြစ်သည်။

သူမသည် စာကြည့်မီးလုံးကို ဖွင့်လိုက်သည်။ ပြီးတော့ အစီရင်ခံစာကို ဆက်လက်ဖတ်ရှုသည်။ ပို၍ပို၍လန့်စရာ ကောင်းသော ဖြစ်ရပ်များသာ တစ်ခုပြီးတစ်ခု တွေ့နေရတော့သည်။

အစီရင်ခံစာ၏ လေသံမှာ တည်တည်ပြတ်ပြတ်ဟန် ပေါ်နေသော်လည်း စိုးရိမ်စရာအဖြစ်ကိုတော့ လုံးဝ မဖုံးကွယ်နိုင်။ အချက်တစ်ခုကတော့ ပြတ်ပြတ်သားသား ပေါ်လွင်နေသည်။ တစ်စုံတစ်ယောက်သည် ရှီဖေးနှင့်သားများကုမ္ပဏီကို အကြံပိုင်ပိုင် ပိပိရိရိဖြင့် ဖျက်လိုဖျက်ဆီးလုပ်နေပြီဆိုတာကတော့ ဘူးပေါ်သလို ပေါ်နေပြီ။

အစီရင်ခံစာ နောက်ဆုံးစာမျက်နှာ၏ ဘေးသားကွက်လပ်ပေါ်တွင် သပ်ရပ်ပီပြင်သော မစ္စတာဆမ်ရှီဖေး၏လက်ရေးဖြင့် . . .

*ကုမ္ပဏီကို အပြင်လူများအား ရောင်းချပစ်ရန် ကျုပ်ကို အကျပ်ကိုင်တာလား။ ကမြင်းမသား သစ္စာဖောက် . . . နေနှင့်ဦးပေါ့ကွာ*

ဟူ၍ ရေးသားထားသည်။

အယ်လစ်ဇဘက်က ဖခင်ကြီး၏အဖြစ်ကို တွေးပြီး သနားမိသည်။ သူ့ခမျာ ဘယ်လောက် သောကတွေ ရောက်လိမ့်မလဲ၊

ဘယ်သူ့ကိုမှလည်း ယုံကြည်လို့မရတဲ့ အဖြစ်မျိုးပါကလား။

သူမက အစီရင်ခံစာ ရှေ့ပိုင်းကို ပြန်လှန်လိုက်သည်။

**"ထိပ်တန်း လျှို့ဝှက်။ မိတ္တူ။ အပိုမရှိ"**

ဤအစီအရင်ခံစာကို ပြင်ပစုံစမ်းစစ်ဆေးရေးဌာနတစ်ခုခုအား ငှားရမ်းပြီး စုံစမ်းစစ်ဆေး ရေးသားပြုစုစေခဲ့ခြင်းဖြစ်ကြောင်း အယ်လစ်ဇဘက်က သံသယကင်းစွာ ယုံကြည်သည်။ ထို့ကြောင့် ဤမှတ်တမ်းကို သူမ၏ဖခင်ကြီး တစ်ဦးတည်းသာ သိလိမ့်မည်။ ယခုဆိုလျှင် သူမပါ သိရပြီ။ တရားခံကတော့ သူ့ကိုယ်သူ လုံလုံပြီဟု စိတ်ချ



နေပေလိမ့်မည်။ ယင်းတရားခံ ဘယ်သူဘယ်ဝါဆိုတာ သူမဖခင်ကြီး သိထားပြီလား။

အယ်လစ်ဇဘက်ကတော့ ဘာကိုမှ မသိတော့။ သူမ သိသည်မှာ အတွင်းရန်သူ သစ္စာဖောက်တစ်ယောက်ယောက်တော့ ရှိနေပြီဟူသော အချက်ကိုသာ ဖြစ်သည်။

"ထိပ်တန်းအုပ်ချုပ်ရေးပိုင်းက တစ်ယောက်ယောက် . . . တစ်ယောက်ယောက် . . ."

သူမက အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးကို ပြန်လည် စဉ်းစားမိသည်။ သူတို့အထဲက တစ်ယောက်ယောက်များ ဖြစ်နေပြီလား။

ယင်းသို့တွေးမိပြီး ရုတ်တရက် အားငယ်စိတ်များ ပေါ်လာမိသည်။

ထိုအချိန်တွင် ကျယ်လောင်သော တယ်လီဖုန်းသံကြောင့် လန့်ဖျတ်ပြီး တစ်ကိုယ်လုံး တုန်သွားမိသည်။ သူမသည် တယ်လီဖုန်းစားပွဲသို့ လျှောက်လာခဲ့သည်။

"ဟလို . . ."

"လစ်ဇ်လား . . . ကိုယ်ပါ။ ခုတင်ပဲ မင်းပို့ထားတဲ့ သတင်းရလို့ ချက်ချင်း ပြန်ဆက်တာ . . ."

ရီးစ်၏အသံကို ကြားလိုက်ရ၍ သူမ အလွန်ဝမ်းသာသွားသည်။ တစ်ချိန်တည်းတွင်ပင် ရီးစ်ကို သူမ ဘာကြောင့် တယ်လီဖုန်းခေါ်ခဲ့ရခြင်း အကြောင်းရင်းကိုလည်း သတိရမိသည်။

ကုမ္ပဏီအား လက်လွှဲရောင်းချရေးကိစ္စနှင့် ပတ်သက်သော စာရွက်စာတမ်းများကို သူမက လက်မှတ်ရေးထိုးပါတော့မည်ဟူ၍ ပြောရန် ရီးစ်အား ဖုန်းခေါ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ယခုအချိန်တွင်ကား အခြေအနေအားလုံးမှာ ပြောင်းပြန်ဖြစ်သွားခဲ့လေပြီ။ သူမက အခန်းနံရံမှ အဘိုးကြီးဆင်မြူမယ်၏ ပုံတူကားကို လှမ်းကြည့်လိုက်သည်။ သူသည် ဤကုမ္ပဏီကြီးကို စတင် တည်ထောင်ခဲ့သည်။ ဤကုမ္ပဏီကြီး အစွန့်ရှည်တည်တံ့ရေးအတွက် တိုက်ပွဲဝင်ခဲ့သည်။ သူမ၏ဖခင်ကြီးက ကုမ္ပဏီကို တိုးချဲ့ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤကုမ္ပဏီသည် သူ့ဘ၀၊ သူ့အသက်။

သူ့ဘ၀၊ သူ့အသက်သည် ဤကုမ္ပဏီ။

"ဒီမှာ ရိုးစ် . . အင်္ဂါနေ့မှာ အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေး လုပ်ချင်တယ်၊ အချိန်က မွန်းလွဲ ၂ နာရီ၊ အဲဒီအတွက် အားလုံး အဆင်သင့် ပြင်ပေးထားပါလား"

"အင်္ဂါနေ့-၂ နာရီ၊ ဟုတ်ပြီ နောက် ဘာများ ရှိသေးသလဲ"

အယ်လစ်ဇဘက်က အနည်းငယ် တုံ့ဆိုင်းနေသည်။

ပြီးတော့မှ . . .

"မရှိတော့ပါဘူး၊ ဒါလောက်ပါပဲ . . . ကျေးဇူးတင်ပါတယ်"

သူမက တယ်လီဖုန်းကို ဖြည်းဖြည်းပြန်ချလိုက်သည်။

သူမအနေဖြင့် တိုက်ပွဲဝင်တော့မည်။ သူတို့ကို အပြတ် အသတ် တိုက်ခိုက်တော့မည်။

★

အယ်လစ်ဇဘက်သည် ဖခင်ကြီးနှင့်အတူ တောင်ပေါ်သို့ ရောက်နေသည်။ သူမက ဖခင်ကြီးဘေးတွင် ရပ်နေသည်။

"အောက်ကို မကြည့်နဲ့ . . . သမီး"

ဖခင်ကြီးက သတိပေးသည်။ သူမက နားမထောင်။ အောက်သို့ ငုံ့ကြည့်လိုက်သည်။ အောက်တွင် ဘာကိုမျှ မမြင်ရ။ အသူတစ်ရာ နက်စောက်လှသော ဟင်းလင်းပြင်ကြီးသာ ရှိနေသည်။

ရုတ်တရက် နားကွဲမတတ် မိုးခြိမ်းသံကြီး ပေါ်ထွက်လာသည်။ လျှပ်စီးများ တဖျပ်ဖျပ် လက်သည်။ လျှပ်စီးတန်းတစ်ခုသည် ဖခင်ကြီး၏ခါးတွင် ချည်ထားသော တောင်တက်ကြိုးကို လာထိပြီး ပွင့်သွားသည်။ ဖခင်ကြီးသည် ကြိုးပြတ်ပြီး လဟာပြင် ချောက်ကြီးထဲသို့ ယိမ့်ကျသွားတော့သည်။

အယ်လစ်ဇဘက်သည် ချောက်ကြီးထဲသို့ တလိမ့်ခေါက်ကွေး ကျသွားသော ဖခင်ကြီးအား တောင်ထိပ်မှ ဆီး၍ ကြည့်နေသည်။



သူမက ကြောက်အားလန့်အားဖြင့် အသံကုန် အော်လိုက်သည်။ သို့ပေမယ့် သူမအော်သံမှာ မိုးခြိမ်းသံများကြားတွင်သာ နစ်မြုပ် ကွယ်ပျောက်သွားလေသည်။

အယ်လစ်ဇဘက်သည် အိပ်ရာမှ ရုတ်တရက် လန့်နိုးလာခဲ့သည်။ သူမ၏ ညအိပ်ဝတ်စုံမှာ ဇောချွေးတွေနှင့် စိုရွှဲနေသည်။ ရင်မှာလည်း တဖျပ်ဖျပ် လှိုင်းခတ်နေသည်။ မိုးခြိမ်းသံကြီးတစ်ချက် ကျယ်လောင်စွာ ပေါ်လာပြန်သည်။ သူမက ပြတင်းပေါက်ဆီသို့ လှမ်းကြည့်လိုက်သည်။ အပြင်တွင် မိုးကြီးသည်းထန်စွာ ရွာသွန်းလျက် ရှိသည်။ လေပြင်းကလည်း တဟူးဟူး တိုက်ခိုက်နေသည်။ အခန်းတွင်းသို့ မိုးနှင့်လေနှင့် တရကြမ်း ဝင်လာသည် ။

သူမသည် အိပ်ရာမှ ကပျာကသီ ထပြီး ပြတင်းဆီသို့ လာခဲ့သည်။ လေပြင်းဒဏ်ကြောင့် တံခါးရွက်များကို တအားတွန်းထားရသည်။ အပြင်တွင် တစ်မိုးလုံး ပိန်းပိတ်အောင် မည်းမှောင်နေသည်။ မိုးကုပ်စက်ဝိုင်းကို ဖြတ်ကာ လျှပ်စီးများ တလက်လက် ပြက်နေသည်။

သို့သော် ယင်းအရာတွေကို အယ်လစ်ဇဘက် လုံးဝ မမြင်ရ။

သူမသည် စောစောကလို အိပ်မက်ဆိုးအကြောင်းကိုသာ အထိတ်တလန့် တွေးနေမိသည်။

★

မနက်မိုးလင်းတော့ မုန်တိုင်း လုံးဝ စဲသွားပြီ။ တစ်ကျွန်းလုံးလည်း ငြိမ်ဆိတ်နေသည်။ မိုးဖွဲမိုးပေါက်ကလေးများသာ ကျန်တော့သည်။

အယ်လစ်ဇဘက်က ဆာအလက်ကို သတိရလာသည်။ သူသည် ယခုလို ရာသီဥတုဆိုးရွားမှုကြောင့် သူမထံ မလာဘဲနေမည်တော့ မဟုတ်ဟုလည်း တွေးမိသည်။ သူမအနေဖြင့် လျှို့ဝှက်အစီရင်ခံစာကို ဖတ်ပြီးကတည်းက တစ်ယောက်ယောက်နှင့် စကားပြောချင်စိတ်များ တဖွားဖွား ပေါ်ပေါက်နေခဲ့သည်။ အစီရင်ခံစာကိုလုံခြုံသော

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာတွင် သိမ်းဆည်းထားရမည်ဟူသော အသိက ရုတ်တရက် ဝင်ရောက်လာသည်။ စံအိမ်ကြီး၏ အပေါ်ဆုံးထပ်ရှိ မျှော်စင်ဆောင်ခန်းတွင် မီးခံသေတ္တာတစ်လုံး ရှိသည်။ အစီရင်ခံစာကို ယင်းသေတ္တာထဲတွင် သိမ်းဆည်းထားရန် ဆုံးဖြတ်လိုက်သည် ။

သူမသည် လန်းလန်းဆန်းဆန်းဖြစ်သွားအောင် ရေမိုးချိုးပစ်လိုက်သည်။ ပြီးတော့ အဝတ်အစားလဲပြီးနောက် အစီရင်ခံစာကို ယူရန် စာကြည့်တိုက်ခန်းထဲသို့ ဆင်းလာခဲ့သည်။

အခန်းထဲတွင် အစီရင်ခံစာ မရှိတော့။

★ ↔ ★

## အခန်း (၁၈)

အခန်းတံခါးအားလုံး ဟင်းလင်းပွင့်ပြီး အခန်းထဲရှိ ပစ္စည်းများမှာလည်း မြင်မကောင်း ရှုမကောင်းအောင် ဖရိုဖရဲ ပြန့်ကျဲနေကြသည်။ အစီရင်ခံစာမှ စာရွက်အချို့မှာ စိုရွဲနေသော ကြမ်းခင်း ကော်ဇောပေါ် ရောက်နေသည်။ အခြားစာရွက်များမှာ စားပွဲပေါ်တွင် ဘာတစ်ခုမှ မရှိတော့။ တစ်ညလုံး ကြောက်ခမန်းလိလိ သဘောရှိ တိုက်ခဲ့သော လေပြင်းနှင့် ပါသွားမည် သေချာသည်။

အယ်လစ်ဇဘက်က ပြတင်းပေါက်နားသွားပြီး မြက်ခင်းထဲသို့ ငုံ့ကြည့်လိုက်သည်။ စာရွက်နှင့် တူသောအရာဆို၍ ဘယ်အရာကိုမှ မတွေ့ရ။ တောင်စွန်းတစ်ဘက်သို့ လေပြင်းနှင့်ပါသွားတာ ဖြစ်နိုင်သည်။

"မိတ္တူ အပိုမရှိ"

ယင်းအတွေးကြောင့် သူမစိတ်ထဲ အထူးပင်စိုးရိမ်သွားမိသည်။ သို့ပေမယ့် အရေးမကြီး၊ ဖခင်ကြီး ငှားရမ်းထားခဲ့သော စုံစမ်းစစ်ဆေးရေးဌာနအမည်ကို သိလျှင် အပိုမိတ္တူတစ်စောင်ကို တောင်းယူနိုင်သေးသည်။ ယင်းဌာနကို အတွင်းရေးမှူး မစ္စကိတ်အားလဲင်းသိကောင်းသိနိုင်သည်။ သို့သော် ကျိန်းသေပေါက် ပြောလို့တော့ မရ။ ဖခင်ကြီးက သူမကို ယုံချင်မှ ယုံမည်။ သည်ကိစ္စက လွယ်တဲ့ကိစ္စမဟုတ်။ မတော်လျှင် ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်သွားနိုင်သည်။ ကိုယ်ကကျူး ကိုယ့်ဒူးတောင် ယုံရသည်မဟုတ်။ သတိကြီးစွာထားပြီး ပိပိရိရိ လုပ်နိုင်ကာမှ တော်ရာကျမည်။

ယခုတော့ အိမ်ထဲတွင် စားစရာ ဘာမျှမရှိသေးသည့်အဖြစ်ကို အယ်လစ်ဇဘက် သတိရမိသည်။ မျှားစွာမဝေးသော ကလာဒီမော်ရွာလေးသို့ သွားပြီး ဈေးဝယ်ရဦးမည်။ သူမ ဈေးသွားနေတုန်း သာအလက် ရောက်ချင်ရောက်လာနိုင်သည်။

သူမသည် ဧည့်ခန်းမကြီးထဲမှအဝတ်ဗီရိုဆီသို့ လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးကာအကျီနှင့် ခေါင်းစည်းပဝါကို ထုတ်ယူလိုက်သည်။ မိုးစဲသွား တော့မှ ပျောက်နေတဲ့ စာရွက်တွေ ရှာကြည့်ရဦးမည်ဟုလည်း သတိ လိုက်မိသည်။

ထို့နောက် မီးဖိုခန်းထဲလာခဲ့ပြီး သော့ချိတ်မှ ဂျစ်ကားသော့ ကို ဖြုတ်ယူကာ အိမ်ဘေးရှိ ကားရုံသို့ ဆင်းလာခဲ့သည်။

လမ်းမပေါ်တွင် ကားအသွားအလာ မရှိသလောက် ရှင်း သည်။ သို့ပေမယ့် လမ်းဘေးတောင်စောင်း တစ်ဘက်တစ်ချက်တွင် တော့ လူနေအိမ်များကို ကြိုးကြားကြိုးကြား တွေ့ရသည်။ ကားပြတင်း ပေါက်မှ လက်ဝဲဘက်သို့ ငုံ့ကြည့်လိုက်သောအခါ တိုင်ရေ ပင်လယ်ပြင်ကို မြင်ရသည်။ ညတုန်းက လေပြင်းမုန်တိုင်းဒဏ်ကြော ဤပင်လယ်ပြင်တွင် လှိုင်းလုံးကြီးတွေ တဝုန်းဝုန်းနှင့် အကြီးအကျ ဒေါသူပုန် ထခဲ့ကြပေလိမ့်မည်။

အယ်လစ်ဇဘက်သည် ကားကို အရှိန်သတ်ပြီး ဘီးလှိမ့် မှ မောင်းလာခဲ့သည်။ ဤနေရာသည် အလွန်အန္တရာယ်များသည့် မပေါင်မပေါင်းကို ဖြတ်၍ ယမ်းနှမ်သွယ် ဖောက်လုပ်ထားသည့် နှစ်လမ်းစလုံး အလွန်ကျဉ်းသည်။ ကားသွားလို့ ရရုံတမယ်သာ ရှိ သည်။ အတွင်းလမ်းက ကျောက်တောင်ကြီးနှင့် ပိုနီးသည်။ အပြ လမ်းကတော့ ပင်လယ်ပြင်နှင့် ပိုနီးကပ်နေသည်။

သူမသည် အတွင်းလမ်းမှ မောင်းနေသည်။ တောင်စော လမ်းဖြစ်၍ ကားဘရိတ်ကို သတိကြီးစွာ ထိန်းပြီး ဖြည်းဖြည်းက မောင်းနေရသည်။

တစ်နေရာတွင် လမ်းကွေ့တစ်ခုနှင့် လာတိုးသည်။ ကား ကိုလျှော့ရန် ဘရိတ်ကို ရုတ်တရက် နင်းလိုက်သည်။ ဘရိတ်က အုပ်၍ မရတော့။

အတော်ကြီး အားစိုက်ပြီး ဘရိတ်ကို နင်းပြန်သည်။ ထိုအ တွင်တောင်စောင်းလမ်းကွေ့သို့ ရောက်လာသဖြင့် စတီယာရင် တအား ကွေ့မောင်းလိုက်သည်။ ကားက အရှိန်နှင့် တအားပြေးသည် သူမက ဘရိတ်ကို နင်းသည်။ သို့သော် ကားမရပ်တော့ ။



ရှေ့တွင် လမ်းကွေ့တစ်ခုကို မြင်ရပြန်ပြီ။ သူမသည် မိုင်နှုန်း ပြခွက်ကို မကြည့်ရဲကြည့်ရဲနှင့် ကြည့်လိုက်သည်။ အိမ်မြှောင်လက် တံ အပေါ်ဘက်သို့ တလှုပ်လှုပ်နှင့် ထိုးတက်နေသည်။ လမ်းကွေ့ ကို အရှိန်နှင့် ပတ်မောင်းလိုက်သည်။ ရှေ့လှမ်းလှမ်းမှာက မတ်စောက် သော တောင်စောင်းကြီး . . . ။

အယ်လစ်ဇဘက်က ကားပေါ်မှ ခုန်ဆင်းလိုက်ရင် ကောင်း မလားဟု စဉ်းစားမိသည်။ မိုင်နှုန်းက တစ်နာရီ မိုင် ၇၀ နှုန်း။

သူမအဖို့ ထွက်ပေါက်မရှိတော့။ အသူတစ်ရာ ချောက်ကြီးထဲ သို့ ရောကားပါ ဒိုင်ဗင်ထိုးချရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့။

ဤတွင် သူမခေါင်းထဲသို့ လျှပ်စီးလက်လိုက်သလို အသိ တစ်ခု ရုတ်တရက် ဝင်ရောက်လာသည်။

ငါ့ကို တစ်ယောက်ယောက် ကြံစည်ပြီး သတ်ဖို့ ကြိုးစားနေ ပြီ ဖေဖေလည်း အသတ်ခံခဲ့ရပြီ။

သို့သော် လူသတ်သမားသည် ဘယ်သူဘယ်ဝါ ဖြစ်မည်ဟူ၍ တော့ မတွေးတတ်နိုင်။ သူစိမ်းလူဖြစ်လျှင် ကောင်းမည်။ အတွင်းလူဆို လျှင်တော့ အဖြစ်က အလွန်ဆိုးတာပဲ။ ဘာပဲဖြစ်ဖြစ် လူသတ်သမား သည် အတွင်းလူပဲ ဖြစ်နိုင်သည်။

အယ်လစ်ဇဘက် မျက်နှာတွေကို မြင်ယောင်မိသည်။

ဆာအလက်၊ အိုင်ဗိုပလာဇီ၊ ဝေါလသာဂတ်စနာ . .၊ ဟာတယ် . .၊

အုပ်ချုပ်ရေးပိုင်းက ထိပ်သီးပုဂ္ဂိုလ် တစ်ဦးဦးတဲ့ . . . ။

ယခု သူမ သေသွားလျှင်လည်း ဖခင်ကြီးကဲ့သို့ပင် မတော် ဆ သေတာဟူ၍ သတင်းလွှင့်ကြဦးမည်မှာ သေချာသည်။

အယ်လစ်ဇဘက်က ကျိတ်၍ ငိုမိသည်။ သူမမျက်ရည်များ သည် မြူခိုးများနှင့် ရောသွားကြသည်။

ထိုခဏတွင် ဖခင်ကြီး၏အသံကို ကြားလိုက်ရသည်။

“မှောင်ကြီးမည်းမည်း တစ်ယောက်တည်း ဘာလုပ်နေတာ လဲ သမီး”

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဖခင်ကြီးက သူမကို ကောက်ချီပြီး အိပ်ခန်းထဲသို့ လာခဲ့သည်။ ဆက်တိုက်လိုပင် မြင်ကွင်းတစ်မျိုး ပြောင်းသွားပြန်သည်။ သူမသည် ဇာတ်ခုံပေါ်တွင် ခုန်ပြီးရင်း ခုန်နေသည်။ ဆရာမကြီး မဒမ် နက်ထရီတာက သူမကိုကြည့်ပြီး သံကုန်လှမ်းအော်နေသည်။

ပြီးတော့ ရီးစ်မျက်နှာကို မြင်ယောင်လာသည်။ သူမက အသံကုန်ဟစ်၍ ရီးစ်ကို ခေါ်လိုက်သည်။

နောက်ဆုံး သူမ သတိရလိုက်တာကတော့ ပေါက်ကွဲသံကြီး တစ်ခု မြည်ဟီးသွားခြင်းပင် ဖြစ်တော့သည်။

ထို့နောက်တွင်တော့ တစ်လောကလုံး အဖြူရောင်လွှမ်းပြီး တိတ်ဆိတ်ငြိမ်သက် သွားလေတော့သည်။

★ ↔ ★



## အခန်း ( ၁၉ )

အယ်လစ်ဇဘက်က မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။ သူမ ဆေးရုံပေါ် ရောက်နေသည်။ သူမဘေးနားတွင် ရပ်နေသူက ဆာအလက်။

"အိမ်ထဲမှာ စားစရာ ဘာမှ မရှိဘူး . . . အလက်"

သူမက ယင်းသို့ပြောရင်း ငိုပါလေတော့သည်။

ဆာအလက်က စိတ်မချမ်းသာစွာဖြင့် အယ်လစ်ဇဘက်ကို ဖက်ထားသည်။

"အယ်လစ်ဇဘက်"

"ကျွန်မ နေကောင်းပါတယ် . . . အလက်၊ ဘာမှ မဖြစ်တော့ပါဘူး"

သို့သော် သူမမှာ ကိုင်ရိုက်ထားသလို တစ်ကိုယ်လုံး နာကျင်နေသည်။ အသက်မသေလို့ တော်ပါသေးရဲ့။ သူမသည် ကိုယ့်အဖြစ်ကို ယုံကြည်နိုင်မှာမဟုတ်ပဲ ဖြစ်နေသည်။ တောင်ဇောင်းချောက်ယံ တားရော လူပါ ထိုးကျသွားသည့်အဖြစ်ကို မြင်ယောင်လာမိသည်။ တစ်ကိုယ်လုံး အေးစက်သွားသလို ထင်မှတ်လိုက်ရသည် ။

"ကျွန်မ ဒီမှာ ဘယ်လောက်ကြာသွားပြီလဲ"

သူမအသံမှာ အားနည်းပြီး တိုးတိုးလေးသာ ထွက်လာသည်။

"သူတို့ ဒီကိုယူလာတာ နှစ်ရက်ရှိသွားပြီ၊ အဲဒီတည်းက လုံးဝ သတိမရခဲ့ဘူး၊ ဆရာဝန်တွေကတော့ တော်တော်အံ့ဩနေတယ်၊ မြင်ရတဲ့လူတွေ အပြောအရဆိုရင် မင်းဟာ လုံးဝ အသက်ရှင်စရာ အကြောင်းမရှိတော့ဘူး၊ အလုပ်သမားတစ်အုပ်က တွေ့လို့ ဆေးရုံကို ယူလာကြတာ၊ အရိုးတွေဘာတွေ လုံးဝ မထိခိုက်မိတာ သိပ်ပြီး ကံကောင်းတယ်၊ ဘုရားသခင် ကျေးဇူးပါပဲ"

ဆာအလက်က အယ်လစ်ဇဘက်၏ မျက်နှာကို တွေကြည့်ရင်းမှ . . .

"မင်းက ဒီလောက်အန္တရာယ်များတဲ့ လမ်းပေါ်မှာ ဘာသွား



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေရတာလဲ”

အယ်လစ်ဇဘက်က အကြောင်းစုံကို ပြောပြလိုက်သည်။ ဆာအလက်မျက်နှာပေါ်တွင် စိုးရိမ်စိတ်များ မြင်ရသည်။ သူကိုယ်တိုင် ကြုံခဲ့ရသလို ခံစားနေရပုံမျိုး ပေါ်လွင်နေသည်။

“ဘုရား . . . ဘုရား . . . မသေကောင်း မပျောက်ကောင်း လစ်ဇ်ရယ်၊ မင်းဟာ တော်တော်မိုက်မဲတဲ့ သူငယ်မပဲ၊ အင်း . . . တော်တော်ကြောက်စရာကောင်းတဲ့ ဖြစ်ရပ် . . .”

“ဒါပေမယ့် . . . ဒါ မတော်တဆဖြစ်တာ မဟုတ်ဘူး အလက်”

ဆာအလက်က ရုတ်တရက် တွေဝေသွားသည်။

“ဘယ့်နှယ့် . . . ဘာပြောတယ်၊ မင်းပြောတာ ငါ သဘော မပေါက်ဘူး”

“တစ်ယောက်ယောက်က ကားဘရိတ်ကို ဖျက်ထားလို့ ဖြစ်ရတာ”

ဆာအလက်က ခေါင်းကို ခါယမ်းနေသည်။

“မဖြစ်နိုင်တာပဲ၊ ဘယ်သူက ဘာကြောင့် ဒီလို လုပ်ရမလဲ”

“ဘာကြောင့်လဲ ဆိုတော့ . . .”

သူမက စကားကို ဖြတ်ပစ်လိုက်သည်။ တကယ်တော့ ဘာကြောင့်ဆိုတာကို ဆာအလက်အား သူမ မပြောနိုင်သေး၊ သူ့ကို အားလုံးထက် ယုံကြည်သော်လည်း စကားကုန်ပြောလို့ မဖြစ်သေး။ ပြောသင့် မပြောသင့်ဆိုတာကို အချိန်ယူပြီး စဉ်းစားရဦးမည်။ ထို့ကြောင့် သူမက စကားကို လွှဲပြောလိုက်ရသည်။

“အဲဒါတော့ ကျွန်မ အတိအကျ မပြောတတ်ဘူး၊ ဒါပေမဲ့ တစ်ယောက်ယောက်က လုပ်တာဆိုတာတော့ ကျွန်မစိတ်ထဲမှာ အလိုလို သိနေတယ်”

သူမက ဆာအလက်မျက်နှာကို ကြည့်နေသည်။ သူ့မျက်နှာပေါ်တွင် အရိပ်တွေ တစ်မျိုးပြီးတစ်မျိုး ပြောင်းသွားသည်ကို မြင်ရသည်။ မယုံကြည်နိုင်ခြင်း၊ အံ့ဩခြင်း . . . ပြီးတော့ ဒေါသဖြစ်ခြင်း။



“ကောင်းပြီ . . . ဒီလိုဆိုရင်တော့ အဖြစ်မှန်ပေါ်အောင် စုံစမ်းရမှာပဲ”

သူ့အသံက မာနေသည်။

ထို့နောက် သူ ရဲစခန်းသို့ တယ်လီဖုန်းဆက်သည်။

“ကျုပ် အလက်နီခိုးလ်ပါ၊ . . . ကျုပ် . . . ဟုတ်ပါတယ်၊ အခြေအနေ ကောင်းနေပါပြီ၊ ကျေးဇူးတင်ပါတယ်၊ ကျုပ် သူ့ကို ပြောလိုက်ပါ့မယ်၊ ကျုပ် အဲဒီဂျစ်ကားကို ကြည့်ချင်တယ်၊ ခု ဘယ်မှာ ရှိလဲ၊ . . . ဟုတ်ကဲ့၊ အဲဒီမှာပဲ သိမ်းထားပါ။ စက်ဆရာကောင်းကောင်း တစ်ယောက် ရှာထားပါ၊ နာရီဝက်အတွင်း ကျုပ် လာခဲ့ပါမယ်”

သူက တယ်လီဖုန်းကို ပြန်ချရင်း . . .

“ကားကို ရဲစခန်းမှာပဲ သိမ်းထားသတဲ့၊ ငါ . . . အဲဒီ သွားကြည့်လိုက်မယ်” ဟု အယ်လစ်ဇဘက်အား လှမ်းပြောလိုက်သည်။

“ကျွန်မလည်း လိုက်မယ်”

ဆာအလက်က လန့်သွားသည်။

“ဘယ်ဖြစ်မလဲ . . . ဆရာဝန်က ပြောထားတာပဲ၊ တစ်ရက် နှစ်ရက် နေရဦးမယ်တဲ့၊ မင်း . . . မဖြစ်ပါဘူး”

“ကျွန်မ လိုက်မယ်”

အယ်လစ်ဇဘက်က မရမက တောင်းဆိုနေသည်။

သို့ဖြင့် နောက် ၄၅ မိနစ်အကြာတွင် အယ်လစ်ဇဘက်သည် ဆာအလက်နှင့်အတူ ရဲစခန်းသို့ ရောက်နေလေသည်။

ရဲမှူးလူဂီဖာရီရာမှာ ဝဝဖိုင့်ဖိုင့် ဗိုက်ရွဲရွဲနှင့် လူလတ်ပိုင်း အရွယ် ဖြစ်သည်။ နောက်တစ်ယောက်ကတော့ ၅၀ ဝန်းကျင် ခန့်မှန်းရသော မှုခင်းစုံထောက် ဘရူနိုကမ်ပက်နား။ သူက ကိုယ်လုံးကိုယ် ပေါက် ထွားကျိုင်းသလို အပြောအဆို အမူအရာကလည်း ခပ်ကြွား ကြွားဟန် ရှိသည်။ သူသည် အယ်လစ်ဇဘက်နှင့် ဆာအလက်အား ဘေးတွင် ရပ်နေသည်။

စက်ပြင်ဆရာက ဟိုင်ဒရောလစ်မြှင့်စက်ဖြင့် ချိတ်တင်ထား သော ဂျစ်ကား၏အောက်ပိုင်း အတွင်းပစ္စည်းများကို စစ်ဆေးကြည့်ရှု

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ကားတွင် ရွှေပိုင်းလက်ဝဲဘက်နှင့် ရေတိုင်ကီများ ပျက်စီးနေသည်။ ပျက်စီးနေသော ကားကို ပထမဦးဆုံး မြင်လိုက်ရတော့ အယ်လစ်ဇဘက်ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားပြီး လဲကျသွားတော့မလား ထင်လိုက်ရသည်။

ဆာအလက်က ပျားယီးပျာယာ ဖြစ်သွားပြီး . . .

"ဒီမှာ ရပ်နေလို့ ဖြစ်ပါ့မလား . . . လစ်ဇီ"

"ဖြစ်ပါတယ် . . . ကျွန်မ နေကောင်းပါတယ်"

တကယ်တော့ သူမက ညာပြောလိုက်ခြင်းသာ ဖြစ်သည်။ သူမ အခေါ်လေး အားနည်းနေသေးသည်။ မောလည်း အတော်မောနေသည်။ သို့သော် စက်ဆရာ စစ်ဆေးတာကို သူမကိုယ်တိုင် ကြည့်ချင်စိတ်က ပြင်းပြနေသည် ။

စက်ဆရာက စက်ဆီပေနေသော သူ့လက်များကို အဝတ်စုတ်နှင့် သုတ်ရင်း လူအုပ်ရှိရာသို့ လျှောက်လာသည်။

တော်တော်အံ့ဩစရာ ကောင်းတာပဲ၊ ဒီကားမျိုး နောက်ထပ်လုပ်လို့တောင် ရမယ် မထင်တော့ဘူး၊ တခြားကားသာဆိုရင် ဒီလို အခြေအနေမျိုးမှာ တစ်ပိုင်းစီ တစ်စစီ ဖြစ်ကုန်မှာ သေချာတယ်"

"ဘရိတ်အခြေအနေက ဘယ်လိုလဲ"

ဆာအလက်က မေးလိုက်သည် ။

"ဘရိတ်လား . . . ဘရိတ်က ဘာမှ မဖြစ်ပါဘူး၊ အကောင်းပကတိပဲ ရှိနေပါတယ်"

ဤတွင် အယ်လစ်ဇဘက်၏ စိတ်ထဲတွင် လုံးဝမဖြစ်နိုင် ဟူသော အသိက ရုတ်တရက်ဝင်ရောက်လာသည်။ ထို့ကြောင့် သူမက . . . "ဘာ . . . ဘာ . . . ရှင် ဘာ ပြောတယ်"

"ဘရိတ်က လုံးဝ မပျက်ဘူး၊ ကားမှောက်ပေမယ့် ဘရိတ်က နဂိုအတိုင်းပဲ ရှိနေပါတယ်၊ ဒါကြောင့်မို့ ဒီလိုကားမျိုး သူတို့ နောက်ထပ် လုပ်နိုင်တော့မှာ မဟုတ်ဘူးလို့ စောစောက ကျွန်တော်ပြောခဲ့တာပေါ့"

"ဒါ လုံးဝ မဖြစ်နိုင်ဘူး "





အယ်လစ်ဇဘက်က ဖြတ်ပြောလိုက်သည် ။

"ဘရိတ်မကောင်းလို့ ဒီလို ဖြစ်ရတာပဲ "

"မစ္စအယ်လစ်ဇဘက်က ကားဘရိတ်ကို တစ်ယောက်ယောက်က ဖျက်ထားတာလို့ ပြောလိုတာ"

ရဲမှူး ဖာရိုရာက ကြားဝင်၍ ရှင်းပြသည်။

စက်ဆရာက ခေါင်းကို ခါယမ်းလိုက်သည်။

"မဟုတ်ဘူး ဆရာ"

သူက ပြောရင်း ဂျစ်ကားနား ပြန်လျှောက်သွားသည်။ ပြီးတော့ ကားအောက်ပိုင်းကို လက်ညှိုးထိုးပြရင်း . . .

"ဘရိတ်ကို ဖျက်ချင်ရင် ဒီနှစ်လမ်းပဲ ရှိပါတယ်"

စက်ဆရာက အယ်လစ်ဇဘက်ကို လှည့်ကြည့်လိုက်သည်။

"ခွင့်လွှတ်ပါခင်ဗျာ . . . ကားမှာ ဘရိတ်ကို ဝက်အူစုပ်ထားပါတယ်၊ ဘရိတ်ကို ဖျက်ချင်ရင် ဘရိတ်နဲ့ဆက်စပ်နေတဲ့ ပစ္စည်းတွေ ဖြတ်ပစ်လိုက်လို့လည်း ရပါတယ်၊ ဒါမှမဟုတ် ဝက်အူရစ်ကို လျှော့ထားလို့လည်း ရပါတယ်"

စက်ဆရာက ကားအောက်ပိုင်းမှ သတ္တုပစ္စည်းကလေး တစ်ခုကို ညွှန်ပြရင်း ဆက်ပြောသည်။

"ပြီးတော့ . . . ဘရိတ်ဆီကို ထုတ်ပစ်လိုက်ရင်လည်း ဖြစ်ပါတယ်၊ ဒါပေမဲ့ . . . ဒီမှာ အခုမြင်ရတဲ့ အတိုင်းပါပဲ၊ ဒီပစ္စည်းက အမပျက် ရှိနေပါတယ်၊ ဘရိတ်ဆီကိုလည်း ကျွန်တော် စစ်ကြည့်ပြီးပါပြီ၊ အပြည့်ကြီး ကျန်ပါသေးတယ်"

ဤတွင် ရဲမှူးက အယ်လစ်ဇဘက်ကို ကြည့်ပြီး လေအေးအေးလေးဖြင့် ပြောလိုက်သည်။

"ဒါနဲ့များ ဒီလိုဖြစ်ရတာကို ကျွန်တော်တော့ မစဉ်းစားတတ်အောင် ဖြစ်မိပါတယ်"

"ဒါနဲ့ . . . ကျုပ် တစ်ခု မေးပါရစေဦး"

ဆာအလက်က ဖြတ်ပြောလိုက်သည်။ သူက စက်ဆရာဘက် လှည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ခုနက စက်ဆရာပြောတဲ့ ဘရိတ်နဲ့ ဆက်စပ်နေတဲ့ပစ္စည်းတွေကို ဖြုတ်ထားပြီး ပြန်တပ်ထားလို့ကော မရနိုင်ဘူးလား၊ ပြီးတော့ . . . မူလဘရိတ်ဆီကို သွန်ပစ်ပြီး နောက်ထပ် ပြန်ဖြည့်ထားတယ်ဆိုရင်တော . . ."

စက်ဆရာက ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"ဒီမှာ . . . ဆရာ၊ ဒီပစ္စည်းတွေကို ဘယ်သူမှ လက်နဲ့တောင် မထိရသေးပါဘူး"

သူက ပြောရင်း ဘရိတ်ဆီ ဝက်အူခေါင်းကို အဝတ်စုတ်နှင့် သုတ်ပစ်လိုက်သည်။

"ဒီမှာ တွေ့လား . . . ဒါကို တစ်ယောက်ယောက်က ချွတ်ထားမယ်ဆိုရင် ဝက်အူလှည့်ရာတွေ ထင်နေမှာ သေချာတယ်၊ ဒီဝက်အူကို လွန်ခဲ့တဲ့ ခြောက်လအတွင်း ဘယ်သူမှာ လက်နဲ့တောင် မထိရသေးဘူးဆိုတာ ကျွန်တော် ပြောရဲပါတယ်၊ ဘရိတ်ပစ္စည်းတွေနဲ့ ပတ်သတ်ပြီး ဘာမှ ချွတ်ယွင်းချက် မရှိပါဘူး၊ ကျွန်တော် ပြပါမယ်"

သူက နံရံနား လျှောက်သွားပြီး ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ စက်သံ တဝီဝီမြည်လာပြီး ဆွဲတင်ထားသော ဂျစ်ကားမှာ အောက်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာသည်။ မြေကြီးပေါ် ကားရောက်တော့ စက်ဆရာက ကားပေါ်တက်ပြီး စက်နှိုးသည်။ သူက ကားနံရံနှင့် ထိသည်အထိ နောက်ကို ဆုတ်သွားသည်။ ထို့နောက် ပထမဂီယာထိုးပြီး လီဘာကို နင်းလိုက်သည်။ ကားက ဟူးခနဲ ရှေ့သို့ ပြေးသွားပြီး မှူခင်းစုံထောက်ကြီးကို တိုက်လုခမန်း ဖြစ်သွားသောကြောင့် အယ်လစ်ဇဘက်က လန့်အော်တော့မလို ပါးစပ်ပင် ဟလိုက်မိသည်။ စုံထောက်ကြီးကလည်း စက်ဆရာကို မျက်စောင်းတစ်ချက် ထိုးလိုက်သည်။ သို့သော် . . . စက်ဆရာက လုံးဝ ဂရုမစိုက်ဘဲ သူ့အလုပ်ကိုသာ ဟန်မပျက် ဆက်လုပ်သည်။

"တွေ့လား . . . ဒီဘရိတ်က ဘာမှ မဖြစ်ပါဘူး၊ အားလုံးအကောင်းကြီး အတိုင်းပဲ"

အားလုံးပင် အယ်လစ်ဇဘက်မျက်နှာကိုသာ ကြည့်နေကြ



သည်။ သူတို့အားလုံး ဘာတွေ တွေးနေသည်ကို အယ်လစ်ဇဘက်ကလည်း အလိုလို သိနေသည်။ သို့သော် သူမအနေဖြင့်တော့ ကြုံခဲ့ရသော ကြောက်စရာအတွေ့အကြုံကို လုံးဝ မေ့လို့မရနိုင်။ ထိုနေ့က ကားဘရိတ်ကို တအားနင်းသော်လည်း ဘရိတ်မှာ လုံးဝ အလုပ်မလုပ်ကြောင်းကိုသာ သူမက သိနေသည်။ သို့ပေမယ့် ရဲစခန်းမှ စက်ဆရာကတော့ ဘရိတ်ပစ္စည်းအားလုံး ကောင်းနေပါသည်။ ဘာတစ်ခုမျှ မချွတ်ယွင်းပါဟု အခိုင်အမာ သက်သေပြနေပါပြီ။

"ငါတော့ ရူးနေပြီ ထင်တယ်"

အယ်လစ်ဇဘက်က စိတ်ထဲက ကျိတ်တွေးလိုက်မိသည်။ သူမ၏ မျက်နှာမှာလည်း စက်ရုပ်ပမာ ငူငူကြီး ဖြစ်နေသည်။

"အယ်လစ်ဇဘက် . . ."

ဆာအလက်က ဖျတ်ခနဲ ခေါ်လိုက်သည်။

"ဟုတ်ပါတယ် . . . အဲဒီတုန်းက ဒီဘရိတ်တွေ လုံးဝ အလုပ် မလုပ်တာတော့ အမှန်ပဲ၊ ဒါတော့ . . . ကျွန်မ အသေအချာ ပြောနိုင်တယ်"

ဆာအလက်က အယ်လစ်ဇဘက်မျက်နှာကို အတော်ကြာစိုက်ကြည့်နေသည်။ ပြီးတော့မှ စက်ဆရာဘက် လှည့်ပြီး . . .

"ကဲ . . . ဒီလိုဆိုရင်ကော မဖြစ်နိုင်ဘူးလား၊ ဆိုကြပါစို့ . . . ဒီကားမှာ ဘရိတ်ပစ္စည်းတွေကို တစ်ယောက်ယောက်က ကြိုတင် ဖျက်ထားတယ်လို့ပဲ ဆိုပါတော့ . . .၊ အဲဒီလိုဆိုရင် သူ့အနေနဲ့ ဘယ်လို ဖျက်နိုင်မလဲ"

"ဘရိတ်လိုင်နာကို စိုအောင် လုပ်ထားရင် ဖြစ်နိုင်တာပေါ့"

မှူခင်းစုံထောက်ကြီးက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

အယ်လစ်ဇဘက်၏ ရင်ထဲတွင် သိမ့်ခနဲ ဖြစ်သွားသည်။

သို့နှင့် သူမက မေးလိုက်သည်။

"အဲဒီလို လုပ်ထားရင် ဘာဖြစ်နိုင်ပါသလဲ"

"ဘရိတ်ဆီဘူးကို ဘရိတ်လိုင်နာနဲ့ ဖိထားယင် ဘရိတ်မမိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ကြီးစကားကို စက်ဆရာကလည်း ခေါင်းညိတ်ပြီး ထောက်ခံလိုက်သည်။

"ဟုတ်ပါတယ် . . . သူပြောတာ မှန်ပါတယ်၊ တစ်ခုတော့ ရှိတယ် . . ."

သူက အယ်လစ်ဇဘက်ကို ကြည့်ရင်း . . .

"ကားကို စမောင်းတုန်းက ဘရိတ်ကောင်းမကောင်း သတိပြုမိပါသလား"

"ဟုတ်ကဲ့ . . . အစတုန်းကတော့ ဘရိတ်တွေ ကောင်းနေတယ်"

"ဒီလိုဆို အဖြေထွက်နေပြီပဲ"

စက်ဆရာက အောင်မြင်သော အသံဖြင့် ပြောလိုက်သည်။

"အဖြစ်မှန်က မိုးရွာလို့ ဘရိတ်စိုသွားတာပါ"

"နေပါဦး"

ဆာအလက်က ဖြတ်ပြောသည်။

"အစကတည်းက တစ်ယောက်ယောက်က ဘရိတ်ကို စိုအောင်လုပ်ထားတယ်ဆိုရင်ကော ဘာလို့-မဖြစ်နိုင်ရမှာလဲ"

"အစကတည်းက ဘရိတ်စိုအောင် လုပ်ထားရင် အစကတည်းက လုံးဝ ဘရိတ်အုပ်လို့မရဘဲ နေမှာပေါ့"

ဤတွင် ရဲမှူးက အယ်လစ်ဇဘက်ဘက်ကို လှည့်ရင်း . . .

"ဟုတ်ပါတယ် . . . မစ္စအယ်လစ်ဇဘက်၊ မိုးက တော်တော်ဒုက္ခပေးနိုင်ပါတယ်၊ အထူးသဖြင့် ဒီလို တောင်ပေါ်လမ်းကျဉ်းတွေပေါ်မှာ ပိုဆိုးတယ်၊ ဒီအဖြစ်မျိုးတွေ ခဏခဏလည်း ဖြစ်တတ်ပါတယ်"

ဆာအလက်က အယ်လစ်ဇဘက်မျက်နှာကို ကြည့်နေသည်။ သူက နောက်ထပ် ဘာပြောလို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ အယ်လစ်ဇဘက်မှာတော့ လူပုံအလယ်မှာ အရှူး ဖြစ်နေပြီး အရှက် ကွဲရပြီ။ သူမဖြစ်ရပ်က လုပ်ကြံမှုကြောင့် ဖြစ်ရသော ဖြစ်ရပ်မဟုတ်တော့ဘဲ မတော်တဆ အဖြစ်မျိုးသို့ ရောက်သွားရပြီ။ သူမသည်





နေရာမှ ထွက်ပြေးချင်ပြီ။ သူမက ရဲမှူးဘက် လှည့်ရင်း . . .

"ကျွန်မ အခုလို ဒုက္ခပေးမိတာ သိပ်ပြီး စိတ်မကောင်းဖြစ်မိပါတယ်ရှင်"

"အို . . . ကိစ္စမရှိပါဘူး၊ ဒါ စိတ်မကောင်းစရာ မဟုတ်ပါဘူး၊ စိတ်ချမ်းသာစရာပါ၊ ကျွန်တော်ဆိုလိုတာက အခုလိုဖြစ်ရတာ စိတ်မကောင်းစရာ ဖြစ်ပေမယ့် အကူအညီပေးရတာကတော့ စိတ်ချမ်းသာရော ကောင်းပါတယ်၊ ကဲ . . . မှူခင်းစုံထောက်ဆရာကြီးက အိမ်အရောက် ကားနဲ့ လိုက်ပို့ပါလိမ့်မယ်၊ စိတ်ချမ်းချမ်းသာသာနဲ့သာ ကြွပြပေတော့"

☆

ဆာအလက်က ပြောသည်။

"ဒီမှာ . . . အယ်လစ်ဇဘက်၊ ငါပြောတာကို စိတ်တော့ဆိုးပါနဲ့၊ မင်းကြည့်ရတာ အခြေအနေ သိပ်ဆိုးနေတယ်၊ ဒီတော့ . . . ဘာမှတွေးပူမနေနဲ့၊ အိပ်ရာထဲမှာသာ နေပြီး အေးအေးဆေးဆေး အနားယူပါဦး၊ ဈေးဝယ်စရာတွေကို ငါ တယ်လီဖုန်းနဲ့ လှမ်းမှာလိုက်ရင် ဖြစ်ပါတယ်"

"ကျွန်မ အိပ်ရာထဲ လှဲနေရင် ဘယ်သူ ထမင်းချက်မလဲ"

"ငါ ချက်မှာပေါ့"

ဆာအလက်က ဂုဏ်ယူစွာဖြင့် ပြောလိုက်သည်။

တကယ်လည်း ထိုနေ့ ထိုညနေစာကို သူကိုယ်တိုင်ပင် ချက်သည်။ ချက်ပြီးတော့ အယ်လစ်ဇဘက်အား အိပ်ရာထဲမှာပင် သူကိုယ်တိုင် ပြင်ဆင်ပြီး ကျွေးမွေးသည်။

"ငါက ထမင်းဟင်းတော့ သိပ်မချက်တတ်ဘူးကွဲ့"

ဆာအလက်က အယ်လစ်ဇဘက်ရှေ့တွင် ထမင်းပွဲကို ချပေးသပ်ပြီး ပြောသည်။

တော်သေးတာပေါ့၊ လုံးဝ မချက်တတ်ရင်တော့ စားလို့



www.burmeseclassic.com

www.burmeseclassic.com



တောင် ရမှာမဟုတ်ဘူး . . . ဟူ၍ တွေးပြီး အယ်လစ်ဇဘက်က ပြုံးလိုက်မိသည်။

တကယ်လည်း ဟင်းခွက်တိုင်းလိုပင် အရသာ ပျက်နေတော့ချည်း ဖြစ်သည်။ ဟင်းတစ်မျိုးက တူးနေသည်။ အခြားတစ်မျိုးက မကျက်သေး။ နောက်တစ်မျိုးက ဆားတုံး။

ဒါပေမဲ့ သူက ကျိတ်မှိတ်ပြီး မျိုချသည်။ တစ်ကြောင်းက သူမ အလွန်ဆာနေသောကြောင့် ဖြစ်သည်။ နောက်တစ်ကြောင်းကတော့ ဆာအလက်၏ စေတနာကို ငဲ့သောကြောင့် ဖြစ်သည်။

အယ်လစ်ဇဘက် ထမင်းစားနေစဉ် ဆာအလက်က အနားမှာထိုင်ကြည့်နေသည်။ သူမ စိတ်ချမ်းသာအောင် ရောက်တတ်ရာရာ စကားတွေကို ကရားရေလွှတ် တတွတ်တွတ် ပြောနေသည်။ သို့သော် မယ် ရဲစခန်းတွင် သူမကိုယ်သူမ အရူးဖြစ်အောင် လုပ်ခဲ့သည့် အကြောင်းတွေကိုတော့ တစ်ခွန်းမှ မဟ။ ဒါကြောင့်လည်း သူမ ဆာအလက်ကို တခြားလူတွေထက် ပိုပြီး ချစ်ခင်လေးစားနေသည် မဟုတ်ပါလား။

★

ဆာအလက်နှင့် အယ်လစ်ဇဘက်တို့နှစ်ယောက် ဆာဒင်နီးယား စံအိမ်ကြီးတွင် ရက်အတန်ကြာနေခဲ့ကြသည်။ ထိုရက်များအတွင်း အယ်လစ်ဇဘက်က အိပ်ရာထဲမှာပင် အနားယူသည်။ ဆာအလက်ကတော့ အယ်လစ်ဇဘက် စိတ်ချမ်းသာရေးအတွက် အစစအရာရာ တာဝန်ယူလုပ်ကိုင်ပြုစုနေရသည်။ ထမင်းဟင်းလည်း ချက်ပြုတ်ရသည်။ အယ်လစ်ဇဘက်အား ဝတ္ထုစာအုပ်များလည်း ဖတ်ပြရသည်။

အယ်လစ်ဇဘက်အဖို့ အနားယူနေသည်ဆိုပေမယ့် တစ်နေ့လုံး တယ်လီဖုန်းသံ မြည်နေသဖြင့် နားရသည်ဟူ၍ပင် မရှိသလောက် ဖြစ်သည်။ အီတလီမှ အိုင်ဗိုပလာဇီနှင့် ဆီမိုနက်တာတို့ လင်မယားက တစ်နေ့မပြတ် ဖုန်းဆက်ပြီး သတင်းမေးနေသည်။ ပြင်သစ်မှ ချားလယ်နှင့် ဟယ်လင်တို့ လင်မယား၊ ဂျာမနီမှ ဝေါ်လသာ့ဂတ်စနာနှင့် အန်နာတို့ လင်မယားကလည်း အလားတူပင် ဖြစ်သည်။ အဆုံးစွန်ပြောရလျှင် အယ်လစ်ဇဘက်နှင့် များစွာ မျက်နှာကြော မတည့်သော ဗီယံ (ဆာအလက်၏ ဇနီး) ကပင် အင်္ဂလန်မှ နေပြီး မကြာခဏ ဖုန်းဆက်သည်။ အားလုံးကပင် သူမအား သူတို့အသီးသီး၏ အိမ်သို့ လာရောက် အနားယူရန် ဖိတ်ခေါ်ကြသည်။



"အခု ကျွန်မ လုံးဝ နေကောင်းသွားပါပြီ၊ ဘယ်မှ လာဖို့ မလိုတော့ပါဘူး၊ ဒီတစ်ရက်နှစ်ရက်အတွင်း ဇူးရစ်ကို ပြန်တော့မှာပါ"

သူမက ၎င်းတို့အားလုံးကို ယင်းသို့ပင် ပြန်ပြောလိုက်ရသည်။

ရီးစ်ဝီလျံထံမှလည်း တယ်လီဖုန်း မပြတ်လာသည်။ သူ့အသံ ကြားရတော့မှ အယ်လစ်ဇဘက်က ရီးစ်ကို ပို၍ သတိရလာမိသည်။ သူ့မျက်နှာကို မြင်ချင်လာမိသည်။

"မင်း . . . ဟယ်လင်နဲ့ ကားမောင်းပြိုင်တယ်လို့ ငါသတင်းကြားတယ်၊ အဲဒါ . . ဟုတ်သလား . . . ဟဲ . . . ဟဲ . . . ဟဲ . . ."

ရီးစ်က လှမ်းနောက်သော်လည်း သူ့အသံမှာ အတည်ပေါက် အသံလို ထင်ရသည်။

"မဟုတ်ပါဘူး၊ ဟယ်လင်က မြေညီပြင်မှာပဲ ပြိုင်တာ၊ ကျွန်မက သူ့ထက် စွမ်းတယ်၊ တောင်ထိပ်တို့ တောင်ကုန်းတို့ ပေါ်မှာမှ ပြိုင်တာ. . ဟဲ. . ဟဲ. . ဟဲ"

အခုလို အခြေအနေမျိုးမှာ အနောက်အရွှန်းစကားတွေ ပြောနိုင်သည်ကိုပင် သူမကိုယ်သူမ အံ့သြမိရသည်။

"မင်း နေကောင်းသွားပြီဆိုလို့ ငါ အလွန်ဝမ်းသာပါတယ် ဘက်စ်"

အယ်လစ်ဇဘက်အဖို့ သူ့စကားနှင့် သူ့အသံ ကြားရသည်နှင့်ပင် ရင်ထဲတွင် နွေးထွေးသွားသလို ခံစားမိလေသည်။ တစ်ချိန်တည်းတွင် မဆီမဆိုင် အတွင်းကျိတ် ချစ်သဝန်တိုစိတ်ကလေးများလည်း ဝင်ရောက်လာသည်။

ခုနေဆို သူ တခြားမိန်းမတစ်ယောက်ရဲ့ ရင်ခွင်ထဲ ရောက်

www.burmeseclassic.com

www.burmeseclassic.com



နေရောပေါ့။ ဘယ်ကောင်မများ ဖြစ်ပါလိမ့်မလဲ။ ထုံးစံအတိုင်း အလှ မယ်ကလေး တစ်ယောက်ပဲ ဖြစ်မှာပေါ့။ ကဲပါ . . . ဘယ်ကောင်မပဲ ဖြစ်ဖြစ် ငါက ဘာလို့ ဂရုစိုက်နေရမှာလဲ။

"ဒါနဲ့ . . . မင်းအကြောင်း သတင်းစာတွေက စာလုံးမည်း ကြီးတွေနဲ့ ရေးနေကြတာ သိပြီးပလား"

"ဟင့်အင်း . . ."

"ဒါဖြင့် နားထောင် . . ငါ မှတ်မိသလောက် ပြန်ရွတ်ပြမယ်"

" 'သူဌေးကြီးသမီး ကားမှောက်၊ ကံကောင်းထောက်မလို့ အသက်မပျောက်၊ ကမ္ဘာကျော်ဖခင်ကြီး ကွယ်လွန်ပြီး ရက်ပိုင်းအတွင်း နောက်ထပ် ကြမ္မာငင်ခံလိုက်ရခြင်း' တဲ့၊ နောက်ပိုင်း ဇာတ်လမ်းကို တော့ မင်းဟာမင်းပဲ ဆက်ရေးလိုက်ပါတော့"

သူတို့နှစ်ယောက် နာရီဝက်ခန့်မျှ စကားပြောဖြစ်ကြသည်။ တယ်လီဖုန်းကို ပြန်ချလိုက်ပြီးသောအခါ အယ်လစ်ဇဘက်အဖို့ အတော်ကလေး နေကောင်းထိုင်သာ ရှိသွားသည်။ စိတ်လန်းကိုယ် လန်း ဖြစ်သွားသည်။ ရီးစ်သည် သူမအပေါ်တွင် တကယ်လည်း စေတနာရှိပုံ ရသည်။ စိတ်ဝင်စားပုံလည်း ပေါ်သည်။ ဒီနည်းတွေနှင့် ပဲ သူက မိန်းမတွေအပေါ် အခွင့်ကောင်းယူနေတာ ဖြစ်မှာပဲ ဟုလည်း တွေးမိသည်။

တကယ်တော့ ရီးစ်က တကယ်လည်း စွဲမက်စရာ ကောင်း သော ယောကျ်ားတယောက်ပါပဲ။ သူမမွေးနေ့တုန်းက နှစ်ယောက် သား ပျော်ခဲ့ရသည်ကိုလည်း ပြန်လည်သတိရမိသည်။ ပြီးတော့ . . . သူမကိုယ်သူမ စိတ်ရှုပေါက်ပြီး "မစွက် ရီးစ်ဝီလျံ" ဟူ၍ စာရွက်ပေါ် မှာ ရေးခဲ့မိတာကိုရော . . .။

သူတို့ စကားပြောနေတုန်း အခန်းထဲသို့ ဆာအလက် ဝင်လာ သည်။

"ပြုံးလှချည်လား . . . လစ်ဇီ၊ ဘာတွေများ သဘောကျ နေလို့လဲ၊ မင်းကြည့်ရတာ မှိုရတဲ့ မျက်နှာလိုပါလား . . ."

ဆာအလက်က ပြောင်သလိုလို အတည်လိုလိုဖြင့် ပြုံး၍





ပြောလိုက်သည်။

အယ်လစ်ဇဘက်ကတော့ တယ်လီဖုန်း ပြန်ချယင်း . . .

"ဟုတ်လား . . ." လောက်သာ ပြန်ပြောလိုက်နိုင်သည်။

ခါတိုင်းလည်း ရီးစ်က သူမအား အမြဲလိုလိုပင် ပြုံးရွှင်အောင် လုပ်နိုင်စွမ်းခဲ့သည်ပင် ဖြစ်သည်။

လျှို့ဝှက်အစီရင်ခံစာကိစ္စကိုလည်း ရီးစ်ကိုပင် ဖွင့်ပြောလိုက် ရမည်လားဟု အယ်လစ်ဇဘက်က စိတ်ကူးမိလေသည်။

★

အယ်လစ်ဇဘက်နှင့် ဆာအလက်တို့ ဇူးရစ်မြို့သို့ပြန်ရန် အစီအစဉ် လုပ်ကြသည်။ ဆာအလက်ကုမ္ပဏီပိုင် ဂျက်လေယာဉ်တစ်စင်းကို တယ်လီဖုန်းဖြင့် လှမ်းခေါ်လိုက်သည်။

"မင်းကို ငါ ဒီလောက်မြန်မြန်ကြီး ပြန်ခေါ်မသွားချင်သေး ပါဘူး၊ ဒါပေမဲ့ အခြေအနေအရ မသွားလို့ မဖြစ်ဘူး၊ ဟိုမှာက အရေးပေါ် ချက်ချင်း လုပ်စရာတွေ ရှိနေတယ်"

ဆာအလက်က အယ်လစ်ဇဘက်အား တောင်းပန်သံဖြင့် ပြောနေသည်။

သူတို့အဖို့ ဇူးရစ်သို့ အပြန်ခရီးမှာ မျှော်လင့်ထားသလို တိတ် တိတ်ဆိတ်ဆိတ်တော့ မဖြစ်။ လေဆိပ်တွင် သတင်းထောက်တွေ စုပြုံ စောင့်နေကြ၏။ အယ်လစ်ဇဘက်မှာ မရှောင်သာတော့ဘဲ သူမ ကား မှောက်သည့်အမှုနှင့် ပတ်သက်ပြီး တိုတိုတုတ်တုတ်ပင် ရှင်းလင်းပြော ပြလိုက်ရသည်။

ထို့နောက်ဆာအလက်က သူမအား ဖေးမပြီး အသင့်စောင့် နေသော ကားပေါ်သို့ တက်စေသည်။ သူတို့သည် သေရေးရှင်ရေး ပြဿနာကြီးကို ရင်ဆိုင်ရန် ကုမ္ပဏီဌာနချုပ်သို့ လာခဲ့ကြပြီဖြစ်သည်။

★



www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေးခန်းမထဲသို့ အယ်လစ်ဇဘက် ရောက်နေပြီ။ အခြား အုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးများလည်း စုံစုံလင်လင် တက်ရောက်ကြ သည်။ နီးစ်လည်း ရှိသည်။

အစည်းအဝေးမှာ တစ်ယောက်တစ်ပေါက်နှင့် သုံးနာရီခွဲခန့် အချိန်ကြာသွားခဲ့သည်။ တစ်ခန်းလုံးတွင်လည်း ဆေးပြင်းလိပ်နှင့် စီး တရက်မီးခိုးနံ့များဖြင့် မွန်နေသည်။ သေမင်းလက်မှ သီသီလေး ပြန် လွတ်လာခဲ့သူ အယ်လစ်ဇဘက်မှာ သူမ၏ သွေးပျက်စရာ ကောင်း သော အတွေ့အကြုံကို သတိရနေဆဲဖြစ်သည်က တစ်ကြောင်း၊ စူးရှပြင်းပြသော ဆေးလိပ်မီးခိုးနံ့များကို တစ်ချိန်လုံး ရှူရှိုက်နေရ သည်က တစ်ကြောင်းတို့ကြောင့် တစ်ခေါင်းလုံး ကိုက်ခဲပြီး ကွဲထွက် လုမတတ် ခံစားနေရသည်။

သို့ပေမယ့် သူမက စိတ်မပျက်၊ ဝေဒနာကို ကျိတ်မှိတ်ခံပြီး အခြေအနေအရပ်ရပ်ကို သတိကြီးစွာဖြင့် အကဲခတ်လျက်ရှိလေသည်။

သူမက တစ်ခန်းလုံးကို မျက်စိကစားကြည့်လိုက်သည်။ မြင်ရ သမျှ မျက်နှာအားလုံးမှာ တင်းမာနေကြသည်။ ဒေါသ မျက်နှာများ။

"ကုမ္ပဏီကို မရောင်းဖို့ ကျွန်မ ဆုံးဖြတ်လိုက်ပြီ"

အစည်းအဝေးအစတွင် သူမက ယင်းသို့လျှင် ပြတ်ပြတ် သားသား ကြော်ငြာခဲ့ပြီး ဖြစ်သည်။ သူတို့က သူမအား ကိုယ့်ကိုယ် ကိုယ် အထင်ကြီးသူ၊ ခေါင်းမာသူဟူ၍ ထင်ကောင်းထင်ကြလိမ့်မည်။ လက်လျှော့လိုက်တော့မလို့ အခြေအနေမျိုးအထိ စိတ်ဓာတ်ကျခဲ့ရ သော သူမ၏ အဖြစ်ကိုတော့ သူတို့က လုံးဝ တွေးမိခဲ့ကြမည်မဟုတ်။ ဘာပဲဖြစ်ဖြစ် ဒီအခြေအနေရောက်နေမှတော့ သူမအနေဖြင့် လက် လျှော့ အရှုံးပေး၍ လုံးဝ မဖြစ်နိုင်တော့။ ဒီအခန်းထဲမှာ ရန်သူ တစ်ယောက်ယောက် ရှိနေပြီ။ ယခုအခြေအနေတွင် သူမအနေဖြင့် ကုမ္ပဏီမှ လုံးဝ ထွက်ခွာသွားမည်ဆိုလျှင် ယင်းရန်သူကို အရှုံးပေး သလို ဖြစ်နေလိမ့်မည်။ ရန်သူက ဝမ်းမြောက်ဝမ်းသာ လက်ခမောင်း ခတ်လိမ့်မည်။





သူတို့အားလုံးပင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သူမအား အမျိုး မျိုး အဖုံဖုံ ဖျောင်းဖျနားချခဲ့ကြသည်။

"ခုနေအခါမှာ ရှိဖေးနှင့်သားများကုမ္ပဏီဟာ အတွေ့အကြုံ ရင့်ကျက်တဲ့ ဥက္ကဋ္ဌမျိုးကို အရေးတကြီး လိုအပ်နေတယ် . . . အယ်လစ်ဇဘက်၊ ဒါကြောင့်မို့ မင်းအကျိုးအတွက်ကိုရော၊ တခြား လူတွေ အားလုံးအတွက်ကိုပါ ငဲ့ပြီး မင်း ဒီနေရာက ထွက်သွားပါလို့ ငါ အလေးအနက် တောင်းပန်ပါတယ်"

ဆာအလက်က ကျိုးကြောင်းညီညွတ်သော စကားကို ပြောချလိုက်ခြင်း ဖြစ်သည်။

"မင်းဟာ ရုပ်ချောတဲ့ မိန်းကလေးတစ်ယောက်ပါကွယ်၊ တစ် ကမ္ဘာလုံးဟာ မင်းလက်ခုပ်ထဲက ရေပဲ၊ မင်းလုပ်ချင်သလို လုပ်နိုင်ပါ တယ်၊ ဒါနဲ့တောင်များ အင်မတန်စိတ်ရှုပ်စရာကောင်းတဲ့ ဒီလုပ်ငန်းမှာ မင်းက ကျွန်လုပ်ချင်တာ အံ့စရာကောင်းပါရဲ့၊ ငါဆိုလိုတာက ဒီအလုပ် က ထွက်ပြီး ကိုယ့်ရဲ့တန်ဖိုးရှိတဲ့အချိန်တွေကို ကောင်းကောင်းအသုံး ချဖို့၊ ကမ္ဘာအနှံ့ ခရီးသွားဖို့ . . ."

အိုင်ဗိုပလာဇီကလည်း သူ့ထုံးစံအတိုင်း မြှောက်ထိုးပင့် ကော် လုပ်ပြန်သည်။

"ကျွန်မ ခရီးသွားခဲ့ပြီးပါပြီ"

အယ်လစ်ဇဘက်က တိုတိုပင် ပိတ်ပြောလိုက်သည်။

"အမှန်အတိုင်းပြောရရင် ဝမ်းနည်းစရာ ကြုံလာရတဲ့ဖြစ်ရပ် ကြောင့် မင်းဟာ ထိန်းချုပ်ရှယ်ယာကိုပိုင်ရတဲ့ အခြေအနေမျိုး ရောက် လာရတာပါ၊ ဒါပေမဲ့ ကုမ္ပဏီလုပ်ငန်းကြီးတစ်ခုလုံးကို မင်း အုပ် ချုပ်မယ် ဆိုတာကတော့ လုံးဝ အဓိပ္ပာယ်မရှိဘူး၊ လုံးဝ မဖြစ်နိုင်ဘူး၊ လောလောဆယ် တို့မှာ သေရေးရှင်ရေး ပြဿနာတွေနဲ့ ရင်ဆိုင်နေ ရတယ်၊ ဒီအထဲ မင်း ဝင်လာရင် ရှုပ်သထက် ရှုပ်ကုန်လိမ့်မယ်"

ချားမာတယ်၏ ထင်မြင်ချက် ဖြစ်သည်။

"ကျုပ်တို့ကုမ္ပဏီ ဒုက္ခရောက်နေပြီဆိုတာ တကယ်မှန်တယ်၊ ဘယ်အထိ ဒုက္ခရောက်နေတယ်ဆိုတာ မင်း မသိပါဘူး၊ သိလည်း

www.burmeseclassic.com

www.burmeseclassic.com



မသိနိုင်ပါဘူး၊ ကုမ္ပဏီကိုရောင်းရင်ရောင်း မရောင်းရင် အချိန်နှောင်း သွားလိမ့်မယ်"

ဝေါ်လသာဂတ်စနာက ဘွင်းဘွင်းရှင်းရှင်းပင် ပြောလိုက်သည်။

ငါ့ကိုတော့ သူတို့အားလုံး ဝိုင်းတိုက်ကြပြီ။

အယ်လစ်ဇဘက်က ယင်းသို့ပင် ခံစားလိုက်မိသည်။ သူမက သူတို့စကားတွေကို သေသေချာချာ နားစိုက်ထောင်သည်။ သေသေချာချာ စဉ်းစားသည်။ ဘယ်စကားက အမှန်၊ ဘယ်စကားက အမှားဆိုသည်ကိုလည်း ဝေဖန်သုံးသပ်သည်။

သူတို့အားလုံးကပင် ကုမ္ပဏီကောင်းကျိုး လိုလားကြပါသည်ဟု တစ်လေတည်း ထုတ်ဖော်ကြေညာနေကြသည်။ သို့သော် သူတို့အထဲမှ တစ်ယောက်ယောက်ကတော့ သစ္စာဖောက်နေပြီ၊ ကုမ္ပဏီကို ဖျက်ဆီးပစ်ဖို့ ကျိတ်ကြံနေပြီ ။

အားလုံးကိုခြုံ၍ သုံးသပ်ကြည့်လိုက်လျှင် အချက်တစ်ချက်တတော့ သိသိသာသာကြီး ပေါ်လွင်နေသည်။ ယင်းအချက်မှာ တခြားမဟုတ်။ သူတို့အားလုံးက ကုမ္ပဏီမှ ထွက်သွားစေချင်သည့်အချက်။ သူတို့အစုရှယ်ယာတွေကို ရောင်းချခွင့် ပြုစေချင်သည့် အချက် . . .။ ကုမ္ပဏီလုပ်ငန်းထဲသို့ အပြင်လူတွေကို ရှယ်ယာဝင်ခွင့် ပြုစေချင်သည့် အချက် . . .။

ယင်းအချက်ကို ခွင့်ပြုလိုက်လျှင် ယင်းသို့ခွင့်ပြုလိုက်သည့် အချိန်ကစပြီး သူမအနေဖြင့် အခွင့်အရေးကြီးတစ်ရပ်ကိုလည်း တစ်ပြိုင်နက် လက်လွှတ်ဆုံးရှုံးလိုက်ရတော့မည် ဖြစ်သည်။ သို့ဆိုလျှင် ကုမ္ပဏီကို ဖျက်လိုဖျက်ဆီးလုပ်နေသော အတွင်းရန်သူ ဘယ်သူဘယ်ဝါ ဆိုသည်ကို သူမအနေဖြင့် တစ်သက်လုံး သိခွင့်ရတော့မည် မဟုတ်။ သူမ သည်နေရာတွင် ဆက်နေသမျှ ကာလပတ်လုံး၊ သည်လုပ်ငန်းထဲ ဝင်နေသမျှ ကာလပတ်လုံး သစ္စာဖောက် အဖျက်သမား ဘယ်သူဘယ်ဝါ ဆိုတာကို သိနိုင်ဖို့ အခွင့်အလမ်းက အမြဲတမ်း ရှိနေမည်သာ ဖြစ်သည်။



ထို့ကြောင့် သူမအနေဖြင့် တတ်နိုင်သမျှ၊ နေနိုင်သမျှ ဆက်နေရမည်။ မျက်နှာလွှဲ ခဲပစ် ထွက်သွားလို့ လုံးဝ မဖြစ်။

ပြီးတော့ သူတို့ပြောသလို သူမသည် နလပိန်းတုံးတစ်ယောက်လည်း မဟုတ်။ လွန်ခဲ့သော သုံးနှစ်အတွင်း ဖခင်ကြီးနှင့် တပူးတွဲတွဲ နေထိုင်ခဲ့ရစဉ်အတွင်းက ကုမ္ပဏီလုပ်ငန်းအရပ်ရပ်ကို သူမ တတ်နိုင်သမျှ စိတ်ဝင်စားစွာ လေ့လာဆည်းပူးထားခဲ့သည်။ လုပ်သက်ရင့် အမှုထမ်းများ၏ အကူအညီကိုယူပြီး လုပ်ကိုင်သွားလျှင် ဖခင်ကြီး ချမှတ်ခဲ့သော လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည် ဖော်သွားနိုင်မည်မှာ သေချာသည်။

ထို့ကြောင့် ယခုကဲ့သို့ အုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးများက သူမအား ကုမ္ပဏီမှ ထွက်သွားစေလိုသော အကြံပ်ကိုင်မှုကြောင့် သူမ အဖို့ စိတ်ဓာတ် လုံးဝကျမသွားသည့်အပြင် ပို၍ပင် အားတက်လာမိသည်။

ယခုအခါ အစည်းအဝေးကို ရုပ်သိမ်းရန် အချိန်တန်ပြီဟု သူမက ဆုံးဖြတ်လိုက်သည်။

"ကျွန်မ ဆုံးဖြတ်ပြီးပြီ၊ ဒါပေမဲ့ ဒီကုမ္ပဏီကို ကျွန်မတစ်ယောက်တည်း မအုပ်ချုပ်ပါဘူး၊ ကျွန်မအနေနဲ့ လေ့လာစရာတွေ အများကြီး ရှိနေပါသေးတယ်၊ အားလုံးရဲ့အကူအညီကို ကျွန်မ ယူပါ့မယ်၊ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို တစ်ခုစီ တစ်ခုစီ ကျွန်မတို့ စုပေါင်း ဖြေရှင်းသွားရင် မဖြစ်နိုင်စရာ မရှိပါဘူး"

ဤတွင် အိုင်ဗိုပလာဇီက သွေးရူးသွေးတန်းဖြင့် လက်များကို အပေါ်သို့မြှောက်ယင်း . . .

"ကိုင်း . . . ကြည့်လုပ်ကြပါဦးဗျို့၊ ဒီသူငယ်မကို သဘောပေါက်အောင် တစ်ယောက်မှ မပြောနိုင်ကြဘူးလား"

ရီးစ်က အယ်လစ်ဇဘက်၏ မျက်နှာကို ကြည့်လိုက်သည်။ ပြီးတော့ ပြုံးရင်း ပြောသည်။

"ကျွန်တော်ကတော့ . . . အယ်လစ်ဇဘက် ဘာပဲလုပ်လုပ် ကျွန်တော်တို့အားလုံး ပူးပေါင်းကူညီရတော့မယ့်အဆင့်ကို ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



ပါပြီလို့ ယူဆပါတယ်"

"ကျေးဇူးတင်ပါတယ် . . . ရီးစ်"

အယ်လစ်ဇဘက်က အားလုံးကို မျက်စိကစားရင်း . . .

"နောက် လုပ်စရာတစ်ခု ကျန်ပါသေးတယ်၊ ယခုအချိန်ကစပြီး ကျွန်မဟာ ဖေဖေ့နေရာကို ယူထားပါပြီ၊ ဒါကြောင့် လုပ်ငန်းသဘောအရ လုပ်ရတော့မယ်လို့ ကျွန်မ ထင်ပါတယ်"

"မင်းက ဥက္ကဋ္ဌရာထူးကို ဆိုလိုတာလား"

ချားမာတယ်က မေးလိုက်သည်။ ဆာအလက်က ဖြတ်ပြီး . . .

"အစစ်ပေါ့ . . . တကယ်တော့ အယ်လစ်ဇဘက်ဟာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဖြစ်နေပါပြီ၊ သူက ကျွန်တော်တို့ကို လေးစားတဲ့အနေနဲ့ သူ့ကိုယ်သူ သာမန်လူတစ်ယောက်အနေနဲ့ ဆက်ဆံနေတာပါ"

ချားမာတယ် ခဏမျှ စဉ်းစားနေသည်။ ထို့နောက် . . .

"ကောင်းပြီ . . . ဒီလိုဆိုရင် ရိုဖေးနှင့်သားများကုမ္ပဏီဥက္ကဋ္ဌအဖြစ် အယ်လစ်ဇဘက်ကို ကျွန်တော်ကပဲ အဆိုပြုပါတယ်"

"ကျွန်တော်က ထောက်ခံပါတယ်"

ဝေါလသာဂတ်စနာက အဆိုကို မဆိုင်းမတွ ထောက်ခံလိုက်သည် ။

သို့ဖြင့် အယ်လစ်ဇဘက်အား ဥက္ကဋ္ဌအဖြစ် အားလုံးသဘော တူ တင်မြှောက်လိုက်ကြလေသည် ။

★ ↔ ★



# အခန်း ( ၂၀ )

သူမပခုံးပေါ်သို့ ရောက်လာသော လုပ်ငန်းကြီး၏ တာဝန်ကြီးလေးမှုအတိုင်းအတာကို အယ်လစ်ဇဘက်မှတစ်ပါး မည်သူမျှ အတိအကျ သိကြမည် မဟုတ်။ ယခုအခါ ထောင်ပေါင်းများစွာသော အမှုထမ်းများ၏ အလုပ်တာဝန်များသည် သူမအပေါ်တွင်သာ မှီခိုရပ်တည်နေကြပြီ ဖြစ်သည်။ ဤလုပ်ငန်းကြီးကို အောင်မြင်စွာ အုပ်ချုပ်နိုင်ရန် သူမအဖို့ အကူအညီ အများကြီး လိုသည်။

သို့သော် ဘယ်သူ့ဆီမှာ အကူအညီ တောင်းရမှာလဲ . . . ၊ ဘယ်သူ့ကို ယုံရမှာလဲ . . . သူမ မတွေးတတ်အောင် ဖြစ်မိသည်။ ဉ်းစားမိသလောက်ဆိုလျှင် သူမအနေဖြင့် ဆာအလက်၊ အိုင်ဗိုနှင့် ...ဒ်တို့ သုံးဦးကိုသာ ယုံကြည်မည်ဆိုက ယုံကြည်နိုင်စရာ ရှိသည်။ သို့သော် သူမ စိတ်ချလက်ချ မယုံကြည်နိုင်သေး။ အချိန် မတန်သေး စောလွန်းနေသေးသည်ဟု သူမ တွေးမိသည်။

အယ်လစ်ဇဘက်က ရုံးအတွင်းရေးမှူး မစ္စကိတ်အားလင်းကို ခေါ်လိုက်သည်။

"ဟုတ်ကဲ့ . . . မစ္စအယ်လစ်ဇဘက်"

မစ္စကိတ်အားလင်းက အခန်းဝတွင် လာရပ်သည်။ အယ်လစ်ဇဘက်က ဘယ်ကစ၍ ဘာကိုပြောရမည်ကို မသိအောင် ဖြစ်နေသည်။ မစ္စအားလင်းသည် ဖခင်ကြီးလက်ထက်မှစ၍ လုပ်သက်ရင့်အမှုထမ်းတစ်ဦး ဖြစ်သည်။ ပိရိပြီးသက်သော လိမ်လည်လှည့်ဖြားမှု ...မျက်နှာပြင်အောက်မှ ရှုပ်ထွေးပွေလီနေသည့် ဝဲဂယက်၏ အဖြစ်...ကို မစ္စအားလင်းအနေဖြင့် သိကောင်းသိနိုင်စရာရှိသည်။ သူ့အနေ... ကုမ္ပဏီ၏ အတွင်းရေး၊ ဖခင်ကြီး၏ ခံစားချက်များနှင့် စိတ်ကူးများ... သိကောင်းသိနိုင်သည်။ မိမိအတွက်လည်း အားကိုးရသော ...ဆွေကောင်းတစ်ဦး ဖြစ်လာနိုင်သည်ဟု အယ်လစ်ဇဘက်က တွေး...သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူမက နိဒါန်းချီမနေတော့ဘဲ တိုက်ရိုက်ကြီးပင် မေးလိုက်တော့သည်။

"ဖေဖေ့မှာ လျှို့ဝှက်အစီရင်ခံစာတစ်စောင် ရှိခဲ့တယ် ကိတ် အဲဒီအကြောင်း ရှင် ဘာတွေ သိသလဲ"

မစ္စအားလင်းက ခဏမျှ စဉ်းစားနေသေးသည်။ ပြီးတော့မှ ခေါင်းကို ခါယမ်းလိုက်ပြီး . . .

"အဲဒီအကြောင်း သူ ကျွန်မကို ဘာမှ မပြောဖူးပါဘူး . . . မစ္စ အယ်လစ်ဇဘက်"

အယ်လစ်ဇဘက်က နောက်တစ်နည်း စမ်းကြည့်ပြန်သည်။

"ဖေဖေ့အနေနဲ့ လျှို့ဝှက်စုံစမ်းရေးတွေ ဘာတွေ လုပ်ရင် ဘယ်သူ့ကို တာဝန်ပေးတတ်သလဲ"

သည်တစ်ခါတော့ မစ္စကိတ်အားလင်း မဆုတ်မဆိုင်း အဖြေ ပေးသည်။

"ကျွန်မတို့ကုမ္ပဏီက လုံခြုံရေးဌာနကိုပဲ တာဝန်ပေးပါတယ်"

"ကျေးဇူးပါပဲ . . . သွားနိုင်ပါပြီ"

★

စားပွဲပေါ်တွင် ဘဏ္ဍာရေး အစီရင်ခံစာတစ်စောင် တွေ့ရသည်။ အယ်လစ်ဇဘက်က အစီရင်ခံစာကို စိတ်မပါစွာဖြင့် ဖတ်ကြည့်သည်။ ပြီးတော့ . . . ကုမ္ပဏီစာရင်းကိုင်ချုပ်ကို ခေါ်လိုက်သည်။

စာရင်းကိုင်ချုပ်အမည်မှာ ဝီလတန်ကရောက် ဖြစ်သည်။ သူသည် အယ်လစ်ဇဘက် ထင်ခဲ့သလို အဘိုးအိုကြီးတစ်ဦး မဟုတ် လူလတ်ပိုင်းအရွယ်သာ ရှိသေးသည်။ သူ့အမူအရာမှာ သွက်လ ဖျတ်လတ်ပြီး ပညာမာနရှိပုံ ပေါ်သည်။ ဟာဘန်တက္ကသိုလ်ထွက်သော် လည်းကောင်း၊ ဟားဗားတက္ကသိုလ်ထွက်သော်လည်းကောင်း ဖြစ် သည်ဟူ၍ အယ်လစ်ဇဘက်က ခန့်မှန်းလိုက်သည်။

"ရိုဖေးနှင့်သားများကုမ္ပဏီတစ်ခုအနေနဲ့ ဘယ်လိုလုပ်ပြီး





ဘဏ္ဍာရေးအခက်အခဲ တွေ့နိုင်သလဲ"

သူက အယ်လစ်ဇဘက်၏မျက်နှာကို ကြည့်ပြီး ပခုံးတစ်ချက် တွန့်လိုက်သည်။ သူ့အနေဖြင့် အမျိုးသမီး အထက်လူကြီးတစ်ယောက် အား ယခင်က အစီရင်ခံခြင်း ပြုလုပ်ခဲ့ဖူးဟန် မတူ။ သူက အပေါ်စီး လေသံမျိုးဖြင့် . . .

"အော် . . . အဲဒါလား၊ အဲဒါကို . . . အက္ခရာ တစ်လုံး ချည်းနဲ့ ရှင်းရှင်းကလေးပြော . . ."

"လိုရင်းကို တိုတို ပြောစမ်းပါ"

အယ်လစ်ဇဘက်က အသံမာမာဖြင့် ဖြတ်ပြောလိုက်သည်။

"လွန်ခဲ့တဲ့ နှစ်နှစ်အထိ ရိုဖေးနှင့်သားများကုမ္ပဏီဟာ ကိုယ်ပိုင်အရင်းအနှီးနဲ့ ရပ်တည်နိုင်ခဲ့တယ် . . ."

သူမက စာရင်းကိုင်ချုပ်၏ မျက်နှာရိပ်မျက်နှာကဲကို အကဲ ခတ် စောင့်ကြည့်နေသည်။

"ဟုတ်ကဲ့ . . . မှန်ပါတယ် မဒမ်"

"ဒီတော့ အခု ဘာဖြစ်လို့ ဒီလောက်အထိ ဘဏ်ကြွေးတွေ တင်လာရတာလဲ"

"လွန်ခဲ့တဲ့နှစ်များက ကုမ္ပဏီကို အတော်ပဲ တိုးချဲ့ခဲ့ပါတယ်၊ ဟာရိုဖေးနဲ့ တခြားအုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးတွေက အဲဒီအတွက် နှီးငွေကို ဘဏ်တွေဆီက အချိန်တိုချေးငွေအဖြစ် ချေးယူဖို့ ပြတ်ခဲ့ပါတယ်၊ အခုအထိ ဘဏ်တိုက်ပေါင်းစုံက ချေးထားတဲ့ ငွေ င်း ဒေါ်လာ ခြောက်ထောင့်နှစ်ငါးကုဋေ ရှိနေပါတယ်၊ တချို့ဆိုရင် ဆပ်ဖို့ အချိန်ရောက်နေပါပြီ"

"ရက်လွန်နေပြီ ဆိုပါတော့"

"ဟုတ်ကဲ့ . . . ရက်လွန်နေပါပြီ"

"ကျွန်မတို့က မူလအတိုးအပြင် အပိုတိုး တစ်ရာခိုင်နှုန်းနဲ့ လွန်တိုးတွေကိုပါ မှန်မှန်သွင်းနေတာပဲ ဒါနဲ့တောင် တခြား လွန်တိုးတွေနဲ့ အခြားချေးငွေတွေ ဘာဖြစ်လို့ လျှော့မသွားရတာလဲ"

စာရင်းကိုင်ချုပ်က အံ့အားကြီး သင့်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းက. . အကြောင်းကတော့ . . လောလောဆယ် မမျှော်လင့်တဲ့ ဖြစ်ရပ်တွေကြောင့် . . . ကုမ္ပဏီပိုင် ငွေသားလက်ကျန်ကလည်း မျှော်လင့်တာထက် အလွန်နည်းသွားပါတယ်၊ သာမန် အခြေအနေမျိုးဆိုရင် ကျွန်တော်တို့က ဘဏ်တိုက်သွားပြီး ရက်ပို တောင်းလိုက်ရုံပါပဲ၊ ဒါပေမဲ့ . . . ကျွန်တော်တို့ကို ရဲက လောလောဆယ် ပြဿနာတွေ၊ တရားစွဲဆိုခံရတာတွေ အမျိုးမျိုး၊ ဓာတ်ခွဲခန်း စမ်းသပ်မှုတွေ မအောင်မြင်လို့ ဆုံးရှုံးရတာတွေ . . . ပြီးတော့လည်း . . ."

စာရင်းကိုင်ချုပ်၏အသံမှာ တဖြည်းဖြည်း တိမ်ဝင်သွားသည်။

အယ်လစ်ဇဘက်က စာရင်းကိုင်ချုပ်ကို လေ့လာသလို စိုက်ကြည့်နေသည်။ သူ . . . ဘယ်သူ့ဘက်တော်သားလဲဆိုတာကို အကဲခတ်နေသည်။ ထို့နောက် သူမက ငွေစာရင်းရှင်းတမ်းကို ကြည့်လိုက်သည်။ အမှားကို ရှာကြည့်လိုက်သည်။ လက်ကျန်ရှင်းတမ်းတွင် အတော်ကြီး လိုငွေပြနေသည်။ အမှုဖြစ်၍ လျော်ကြေးတွေ မိုးမီးပေးခဲ့ရသောကြောင့် ဖြစ်သည်။ ယင်းငွေတွေကို 'အထူးကုန်ကျငွေ အရှုံး' ဟူသောခေါင်းစဉ်နှင့် ဖော်ပြထားသည်။

"ဒီစာရင်းအရဆိုရင် . . . ကျွန်မတို့ပြဿနာတွေက ယာယီ ပြဿနာတွေပါ၊ ကျွန်မတို့ကုမ္ပဏီက တခြားကုမ္ပဏီ မဟုတ်ဘူး 'ရိုဖေးနှင့်သားများကုမ္ပဏီ'၊ ကျွန်မတို့က တစ်ကမ္ဘာလုံးမှာ ဘယ်ဘဏ်တိုက်နဲ့မဆို ထိပ်တန်းကျကျ ဆက်ဆံလို့ ရတယ်"

သည်တစ်ချီတော့ စာရင်းကိုင်ချုပ်အလှည့် ရောက်လာခဲ့ပြီ။ သူက အယ်လစ်ဇဘက်ကို လေ့လာရမည့် အချိန်သို့ ရောက်လာပြီ။ ယခုအချိန်တွင် သူ၏အပေါ်စီးအမူအရာတွေလည်း လုံးဝ ပျောက်သွားခဲ့လေပြီ။ သို့သော် သူက စိုးရိမ်စိတ်ကိုတော့ ဖျောက်၍ မရသေး။

"ဒီလို ရှိပါတယ် ခင်ဗျာ"

သူက စဉ်းစဉ်းစားစားဖြင့် ပြောသည်။

"ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတစ်ခုရဲ့ ဂုဏ်သိက္ခာဆိုတာက အဲဒီကုမ္ပဏီက ထုတ်တဲ့ဆေးဝါးပစ္စည်းတွေလိုပဲ အလွန် အရေးကြီးပါတယ်"





သည်စကားမျိုးကို သူမလည်း ယခင်က ကြားခဲ့ဖူးသည်။ ဘယ်သူပြောမှန်းတော့ မသိတော့။ ဖခင်ကြီးလား . . . ရိုးစ်လား . . ။

"ဆက်ပြောပါ မစ္စတာ ကရောက် "

"ဒီတော့ . . . ကျွန်တော်တို့ ပြဿနာတွေက ဘူးပေါ်သလို ပေါ်နေပြီ၊ လူတိုင်း သိနေကြပြီ၊ စီးပွားရေးလောကဆိုတာ တောနက်ကြီးနဲ့ တူပါတယ်၊ တောနက်ကြီးထဲမှာ သားရဲတိရစ္ဆာန်တွေ အချင်းချင်း ကြီးနိုင်ငယ်ညှဉ်း သတ်ဖြတ်နေကြတယ်၊ လက်ဦးတဲ့ လူ၊ အားကြီးတဲ့သူ အနိုင်ယူစတမ်းဆိုတဲ့ 'တောတွင်း ဥပဒေ' ကို ကျင့်သုံးနေကြတယ်၊ ကျွန်တော်တို့ စီးပွားရေးလောကမှာလည်း ဒီအတိုင်းပါပဲ၊ ကုမ္ပဏီတစ်ခု အားနည်းပြီဆိုတာနဲ့ တစ်ပြိုင်နက် တခြားအပြိုင်ကုမ္ပဏီတွေက ဝိုင်းသတ်ကြတော့တာပဲ"

"ဒါနဲ့ အပြိုင်ကုမ္ပဏီတွေကလည်း ကျွန်မတို့ဆက်ဆံတဲ့ ဘဏ်တွေနဲ့ပဲ ဆက်ဆံကြသလား"

"အစစ်ပေါ့ . . .၊ ဘဏ်တိုက်တွေမှာက ထုတ်ချေးဖို့ ငွေကို အကန့်အသန့်ရန်ပုံငွေအဖြစ်နဲ့ သတ်မှတ်ထားကြတာ၊ ဒီတော့ . . . သူတို့က ကုမ္ပဏီ 'အေ' က ကုမ္ပဏီ 'ဘီ' ထက် သာတယ်ထင်ရင် . . ."

"သူတို့က ကျွန်မတို့ကုမ္ပဏီကို ဘယ်လို သဘောထားသလဲ"

စာရင်းကိုင်ချုပ်က စိတ်လှုပ်ရှားစွာဖြင့် သူ့ခေါင်းကို လက်နှင့် သုတ်ယင်း . . .

"မစ္စတာရိုဖေး ကွယ်လွန်ပြီးသွားကတည်းက ဟားဂျူးလီးယတ် ဘဏ်ရှတ်ဆီက တယ်လီဖုန်း ခဏခဏ ဆက်နေပါတယ်၊ သူက ကျွန်တော်တို့နဲ့ ဆက်ဆံနေတဲ့ ဘဏ်တိုက်ပေါင်းစုံအဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌ ဖြစ်ပါတယ်"

"သူက ဘာလိုချင်လို့ ဖုန်းဆက်ရတာလဲ"

သူမက သိလျက်နှင့် တမင် မေးလိုက်သည်။

"သူက အခု ရိုဖေးနှင့်သားများကုမ္ပဏီရဲ့ ဥက္ကဋ္ဌသစ် ဘယ်သူဆိုတာ သိချင်ပါတယ်"

"ရှင်ကတော့ ဥက္ကဋ္ဌ ဘယ်သူဆိုတာ သိပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိသေးဘူး"

"မသိသေးရင် မှတ်ထားပါ။ ကျွန်မ ဥက္ကဋ္ဌပဲ"

စာရင်းကိုင်ချုပ်က သူ့မျက်နှာပေါ်မှ အံ့သြရိပ်ကို တမင် ဖုံးကွယ်ရန် ကြိုးစားလိုက်ကြောင်း သူမက သတိပြုလိုက်မိသည်။

"ဒီသတင်းကို ဟားဘရွတ်သိရင် ဘယ်လိုဖြစ်နိုင်မယ်လို့ ထင်သလဲ"

"သူက ကျွန်တော်တို့ကို အမဲဖျက်တော့မှာပေါ့"

စာရင်းကိုင်ချုပ်က ပြောင်ပြောင်ပင် ပြောလိုက်သည်။

"ကျွန်မ သူနဲ့ စကားပြောမယ်"

သူမက ကိုယ်ကိုနောက်ပစ်၍ ကုလားထိုင်တွင် မှီထိုင်လို သည်။ ပြီးတော့ ပြုံးရင်း . . .

"ကော်ဖီ သုံးဆောင်ပါလား"

"အင်း . . အော် . . ဟုတ်ကဲ့ . . ကောင်းပါတယ်၊ ကျေးဇူးပါ

အယ်လစ်ဇဘက်က မစ္စတာကရောက်ကို အကဲခတ် လာနေသည်။ သူ့ကို အယ်လစ်ဇဘက်က ပညာစမ်းနေကြော မစ္စတာ ကရောက်ကလည်း သိသည်။ သူ အစမ်းသပ်ခံနိုင်ခဲ့ပြီ ဆို ကိုလည်း သူ သိခဲ့ရပြီ။

"ကျွန်မ ရှင့်ဆီက အကြံဉာဏ် လိုချင်တယ်၊ ရှင်သာ ကျွ နေရာမှာ ရှိမယ်ဆိုယင် ဒီလိုအခြေအနေမျိုးမှာ ရှင် ဘာလုပ်မှာ

"အော် . . . ဒါလား . . . သိပ်လွယ်ပါတယ်၊ ရှိသေး သားများကုမ္ပဏီမှာ ရပိုင်ခွင့်တွေ တစ်ပုံကြီးရှိတာပဲ၊ အစုရှယ် အများစုကို အပြင်လူတွေကို ရောင်းပစ်လိုက်ရင် ဘဏ်ကြွေးတင် အရင်းငွေတောင် တိုးလာဦးမှာပဲ "

ဤတွင် ဒီလူ . . . ဘယ်သူ့ဘက်တော်သားဆို အယ်လစ်ဇဘက် သိရလေပြီတည်း။

★ ↔ ★

# အခန်း ( ၂၁ )

ဆွစ်ဇာလန်နိုင်ငံ

ဇူးရစ်မြို့

တနင်္လာနေ့၊ အောက်တိုဘာ ၄ ရက်

နံနက် ၁၀ – နာရီ

အယ်လစ်ဇဘက် ရုံးခန်းရောက်တော့ စားပွဲပေါ်တွင် သူမအမည်ဖြင့် ချိတ်ပိတ်စာအိတ်တစ်အိတ် တွေ့ရသည်။ စာအိတ်ပေါ်တွင် 'ထိပ်တန်း လျှို့ဝှက်' ဟူ၍ ရေးသားထားသည်။ သူမက စာအိတ်ကို ဖောက်ဖွင့် လိုက်သည်။ ဓာတုဗေဒဓာတ်ခွဲခန်းမှ ပို့လိုက်သော အစီရင်ခံစာ ဖြစ် သည်။ အစီရင်ခံစာအောက်ဆုံးတွင် 'အီမီလ် ဂျိုပလီ" ဟူ၍ လက်မှတ် ထိုးထားသည်။

အစီရင်ခံစာတစ်စောင်လုံးတွင် သိပ္ပံဝေါဟာရများဖြင့် ပြည့် နှက်နေသည်။ အယ်လစ်ဇဘက်က လျှောက်ဖတ်သွားရာ တစ်လုံးမျှ နားမလည်နိုင်အောင် ဖြစ်နေသည်။ ဆုံးသွားတော့ နောက်တစ်ခေါက် ပြန်ဖတ်သည်။ နောက်ထပ်တစ်ကြိမ် ပြန်ဖတ်သည်။ တစ်လုံးချင်း ဖြည်းဖြည်း ဖတ်သွားသည်။ နောက်ဆုံးတော့ ဆိုလိုချက်ကို သဘော ပေါက်လာသည်။

"ကျွန်မ နောက်တစ်နာရီကြာမှ ပြန်လာမယ် "

သူမက ကိတ်အားလင်းအား လှမ်းပြောလိုက်ပြီး အီမီလ် ဂျိုပလီရှိရာ ဓာတ်ခွဲခန်းသို့ ထွက်လာခဲ့သည်။

သိပ္ပံပညာရှင်ကလေး ဂျိုပလီမှာ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး နှင့် ၃၅ နှစ်ခန့်သာ ရှိသေးသည်။ မျက်နှာသွယ်ပြီး ထိပ်ပြောင်နေ သည်။ အယ်လစ်ဇဘက်ကို မြင်လိုက်ရတော့ ဂျိုပလီမှာ ပျာယီးပျာယာ နှင့် မနေတတ်မထိုင်တတ် ဖြစ်နေသည်။ သူ့ဓာတ်ခွဲခန်းသို့ ခေါ်မဆင့် ဦးမဆင့် ရောက်လာသည်ကို တစ်မျိုးကြီး ဖြစ်နေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အစီရင်ခံစာကို ကျွန်မ ဖတ်ပြီးပြီ၊ နားမလည်တာတွေ တစ်ပုံကြီးပဲ၊ ရှင် ရှင်းပြနိုင်မလားလို့ လာခဲ့တာ"

ဂျူပလီ၏အမူအရာမှာ ချက်ချင်းပင် တည်ငြိမ်သွားသည်။ သူက ကုလားထိုင်တွင်ထိုင်ရင်း ကိုယ်ကို ရှေ့သို့ အနည်းငယ် ကိုင်းလိုက်သည်။

"မြူကိုပေါ်လီသက္ကရိုက်နဲ့ အင်ဇိုင်းခေတ် ပိတ်ဆို့နည်းတွေ သုံးပြီး ကော်လာဂျင် ခြားနားချက်မြန်နှုန်းကို ထိန်းချုပ်ထားနိုင်တဲ့ ဆေးနည်းတစ်မျိုးကို ကျွန်တော် စမ်းသပ်နေတာ အတော်ကြာပြီ၊ တကယ်တော့ ကော်လာဂျင်ဟာ ဆက်သွယ်အသားမျှင်အားလုံးရဲ့ အခြေခံကျတဲ့ အမိက အသားဓာတ်တစ်မျိုးပဲ"

"ဟုတ်တာပေါ့"

ဟုတ်တာပေါ့ဟုသာ ပြောလိုက်ရပေမယ့် အယ်လစ်ဇဘာက် က ဂျူပလီပြောသည့်အထဲမှ ဆေးပညာဝေါဟာရများကို လုံးဝ နားမလည်သေးပါ။ သို့ပေမယ့် နားလည်သလောက်ဆိုလျှင်တော့ ဤစီမံကိန်းမှာ အိုမင်းရင့်ရော်ခြင်းကို တားဆီးရေး စီမံကိန်းကြီး ဖြစ်သည်။ ဂျူပလီ၏ စမ်းသပ်ချက်အောင်မြင်လျှင် ဇရာတားဆေးကို အောင်မြင်စွာ ထုတ်လုပ်နိုင်မည်။ တကယ်တော့ ဤစီမံကိန်းမှာ ကြားရရုံမျှနှင့်ပင် အားတက်စရာ ကောင်းလှသည်။

အယ်လစ်ဇဘာက်သည် ဂျူပလီပြောပြချက်များကို ငြိမ်ပြီး နားထောင်ရင်း အတွေးနယ်ချဲ့နေမိသည်။ သည်ဆေးနည်း အောင်မြင်လျှင် တစ်ကမ္ဘာလုံး လူသားတွေ အသက်ရှည်ရှည် နေကြရတော့မည်ဟု တွေးပြီး သူမက စိတ်ကြည်နူးနေသည်။ ဂျူပလီ၏ စကားအတိုင်းဆိုလျှင် လူတိုင်း အသက် တစ်ရာ၊ တစ်ရာ့ငါးဆယ်၊ နှစ်ရာအထိ နေနိုင်မည်ဟု ဆိုသည်။

"ဆေးမထိုးရဘဲ ဆေးလုံးမျိုချလိုက်ရုံနဲ့ ခရီးရောက်အောင် ကျွန်တော် ကြိုးစား စမ်းသပ်နေပါတယ် "

သူ့စကားက မစားရဝခမန်း ဖြစ်သည်။ အားတက်စရာလည်း ကောင်းလှသည်။ အားတက်စရာ ကောင်းအောင်လည်း အခြေ



အနေတွေက ပေးနေသည်ဟု ဆိုသည်။ ဤစီမံကိန်း အောင်မြင်လျှင် လူမှုပြောင်းလဲရေး တော်လှန်ရေးကြီးတစ်ရပ် အောင်မြင်ခြင်းပင် ဖြစ်ပေလိမ့်မည်။ ရိုဖေးနှင့်သားများကုမ္ပဏီအဖို့ ဒေါ်လာငွေတွေကို တင်းနှင့်ခြင်၍ ယူရလိမ့်မည်။ ဤဆေးကို ကိုယ်တိုင်လည်း ထုတ်လုပ်မည်။ အခြားကုမ္ပဏီတွေကိုလည်း လိုင်စင်နှင့် ထုတ်လုပ်ခွင့်ပေးမည်။

အယ်လစ်ဇဘာက်မှာ စိတ်ကူးဖြင့် ရွှင်မြူးနေသည်။ သူမ၏ စိတ်လှုပ်ရှားမှုကို မဖုံးကွယ်နိုင်အောင်ပင် ဖြစ်နေသည်။

"ဒီလုပ်ငန်း လုပ်တာ ဘယ်လောက်ကြာပြီလဲ"

"ကျွန်တော့်အစီရင်ခံစာတွေထဲမှာ ဖော်ပြထားတဲ့အတိုင်း တိရစ္ဆာန်တွေနဲ့ စမ်းသပ်နေတာ လေးနှစ် ရှိသွားပါပြီ၊ အခုအထိ စမ်းသပ်ပြီးတာတွေအားလုံး အလားအလာ ကောင်းနေပါတယ်၊ မကြာခင်မှာ လူတွေနဲ့ စမ်းသပ်ကြည့်ဖို့အဆင့်ပဲ ကျန်တော့တယ်"

ဂျူပလီက စိတ်ပါလက်ပါ ပြောပြနေသည်ကို ကြည့်ပြီး အယ်လစ်ဇဘာက်က အလွန်ကျေနပ်နေသည်။

"ဒီကိစ္စ ဘယ်သူ သိသေးလဲ"

"မစ္စတာရိုဖေး သိပါတယ်၊ ဒီလုပ်ငန်းကို 'ဖိုင်တွဲနီ စီမံကိန်း' ဆိုပြီး နာမည်ပေးထားပါတယ်၊ ထိပ်တန်းလျှို့ဝှက်ကိစ္စ ဖြစ်ပါတယ်၊ ဒီကိစ္စကို ကုမ္ပဏီဥက္ကဋ္ဌနဲ့ အခြားအုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးတစ်ယောက်ဆီကိုပဲ ကျွန်တော် အစီရင်ခံစာ တင်သွင်းရပါတယ်"

အယ်လစ်ဇဘာက် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ ထို့ကြောင့် သူမက ကမန်းကတန်း မေးလိုက်သည်။

"အခြားအဖွဲ့ဝင်ဆိုတာ ဘယ်သူလဲ"

"မစ္စတာ ဝေါလသာဂတ်စနာ"

အယ်လစ်ဇဘာက်သည် ခေတ္တမျှ ငြိမ်သွားသည်။ ပြီးတော့မှ . . .

"ဒီနေ့ကစပြီး ကျွန်မဆီကိုပဲ အစီရင်ခံစာ တင်ပါ၊ အခြား ဘယ်သူ့ဆီကိုမှ မတင်ပါနဲ့တော့"

ဂျူပလီ အံ့အားသင့်သွားပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မစ္စအယ်လစ်ဇဘက်"

ဒါနဲ့ ဒီဆေးကို ဈေးကွက်မှာ ဘယ်တော့လောက် တင်နိုင်မလဲ"

"အားလုံး ချောချောမောမောဖြစ်ရင် ၁၈ လ၊ ဒါမှမဟုတ် ၂၄ လအတွင်း တင်နိုင်မှာပဲ"

"ကောင်းတယ်၊ လိုတာရှိရင် ပြောပါ။ ငွေလိုသလား၊ ပစ္စည်းလိုသလား၊ ဘာပဲလိုလို ကျွန်မကို အသိပေးပါ။ တတ်နိုင်သမျှ မြန်မြန်လည်း လုပ်စေချင်တယ်"

"ဟုတ်ကဲ့ . . . လုပ်ပါ့မယ် စိတ်ချပါ"

အယ်လစ်ဇဘက်က ထိုင်ရာမှ ထလိုက်သည်။ တစ်ချိန်တည်းမှာပင် ဂျိုပလီကလည်း ကုလားထိုင်ပေါ်မှ ဆင်းရပ်လိုက်သည်။

'အခုလို တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်က မစ္စတာ ရှိုဖေးကိုလည်း ကြည်ညိုပါတယ်"

ဂျိုပလီက မဝံ့ရဲဟန်ဖြင့် ပြောလိုက်သည်။

"ကျွန်မကလည်း ဝမ်းသာပါတယ်ရှင်၊ ကျေးဇူးလည်း တင်ပါတယ်"

သူမဖခင်ကြီးသည် စီမံကိန်းကြီးကို အစအဆုံး သိသူ ဖြစ်သည်။ ဒါကြောင့်မို့လည်း သူက ကုမ္ပဏီကို မရောင်းလိုခြင်း ဖြစ်နိုင်သည်။

ဂျိုပလီက အယ်လစ်ဇဘက်အား တံခါးဝအထိ လိုက်ပို့ရင်း . . .

"ကျွန်တော် လူတွေနဲ့ စမ်းသပ်ကြည့်တော့မယ်"

"ကောင်းတယ် . . . မြန်မြန်သာ လုပ်ပါ၊ အောင်မြင်ပါစေ"

★

"ဖိုင်တွဲနီ စီမံကိန်း လုပ်ပုံကိုင်ပုံကို ပြောပြစမ်းပါ"

အယ်လစ်ဇဘက်က မစ္စကိတ်အားလင်းအားမေးလိုက်သည်။





'အစက ပြောရမှာလား"

"အစက ပြောပါ"

"ဒီလိုပါ . . . မစ္စအယ်လစ်ဇဘက် သိတဲ့အတိုင်းပါပဲ၊ ကျွန်မတို့မှာ စမ်းသပ်တဲ့အဆင့်မှာပဲ ရှိနေသေးတဲ့ ကုန်ပစ္စည်းတွေ အမျိုးမျိုး ရှိပါတယ်၊ အဲဒါတွေ . . ."

"အဲဒီပစ္စည်းတွေကို ဘယ်သူက တာဝန်ခံရသလဲ"

"အသုံးစရိတ် အနည်းအများလိုက်ပြီး တချို့ကို သက်ဆိုင်ရာ ဌာနအကြီးအကဲတွေက တာဝန်ယူရပါတယ်"

"သူတို့က ငွေဘယ်လောက်အထိ တာဝန်ယူနိုင်သလဲ"

"ဒေါ်လာငါးသောင်းအထိ တာဝန်ယူနိုင်ပါတယ်"

"ဒီထက် များရင်ကော . . ."

"ဒီထက်များရင် အုပ်ချုပ်ရေးအဖွဲ့ ခွင့်ပြုချက် ရယူပါတယ်၊ အမှန်က စီမံကိန်းတစ်ခုဟာ ပထမအဆင့်ကို ကျော်လွန်ပြီးမှ သာ 'ဖိုင်တွဲနီ စီမံကိန်း' ထဲ ဝင်လာပါတယ်"

"ဆိုလိုတာက ထုတ်လုပ်အောင်မြင်နိုင်မယ့် အခြေအနေရှိမှ ဆိုတဲ့ သဘောလား"

"ဟုတ်ပါတယ်"

"ဒီစီမံကိန်းကို ဘယ်လို အကာအကွယ်ပေးထားသလဲ"

"အရေးကြီးတဲ့ လုပ်ငန်းအဆင့်ကို ရောက်လာရင် လုပ်ငန်းတစ်ခုလုံးကို ထိပ်တန်းလှို့ဝှက်မှုရှိတဲ့ မှတ်ခွဲခန်းတစ်ခုခုကို ပို့လိုက်ပါတယ်၊ အဲဒီပစ္စည်းနဲ့ ပတ်သက်သမျှ စာရွက်စာတမ်းအားလုံးကိုလည်း တစ်ပေါင်းတည်း စုစည်းပြီး 'ဖိုင်တွဲနီ' ထဲမှာ ထည့်ပါတယ်၊ သက်ဆိုင်ရာ စီမံကိန်းတာဝန်ခံ သိပ္ပံပညာရှင်ရယ်၊ ကုမ္ပဏီ ဥက္ကဋ္ဌရယ်၊ ပြီးတော့ တခြားအုပ်ချုပ်ရေးအဖွဲ့ဝင် တစ်ယောက်ရယ် . . . အဲဒီ ပုဂ္ဂိုလ်သုံးဦးသာ ဖိုင်တွဲနီကို ထုတ်ယူ အသုံးပြုခွင့်ရှိပါတယ်"

"အဲဒီတခြားအဖွဲ့ဝင်ကို ဘယ်သူက ရွေးချယ်သလဲ"

"မစ္စတာရှိုဖေးက ဝေါလသာဂတ်စနာကို ရွေးချယ်ခဲ့ပါတယ်"

မစ္စကိတ်အားလင်းက ပြောပြီးမှ သူ့စကား မှားသွားမှန်း



www.burmeseclassic.com

www.burmeseclassic.com



သိလိုက်သည်။

အမျိုးသမီးနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် အတန်ကြာ ကြည့်နေသည်။ပြီးတော့မှ အယ်လစ်ဇဘက်က လေအေးအေးနှင့် ပြောလိုက်သည်။

"ကျေးဇူးပါပဲ ကိတ် . . . ဒါလောက်ပါပဲ"

အယ်လစ်ဇဘက်က ဂျိုပလီ၏ စီမံကိန်းအကြောင်းကို တစ်ခွန်း တစ်ပါဒမျှ မဟလိုက်။ သို့သော် မစ္စကိတ်ကတော့ သိပြီးသားဖြစ်လိမ့်မည်။ ယင်းသို့ သိနိုင်ရန်အတွက် အကြောင်းနှစ်ချက်တော့ ရှိလိမ့်မည်။ တစ်ကြောင်းက မစ္စတာရိုဖေးက သူမကို ယုံပြီး ဂျိုပလီ စီမံကိန်းအကြောင်း ဖွင့်ပြောကောင်း ပြောနိုင်သည်။ နောက်တစ်ကြောင်းကတော့ သူမကိုယ်တိုင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တိတ်တိတ် ခိုးကြည့်ထားလို့ သိတာမျိုးလည်း ဖြစ်နိုင်သည်။ ယင်းသို့ ခိုးကြည့်တာကလည်း သူမ၏ တိုက်ရိုက်အကျိုးခံစားခွင့်အတွက် မဟုတ်ဘဲ တစ်ယောက်ယောက်က စေခိုင်းသောကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်။

အခြေအနေကတော့ မလွယ်တဲ့ အခြေအနေကို ရောက်နေပြီ။ ခြေလှမ်းတစ်ချက် အမှားမခံနိုင်တဲ့ အခြေအနေမျိုး။ အစစအရာရာ သတိကြီးစွာထားပြီး လုပ်နိုင်မှ တန်ကာကျမည်။ လျှို့ဝှက်လုပ်ငန်း မှန်သမျှ သူမကိုယ်တိုင် ကိုင်မှ ဖြစ်တော့မည်။

လောလောဆယ်တွင် ဝေါလသာနှင့် စကားပြောရမည်။သူမလက်က တယ်လီဖုန်းကို သွားကိုင်မိသည်။ လက်ကို ချက်ချင်း ပြန်ရုပ်လိုက်သည်။ ရုတ်တရက် အကြံတစ်ခု ပေါ်လာသောကြောင့် ဖြစ်သည်။

ထိုနေ့ညနေတွင် အယ်လစ်ဇဘက်သည် လေယာဉ်ဖြင့် ဘာလင်မြို့သို့ ထွက်ခွာလာခဲ့လေသည်။

★



ဝေါလသာသည် အတော်ပင် စိတ်လှုပ်ရှားနေသည်။

သူတို့နှစ်ယောက်သည် ပါဗီလုံဟိုတယ် အပေါ်ထပ်ရှိ အခန်းတစ်ခန်း၏ ထောင့်စွန်းစားပွဲတစ်လုံးတွင် ထိုင်နေကြသည်။ ခါတိုင်းဆိုလျှင် အယ်လစ်ဇဘက် ဘာလင်သို့ရောက်တိုင်း သူတို့အိမ်တွင်သာ ထမင်းစားရန် ဝေါလသာနှင့် အန်နာတို့လင်မယားက အမြဲတမ်း ဖိတ်ခေါ်လေ့ရှိသည်။ ယခုတော့ ယင်းသို့မဟုတ်။ ဝေါလသာက ယင်းကိစ္စကို လုံးဝမပြော။ အယ်လစ်ဇဘက်က ဟိုတယ်မှ ဖုန်းလှမ်းဆက်သောအခါ ဝေါလသာက ဟိုတယ်တွင်ပင် ဆုံရန် အကြံပေးခဲ့သည်။ သို့သော် သူက အန်နာ့ကိုတော့ ခေါ်မလာခဲ့။

ဝေါလသာကား ဇာတ်လိုက်မင်းသား တစ်ယောက်လို ခန့်ချော ချောတုန်းပင်။ သို့သော် သေသေချာချာ ကြည့်လျှင်တော့ သူ့မျက်နှာတွင် သောကရိပ်များကို မြင်တွေ့နိုင်သည်။ သူ့လက်တွေကလည်း နှာ မငြိမ်၊ အမြဲတမ်း လှုပ်ရှားနေသည်။ သူ၏ အတွင်းစိတ်သည် အတော်ကြီး ယောက်ယက်ခတ်နေပုံပေါ်သည်။ အယ်လစ်ဇဘက်က အန်နာ့အကြောင်း မေးတော့လည်း သူက ဝါးတားတားသာ ဖြေသည်။

"အန်နာ သိပ်နေမကောင်းလို့ လိုက်မလာဘူး"

"တော်တော် နေမကောင်းဘူးလား"

"မဟုတ်ဘူး . . . မဟုတ်ဘူး . . . နေကောင်းသွားမှာပါ၊ သူ အိမ်မှာပဲ အေးအေးဆေးဆေး အနားယူနေတယ်"

"ဒီလိုဆိုရင် ကျွန်မ သူ့ကို ခေါ်လိုက်မယ်လေ၊ ပြီးတော့လည်း . . ."

"နေပါစေ သူ့ကို အနှောင့်အယှက်မပေးတာ ပိုကောင်းပါတယ်"

သည်တစ်ကြိမ် ဝေါလသာနှင့် စကားပြောရသည်မှာ တော်တော်လေး လက်ဝင်သည်။ သူ အတော်လေး ပြောင်းလဲနေပြီ။ ဟိုတုန်းကဝေါလသာ မဟုတ်တော့။ ဟိုတုန်းကဝေါလသာက ပွင့်လင်းသည်။ ဟန်ဆောင်ခြင်း လုံးဝ မရှိ။

အယ်လစ်ဇဘက်က အချိန်ဆွဲမနေတော့ဘဲ ဂျိုပလီ၏

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းအကြောင်းကို စတင် ပြောလိုက်သည်။

"သူ လုပ်နေတဲ့ လုပ်ငန်းက ကျွန်မတို့အတွက် အလွန်လိုအပ်နေတဲ့ လုပ်ငန်းပါပဲ"

ဝေါလသာက ခေါင်းညိတ်ရင်း . . .

"ဟုတ်တယ် . . . လုပ်ငန်းကြီးပဲ"

"အစီရင်ခံစာကို ကျွန်မက လွှဲပြီး၊ ဘယ်သူ့ဆီမှ စာမတင်ပါနဲ့လို့ သူ့ကို ကျွန်မ ပြောလိုက်ပြီးပြီ"

ဝေါလသာ၏ လှုပ်ရှားနေသော လက်တွေ ချက်ချင်း ရပ်သွားကြသည်။ သူက အယ်လစ်ဇဘက်၏မျက်နှာကို စေ့စေ့ကြည့်ပြီး မေးလိုက်သည်။

"မင်း ဒီလို ဘာကြောင့်လုပ်တာလဲ"

"ဝေါလသာမို့လို့ ကျွန်မက ဒီလိုလုပ်တာ မဟုတ်ပါဘူး တခြားလူဆိုရင်လည်း ဒီလိုပဲ ကျွန်မ လုပ်မှာပဲ၊ အမှန်အတိုင်း ပြောရရင် . . . ဒီကိစ္စ ကျွန်မတစ်ယောက်တည်း ကိုင်ချင်လို့ပါ"

ဝေါလသာက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ငါ နားလည်ပါပြီ၊ မင်းမှာ အာဏာရှိတာပဲ၊ မင်း လုပ်ချင်တာ လုပ်နိုင်ပါတယ်"

သူက မချိပြုံး ပြုံးရင်း . . .

"ဒီမှာ အယ်လစ်ဇဘက် . . . အန်နာ့အနေနဲ့ ကုမ္ပဏီမှာ အစုရှယ်ယာတွေ အများကြီး ရှိပါတယ်၊ မင်း သဘောမတူရင် သူ မရောင်းနိုင်ပါဘူး၊ သိပ်ပြီး အရေးကြီးနေလို့ပါ၊ ငါ . . . ."

"ဝမ်းနည်းပါတယ် . . . ဝေါလသာ၊ ဒါတော့ ကျွန်မ လုံး သဘောမတူနိုင်လို့ပါ"။

★ ↔ ★

## အခန်း ( ၂၂ )

ဟားဂျူးလီးယက်ဘရွတ်မှာ ကိုယ်လုံးကိုယ်ထည် ပါးပါး သွယ်သွယ်နှင့် လူဖြောင့်စိတ်တိုတစ်ဦး ဖြစ်သည်။ သူသည် ဝတ်စုံ နက်ကို ဝတ်ဆင်ထားသည်။ သူ့မျက်နှာ အမူအရာမှာ တင်းမာနေ လို ထင်ရသည်။ သူက ရိုဖေးနှင့်သားများကုမ္ပဏီ အစည်းအဝေး မ စားပွဲကြီးတွင် အယ်လစ်ဇဘက်နှင့် မျက်နှာချင်းဆိုင် ထိုင်နေ ည်။

သူတို့နှင့်အတူ ဘဏ်လုပ်ငန်းရှင်ကြီး ငါးဦးလည်း ပါလာ ည်။ သူတို့အားလုံးလည်း အနက်ရောင်ဝတ်စုံကိုပင် ဝတ်ထားကြ ည်။

အယ်လစ်ဇဘက်က မျက်လုံးများကို တစ်ချက်ဝင့်ပြီး အကဲ တ် ကြည့်ရှုလိုက်သည်။ သူတို့အားလုံး၏ မျက်နှာများမှာ အေးစက် မှုန်ပြီး ခံစားချက်မရှိသလို ဖြစ်နေကြသည်။ သူမ အတော်ကလေး ်ပျက်သွားမိသည်။

အစည်းအဝေးမစမီ မစ္စကိတ်အားလင်းက ပူနွေးလတ်ဆတ် သော မုန့်မျိုးစုံနှင့် ကော်ဖီပန်းကန်များ လာချသည်။ သူတို့အားလုံး သောက်ရန် စိတ်မပါသလို ခပ်ဆိုင်းဆိုင်း ဖြစ်နေကြသည်။ သည်လို ခြင်းမှာ ၎င်းတို့အား အယ်လစ်ဇဘက်က နံနက်စာဖြင့် ဧည့်ခံ ည်ဟု ဖိတ်ကြားခဲ့သောကြောင့် ဖြစ်ပေလိမ့်မည်။ ဒါ မကောင်းတဲ့ ကာပဲဟု၍ အယ်လစ်ဇဘက်က တွေးလိုက်မိသည်။ ဤနေရာသို့ ို့လာကြခြင်းမှာ ထမင်းစားရန် လာကြခြင်း မဟုတ်။ အကြွေး ာင်းရန် လာကြခြင်းသာ ဖြစ်သည်။

"ပထမဦးဆုံး ပြောရမယ့် စကားကတော့ ကျေးဇူးတင်စကား ဒီနေ့ ဒီနေရာကို ကြွရောက်လာကြတဲ့အတွက် လူကြီးမင်းများကို ပဲ ကျေးဇူးတင်ပါတယ်"

သူတို့အားလုံးပင် ယဉ်ကျေးမှုအရ ခေါင်းလှုပ်လက်လှုပ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မရေမရာ တုံ့ပြန်သော အမူအရာများ ပြလိုက်ကြသည်။

အယ်လစ်ဇဘက်က သက်ပြင်းတစ်ချက် ရှိုက်လိုက် နောက် . . .။

"လူကြီးမင်းများကို ဒီနေ့ ဖိတ်ခေါ်ရတာကတော့ ရှိုဖေး သားများကုမ္ပဏီက ဆပ်စရာရှိတဲ့ ကြွေးကိစ္စကို ဆွေးနွေးဖို့ပဲ ဖြစ် တယ် . . ."

ဟားဘရွတ်က ခေါင်းကို တညိတ်ညိတ် ခါယမ်းလိုက်သည်

"ဝမ်းနည်းပါတယ် . . . မစ္စရှိုဖေး၊ ဒီကိစ္စ ပြောစရာ တော့ပါဘူး၊ ကျုပ်တို့က အရင်တည်းက အကြောင်းကြားထားပြီး

"ကျွန်မ စကားမဆုံးသေးပါဘူး"

သူမက စားပွဲတစ်ခုလုံးကို မျက်စိကစားလိုက်သည်။

"ကျွန်မသာ လူကြီးမင်းနေရာမှာဆိုရင်လည်း ဒီအတိုင်း ငြင်းမှာပါပဲ"

သူတို့က အယ်လစ်ဇဘက်မျက်နှာကို ကြည့်နေကြသည် ပြီးတော့ ဘာမှမသိသလို တစ်ယောက်မျက်နှာကိုတစ်ယောက် ကြ လိုက်သည်။

အယ်လစ်ဇဘက်က ဆက်ပြောသည်။

"ဒီကုမ္ပဏီကို ကျွန်မဖေဖေ အုပ်ချုပ်နေတုန်းက လူကြီး များနဲ့ ဆက်ဆံခဲ့ပါတယ်၊ လူကြီးမင်းများ သိတဲ့အတိုင်း ဖေဖေ ထူးချွန်တဲ့ စီးပွားရေးသမားတစ်ယောက် ဖြစ်ပါတယ်၊ ဒီတော့ . . . အဲဒီလို အတွေ့အကြုံ ရင့်ကျက်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးနဲ့တောင် ဆက် ခဲ့ပါလျက်နဲ့ ကျွန်မလို စီးပွားရေးလုပ်ငန်း အတွေ့အကြုံ မရှိသေး အမျိုးသမီးတစ်ယောက်အတွက် ဘာဖြစ်လို့များ ကြွေးဆပ်ရက် တိုးမပေးနိုင်ကြတာပါလိမ့်"

"မစ္စရှိုဖေးကဲ ကိုယ့်မေးခွန်း ကိုယ် ပြန်ဖြေပြီးပြီလို့ ကျွ ထင်တယ်၊ ကျုပ်တို့ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ . . ."

ဟားဘရွတ်က ပြောလိုက်ခြင်း ဖြစ်သည်။

"ကျွန်မ စကားမဆုံးသေးပါဘူး"





သူတို့အားလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

ယ်လစ်ဇဘက်က သူတို့မျက်နှာကို တစ်လှည့်စီကြည့်ပြီး သူတို့၏ တွင်းစိတ်ကို လေ့လာနေသည်။ သူတို့ကား ဆွစ်ဇာလန်နိုင်ငံမှ လုပ်ငန်းပိုင်ရှင်ကြီးများ ဖြစ်ကြသည်။ ကမ္ဘာ့စီးပွားရေးလောက တစ်ခုလုံးတွင် လေးစားခံရသော၊ မနာလိုခံရသော အရင်းရှင် ဌေးကြီးများ ဖြစ်ကြသည်။ သူတို့က ကိုယ်ကို ရှေ့သို့ကိုင်းပြီး ယ်လစ်ဇဘက်၏စကားကို ဂရုတစိုက် နားထောင်နေကြသည်။ မူလ သူတို့၏ စိတ်မရှည်သော အမူအရာများမှာ ယခုတော့ အံ့သြသော အရာသို့ ပြောင်းလဲသွားကြပြီဖြစ်သည်။

"လူကြီးမင်းများဟာ ရှိုဖေးနှင့်သားများကုမ္ပဏီနဲ့ ဆက်ဆံ ခဲ့ကြတာ ကာလအတန်ကြာခဲ့ပါပြီ၊ လူကြီးမင်းများ အားလုံးလိုလိုပဲ န်မရဲ့ဖေဖေအကြောင်းကို သိကြပြီး ဖြစ်ပါလိမ့်မယ်၊ အဲဒီလို သိကြ လူကြီးမင်းများအနေနဲ့ ဖေဖေ့ကို လေးစားကြလိမ့်မယ်လို့ ကျွန်မ ကြည်ပါတယ်"

အချို့က ခေါင်းညိတ်ပြီး ထောက်ခံလိုက်ကြသည်။

"ဖေဖေ့နေရာမှာ ကျွန်မ ရောက်လာပြီဆိုတာကို သိရတော့ ကြီးမင်းတို့အားလုံး မနက်ပိုင်း ကော်ဖီသောက်ရင်း အသက်ရှူ သွားကြလေမလားလို့ ကျွန်မ တွေးကြည့်မိပါတယ်"

ဘဏ်လုပ်ငန်းရှင်တစ်ဦးက အသံထွက်အောင် ရယ်လိုက် သည်။ ပြီးတော့ . . .

"မစ္စရှိုဖေးပြောတာ မှန်ပါတယ်၊ တကယ်လည်း ကျုပ်တို့ အားလုံး . . . ဘာတဲ့ မစ္စရှိုဖေး ပြောတဲ့စကား အဲ . . . အဲ . . . ုပ်တို့အားလုံး ကော်ဖီသောက်ရင်း အသက်ရှူရပ်သွားကြတာ အမှန် . . .၊ ကျုပ် ဒီလို ပြောလိုက်တာ ကျုပ်မိတ်ဆွေတွေကို နှိမ့်ချတဲ့ သော မပါပါဘူး"

အယ်လစ်ဇဘက်က ပြုံးလိုက်သည်။

"ကျွန်မကလည်း လူကြီးမင်းများကို အပြစ်မဆိုလိုပါဘူး၊ န်မဆိုရင်လည်း လူကြီးမင်းတို့လိုပဲ ဖြစ်မှာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



တခြားတစ်ယောက်က ဖြတ်ပြီး . . .

"ကျုပ်တော့ တော်တော် အံ့သြနေတယ် . . . မစ္စရိုဖေး ဒီအစည်းအဝေးကို ကျုပ်တို့လာတဲ့ ရည်ရွယ်ချက်ကို ကျုပ်တို့အားလုံး သိကြတယ်၊ ဒီနေရာကို ကျုပ်တို့ ဘာလာလုပ်ကြတာလဲ"

"အော် . . . ဒီကို လာကြတာလား . . . ၊ လူကြီးမင်းတို့ ဒီ လာကြတာ ကမ္ဘာပေါ်မှာ အထင်ပေါ်ဆုံး ဘဏ်လုပ်ငန်းရှင်တွေ ဒီ ရာမှာ ရောက်နေကြလို့ပါပဲ၊ လူကြီးမင်းတို့ အားလုံးဟာ အရာရာ ဒေါ်လာငွေတွေ ဆင့်ငွေတွေနဲ့ တွက်ချက်ပြီး လုပ်လာကြလို့ ဒီ အောင်မြင်နေတာ မဟုတ်ဘူးလို့ ကျွန်မ ယုံကြည်ပါတယ်၊ အဲဒီလို ဆိုရင် လူကြီးမင်းတို့ လုပ်ငန်းတွေကို စာရင်းကိုင်တွေ လုပ်ရင်လည် ဖြစ်နိုင်ပါတယ်၊ ဘဏ်လုပ်ငန်းမှာ အဲဒါထက် အရေးကြီးတဲ့ လုပ် တွေ အများကြီး ရှိသေးတယ်လို့ ကျွန်မ ယူဆပါတယ် "

"မှန်ပါတယ် . . မစ္စရိုဖေး"

တစ်ယောက်က မပွင့်တပွင့် ပြောသည်။

"ဒါပေမဲ့ ကျုပ်တို့က စီးပွားရေးသမားတွေပါ၊ ပြီးတော့ . ."

"ပြီးတော့ . . . ရိုဖေးနှင့်သားများ ကုမ္ပဏီလည်း စီးပွား လုပ်ငန်းကြီးပါ၊ အင်မတန်ကြီးကျယ်တဲ့ စီးပွားရေးလုပ်ငန်းကြီး ဖေဖေ့ကုလားထိုင် ဝင်ထိုင်ရတော့မှ ကျွန်မတို့ လုပ်ငန်း ဘယ်လော ကြီးကျယ်တယ်ဆိုတာ ကျွန်မ သဘောပေါက်ခဲ့ရပါတယ်၊ ဒီကုမ္ပ ဟာ ကမ္ဘာအရပ်ရပ်က လူသားတွေရဲ့ အသက်ပေါင်းများစွာကို တ တင်ခဲ့ပါတယ်၊ ဆေးသိပ္ပံပညာ တိုးတက်ရေးအတွက် အများကြ အထောက်အကူ ပြုခဲ့ပါတယ်၊ လူပေါင်းများစွာတို့ရဲ့ စားဝတ်နေ အသက်ရှင်ရေးတွေဟာ ဒီကုမ္ပဏီအပေါ်မှာ လုံးဝ မှီတည်နေပါတ ဒီတော့ . . . "

"ဒါတွေအားလုံး ဘယ်သူမှ မငြင်းနိုင်ပါဘူး"

ဟားဘရွတ် က ဝင်ဖြတ်လိုက်သည်။

"ဒါပေမဲ့ ကျုပ်တို့ အစည်းအဝေးအစီအစဉ်က လွှတ် သွားပြီ၊ ရိုဖေးကုမ္ပဏီအနေနဲ့ အစုရှယ်ယာတွေကို လွှတ်ပေးနိုင်



မယ်၊ ဒီကိစ္စကို မစ္စရိုဖေးကို အကြံပေးခဲ့ကြပြီးပြီဆိုတာ ကျုပ်သိရတယ်"

ဒီနေရာမှာ ဟားဘရွတ်အနေနဲ့ ပထမဆုံး ခြေလှမ်းမှားတာပဲ ဟု အယ်လစ်ဇဘက်က တွေးလိုက်သည်။

တကယ်တော့ ယင်းအကြံပေးချက်ကို အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးတွင်သာ ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးမှာလည်း ထိပ်တန်းလျှို့ဝှက် အစည်းအဝေးသာ ဖြစ်သည်။ အစည်းအဝေး တက်ခဲ့သော တစ်ယောက်ယောက်က ဤစကားကို အပြင်သို့ ထုတ်ခဲ့ခြင်းသာ ဖြစ်မည်မှာ သေချာသည်။ ယင်းတစ်ယောက်ယောက်မှာလည်း အခြားသူ မဟုတ်။ သူမအား ဘေးကျပ်နံကျပ်တွေ့အောင် တမင်လုပ်ကြံဖွက်ဆီးနေသူပင် ဖြစ်သည်။ ယင်းပုဂ္ဂိုလ်ကို ပေါ်အောင် ဖော်ထုတ်ရဦးမည်။

"လူကြီးမင်းများကို ကျွန်မ တစ်ခု မေးပါရစေ၊ လူကြီးမင်းတို့ရဲ့ အကြွေးကို ဆပ်မယ်ဆိုရင် ဘယ်ကငွေနဲ့ပဲဆပ်ဆပ် ကျေနပ်နိုင်ပါ့မလား"

ဟားဘရွတ်က အတန်ကြာ စဉ်းစားနေပြီးမှ ဖြေသည်။

"ဘယ်ကငွေပဲဖြစ်ဖြစ် ကျုပ်တို့အကြွေး ပြန်ဆပ်ရင် ကျေနပ်ပါပြီ"

ဤတွင် အယ်လစ်ဇဘက်က တက်ကြွစွာဖြင့် ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်ပြီး . . .

"ဒီလိုဆိုရင် ရှင်းနေတာပဲ၊ ကုမ္ပဏီအစုရှယ်ယာတွေ ရောင်းလို့ရတဲ့ ငွေနဲ့ပဲ ဆပ်ဆပ်၊ ဒါမှမဟုတ် ကျွန်မတို့ကုမ္ပဏီပိုင် အခြားငွေနဲ့ပဲ ဆပ်ဆပ် လူကြီးမင်းတို့က ငွေရရင် ကျေနပ်နေပြီပဲ၊ ဒါပေမဲ့ ရိုဖေးနှင့်သားများကုမ္ပဏီဟာ စီးပွားရေးလောကကို စွန့်ခွာသွားဖို့ မရည်ရွယ်ဘူးဆိုတာ လူကြီးမင်းများအားလုံး သိကြပါတယ်၊ ဒီနေ့လည်း မစွန့်ဘူး၊ မနက်ဖြန်လည်း မစွန့်ဘူး၊ ကျွန်မ အခု တောင်းပန်နေတာက အချိန်ကလေး နည်းနည်းပေးဖို့ ပြောနေတာပါ"

"ကျုပ်ပြောတာ ယုံပါ မစ္စရိုဖေး၊ တကယ်တော့ . . . ကျုပ်တို့အနေနဲ့လည်း အကြင်နာတရား မမဲ့ပါဘူး၊ မစ္စရိုဖေးဟာ စိတ်မချမ်းသာ

www.burmeseclassic.com

ရောတောင်းတဲ့ ဖြစ်ရပ်တွေကို ကြုံခဲ့ရတယ်ဆိုတာ ကျုပ် နားလည်ပါတယ်၊ ဒါပေမဲ့ . . . ”

“သုံးလတော့ ပေးပါ၊ ရက် (၉၀) တည်းပါ၊ တိုးရင်းအပြင် အမိုဒဏ်တိုးလည်း ပေးပါ့မယ်”

အားလုံး ငြိမ်သွားသည်။ သို့သော် ကောင်းသော ငြိမ်ခြင်းမျိုး မဟုတ်။ သူတို့မျက်နှာတွေက အေးစက်နေကြသည်။ တင်းမာနေကြသည်။

ဤတွင် အယ်လစ်ဇဘက်က နောက်ဆုံးဖဲ့ဖွက်ဖဲ့တစ်လက်ကို အရဲစွန့်ပြီး ဒိုင်ကိုင်လိုက်ရတော့သည်။

“ဒီ . . . ဒီကိစ္စတို့ ပြောသင့်၊ မပြောသင့် ဆိုတာတောင် ကျွန်မ မသိတော့ပါဘူး”

သူမက ခေတ္တရပ်နေလိုက်ပြီးမှ ဆက်လက်ပြီး . . .

“အခု ကျွန်မ ပြောတာကို ထိပ်တန်းလျှို့ဝှက်ချက်အဖြစ် လူကြီးမင်းတို့က သဘောထားစေချင်ပါတယ်”

သူမက စားပွဲကို ဝေ့ကြည့်လိုက်သည်။ သူတို့အားလုံး လှုပ်လှုပ်ရွရွဖြင့် နားစွင့်ခတ်လာကြသည်။

“အခုလောလောဆယ်မှာ ရိုဖေးနှင့်သားများကုမ္ပဏီဟာ ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းတစ်ခုလုံးမှာ စံချိန်သစ် တင်ရမယ့် သမိုင်းဝင် တော်လှန်ရေးလုပ်ငန်းကြီးကို ဖော်ထုတ်လုဆဲဆဲ အခြေအနေမှာ ရှိနေပါတယ်”

သူမက ခေတ္တရပ်ပြီး အကဲခတ် ကြည့်နေလိုက်သည်။

ပြီးတော့မှ . . .

“အခု ဈေးကွက်မှာ ရောင်းချကြတဲ့ ဆေးအားလုံးထက် အပြတ်အသတ် အရောင်းသွက်စေမယ့် ဆေးသစ်တစ်မျိုးကို ကျွန်မတို့ကုမ္ပဏီက မကြာခင်မှာ ထုတ်ဝေဖို့ စီစဉ်နေပါပြီ . . . ”

အခြေအနေတွေ ပြောင်းလဲသွားသည်ကို သူမ သတိပြုလိုက်မိသည်။

“ဘယ် . . . ဘယ်လို ဆေးမျိုး . . . ”





ဟားဘရွတ်က သိချင်ဇောဖြင့် ကမန်းကတန်း မေးလိုက်သည်။

အယ်လစ်ဇဘက်က ခေါင်းကို အသာယမ်းရင်း . . .

“စိတ်မရှိပါနဲ့ . . . ကျွန်မ တောင်းပန်ပါရစေ၊ အခုတောင်မှ မပြောသင့်တာတွေ ကျွန်မ အများကြီး ပြောခဲ့မိပါပြီ၊ ကျွန်မတို့ ထုတ်မယ့် ဆေးဟာ ဆေးဝါးလောကမှာ အကြီးကျယ်ဆုံး တီထွင်အောင်မြင်မှုကြီး ဖြစ်လိမ့်မယ်ဆိုတာလောက်ပဲ ကျွန်မကို ပြောခွင့်ပြုပါ၊ ဒီလုပ်ငန်းအတွက် ကုမ္ပဏီအများကြီး တိုးချဲ့ရရှိနိုင်ပါတယ်၊ နှစ်ဆ မက၊ သုံးလေးဆအထိ တိုးချဲ့ရလိမ့်မယ်၊ အမှန်ကတော့ ကျွန်မတို့က တိုးချဲ့လုပ်ငန်းကြီးအတွက် ဘဏ္ဍာရေးအကူအညီသစ်တွေ ရှာနေပါတယ်”

ဘဏ်သူဌေးကြီးတွေက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ အသံမပြုဘဲ အချင်းချင်း အရိပ်လက္ခဏာ ပြနေကြသည်။

ဟားဘရွတ်က တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်သည်။

“ကျုပ်တို့က ရက်ပေါင်း ၉၀ တိုးပေးရင် ရိုဖေးနှင့်သားများကုမ္ပဏီ အနာဂတ်တိုးချဲ့လုပ်ငန်းအတွက် လိုငွေအကူအညီယူတဲ့အခါ ကျုပ်တို့ကို အဓိကထားပြီး စဉ်းစားမယ်လို့ မျှော်လင့်ရမှာလား . . . ”

“ဒီမေးခွန်းဟာ အလွန်သဘာဝကျပါတယ်ရှင်”

“ဒီလိုဆိုရင် ကျုပ်တို့ ရစရာရှိတဲ့ ငွေတွေကို ရက်ပေါင်း ၉၀ ပြည့်တဲ့နေ့မှာ အတိုးရော အရင်းပါ အကျေအလည် ပေးဆပ်ပါ့မယ် ဆိုတဲ့ ကတိကို ပေးပြီ ဆိုပါတော့”

“မှန်ပါတယ်ရှင်”

ဟားဘရွတ်က အယ်လစ်ဇဘက်မျက်နှာကို ကြည့်နေသည်။ ပြီးတော့ သူ့မိတ်ဆွေများ၏ မျက်နှာတွေကို ကြည့်လိုက်သည်။

“ကျုပ်အနေနဲ့တော့ ငြင်းစရာ မရှိပါဘူး၊ ကတိပျက်ရင်လည်း ပြစ်ဒဏ်တိုး ရှိနေတဲ့အတွက် ကျုပ်တို့ဘက်က နစ်နာစရာ မရှိဘူးလို့ ကျုပ် ယူဆပါတယ်”

အခြားတစ်ယောက်က ခေါင်းညိတ် ထောက်ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟားဘရွတ် သဘောတူရင် ကျုပ်တို့ကလည်း တခြား ပြောစရာ မရှိတော့ပါဘူး"

ဤတွင် သေနတ်တစ်ချက် မဖောက်ရဘဲနှင့် တိုက်ပွဲကြီး တစ်ခု ပြီးဆုံးသွားခဲ့လေသည်။

အယ်လစ်ဇဘက်က စိတ်ရော ကိုယ်ရော နွမ်းနယ်သွားသည်ကို ဟန်ဆောင်ဖုံးကွယ်ရင်း ကိုယ်ကို ကုလားထိုင်နောက်မှီတွင် မှီချလိုက်သည်။

သူမ ရက် ၉၀ ရခဲ့ပြီ။ သည်အချိန်မှစ၍ သူမအနေဖြင့် တစ်မိနစ်မျှပင် အမှုမဲ့အမှတ်မဲ့နေ၍ မရတော့။

★ ↔ ★



## အခန်း ( ၂၃ )

ရုတ်တရက် ကြည့်လိုက်လျှင် အခန်းထဲတွင် မုန်တိုင်းတိုက်ထားသလို ထင်မှတ်ရသည်။

အယ်လစ်ဇဘက်၏ စားပွဲတွင် အားလုံးစုပုံရောက်ရှိနေကြသည်။ ကုမ္ပဏီဌာနချုပ်ရှိ မြောက်မြားစွာသော ဌာနများ၊ ဗိုင်ယာနိုင်ငံမှ စက်ရုံများ၊ ဂရင်းလန်ကျွန်းရှိ ဓာတ်ခွဲဌာနများ၊ ဩစတြေးလျနှင့် ယိုးဒယားနိုင်ငံများရှိ ရုံးခွဲများ . . . စသော ကမ္ဘာ့အရပ်လေးမျက်နှာရှိ ဌာနပေါင်းများစွာတို့မှ စာရွက်စာတမ်းပေါင်း မြောက်မြားစွာတို့မှာ အယ်လစ်ဇဘက်၏ စားပွဲပေါ်တွင် အားလုံး လာရောက် စုပုံနေကြသည်။ စားပွဲပေါ်တင်သာမက ရုံးခန်းတစ်ခုလုံးရှိ နေရာအနှံ့အပြားတွင်လည်း ဟိုတစ်ပုံ သည်တစ်ပုံဖြင့် ရှုပ်ပွပြန့်ကြဲလျက် ရှိနေကြသည်။ ယင်းတို့ကား ကုန်ပစ္စည်းသစ်၊ အရောင်းအဝယ်၊ စာရင်းအင်း၊ ကြော်ငြာ၊ သုတေသနလုပ်ငန်း စသည့်လုပ်ငန်းပေါင်းစုံနှင့် ပတ်သက်သော အစီရင်ခံစာများ၊ မှတ်တမ်းမှတ်ရာများပင် ဖြစ်ကြသည်။

ထို့ပြင် အဆောက်အအုံသစ် ဆောက်လုပ်ရေး၊ ကုန်ပစ္စည်းအဟောင်းများ ပြန်လည်ရောင်းချရေး၊ ကုမ္ပဏီသစ်များ ဝယ်ယူရေးအမှုထမ်းများ ခန့်ထားရေးနှင့် ထုတ်ပယ်ရေးကိစ္စများအတွက်လည်း ခွတ်ချက်ရေး၍ ဆုံးဖြတ်ချက်ချစရာ တစ်ပုံကြီး ရှိနေသေးသည်။

အယ်လစ်ဇဘက်သည် ယင်းလုပ်ငန်းအားလုံးကို ဆောင်ရွက်ရာတွင် သက်ဆိုင်သူ တာဝန်ခံအမှုထမ်း အားလုံးထံမှ အဖိုးတန် အကြံဉာဏ်များကို အမြဲတမ်း ရယူသည်။ ထို့နောက်တွင်မှ နောက်ဆုံးအဆင့်အဖြစ် သူမက ကိုယ်ပိုင်ဆုံးဖြတ်ချက် ချမှတ်သည်။ သူမဖခင်ကြီးသည်လည်း ဤနည်းအတိုင်းပင် ကုမ္ပဏီကို အုပ်ချုပ်သွားခဲ့ခြင်းဖြစ်သည်။ ဖခင်ကြီးနှင့် သုံးနှစ်သုံးမိုးမျှ လက်တွဲဆောင်ရွက်ခွင့် ရခဲ့ခြင်းအတွက် ကျေးဇူးတင်မဆုံး ဖြစ်မိသည်။

ယခုအခါ သူမအနေဖြင့် ကုမ္ပဏီလုပ်ငန်းများကို ယခင်က



www.burmeseclassic.com

www.burmeseclassic.com



ထက် ပို၍ သိလာခဲ့သည်။ လုပ်ငန်းတစ်ရပ်လုံး၏ အတိုင်းအတာ ပမာဏကို အတွင်းကျကျ သိရသောအခါ သူမအဖို့ အံ့ဩ၍ မဆုံးနိုင်အောင် ဖြစ်ရသည်။ ယခင်က ကုမ္ပဏီလုပ်ငန်းကြီးတစ်ရပ်လုံးကို သူမတ နိုင်ငံတစ်နိုင်ငံနှင့် နှိုင်းယှဉ်ကြည့်ဖူးသည်။ ယခု အနီးကပ် မြင်ရသောအခါ၌မူ သာမန်မျှသာ မဟုတ်တော့ဘဲ ကုမ္ပဏီဥက္ကဋ္ဌ၏ ဌာနချုပ်ရုံးကို ဘုရင်ဧကရာဇ် မင်းမြတ်၏ ဗဟိုချက်ချာ နန်းစိုက်ရာ ဌာနအဖြစ် ထားရှိပြီး ဘုရင်ခံချုပ်များ၊ ဘုရင်ခံများနှင့် အခြားလက်အောက် အရာထမ်း အမှုထမ်းပေါင်း မြောက်မြားစွာတို့ဖြင့် လုပ်ကိုင်နေရသော အလွန်ကျယ်ဝန်းသည့် လုပ်ငန်းကြီးဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်မိလေသည်။

**သူမ၏** ဦးလေးတော် အသီးသီးတို့မှာလည်း မိမိတို့မြို့ရှိ ကုမ္ပဏီခွဲများကို တိုက်ရိုက်အုပ်ချုပ်ရသည့်အပြင် နိုင်ငံရပ်ခြားရှိ လက်အောက်ခံ လုပ်ငန်းများသို့လည်း မကြာခဏ ခရီးထွက်ပြီး ကွပ်ကဲ ညွှန်ကြားနေကြရသည်။

အလုပ်ဝင်ပြီးနောက် မကြာမီတွင်ပင် အယ်လစ်ဇဘက်သည် မလွှဲမရှောင်သာသော နိယာမပြဿနာကြီးတစ်ရပ်နှင့် ကြုံရလေသည်။

ယခုအချိန်တွင် သူမသည် ယောကျ်ားများ ကြီးစိုးသော လောကသစ်တစ်ခုသို့ ရောက်ရှိနေခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် ယင်းလောက၏ ခြားနားချက်များကို သိလာခဲ့ရသည်။ ယောကျ်ားများ အနေဖြင့် မိန်းမများ၏ အားနည်းမှုနှင့် စိတ်အားငယ်မှုတို့ အပေါ်တွင် အခွင့်ကောင်းယူကြလိမ့်မည်ဟု သူမက ဘယ်တုန်းကမှ မထင်ခဲ့။

ယခုတော့ အဖြစ်မှန်ကို သူမ သိခဲ့ရပါပြီ။ တကယ်တော့ ယောကျ်ားတွေက ယင်းအခြေအနေကို ကိုယ်အမှုအရာ၊ နှုတ်အမူအရာဖြင့် ပြောင်ပြောင်တင်းတင်းတော့ ဘယ်တော့မှ ဖော်မပြကြ။ သို့သော်လည်း အယ်လစ်ဇဘက်မှာတော့ ယင်းအဖြစ်ကို နေ့စဉ် နေ့တိုင်း ရင်ဆိုင်နေရသည်။ ဤသည်မှာ လူ့သမိုင်းနှင့်ချီ၍ အရိုးစွဲ လာခဲ့သော ယောကျ်ားများ၏ အယူသည်းမှု၊ ဘက်လိုက်မှုပင် ဖြစ်



သည်။ ရှောင်လွှဲ၍ မရနိုင်သော ယောကျ်ား၏ မွေးရာပါ ညဉ်ဆိုးတစ်ခုပင် ဖြစ်သည်။

မိန်းမတစ်ယောက်၏ အမိန့်ကို ယောကျ်ားတွေက မခံယူချင်ကြ။ သူတို့၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ မိန်းမတစ်ယောက်က ဝေဒကတက်လျှင်လည်း သူတို့က မကြိုက်ချင်။ သူတို့၏ အတွေး အခေါ်နှင့် အတူလာ၍ လုပ်နေတာကို သူတို့က လုံးဝ မလိုလားကြ။

အယ်လစ်ဇဘက်သည် ဌာနပေါင်းများစွာမှ တာဝန်ခံအကြီးအကဲများနှင့် နေ့တိုင်း တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာ ကိစ္စများကို အမြဲတမ်း ဆွေးနွေး ညှိနှိုင်းလေ့ရှိသည်။ သူမအပေါ်တွင် ထိုသူတွေအားလုံး ဆန့်ကျင်အာခံကြသည်တော့ မဟုတ်။ သို့သော်လည်း အများစုကတော့ မိန်းမသားမို့ အနိုင်ကျင့်ချင်ကြသည်။ ဥက္ကဋ္ဌကုလားထိုင်တွင် ရာရာစစ ဝင်ထိုင်နေသော မိန်းမချောကလေးအား ကိုရွှေယောကျ်ားတို့၏ စရိုက်ဝါသနာအရ အချောင်နှိုက်ချင်တတ်ကြသည်။ အပွေးမြင် အပင်သိဆိုသလို အယ်လစ်ဇဘက်ကတော့ သူတို့၏ စပ်ဖြဲဖြဲမျက်နှာကြီးတွေ မြင်လိုက်ကတည်းက သူတို့ခေါင်းထဲ ဘာတွေ တွေးနေသည် ဆိုတာကို အကွင်းအကွင်း မှန်တီဟင်းကဲ့သို့ အစင်းသား မြင်ထားပြီး ဖြစ်သည်။

"ဒီသူငယ်မတော့ ငါနဲ့ တစ်ညလောက် အိပ်လိုက်ရယင် ငါ့လက်ခုပ်ထဲကရေ ဖြစ်သွားမှာပါ"

သူတို့၏ ရွှေဉာဏ်တော်အတွေးက သည်လောက်ထိ စူးရှကြပါသည်။ မြင့်မြတ်ကြပါသည်။

တချို့ယောကျ်ားတွေက အယ်လစ်ဇဘက်၏ပျော့ကွက် ရှာပြီး အပေါ်စီး အနိုင်ယူဖို့ ကြိုးစားကြသည်။ နောက်ဆုံးကျတော့ သူတို့သာ အယ်လစ်ဇဘက်အောက် ရောက်သွားကြရသည်။ တကယ်တော့ အယ်လစ်ဇဘက်၏ အသိဉာဏ်ကို သူတို့က လျှော့တွက်ကြခြင်း ဖြစ်သည်။ ဤသည်မှာ သူတို့၏ အမှား။

အချို့ကလည်း သူမ၏စွမ်းရည်ကို အထင်သေးပြီး သူမအား ချုပ်ကိုင်ရန် အားထုတ်ကြသည်။ ဤသည်လည်း သူတို့၏ အမှား

www.burmeseclassic.com



တစ်ရုပ်ပင် ဖြစ်သည်။

အချို့ကမူ သူမအား သတ္တိမရှိဟု ထင်ကြသည်။ ဤသည်တား သူတို့၏ အကြီးဆုံးသော အမှား။

တကယ်တော့ သူမက သာမန်မိန်းကလေး မဟုတ်။ ကမ္ဘာကျော် ရိုဖေးမိသားစုမျိုးဆက်ဝင်တစ်ဦး ဖြစ်သည်။ အဘိုးကြီး ဆင်မြူရယ်နှင့် ဖခင်ကြီး ဆမ်ရိုဖေးတို့၏ မျိုးဆက်သွေးပါသော ရဲရဲတောက်မိန်းကလေး ဖြစ်သည်။ သူမတွင် သူမ၏ အဘိုးနှင့် ဖခင်ကြီးတို့၏ တိကျသော ရည်မှန်းချက်နှင့် ပြင်းပြသော စိတ်ဓာတ်အင်အား အပြည့်အဝ ရှိသည်။

ထို့ကြောင့်လည်း ယောက်ျားတွေက သူမအား အသုံးချဖို့လာကြတိုင်း သူမက တန်ပြန်အသုံးချပစ်လိုက်သည်ချည်း ဖြစ်သည်။ သူမက အမှုထမ်းသက်ရင့် ပညာရင့် ယောက်ျားများထံမှ အကြားအမြင် ဗဟုသုတ၊ အတွေ့အကြုံနှင့် အတွေးအခေါ်တွေကို မသိမသာ ပညာသားပါပါဖြင့် 'ညှစ်' ယူသည်။ 'နှိုက်' ယူသည်။ ပြီးတော့ ယင်းတို့ကို သူမ၏ ကိုယ်ပိုင်အဖြစ် အသုံးချသည်။

ယောက်ျားတွေကို စကားပြောစေပြီး သူမက နားထောင်သည်။ မေးခွန်း ထုတ်သည်။ အဖြေကို မှတ်ထားသည်။ ဤသို့ဖြင့် သူမအဖို့ ပညာ ပြည့်ဝခဲ့လာသည်။

ညတိုင်းညတိုင်း အလုပ်ပြီး၍ အိမ်သို့ ပြန်လျှင် လေ့လာစရာ စာရွက်စာတမ်းတွေ တစ်ပုံတစ်ခေါင်းကြီးကို လက်ဆွဲအိတ်ကြီး နှစ်လုံးဖြင့် အပြည့်ထည့်ယူသွားသည်။ တစ်ခါတစ်ရံ သူမသည် မနက် လေးနာရီအထိ အလုပ်လုပ်သည်။ တစ်ညနေတွင် သူမသည် လက်ဆွဲအိတ်ကြီး နှစ်လုံးကို မနိုင့်တနိုင် ဆွဲလာသော ကိုယ်ရေးအတွင်းရေးမှူးနှင့်အတူ ရုံးအဆောက်အအုံရှေ့သို့ ထွက်လာတုန်း သတင်းစာတိုက်မှ ဓာတ်ပုံသတင်းထောက်တစ်ယောက်က လျှပ်တစ်ပြက်ဓာတ်ပုံ ရိုက်ယူလိုက်သည်။

နောက်တစ်နေ့မနက် သတင်းစာတွင် သူမ၏ဓာတ်ပုံ ပါလာသည်။ ဓာတ်ပုံအောက်က စာတန်းကတော့ 'အလွန် အလုပ်လုပ်တဲ့





အမွေခံ သူဌေးသမီးကလေး' တဲ့။

သည်လိုနှင့် အယ်လစ်ဇဘက်မှာ နေ့ချင်းညချင်း ကမ္ဘာကျော် ပုဂ္ဂိုလ်များစာရင်း ဝင်သွားတော့သည်။

ငွေကြေးပမာဏအားဖြင့် ကုဋေကုဋာတန်ဖိုးရှိသော စက်မှုလုပ်ငန်းကြီးနှင့် ယောက်ျားသားများပင် မလုပ်နိုင်သော အုပ်ချုပ်ရေးလုပ်ငန်းကြီးတစ်ခုကို ခြေနိုင်လက်နိုင် လုပ်ကိုင်နေသည်ဟူသော သတင်းစကားမှာ လူတိုင်းပါးစပ်ဖျား ရောက်နေတော့သည်။ စာနယ်ဇင်းတွေကလည်း သူမအကြောင်းနှင့်ပတ်သက်၍ သတင်းလို တစ်မျိုး၊ ဆောင်းပါးဇာတ်လမ်းလို တစ်ဖုံ သူ့ထက်ငါ စုံအောင် အလုအယက် ရေးသားဖော်ပြကြသည်။

ရေးလည်း ရေးထိုက်ပါပေသည်။ အယ်လစ်ဇဘက်က ရုပ်ချောသည်။ အသိဉာဏ် ရှိသည်။ အတွေးအခေါ် ကောင်းသည်။ ဤအရည်အချင်းများသည် ကမ္ဘာကျော်ပုဂ္ဂိုလ်တိုင်းတွင် တစ်ပြိုင်တည်းစုပေါင်း၍ ရှိတတ်ခဲ့သည်။

သူမက လိုအပ်သောအခါတိုင်း သတင်းစာဆရာတွေကို အကူအညီ ပေးသည်။ သိက္ခာကျနေသော ကုမ္ပဏီကို သိက္ခာတက်အောင် ကြိုးစားသည်။ ထို့ကြောင့်လည်း သတင်းစာဆရာတွေက သူမကို လေးစားလာကြခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ သတင်းထောက်တစ်ယောက်၏ မေးခွန်းကို သူမအနေဖြင့် ရုတ်တရက် မဖြေနိုင်သော အဖြစ်မျိုး ကြုံရတတ်သည်။ ထိုအခါမျိုးတွင် အနီးရှိ တယ်လီဖုန်းကို ကောက်ကိုင်ပြီး အမှုထမ်းတစ်ယောက်ယောက်အား မေးမြန်းရန်ကိုသည်း သူမက ဝန်မလေးတတ်။

သူမ၏ ဦးလေးတော်များကလည်း လေယာဉ်ဖြင့် တစ်ပတ်တစ်ကြိမ် ဇူးရစ်မြို့သို့ ရောက်လာပြီး အစည်းအဝေး တက်ကြသည်။ သူမကလည်း တတ်နိုင်သမျှ သူတို့တတွေနှင့်သာ အချိန်ဖြုန်းသည်။ တစ်ခါတစ်ရံ အားလုံး မျက်နှာစုံညီ တွေ့ဆုံသည်။ တစ်ခါတစ်ရံတော့လည်း တစ်ယောက်စီ သီးခြား တွေ့ဆုံသည်။ သူတို့နှင့် စကားပြောရင်း သူတို့ကို လေ့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗုံးဖောက်ခွဲပြီး လူတွေ သေအောင် လုပ်တာ ဘယ်သူလဲ တုမ္ပဏီ လျှို့ဝှက်ဆေးနည်းတွေကို ခိုးရောင်းတာ ဘယ်သူလဲ၊ ရှိဖေးနှင့် သားများကုမ္ပဏီတစ်ခုလုံးကို အမြစ်ပါမကျန် ဖြိုချပစ်ချင်တဲ့လူ ဘယ်သူလဲ၊ အဲဒီလူကို သိအောင် သူမက အခွင့်သာတိုင်း သဲလွန်စ ရှာသည်။

အဲဒီလူက တခြားလူ မဖြစ်နိုင်။ သူမ၏ ဦးလေးတော် တစ်ယောက်ပဲ ဖြစ်မည်။

အိုင်ဗို ပလာဇီ . . .။ သူက သိပ်ပြီး ဖော်ရွေသည်။ လော ဝတ် ကောင်းသည်။

ဆာအလက် နီခိုးလ် . . .။ သူကတော့ တည်ကြည်သည် လူကြီးလူကောင်း ဆန်သည်။ အယ်လစ်ဇဘက် အကူအညီတော တိုင်း စိတ်ရောကိုယ်ပါ ကူညီတတ်သည်။

ချား မာတယ် . . .။ သူက အာဏာရှင် ဆန်သည်။ ဒေါ ကြီးသည်။ ဒေါသကြီးတဲ့လူတွေက အကျပ်အတည်းနှင့် တွေ့လျှ အလွန် ကြောက်စရာကောင်းသည်။

ပြီးတော့ ဝေါလသာ ဂက်စနာ . . အလွန် ဂျာမန်ဆန် လူတစ်ယောက်။ ရုပ်ချောသည်။ အပြင်ပန်းအားဖြင့် အလွန်ဖော် သည်။ အထဲမှာတော့ ဘာရှိသလဲ။ သူက အန်နာ့ကို ယူထားသည် အန်နာက ရှိဖေးမျိုးဆက်ဝင် သန်းကြွယ်သူဌေးသမီး၊ သူထက် အသ ၁၃ နှစ်ကြီးတဲ့ မိန်းမ၊ သူ တကယ်ချစ်လို့ ယူတာလား၊ ငွေမက် ယူတာလား။

သည်ပုဂ္ဂိုလ်တွေနဲ့ တွေ့ရတိုင်း အယ်လစ်ဇဘက်က အ တမ်း အကဲခတ်သည်။ သူတို့ပြောသမျှ ဂရုစိုက်ပြီး နားထောင်သ ပြီးတော့ သဲလွန်စအတွက် စကားနှိုက်သည်။ သူမက ချီလီနိုင ဗုံးပေါက်ကွဲမှုအကြောင်း စကားခေါ်ကြည့်သည်။ ပြီးတော့ သူ အပြောအဆိုနှင့် အမူအရာကို အကဲခတ်သည်။ အလားတူပင် အ ရသော ဆေးနည်းဖော်မြူလာကိစ္စကိုလည်း စကားပျိုးကြည့်သ မပြီးပြတ်သေးသော တရားစွဲဆိုမှုများနှင့် ပတ်သက်၍လည်း ခေ





ကြည့်သည်။

နောက်ဆုံးတော့ အချည်းနှီးသာ။ သူမ လိုချင်တာ ဘာမှ ရ တရားခံက တော်တော်လည်တဲ့ လူပဲ။ တစ်ချက်ကလေးမှ အလစ် ခံဘူး။ သူ့ကို ထောင်ဖမ်းရမည်။ လျှို့ဝှက်အစီအရင်ခံစာ ဘေးသား အရှင်မှာ သူမဖခင်ကြီး ရေးထားတဲ့ မှတ်ချက်ကို သွား၍ သတိရမိ သည်။

'ခွေးမသား သစ္စာဖောက် . . . နေနှင့် ဦးပေါ့ကွာ' တဲ့။

သူမအနေဖြင့်လည်း နည်းလမ်း ရှာဖွေရပေဦးမည်။

★

အယ်လစ်ဇဘက်သည် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကြီးအတွင်းသို့ င်ရောက်ပြီး လုပ်ငန်းတစ်ရပ်လုံး၏ အတိုင်းအတာနှင့် အကျိုး သက် ရောက်မှုတို့ကို တစ်နေ့ထက်တစ်နေ့ ပို၍ပို၍ သိရှိလာခဲ့ရသည်။ င်းသို့ သိရှိလာခဲ့ရသည်နှင့်အမျှ လုပ်ငန်းခွင်တွင်လည်း တစ်နေ့ထက် တစ်နေ့ ပို၍ ပို၍ စိတ်ဝင်စားလာခဲ့သည်။

ကြီးကျယ်လှသော လုပ်ငန်းကြီးတစ်ရပ်ကို ဦးဆောင်လုပ် ိုင်ရသည်မှာ ဂုဏ်ယူစရာကောင်းသလောက် စိတ်ပျက်စရာတွေနှင့် ည်း နေ့စဉ်လိုလို ကြုံနေရသည်။ ကိုယ့်လုပ်ငန်းကြောင့်သာ စိတ် တ်စရာ ကြုံရသည် မဟုတ်။ သူတစ်ပါးလုပ်ငန်းကြောင့်လည်း စိတ် တ်စရာ ကြုံရတတ်သေး၏။

တစ်ခါတစ်ရံ ပြိုင်ဘက်ဆေးကုမ္ပဏီတစ်ခုခုမှ ထုတ်လုပ် သာဆေးကြောင့် လူနာတစ်ဦး အသက်ဆုံးရှုံးသွားရကြောင်း သတင်း တ်ပေါ်လာသောအခါ အယ်လစ်ဇဘက်မှာ ကိုယ်နှင့်မဆိုင်ပေမယ့် ငြိမ်နေ၍ မရ။ ကမ္ဘာတစ်ဝန်းရှိ သူတို့ကုမ္ပဏီခွဲများမှ တာဝန်ခံများ တစ်ယောက်ပြီးတစ်ယောက် တယ်လီဖုန်းဖြင့် သတင်းပို့ကြ ာင်းမေးကြနှင့်ပင် သူမအဖို့ တယ်လီဖုန်းကိုသာ တစ်နေ့ ်လိုက် ချလိုက် လုပ်နေရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတူ ဖြိုင်ဘက်ကုမ္ပဏီများမှာ အပြင်ပန်းအားဖြင့် ဟန် ဆောင်ပေါင်းနေသော်လည်း အတွင်းကတော့ 'သူဦး သူချ၊ ငါဦး ငါခ' စနစ်ကို ခြေပုန်းခုတ် ကျင့်သုံးနေကြသည်။ အစဉ်အလာအားဖြ ကုမ္ပဏီကြီးမှ အုပ်ချုပ်ရေးဆိုင်ရာ အကျိုးတူပြဿနာများကို တရားဝ သဘောမျိုးမဟုတ်ဘဲ အလွှာပသလွှာပသဘောဖြင့် တိုင်ပင်ဆွေးနွေ လေ့ ရှိကြသည်။ ထိုအခါမျိုးတွင် အယ်လစ်ဇဘက်မှာ ယောက် တစ်သိုက်ထဲ၌ တစ်ဦးတည်းသောအမျိုးသမီးဥက္ကဋ္ဌ ဖြစ်နေတတ်သည်

တစ်ခါက ဆွေးနွေးပွဲတစ်ခုအပြီးတွင် ဖြိုင်ဘက်ကုမ္ပဏီကြ တစ်ခုမှ ဥက္ကဋ္ဌတစ်ဦးသည် အယ်လစ်ဇဘက်နောက်မှ လျှောက်လို လာသည်။ ထိုပုဂ္ဂိုလ်မှာ လူလတ်ပိုင်းအရွယ် လူကြွားတစ်ဦး ဖြစ်ပြ မ,လိုက်ရာတွင် နာမည်ကြီးသူလည်း ဖြစ်သည်။

"အစိုးရကလည်း ကျုပ်တို့လုပ်သမျှ လိုက်ပြီး ဥပဒေတွေ နေ့တိုင်းလိုလို ချုပ်ချယ်နေတာပဲဗျ၊ မနက်ဖြန် သိပ္ပံပညာရှင်တစ်ဦး က အက်စပရင်ဆေးတစ်မျိုး တီထွင်ထုတ်လုပ်လိုက်မယ်ဆိုရင် အစိုး က တော်တော်နဲ့ မှတ်ပုံတင် ရောင်းချခွင့်ပြုမှာ မဟုတ်ဘူး၊ ဒါနဲ့ . . . အက်စပရင်ကို ကျုပ်တို့ ဘယ်တုန်းက စ,ထုတ်ခဲ့သလဲ၊ ခင်ဗျား သိ လား"

ထိုပုဂ္ဂိုလ်က လေလုံးထွားထွားဖြင့် အယ်လစ်ဇဘက်အား ပြုံး၍ ပညာစမ်းလိုက်သည်။

အယ်လစ်ဇဘက်ကလည်း ချက်ချင်းပင် ပြန်ဖြေလိုက်သည်

"ခရစ်မပေါ်မီ ဘီစီလေးရာစုနှစ်မှာ ဟစ်ပိုကရတ္တိက မိုး ပင်ရဲ့ အခေါက်ထဲက ဆလီစင်ဂလူးကိုးစ်ကို ရှာဖွေတွေ့ရှိခဲ့တယ်၊ အဲ အချိန်ကစပြီး အက်စပရင်လည်း ပေါ်ခဲ့တာပေါ့"

ထိုပုဂ္ဂိုလ်က အယ်လစ်ဇဘက်အား ခေတ္တမျှ စိုက်ကြည့်ေ သည်။ ပြီးတော့ သူ့မျက်နှာတွင် ပြုံးရိပ်များ ပျောက်ကွယ်သွားသည်

"ဟုတ်တယ် . . . မှန်ပါတယ်"

ထို့နောက် နေရာမှ လှည့်ထွက်သွားတော့သည်။

ကုမ္ပဏီကြီးများအနေဖြင့် ရင်ဆိုင်ရသော အကြီး



ပြဿနာမှာ မဖြစ်ညစ်ကျယ် ကိုယ်ကျိုးရှာ အချောင်သမား ငို့ဘများ နှင့် ကြောင်သူတော် လုပ်ငန်းရှင်ကလေးများ၏ နှောင့်ယှက်မှုပင်ဖြစ် သည်။ သူတို့က ကုမ္ပဏီကြီးများမှ ဆေးစွမ်းကောင်း ဖော်မြူလာများကို ခိုးယူကြသည်။ ဆေးနာမည်တစ်မျိုးပြောင်းပြီး ဈေးကွက်တွင် အလု အယက် ထိုးဖောက်ရောင်းချကြသည်။ ဤလုပ်ရပ်များကြောင့် နာမည် ရပြီး ဆေးကုမ္ပဏီကြီးများမှာ နှစ်စဉ် ဒေါ်လာသိန်းသန်းချီပြီး ဆုံးရှုံး နစ်နာကြရသည်။

အီတလီနိုင်ငံမှာဆိုလျှင် သူတစ်ပါးဆေးနည်းတွေကို ခိုးယူ စရာတောင် မလို။ တရားဝင်လုပ်ငန်းကြီးတစ်ရပ်လို ပြောင်ပြောင်ပင် လုပ်ကိုင်နေကြသည်။

"အီတလီမှာ အသစ်ထုတ်လုပ်တဲ့ ဆေးဝါးတွေကို ကာကွယ် မယ့် မှတ်ပုံတင်ဥပဒေတောင် မရှိဘူး"

ဖြိုင်ဘက်ကုမ္ပဏီတစ်ခုမှ အမှုဆောင်လူကြီးတစ်ဦးက အယ်လစ်ဇဘက်အား ပြောပြခြင်းဖြစ်သည်။

"သက်ဆိုင်တဲ့လူတွေကို ငွေလေး သုံးထောင်လောက်ပေး လိုက်ရင် လိုချင်တဲ့ ဖော်မြူလာကို အချိန်မရွေး ရနိုင်တယ်၊ ဖော်မြူလာ ရရင် ကျန်တဲ့အပိုင်းက ဘာမှ မခက်တော့ဘူး၊ ဆေး ဖော်စပ်၊ နာမည် တံဆိပ်ကပ်ပြီး ဈေးကွက် အမြန်ဆုံး ချလိုက်ရုံပဲ၊ တွေးကြည့်ရင် တော် တော်ရင်နာဖို့ ကောင်းတယ်၊ ကျုပ်တို့က ဒေါ်လာငွေတွေ တင်းနဲ့ ခြင်ပြီး သုတေသနလုပ်ငန်းတွေ တပင်တပန်း လုပ်ကြရတယ်၊ နောက် ဆုံးတော့ အကျိုးအမြတ်ကို သူတို့က အချောအတင်နည်းနဲ့ လုယူသွား ကြတယ်"

"အီတလီနိုင်ငံတင်ပဲလား"

အယ်လစ်ဇဘက်က ပြန်မေးလိုက်သည်။

"အီတလီနဲ့ စပိန် အဆိုးဆုံးပေါ့၊ ပြင်သစ်နဲ့ အနောက်ဂျာမနီ က သူတို့လောက် မဆိုးသေးဘူး၊ အင်္ဂလန်နဲ့ အမေရိကန်မှာတော့ ဒီပြဿနာမျိုး တော်တော်ကင်းရှင်းတယ်"

သည်လိုစကားမျိုးတွေကို အစည်းအဝေးတိုင်းမှာ ခဏခဏ

www.burmeseclassic.com



ကြောတတ်သော ပုဂ္ဂိုလ်ကြီးတွေကို အယ်လစ်ဇဘက်က စိတ်ဝင်စားစွာ မြင့်ကြည့်လိုက်သည်။ သူတို့တတွေမှာ ဥပမိရုပ်တွေကလည်း လေးစားလောက်ပါသည်။ သို့သော် အယ်လစ်ဇဘက်ကတော့ လူကြီးလူတောင်း စီးပွားရေးသမား အမည်ခံ သည်ပုဂ္ဂိုလ်တွေကို လုံးဝ အယုံအကြည် မရှိ။ ရိုဖေးနှင့်သားများကုမ္ပဏီပိုင် ဆေးဝါးဖော်မြူလာတွေကို နိုးထုတ်ရောင်းချနေရာတွင် ဤပုဂ္ဂိုလ်တွေလည်း ပါကောင်းပါနိုင်သည်ဟူ၍သာ သံသယစိတ်တွေ တဖွားဖွား ပေါ်လာမိတော့သည်။

★

အယ်လစ်ဇဘက်မှာ နေ့ရှိသရွေ့ လေယာဉ်ပျံပေါ်တွင်သာ အများဆုံး အချိန်ကုန်နေရတော့သည်။ သူ့လုပ်ငန်းတွေကလည်း ကမ္ဘာအရပ်ရပ် ပြန့်ကြဲနေသည့်အပြင် အရေးတကြီး ချက်ချင်း ဆောင်ရွက်ရမည့် လုပ်ငန်းမျိုးတွေချည်း ဖြစ်နေသည်။

ထို့ကြောင့်လည်း သူမ၏ နိုင်ငံကူးလက်မှတ်ကို ရုံးခန်းထဲမှ စားပွဲအံဆွဲထဲ အမြဲတမ်း အရံသင့် ဆောင်ထားရသည်။ အနည်းဆုံး တစ်ပတ်တစ်ခါတော့ ကမန်းကတန်းဖြင့် အရေးပေါ်တယ်လီဖုန်း သတင်းပို့ချက်တွေ ရောက်လာတတ်သည်။ ထိုသတင်းမှာ ကိုင်ရို သို့မဟုတ် ဂွာတေမာလာ သို့မဟုတ် တိုကျိုမြို့များမှလည်း ဖြစ်ချင်ဖြစ်မည်။ ယင်းသို့ ရပ်ဝေးတယ်လီဖုန်း သတင်းလာပြီး နာရီပိုင်းအကြာမှာပင် အယ်လစ်ဇဘက်မှာ နောက်ပါရုံးအမှုထမ်း ဒါဇင်ဝက်ခန့်နှင့်အတူ လေယာဉ်ပျံပေါ် ရောက်နေတတ်သည်။

သူမသည် ဘုံဘေကဲ့သို့ မြို့ကြီးများမှ စက်ရုံမန်နေဂျာများနှင့်လည်း တွေ့သည်။ သူတို့၏ မိသားစုများကိုလည်း ဝင်ရောက်နှုတ်ဆက်သည်။ မြူတိုမာလတာလို ဆိပ်ခေါင်တောင်ဖျား ဒေသများသို့လည်း ရောက်သည်။ သည်လိုနှင့် ရိုဖေးနှင့်သားများကုမ္ပဏီမှာ သာမန် မိသားစုပိုင်ကုမ္ပဏီတစ်ခု မဟုတ်တော့ဘဲ ကမ္ဘာနှင့်ချီသော ကုမ္ပဏီကြီး တစ်ခုဘဝသို့ ရောက်လာခဲ့ရခြင်း ဖြစ်သည်။



အယ်လစ်ဇဘက်အနေဖြင့်လည်း အစီရင်ခံစာတွေ၊ စာရင်းဇယားတွေဆိုသည်မှာ သူမ ထင်ခဲ့သလို သက်မဲ့ရုပ်ဝတ္ထုတွေ မဟုတ်တော့ဘဲ သက်ရှိလူသားတွေလိုပဲ ဖြစ်လာခဲ့ရသည်။

'ဂွာတေမာလာ' ဟု ခေါင်းစဉ်တပ်ထားသော အစီရင်ခံစာကို ဖတ်ရလျှင် သူမက အိမ်မိလ်နျူနော့စ်နှင့် ပျော်ပျော်ရွှင်ရွှင်နေတတ်သော ဝဝဖိုင့်ဖိုင့် သူ့မိန်းမအပြင် သူ့ကလေးဆယ့်နှစ်ယောက်ကိုပါ မြင်ယောင်လာသည်။ 'ကုပင်ဟေဂင်' ဆိုလျှင်လည်း နီးလ်အဂွန်နှင့် သူ၏ဒုက္ခိတမိခင်ကြီးကို လှမ်းမြင်မိသည်။ 'ရီရိုဒီဂျနေရိုး' ဆိုပြန်တော့လည်း အလက်ဇန်ဒရိုဂျူဘားလ်နှင့် သူ၏ ပျံနေအောင်လှသော မယားငယ်တို့နှင့်အတူ ညစာစားခဲ့ရသည်များကို ပြက်ပြက်ထင်ထင် မြင်ယောင်လာမိသည်။

အယ်လစ်ဇဘက်သည် နိုင်ငံရပ်ခြားသို့ အလုပ်ကိစ္စနှင့် မည်မျှပင် ခရီးထွက်ရ ထွက်ရ . . . သိပ္ပံပညာရှင်ကလေး ဂျိုပလီနှင့် အမြဲတမ်း အချိန်မှန်မှန် အဆက်အသွယ် လုပ်သည်။ သူမ၏ကိုယ်ပိုင် တယ်လီဖုန်းဖြင့် အမြဲတမ်း စကားပြောသည်။ ညနေအလုပ်သိမ်းလျှင်လည်း ဂျိုပလီ၏ အိမ်ခန်းကလေးသို့ ခဏခဏ ရောက်သွားတတ်သည်။

စင်စစ်က သူမက ဂျိုပလီထံ တယ်လီဖုန်းဆက်ရသည်ကိုပင် သိပ်ပြီး လိပ်ပြာလုံသည် မဟုတ်။

"ဘယ်အခြေအနေ ရောက်နေပြီလဲ"

"ကျွန်တော် ထင်တာထက် နည်းနည်း နှေးနေတယ် မစ္စရိုဖေး"

"ဘာလိုသေးလဲ"

"ဘာမှ မလိုပါဘူး၊ အချိန်ပဲ လိုပါတယ်၊ တစ်နေရာမှာ ကျွန်တော် နည်းနည်းအခက်အခဲနဲ့ သွားတိုးတယ်၊ ဒါပေမဲ့ မကြာပါဘူး ပြေလည်သွားမှာပဲ"

"ကောင်းတယ် . . . ကောင်းတယ်၊ ဆက်သာ ကြိုးစားပါ၊ ကိစ္စရှိရင် အချိန်မရွေး ကျွန်မဆီ တယ်လီဖုန်းဆက်ပါ၊ ဘာကိစ္စပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်ပေါ့"

"ကျွန်တော် ဆက်ပါမယ်၊ ကျေးဇူးတင်ပါတယ် မစ္စရိုဖေး"

အယ်လစ်ဇဘက်က တယ်လီဖုန်းကို ပြန်ချလိုက်သည်။ သူမက ဂျိုပလီကို အတတ်နိုင်ဆုံး တွန်းခိုင်းချင်သည်။ ဘဏ်သူဌေးများနှင့် တချုပ်ထားသော အချိန်အကန့်အသတ်က တဖြည်းဖြည်း နီးကပ်လာသည်။ သို့ပေမယ့် ဂျိုပလီကို အတင်းတွန်းနေခြင်းမှာ လောလောဆယ် ရင်ဆိုင်နေရသော ပြဿနာအတွက် အဓိကအဖြေ မဟုတ်။ ထို့ကြောင့်လည်း တတ်နိုင်သမျှ စိတ်ရှည်ရှည်နှင့် စောင့်နေရသည်။ ဘဏ်ကြွေးငွေများ ဘယ်နည်းနှင့်မျှ မအောင်မြင်နိုင်သေးဟု သူမက ကြိုတင်မှန်းဆထားပြီး ဖြစ်သည်။

သူမက လုံးဝ မစိုးရိမ်၊ သူမမှာ အကြံရှိပြီး ဖြစ်သည်။ အဖြေရှာထားပြီး ဖြစ်သည်။ သူမ၏အဖြေကတော့ အခြားမဟုတ်။ ဘဏ်သူဌေးကြီး ဟားဘရွတ်အား လျှို့ဝှက်ချက်ကို ထုတ်ပြောလိုက်မည်။ သူ့ကို ဓာတ်ခွဲခန်းထဲ ခေါ်သွားမည်။ ပြီးတော့ ကုမ္ပဏီက ဘာတွေလုပ်နေသည်ဆိုတာကို အကုန်လုံး ထုတ်ပြလိုက်မည်။ ဤနည်းဖြင့် သူမ လိုချင်သမျှ အချိန်ကို တတ်နိုင်သလောက် ဆွဲထားမည်ဖြစ်သည်။

★

အယ်လစ်ဇဘက်သည် ရီးစ်ဝီလျံနှင့် ပို၍ပို၍ နီးစပ်မှု ရှိလာခဲ့သည်။ လုပ်ငန်းအရ မရှောင်မလွှဲသာဘဲ အတူတူ လုပ်ကိုင်ရသောကြောင့်ပင် ဖြစ်သည်။ တစ်ခါတစ်ခါ သူတို့နှစ်ယောက် သန်းခေါင်ကျော်အထိပင် ရုံးခန်းထဲတွင် အလုပ်လုပ်ကြရသည်။ ညစာကိုလည်း များသောအားဖြင့် ရုံးမှာပင် စားဖြစ်ကြသည်။ တစ်ခါတစ်ရံလည်း အယ်လစ်ဇဘက်၏ အိမ်ခန်းသို့ သွားစားကြသည်။

ရီးစ်နှင့် နီးနီးကပ်ကပ် အချိန်ကြာကြာ နေလာရတော့မှ သူ့အကြောင်းကို ပိုသိလာရသည်။ သူက မိန်းမတွေအဖို့ သံလိုက်ဓာတ်လို ဆွဲအားကောင်းသော ယောက်ျားတစ်ယောက် ဖြစ်သည်။ သို့ပေမယ့် သူက တော်တော်ဟန်ဆောင်ကောင်းသည်။ အယ်လစ်ဇဘက်ကို ဖုတ်လေသည့်ငပိ ရှိတယ်လို့မှ မထင်သလို နေနေသည်။ ပြောဆို ဆက်ဆံရာတွင်တော့ အမြဲတမ်း ယဉ်ကျေးပျူငှာသည်။ ရင်းနှီး ခင်မင်မှုပြသည်။

တကယ်တော့ အယ်လစ်ဇဘက်က ရီးစ်အပေါ် မှီခိုချင်သည်။ အစစ အရာရာ အားကိုးချင်သည်။ တစ်ချိန်တည်းတွင် သတိထားရဦးမည် ဆိုတာကိုလည်း သူမ သိသည်။ ကုမ္ပဏီကို ဖျက်လိုဖျက်ဆီးလုပ်ရန် ကြံစည်မှုများနှင့် ပတ်သက်၍ ရီးစ်အား ဖွင့်ပြောလုမတတ် အခြေအနေမျိုးကို တစ်ကြိမ်မက ကြုံခဲ့ရသည် ။

သို့သော် သူမက စိတ်ကိုထိန်းပြီး အတင်းနောက်ပြန်ဆုတ်နေခဲ့သည်။ ယခုအချိန်တွင် သည်အကြောင်းတွေကို ဘယ်သူနှင့်မျှ မဆွေးနွေးချင်သေး။ ဆွေးနွေးရန်လည်း အချိန်မတန်သေးဟု သူမက ထင်သည်။ ထို့ကြောင့်လည်း သူမက သတိထားပြီး တစ်ချိန်လုံး ရှောင်နေခဲ့ခြင်းလည်း ဖြစ်သည်။ တကယ်တော့ သူမအနေနှင့် သည်အကြောင်းကို ပို၍ပို၍ သိလာအောင် အများကြီး လေ့လာရဦးမည်။

★

အယ်လစ်ဇဘက်သည် တစ်နေ့ထက်တစ်နေ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု တိုးလာခဲ့သည်။ တစ်နေ့တုန်းက အရောင်းဌာန အစည်းအဝေးတွင် ဆံပင်မှုတ်စက်ကိစ္စ ဆွေးနွေးကြသည်။ ထိုပစ္စည်းကို ထုတ်လုပ်သည်မှာ ဘာမျှ မကြာသေး။ သို့သော် ဈေးကွက်တွင် လုံးဝ မတိုးနိုင်အောင် အခြေအနေ ဆိုးနေသည်။ အယ်လစ်ဇဘက်က တွန်းရောင်းရန် ဆိုင်ရာတာဝန်ခံများကို တိုက်တွန်းသည်။ သည်ပစ္စည်းမှာ တခြားအပြိုင်ကုမ္ပဏီများထုတ်ပစ္စည်းထက် သာကြောင်း သူမ ကောင်းစွာ သိသည်။

"ဆိုင်တွေက နေ့တိုင်းလိုလို ပြန်ပို့နေပါတယ်၊ ဒီပစ္စည်းကို လူ မသိသေးဘူး၊ ကျွန်တော်တို့ အများကြီး ကြော်ငြာဖို့ လိုနေပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



အရောင်းတာဝန်ခံ အရာရှိတစ်ဦးက ယင်းသို့ တင်ပြသည်။

"ကြော်ငြာလျှော့ထားငွေတွေထက် ပိုနေပြီ၊ တခြားနည်းလမ်းတစ်ခုကို မင်း စဉ်းစားသင့်ပါတယ်"

ရီးစ်က ကန့်ကွက်ရင်း အဆိုတင်သွင်းလိုက်သည်။

"ဒီပစ္စည်းတွေကို ဆိုင်တွေက အားလုံးပြန်သိမ်းပါ"

အယ်လစ်ဇဘက်က အမိန့်ပေးလိုက်သည်။

"ဘယ့်နှယ့် ဖြစ်လို့လဲ"

အားလုံးကပင် အယ်လစ်ဇဘက်မျက်နှာကို ဝိုင်းကြည့်လိုက်ကြသည်။

"ဒီပစ္စည်းမျိုးက သိပ်ပေါနေတယ်"

အယ်လစ်ဇဘက်က ရီးစ်ဘက်သို့ လှည့်လိုက်သည်. . ။

"ကျွန်မကတော့ ကြော်ငြာတိုက်ပွဲ ဆက်လုပ်သင့်တယ်လို့ ထင်တယ်၊ ဒါပေမဲ့ တခြားဘယ်ဆိုင်မှာမှ မတင်နဲ့၊ အလှပြင်ဆိုင် တွေပဲ တင်ပါ၊ ဒီပစ္စည်းကို တန်ဖိုးရှိလာအောင် လုပ်ပါ၊ ရှားရခက် အောင် လုပ်ပါ၊ ဒါမှ လူတွေ မက်လာလိမ့်မယ်"

ရီးစ်က ခေတ္တမျှ စဉ်းစားနေမိသည်။ ပြီးတော့ ခေါင်းတညိတ်ညိတ် လုပ်ရင်း . . .

"ဒီနည်း ကျွန်တော် သဘောကျတယ်၊ စမ်းကြည့်ကြစို့"

သည်လိုနှင့် အရောင်းထိုင်းသော ဆံပင်မှုတ်စက်မှာ နေ့ချင်း ညချင်း ရောင်းမလောက် ကုန်ပစ္စည်းတစ်ခုအဖြစ်သို့ ရောက်သွားခဲ့ရသည်။

နောက်တော့ အယ်လစ်ဇဘက်၏ ထိုးထွင်းဉာဏ်နှင့် ဆုံးဖြတ် ရဲခြင်းတို့အတွက် ရီးစ်က လိုက်လှဲစွာ ဝမ်းသာဂုဏ်ပြုစကား ဆိုသည်။

"ဒါဟာ မင်းမျက်နှာမှာ အလှထပ်တိုးလိုက်သလိုပါပဲ"

ရီးစ်က ပြောပြီးတော့ ကြည်နူးပြုံး ပြုံးနေသည်။ သူက ခုတော့မှ အယ်လစ်ဇဘက်၏အလှကို သတိပြုမိတော့သည် ။

★ ↔ ★



# အခန်း ( ၂၄ )

**အင်္ဂလန်နိုင်ငံ**
**လန်ဒန်မြို့**
**သောကြာနေ့၊ နိုဝင်ဘာလ ၂ ရက်**
**ညနေ – ၅ နာရီ ။**

ဆာအလက်နီးခိုးလ်သည် 'ဝှိုက်ကလပ်' ရေချိုးခန်းထဲတွင် တစ်ယောက်တည်း ရေချိုးနေသည်။ ထိုစဉ် အခန်းတံခါး ပွင့်လာပြီး ရေနွေးငွေ့များနှင့် ပြည့်နေသော အခန်းထဲသို့ လူစိမ်းတစ်ယောက် ဝင်လာသည်။ ထိုသူ၏ခါးတွင် မျက်နှာသုတ်ပဝါ ပတ်ထားသည်။ သူသည် ဆာအလက်နှင့် ဘေးချင်းယှဉ်ပြီး သစ်သားခုံရှည်တွင် ဝင်ထိုင်လိုက်သည်။

"အပါး . . . ဟူး . . . ပူမှ ပူပဲ . . . မဟုတ်ဘူးလား . . . ဆာအလက်"

ဆာအလက်က ထိုသူအား လှည့်ကြည့်လိုက်သည်။ အခြားသူ မဟုတ်။ လောင်းကစားဝိုင်းပွဲစား ဂျွန်ဆွင်တန်။

"ခင်ဗျား ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ"

ဆာအလက်က ခတ်ဆတ်ဆတ် မေးလိုက်သည်။

ဆွင်တန်က မျက်ခုံးတစ်ချက် ချီလိုက်ပြီး . . .

"ဆာအလက်က ကျွန်တော်ကို တွေ့ချင်နေတာမဟုတ်လား"

"ခင်ဗျားကို မတွေ့ချင်ပါဘူး၊ ကျုပ်က အချိန်ပဲ ပိုလိုချင်တယ်"

"ဆာအလက် ကျွန်တော့်ကို ပြောတော့ . . . ဆာအလက်တူမကလေးက အစုရှယ်ယာတွေကို ရောင်းတော့မယ်ဆို၊ ကျွန်တော်တို့အကြွေး မဆပ်ရသေးဘူးနော်"

"သူ . . . သူ မရောင်းတော့ဘူး၊ စိတ်ပြောင်းသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အား . . . ဒီလိုဆိုရင် ဆာအလက်က သူငယ်မကို ထပ်ပြီး စည်းရုံးဦးပေါ့"

"ကျုပ် ကြိုးစားကြည့်ပါတယ်၊ ဒါပေမဲ့ ပြဿနာက"

"ပြဿနာကတော့ ဆာအလက်ဆီက အကြွေးမြန်မြန်ရဖို့ပဲ"

ဆွင်တန်ကပြောရင်း ဆာအလက်နားသို့ ရွေ့လာသည်။

ပြီးတော့ . . .

"ကျွန်တော်က ဆာအလက် စိတ်မချမ်းသာအောင် မလုပ်ချင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုရင် လွှတ်တော်ထဲမှာ ဆာအလက်လို မိတ်ဆွေကောင်းတစ်ယောက်ရှိတာ ကောင်းပါတယ်၊ ကျွန်တော်ပြောတာ သဘောပေါက်ရဲ့လား၊ ဒါပေမဲ့ ကန့်သတ်ချက်ဆိုတာ ရှိရမှာပေါ့၊ မဟုတ်ဘူးလား"

သူက သူ့ကိုယ်ကို ဆာအလက်ကိုယ်နှင့် မှီလိုက်သည်။ ဆာအလက်က ဘေးသို့ ရွှေ့ပေးလိုက်သည်။ ဆွင်တန်က ဆက်ပြောသည်။

"ဆာအလက်ကို ကျွန်တော်တို့ အများကြီး ညှာခဲ့တယ် ဒါပေမဲ့ အချိန်က လွန်နေပြီ၊ ကျွန်တော်တို့ပိုက်ဆံ ပြန်ပေးဖို့အချိန် ရောက်ပြီ၊ ဒါနဲ့ ကျွန်တော်တို့ မူးယစ်ဆေးဝါးထုပ်တွေကို သင်္ဘော တစ်ခေါက်လောက် ပို့ပေးနိုင်မလား၊ ဆာအလက်တို့ကုမ္ပဏီထုတ် ဆေးတွေနဲ့ ရောတင်လိုက်ရင် မီးသေပါတယ်၊ ဘယ်သူမှ မသိနိုင်ဘူး"

"ဟာ . . . ဒါတော့ မဖြစ်ဘူး၊ မဖြစ်ဘူး၊ လုံးဝ မဖြစ်နိုင်ဘူး ကျုပ် ဒါမျိုး မလုပ်နိုင်ဘူး၊ ဘယ်လိုမှ မလုပ်နိုင်ဘူး "

ဆွင်တန်က ခုံတန်းပေါ်တွင် ထိုင်ရင်း သူ့ကိုယ်ကို တဖြည်းဖြည်း ရွှေ့ရွှေ့လာသည်။ ဆာအလက်မှာ တဖြည်းဖြည်းနှင့် ခုံတန်း အစွန်းသို့ ရောက်လာသည်။ သူ့ဘေးတွင် မီးကျောက်ခဲများ ပြည့်နေသော သတ္တုမီးဖိုကြီးသာ ရှိတော့သည် ။

"ကြည့်လည်း လုပ်ပါဦးဗျ၊ ဒီမှာ . . . ကျွန်တော်"

ဆွင်တန်က ဆာအလက်စကားကို လုံးဝ ဂရုမစိုက်ဘဲ ဆာအလက်၏ လက်ကို ဇတ်ခနဲ ဆုပ်ကိုင်ပြီး ညှစ်ထားလိုက်သည်။





ပြီးတော့ မီးကျောက်ခဲပေါ်သို့ အတင်းဆွဲကပ်လိုက်သည်။ ဆာအလက်မှာ သူ့လက်မှ အမွှေးအမျှင်များကို မီးဟပ်သွားသဖြင့် အလန့်တကြား ဖြစ်သွားပြီ . . .

"ဟေ့လူ . . . ဟေ့လူ . . . ဘယ်လို လုပ်တာလဲဗျ၊ မလုပ်ပါနဲ့ဗျ"

သို့ပေမယ့် ဆွင်တန်က မရပ်၊ ဆာအလက်၏ လက်များကို မီးကျောက်ခဲများပေါ်တွင် တင်၍ မီးကင်လိုက်သည်။ ဆာအလက်မှာ အပူဒဏ်ကို မခံနိုင်လွန်း၍ တအားအော်လိုက်မိသည်။ ပြီးတော့ ခုံစွန်းပေါ်မှ ကြမ်းပြင်ပေါ်သို့ လိမ့်ကျသွားသည်။

ဆွင်တန်က ဆာအလက်ပေါ်မှာ စီးမိုးပြီး ရပ်လိုက်သည်။

"အဲဒါပဲ . . . ခင်ဗျား နည်းလမ်းရှာပါ၊ ကျုပ်နဲ့ ခဏခဏ တွေ့မယ်"။

★ ↔ ★



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၂၅ )

ဂျာမနီနိုင်ငံ
ဘာလင်မြို့
…နေ့ ၊ နိုဝင်ဘာလ ၃ရက်
ညနေ ၆ – နာရီ ။

အန်နာရိုဖေး ဂတ်စနာသည် အရှင်လတ်လတ် ငရဲပြည် ရောက်နေရသော သူမအဖြစ်ကို တွေးပြီး မျက်ရည်မဆည်နိုင်အောင် ဖြစ်နေသည်။

သူမမှာ ကိုယ့်အိမ်ထဲတွင်ကိုယ် အကျဉ်းသားဘဝ ရောက်နေသည်။ သန့်ရှင်းရေးမိန်းမကြီး လာချိန်မှတစ်ပါး အခြားအချိန်များတွင် အန်နာနှင့်ကလေးတွေသာ အိမ်ထဲမှာ ရှိကြသည်။ သူတို့တစ်တွေမှာ ဝေါလသာဂတ်စနာ၏ လက်ခုပ်ထဲကရေ ဖြစ်နေကြသည်။ သူပြောသမျှ နာရပြီး သူလုပ်သလို ခံနေကြရသည်။

ယခုတော့ ဝေါလသာမှာ သူ့ဒေါသကို ထိန်းထား၍ မရနိုင်တော့။ ပေါက်ကွဲသောအဆင့်သို့ ရောက်နေပြီ ။

အန်နာသည် ကလေးတွေနှင့်အတူ အခန်းထဲတွင် သီချင်းခတ်ပြားဖွင့် နားထောင်နေသည် ။

ထိုချိန်တွင် ဝေါလသာက ဒေါကြီးမောကြီးနှင့် အခန်းထဲဝင်လာသည်။

"လုပ်ပြန်ပြီ . . . ငါမကြိုက်ပါဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ"

သူက ဓာတ်စက်မှ ဓာတ်ပြားကို ဇတ်ခနဲ ကောက်ယူပြီး ကြမ်းပြင်ပေါ်တွင် ပေါက်ခွဲပစ်လိုက်သည်။ ကလေးများမှာ အကြောက်လန့်ပြီး မျက်ကလူးဆန်ပျာဖြင့် အခန်းထောင့်သို့ ပြေးသွားကြသည်။

"ကျွန်မ . . . ကျွန်မ တောင်းပန်ပါတယ် ဝေါလသာ၊ ရှင် . . . ရှင် အိမ်မှာရှိမှန်း ကျွန်မ မသိလို့ပါ။ ကျွန်မ . . . ဘာ . . . ဘာလုပ်ပေးရမလဲ . . . ဟင် "

www.burmeseclassic.com

www.burmeseclassic.com



အန်နာက သူ့ယောက်ျားကို ပျာပျာသလဲဖြင့် မျက်ရည်ခံ
နေရှာသည်။

ဝေါလသာက အန်နာ့အနီးသို့ လျှောက်လာသည်။ သူ့
မျက်လုံးများက မီးဝင်းဝင်းတောက်နေသည်။

"ဟော့ . . . ဒီမှာ အန်နာ၊ ဒီကလေးတွေကို ရှင်းပစ်ရမယ်"

အော် . . . ကလေးတွေမျက်စိရှေ့မှာ ဒီစကားမျိုး ပြော
ပြောရက်ပလေတယ် . . . ဝေါလသာရယ်။

သို့သော် အန်နာက ဘာတတ်နိုင်မှာလဲ။ ကျိတ်ငိုရုံမှတစ်
ဘာမှ မတတ်နိုင်တော့။

ဝေါလသာက အန်နာ့ပခုံးပေါ် လက်တင်လိုက်သည်။

'ဒီအိမ်ထဲမှာ ဘာပဲဖြစ်ဖြစ် ဘယ်သူ့ကိုမှ မပြောရဘူး
ထိပ်တန်း လျှို့ဝှက်ချက်ပဲ"

**ထိပ်တန်း လျှို့ဝှက်ချက်၊ ထိပ်တန်း လျှို့ဝှက်ချက်၊ ထိပ်တန်း လျှို့ဝှက်ချက်**

သည်စကားလုံးများက သူမခေါင်းထဲတွင် မြင်းပြေးသလို
ပြေးလွှားနေကြသည်။ တစ်ခေါင်းလုံး ကွဲထွက်တော့မတတ် တုန်ခါ
သလို ထင်ရသည် ။

ဝေါလသာ၏ လက်နှစ်ဖက်က အန်နာ၏လည်ပင်းပေါ်
ရောက်လာသည်။ မကြာမီတွင် အသက်ရှူကြပ်လာပြီး မေ့မြောသွား
လေတော့သည်။

★

အန်နာ သတိပြန်ရလာသည်။ သူမ အိပ်ယာထဲ ရောက်နေသည်
မှန်ပြတင်းများကို ပိတ်ထားသည်။ အိပ်ယာဘေးက နာရီကို ကြည့်
လိုက်သည်။ ညနေ ၆ နာရီ။

တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ အပ်ကျသံပင် ကြား
လောက်အောင် တိတ်ဆိတ်နေသည်။ ပထမဦးဆုံး ကလေးတွေကို
သတိရမိသည်။ ပြီးတော့ သူမ ခံစားခဲ့ရသော အဖြစ်ဆိုး။



သူမသည် တုန်တုန်ယင်ယင်ဖြင့် ခုတင်ပေါ်မှ ထရပ်လိုက်
သည်။ တံခါးပေါက်သို့ ဒယီးဒယိုင် လျှောက်ခဲ့သည်။ တံခါးကို ဖွင့်မရ
အပြင်က ပိတ်ထားသည်။ တံခါးရွက်နှင့် နားနှင့် ကပ်ပြီး အသံဗလံများ
နားထောင်ကြည့်သည်။ ဘာသံမှ မကြားရ။ ကလေးတွေအသံလည်း
မကြားရ။

ဘုရား . . . ဘုရား . . . ကလေးတွေ ရှိမှရှိပါသေးရဲ့လား။

သူမတစ်ကိုယ်လုံး နတ်ကျသလို တုန်လာသည်။ ရင်ဘတ်
ပွင့်ထွက်တော့မတတ် နှလုံးတွေ ခုန်လာသည်။

အားတင်းပြီး တယ်လီဖုန်းဆီသို့ လာခဲ့သည်။ အသံမထွက်
ဘဲ ဘုရားကို အာရုံပြုလိုက်သည်။ ပြီးတော့ တယ်လီဖုန်းကို ကောက်
ကိုင်လိုက်သည်။

တယ်လီဖုန်းမှ ကြားနေကျ ဒိုင်ခွက်မြည်သံများကို ကြားရ
သည်။ သူမ ခဏတော့ ရပ်နေသေးသည်။ ဝေါလသာ ဝင်လာ၍
တွေ့သွားရင်တော့ ဒုက္ခပဲဟု တွေးပြီး ကြက်သီးတွေ ထသွားသည်။
ပြီးတော့ မျက်လုံးကိုစုံမှိတ်ပြီး အရဲစွန့်ကာ ဒိုင်ခွက်ကို လှည့်လိုက်သည်။

ဖုန်းနံပါတ် ၁၁၀။

လက်တွေ အရမ်းတုန်နေသည်။ နံပါတ်မှားတွေကို လှည့်မိ
နေသည်။ ကမန်းကတန်း ထပ်လှည့်သည်။ ထပ်မှားပြန်သည်။ သူမ
ငိုမိသည်။ အချိန် သိပ်မရှိတော့။ မျက်ရည်တွေ သုတ်ပစ်လိုက်သည်။
တံတွေးတွေ မျိုချလိုက်သည်။ စိတ်ကို အစွမ်းကုန် အားတင်းလိုက်
သည်။ ပြီးတော့ ဒိုင်ခွက်ကို ဖြည်းဖြည်းကလေး လှည့်သည်။

တစ်ဘက်တွင် တယ်လီဖုန်းမြည်နေသံ ကြားရသည်။ ဆက်
တိုက်လိုပင် ယောက်ျားသံတစ်သံ ထွက်ပေါ်လာသည်။

"ရဲစခန်းကပါ . . . ဘာကိစ္စပါလဲ၊ ဘယ်သူပါလဲ"

အန်နာ့ပါးစပ်မှ ဘာမှ ထွက်မလာ၊ ဘာပြောရမှန်း မသိ။

"ကျွန်မ . . . ကျွန်မ . . . ဟီး . . . ဟီး . . . ကျေးဇူးပြုပြီး
. . . ဟီး . . . ဟီး . . . အို . . ."

သူမရှေ့သို့ ဝေါလသာ ပုန်းခန်း ဝင်ရောက်လာသည်။ သူမ

www.burmeseclassic.com

www.burmeseclassic.com



လက်မှ တယ်လီဖုန်းကို လုယူလိုက်ပြီး သူမကို ခုတင်ပေါ်သို့ တွန်းပစ်လိုက်သည်။ ပြီးတော့ တယ်လီဖုန်းကို ကြမ်းပြင်ပေါ်သို့ ပေါက်ခွဲလိုက်သည်။ ခဏရပ်ပြီး အသက်ပြင်းပြင်း ရှူသည်။ ထို့နောက် တယ်လီဖုန်းကြိုးကို အခန်းနံရံမှ ဆွဲဖြုတ်လိုက်သည်။ သူက အန်နာ့အနီးသို့ ကပ်လာသည်။

"ကလေးတွေ ဘယ်မှာလဲဟင် . . ."

အန်နာက လေသံဖြင့် မေးသည်။

"ကလေးတွေကို ရှင် ဘာလုပ်လိုက်သလဲ"

ဝေါလသာက ဘာမှ မဖြေ။

★

ဘာလင်ရဲအဖွဲ့ မှုခင်းထောက်လှမ်းရေးဗဟိုဌာနရှိ အရေးပေါ် တယ်လီဖုန်းမှာ ခေတ်မီအော်တိုမက်တစ်နည်းဖြင့် တပ်ဆင်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းတယ်လီဖုန်းနံပါတ်ကို ဘယ်သူပင်ခေါ်ခေါ်၊ ဘယ်လောက်ပင် အချိန်တိုတို ဖုန်းခေါ်သူကို လွယ်လွယ်ကူကူနှင့် စုံစမ်း၍ ရသည်။ ဤတယ်လီဖုန်းစနစ်မှာ နောက်ဆုံးပေါ် ခေတ်မီသိပ္ပံနည်းအရ ခက်ခက်ခဲခဲ တပ်ဆင်ထားခြင်းဖြစ်၍ ရဲအဖွဲ့အနေဖြင့်လည်း အလွန်ဂုဏ်ယူသည်။

အန်နာ့ထံ ရဲစခန်းသို့ ဖုန်းဆက်ပြီး ငါးမိနစ်အကြာတွင် ရဲစခန်းမှ မှုခင်းစုံထောက်ပေါလန်းသည် ရဲမှူးဗိုလ်မှူးဝေ့ဂျမန်း၏ ရုံးခန်းထဲသို့ ဝင်လာသည်။ လက်ထဲတွင် ကက်ဆက်တစ်လုံး ပါလာသည်။

"ဒါကလေး နားထောင်ကြည့်ပါ ဗိုလ်မှူး"

ပေါလန်းက တက်ဆက်ခလုတ်ကို ဂျောက်ခနဲ တစ်ချက်နှိပ်လိုက်သည်။ မိန်းမအသံတစ်သံ တုန်တုန်ယင်ယင်နှင့် ထွက်ပေါ်လာသည်။

"ကျွန်မ. . . ကျွန်မ . . . ဟီး . . . ဟီး . . . ကျေးဇူးပြုပြီး . . . ဟီး . . . ဟီး . . . အို . . ."



ထို့နောက် ဖျတ် . . ဖျက် . . ဘုံး . . ဘင်း . . ခွပ် . . ခွက် . . အသံများ ပေါ်လာပြီး တယ်လီဖုန်းသံ ပြတ်သွားသည်။

ဗိုလ်မှူးဝေ့ဂျမန်းက စုံထောက်မျက်နှာကို မော်ကြည့်လိုက်သည်။

"ဒီအသံ မင်း ဖမ်းထားလိုက်တာလား"

"ဟုတ်ပါတယ်၊ အသံ ဘယ်အိမ်ကလာတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်"

"ဒီလိုဆို . . အဲဒါ ပြဿနာပေါ့ကွ၊ ချက်ချင်း သွားစုံစမ်းကွာ"

"ဗိုလ်မှူးအမိန့် အရင် လိုချင်လို့ပါ"

စုံထောက်ပေါလန်းက ဗိုလ်မှူးရှေ့သို့ စာရွက်ကလေး တစ်ရွက် ထိုးပေးလိုက်သည်။

"ဘုရားရေ . . . မင်းဥစ္စာက သေချာရဲ့လားကွာ . . . ဟုတ်မှလည်း လုပ်ပါနော့"

"စိတ်ချပါ . . . ဗိုလ်မှူး၊ သေချာပါတယ်"

ဗိုလ်မှူးက သူ့ရှေ့မှ စာရွက်ကို ကြည့်လိုက်သည်။ တယ်လီဖုန်းနံပါတ်မှာ ဝေါလသာဂတ်စနာအိမ်မှ နံပါတ်ဖြစ်သည်။ ဝေါလသာဂတ်စနာဆိုတာ ရှိဖေးနှင့်သားများကုမ္ပဏီ၏ ဂျာမနီနိုင်ငံဆိုင်ရာ တာဝန်ခံ။ ဒီကုမ္ပဏီက ဂျာမနီတစ်ပြည်လုံးမှာ အကြီးအကျယ်ဆုံး စက်မှုစီးပွားရေးလုပ်ငန်းကုမ္ပဏီကြီး တစ်ခု။

သည်ကိစ္စအတွက် ဘာမှ အထူးစဉ်းစားနေစရာ မရှိ။ မတော်လျှင် မီးခဲကိုင်မိတာထက် ဆိုးရွားသွားနိုင်သည်။ တစ်ချက် မှားလိုက်ရုံနှင့် သူတို့ နှစ်ယောက်စလုံး အလုပ်ပြုတ်ပြီး နေ့ချင်းညချင်း သူတောင်းစား ဖြစ်သွားနိုင်သည်။

ရဲမှူးဝေ့ဂျမန်းက ခေတ္တမျှ စဉ်းစားနေသည်။ ပြီးတော့မှ . . .

"ကိုင်း . . စိန်လိုက်ကွာ၊ ဖြစ်ချင်တာ ဖြစ်ပေါ့၊ မင်းကိုယ်တိုင်သွားပါ၊ ဒါပေမဲ့ . . . ချေးတော့ မနင်းမိအောင် သတိကြပ်ကြပ်ထားကွ၊ ငါ ပြောတာ နားလည်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"နားလည်ပါတယ် ဗိုလ်မှူး"

★

မှခင်းစုံထောက်ပေါလန်းသည် သံဆူးကြိုးများ ကာထားသော အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့ (စီအိုင်အေ) အဆောက်အအုံရှေ့မှ ကားကို ဖြတ်မောင်းလာခဲ့သည်။ ထို့နောက် အမေရိကန် စစ်ဌာနချုပ်ကို ဖြတ်ပြီး ဂျာမနီနိုင်ငံတွင် အရှည်ဆုံးလမ်းကြီးဖြစ်သော 'နံပါတ် (၁) လမ်းမကြီး' အတိုင်း ဘယ်လဂျီယံနိုင်ငံ နယ်စပ်ဘက်သို့ ဦးတည်မောင်းနှင်လာခဲ့သည်။

သူ၏ လက်ယာဘက်တွင် 'စည်းလုံးရေး တံတားကြီး' ကို မြင်ရသည်။ ဤတံတားမှာ သမိုင်းဝင်တံတား ဖြစ်သည်။ ဤနေရာတွင် ရုရှသူလျှို အေဘယ်နှင့် အမေရိကန်ယူ-တူး ထောက်လှမ်းရေး လေယာဉ်မှူး ဂေရီပါဝါတို့အား အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

စုံထောက်ပေါလန်းသည် ကားကို လမ်းမကြီးပေါ်မှ ကွေ့မောင်းပြီး ဂတ်စနာခြံကြီးရှိရာ တောအုပ်ကြီးဆီသို့ ဦးတည်လိုက်သည်။ ဂတ်စနာခြံကြီးမှာ ဘာလင်မြို့ အနောက်တောင်ဘက် ဆင်ခြေဖုံးတွင် တည်ရှိသည်။

ဤဒေသရှိ တိုက်အိမ်ကြီးများမှာ ခမ်းနားကြီးကျယ်လှသည်။ ရဲတိုက်ကြီးများသဖွယ် ထင်ရသည်။

ပေါလန်းသည် ဂတ်စနာခြံကြီးထဲ ဝင်လာခဲ့သည်။ ခြံဝင်းကြီးမှာ ကျွန်းကြီးတစ်ကျွန်းလောက် ကျယ်ဝန်းပြီး သစ်တောများ ဥယျာဉ်များ၊ ပန်းခင်းများဖြင့် နန်းတော်တမျှ ခမ်းနားလှသည်။ ဤခြံကြီးက ငွေကိုသာ ပြောနေသည် မဟုတ်၊ အာဏာကိုလည်း ဖော်ပြနေသည်။ ရိုးဖေးမျိုးဆက်ကား နှယ်နှယ်ရရ မဟုတ်၊ အစိုးရအဖွဲ့ကိုပင် ဖြုတ်ချနိုင်သော စွမ်းပကားနှင့် ပြည့်စုံသည့် ရှေးမျိုးဆက်ကြီး ဖြစ်သည်။ ဗိုလ်မှူးဝေ့ဂျမန်းပြောသော စကားသည် မမှား၊ ထို့ကြောင့် အစစအရာရာ သတိကြီးစွာထားမှ ဖြစ်မည်။





စုံထောက်ပေါလန်းသည် သုံးထပ်တိုက်ကြီး၏ မျက်နှာစာတွင် ကားကို ရပ်လိုက်သည်။ ကားပေါ်မှ ဆင်းသည်။ ဦးထုပ်ကို ချွတ်သည်။ လူခေါ်ခေါင်းလောင်းကို နှိပ်သည်။

သူက ရပ်စောင့်နေသည်။ ဘာသံမှ မကြားရ။ ဘယ်သူမှ မလာ။ ခေါင်းလောင်းကို ထပ်နှိပ်လိုက်သည်။

ဘာသံမှ မကြားရ။ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။

ပြန်လှည့်သွားရင် ကောင်းမလားဟု စဉ်းစားနေတုန်းမှာပင် တံခါး ပွင့်လာသည်။ တံခါးဝတွင် မိန်းမရွယ်တစ်ယောက် လာရပ်သည်။ သူမ၏ရုပ်သွင်မှာ ဘာမှထူးခြားမှု မရှိ။ သာမန်အဝတ်အစားနှင့် သာမန်မိန်းမတစ်ယောက်သာ ဖြစ်သည်။

စုံထောက်ပေါလန်းက အိမ်ဖော်ဖြစ်မှာပဲဟု တွေးလိုက်သည်။ သူက မှတ်ပုံတင်ကတ်ပြား ထုတ်ပေးရင်း . . .

"ကျွန်တော် မစ္စဝေါလသာနဲ့ တွေ့ချင်ပါတယ်၊ ကျေးဇူးပြုပြီး စုံထောက်ပေါလန်းလို့ ပြောပေးပါ"

"ကျွန်မ မစ္စဂက်စနာပဲ"

ပေါလန်းက အံ့ဩခြင်းကို မနည်းဖုံးထားလိုက်ရသည်။ သူမမှာ ဤမျှ ကြီးကျယ်ခမ်းနားလှသော စံအိမ်ကြီး၏ အိမ်ရှင်မရုပ်ရည်မျိုး လုံးဝမရှိ။

"တော်တော်လောက်က . . . ကျွန်တော် . . . ကျွန်တော်တို့ ရဲစခန်းကို တယ်လီဖုန်း ခေါ်ပါတယ်"

သူမက စုံထောက်မျက်နှာကို စေ့စေ့ကြည့်နေသည်။ သူမ မျက်နှာတွင် ဘာခံစားချက်မှ မမြင်ရ။

"ကျွန်တော်တို့ဆီကို ဖုန်းခေါ်တာ မစ္စက်ဂက်စနာပါလား ခင်ဗျား"

"ဟုတ်ပါတယ် . . . မှားခေါ်မိတာပါ"

သူမအသံက အေးစက်နေသည်။ စောစောက ဖုန်းခေါ်သံက တုန်နေသလို ထင်ရသည်။

"ကျွန်တော်တို့ မှတ်တမ်းအတွက် အကြောင်းပြကောင်းရှိ

www.burmeseclassic.com

www.burmeseclassic.com



သောတ် . . . ဘယ်လို မှားနေတယ်ဆိုတာ သိပါရစေလား”

အန်နာဂက်စနာက ချက်ချင်း မဖြေ။ ခေတ္တမျှ တွေနေသည်။ ဒီတော့မှ . . . “ဟိုဒင်း . . . ကျွန်မ . . . လက်ဝတ်လက်စားတွေ ပျောက်သွားတယ် ထင်လို့ပါ၊ ချက်ချင်းပဲ ပြန်တွေ့ပါတယ်”

စောစောက သူမ ဆက်သော နံပါတ်က ပစ္စည်းပျောက်မှု တိုင်ကြားရသော နံပါတ်မဟုတ်။ လူသတ်မှု၊ မုဒိမ်းမှု၊ အကြမ်းဖက်မှုတို့နှင့် ပတ်သတ်သော နံပါတ် ဖြစ်နေသည်။ အင်း . . . မလွယ်ပါလား။ ဗိုလ်မှူးစကားတော့ သွေးထွက်အောင် မှန်နေပြီ။

စုံထောက်ပေါလန်းက အိမ်ထဲဝင်ပြီး ကြည့်ချင်သည်။ သူမ ဘာတွေ ဖုံးကွယ်ထားသလဲဆိုတာ အမှန်အတိုင်း ဖော်ထုတ်ချင်သည်။ သို့သော် သူက ဘာတတ်နိုင်မှာလဲ။

“ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် မစ္စက်ဂက်စနာ၊ ဒီလို ဒုက္ခပေးမိတာ ခွင့်လွှတ်ပါခင်ဗျာ”

သူက တံခါးဝတွင် ရပ်နေသေးသည်။ သူ့ရှေ့တွင် ကျွိခနဲ တံခါး ပြန်ပိတ်သွားသည်။ သူက ကားပေါ် ဖြည်းဖြည်းတက်ပြီး မောင်း ထွက်လာခဲ့သည်။

အိမ်ထဲတွင်တော့ ဝေါလသာက သဘောခွေ့စွာဖြင့် ခေါင်း တညိတ်ညိတ် လုပ်ယင်း . . .

“မင်းလုပ်လိုက်တာ သိပ်ကောင်းတယ် အန်နာ၊ ကဲ . . . တို့ အပေါ်ထပ် သွားကြရအောင်”

ဝေါလသာက အန်နာ့ကို ကျောခိုင်းပြီး လှေကားဘက်သို့ မျက်နှာမူလိုက်သည်။

အန်နာက အင်္ကျီခေါင်းထဲ ဖွက်ယူလာသော ကတ်ကြေးကို ဆွဲထုတ်လိုက်သည်။

ပြီးတော့ ဝေါလသာ၏ ကျောပြင်ကြီးကို တအား ထိုးစိုက် လိုက်လေသည်။

/ ★ ↔ ★



## အခန်း ( ၂၆ )

အီတလီနိုင်ငံ
ရောမမြို့
ထနဂ်ဓနွနေ့ နိုဝင်ဘာ ၄ ရက်
မွန်းတည့်ချိန်၊

ယနေ့သည် ရာသီဥတုကောင်းမွန်ပြီး ခြေခင်းလက်ခင်း သာယာ လှသော နေ့။

အိုင်ဗိုပလာဇီ၊ သူမယားကြီး ဆီမိုနက်တာနှင့် သမီးငယ်သုံး ယောက်တို့သည် ရှုခင်းသာ ‘ဗီလာအက်စတိတ်’ ရိပ်သာခြံကြီးအတွင်း အပန်းဖြေ လှည့်လည်ကြည့်ရှုနေကြသည်။ သမီးငယ် သုံးယောက်က ရေပန်းတွေဆီ တစ်ခုပြီးတစ်ခု လျှောက်ပြေးရင်း အလွန်ပျော်နေ ကြသည်။ အိုင်ဗိုနှင့် ဆီမိုနက်တာတို့ကလည်း ထရီဗိုလီဥယျာဉ် ကြီးအတွင်း လက်ချင်းယှက်ကာ စိတ်အေးလက်အေး လမ်းလျှောက် နေကြသည်။ ဗီလာအက်စတိတ်ရိပ်သာမှာ ရောမမြို့တော်နှင့် မလှမ်း မကမ်း အရှေ့မြောက်ဘက်ရှိ ဆတိန်းတောင်ကုန်းများပေါ်တွင် တည် ရှိသည်။ အိုင်ဗိုသည် သည်နေရာသို့ လာလည်တိုင်း အလွန်စိတ်ကြည် နူးမိသည်။ တောင်ကုန်းထိပ်မှ အောက်သို့ ကြည့်လိုက်သည့်အခါ တောင်းကင်သို့ မြှာထွက်နေကြသော ရေပန်းတွေကို မြင်ရသည်မှာ ရင်ထဲ အေးသွားပြီး စိတ်ချမ်းသာစရာ ကောင်းလှသည်။

ယခင်အခါများက သူ့မယားငယ် ဒိုနာတယ်လာနှင့် သား အလေးသုံးယောက်တို့ကိုလည်း အိုင်ဗိုက သည်နေရာသို့ မကြာခဏ ခေါ်လာခဲ့ဖူးသည်။ သည်နေရာရောက်လျှင် သူတို့အားလုံး အလွန် ပျော်ကြစမြဲ။

အခု သူတို့အကြောင်း တွေးမိတော့ အိုင်ဗို၏ရင်ထဲ ဝမ်းနည်း သလို ခံစားလာရသည်။ သူသည် ဟိုနေ့က ဒိုနာတယ်လာနှင့် အကြီး



www.burmeseclassic.com

www.burmeseclassic.com



အကျယ် စကားများပြီးကတည်းက ယနေ့အထိ သူတို့တွေနှင့် လုံးဝ မတွေ့ရသေး။ ယခု ပြန်တွေးမိတော့ ထိုနေ့က ဒိုနာတယ်လာက သွေးစက်စက်ကျအောင် သူ့အား ကုတ်ခြစ်လိုက်သည်ကို ပူပူနွေးနွေး သတိရလာမိသည်။

ဒါပေမဲ့ သည်လောက်ဆိုလျှင်တော့ ဒိုနာတယ်လာက သူ့အမှားသူ နောင်တကြီးစွာ ရနေမိပေရော့မည်။ အိုင်ဗိုကိုလည်း တမျှော်မျှော်နှင့် ရှိနေပေရော့မည်။

အဲဒါမှ ကောင်းတယ်။ သူက ငါ့ကို နှိပ်စက်သလို သူ့ကိုလည်း ပညာရှိနှိပ်စက် နှိပ်စက်ထားလိုက်ဦးမယ်။

အိုင်ဗိုက ယင်းသို့တွေးရင်း တစ်ချိန်တုန်းက သူနှင့်အတူ သည်နေရာတွင် လျှောက်လည်ကြစဉ်က ဒိုနာတယ်လာ ပြောခဲ့သော အသံကိုပင် ကြားယောင်လာသည်။

"ဟော့ . . . သားတို့ . . . အဲဒီက မဟုတ်ဘူး၊ ဒီက လာကြလေ"

စိတ်ကူးနှင့်လက်တွေ့ တိုက် . . . တိုက် ဆိုင်လွန်းလှသည်ဟုပင် ဆိုရပေတော့မည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်တွင် အိုင်ဗို၏ နောက်ဘက်ဆီမှ . . .

"သားလေး . . . ဖန်စက်စကို မြန်မြန်လာပါ သားရဲ့"

ယင်းအသံမှာ တကယ်ပင် ဒိုနာတယ်လာ၏အသံ ဖြစ်နေလေသည်။

အိုင်ဗိုက ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားပြီး နောက်သို့ ကမန်းကတန်း လှည့်ကြည့်လိုက်သည်။

ခပ်လှမ်းလှမ်းတွင် ဒိုနာတယ်လာနှင့် သားကလေးသုံးယောက်တို့ သူတို့ဘက်သို့ ဦးတည်လျှောက်လာနေကြသည်။ ပထမတော့ ယခုလို လာဆုံရခြင်းမှာ တိုက်ဆိုင်မှုသာ ဖြစ်လိမ့်မည်ဟု အိုင်ဗိုက တွေးလိုက်မိသည်။ သို့ပေမယ့် ဒိုနာတယ်လာ၏ မျက်နှာအမူအရာကို လှမ်းမြင်လိုက်ရသောအခါမှ သူက အဖြစ်မှန်ကို သဘောပေါက်မိတော့သည်။ တကယ်တော့ ဒိုနာတယ်လာက မိသားစုနှစ်ခု တစ်



မဆုံ ဆုံအောင် ကြိုးစားနေခြင်း ဖြစ်သည်။ အိုင်ဗို့ဘဝကို ရစရာမရှိအောင် ဖျက်ဆီးပစ်ရန် ကြိုးစားနေခြင်းသာ ဖြစ်သည်။ ဤအချက်ကို တွေးမိတော့ အိုင်ဗိုမှာ အရူးတစ်ပိုင်းလို ကယောင်ချောက်ချား ဖြစ်သွားမိသည်။

"ကဲ . . . အမြန်လာကြ၊ မင်းတို့ကို အထူးအဆန်းတစ်ခု ပြမယ်၊ မြန်မြန် . . . မြန်မြန်"

သူက ဆီမိုနက်တာနှင့် သမီးငယ်များကို ကမန်းကတန်း လှမ်းခေါ်လိုက်သည်။

အိုင်ဗိုက မယားကြီးနှင့် သမီးကလေးများအား ဆင်ခြေလျှော လှေကားထစ်လမ်းအတိုင်း အောက်ဘက်သို့ ခေါ်လာခဲ့သည်။ လမ်းတွင် အခြားလူများနှင့် ပခုံးချင်း တိုက်မိသော်လည်း သူက ဂရုမစိုက်၊ ဒိုနာတယ်လာတို့သားအမိတွေကလည်း တောင်စောင်းပေါ်မှ ဆင်ခြေလျှောလမ်းအတိုင်း အောက်ဘက်သို့ ဆင်းလာနေကြသည်။

သားကလေးတွေ သူ့ကို မြင်သွားလျှင် အားလုံး ဒုက္ခရောက်တုန်တော့မယ်၊ တကယ်လို့များ သားကလေးတစ်ယောက်ယောက်က 'ပါပါ' ဟု သူ့ကို လှမ်းခေါ်လိုက်မည်ဆိုလျှင်တော့ သူက ရေပန်းခြေရင်းမှ ရေကန်ထဲသာ ခုန်ဆင်းလိုက်တော့မည်ဟု တွေးလိုက်မိသည်။

သူက ဆီမိုနက်တာနှင့် သမီးငယ်များကို လုံးဝ နားခွင့်မပေးဘဲ ရှေ့သို့သာ အမြန်လျှောက်သွားနေသည်။

"ရှင့်ကြည့်ရတာ ရေကြီးသုတ်ပျာနဲ့ . . . ဘယ်သွားနေတာလဲ အိုင်ဗိုရဲ့၊ ဘာဖြစ်လို့ ဒီလောက် မြန်မြန်လျှောက်နေရတာလဲ"

"မြန်မြန် လျှောက်စမ်းပါ၊ ဟိုရောက်ရင် မင်းတို့အားလုံး အံ့ဩသွားရမယ် . . ."

သူက အရဲစွန့်ပြီး နောက်သို့တစ်ချက် ပြန်ကြည့်လိုက်သည်။ ဒိုနာတယ်လာနှင့် ကလေးတွေကို ခဏမျှ မျက်ခြည်ပြတ်သွားသည်။

ရှေ့မှာ ဝက်ပါလမ်းတစ်လမ်း တွေ့ရသည်။ အထက်လမ်းနှင့် အောက်လမ်းနှစ်သွယ်ရှိရာ အိုင်ဗိုက အထက်လမ်းကို ရွေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တဲ . . . သမီးတို့ ရောက်တော့မယ် . . . မြန်မြန်လာကြ အပေါ်ကို အရင်ရောက်တဲ့လူ ဆုချမယ်"

"နေပါဦး . . . အိုင်ဗိုရဲ့၊ ရှင် ဘယ်လိုဖြစ်နေတာတုန်း၊ ကျွန်မ မောလွန်းလို့ပါ၊ အသက်ထွက်တော့ မတတ်ပဲ၊ ခဏ နားပါရစေဦး"

"အမလေး . . . ဒါကလေးများကွာ လာစမ်းပါ . . . မြန်မြန် ဒါနဲ့ပဲ အံ့ဩစရာ မမြင်လိုက်ရဘဲ နေတော့မှာပဲ"

သမီးလေးသုံးယောက်က ရှေ့ဆုံးက အပြေးပြိုင်နေကြသည်။ သူက ဖန်းသည်လက် လှမ်းဆွဲပြီး သုတ်သုတ်ကလေး တက်သည်။ သူ တော်တော် မောနေပြီ။

အမောဆို့ပြီး ချက်ချင်း လဲသေသွားရင်လည်း အကောင်းသား၊ ဒါမှ သူတို့အားလုံးအတွက် အကျိုးရှိမယ်။

သူက စိတ်ပျက်ပျက်နှင့် တွေးမိတွေးရာ တွေးလိုက်မိသည်။

သောက်သုံးမကျတဲ့ မိန်းမတွေ . . . ဘယ်မိန်းမမှ ယုံလို့ မရဘူး။ ဘာဖြစ်လို့ သူက ငါ့ကို ဒီလောက်တောင် ရက်စက်ချင်ရတာလဲ။ တကယ်တော့ သူလည်း ငါ့ကို ချစ်ရဲ့သားနဲ့။ ခွေးကောင်မ . . . နေနှင့်ဦး။ သေအောင် သတ်ပစ်မှ အေးမယ်။

သူက အိပ်ရာထဲတွင် ဒိုနာတယ်လာအား သတ်နေပုံကို စိတ်ထဲက မှန်းကြည့်နေမိသည်။

"ကဲ . . . ဒီမှာ ခဏနားကြရအောင်လား"

ဆီမိုနက်တာ၏ အသံကြားလိုက်ရတော့ အိုင်ဗို ရုတ်တရက် လန့်သွားမိသည်။

"မနားဘူး၊ ဆက်လျှောက် . . . ရောက်တော့မယ်"

မကြာမီ သူတို့မိသားစု တောင်ပေါ်ရောက်လာခဲ့ကြပြီ သည်။ အိုင်ဗိုက နီးနားဝန်းကျင်ကို ကျီးကန်းတောင်းမှောက် မျက်လုံး ကစား ကြည့်လိုက်သည်။ ဒိုနာတယ်လာနှင့် ကလေးတွေကို ဘယ်မှာ မမြင်မှပေပေ့။

"ရှင်က ကျွန်မတို့ကို ဘယ်ခေါ်နေတာလဲ"

ဆီမိုနာတာက မကျေမနပ်ဖြင့် မေးလိုက်သည်။



"လာစမ်းပါ၊ မကြာခင် မြင်ရမှာပေါ့"

အိုင်ဗိုက သူ့ကိုယ်သူ မလုံမလဲဖြင့် ဖန်းသည်နှင့် သမီးများကို ထွက်ပေါက်ဝသို့ အတင်း တွန်းခေါ်သွားသည်။

"ဟင် . . . ပြန်တော့မလို့လား ပါပါ၊ ခုပဲ ရောက်သေးတာ" သမီးကြီးက ပြောလိုက်သည်။

"မပြန်သေးပါဘူး သမီးရဲ့၊ ပိုကောင်းတဲ့နေရာ သွားမလို့ပါ"

သူက နောက်သို့တစ်ချက် သမင်လည်ပြန် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ဒိုနာတယ်လာနှင့် ကလေးတွေ လှေကားအတိုင်း ဆင်းလာနေကြသည် ။

"လာ . . . လာ . . . သမီးတို့ . . . မြန်မြန်လာကြ "

ခဏအကြာတွင် သူတို့မိသားစု ရိပ်သာအမြင် ရောက်ခဲ့ကြသည်။ အိုင်ဗိုက ရပ်ထားသော ကားဆီသို့ အပြေးကလေး လျှောက်သွားသည် ။

"ရှင် . . . ဘယ့်နှယ့် ဖြစ်နေတာလဲ . . . အိုင်ဗို၊ ရှင် ဒီလိုဖြစ်တာ ကျွန်မ တစ်ခါမှ မတွေ့ဖူးပါဘူး"

"ဟုတ်တယ် . . . ငါလည်း ဒီလို တစ်ခါမှ မဖြစ်ဖူးပါဘူး"

အိုင်ဗိုက ကားပေါ် ကမန်းကတန်း တက်လိုက်သည်။ နောက်မှ သရဲလိုက်လာသလို တံခါးပင်မပိတ်ဘဲ ကားကို အတင်း မောင်းထွက်သည်။

"အိုင်ဗို . . ."

ဆီမိုနက်တာက သူ့မျက်နှာကို တအံ့တဩ ကြည့်လိုက်သည်။ သူက ဖန်းသည်ပခုံးကို လက်ဖြင့် အသာပုတ်လိုက်ရင်း . . .

"အားလုံး သက်သောင့်သက်သာ အနားယူကြရအောင်ကွယ်၊ ဖေဖေကြီးက အထူးအထိမ်းအမှတ်အနေနဲ့ ဟက်စလာဟိုတယ်မှာ ထမင်းကျွေးမယ်နော်"

★

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ပန်းချီဆရာ ကားချပ်ကြီးများ ဆွဲချိတ်ထားသော ဟိုတယ်ခြံတင်းဝတွင် နေရာယူကြသည်။ ခပ်လှမ်းလှမ်းတွင် မိုးသို့ ထိုးနေသော စိန့်ပီတာဘုရားရှိခိုးကျောင်းကြီး၏ စုလစ်မွန်းချွန်များကို မြင်နေရသည်။

ဆီမိုနက်တာနှင့် သမီးလေးများမှာ အလွန်ပျော်နေကြသည်။ ဟင်းတွေကလည်း စားရတာ အရသာရှိလှသည်။ ဗိုင်ဗိုမှာလည်း သည်တစ်ကြိမ် ထမင်းစားရတာ တော်တော်မြိန်သည်။ သို့သော် ဖွန်းနှင့်ခက်ရင်း ကိုင်ထားသော သူ့လက်တွေကတော့ ကတုန်ကယင်ဖြစ်နေကြသည် ။

ဒီအဖြစ်မျိုးကို ငါ ဆက်မခံနိုင်တော့ဘူး။ ကြာယင် ငါ့ဘဝပျက်တော့မယ်။ ဒီကောင်မက ငါ့ဘဝကို မပျက်ပျက်အောင် ဖျက်တော့မယ်။ သူတောင်းတဲ့ ပိုက်ဆံမရရင် သူ ထင်ရာ စွတ်လုပ်တော့မှာပဲ။

ငွေရအောင် ရှာတော့မယ်။

ဘယ်နည်းနဲ့ရ ရ ရဖို့သာ အဓိက။

★ ↔ ★

# အခန်း (၂၇)

ခိုင်အေစ်နိုင်ငံ
ခရိုမြို့
ခနလ်ာစနေ့၊ နံ့ခင်အာ ၅ ရက်
ညနေ ၆ – နာရီ ။

ချားမာတယ်က ဗိမ်ရောက်ရောက်ချင်း ဒုတ္တတော့ လှလှကြီး တွေ့ရပြီဆိုတာ သိလိုက်သည်။ ဟယ်လင်က သူ့ကို စောင့်နေ သည်။ သူ့အားလက်ဝတ်လက်စားအတုတွေ လုပ်ပေးခဲ့သူ ပန်းထိမ်ဆရာကြီး ပီယာရစ်ချောက်ကိုလည်း တွေ့ရသည်။ ချားမာတယ်မှာ ကြက်သေသေပြီးတံခါးဝတွင် မတ်တပ်ကြီး ရပ်နေသည်။

"ဝင်ခဲ့လေ ချား "

ဟယ်လင်က လှမ်းခေါ်လိုက်သည်။ သူမလေသံက တစေါ်သံ ချိုပေမယ့် ချားမာတယ်အဖို့တော့ နားထဲ သံရည်ပူ လောင်းချလိုက်သလို ခံစားလိုက်ရသည်။

"ရှင်နဲ့ ဒီက မွန်စီယာရစ်ချောက်တို့ သိကြလိမ့်မယ်လို့ ထွန်မ ထင်တယ်"

ချားမာတယ် ဘာမှပြန်မပြောဘဲ ကြောင်ပြီး ကြည့်နေသည်။ သူ ဘာပဲပြောပြော ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်တာပဲ ဖြစ်မည်ဆု သူကလည်း သိနေသည်။ ပန်းထိမ်ဆရာကြီးမှာ ကိုယ့်အပြစ်နှင့်ကိုယ် ရှက်လည်း ရှက်၊ ကြောက်လည်း ကြောက်လှသဖြင့် ခေါင်းငိုက်စိုက်ချပြီး ကြမ်းပြင်ကိုသာ ကသိုဏ်းရှုလျက် ရှိသည်။

"ထိုင်ပါ ချား"

ဟယ်လင်၏ အမိန့်ပေးသံ။

ချားမာတယ်က ထိုင်လိုက်သည် ။

"ရှင် အခု ဘာဖြစ်နေတယ်ဆိုတာ သိရဲ့လား၊ မစ္စည်းခိုးမှု၊

www.burmeseclassic.com

www.burmeseclassic.com



လိမ်လည်မှု၊ ရွှေတုလုပ်မှုတွေနဲ့ ရာဇဝတ်ပြစ်မှုကြီး သင့်နေပြီ . . . သိရဲ့လား။ ရှင် ကျုပ်ရွှေထည်ပစ္စည်းတွေ ခိုးယူပြီး မွန်စီယာရစ်ချောက် လုပ်ပေးတဲ့ အတုတွေ ပြန်ထည့်ထားတယ်"

ချားမာတယ်မှာ ကြောက်လွန်း၍ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေသည်။ တုန်ရုံသာ မဟုတ်၊ ဘောင်းဘီ ရွှဲရွှဲစိုအောင် ကြောက်သေးတောင် ပါလိုက်သေးသည်။ သူ့ဘဝတွင် ကလေးဘဝမှစ၍ သည်အရွယ်ထိ အချိန်အခါ မဟုတ်၊ နေရာဌာန မဟုတ်ဘဲ သည်တစ်ကြိမ်သာ သေးထွက်ဖူးသေးသည်။ သူ့မျက်နှာတစ်ပြင်လုံး ရှက်စိတ်ကြောင့် နီရဲနေသည်။ သူက အခန်းထဲမှ ချက်ချင်းထွက်သွားပြီး အဝတ်အစား လဲပစ်လိုက်ချင်သည်။ ဖြစ်နိုင်လျှင် ဘယ်တော့မှ ပြန်မလာတော့ဘဲ တစ်ခါတည်းသာ ထွက်သွားလိုက်ချင်တော့သည်။

ဟယ်လင်က အားလုံး သိသည်။ သူ့ကို သက်သေသက်ကန်နှင့်တကွ ဖမ်းမိခြင်းမှာ အကြောင်းမဟုတ်။ သူ့အနေဖြင့် ဘယ်မှပြေးလို့ မရ။ ဟယ်လင်က တစ်စက်ကလေးမျှ ညှာမည်မဟုတ်။ ဟယ်လင်က သူ့လုပ်ရပ်ကို အစကတည်းက သိသည်။ သို့သော် ရည်ရွယ်ချက်သိချင်၍ တမင် မသိယောင်ဆောင်ပြီး စောင့်ကြည့်နေခဲ့သည်။ ငွေထုပ်ပိုက်ပြီး သူမအိမ်မှ ထွက်ပြေးချင်လို့ ခိုးနေတာလားဆိုတာ အတိအကျ သိရအောင် စောင့်ကြည့်နေခဲ့ခြင်း ဖြစ်သည်။

တကယ်တော့ ချားမာတယ်မှာ ရဲပြည်သို့ အရှင်လတ်လတ် ရောက်ရသူနှင့် ဘာမျှ ထူးတော့မည် မဟုတ်။ ဟယ်လင့်အကြောင်းကို ချားမာတယ် အသိဆုံး။ သူမက မုဆိုးတစ်ပိုင်း မိန်းမရိုင်း ဖြစ်သည်။ ကြမ်းပြီဆိုလျှင် ဘယ်နေရာမှာမဆို ဘယ်သူနှင့်မှ မတူအောင် မီးကုန်ယမ်းကုန် ကြမ်းတတ်သည်။ မလိုလျှင် ဟယ်လင်က သူ့ဘဝတစ်ခုလုံးကို ဖျက်ဆီးချေမှုန်းပစ်နိုင်သည်။ မိနစ်ပိုင်းအတွင်း လူကြီး လူကောင်းသူဌေးကြီးဘဝမှ လမ်းလယ်ကောင်တွင် ခွက်လက်စွဲ တောင်းစားရသော သူတောင်းစားဘဝ မရောက်သွားအောင် လုပ်ပစ်နိုင်သည်။

"ရှင်က ဒီလို သူခိုးကြမ်းပိုးအလုပ်တွေလုပ်ပြီး ဒီနေရာက လွယ်လွယ်နဲ့ ထွက်သွားနိုင်မယ် ထင်လို့လား . . . ဟင် . . . ပြောစမ်းပါဦး . . . ကျုပ်ကို . . ."



ချားမာတယ်ကတော့ မတုန်မလှုပ် သစ်ငုတ်။ အရေးထဲ သေးကလည်း ခဏခဏ ထွက်နေလိုက်သေးသည်။ သို့သော် ကြောက်လွန်းသောကြောင့် ခေါင်းကိုပင် မော့မကြည့်ရဲ။

"ကျုပ်က မွန်စီယာရစ်ချောက်ကို ချော့မေးလို့ တစ်ခုမကျန် သိပြီးပြီ . . . သိရဲ့လား"

ချော့မေးလို့ . . . တဲ့။ ဘယ်လိုများ 'ချော့' ပါလိမ့်။

ချားမာတယ်က သူ့မိန်းမစရိုက် အတွင်းအပြင် သိထားသူမို့ ဆက်မတွေးရဲတော့။

"ကျုပ်ဆီက ရှင်ခိုးယူတဲ့ ငွေတွေအတွက် ဓာတ်ပုံမိတ္တူ ကူးထားတဲ့ လက်ခံပြေစာ ဖြတ်ပိုင်းတွေ ကျုပ် ရထားပြီ၊ ရှင့်ကို ကျုပ် ထောင်ထဲ ဆွဲသွင်းလို့ ရပြီ၊ အနည်းဆုံး အနှစ် ၂၀ ပဲ"

သူမက ခဏ ရပ်လိုက်သည်။

"ကျုပ် လုပ်မယ်ဆိုရင် . . ."

ဟယ်လင်က စကားကို တမင်ရပ်လိုက်သည်။ ချားမာတယ်၏ ကြောက်စိတ်ကို တမင်ဆွပေးချင်လို့ တမင်လုပ်လိုက်ခြင်း ဖြစ်သည်။ ဟယ်လင်ဆိုတဲ့မိန်းမက ရက်ရောသလောက် ရက်စက်တတ်သည်ဆိုတာ အတွေ့အကြုံအရ ချားမာတယ် သိထားပြီး ဖြစ်သည်။ ချားမာတယ်က ဟယ်လင်၏မျက်လုံးဒေါ်ကို တမင်ရှောင်ပြီး ခေါင်းကိုသာ ငိုက်စိုက်ကြီး ငုံ့ထားလိုက်သည်။ ဟယ်လင်သည် သူ့ကို တစ်ခုခုတော့ အမိန့်ပေးတော့မှာပဲဟု သူ တွေးနေသည်။ တစ်ခုခုဆိုတာကသည်း အလွန်ကြောက်စရာကောင်းတဲ့ တစ်ခုခုဖြစ်မှာ သေချာသည်။

ဟယ်လင်က မွန်စီယာရစ်ချောက်ဘက်သို့ လှည့်လိုက်သည်။

"ဘာလုပ်ရမယ်ဆိုတာ ကျွန်မ မဆုံးဖြတ်ရသေးမချင်း ဒီကိစ္စဆို ဘယ်သူ့ကိုမှ မပြောရဘူး . . . ကြားရဲ့လား"

"ဟုတ် . . . ဟုတ်ကဲ့ ကြားပါတယ် . . . မဒမ်ရိုဖေးမာတယ်၊ ကျွန်တော် ဘယ်သူ့မှ မပြောပါဘူး၊ ဘယ်သူ့မှ မပြောပါဘူး"

ပန်းထိမ်ဆရာကြီးက တုန်တုန်ယင်ယင် ဖလုံးသွေးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စကားတွေ ထပ်ကာထပ်ကာ ပြောနေသည်။ သူက တံခါးဝသို့ ပြေး

ပြတဲ တစ်ချက် လှမ်းကြည့်လိုက်ပြီး . . .

"ကျွန်တော် ပြန် . . . ပြန်နိုင်"

ဟယ်လင်က ခေါင်းညိတ်ပြသည်။

ပန်းထိမ်ဆရာကြီးက ထိုင်ရာမှ ကမန်းကတန်း ထပြီး

တစ်ချိုးတည်း သုတ်ခြေတင် သွားတော့သည်။

ဟယ်လင်က သူထွက်သွားသည်ကို အစအဆုံး လိုက်ကြည့်

နေသည်။ ပြီးတော့ သူ့ယောက်ျားဘက်သို့ ဆတ်ခနဲ လှည့်ကြည့်

လိုက်သည်။

သူ့ယောက်ျားမှာ ကြောက်ချေးပါနေသည်။ သေးနံ့ကလည်း

တထောင်းထောင်း ထွက်နေသည်။ သူမက သဘောကျသွားသည့်

ပြုံးလိုက်သည်။

တကယ်တော့ ချားမာတယ်ကို ဟယ်လင်က နှစ်သက်သည်။

သူမက သူ့ကို အစစအရာရာ သင်ပြခဲ့သည်။ သူတို့အိမ်ထောင်ရေး

မှာ အလွန်ကျေနပ်စရာ ကောင်းလှသည်။ သို့သော် သူမက သူ့အ

ကို ဖျက်ဆီးပစ်ခဲ့သည်။ သူမ၏ 'လင်ကျွန်' ဘဝမျိုး ရောက်အောင်

ဖန်တီးယူခဲ့သည်။

ရှိဖေးနှင့်သားများကုမ္ပဏီအတွက် ချားမာတယ်က ထူးချွ

န်ချွန် တီထွင်မှုများဖြင့် အကျိုးဆောင်ခဲ့သည်များကိုတော့ သံသ

ဖြစ်စရာ မလို။ သို့သော် ယင်းတို့မှာ ချားမာတယ်၏ ကိုယ်ပိုင်စွမ်းရည်

မဟုတ်။ ဟယ်လင်၏ ဦးနှောက်ထဲမှ ထွက်လာခြင်းသာ ဖြစ်သည်။

ဟယ်လင်က သူ့ယောက်ျားကို ဟန်ပြပြီး ရှိဖေးနှင့်သားများကုမ္ပဏီ

၏ တစ်စိတ်တစ်ပိုင်းကို သူမကိုယ်တိုင် ကန့်လန့်ကာ နောက်ကွယ်

နေကာ စီမံအုပ်ချုပ်ခဲ့သည်။ သို့သော် သူမက ထိုမျှနှင့် မကျေနပ်

သူမသည် ကုမ္ပဏီကျော် ရှိဖေးမိသားစုမျိုးဆက်ဝင် တစ်ဦး

မဟုတ်ပါလား။

သူမသည် ငွေကို ရေလိုသုံးနိုင်သည်အထိ ချမ်းသာသည်။

သို့သော် သူမ စိတ်ဝင်စားသည်မှာ ငွေ မဟုတ်၊ ကုမ္ပဏီတစ်ခုလုံး





သူမလက်အောက် ရောက်ရန်သာ ဖြစ်သည်။

သူမသည် ကုမ္ပဏီအစုရှယ်ယာအများစုကို ပိုင်ရန် အမြဲ

တမ်း ကြိုးစားနေခဲ့သည်။ အခြားအစုရှယ်ယာပိုင်များထံမှ အစုရှယ်

ယာများ ဝယ်ရန် ကမ်းလှမ်းခဲ့သည်။ သူတို့နှင့်လည်း ဆွေးနွေးခဲ့သည်။

သို့သော် ကုမ္ပဏီလုပ်ငန်းတွင် သူမ လုပ်ချင်တိုင်း လုပ်၍

မရနိုင်။ ပထမဦးစွာ သူမ၏လမ်းခရီးတွင် မစ္စတာဆမ်ရှိဖေးက ပိတ်ဆို့

နေခဲ့သည်။ ယခုတော့ . . . အယ်လစ်ဇဘက်။

သို့သော် ဟယ်လင်က အယ်လစ်ဇဘက်လောက်တော့

အပျော့ဟု ထင်သည်။ အခြားလူဆိုလျှင်လည်း သူမက ကြောက်မည်

မဟုတ်။ တစ်နေ့ သူမအကြံ အောင်ရမည်ဟု ချိုသွေးနေခြင်း ဖြစ်

သည်။ သူမအကြံ အောင်မြင်ရေးအတွက် သူမက ဝေါလသာကို

အသုံးချသည်။ ခုတုံးလုပ်သည်။ သူမက နောက်ပိုင်းမှ 'ကြိုးကိုင်' သည်။

ဤသို့ဖြင့် ခြေချော်လက်ချော် အမှားတစ်စုံတစ်ရာ တွေ့ခဲ့လျှင်လည်း

အားစာခံ ဖြစ်ပေလိမ့်မည်။

ဘာပဲဖြစ်ဖြစ် ယခုတော့ သူမက ချားမာတယ်အား သူ့အပြစ်

အတွက် မှတ်လောက်သားလောက်အောင် ဒဏ်ခတ်ရဦးမည်။ သူ၏

အာခံပုန်ကန်မှုအတွက် နောင်ကြဉ်သွားအောင် ပညာပေးရဦးမည်။

"ဒီမှာ ချား . . ကျုပ်မျက်နှာ မော်ကြည့်စမ်း၊ ကျုပ်တစ်သက်

မှာ ကျုပ်ပစ္စည်းကို ဘယ်သူမှ မခိုးဖူးဘူး၊ ကျုပ်ကသာ ရှင့်ကို မသနား

ဘဲ ရက်ရက်စက်စက် လုပ်မယ်ဆိုရင် ရှင့်ဘဝ စုံးစုံးမြုပ်ပြီ သိရဲ့လား"

ချားမာတယ် ဘာမှမပြောဘဲ ငြိမ်မြဲ ငြိမ်နေသည်။ ဒီကောင်မ

ကြီး သေလိုက်ပါတော့လားဟု စိတ်ထဲက ကျိတ်ပြီး ဆုတောင်းနေ

သည်။

ဟယ်လင်က ထိုင်ရာမှထပြီး ချားမာတယ်အနီးမှ ဖြတ်

လျှောက်လာသည်။ ချားမာတယ်၏မျက်နှာကို သူမ၏ဖင်နှင့် ပွတ်

တိုက်သွားသည်။

"ရှင့်ကို ကျွန်မ ကယ်ရမလား၊ အပြစ်ပေးရမလား"

"ကယ်ပါ . . . ဟယ်လင်၊ ကယ်ပါ . . . အပြစ်မပေးပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟယ်လင်က သူမ၏ဂါဝန်ကို ချွတ်ချလိုက်သည်။

"ဒီမှာ . . . ကျုပ်ပြောတာ နားထောင်၊ ရိုဖေးနှင့်သားများ တူမှုကိုတာ ကျုပ်ကူမှုကို၊ ထိန်းချုပ်ရှယ်ယာကို တစ်နေ့ကျတော့ ကျုပ် ပိုင်ရမှာပဲ"

ချားမာတယ်က ဟယ်လင့်မျက်နှာကို မော်ကြည့်လိုက်ပြီး . .

"အယ်လစ်ဇဘက် ရှိနေတာ မင်း သိသားပဲ"

ဟယ်လင်က သူမ၏အတွင်းခံဘလောက်စ်နှင့် ဘောင်းဘီ ကို ချွတ်ချလိုက်သည်။

"ဒီလိုဆိုရင် . . . ရှင် ကျုပ်ပြောတာပဲ လုပ်မလား၊ ဒါမှ မဟုတ် ထောင်ဒဏ်အနှစ် ၂၀ ပဲ ကျခံမလား၊ အဲဒါ သေသေချာချာ စဉ်းစား၊ ဒါပေမယ့် မပူပါနဲ့၊ ရှင် ဘာလုပ်ရမယ်ဆိုတာ အချိန်တန် တော့ ကျုပ်ပြောမယ်၊ ကဲ . . . ရှင် . . . ခု လုပ်ရမှာက . . . လာပါ . . . ချားရဲ့ . . . လာစမ်းပါ။ ဟဲ . . . ဟဲ . . . ရှင် ကျွန်မကို မချစ်ဘူး လား . . . ဟင်"။

★ ↔ ★



# အခန်း ( ၂၈ )

နောက်တစ်နေ့ နံနက် ၁၀ နာရီတွင် အယ်လစ်ဇဘက်၏ သီးသန့် တယ်လီဖုန်းမှ အသံမြည်လာသည်။ အီမီလ်ဂျိုပလီထံမှ ဖြစ်သည်။ သူတို့အချင်းချင်း စကားပြောလျှင် ဘယ်သူမှ မသိအောင် အယ်လစ် ဇဘက်က ဂျိုပလီအား သူမ၏ အထူးသီးသန့် ဖုန်းနံပါတ်ကို ပေးထား ခြင်း ဖြစ်သည်။

"မစ္စအယ်လစ်ဇဘက်နဲ့ ကျွန်တော် တွေ့ချင်ပါတယ်"

ဂျိုပလီ၏အသံမှာ တက်ကြွနေသည်။

"၁၅ မိနစ်အတွင်း ကျွန်မ ရောက်လာမယ်"

အယ်လစ်ဇဘက်က ကုတ်အင်္ကျီကြီး ကောက်ဝတ်ပြီး ရုံးခန်း ထဲမှ ထွက်မည်အပြုတွင် မစ္စကိတ်အားလင်းက အံ့သြသည့် မျက်နှာ ဖြင့် . . .

"ဝါနဲ့ . . . ချိန်းထားတာ ရှိ . . ."

"အားလုံး နောက်တစ်နာရီမှာ ပြန်ချိန်းလိုက်ပါ"

အယ်လစ်ဇဘက်က ရုံးခန်းထဲမှ ထွက်လာခဲ့သည်။

သုတေသနအဆောက်အအုံကြီးရှေ့ ရောက်လာသောအခါ လက်နက်ကိုင်အစောင့်က အယ်လစ်ဇဘက်ထံမှ ဂိတ်ပတ်စ်လက်မှတ် ကို တောင်းပြီး စစ်ဆေးသည်။ ပြီးတော့ သူက လမ်းညွှန်သည်။

"လက်ဝဲဘက် နောက်ဆုံးတံခါးသို့ ကြွပါ . . . မစ္စရိုဖေး"

ဂျိုပလီအား ဓာတ်ခွဲခန်းထဲတွင် တစ်ယောက်တည်း တွေ့ရ သည်။ သူက အယ်လစ်ဇဘက်အား လှိုက်လှဲဝမ်းသာ ကြိုဆို နှုတ်ဆက် သည်။

"ညတုန်းက ကျွန်တော် နောက်ဆုံးအဆင့်စမ်းသပ်မှု ပြီး သွားပြီ၊ အလုပ် ဖြစ်ပါတယ်၊ အင်ဇိုင်းဓာတ်တွေက အိုမင်းရင့်ရော်မှု ဖြစ်စဉ်ကို လုံးဝ ထိန်းချုပ်ထားနိုင်တယ် . . . ဒီမှာ ကြည့်ပါဦး"

သူက အယ်လစ်ဇဘက်အား ယုန်လှောင်အိမ်တစ်ခုအနီးသို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာသည်။ လှောင်အိမ်ထဲမှာ ယုန်ကလေး လေးကောင် မြူးနေကြသည်။ ယင်းလှောင်အိမ်နှင့် ကပ်လျက် အခြားလှောင်အိမ်တစ်ခုတွင်လည်း အခြားယုန်လေးကောင်ကို တွေ့ရသည်။ ၎င်းတို့မှာ ပထမလှောင်အိမ်မှ ယုန်များလို မြူးတူးမနေကြ။ အေးဆေးတည်ငြိမ်လှသည်။

"ဒါက အင်ဂိုင်းခေတ်သွင်းထားတဲ့ အကြိမ် ၅၀၀ မြောက်မျိုးဆက်ပါပဲ"

အယ်လစ်ဇဘက်က လှောင်အိမ်အနီးသို့ ကပ်ကြည့်ပြီး . . .

"သူတို့ကြည့်ရတာ သိပ်ပြီး ကျန်းမာပုံ ရတယ်နော်"

ဂျိုပလီက သဘောကျဟန်ဖြင့် ပြုံးလိုက်သည်။

"ဟိုကောင်တွေက ထိန်းချုပ်ထားတဲ့ အကောင်တွေပဲ" သူက လက်ဝဲဘက်လှောင်အိမ်ကို လက်ညှိုးထိုးရင်း ပြောသည်။

"ဒီကောင်တွေကတော့ သက်ကြီးအကောင်တွေ"

အယ်လစ်ဇဘက်က လောလောလတ်လတ် မွေးခါစ အကောင်ကလေးများလို လှောင်အိမ်ထဲတွင် သွက်လက်စွာ ပြေးလွှားကစားနေကြသော ယုန်ကလေးတွေကို စိတ်ဝင်စားစွာဖြင့် ကြည့်နေသည်။ သူမသည် မယုံကြည်နိုင်လောက်အောင် အံ့ဩနေမိသည်။

သူတို့က တခြားအကောင်တွေထက် သုံးဆပိုပြီး အသက်ရှည်မယ်"

လူတွေနှင့် စမ်းသပ်လို့ သည်အချိုးအတိုင်း အောင်မြင်ရင်တော့ ဘုရားမတာပဲ။ အယ်လစ်ဇဘက်မှာ ရင်ထဲမှ စိတ်လှုပ်ရှားမှုကို မဖုံးကွယ်နိုင်အောင် ဖြစ်နေသည်။

"ဒီလိုဆိုရင် . . . လူတွေကို ဘယ်တော့ စမ်းသပ်မှာလဲ"

"ကျွန်တော် နောက်ဆုံး သုတေသနမှတ်ချက်တွေ စုနေပါတယ်၊ အဲဒါပြီးရင် နောက်အလွန်ဆုံး သုံးလေးပတ်အတွင်း စနိုင်မှာပါ"

"ဒီကိစ္စကို ရှင် ဘယ်သူ့ကိုမှ မပြောပါနဲ့နော်"

"အို . . . စိတ်ချပါ မစ္စရိုဖေ၊ ဘယ်သူ့မှ မသိစေရပါဘူး ကျွန်တော်တစ်ယောက်တည်း လုပ်နေပါတယ်၊ ကျွန်တော် အများကြီး



သတိထားပါတယ်"

★

ထိုနေ့တစ်နေ့လုံး အစည်းအဝေးများနှင့်သာ အချိန်ကုန်သည်။ အားလုံးပင် ချောချောမောမော ရှိသည်။ သို့သော် ဝေါလသာတစ်ယောက်တော့ အစည်းအဝေးသို့ ပေါ်မလာ။ အကြောင်းလည်း လုံးဝ မကြား။

အစည်းအဝေးတွင် ချားမာတယ်က ခေတ်ပြားဟောင်းကြီးဖြန့်ဖွင့်သည်။ အစုရှယ်ရာ ရောင်းချရေးကိုပင် ထပ်တင်သည်။ သို့သော် အယ်လစ်ဇဘက်က လက်မခံ၊ လုံးဝ ပယ်ချလိုက်သည်။ သို့ဖြင့် အိုင်ဗိုနှင့် ဆာအလက်တို့လည်း ပါးစပ်ပိတ်သွားကြတော့သည်။

ချားမာတယ်ကို ကြည့်ရသည်မှာ မျက်စိမျက်နှာ မသာယာလှဟု ထင်ရသည်။ ဘာကြောင့်များပါလိမ့်၊ အယ်လစ်ဇဘက်က အလွန်သိချင်စိတ် ဖြစ်မိသည်။

ထိုနေ့ညနေတွင် အစည်းအဝေးတက်ရောက်သူ အားလုံးကို သူမက ညစာဖြင့် ဧည့်ခံသည်။ ညစာစားရင်း သူမ လျှို့ဝှက်အစီရင်ခံစာပါကိစ္စများကို စကားစပ်သင့်တိုင်း မသိမသာ သွင်း၊ သွင်းပေးသည်။ ပြီးတော့ သူတို့၏ အမူအရာနှင့် တုံ့ပြန်မှုများကို အကဲခတ်သည်။ သို့သော် ဘာမျှ အကြောင်းမထူး။ တစ်ယောက်ယောက်အား သံသယဝင်စရာ သဲလွန်စကလေးများပင် ရှာမရ။

မည်သို့ပင်ဖြစ်စေ ယခုညစာစားပွဲတွင် ထိုင်နေသူအားလုံးမှာ အဆိုပါလျှို့ဝှက်လုပ်ကြံမှုကြီးနှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေသည်ဟုတော့ အယ်လစ်ဇဘက်က စွဲစွဲမြဲမြဲ ယုံကြည်ထားသည်။

★

နိုးစ်မှာ အစည်းအဝေးလည်း မတက်၊ ညစာစားပွဲလည်း

www.burmeseclassic.com

www.burmeseclassic.com



မလား။ 'အရေးပေါ် လုပ်စရာတွေ ရှိနေလို့ပါ' ဟုသာ သူက အကြောင်းပြသည်။ သူ့အရေးပေါ်လုပ်စရာက သူ့ကောင်မလေးကိစ္စပဲ ဖြစ်မှာပေါ့ဟု အယ်လစ်ဇဘက်က မဆီမဆိုင် တွေးလိုက်မိသည်။

ဟိုတုန်းကဆိုလျှင် အယ်လစ်ဇဘက်နှင့် နေဝင်မိုးချုပ် အလုပ်လုပ်စရာရှိတိုင်း ရိုးစ်သည် သူ့အချိန်းအချက်များကို အားလုံးပယ်ဖျက်ခဲ့သည်ချည်း ဖြစ်သည်။ တစ်ခါက ဖြစ်ရပ်တစ်ခုကို မှတ်မိသေးသည်။ ထိုနေ့က ချိန်းထားသောမိန်းကလေးထံ ရိုးစ်က အချိန်မီ မသွားနိုင်၍တွင် မိန်းကလေးမှာ မစောင့်နိုင်တော့သဖြင့် ရိုးစ်ရှိရာ ရုံးခန်းသို့ တန်းလိုက်လာခဲ့သည်။ ကောင်မလေးက ဇတ်ဇတ်ကြဲမလေး၊ သူ့ကြည့်ရတာ ယောက်ျားလျှာလေးလို ထင်ရသည်။ သူမက မတ်တတ်ကြီး ရပ်ပြီး ဒေါသတွေ ကန်နေသည်။ သည်တော့မှ ရိုးစ်က ထိုင်ရာမှထပြီး ကောင်မလေးကို ဓာတ်လှေကားသို့ ခေါ်သွားသည်။

ခဏကြာတော့ ရိုးစ် ပြန်ရောက်လာသည်။

"ဒီအတွက် တောင်းပန်ပါတယ် . . . လစ်ဇီ"

"တော်တော် ချောသားပဲ၊ သူက ဘာလုပ်သလဲ"

"ဦးနှောက်ရောဂါကု ဆရာဝန်"

အယ်လစ်ဇဘက်က ဘာမှ ပြန်မပြောဘဲ သူ့ဘာသာသူ သဘောကျပြီး ရယ်လို့သာနေသည်။ နောက်တစ်နေ့ စုံစမ်းကြည့်တော့ ယင်းမိန်းကလေးမှာ တကယ်ပင် ဦးနှောက်ရောဂါကုဆရာဝန် ဖြစ်ကြောင်း သိရသည်။

ရိုးစ်နှင့်တွဲသော အခြားအမျိုးသမီးတွေ တစ်ပုံကြီး ရှိသေးသည်။ သူတို့ကို မြင်ရတိုင်း အယ်လစ်ဇဘက်မှာ မနာလိုစိတ် ဖြစ်ရသည်။ တကယ်တော့ သူမက ရိုးစ်စရိုက်ကို အတွင်းအပြင် နားလည်ချင်ပါသည်။ သူက အပေါင်းအသင်း ဆန့်သည်။ လူချစ်လူခင် ပေါသည်။ အထူးသဖြင့် အမျိုးသမီးတွေက ရိုးစ်ကို ပိုစွဲကြသည်။ ဒါက ရိုးစ်၏ အပြင်ပန်း ဘဝ၊ လူမှုရေး ဘဝ။ သူမက ရိုးစ်၏ အတွင်းဘဝ အတွင်းစိတ်ဓာတ်အမှန်ကို ရှင်းရှင်းလင်းလင်း သိချင်သည်။ သူ့ရင်ထဲ ဖုံးကွယ်ထားသော အရာတွေကို အရှိအရှိအတိုင်း မြင်ချင်သည်။



အမှန်က ရိုးစ်ဟာ ငါ့အမိန့်နာခံပြီး အလုပ်လုပ်နေရမယ့် လူစားမျိုး မဟုတ်ဘူး။ ဒီကုမ္ပဏီကြီးတစ်ခုလုံးကို သူကိုယ်တိုင် စီမံကွပ်ကဲ အုပ်ချုပ်သင့်တယ်။ ဒီအကြောင်း သူ့အနေနဲ့ စဉ်းမှစဉ်းစားမိပါရဲ့လား။

အယ်လစ်ဇဘက် ဒီလိုပင် မကြာခဏ တွေးနေမိခဲ့ဖူးသည်။

★

ညစာစားပြီးနောက် အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးတွေအားလုံး ကိုယ့်အိမ်ကိုယ့်ယာသို့ အသကအသက ပြန်သွားကြသည်။ အချို့က ရထားနှင့် ပြန်ကြသည်။ အချို့က လေယာဉ်ဖြင့် ပြန်ကြသည်။

ရိုးစ်သည် ရုံးခန်းထဲသို့ ဝင်လာသည်။ အယ်လစ်ဇဘက်က တိတ်အားလင်းနှင့်အတူ စားပွဲတွင် အလုပ်ရှုပ်နေသည်။

"ကျွန်တော် ကူလုပ်ပေးရမလားဆိုပြီး လာခဲ့တာ . . ."

သူက ခပ်ပေါ့ပေါ့ပင် ပြောသည်။ သူ ဘယ်သွားနေကြောင်း ဘာမှ မပြော။

သူ ဘယ်လျှောက်သွားနေတာလဲ။ သူက ငါ့အတွက် ဒီလောက်တောင် ပူစရာ မလိုပါဘူး။

အယ်လစ်ဇဘက်က ယင်းသို့ပင် အတွေးဝင်မိသည်။ သုံးယောက်သား အချိန်ပို ထိုင်လုပ်ရင်း အတော်ကလေး ညဉ့်နက်လာပြီ။ အယ်လစ်ဇဘက်က ရိုးစ်အား မသိမသာ စောင်းငဲ့ကြည့်လိုက်သည်။ သူက ရှေ့မှာ စာရွက်စာတမ်းတွေ တစ်ပုံကြီးချပြီး တစ်ရွက်ချင်း လှန်လှောစစ်ဆေးနေသည်။ သူ့မျက်လုံးတွေက အလွန်ရှင်သည်။ အရေးကြီးသော ကန်ထရိုက်စာချုပ်များထဲတွင် ရှေ့နေတွေ မျက်စိရှုပ်သွားသည်များကို ရိုးစ်၏မျက်လုံးများက ချက်ချင်း တန်းခနဲ သွားတွေ့သည် သည်လိုနှင့် အမှားတွေ တော်တော်များများကို ရှာတွေ့ခဲ့ရသည်။

ရိုးစ်က ခါးကိုဆန့်ကာ လက်မှနာရီကို ကြည့်လိုက်သည်။

"ဟူး . . . အမယ် . . . သန်းခေါင်တောင် ကျော်သွားပါ

www.burmeseclassic.com

www.burmeseclassic.com



ဈေးလား ငါ့ကို ခွင့်ပြုပါဦး၊ ချိန်းထားတာလေးတစ်ခု ရှိလို့ပါ၊ မနက်ကျတော့ စောစောလာခဲ့ပါမယ်၊ ပြီးတော့ ဒီစာချုပ်တွေ အပြီးစစ်လိုက်ကြတာပေါ့"

သူက ဒီအချိန်ကြီးကျမှ ဘယ်သူနှင့် ချိန်းထားရသလဲ။ ကိုဦးနှောက်ဆရာဝန်မလေးနှင့်လား။ ဒါမှမဟုတ် တခြား . . ဒိုး . . . ငါနဲ့ ဘာဆိုင်လို့တုန်း။ သူ့ကိုယ်ရေးကိုယ်တာက သူ့ကိုယ်ရေးကိုယ်တာပဲ။

အယ်လစ်ဇဘက်က ဆက်မတွေးတော့။

"အို . . . ဟုတ်သားပဲ၊ စိတ်မရှိပါနဲ့ ရီးစ်၊ ကျွန်မက ဒီလောက်တောင် ညဉ့်နက်ပြီလို့ လုံးဝ မထင်မိဘူး၊ ကဲ . . . မြန်မြန်သာပြေးပေတော့ . . . ဟဲ . . . ဟဲ . . . ဒီနည်းနည်းကျန်တာကလေး ကျွန်မနဲ့ ကိတ်မဲ့ လက်စသတ်လိုက်မယ်"

ရီးစ်က ခေါင်းတစ်ချက် ညိတ်လိုက်ရင်း . . .

"မနက်မှ တွေ့ကြတာပေါ့၊ ဂွတ်နိုက် . . . ကိတ်"

"ဂွတ်နိုက် . . . မစ္စတာရီးစ်"

ရုံးခန်းထဲမှ ရီးစ်ထွက်သွားသည်ကို အယ်လစ်ဇဘက်တထိုင်ရမှ မျက်တောင်မခတ် လိုက်ကြည့်နေသည်။ အတန်ကြာမှ သူမကိုယ်သူမ စိတ်ကိုထိန်းပြီး စာရွက်များပေါ်သို့ အာရုံပြောင်းပစ်လိုက်သည်။ သို့ပေမယ့် မကြာခင်မှာပင် သူမ၏အတွေးထဲ ရီးစ် ဝင်လာခဲ့ပြန်သည်။

သူမက ဂျိုပလီစီမံကိန်း တိုးတက်မှုအခြေအနေကို ရီးစ်အား အကုန်ဖွင့်ပြောချင်နေသည်။ ဆေးသိပ္ပံလောကနှင့် ဆေးဝါးထုတ်လုပ်ရေးသမိုင်းတွင် စံချိန်သစ်တင်မည့် သူမက မိမိဆန္ဒကို ပြန်နှိမ်ထားလိုက်သည်။

"မကြာခင် ပြောပြတာပေါ့" ဟု စိတ်ထဲက ပြောလိုက်မိသည်။

★

နံနက် တစ်နာရီတွင် အလုပ်တွေအားလုံး ပြီးသွားသည်။

"နောက် ဘာများ လုပ်စရာကျန်ပါသေးသလဲ . . မစ္စရိုဖေး"

ကိတ်ဖားအယင်းက မေးသည်။

"မရှိတော့ပါဘူး . . . ဒါလောက်ပါပဲ၊ ကျေးဇူးပဲ . . . ကိတ်၊ မနက်ကျတော့ ရုံးချိန်နောက်ကျပြီးမှ လာပါ၊ အိပ်ရေးဝအောင် အိပ်ပစ်လိုက်ပေါ့"

အယ်လစ်ဇဘက်သည် ထိုင်ရာမှ ထသည်။ တစ်နေကုန် ထိုင်ခဲ့ရသောကြောင့် တစ်ကိုယ်လုံး တောင့်တင်းနေသည်။

"ကျေးဇူးတင်ပါတယ်၊ မနက်ဖြန် နေ့လယ်ပိုင်းကျတော့ လက်နှိပ်စက်ရိုက်စရာတွေကို ကျွန်မ အပြီးရိုက်လိုက်ပါမယ်"

"အဲဒါ ကောင်းပါတယ်"

အယ်လစ်ဇဘက်က ကုတ်အင်္ကျီနှင့် ပိုက်ဆံအိတ်ကို ကောက်ယူပြီး အလုပ်သိမ်းနေသော မစ္စကိတ်ကို ရပ်စောင့်နေသည်။ ပြီးတော့ နှစ်ယောက်သား တံခါးဝသို့ လျှောက်လာကြသည်။ တံခါးမှ ထွက်ပြီးနောက် စင်္ကြံလမ်းအတိုင်း သီးသန့်အမြန် ဓာတ်လှေကားခန်းသို့ လာခဲ့ကြသည်။ ဓာတ်လှေကားမှာ တံခါးပွင့်လျက် အသင့်စောင့်နေသည်။ နှစ်ယောက်စလုံး ဓာတ်လှေကားခန်းထဲ ဝင်လိုက်ကြသည်။

အယ်လစ်ဇဘက်က ဓာတ်လှေကားခလုတ်ကို နှိပ်ရန် လက်လှမ်းလိုက်စဉ်မှာပင် ရုံးခန်းထဲမှ တယ်လီဖုန်းမြည်သံ ကြားရသည်။

"ကျွန်မ သွားနားထောင်လိုက်မယ် . . . မစ္စရိုဖေး၊ အရင်ဆင်းနှင့်ပါ"

မစ္စကိတ်က ဓာတ်လှေကားခန်းမှ ပြန်ထွက်ရန် ခြေလှမ်းလိုက်သည်။

အောက်ထပ်တွင် အစောင့်ခန်း၌ တာဝန်ကျနေသော ညစောင့်က ဓာတ်လှေကားထိန်းစက်ခုံကို မော်ကြည့်လိုက်သည်။ စက်ခုံအပေါ်ဆုံးတစ်နေရာမှ ဖျတ်ခနဲ မီးနီလင်းသွားပြီး အပေါ်မှအောက်သို့



www.burmeseclassic.com

www.burmeseclassic.com



တဖိုဖိုန် ဆင်းလာသည်။ အထူးသီးသန့် ဓာတ်လှေကားဖြင့် အယ်လ်လဘတ် ဆင်းလာပြီဖြစ်ကြောင်း အချက်ပြလိုက်ခြင်းပင် ဖြစ်သည်။ တားဒရိုင်ဘာမှာ တစ်ထောင့်တွင် ကုလားထိုင်ပေါ် ထိုင်ရင်း အိပ်ချင်မူးတူးဖြင့် သတင်းစာ ဖတ်နေသည်။

"သူဌေးမ ဆင်းလာပြီဗျ"

ညစောင့်က ဒရိုင်ဘာကို လှမ်းသတိပေးလိုက်သည်။

ဒရိုင်ဘာက မထချင်ထချင် ထလိုက်ပြီး ဖျင်းတိဖျင်းတွဲဖြင့် ကားဆီသို့ လျှောက်သွားသည်။

ထိုအချိန်တွင် ရုတ်တရက်ပေါ် ထွက်လာသော အချက်ပြ ခေါင်းလောင်းသံကြောင့် ကားဒရိုင်ဘာနှင့် ညစောင့်တို့မှာ အထိတ်တလန့် ဖြစ်သွားကြသည်။

ညစောင့်က ဓာတ်လှေကားထိန်းစက်ခုံကို ကမန်းကတန်း လှမ်းကြည့်လိုက်သည်။ စောစောက အချက်ပြမီးနီသည် အောက်ဘက်သို့ တစ်ရှိန်ထိုး ထိုးဆင်းလာနေသည်။

ဓာတ်လှေကားထိန်းစက် ပျက်သွားပြီ။

"ဘုရား . . . ဘုရား . . . ဝုတ္တပါပဲ"

ညစောင့်က စိုးရိမ်တကြီးဖြင့် တိုးတိုးကလေး ညည်းတွား လိုက်သည်။

ထို့နောက် သူသည် စက်ခုံဆီသို့ ပြေးသွားပြီး အဖုံးကို ဆွဲဖွင့် ကာ အရေးပေါ် ဘရိတ်ကို တအားဆွဲလိုက်သည်။ သို့သော် မီးနီက ရပ်မသွား အောက်ဘက်သို့ အရှိန်ဖြင့် ဆင်းမြဲဆင်းနေသည်။

ကားဒရိုင်ဘာကလည်း ရပ်ကြည့်နေရာမှ စက်ခုံဆီသို့ အတင်း ပြေးလာသည်။

"ဘာ . . . ဘာဖြစ်နေတာလဲ"

"မလာနဲ့ . . . မလာနဲ့ . . . သွား . . . သွား . . . ဓာတ်လှေ ကား ပျက်သွားပြီ၊ ပြုတ်ကျလာပြီ"

ပြီးတော့ နှစ်ယောက်သား ခပ်လှမ်းလှမ်းတစ်နေရာသို့ ဓာတ် လှေကားတန်းတစ်လျှောက် ထွက်ပြေးလာခဲ့ကြသည်။ အတွင်း



စက်ပျက်ပြီး ဆင်းလာသော ဓာတ်လှေကားအရှိန်ကြောင့် ဓာတ်လှေ ကားခန်းမှာ တဝုန်းဝုန်း တုန်ခါနေသည်။

"ဘုရားသခင် ကယ်တော်မူပါ . . . အထဲမှာ သူဌေးမလေး မပါ ပါစေနဲ့"

ညစောင့်က ကျိတ်ပြီး ဆုတောင်းလိုက်မိသည်။ တစ်ချိန် တည်းမှာပင် ဓာတ်လှေကားထဲမှ အလန့်တကြား အော်ညည်းသံ ကြား လိုက်ရသည်။

ထို့နောက် ကျယ်လောင်သော မြည်ဟီးသံကြီး ထွက်ပေါ်လာ ပြီး အဆောက်အအုံတစ်ခုလုံးမှာလည်း ငလျင်လှုပ်ခံလိုက်ရသလို တကျိမ်းကျိမ်း တုန်ခါသွားတော့သည်။

★ ↔ ★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၂၉ )

ဇူးရစ်မြို့ မွှခင်းရဲစခန်းမှ ရဲမှူးအိုတိုရှမစ်သည် သူ့ရုံးခန်းထဲမှ စားပွဲတွင် ထိုင်ကာ မျက်လုံးများကို မှိတ်ထားပြီး ယောဂနည်းအတိုင်း ထွက်သက် ဝင်သက်ကို မှန်မှန်ရှိုက်ရင်း ဒေါသစိတ်ကို ကြိုးစား ထိန်းချုပ်နေသည်။

စင်စစ် ရဲလုပ်ငန်းတွင် မလုပ်မဖြစ် အခြေခံစည်းကမ်းဥပဒေ များ ရှိကြသည်။ ယင်းအချက်ကို လူတိုင်းပင် သိသည်။ ရဲလက်စွဲ စာအုပ်တွင် ထည့်သွင်းဖော်ပြစရာ မလိုပင် မလိုသလောက် ဖြစ်သည်။ ဥပမာ . . . မတော်တဆ လူသေမှုတစ်ခု ဖြစ်ပွားလျှင် အမှုလိုက်ရဲ တစ်ယောက်၏တာဝန်မှာ အချင်းဖြစ်ပွားရာသို့ အမြန်ဆုံး သွားရောက် ရန် ဖြစ်သည်။

သို့သော် . . ယခုတော့ ယင်းသို့မဟုတ်။ ရဲမှူးရှမစ်၏ စားပွဲ ပေါ် ရောက်ရှိနေသော အမှုလိုက်ရဲ မက်စ်ဟော်နန်၏ မှုခင်းအစီရင် ခံစာမှာ . . . ဆိုခဲ့သော ရဲလုပ်ငန်း၏ အခြေခံစည်းကမ်းဥပဒေကြီးကို ပြောင်ပြောင်ပင် ဖောက်ဖျက်ထားလေသည်။

ဒီလိုဖြစ်မယ်ဆိုတာ အရင်တည်းက ငါ့အနေနဲ့ ကြိုတင်သိ သင့်တယ်။ ဒါနဲ့များ ငါက ခုမှ ဘာဖြစ်လို့ အံ့ဩနေရသလဲ။

ရဲမှူးက သူ့အမှားသူ တွေးပြီး အတော်ကလေး မကျေမချမ်း ဖြစ်နေမိသည်။

တကယ်တော့ ရဲမှူးက မှုခင်းလိုက်ရဲဟော်နန်ကို လန့်သည်။ သည်လူက စိတ်မချရ။ မထင်လျှင် မထင်သလို လုပ်တတ်သည်။ စည်း ကမ်းသော ဘာသော ညာသော အလေးအနက်ထားသူ မဟုတ်။ အလုပ်ဖြစ်ဖို့လောက်သာ အာရုံစိုက်သူ ဖြစ်သည်။

ရဲမှူးရှမစ်သည် အသက်ကို ပြင်းပြင်းရှိုက်လိုက်ပြီး မျှင်းမျှင်း ကလေး မှုတ်ထုတ်နေသည်။ ခုတော့မှ အတော်ကလေး နေသာထိုင် သာ ရှိသွားသည်။ ဒေါသလည်း ပြေတန်သလောက် ပြေသွားသည်။

သူက အစီရင်ခံစာကို ကောက်ယူပြီး အစမှပြန်၍ နောက်

www.burmeseclassic.com



တစ်ကြိမ် ထပ်ဖတ်သည်။

## တာဝန်မှူး၏ အစီရင်ခံစာ

ဗုဒ္ဓဟူးနေ့ နိုဝင်ဘာလ (၇) ရက်

အချိန် ။ ။ နံနက် ၁း၁၅ နာရီ

အကြောင်းအရာ

နိုဖေးနှင့်သားများ ကုမ္ပဏီပိုင် အုပ်ချုပ်ရေးဌာနချုပ်ရှိ 'အယ်ချင်ဘန်' စက်ရုံ၌ မတော်တဆအမှုတစ်ခု ဖြစ်ပွားကြောင်း ဗဟိုဆက်သွယ်ရေးဌာနမှ သတင်းပေးပို့ချက်။

အမှု အမျိုးအစား ။ ။ မသိရသေး။

ဖြစ်ပွားရခြင်း အကြောင်းရင်း ။ ။ မသိရသေး။

သေဆုံးသူနှင့် ဒဏ်ရာရသူဦးရေ - မသိရသေး။

အချိန် ။ ။ နံနက် ၁း ၂၇ နာရီ ။

အကြောင်းအရာ

နိုဖေးနှင့်သားများကုမ္ပဏီ၌ နောက်ထပ်အမှုတစ်ခု ထပ်မံ ဖြစ်ပွားကြောင်း ဗဟိုဆက်သွယ်ရေးဌာနမှ ဒုတိယအကြိမ် သတင်းပို့ချက်။

အမှုအမျိုးအစား ။ ။ ဓာတ်လှေကား ပြုတ်ကျခြင်း။

ဖြစ်ပွားရခြင်းအကြောင်းရင်း ။ ။ မသိရသေး။

သေဆုံးသူနှင့် ဒဏ်ရာရသူဦးရေ - အမျိုးသမီးတစ်ဦး သေဆုံးသည်။

ကျွန်တော်သည် သတင်းရလျှင်ရချင်း စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ပါသည်။ နံနက် ၁း၃၅ နာရီတွင် နိုဖေးနှင့်သားများကုမ္ပဏီ အုပ်ချုပ်ရေးဌာနမှ အုပ်ချုပ်ရေးမှူးနှင့် အဆက်အသွယ် ရပါသည်။ ၎င်း၏ ပြောပြချက်အရ အဆောက်အအုံကို ဆောက်လုပ်ခဲ့သည့် ဗိသုကာ၏ နာမည်ကို သိရ





ပါသည်။

နံနက် ၂း ၃၀ နာရီတွင် ဗိသုကာနှင့် အဆက်အသွယ် ရပါသည်။ ကျွန်တော် တယ်လီဖုန်းဆက်ချိန်တွင် သူသည် 'လာပုစ်' တွင် မွေးနေ့ပါတီပွဲ ကျင်းပနေပါသည်။ အဆိုပါအဆောက်အအုံရှိ ဓာတ်လှေကားများကို ရှုဒေါ့စ်ရှစ်ကုမ္ပဏီက တပ်ဆင်ခဲ့ကြောင်း ဗိသုကာက ပြောပြပါသည်။

ကျွန်တော်သည် နံနက် ၃း ၁၅ နာရီတွင် မစ္စတာရှုဒေါ့စ်ရှစ်ထံ တယ်လီဖုန်းဆက်၍ ဓာတ်လှေကားများ တပ်ဆင်စဉ်က အသုံးပြုခဲ့သောပန္နက်ပုံများကို အမြန်ဆုံးပေးရန် တောင်းခဲ့ပါသည်။ ကုန်ကျစရိတ် ခန့်မှန်းခြေစာရင်းနှင့် အမှန်တကယ်ကုန်ကျစာရင်းများ အပါအဝင် ဘတ်ဂျက်လျာထားချက် စာရင်းဇယားအားလုံးကို ပေးရန်လည်း တောင်းခံပါသည်။ ထို့ပြင် ဓာတ်လှေကားများ တပ်ဆင်ရာ၌ အသုံးပြုခဲ့သော စက်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများ၏ စာရင်းများကို အမြန်ဆုံးပေးရန် တောင်းခံခဲ့ပါသည်။

---

သည်နေရာရောက်တော့ ရဲမှူးရှမစ်မှာ ထုံးစံအတိုင်း နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။ ထို့နောက် သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး အစီရင်ခံစာကို ဆက်ဖတ်ပြန်သည်။

နံနက် ၆း၁၅ နာရီတွင် ရဲဝန်းသို့ မစ္စတာရှုဒေါ့စ်ရှစ်၏ဝန်း ကိုယ်တိုင် လာရောက်၍ ကျွန်တော့်အား အထက်ဖော်ပြပါ စာရွက်စာတမ်းများကို ပေးအပ်ပါသည်။ ဘတ်ဂျက်လျာထားချက်နှင့် အမှန်တကယ် ကုန်ကျစရိတ်များကို လေ့လာစစ်ဆေးကြည့်သောအခါ-

(က) ဓာတ်လှေကားများ တပ်ဆင်ရာတွင် အမျိုးအစားညံ့သော ပစ္စည်းများကို လုံးဝ အသုံးမပြုကြောင်း တွေ့ရှိရပါသည်။

(ခ) ကုမ္ပဏီ၏ဂုဏ်သိက္ခာကို အလွန်တန်ဖိုးထားသောကြောင့် ကျွမ်းကျင်သော အလုပ်သမားများကိုသာ အသုံးပြုခဲ့ကြောင်း တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(ဂ) ခတ်လှေကားများ၌ တပ်ဆင်ထားသော ထိန်းချုပ်ပစ္စည်းအားလုံး လုံလောက်စွာ ရှိသည်ကိုလည်း တွေ့ရှိရပါသည်။

(ဃ) ထို့ကြောင့် ယခုကဲ့သို့ ခတ်လှေကားပြုတ်ကျခြင်းမှာ မတော်တဆ မဟုတ်ကြောင်း အစီရင်ခံအပ်ပါသည်။

(ပုံ) မက်စ်ဟော်နန်
ဗဟိုမှုခင်းထောက်လှမ်းရေးဌာန

မှတ်ချက်။ ။ ကျွန်တော်သည် အထက်ဖော်ပြပါ လုပ်ငန်းအတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များထံသို့ မိုးလင်းခါနီးအထိ တစ်ညလုံး တယ်လီဖုန်း ဆက်ခဲ့ရပါသည်။ သို့ဖြစ်၍ အချိန်မတော် ကျွန်တော် တယ်လီဖုန်းဆက်ခြင်း ကြောင့် အိပ်ရေးပျက်ကောင်းပျက်နိုင်သော ပုဂ္ဂိုလ်အချို့က မကျေမနပ် ဖြစ်ပြီး ရဲမှူးထံသို့ တိုင်လားတောလား လုပ်ကောင်း လုပ်နိုင်ပါသည်။

"အေး. . . ကောင်းပါ့ကွာ။ 'အိပ်ရေး ပျက်ကောင်း ပျက်နိုင်သော' တဲ့၊ 'လုပ်ကောင်း လုပ်နိုင်ပါသည်'တဲ့၊ နင့်အမေ လွှားတဲ့မှပဲ"

ရဲမှူးက စိတ်ပေါက်ပေါက်ဖြင့် အစီရင်ခံစာကို စားပွဲပေါ်သို့ ခပ်ကြမ်းကြမ်းကလေး ပစ်ချလိုက်သည်။

တကယ်တော့ သည်နေ့တစ်မနက်လုံး ရဲမှူးရှုမစ်မှာ ခွစ်ဇာလန် တစ်နိုင်ငံလုံးရှိ အစိုးရအရာရှိပေါင်း တစ်ဝက်ခန့်၏ အကြိမ်း အမောင်းကို နားလန်မထူနိုင်အောင် ခံခဲ့ရပြီး ဖြစ်သည်။ ကိုယ့်ဘက်က တစ်ကွက်မှ ပြန်မချေနိုင်ခဲ့။

ဘာလဲ . . . ခင်ဗျားတို့က ကိုယ့်ကိုယ်ကိုယ် နာဇီစစ်ပုလိပ် တွေများ မှတ်နေလို့လား။ ဂုဏ်နဲ့ ဖြပ်နဲ့နေတဲ့ ဆောက်လုပ်ရေး ကုမ္ပဏီဥက္ကဋ္ဌကြီးတစ်ယောက်ကို အချိန်မတော် ကာလမဟုတ် သန်း ခေါင်ကျော်အချိန်ကြီးမှာ အိပ်ရေးပျက်အောင်လုပ်ပြီး စာရွက်စာတမ်း တွေ ထုတ်ပေးပါလို့ အမိန့်ပေးရဲတာများ အံ့ပါရဲ့။ ရှူဒေါ့ပ်ရှုတ်ဝ်လို နာမည်တစ်လုံးနဲ့ အလုပ် လုပ်နေတဲ့ ကုမ္ပဏီကြီးတစ်ခုရဲ့ ဂုဏ်သိက္ခာ





တိုမှ မထောက်ဘဲ စော်ကားမော်ကားလုပ်ရဲတဲ့ ခင်ဗျားတို့ ရဲအဖွဲ့ သတ္တိကိုတော့ ချီးကျူးပါတယ်။

သို့သော် ရဲမှူးရှုမစ်အဖို့ အလွန်အလွန် အံ့သြမဆုံး ဖြစ်ရ သော အချက်ကတော့ အမှုဖြစ်ပွားပြီးနောက် ၁၄ - နာရီတိတိ အကြာ တွင်မှ အမှုလိုက်ရဲ ဟော်နန်က မှုခင်းဖြစ်ပွားရာနေရာသို့ သွားရောက် ခဲ့ခြင်းပင် ဖြစ်သည်။ သူရောက်သွားသောအချိန်တွင် သေဆုံးသူ အလောင်းကို ရေခဲတိုက်သို့ သယ်ယူပြီး၊ မှုခင်းဆိုင်ရာ ဆရာဝန်က စစ်ဆေးပြီး ဖြစ်သည်။ အခြားအမှုလိုက်ရဲ ဒါဇင်ဝက်ခန့်တို့ကလည်း မှုခင်းဖြစ်ပွားရာနေရာကို စစ်ဆေးကာ မျက်မြင်သက်သေများနှင့် တွေ့ဆုံပြီး အစီရင်ခံစာတင်ပြီး ဖြစ်သည်။

အစီရင်ခံစာကို ဖတ်ပြီးသောအခါ ရဲမှူးရှုမစ်က အမှုလိုက် ရဲ မက်စ်ဟော်နန်အား သူ့ရုံးခန်းသို့ ခေါ်လိုက်သည်။

ဟော်နန်၏မျက်နှာကို မြင်လိုက်ရတော့ ရဲမှူး၏စိတ်ထဲတွင် သနားသနား ဖြစ်သွားမိသည်။ ဟော်နန်က အရုပ်ပုသည်။ ထိပ်ပြောင် သည်။ ခေါင်းကြီးသလောက် နားရွက်တွေက သေးသည်။ သူ့မျက်နှာ က မကြည်မသာနှင့် တစ်စုံတစ်ရာကို အမြဲတမ်း တောင့်တနေပုံမျိုး။ ပြီးတော့ ကြောင်တောင်တောင်ဟန်မျိုးလည်း ပေါက်နေလိုက်သေး သည်။

သူ့အရပ်က ခြောက်ပေရှိသည်။ ဤအတိုင်းအတာသည် ဆွစ်ရဲများ၏ စံအတိုင်းနှင့်ဆိုလျှင် ပေမမီသေး၊ တိုနေသေးသည်။ ကိုယ်အလေးချိန်ကလည်း လိုအပ်သည်ထက် ၁၅ပေါင် လျော့နေသေး သည်။ သည်ကြားထဲ မျက်စိကလည်း အနီး မမြင်။ အဆိုးဆုံးကတော့ ဟော်နန်သည် ဘဝင်မြင့်သည်၊ မာန ကြီးသည်။ ထို့ကြောင့် ရဲတစ်ဖွဲ့ တစ်ခုလုံးက သူ့ကို မုန်းကြသည်။

"ဒါနဲ့တောင်များ ရှင်က သူ့ကို ဘာလို့ ပြုတ်မပစ်ရတာလဲ"

ရဲမှူး၏ဇနီးက သူမ၏ခင်ပွန်းသည်အား ယင်းသို့ပင် တိုက် တွန်းသည်။ ထိုအခါ ရဲမှူးက သူ့ဇနီးအား ပါးကို ပိတ်ရိုက်မိမတတ် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကတော့ ဟော်နန့်ကို လူတိုင်းက ချဉ်ဖတ်လို့ သဘောထားကြသော်လည်း သူ့လုပ်ရပ်တွေက တိုင်းပြည်အတွက် အလွန်အကျိုးရှိနေသည်။ ငွေရစ်အဖွဲ့တွင် ယနေ့အထိ ဟော်နန် ရှိနေခြင်းမှာ ဆွစ်ဇာလန်နိုင်ငံ အမျိုးသားဝင်ငွေ တိုးတက်ရေးအတွက် ဈေးကလက်နှင့် နာရီကုမ္ပဏီတွေ၏ အကျိုးပြုချက်ထက် ဟော်နန်တစ်ကိုယ်တော် စွမ်းဆောင်ချက်ဖြင့် ပို၍ အကျိုးပြုနိုင်သောကြောင့် ဖြစ်သည်။

ဟော်နန်သည် စာရင်းကိုင် လုပ်ခဲ့ဖူးသည်။ ငွေရေးကြေးရေးကိစ္စနှင့် ပတ်သက်၍ စွယ်စုံဗဟုသုတ ရှိသည်။ ဂဏန်းသင်္ချာတွင် သူမတူအောင် ထူးချွန်သည်။ စိတ်ရှည်သည်းခံ အရာတွင် သမ္မာကျမ်းစာထဲမှ 'ယောဘ' က ငိုယူရမည်။

သူသည် ငွေကြေးလိမ်လည်မှုများ၊ စတော့အရောင်းအဝယ်ကိစ္စများ၊ ဘဏ်ငွေသွင်းငွေထုတ်ကိစ္စများနှင့် ပတ်သက်သော လိမ်လည်မှုများ၊ ဆွစ်ဇာလန်နိုင်ငံတွင်းနှင့် နိုင်ငံပသို့ ခိုးသွင်း ခိုးထုတ်သော ငွေကြေးကိစ္စများကို စုံစမ်းစစ်ဆေးရန် တည်ထောင်ထားသော ဌာနတွင် စာရေးဝင်လုပ်ခဲ့ဖူးသည်။

ဟော်နန်သည် ဆွစ်ဇာလန်နိုင်ငံတွင် တရားမဝင် ငွေခိုးသွင်းမှုများကို ဖော်ထုတ်ပြီး ကမ္ဘာကျော် စီးပွားရေး လုပ်ငန်းရှင်ကြီး ထ ဒါဇင်ခန့်ကို ထောင်ထဲ သွင်းနိုင်ခဲ့သည်။ သူတို့က ဘယ်လောက် ပညာသားပါပါနှင့် ပါးပါးနပ်နပ် လှည့်ပတ် ဖုံးကွယ်ထားစေကာမူ ပေ လာရသည်သာ ဖြစ်သည်။ ထို့ကြောင့်လည်း ဟော်နန်ဆိုလျှင် မသ သူ ဆွစ်ဇာလန် စီးပွားရေးသမားများက ဈေးတုန်အောင် ကြောက်ကြ သည်။

ဆွစ်လူမျိုးတွေက လျှို့လျှို့ဝှက်ဝှက်ဖြင့် လူမသိသူမသိ ထိုင်ရသော ပုဂ္ဂလိက လွတ်လပ်မှုကို အလွန်တန်ဖိုးထားကြသည်။ သို့သော် ဟော်နန်နှင့် ရင်ဆိုင်ရလျှင်တော့ သူတို့အဖို့ ဘာလွတ်လပ်မှု မရှိတော့။

ငွေကြေးလိမ်လည်မှု စုံစမ်းရေးဌာနစာရေးအဖြစ် ဟော်နန်



ရရှိသော လစာမှာ အလွန်နည်းသည်။ သူ့ကို စီးပွားရေးသမားတွေက ဖရန့်ငွေတွေ ပုံပေးပြီး လာဘ်ထိုးကြသည်။ ဘဏ်စာရင်းဖွင့်ပေးကြသည်။ အချို့က အိမ်ဝယ်ပေးသည်။ အချို့က ငှမ်ခံရွက်သင်္ဘော ဝယ်ပေးသည်။ အချောအလှ မိန်းမကလေးတွေနှင့် ဖြားယောင်းသည်။

သို့သော် သူက ဘာကိုမျှ လက်မခံ၊ အားလုံး ငြင်းပယ်လိုက်သည်။

စင်စစ် ဟော်နန်သည် ငွေကို လုံးဝဂရုစိုက်သူ မဟုတ်။ သူသာ ငွေကို ဂရုစိုက်မည်ဆိုလျှင် သူ့ဘဝသည် ယခုလိုမနေ၊ သန်းကြွယ်သူဌေးကြီး ဖြစ်နေမည်မှာ သေချာသည်။ သူ၏ငွေကြေးကိစ္စဆိုင်ရာ ကျွမ်းကျင်မှုများကို စတော့ဈေးကွက်တွင် အသုံးချလိုက်လျှင် မကြာခင် သူဌေးကြီး ဖြစ်လာနိုင်သည်။ သို့သော် . , . ဒီလို စိတ်ကူးမျိုး သူ့ခေါင်းထဲ ဘယ်တုန်းကမျှ မဝင်လာခဲ့စဖူး။

ဟော်နန်က တစ်ခုသာ စိတ်ဝင်စားသည်။ ယင်းတစ်ခုမှာလည်း အခြားမဟုတ်၊ မသမာနည်းဖြင့် ငွေကြေးလိမ်လည်နေသူများကို ဖော်ထုတ်ရန်သာ ဖြစ်သည်။ ဤနည်းဖြင့် စီးပွားရေးလောကတွင် တစ်ဘက်တစ်လမ်းမှ အကျိုးဆောင်သူအဖြစ် အသိအမှတ်ပြုခံလိုခြင်းသာလျှင် သူ၏ အဓိကဆန္ဒဖြစ်သည်။ သူသည် ဇီဇအားဖြင့် အမှုလိုက်ရဲ လုပ်ချင်သည်။ သူ့ကိုယ်သူ စုံထောက်ကြီး ရှားလော့ဟုမ်းလို ဖြစ်ချင်သည်။ သဲပွတ်အူ လိုက်နေသော မှုခင်းများကို ဖြေရှင်းချင်သည်။

ဟော်နန်၏ ယင်းဆန္ဒ၊ ယင်းဝါသနာကို ဆွစ်ဇာလန်စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက သိရသောအခါ ဩဇာတိက္ကမရှိသော အခြားသူ့မိတ်ဆွေ စီးပွားရေးသမားများနှင့် ခေါင်းချင်းရိုက်ပြီး တိုင်ပင်သည်။ ဤသို့ဖြင့် နောက် ၄၈ နာရီအတွင်းတွင် ဟော်နန်သည် ငွေရစ်ရဲအဖွဲ့တွင် မှုခင်းလိုက်ရဲအဖြစ် လုပ်ကိုင်ရန်ကမ်းလှမ်းချက် ရရှိလေတော့သည်။

ဟော်နန်မှာ သူ၏ကံကောင်းပုံကို အံ့အားကြီးသင့်နေမိသည်။ သူက ဝမ်းသာစွာ လက်ခံလိုက်သည်။ ဆွစ်စီးပွားရေးသမားကြီးတွေ အားလုံးမှာလည်း ယခုမှ သက်မ ချနိုင်ကြပြီး သူတို့၏မသမာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းများကို အရှိန်မပျက် ဆက်လက် လုပ်ကိုင်နိုင်ကြတော့သည်။

သို့သော် ဟော်နန်အား အမှုလိုက်ရဲ ခန့်အပ်မှုနှင့် ပတ်သက်၍ ရဲမှူးရှုမစ်အနေဖြင့် ဘာမှကြိုကြိုတင်တင် မသိခဲ့ရ။ သူ့အား အရှိန်အဝါကြီးမားသော နိုင်ငံရေးသမားတစ်ယောက်က တယ်လီဖုန်းဆက်ပြီး ဟော်နန်အား ချက်ချင်း အလုပ်ခန့်ရန် ညွှန်ကြားသည်။ ဒီမျှနှင့်ပင် တစ်ခါတည်း ကိစ္စပြတ်သွားသည်။

အတွေ့အကြုံနှင့် အရည်အချင်း လုံးဝမရှိသူတစ်ယောက်ကို အမှုလိုက်ရဲ ခန့်အပ်ရန် အကြပ်ကိုင်ခံရခြင်းအတွက် ရဲမှူးရှုမစ်အနေဖြင့် အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်မိရသည်မှာတော့ အမှန်ပင်။ အကြောင်းကလည်း ဤဖြစ်ရပ်၏ နောက်ကွယ်တွင် နိုင်ငံရေးပယောဂ မကင်းဟု သူက ထင်သည်။ သို့သော် သူက အခြေအနေကို လွန်ဆန်နိုင်သူမှ မဟုတ်ဘဲ။ ထို့ကြောင့် သူ့စိတ်ကို သူကြိုးစား၍ ဖြေသည်။

ဘာပဲဖြစ်ဖြစ် အခြေအနေအရ အဆင်ပြေအောင် ကြည့်လုပ်သွားမှာပဲဟု ဆုံးဖြတ်လိုက်သည်။

ဟော်နန့်မျက်နှာ မြင်လိုက်ရတော့ သူ၏ ဆုံးဖြတ်ချက်မှာ လုံးဝ ပျက်ပြယ်သွားခဲ့လေသည်။ လူပုံပန်းက ကြောင်တောင်တောင် ပြောင်ချော်ချော် မျက်နှာထားနှင့်။ စကားပြောတော့လည်း လေကြီးမိုးကြီး။

"ကျွန်တော် ဒီနေ့ကစပြီး အလုပ်တာဝန် ထမ်းဆောင်ပါပြီ။ မှုခင်းပြဿနာတွေအတွက် ဆရာ ဘာမှ ခေါင်းကိုက်ခံမနေပါနဲ့၊ အေးအေးသာ နေပါ၊ ကျွန်တော် ကြည့်လုပ်ပါ့မယ်"

ဟော်နန်က အလုပ်ဝင်ဝင်ချင်း ယင်းသို့ပင် ပြောလိုက်သေးသည်။

ရဲမှူးကတော့ သူ့ရုပ်ရည်နှင့် သူ့အမူအရာကို တစ်စက်ကလေးမှ ကြည့်၍မရ။ ထို့ကြောင့် သူက ကြိုက်လည်း မကြိုက်၊ အလုပ်လည်း မဖြုတ်ရဲ သို့သော် လက်အောက်အမှုထမ်းတစ်ဦးအား အထက်အရာရှိက လုပ်တတ်သည့် အစိုးရဌာနများ၏ ထုံးစံအတိုင်း ဟော်နန်အား ပညာပြတော့သည်။



ဟော်နန်အား အရေးမကြီးသော ဌာနများသို့ တစ်ခုပြီးတစ်ခု ပြောင်းပစ်သည်။ သို့ဖြင့် ဟော်နန်မှာ လက်ဗွေဌာန၊ ပစ္စည်းပျောက်နှင့် လူပျောက်ဌာန စသည်များသို့ အကြိမ်ကြိမ်အလီလီ ပြောင်းရွှေ့အမှုထမ်းရသည်။

သို့သော် နောက်ဆုံးတွင် ဟော်နန်သည် အမှုလိုက်ဌာနသို့ ပြန်ရောက်လာသည်ချည်း ဖြစ်သည်။ ဒီလိုနှင့် ရဲမှူးရှုမစ်မှာ နောက်ဆုံး လက်လျှော့လိုက်ရတော့သည်။

အမှုလိုက်ရဲတိုင်း ရက်သတ္တ ၁၂ ပတ်တွင် တစ်ပတ်စီ ညဘက်တွင် အရေးပေါ်စားပွဲ၌ တာဝန်မှူးအဖြစ် ထိုင်ရသည်မှာ ထုံးစံဖြစ်သည်။ ယင်းတာဝန်ကို ဟော်နန်က မပျက်မကွက် ကျေပွန်စွာ ထမ်းဆောင်သည်။ ယင်းသို့ သူတာဝန်မှူးကျသော အပတ်များတွင်လည်း အရေးကြီးသော မှုခင်းတစ်ခုခု ပေါ်ပေါက်တတ်သည်။ အံ့ဩစရာကောင်းသည်ကား အခြားအမှုလိုက်ရဲတွေက မှုခင်းဖြစ်ပွားရာနေရာသို့ ကမန်းကတန်း သွားရောက်၍ သဲလွန်စ ရှာနေချိန်တွင် ဟော်နန်က တရားခံကို ဖော်ထုတ်ပြီး ဖြစ်နေတတ်ခြင်းပင် ဖြစ်သည်။ ဤအချက်ကြောင့် ရဲမှူးရှုမစ်နှင့်တကွ အခြားရဲများအဖို့ အကြီးအကျယ် မခံမရပ်နိုင်အောင် ဖြစ်ကြရသည်။

အမှန်က ဟော်နန်မှာ ရဲလုပ်ထုံးလုပ်နည်းများကို ဘာတစ်ခုမှ သိသူမဟုတ်၊ သူနှင့်အပြိုင် အခြားအမှုလိုက် ရဲများအနေဖြင့် ထုံးလိုချေ ရေလိုနှောက် ကျွမ်းကျင်ထားသော အမှုလိုက်ခြင်း၊ စစ်ဆေးမေးမြန်းခြင်း၊ လက်နက်ပစ္စည်းကျွမ်းကျင်မှုနှင့် မှုခင်းစိတ်ပညာစသည်တို့ကို လုံးဝ လေ့လာဖူးသူ မဟုတ်။ သို့သော် သူများမဖြေရှင်းနိုင်သော သပွတ်အူ မှုခင်းကြီးများကိုပင် သူက အချိန်တိုအတွင်း ဖော်ထုတ်နိုင်သည်မှာ အံ့တစ်ပါးသဖွယ် ဖြစ်နေသည်။

ထို့ကြောင့်လည်း ရဲမှူးရှုမစ်က "ဒီလူကတော့ လောကမှာ ကံအကောင်းဆုံး လူတစ်ယောက်ပဲ" ဟူ၍ မှတ်ချက်ချခဲ့ခြင်း ဖြစ်သည်။

စင်စစ် ဟော်နန်၏အောင်မြင်မှုမှာ ကံကြောင့်မဟုတ်။ ငွေကြေးလိမ်လည်မှုများကို ဖြေရှင်းခဲ့သော စာရင်းကိုင် ဟော်နန်၏နည်း

www.burmeseclassic.com

www.burmeseclassic.com



တို အမှုလိုက်ရဲ ဟော်နန်က တစ်သဝေမတိမ်း အသုံးချခဲ့သောကြောင့်သာ ဖြစ်သည်။

သူ၏ထူးခြားချက်က အခြားရဲများလို စိတ်မများ၊ တစ်ခုတည်းကိုသာ စူးစိုက်သည်။ သူက ဖြုတ်ထွက်နေသော ချည်စကိုသာ လိုချင်သည်။ ယင်းအစကိုရလျှင် ဘယ်လောက်ပင်ခက်ခက်ခဲခဲ ချုပ်ထားချုပ်ထား ချုပ်ရိုးတစ်ခုလုံးကို လွယ်လွယ်ကလေးဖြင့် ဖြုတ်ပစ်နိုင်သည်။

ပြီးတော့ ဟော်နန်က အလွန်မှတ်ဉာဏ်ကောင်းသည်။ အရာရာကို ဓာတ်ပုံရိုက်ယူသလို အသေးစိတ် မှတ်မိသည်။ သူသည် ကြားခဲ့သမျှ၊ မြင်ခဲ့သမျှ၊ ဖတ်ခဲ့သမျှအားလုံးကို တစ်ခုမကျန် ချက်ချင်း ပြန်လည် ပြောပြနိုင်သည်။

ဟော်နန်နှင့်ပတ်သက်၍ ဆန့်ကျင်ဘက်စကား ပြောရလျှင် သူ၏အသုံးစရိတ် စာရင်းကိုသာ ဖြစ်သည်။ သူ အသုံးစရိတ်တင်ပြီဆိုလျှင် ရဲတပ်ဖွဲ့တစ်ဖွဲ့လုံး ဒေါသထွက်ကြသည်။

ပထမဆုံး သူ့အသုံးစရိတ်ကိုဗာင်စဉ်က ငွေစာရင်းအရာရှိက သူ့ကို ရုံးခန်းထဲ ခေါ်လိုက်သည်။

"မင်းစာရင်းထဲမှာ အမှားပါနေတယ် . . . မက်စ်"

"ကျွန်တော့်စာရင်းမှားနေတယ် ဟုတ်လား"

"ဟုတ်တယ် . . . အမှားတွေ အများကြီးပဲ၊ မြို့ကိုဖြတ်ပြီး ဘတ်စကားစီးသွားရင် အသွားစရိတ်က ပြား ၈၀၊ အပြန်စရိတ်က ပြား ၈၀၊ တက္ကစီငှားသွားရင် အနည်းဆုံး ၃၄ ဖရန့်ပဲ ကုန်မယ်"

"ဟုတ်ကဲ့ . . . ခင်ဗျား၊ အဲဒါကြောင့် ကျွန်တော်က ဘတ်စကားပဲ စီးပါတယ်"

"ဘတ်စကားစီးတယ် ဟုတ်လား"

တကယ်တော့ အမှုတစ်ခုလိုက်လျှင် မည်သည့်ရဲမှ ဘတ်စကား မစီးရ။ ဤသည်မှာ ရဲအဖွဲ့၏မလုပ်မနေရ ဥပဒေတစ်ရပ်ဖြစ်သည်။

"ကဲ . . . ထားလိုက်ပါတော့၊ အခြေအနေအရ မလုပ်မဖြစ်လို့ လုပ်ရတယ်ပဲ ထားလိုက်ပါတော့၊ ဒါပေမဲ့ ငါပြောချင်တာက တို့ဌာနမှာ မလိုအပ်ဘဲ ငွေသုံးချေတာတာကို မလိုချင်ဘူး၊ တို့မှာ လိုအပ်သလို သုံးနိုင်ဖို့အတွက် ဘတ်ဂျတ်လျာထားချက်ငွေတွေ အလုံအလောက် ရှိတယ်၊ ပြီးတော့ . . . နောက်တစ်ချက် ရှိသေးတယ်၊ ဒီအမှုကို သုံးရက်တိတိ အပြင်ထွက်၍ လိုက်ရတယ်၊ ဒါပေမဲ့ မင်းစာရင်းထဲ ထမင်းစရိတ် လုံးဝမပါဘူး"

"မဟုတ်ဘူး ခင်ဗျား၊ မနက်ပိုင်းမှာ ကျွန်တော် ကော်ဖီပဲ သောက်ပါတယ်၊ နေ့လယ်စာကိုလည်း ထမင်းဘူးနဲ့ ယူသွားပါတယ်၊ ညစာကတော့ ဒီမှာ ဖော်ပြထားပါတယ်"

မှန်သည်။ စုစုပေါင်း ညစာသုံးနပ်အတွက် ၁၆ ဖရန့်ဖော်ပြထားသည်။ သူသည် ခရစ်ယာန်ကယ်တင်ရေးအဖွဲ့ ထမင်းဆိုင်တွင် ဝယ်စားခြင်း ဖြစ်သည်။

ငွေစာရင်းအရာရှိက လေအေးအေးဖြင့် ပြောလိုက်သည်။

"ဒီမှာ မက်စ်၊ ဒီရဲအဖွဲ့ကြီးဟာ မင်းမမွေးခင် နှစ်ပေါင်းတစ်ရာတည်းက ရှိခဲ့တယ်၊ မင်းသေသွားပြီးတော့လည်း နောက်နှစ်ပေါင်းတစ်ရာလောက် ရှိချင်ရှိနေဦးမှာပဲ၊ တို့က ဒီမှာ အစဉ်အလာလိုက်နာရတဲ့ စည်းကမ်းတွေ ချမှတ်ထားတယ်"

ငွေစာရင်းအရာရှိက စာရင်းစာရွက်ကို ဟော်နန်အား ပစ်ပေးလိုက်သည်။

"ဒီတော့ မင်းတစ်ယောက်တည်းအတွက်ချည်း ကြည့်လို့ မဖြစ်ဘူး၊ အခြားလုပ်ဖော်ကိုင်ဘက်တွေကိုလည်း ငဲ့ရသေးတယ်၊ ကဲ . . . အဲဒီစာရင်း ပြန်ယူသွားပြီး ပြန်ပြင်လိုက်ပါ၊ ပြီးတော့မှ ပြန်တင်ပါ"

"ဟုတ်ကဲ့ ခင်ဗျား ကျွန်တော့်အမှားအတွက် . . ."

"ဟုတ်ပါပြီ၊ ငါ သိပါတယ်၊ မင်းက လူသစ်ပဲ ရှိသေးတာကိုး"

သို့ဖြင့် နောက်နာရီဝက်အကြာတွင် ပြင်ဆင်ပြီး စာရင်းသစ်ကို ကိုင်ကာ ဟော်နန် ပြန်ရောက်လာသည်။ သူက အသုံးစရိတ်ကို သုံးရာခိုင်နှုန်း လျှော့ချထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု နိုဝင်ဘာ ၇ ရက်နေ့တွင်မူ ရဲမှူးက ဟော်နန်၏ မှုခင်း အစီရင်ခံစာကို လက်ထဲတွင် ကိုင်ထားပြီး ဟော်နန်ကမူ ရဲမှူး၏စားပွဲ ရှေ့တွင် ရပ်လျက်ရှိသည်။

ဟော်နန်သည် တောက်တောက်ပြောင်ပြောင် အပြာရောင် ဝတ်စုံနှင့် အပြာရောင် ရှူး၊ အဖြူရောင်ခြေအိတ်တို့ဖြင့် အတော်က လေး 'ရှိုး' ကောင်းနေသည်။ ရဲမှူးက ယောဂနည်းဖြင့် စိတ်ကို ငြိမ် အောင် ကြိုးစားနေသော်လည်း ဟော်နန့်မျက်နှာ မြင်လိုက်ရသော အခါ စိတ်ကို မထိန်းနိုင်ဘဲ ဆူပူမိရက်သား ဖြစ်သွားသည်။

"ဒီအမှုကို ရဲအဖွဲ့ကို သတင်းပို့ချိန်မှာ မင်းက တာဝန်မှူး တာဝန်ယူနေရတယ်၊ ဒီတော့ မင်းတာဝန်က အမှုဖြစ်တဲ့နေရာ ချက်ချင်းသွားရမယ်၊ အခုတော့ ဖြစ်ပွားပြီး ၁၄ နာရီနောက်ကျပြီးမှ မင်းက ရောက်သွားတယ်၊ အဲဒီအချိန်မှာ နယူးဇီလန်နိုင်ငံက ရဲအဖွဲ့ တစ်ဖွဲ့လုံး လာပြီး ပြန်တောင် သွားနိုင်ပြီ၊ မင်းလုပ်ပုံက သောက်သုံးကျ သေးရဲ့လား"

"မဟုတ်ဘူး . . . မဟုတ်ဘူး ဆရာ၊ နယူးဇီလန်က လူရိုင်း ကို လေယာဉ်ထွက်ချိန်က . . ."

"တော်စမ်းပါကွာ၊ မင်းပါးစပ်ပုပ်ကြီး ပိတ်လိုက်စမ်း"

ရဲမှူးက ခေါင်းကိုငုံ့ပြီး လက်ချောင်းများဖြင့် ဆံပင်တွေကို မွှေနှောက်နေသည်။ သူ့ဆံပင်တွေက အတော်ကလေး ဖြူနေကြပြီ၊ သူက ဘာစကားပြောရမှန်း မသိ ဖြစ်နေပြီ။ ဒီကောင်က လူကြောင် လူပေါ။ ကံကလည်း အင်မတန်ကောင်းတာ။ သူ့ကို ဆူလည်း မထူး ဘူး။ သူနှင့် အချေအတင် ငြင်းနေလို့လည်း ဘာမှအကျိုးထူးမှာ မဟုတ် ဘူး။

"ဒီမှာ ဟော်နန် . . . ဒီဌာနမှာ အရည်အချင်းမရှိတဲ့ အချေ အနေမျိုးကို ငါ့အနေနဲ့ သည်းမခံနိုင်ဘူး၊ တခြားရဲတွေက မှုခင်းဖြစ်ပွား ရာကို ချက်ချင်းသွားကြတယ်၊ လူနာတင်ယာဉ်ခေါ်ပြီး အလောင်းတို့ ရေခဲတိုက် ပို့ကြတယ်၊ ပြီးတော့ စစ်ဆေးကြတယ်"

သူ့အသံက မြန်လည်း မြန်သည်။ မာလည်း မာသည်။ ထို့





ကြောင့် လေသံကိုလျှော့ပြီး ဆက်ပြောသည်။

"တိုတိုပဲ ပြောမယ်ကွာ၊ သူတို့က ရဲအမှုထမ်းကောင်းတစ် ယောက်အနေနဲ့ လုပ်သင့်တဲ့ အလုပ်တွေ အကုန်လုံး လုပ်ကြတယ်၊ မင်းကတော့ ရုံးခန်းထဲကထိုင်ပြီး ဆွစ်ဇာလန်တစ်နိုင်ငံလုံးက လူကြီး လူကောင်းတွေ တစ်ဝက်လောက်ကို အချိန်မတော် ညကြီးမင်းကြီး အိပ်ရာကနှိုးပြီး အလုပ်ပေးတယ်"

"ကျွန်တော် စဉ်းစား . . ."

"ဆက်မပြောနဲ့ကွာ၊ ဒီနေ့ တစ်မနက်လုံး ငါ့ကို တယ်လီဖုန်းနဲ့ ကြိမ်းလိုက်ကြတာ . . . နင့်အမေလွှားမှပဲ"

"ကျွန်တော် . . ."

"ဟော့ . . . ချက်ချင်း ထွက်သွားစမ်း"

"ဟုတ်ကဲ့ . . . ဆရာ၊ ဒါနဲ့ ကျွန်တော် အသုဘလိုက်ပို့လိုက် ရမလား ဆရာ၊ အသုဘက ဒီနေ့မနက်ပဲ ချမယ်ဆရာ"

"ကဲ . . . သွားကွာ . . . သွား"

"ကျေးဇူးပဲ ဆရာ၊ ဒါနဲ့ . . . ကျွန်တော်"

"သွားမှာသာ သွားစမ်းပါကွာ"

နောက် မိနစ်သုံးဆယ်လောက်ကြာတော့မှ ရဲမှူးရှမစ်မှာ အသက်ရှူမှန်သွားလေသည်။

★ ↔ ★



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၀ )

အသုဘတွင် လူတွေ ပြွတ်သိပ်နေကြသည်။ အသုဘဇရပ်မှာ ကျောက်တုံးနှင့် ကျောက်သလင်းများဖြင့် ဆောက်လုပ်ထားသော ရှေးဆန်ဆန် အဆောက်အအုံတစ်ခုဖြစ်ပြီး မီးသဂြိုဟ်ဆောင်အပါအဝင် အခြားအခန်းတွေလည်း တော်တော်များများ ရှိသည်။

သရဏဂုံတင်ခန်းတွင် ရှိဖေးနှင့်သားများကုမ္ပဏီမှ ထိပ်တန်းအရာရှိကြီးများနှင့် အမှုထမ်းများက ရှေ့တန်းတွင် နေရာယူထားကြသည်။ နောက်ဘက်တွင် ကွယ်လွန်သူ၏ ဆွေမျိုးသားချင်းများ၊ မိတ်သင်္ဂဟများနှင့် သတင်းထောက်များ ထိုင်နေကြသည်။

အမှုလိုက်ရဲ မက်စ်ဟော်နန်က နောက်ဆုံးအတန်းတွင် ဝင်ထိုင်နေသည်။

အမှုဟာ ရိုးရိုးမဟုတ်ဘူး။ လုပ်ကြံမှုပဲ ဖြစ်မယ်။ လူတွေဟာ ထိုယ်စွမ်းဉာဏ်စွမ်းပြည့်ဝဆုံး အချိန်ရောက်လာကြတယ်။ လောကအတွက် ကိုယ့်အတွက် အကောင်းဆုံး ဆောင်ရွက်နိုင်တဲ့အချိန်ရောက်တာနဲ့ သေမင်းနောက် ကောက်ကောက်ပါသွားကြတော့တယ်။

ဟော်နန်က ထိုင်ရင်း အတွေးနက်နေမိသည်။

အသုဘခေါင်းမှာ မဟော်ဂနီသားဖြစ်ပြီး ပန်းတွေနှင့် ဖုံးလွှမ်းထားသည်။ အလကား ပိုက်ဆံဖြုန်းတာပဲဟု ဟော်နန်က တွေးလိုက်မိသည်။

ခေါင်းကို ချိပ်ပိတ်လိုက်ကြသည်။ ဟော်နန်က မစဉ်းစားအတ်အောင် ဖြစ်မိသည်။ ဘုန်းကြီးက ကမ္ဘဌာန်းသံပါပါဖြင့် အသုဘအရေး ဟောနေသည်။

"လူသားတို့ သေခြင်းတရားကို မလွန်ဆန်နိုင်၊ အကုသိုလ်အစိုက်တို့ဖြင့် မွေးဖွားလာကြသော လူသားတို့သည် အသက်ရှင်ခြင်းအလယ်၌ သေခြင်းတရားနှင့် ကြုံကြိုက်ကြရ၏။ စင်စစ်သော်ကားဘာဝမှသည် ပြာအဖြစ်သို့ ပြောင်းလဲသွားခြင်းသာတည်း။

ဟော်နန်က အသုဘတရားကို မကြားဟန်ဆောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတ အသုဘရှုနေသော လူများကိုသာ လေ့လာလျက်ရှိသည်။

"ဘုရားသခင်သည် လူသားတို့အား အသက်ကို ပေးတော်မူ၏၊ ဘုရားသခင်သည် လူသားတို့၏ အသက်ကို ပြန်ယူတော်မူ၏"

ပရိသတ်သည် တစ်ယောက်ပြီးတစ်ယောက် ထိုင်ရာမှ ထကြသည်။ သရဏဂုံတင်ခြင်းအမှု ပြီးဆုံးသွားလေပြီ။

ဟော်နန်က တံခါးဝတွင် ရပ်နေသည်။ ယောက်ျားတစ်ယောက်နှင့် မိန်းမတစ်ယောက် တံခါးသို့ လျှောက်လာသည်။ ဟော်နန်က ၎င်းတို့ရှေ့မှ ဆီးရပ်လိုက်သည်။

"မစ္စအယ်လစ်ဇဘက်ရှိုဖေးပါလား ခင်ဗျား၊ စကားကလေး တစ်ခွန်းလောက် ပြောခွင့်ပြုပါခင်ဗျား"

★

အမှုလိုက်ရဲ မက်စ်ဟော်နန်၊ အယ်လစ်ဇဘက်နှင့် ရီးစ်ဝီလျံတို့သည် အသုဘဇရပ်နှင့် မလှမ်းမကမ်းရှိ အဆောင်ကလေးတစ်ခုတွင် ထိုင်နေကြသည်။

အသုဘခေါင်းကို မွဲပြာရောင် မသာလှည်းပေါ်တွင် တင်နေကြပြီ။ အယ်လစ်ဇဘက်က ဆက်မကြည့်တော့ဘဲ မျက်နှာကို လွှဲပစ်လိုက်သည်။ သူမ၏မျက်လုံးတွေက ဂနာမငြိမ် သွေးရှူးသွေးတန်း ဖြစ်နေကြသည်။

"ဘာမေးစရာ/လိုသေးလို့လဲဗျ၊ မစ္စရှိုဖေးက သူသိသမျှ ရဲအဖွဲ့ကို ဖြောင့်ချက်ပေးလိုက်ပြီပဲ"

ရီးစ်ဝီလျံက အမှုလိုက်ရဲ၏လုပ်ရပ်ကို သဘောမကျသလို အသံမာမာဖြင့် ပြောလိုက်သည်။

"ဒီလိုပါ . . . မစ္စတာဝီလျံ၊ ကျွန်တော် မရှင်းတာကလေး နည်းနည်း အသေးစိတ်ကလေး မေးကြည့်ချင်လို့ပါ"

"နောက်တော့ မေးလည်း ရတာပဲ၊ ခင်ဗျားသိတဲ့အတိုင်း အခုအချိန်မှာ မစ္စရှိုဖေးအနေနဲ့ . . . စိတ်မချမ်းသာစရာတွေ . . .



၎င်းတွင် အယ်လစ်ဇဘက်က သူမ၏လက်ကို ရီးစ်၏လက်ပေါ် တင်လိုက်ပြီး . . .

"နေပါစေ . . . ရီးစ်၊ မေးပါစေ . . . မေးချင်တာ မေးပါစေ၊ ကျွန်မ ဖြေပါမယ်၊ ကဲ . . . ဘာသိချင်လို့လဲ မေးပါ"

"မစ္စရှိုဖေးက ညတိုင်း ဒီလိုပဲ အလုပ်ချိန် နောက်ကျတတ်ပါသလား"

"ဟုတ်ကဲ့ . . . ခဏခဏ နောက်ကျတတ်ပါတယ်"

"ဘယ်လောက်ထိ နောက်ကျပါသလဲ၊ ဘယ်အချိန်မှ အိမ်ပြန်တတ်ပါသလဲ"

"ဒါက ပြောလို့မရဘူး၊ တစ်ခါတလေလည်း ၁၀-နာရီအထိ၊ တစ်ခါတလေလည်း ၁၂-နာရီ၊ ၁၂-နာရီကျော် . . ."

"ဒီလိုဆိုရင် နောက်ကျတာကတော့ ပုံမှန်ပဲဆိုပါတော့၊ ဒါနဲ့ ဒီလိုနောက်ကျတတ်တာကို တခြားအမှုထမ်းတွေ သိကြပါသလား"

"သိကြမယ် ထင်တာပဲ"

"ခါတ်လေ့ကား ပြုတ်ကျတဲ့ ညမှာ မစ္စရှိုဖေးရယ်၊ မစ္စတာဝီလျံရယ်၊ ပြီးတော့ မစ္စကိတ်အားလင်းရယ် အချိန်ပိုဆင်းကြတယ်နော်"

"ဟုတ်ပါတယ်"

ဒါပေမဲ့ သုံးယောက်စလုံး အတူတူ ပြန်ကြတာတော့ မဟုတ်ပါဘူးနော်"

"ကျုပ်က အရင်ပြန်တယ်၊ ချိန်းထားတာ တစ်ခုရှိနေလို့ . . ."

မစ္စတာ ရီးစ်ဝီလျံက ဝင်ပြောလိုက်သည်။

ဟော်နန်က ရီးစ်၏မျက်နှာကို အကဲခတ်သလို ကြည့်နေသည်၊ ပြီးတော့ အယ်လစ်ဇဘက်ဘက်သို့ လှည့်ပြီး . . .

"မစ္စတာဝီလျံ ထွက်သွားပြီး ဘယ်လောက်ကြာတော့မှ မစ္စရှိုဖေးက ထွက်ပါသလဲ"

"တစ်နာရီလောက် ရှိလိမ့်မယ် ထင်တာပဲ"

"မစ္စရှိုဖေးနဲ့ ကိတ်အားလင်းတို့အတူတူထွက်လာကြသလား"

"ဟုတ်ပါတယ် . . . ကျွန်မတို့ အပေါ် အကျီနဲ့ ဦးထုပ်ဆံအိတ်

www.burmeseclassic.com

www.burmeseclassic.com



လူပြီး ခန်းမကြီးထဲ လာခဲ့တယ်၊ အဲဒီမှာ အမြန်ဓာတ်လှေကား ရှိတယ်၊ ကျွန်မတို့ကို အဆင်သင့် စောင့်နေတယ်"

"နောက်ပိုင်း ဘယ်လို ဖြစ်သလဲ"

"ကျွန်မတို့နှစ်ယောက် ဓာတ်လှေကားခန်းထဲ ဝင်ကြတယ်၊ အဲဒီအချိန်မှာပဲ ရုံးခန်းထဲက တယ်လီဖုန်းမြည်သံ ကြားရတယ်၊ မစ္စတိတ်က 'ကျွန်မ သွားလိုက်မယ်' ဆိုပြီး ဓာတ်လှေကားခန်းက ပြန်ထွက်ဖို့ လုပ်တယ်၊ ဒါပေမဲ့ ကျွန်မက ကျွန်မပဲသွားလိုက်မယ် ဆိုပြီး သူ့ကို တားလိုက်တယ်၊ နေ့လယ်က နိုင်ငံခြားကို ကျွန်မ တယ်လီဖုန်း ခေါ်ထားတာ ရှိနေလို့"

အယ်လစ်ဇဘက်က စကားကို ရပ်လိုက်သည်။ မျက်လုံးအစုံမှ မျက်ရည်တွေ လျှံကျလာသည်။

"ဒါနဲ့ . . . ကျွန်မက ပြန်ထွက်တယ်၊ သူက 'စောင့်နေရဦးမလား' လို့မေးတော့ 'မစောင့်ပါနဲ့၊ မစ္စတိတ်ပဲ အရင်ဆင်းနှင့်ပါ' လို့ ကျွန်မက ပြန်ပြောလိုက်တယ်၊ အဲဒီချိန်မှာ သူ ဓာတ်လှေကားခလုတ် နှိပ်လိုက်တယ်၊ ကျွန်မက ရုံးခန်းကို လာခဲ့တယ်၊ ကျွန်မ ရုံးခန်းတံခါး ဖွင့်နေတုန်းမှာ အော်သံကြားရတော့တာပဲ၊ ပြီးတော့ . . . ပြီးတော့"

သူမက စကားကို ဆက်မပြောနိုင်တော့။ ရိုးစ်က ဟော်နန်ကို ကြည့်လိုက်သည်။ သူ့မျက်နှာတွင် ဒေါသရောင် လွှမ်းနေသည်။

"ကဲ . . . ကျေနပ်ပြီ မဟုတ်လား၊ ပြောစမ်းပါဦး . . . ဒီတိုင်ဘာဖြစ်နိုင်သလဲဆိုတာ"

ဘာဖြစ်ရမှာလဲ . . . လူသတ်မှုပေါ့ဟု ဟော်နန်က စိတ်ထဲ၌ ကျိတ်တွေးလိုက်သည်။ တစ်ယောက်ယောက်က အယ်လစ်ဇဘတ်ကို သတ်ရန် ကြံစည်ခြင်း ဖြစ်သည်။

ဟော်နန်က မတုန်မလှုပ် ထိုင်ယင်း အတွေးနက်နေသည်။ လွန်ခဲ့သော ၄၈ နာရီအတွင်း ရိုဖေးနှင့်သားများကုမ္ပဏီနှင့် ပတ်သက်၍ သူ သိခဲ့ရသမျှကို ပြန်စဉ်းစားနေသည်။ ကုမ္ပဏီမှာ ပြဿနာသောင်းခြောက်ထောင်နှင့် ရင်ဆိုင်နေရသည်။ တရားစွဲဆိုမှုများ နာမည် ဖျက်မှုများ၊ ဈေးကွက် ဆုံးရှုံးမှုများ၊ ဘဏ်ကြွေးများနှင့် အငွေ့

မီးဝိုင်း ကြုံနေရသည်။

အခြေအနေမှာ ကုမ္ပဏီသည် အပြောင်းအလဲတစ်ရပ်ကို အရေးတကြီး တောင်းဆိုသော အခြေအနေမျိုးဖြစ်သည်။

ထိန်းချုပ်ရှယ်ယာကို ကိုင်ထားသော ပထမဥက္ကဋ္ဌ ဆမ်ရိုဖေးမှာ အလွန်တောင်တက် ကျွမ်းကျင်သူ ဖြစ်သည်။ သူသည် တောင်တက်ရင်း မတော်တဆ ကွယ်လွန်သွားခဲ့သည်။ သူ့နေရာကို သူ့သမီး ဆက်ခံသည်။ သူ့သမီးလည်း ကံကောင်း၍သာ အသက်ဘေးမှ လွတ်ခဲ့ရသည်။ ဆာဒင်နီးယားတွင် ကားမှောက်ခဲ့သည်။ ယခုလည်း ဓာတ်လှေကားပြုတ်ကျပြန်ပြီ။ တစ်ယောက်ယောက်ကတော့ ကျိတ်ကြံနေပြီ။

တကယ်တော့ မက်စ်ဟော်နန် ကံကောင်းပါသည်။ ပြုတ်နေသော အပ်ချည်စကို ယခု သူ တွေ့ရပြီ။ သူ သဲလွန်စ ရပြီ။

မက်စ်ဟော်နန်အဖို့ အယ်လစ်ဇဘက်မှာ သာမာန်နာမည် တစ်ခု မဟုတ်တော့။ ခက်ခဲရှုပ်ထွေးလှသော ဂဏန်းတစ်ပုဒ်မှ ညီမျှခြင်းတစ်ခု ဖြစ်နေပြီ။ သူမနှင့် ပတ်သက်၍ ထူးခြားချက်တစ်ခုတော့ ရှိနေပြီး ဟော်နန်က သူမကို ကြင်နာလာမိသည်။ အကာအကွယ်ပေးလိုစိတ် ပြင်းပြင်းပြပြ ဖြစ်ပေါ်လာမိသည်။

"ကဲ. . . ကျုပ်မေးတာလည်း ပြောစမ်းပါဦး"

ရိုးစ်က စိတ်တိုသံဖြင့် မေးလိုက်သည်။

ဟော်နန်မှာ ရုတ်တရက်မို့ ယောင်ယောင်မှားမှား ဖြစ်သွားပြီး

"အား. . . အေး. . . ဟုတ်ကဲ့ . . . ဒါပါပဲ မစ္စတာဝီလျံ၊ ရဲလုပ်ထုံး လုပ်နည်းအရ မေးကြည့်တာပါ"

သူက ထိုင်ရမှ ထရင်း . . .

"ခွင့်လွှတ်ပါ ခင်ဗျာ"

ဟော်နန်မှာ လောလောဆယ် အရေးတကြီး လုပ်စရာတွေ ရှိနေပြီဖြစ်သည်။

★ ↔ ★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၁ )

ရဲမှူးရှုမစ်သည် တစ်မနက်လုံး တစ်ချက်မှ အငြိမ်မနေရဘဲ အလွန် အလုပ်များနေသည်။

အိုင်ဘေးရီးယား လေကြောင်းကုမ္ပဏီရှေ့တွင် နိုင်ငံရေးဆန္ဒပြမှု ပေါ်ပေါက်သည်။ လူသုံးယောက်ကို ဖမ်းဆီးလိုက်သည်။ ဘရှုနော့တွင် စက္ကူစက် မီးလောင်သည်။ ရှို့မီး ဖြစ်နိုင်သည်။ ထို့ကြောင့် အရေးယူ စုံစမ်းနေရသည်။ ပလတ်စပစ်ပန်းခြံတွင် မိန်းကလေးတစ်ယောက် မုဒိမ်းကျင့်ခံရသည်။ ငွေဘလင်း၊ ဂရင်းမားနှင့် ဘောရောလက် ရပ်ကွက်များ၌ လုယက်ငွေလုမှုများ ဖြစ်ပွားသည်။

အရေးထဲ အမှုလိုက်ရဲ မက်စ်ယော်နန်ရောက်လာပြီး သူ၏ အဓိပ္ပာယ်မရှိ အကြောင်းပြချက်များကို တင်ပြနေပြန်သည်။ ရဲမှူးအဖို့ အသက်ရှူကျပ်စရာ ကြုံရပြန်သည်။

"ဓာတ်လှေကား အချက်ပေးခေါင်းလောင်း ကွဲနေတယ် . . . ဆရာ၊ ဓာတ်လှေကား ပြုတ်ကျတော့ ထိန်းချုပ်ကိရိယာတွေ အားလုံး ထိန်းမရတော့ဘူး၊ ကေ့နတော့ တစ်ယောက်ယောက်က . . ."

"ငါ . . . အစီရင်ခံစာတွေအားလုံး ဖတ်ပြီးပြီ ယော်နန်၊ မင်း ပြောတာ ဘာမှ မဟုတ်ဘူး၊ ယောင်နေလို့ပါ"

"မဟုတ်ဘူး ဆရာ၊ ကျွန်တော် ပစ္စည်းတွေအားလုံး အသေးစိတ် စစ်ဆေးကြည့်ပါတယ်၊ ပုံမှန်အတိုင်းသာဆိုယင် နောက်ငါးနှစ် ခြောက်နှစ်လောက် ခံနိုင်ပါသေးတယ်"

ယော်နန်၏စကားကြောင့် ရဲမှူး နားခေါင်းရှုံ့လိုက်မိသည်။

"မင်း ဘာကို ပြောချင်သလဲ"

"ဓာတ်လှေကားကို တစ်ယောက်ယောက်က ဖျက်ထားတယ် . . . ဆရာ"

"ဘာကြောင့် ဖျက်ရတာလဲ"

"အဲဒါကို အခု ကျွန်တော် ရှာနေတာပေါ့"

"ဒါဖြင့် မင်း အခု ရိုဖေးကုမ္ပဏီကို ပြန်သွားချင်တယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ဘူး ဆရာ . . . ကျွန်တော်က ချာမိုနီးတောင်တက် စခန်းကိုပဲ သွားချင်တယ်"

★

ချာမိုနီးမြို့ကလေးသည် ဂျနီဗာမြို့မှ အရှေ့တောင်ဘက်သို့ မိုင် ၄၀ အကွာတွင် တည်ရှိသည်။ မောင့်ဘလန့်တောင်ထွတ်နှင့်အယ်ဂျီလ် ရောက်တောင်တန်းများအကြားရှိ ပြင်သစ်နယ်စပ်ဘက် ပင်လယ်ရေ မျက်နှာပြင်ထက် ပေပေါင်း ၃၄,၀၀၀ အမြင့်တွင် တည်ရှိပြီး ကမ္ဘာပေါ် တွင် ရှုခင်းအသာအယာဆုံး ဒေသတစ်ခု ဖြစ်သည်။

အမှုလိုက်ရဲ ဟော်နန်သည် လက်ဆွဲသေတ္တာတစ်လုံး ဆွဲကာ ချာမိုနီးဘူတာရုံတွင် ရပ်ထားသော ရထားပေါ်မှ ဆင်းလိုက်သည်။ သူ့အနီး ကပ်လာသော တက္ကစီကားကို လက်ကာပြလိုက်ပြီး ရဲစခန်းသို့ ခြေကျင်လျှောက်လာခဲ့သည်။ ရဲစခန်းမှာ မြို့လယ်လမ်းမကြီးပေါ်တွင် တည်ရှိသည်။ ခပ်သေးသေး အဆောက်အအုံလေးသာ ဖြစ်သည်။

ဟော်နန်က ရဲစခန်းထဲသို့ ဝင်လာခဲ့သည်။ စားပွဲတွင် ထိုင်နေသော ပြင်သစ်ရဲကြပ်ကြီးတစ်ဦးအား ပြင်သစ်စကားဖြင့် ဆီး၍ နှုတ်ဆက်သည်။

ဟော်နန်ကလည်း သူတတ်ထားသော ပြင်သစ်စကားဖြင့် ပြန်ပြောသည်။ သို့သော် ပြင်သစ်ရဲကြပ်ကြီးက တစ်လုံးမှ နားမလည်။

"ဒါနဲ့ ခင်ဗျား ဘာတွေ ပြောနေတာလဲ"

"ခင်ဗျား ဘာဆိုလိုတာလဲ၊ ကျုပ်က ပြင်သစ်စကားနဲ့ ပြောနေတာ"

ရဲကြပ်ကြီးက အံ့အားကြီးသင့်ပြီး ကိုယ်ကို ကုလားထိုင် နောက်မှီတွင် ပစ်မှီချလိုက်သည်။

"အခု ခင်ဗျားပြောနေတာ ပြင်သစ်စကားလား"

ဟော်နန်က ဘာမှပြန်မပြောတော့ဘဲ သူ့အိတ်ထဲမှ ဝရမ်း စာရွက်ကိုသာ ကမ်းပေးလိုက်တော့သည်။ ရဲကြပ်ကြီးက နှစ်ကြိမ်တိုင် ဖတ်ကြည့်သည်။ ထို့နောက် ဟော်နန်၏မျက်နှာကို မော်ကြည့်လိုက် သည်။ ပြီးတော့ နောက်တစ်ကြိမ် ပြန်ဖတ်ပြန်သည်။ ရဲကြပ်ကြီးက သူ့ရှေ့ရပ်နေသူမှာ အမှုလိုက်ရဲတစ်ဦး ဖြစ်လိမ့်မည်ဟု လုံးဝ မထင်။



သူက ဝရမ်းစာရွက် ပြန်ပေးရင်း . . .

"ကျွန်တော် ဘာကူညီရမှာလဲ"

"ကျွန်တော်လာတာက လွန်ခဲ့တဲ့နှစ်လလောက်က တောင်တက် ရင်း ဖြစ်ပွားခဲ့တဲ့ မတော်တဆမှုတစ်ခုကို စုံစမ်းဖို့ လာတာပါ။ သေဆုံး သူနာမည်က ဆမ်ရိုးဖေး"

ရဲကြပ်ကြီးက ခေါင်းညိတ်လိုက်ပြီး . . .

"ဟုတ်တယ် . . . ကျွန်တော် သိပါတယ်"

"အဲဒါ . . . ဘယ်လိုက ဘယ်လို ဖြစ်ပျက်ခဲ့တယ်ဆိုတာ ပြော နိုင်တဲ့ လူတစ်ယောက်ယောက်နဲ့ ကျွန်တော် တွေ့ချင်ပါတယ်"

"အဲဒါတော့ တောင်တက်ကယ်ဆယ်ရေးအသင်းပဲ တတ်နိုင် မှာပဲ၊ အဲဒီအသင်းက မောင့်ဘလန့်ရိပ်သာမှာ ရှိတယ်၊ တယ်လီဖုန်း နံပါတ် ၅၃၁၆၈၉၊ ဒါမှမဟုတ် ဆေးခန်းမှာလည်း စုံစမ်းကြည့်နိုင်တယ်၊ ဆေးခန်းက ဗလဲလမ်းမှာ ရှိတယ်၊ တယ်လီဖုန်းနံပါတ်က ၅၃၀၁၈၂ ဟောဒီမှာ ကျွန်တော် အားလုံး ရေးပေးလိုက်မယ်"

ရဲကြပ်ကြီးက ကလောင်တံကို လှမ်းယူသည်။

"နေပါစေ မလိုပါဘူး၊ တောင်တက်ကယ်ဆယ်ရေးအသင်း . . . မောင့်ဘလန့်ရိပ်သာ . . . ၅၃၁၆၈၉၊ ဒါမှမဟုတ် ဆေးခန်း . . . ဗလဲလမ်း . . . ၅၃၀၁၈၂"

ပြီးတော့ ဟော်နန်က ရဲစခန်းမှ ပြန်ထွက်လာခဲ့သည်။ ပြင်သစ် ရဲကြပ်ကြီးက ကုလားထိုင်တွင် ထိုင်ရင်း အံ့အားသင့်ကာ ကျန်ရစ် ခဲ့သည်။

★

တောင်တက်ကယ်ဆယ်ရေးအသင်း ကြီးကြပ်ရေးမှူးမှာ အားကစားသမားရုပ် ပေါက်နေသော လူငယ်တစ်ဦး ဖြစ်သည်။

သူက စားပွဲတွင် ထိုင်နေရာမှ ဟော်နန်ကို မော်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟော်နန်၏ ပုံပန်းမကျဟန်အမူအရာကို ကြည့်ပြီး ဒီလူတော့ တောင်တက်သမားဖြစ်ဟန် မတူဘူးဟူ၍ သူက တွေးလိုက်သည်။

"ကျွန်တော် ဘာအကူအညီ ပေးရမှာလဲ"

"ကျွန်တော်က အမှုလိုက်ရဲ မက်စ်ဟော်နန်ပါ"

သူက ဝရမ်းစာရွက် ထုတ်ပြလိုက်သည်။

"ကျွန်တော် ဘာအကူအညီပေးရမလဲ. , ရဲဘော် ဟော်နန်"

"ကျွန်တော်က ဆမ်ရိုဖေးဆိုတဲ့ပုဂ္ဂိုလ် သေဆုံးမှုကို စုံစမ်းနေပါတယ်"

ကြီးကြပ်ရေးမှူးက သက်မတစ်ချက် ချလိုက်ကာ . . .

"အို. . . ဟုတ်ကဲ့၊ မစ္စတာရိုဖေးကို ကျွန်တော် အများကြီး ခင်ပါတယ်၊ တော်တော်ကံဆိုးရှာတဲ့ ပုဂ္ဂိုလ်ပါပဲ"

"ဖြစ်ပျက်ပုံကို ခင်ဗျား မြင်လိုက်ရသလား"

"မမြင်ရပါဘူး၊ အချက်ပြသတင်း ရရချင်း ကျွန်တော်တို့ ကယ်ဆယ်ရေးအဖွဲ့ လိုက်သွားတယ်၊ ဒါပေမယ့် ဘာမှ မတတ်နိုင်တော့ပါဘူး၊ မစ္စတာရိုဖေးဟာ ရေခဲချောက်ကြီးထဲ ကျသွားပြီ၊ အလောင်းတိုလည်း လုံးဝ မတွေ့ရတော့ဘူး"

"ဘယ်လို ဖြစ်သွားတာပါလိမ့်"

"စုစုပေါင်း တောင်တက်သမားလေးယောက် တက်နေကြတယ်၊ လမ်းပြနဲ့မစ္စတာရိုဖေးတို့က နောက်ဆုံးက၊ ကျုပ်သိရသလောက်တော့ အဲဒီအချိန်မှာ သူတို့ဟာ ရေခဲမျောတုံးကြီးကို ဖြတ်ကျော်နေကြတယ်၊ အဲဒီမှာ မစ္စတာရိုဖေးက ခြေချော်ပြီး လိမ့်ကျသွားတာပဲ"

"သူ့ခြေထောက်မှာ သံစူးတပ်ဖိနပ် စီးမထားဘူးလား"

"အမှန်က ကြိုးပြတ်သွားတာပါ"

"အရင်ကလည်း ဒီလို ဖြစ်ဖူးတာ ရှိသလား"

"တစ်ခါပဲ ဖြစ်ခဲ့ဖူးတယ်၊ အတွေ့အကြုံရင့်တဲ့ တောင်တက်သမားတွေဟာ ကိုယ့်ပစ္စည်းကိုယ် သေသေချာချာ စစ်ဆေးပြီးမှ တက်ကြတယ်၊ ဒါပေမယ့် ဒီလို မတော်တဆမှုတွေတော့ ရှိနေသေးတာပဲ"

ဟော်နန်က ခဏမျှ ရပ်ပြီး စဉ်းစားနေသည်။



"ကျွန်တော် လမ်းပြနဲ့ စကားပြောချင်တယ်"

"မစ္စတာရိုဖေး အမြဲတမ်း သုံးနေကျ လမ်းပြက အဲဒီနေ့က တောင်တက်တာမှာ မပါဘူး"

"ဇော်. . . ဟုတ်လား၊ ဘာကြောင့်ပါလိမ့်"

"ကျွန်တော် မှတ်မိသလောက်တော့ သူ နေမကောင်းလို့ပဲ၊ ဒါနဲ့ တခြားလမ်းပြတစ်ယောက် ခေါ်သုံးခဲ့ရတယ်"

"သူ့နာမည် သိသလား"

"ခဏစောင့်ပါ၊ ကျွန်တော် ရှာကြည့်လိုက်မယ်"

ကြီးကြပ်ရေးမှူးက ရုံးခန်းထဲ ဝင်သွားသည်။ မကြာမီ စာရွက်တစ်ရွက် ကိုင်ပြီး ပြန်ထွက်လာသည်။

"လမ်းပြနာမည်က ဟာန်ဘာ့ဂ်မန်းတဲ့"

"သူ့ကို ဘယ်မှာ တွေ့နိုင်မလဲ"

"သူက ဒီဒေသက မဟုတ်ဘူး"

ကြီးကြပ်ရေးမှူးက စာရွက်တစ်ရွက်တွင် တစ်စုံတစ်ရာကို ရှာရင်း. . . "သူက လက်စဂတ်ဆိုတဲ့ရွာက လာတာ၊ ဒီကဆို ကီလိုမီတာ ၆၀ လောက် ဝေးတယ်"

မက်စ်ဟော်နန်သည် ချာမိုနီးမြို့မှ မထွက်ခွာမီ ကလိန်ရွဲဒက်ထိုတယ်တွင် အခန်းစာရေးနှင့် စကားပြောသည်။

"မစ္စတာရိုဖေး ဒီမှာ တည်းနေတုန်းက ခင်ဗျားတာဝန်ကျသလား"

"ဟုတ်ကဲ့ . . . အဖြစ်က ဆိုးလိုက်တာဗျာ . . ဆိုးလိုက်တာ"

"မစ္စတာရိုဖေး တစ်ယောက်တည်း တည်းသလား"

"မဟုတ်ပါဘူး. . တခြားမိတ်ဆွေ တစ်ယောက်လည်းပါပါတယ်"

"အော် . . . မိတ်ဆွေတစ်ယောက်. . . ဟုတ်လား"

"ဟုတ်ပါတယ် . . . မစ္စတာရိုဖေးက နှစ်ယောက်အတွက် အခန်း ငှားတယ်"

"အဲဒီမိတ်ဆွေနာမည် ပြောနိုင်သလား"

"ဟုတ်ကဲ့ . . . ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်စာရေးက စားပွဲအံဆွဲထဲမှ လယ်ဂျာစာရွက်ကြီး တစ်ရွက် ဆွဲလိုက်သည်။ ပြီးတော့ . . . စာရွက်ပေါ် လက်ညှိုးထောက်ပြီး တစ်ကြောင်းချင်း လိုက်ရှာသည်။

"ဟော . . . ဒီမှာ . . . တွေ့ပြီ"

★

လက်စဂတ်ရွာကလေးသို့ အငှားကားဖြင့် သုံးနာရီတိတိ မောင်းလာခဲ့ရသည်။ ဟော်နန်က ဈေးသက်သာဆုံး မော်တော်ကားကို ငှားပြီး လာခဲ့ခြင်း ဖြစ်သည်။

လက်စဂတ်ရွာကလေးမှာ ရွာနှင့်ပင် မတူ။ အတော်ကလေး စည်စည်ပင်ပင် ရှိသည်။ ထွေထွေရာရာ ဈေးဆိုင်အနည်းငယ်အပြင် တောင်တက်စခန်း အဆောက်အအုံကလေး တစ်ခု၊ ကုန်ပဒေသာဆိုင် တစ်ခုနှင့် ဓာတ်ဆီဆိုင်တစ်ဆိုင်လည်း ရှိသည်။

ဟော်နန်က ကားကို တောင်တက်စခန်း အဆောက်အအုံ ရှေ့မှာ ရပ်ပြီး အဆောက်အအုံထဲ ဝင်လာခဲ့သည်။ အထဲတွင် မီးဖိုနား ဒိုင်းပြီး စကားပြောနေသော လူလေးငါးယောက်ကို တွေ့ရသည်။ ဟော်နန့်ကို မြင်တော့ သူတို့ စကားပြတ်သွားကြသည်။

"ကျွန်တော်ကို ခွင့်ပြုပါ ခင်ဗျာ၊ ကျွန်တော် မစ္စတာဟန်ဘာ့ဂ်မန်းနဲ့ တွေ့ချင်လို့ပါ"

"ဘယ်သူ"

"ဟန်ဘာ့ဂ်မန်း . . . တောင်တက်လမ်းပြ၊ သူ ဒီရွာမှာ နေတယ်"

မျက်နှာကြမ်းကြမ်းနှင့် အဘိုးကြီးတစ်ယောက်က မီးဖိုထဲ ပျစ်ခနဲ တံတွေးတစ်ချက် ထွေးလိုက်ပြီးနောက် . . .

"ခင်ဗျားကို တစ်ယောက်ယောက်က နောက်လိုက်ပြီ ထင်တယ်။ ကျွန်တော် ဒီရွာမှာ မွေးတာ။ ဟန်ဘာ့ဂ်မန်းဆိုတဲ့နာမည် တစ်ခါမှ မကြားဖူးပါဘူး"။

★ ↔ ★

# အခန်း (၃၂)

မစ္စကိတ်အားလမ်း သေဆုံးသွားပြီးနောက် အယ်လစ်ဇဘက်သည် တစ်ပတ်ခန့် ရုံးမတက်ဘဲ အိမ်ခန်းမှာပင် စိတ်ပြေလက်ပျောက် အနားယူနေခဲ့သည်။

ယနေ့မှ သူမ ရုံးတက်သည်။ အောက်ထပ် အဆောက်အအုံထဲ ဝင်လိုက်လျှင်ပင် သူမ၏စိတ်ထဲ မသိုးမသန့် ဖြစ်လာသလို ခံစားရသည်။ ကြောက်သလိုလို ခံစားရသည်။ တံခါးစောင့်နှင့် လုံခြုံရေး အမှုထမ်းများက သူမအား နှုတ်ဆက်သည်ကိုပင် စက်ရုပ်ပမာ စိတ်မပါ တပါနှင့်သာ ပြန်လည် နှုတ်ဆက်မိသည်။

အခန်းအစွန်တွင် အလုပ်သမားများက ဓာတ်လှေကားပျက်ကို ပြန်လည်တပ်ဆင်နေကြသည်။ သူမက မစ္စကိတ်အားလင်းကို သတိရလာသည်။ ၁၂ ထပ် အဆောက်အအုံပေါ်မှ ဓာတ်လှေကားဖြင့် မစ္စအားလင်း ပြုတ်ကျလာပုံကို မျက်စိထဲ မြင်ယောင်လာသည်။ ဒီဓာတ်လှေကားကိုတော့ ငါ တစ်သက်လုံး မစီးတော့ဘူးဟု စိတ်ထဲက ဆုံးဖြတ်လိုက်သည်။

သူမသည် ရုံးခန်းထဲ ဝင်လာသည်။ ဒုတိယရုံးအတွင်းရေးမှူး မစ္စဟင်နရီယက်က စာအိတ်များကို ဖောက်ဖွင့်ပြီး စားပွဲပေါ်တွင် သေသေသပ်သပ် တင်ထားသည်။

အယ်လစ်ဇဘက်က ယင်းစာရွက်စာတမ်းများကို ကမန်းကတန်း ဖတ်သည်။ လက်မှတ်ထိုးစရာရှိတာကို ထိုးသည်။ အချို့ကို ဆိုင်ရာဌာနမှူးများအတွက် မှတ်ချက်များ ရေးသည်။

စာရွက်ပုံကြီးအောက်တွင် ထူးခြားသော စာတစ်အိတ် တွေ့ရပါသည်။ စာအိတ်ကို ချိပ်ပိတ်ထားပြီး 'အယ်လစ်ဇဘက်ရိုဖေးသို့ . . . ကိုယ်ရေးကိုယ်တာ' ဟူ၍ ရေးသားထားသည်။

အယ်လစ်ဇဘက်က စာအိတ်ဖွင့်ဓားဖြင့် စာအိတ်ထိပ်ကို ဖွင့်လိုက်သည်။ စာအိတ်ထဲမှ ရုပ်လက်မ ဆယ်လက်မအရွယ် ဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ပုံ ထွက်လာသည်။ ယင်းဓာတ်ပုံမှာ ဦးခေါင်းကြီးကြီး မျက်လုံးပြူးပြူးနှင့် ကြောက်စရာကလေးငယ်တစ်ယောက်ကို အနီးကပ် ရိုက်ထားသောပုံ ဖြစ်သည်။ ပုံအောက်တွင် ကပ်ထားသော စက္ကူပြားတလေးပေါ်တွင် 'ဤဓာတ်ပုံသည် ကျွန်ုပ်၏သားငယ် 'ဂျွန်' ၏ပုံ ဖြစ်သည်။ သူသည် သင်တို့ကုမ္ပဏီဆေးကြောင့် ဤပုံအတိုင်း ဖြစ်ခဲ့ရသည်။ သင်တို့အားလုံးကို သတ်ပစ်မည်' ဟူ၍ ရေးသားထားသည်။

အယ်လစ်ဇဘက်က ဓာတ်ပုံကို လက်ထဲမှ ပစ်ချလိုက်သည်။ သူမ၏ လက်များ တုန်ယင်နေသည်။ မစ္စဟင်နရီယက်က တရွက် စာတမ်းတွေ တပွေ့တပိုက်နှင့် ဝင်လာသည်။

"ဒီမှာ . . . လက်မှတ်ထိုးစရာတွေ . . . မစ္စ"

မစ္စဟင်နရီယက်က အယ်လစ်ဇဘက်၏မျက်နှာ ပျက်နေသည်ကို သတိပြုမိသည်။

"ကျွန်မ ဘာလုပ်ပေးရမလဲ . . . မစ္စအယ်လစ်ဇဘက်"

"မစ္စတာဝီလျံကို ခေါ်လိုက်စမ်းပါ"

သူမ၏ မျက်လုံးများက စားပွဲပေါ်မှ ဓာတ်ပုံကို ပြန်ကြည့်မိရက်သား ဖြစ်သွားသည်။

သည်လိုကြောက်စရာကောင်းလှတဲ့ ဖြစ်မှုကြီးအတွက် ရိုဖေနှင့် သားများကုမ္ပဏီအနေဖြင့် ဘယ်နည်းနှင့်မျှ တာဝန်မယူနိုင်။

★

"ဒီပြဿနာအတွက် ငါတို့ တာဝန်မကင်းဘူး . . . လစ်ဇ်၊ ဒါ . . . ငါတို့ အမှား၊ သဘောတစ်စင်းတင် ဆေးပစ္စည်းတွေကို တံဆိပ်မှားကပ်လိုက်ကြတယ်၊ တို့က အဲဒီပစ္စည်းအားလုံး ပြန်သိမ်းဖို့ စီစဉ်ခဲ့တယ် ဒါပေမဲ့ . . ."

"ဒီလိုဖြစ်တာ ဘယ်လောက် ကြာပြီလဲ"

ရိုးစ်၏စကားမဆုံးခင် အယ်လစ်ဇဘက်က ဖြတ်မေးလိုက်သည်။

"လွန်ခဲ့တဲ့ လေးနှစ်လောက်ကတည်းက"



"ဒီလိုဖြစ်လို့ လူဘယ်နှစ်ယောက်လောက် ခံရပြီလဲ"

"တစ်ရာလောက် ရှိပြီ"

ရိုးစ်က အယ်လစ်ဇဘက် မျက်နှာပျက်သွားသည်ကို သတိပြုမိသည်။ သူက ခပ်မြန်မြန်ကလေး ဆက်ပြောသည်။

"အဲဒီလို ခံရတဲ့ လူတွေကို တို့က လျော်ကြေးပေးပါတယ်၊ တကယ်တော့ တို့က အစစအရာရာ သတိအများကြီးထားပြီး လုပ်ပါတယ်၊ ကြိုတင်ကာကွယ်မှုတွေ အတတ်နိုင်ဆုံး လုပ်ပါတယ်၊ ဒါပေမယ့် လူတွေဟာ လူသားတွေပဲ၊ တစ်ခါတလေတော့လည်း အမှားတွေ လုပ်မိကြမှာပဲ"

အယ်လစ်ဇဘက်က စားပွဲပေါ်မှ ဓာတ်ပုံကို ပြန်ကြည့်လိုက်သည်။

"အင်း . . . တော်တော်ကြောက်စရာကောင်းတဲ့ အဖြစ်ပဲ"

ရိုးစ်က သူ၏ထူထည်းသော ဆံပင်တွေကို လက်ဖြင့် ဖွနေသည်။

"အမှန်က ဒီစာကို အယ်လစ်ဇဘက်ကို မပြသင့်ဘူး၊ ခု အချိန်မှာ တို့မှာ ဒီထက်အရေးကြီးတဲ့ ပြဿနာတွေ ရှိနေသေးတယ်"

အယ်လစ်ဇဘက်က မျက်လုံးပြူးသွားသည်။

"ဘာတွေများပါလိမ့်"

"ဒီကုမ္ပဏီကတာဝန်ယူထုတ်တဲ့ အရေးကြီးဆေးဝါးမျိုး ဆေးကို 'စားသောက်ကုန်နှင့် ဆေးဝါးအဖွဲ့' က ကြော်ငြာခင်ကပဲ တားမြစ်လိုက်တယ်၊ ဒီအတိုင်းဆိုရင် ဒီဆေးတွေကို အနည်းဆုံး နှစ်နှစ်လောက်အထိ လုံးဝ မရောင်းရဘူးဆိုပြီး ပိတ်ထားဖို့ အလားအလာ ရှိနေတယ်"

"ဒီလိုဆိုရင် ကျွန်မတို့အနေနဲ့ ဘယ်လိုနစ်နာနိုင်သလဲ"

"အများကြီး နစ်နာနိုင်တယ်၊ နိုင်ငံခြားစက်ရုံ ဒါဇင်ဝက်လောက်ကို ပိတ်ပစ်ရမယ်၊ အမြတ်များတဲ့ ပစ္စည်းတစ်ခု ဆုံးရှုံးခံရမှာပဲ"

အယ်လစ်ဇဘက်က ဂျိုပလီနှင့် သူ လုပ်နေသော စီမံကိန်းကို သွား၍ သတိရမိသည်။ သို့သော် သူမက ဘာမှမပြော။

"ပြီးတော့ . . . ဘာတွေ ရှိသေးသလဲ"

"ဒီနေ့မနက် သတင်းစာတွေ ဖတ်ပြီးပလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . ."

"ဘယ်လဂျီယံနိုင်ငံက အစိုးရအဖွဲ့ဝင် ဝန်ကြီးကတော် တစ်ယောက်က ဘင်နီဇန်ဆေးကို ဝယ်သောက်တယ်"

"အဲဒါ ကျွန်မတို့ကုမ္ပဏီက ထုတ်တဲ့ ဆေးလား"

"ဟုတ်တယ်၊ သူက အဆိပ်အတောက်ဖြေဆေး တစ်မျိုးပေါ့ သွေးတိုးရှိတဲ့လူ လုံးဝ မသောက်ရဘူး၊ ဒါကို ပုလင်းပတ်မှာလည်း စာနဲ့ အထူးသတိပေးထားတယ်၊ အဲဒါကို ဝန်ကြီးကတော်က သတိမထားမိဘူး"

အယ်လစ်ဇဘက် တစ်ကိုယ်လုံး အကြောတွေ ဆိုင်းသွားသလို ထင်လိုက်ရသည်။

"ဒီတော့ သူ ဘယ်လိုဖြစ်သွားသလဲ"

"သတိ လုံးဝ မရသေးဘူး၊ သေချင်လည်း သေနိုင်တယ်၊ အဲဒီ ဆေးဟာ တို့ကုမ္ပဏီကထုတ်တဲ့ဆေးဆိုပြီး သတင်းစာမှာ ရေးထားတယ်၊ နိုင်ငံခြားက အမှာတွေ ပြန်ရုပ်သိမ်းတဲ့ စာတွေ တဖွဲဖွဲ ရောက်နေကြတယ်၊ စားသောက်ကုန်နှင့် ဆေးဝါးအဖွဲ့က စုံစမ်း စစ်ဆေးရေး လုပ်မယ်ဆိုပြီး အကြောင်းကြားတယ်၊ ဒီကိစ္စက အနည်းဆုံး တစ်နှစ်တော့ကြာမှာပဲ၊ ဒီကြားထဲ တို့က ဒီဆေးကို လုံးဝ အရောင်းရပ်ထားရမယ်"

"အဲဒီဆေးတွေအားလုံး ဈေးကွက်က ကျွန်မ ပြန်သိမ်းချင်တယ်"

"အဲဒီလိုလုပ်ဖို့ အကြောင်းမရှိပါဘူး၊ ဒီဆေးက အလွန်စွမ်း . ."

"ဒီဆေးကြောင့် အန္တရာယ်ဖြစ်တဲ့ တခြားလူတွေ ရှိသေးသလား"

"ဒီဆေးကြောင့် လူပေါင်း ထောင်သောင်းမက အကျိုးခံစားခဲ့ကြရပြီ၊ တို့ကုမ္ပဏီထုတ် ဆေးထဲမှာ အစွမ်းဆုံး ဆေးတစ်မျိုး . . ."

"ကျွန်မ မေးတာ မဖြေသေးဘူး"

"သိပ်မရှိပါဘူး၊ မဖြစ်စလောက်. . . ဟုတ်တယ်. . . နည်းနည်းပါးပါး. . .၊ ဒါပေမဲ့. . ."

"ဒီဆေးကို ဈေးကွက်က ကျွန်မ ပြန်သိမ်းချင်တယ်၊ ခု ချက်ချင်း ပြန်သိမ်းချင်တယ်"



ရီးစ်က ဒေါသကို မနည်းထိန်းထားရသည်။

"ကောင်းပြီ၊ ဒီလိုလုပ်ရင် ကုမ္ပဏီမှာ ဘယ်လောက်အထိ နစ်နာသွားမယ်ဆိုတာ သိချင်သေးသလား"

"မသိချင်ဘူး"

ရီးစ်က ခေါင်းညိတ်လိုက်သည်။

"ကဲ . . . ဒီတော့ သတင်းကောင်းတွေကိုတော့ မင်းကြားခဲ့ရပြီ၊ သတင်းဆိုးကတော့ ဘဏ်သူဌေးတွေက မင်းနဲ့ တွေ့ချင်သတဲ့၊ ခု ချက်ချင်း တွေ့ချင်တယ်တဲ့၊ သူတို့က သူတို့အကြွေး ပြန်တောင်းနေကြပြီ"

★

အယ်လစ်ဇဘက်သည် ရုံးခန်းထဲတွင် တစ်ယောက်တည်း ထိုင်နေသည်။ မျက်လုံးပြူး ခေါင်းကြီး ကလေးငယ်နှင့် မေ့မြောနေသော ဝန်ကြီးကတော်တို့အကြောင်းကို စဉ်းစားနေသည်။

တကယ်တော့ ဤဖြစ်ရပ်မျိုးကို မိမိတို့ကုမ္ပဏီတစ်ခုတည်းသာ ကြုံရသည် မဟုတ်။ အခြားဆေးကုမ္ပဏီတွေလည်း သည်အဖြစ်မျိုးနှင့် ကြုံရတတ်သည်ပင်။ သည်လိုအလားတူ ဖြစ်ရပ်တွေကို သတင်းစာထဲ မကြာခဏ ဖတ်နေရသည်။ သို့ပေမယ့် . . . ထိုစဉ်က အယ်လစ်ဇဘက်၏ စိတ်တွင် ထူးထူးခြားခြား ထိခိုက်မှု မရှိခဲ့။ ယခုမူ သူမအဖို့ စကားဖြင့် မဖော်ပြနိုင်လောက်အောင်အထိ စိတ်ထိခိုက်မိရသည်။

သည်ကိစ္စအတွက် သူမမှာ တာဝန်ရှိသည်ဟု ထင်မိသည်။ သူမက သက်ဆိုင်ရာ ဌာနအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်လိုက်သည်။ သူတို့နှင့် ညှိပြီး လိုအပ်သော ကာကွယ်မှုများ လုပ်နိုင်သလောက် လုပ်သွားရန် ဖြစ်သည်။

ဤဓာတ်ပုံသည် ကျွန်ုပ်၏သားငယ် 'ဂျွန်' ၏ပုံ ဖြစ်သည်။

ဘယ်လဂျီယံ ဝန်ကြီးကတော်တစ်ဦး သတိလုံးဝမရ ဖြစ်နေပြီ။ သေချင်လည်း သေနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘဏ်သူဌေးတွေက မင်းနဲ့ တွေ့ချင်သတဲ့။ ခုချက်ချင်း တွေ့ချင်သတဲ့၊ သူတို့အကြွေး ပြန်တောင်းနေကြပြီ။

အယ်လစ်ဇဘက်သည် အသက်ရှူရပ်သွားသလို ခံစားလိုက်ရသည်။ ငါ တတ်မှ တတ်နိုင်ပါ့မလား ဟူသော သံသယစိတ်လည်း ပထမဆုံးအကြိမ် ဖြစ်ပေါ်လာမိသည်။ တာဝန်ကြီးက လူနှင့်မမျှအောင် လေးလံလှသည်။ သူမခေါင်းပေါ်သို့ တာဝန်တွေ တစ်ခုပြီး တစ်ခု ပုံကျလာသည်။

ရုတ်တရက် ကိုယ်ကိုလှည့်ကာ နံရံပေါ်မှ အဘိုးကြီး ဆင်မြူရယ်၏ ပုံတူကားကို မော်ကြည့်လိုက်သည်။

အဘိုးကြီး၏မျက်နှာတွင် ယုံကြည်မှုအပြည့် ရှိနေသည်။ မဖြစ်နိုင်တာ ဘာမှ မရှိဟု ယုံကြည်ထားသော မျက်နှာမျိုးဖြစ်သည်။

သူမသည်လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိရမည်။ မျိုးဆက်အမွေကို ဆက်ခံရမည်။ သူမသည် ရိုဖေးမျိုးဆက်ဝင် တစ်ဦး ဖြစ်သည်။

ပုံတူကားချပ်ကြီး အနည်းငယ် ရွေ့နေသည်ကို အယ်လစ်ဇဘက် သတိပြုမိသည်။ မာတ်လေ့ကား ပြုတ်ကျတုန်းက နံရံတုန်ခါမှုကြောင့် ရွေ့သွားခြင်း ဖြစ်မည်။

သူမသည် ပန်းချီကားကို ပြန်တည့်ရန် ထိုင်ရမှ ထလိုက်သည်။ ပန်းချီကားကို အနေအထားမှန်အောင် ဟိုရွှေ့သည်ရွှေ့လုပ်ရာမှ ချိတ်ပြုတ်ပြီး ပန်းချီကားမှာ ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားတော့သည်။

အယ်လစ်ဇဘက်က ကြမ်းပြင်ပေါ်မှ ပန်းချီကားကို လုံးဝ မကြည့်မိ။ သူမသည် ပန်းချီကားချိတ်သော နံရံကြီးကိုသာ အကြောင်သား ငေးစိုက် ကြည့်နေမိသည်။

နံရံတွင် မြင်နေရသည်ကတော့ အသေးစား လျှို့ဝှက် အသံဖမ်းစက်ကလေး တစ်ခု. . .။

★



ညနေ ၄ နာရီ။

သိပ္ပံပညာရှင်ကလေး ဂျိုပလီသည် အလုပ်မဆင်းသေး။ ခုတစ်လော သူသည် ဓာတ်ခွဲခန်းတွင် နေဝင်မိုးချုပ်အထိ တကုတ်ကုတ် လုပ်နေတတ်သည်။

တကယ်တော့ သူလုပ်နေသောလုပ်ငန်း ဘယ်နေ့ဘယ်ရက် ပြီးရမည်ဟု အယ်လစ်ဇဘက်က အတိအကျ ရက်အကန့်အသတ်ပေးထားသည် မဟုတ်။ သို့ပေမယ့် ရိုဖေးနှင့်သားများကုမ္ပဏီအတွက် သူ့လုပ်ငန်း မည်မျှအရေးကြီးကြောင်းကို ဂျိုပလီက ကောင်းစွာသိသည်။ ထို့ကြောင့်လည်း တတ်နိုင်သမျှ မြန်မြန်ပြီးအောင် သူ့အနေဖြင့် အချိန်ပိုဆင်းပြီး ကြိုးစားနေခြင်း ဖြစ်သည်။ ကုမ္ပဏီနှင့်ပတ်သက်သော ကောလဟာလသတင်းဆိုးတွေကို သူ ကြားနေရသည်။ ထို့ကြောင့် သူက ကုမ္ပဏီကို ကာကွယ်ချင်သည်။

ကုမ္ပဏီသည် သူ့အပေါ်တွင် အလွန်ကောင်းသည်။ သူ့အားလခကိုလည်း ထိုက်ထိုက်တန်တန် ပေးသည်။ လွတ်လပ်မှုကိုလည်း ပေးသည်။ ပြီးတော့ သူက ကွယ်လွန်သူ မစ္စတာ ဆမ်ရိုဖေးကိုလည်း လေးစားသည်။ အယ်လစ်ဇဘက်ကိုလည်း လေးစားသည်။ ဂျိုပလီအနေဖြင့် သည်မျှ ရုံးဆင်းချိန်နောက်ကျခံပြီး ဓာတ်ခွဲခန်းထဲတွင် ကြိုးစားလုပ်ကိုင်နေခြင်းမှာ သူ့အကျိုးအတွက်ဟုဆိုလျှင် အားလုံးမမှန်နိုင်။ အယ်လစ်ဇဘက်အကျိုးအတွက် သူ၏ လက်ဆောင်ဟု ဆိုမှသာ အားလုံးမှန်မည် ဖြစ်သည်။

ဂျိုပလီသည် သူ့စားပွဲလေးတွင် ထိုင်ကာ နောက်ဆုံးစမ်းသပ်ချက်များကို စစ်ဆေးလျက်ရှိသည်။

အခြေအနေမှာ သူမျှော်လင့်သည်ထက် ပို၍ ကောင်းနေသည်။ သူသည် သူ့အလုပ်တွင်သာ ကသိုဏ်းရှုသလို အလွန်စူးစိုက်လျက်ရှိသည်။ တိရစ္ဆာန်များ၏ အညစ်အကြေးနံ့များ၊ မွန်းကျပ်နေသော အခန်း၏အခြေအနေနှင့် တဖြည်းဖြည်း ညဥ့်နက်လာခြင်းတို့ကို သူက လုံးဝ သတိမရ။

ထိုအချိန်တွင် အခန်းတံခါး ပွင့်သွားသည်။ ညစောင့် ဆက်နိုလန်

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသည်။ နိုလန်က ညစောင့်အလုပ်ကို မုန်းသည်။ ညစ်ပတ်နံစော်နေသော တိရစ္ဆာန်တွေနှင့် ရှူးကြောင်ကြောင် သိပ္ပံပညာရှင်တစ်ယောက်သာရှိသော သည်ဓာတ်ခွဲခန်း အဆောက်အအုံကို တစ်ညလုံး စောင့်နေရသည်မှာ ပျော်စရာကောင်းသော အလုပ်မဟုတ်ဟု သူက ယူဆသည်။

"ဘယ်လောက်ကြာဦးမှာလဲ. . . ဒေါက်တာ"

နိုလန်က ဒေါက်တာဂျိုပလီအား မေးလိုက်သည်။

ဂျိုပလီက မျက်နှာလှန်၍ ကြည့်လိုက်သည်။

"ဘာပြောတာလဲ"

"အို . . . ဒေါက်တာ အလုပ်လုပ်တာ ကြာဦးမှာလားလို့ မေးတာပါ။ ကြာဦးမယ်ဆိုယင် ကျွန်တော်က ဒေါက်တာစားဖို့ တစ်ခုခုသွားယူပေးမလို့ . . . ဆင်းဒဝစ်ဖြစ်ဖြစ် ဘာဖြစ်ဖြစ်ပေါ့။ ကျွန်တော် စားသောက်ဆိုင် ပြေးပြီး သွားယူလာခဲ့မယ်"

"ဒါဖြင့် ကော်ဖီပဲ လုပ်ပါ"

ပြီးတော့ ဒေါက်တာဂျိုပလီက စားပွဲပေါ်မှ ဇယားများကို ပြန်လည် ကြည့်ရှုနေသည်။

"အပြင်ဘက်က တံခါးကို သော့ခတ်ခဲ့မယ်. . . ဒေါက်တာ ပြီးတော့ ကျွန်တော် ပြန်လာခဲ့မယ်"

ဒေါက်တာဂျိုပလီက နိုလန်၏စကားကို ကြားပင်မကြား။

နောက်ဆယ်မိနစ်ခန့်အကြာတွင် ဓာတ်ခွဲခန်းတံခါး ပွင့်လာပြီး အသံတစ်သံ ပေါ်ထွက်လာသည်။

"မိုးချုပ်လှချည်လား. . . အီမီလ်"

ဒေါက်တာအီမီလ်ဂျိုပလီက မျက်နှာမော်ကြည့်လိုက်သည်။ သူ အံ့အားသင့်နေသည်။ ရုတ်တရက် ထိုင်ရာမှ ထရပ်လိုက်သည်။

"ဟုတ်ကဲ့. . . ခင်ဗျာ"

ဂျိုပလီက လေးလေးစားစားပင် ပြန်ပြောလိုက်သည်။ ဤပုဂ္ဂိုလ်ကြီး သူ့အခန်းထဲသို့ မမျှော်လင့်ဘဲ အချိန်မတော် ဝင်ရောက်လာခြင်းအတွက်လည်း ဂျိုပလီက သူ့ကိုယ်သူ ဂုဏ်ယူမိသည်။



"နုပျိုဆေး . . အသက်ရှည်ဆေးစီမံကိန်း ထိပ်တန်းလျှို့ဝှက် ဟုတ်စ"

ဂျိုပလီက နှုတ်ထိန်းနေသည်။ ဤစီမံကိန်းကို မည်သူမျှ မသိစေရန် မစ္စရိုဖေးအယ်လစ်ဇဘက်က သူ့ကို ပြောထားသည်။ သို့ပါလျက် ယခုသည်ပုဂ္ဂိုလ်ကြီးက ဘယ်လိုလုပ်ပြီး သည်အကြောင်း သိနေရတာလဲ။ တကယ်တော့ ဤပုဂ္ဂိုလ်ကြီးမှာ သူ့အား ဤကုမ္ပဏီသို့ ခေါ်လာခဲ့သူ ဖြစ်သည်။

ထို့ကြောင့် ဂျိုပလီက ပြုံးပြီး ပြောလိုက်သည်။

"ဟုတ်ကဲ့ ခင်ဗျား . . . ထိပ်တန်း လျှို့ဝှက်ပါ"

"ကောင်းတယ် . . . ဆက်ထိန်းထားပါ၊ ဘယ်သူ့မှ မပြောနဲ့၊ ဒါနဲ့ အခြေအနေ ဘယ်လိုရှိသလဲ"

"အံ့ဩစရာပဲ ခင်ဗျာ"

ထိုပုဂ္ဂိုလ်သည် ယုန်လှောင်အိမ်တစ်ခုအနီးသို့ လျှောက်လာခဲ့သည်။ ဂျိုပလီက နောက်မှ လိုက်လာသည်။

"ကျွန်တော် ရှင်းပြစရာများ လိုပါသလား ခင်ဗျာ"

"မလိုပါဘူး အီမီလ်၊ ကျုပ်လည်း ဒီလုပ်ငန်းနဲ့ တော်တော် ရင်းနှီးနေတာပဲ"

ထိုပုဂ္ဂိုလ်က ပြန်အလှည့်တွင် တိရစ္ဆာန်အစာခွက်တစ်ခုကို တိုက်မိပြီး အစာခွက်မှာ ကြမ်းပြင်ပေါ်သို့ ကျသွားသည်။

"အို. . . . ဆောရီး"

"နေပါစေခင်ဗျာ . . . ကျွန်တော် ကောက်လိုက်ပါ့မယ်"

ဂျိုပလီက ခွက်ကို ကောက်ယူရန် ခါးကုန်းလိုက်စဉ်တွင် သူ့ခေါင်းနောက်ပိုင်းမှ ပွင့်ထွက်သွားသလို ထင်လိုက်ရပြီး ကြမ်းပြင်တစ်ခုလုံး ထောင်တက်သွားသည်ကိုသာ နောက်ဆုံး မှတ်မိလိုက်တော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com



အဆက်မပြတ် မြည်နေသော တယ်လီဖုန်းသံကြောင့် အယ်လစ်ဇဘက် အိပ်ရာမှ နိုးလာသည်။ သူမက ခုတင်ပေါ်တွင် ထ ထိုင်လိုက်သည်။ မျက်လုံးတွေက အိပ်ချင်မူးတူးဖြင့် လေးလံနေသည်။ အိပ်ရာဘေး စားပွဲပေါ်မှ နာရီကို ကြည့်လိုက်သည်။ နံနက် ၅ နာရီ။

သူမက တုန်ယင်နေသောလက်ဖြင့် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

အသက်ရှူ မမှန်သော အသံတစ်သံ ပေါ်လာသည်။

"မစ္စရိုဖေးပါလား . . . အခုပြောနေတာ စက်ရုံလုံခြုံရေး ညစောင့်ပါ။ ဓာတ်ခွဲခန်းတစ်ခု ရုတ်တရက် ပေါက်ကွဲပြီး လုံးဝ ပျက်စီးသွားပါတယ်"

အယ်လစ်ဇဘက်က မျက်လုံးတွေ ကျယ်သွားပြီး . . .

"လူ အထိအခိုက် ရှိသေးလား"

"ဟုတ်ကဲ့ . . . ခင်ဗျာ၊ သိပ္ပံပညာရှင်တစ်ယောက် မီးလောင်ပြီး သေဆုံးသွားပါတယ်"

ညစောင့်က နာမည်ကိုပင် **မပြောခဲ့သော်လည်း** တယ်လီဖုန်း ပြန်ချသွားသည်။

★ ↔ ★

## အခန်း ( ၃၃ )

အမှုလိုက်ရဲ မက်စ်ဟော်နန်သည် ထောက်လှမ်းရေးဌာန ရုံးခန်းတွင် ထိုင်ကာ အကြံထုတ်လျက်ရှိသည်။ ရုံးခန်းတစ်ခုလုံးတွင် လက်နှိပ်စက်သံများ၊ တစ်ယောက်တစ်ပေါက် ငြင်းခုံသံများနှင့် တယ်လီဖုန်းခေါ်သံများဖြင့် ညံစီနေသည်။

သို့သော် ဟော်နန်က ယင်းတို့ကို လုံးဝ မကြား။ လုံးဝ သတိမထား။ သူသည် ကွန်ပျူတာစက်လို အစွမ်းထက်သော သူ၏ဦးနှောက်ဉာဏ်ဖြင့် တစ်ခုတည်းသော အကြောင်းတရားကိုသာ အာရုံစိုက်လျက်ရှိသည်။ သူ စဉ်းစားနေသည်မှာ ရိုဖေးနှင့်သားများကုမ္ပဏီ ပင်ရင်းဉာဉ်စာတမ်းအကြောင်း ဖြစ်သည်။

ယင်းစာတမ်းတွင် ကုမ္ပဏီကို အယ်လစ်ဇဘက်အဘိုး အဘိုးကြီး ဆင်မြူရယ်က စတင် တည်ထောင်ခဲ့ကြောင်း၊ အစုရှယ်ယာများကို မိသားစုမှတစ်ပါး အခြားသူစိမ်းတစ်ရံဆံ ပြင်ပပုဂ္ဂိုလ်များအား လုံးဝပါဝင်ခွင့် မပြုကြောင်း စသည်တို့ကို အသေးစိတ် ဖော်ပြထားသည်။ စိတ်ကူးကောင်းသလောက် အန္တရာယ်များတဲ့စနစ်ပဲဟု၍ ဟော်နန်က တွေးမိသည်။

တစ်ဆက်တည်းတွင် သူက ၁၇ ရာစုအတွင်းက ကျင့်သုံးခဲ့သော အီတာလျံ အသက်အာမခံစနစ်တစ်ခုကို သွား၍သတိရမိသည်။ ထိုစနစ်ကို ၁၆၉၅ ခုနှစ်တွင် အီတာလျံဘဏ်သူဌေးကြီး လိုရင်ဇိုတွန်တီက တီထွင်ခဲ့သည်။ ထိုစနစ်အရ အစုရှယ်ယာဝင်တိုင်း အစုရှယ်ယာကို အညီအမျှ ထည့်ဝင်ကြရသည်။ ကွယ်လွန်သွားသူ၏ အစုရှယ်ယာကို ကျန်ရစ်သူများက ဆက်ခံရသည်။

ဤစနစ်၏ ဆိုးကျိုးမှာ တစ်ဦးကိုတစ်ဦး မြန်မြန်သေစေလိုသော စိတ်ထားကို ဆွပေးခြင်းပင် ဖြစ်သည်။ ယခု ရိုဖေးနှင့်သားများကုမ္ပဏီမှာလည်း သည်အတိုင်း ဖြစ်နေပြီ။

သန်းနှင့်ချီနေသော အစုရှယ်ယာများကို သူ့ထက်ငါ ငမ်းငမ်း

www.burmeseclassic.com

www.burmeseclassic.com



တက် အမွေဆက်ခံလိုသည့်စိတ်ကို ဘယ်သူ တားနိုင်ပါမည်နည်း။ ထို့ပြင် ထိန်းချုပ်ရှယ်ယာပိုင် ပုဂ္ဂိုလ်က သဘောမတူလျှင် ဘယ်သူမှ မိမိ၏ အစုရှယ်ယာကို မရောင်းရဟူ၍ကော တား၍ရနိုင်ပါမည်လော။ ရနိုင်သည် ထားဦး . . . သည်စနစ်ကို ကျော်နိုင်သူကတော့ တစ်ရာနှင့် နှုန်းပင် ရှိမည် မဟုတ်။

ယခုလည်း မစ္စတာဆမ်ရိုဖေးက ထိန်းချုပ်ရှယ်ယာကို ပိုင်ထားသည်။ သူက ဘယ်သူ့ကိုမျှ အစုရှယ်ယာ ပြန်ရောင်းခွင့် မပြု။ ဤအချက်ကို အမှုလိုက်ရဲ ဟော်နန်က ကောင်းစွာ သိသည်။

ယခု မစ္စတာရိုဖေး ကွယ်လွန်သွားခဲ့ပြီ။ သူ့သမီး အယ်လစ်ဘက် ရိုဖေးက သူ့ဖခင်နေရာကို ဆက်ခံသည်။ သမီးကလည်း ဖခင်ဝါဒအတိုင်းပင် ဘယ်သူ့ကိုမျှ ရှယ်ယာပြန်ရောင်းခွင့် မပြု။ သူမသည် ယခုအချိန်အထိ သေဘေးနှင့် နှစ်ကြိမ် ကြုံခဲ့ရပြီ။ အခြားအနှောင့်အယှက် အဖျက်အဆီးတွေလည်း နေ့တိုင်းလိုလို တစ်ခုပြီးတစ်ခု ပေါ်ပေါက်နေပြီ။

ဟော်နန်က ယင်းဖြစ်ရပ်တွေကို မတော်တဆဖြစ်ရပ်တွေဟု မယုံကြည်။ လုပ်ကြံမှုများပင် ဖြစ်ရမည်ဟုသာ ယုံကြည်သည်။

ဟော်နန်သည် ရဲမှူးရှုမစ်၏ အခန်းထဲ ဝင်လာခဲ့သည်။

ရဲမှူးက ဆမ်ရိုဖေး တောင်တက်ရင်း လိမ့်ကျသေဆုံးသွားရုံနှင့် ပတ်သက်၍ ဟော်နန်၏အစီရင်ခံချက်ကို နားထောင်ပြီးနောက် . . .

"ဒီတော့ ဒီအမှုမှာ လမ်းပြနာမည်နဲ့ ပတ်သက်လို့ မရှင်းမလင်း ဖြစ်နေတယ် ဆိုပါတော့၊ ဒါပေမဲ့ . . . ဒီတစ်ချက်တည်းနဲ့ လူသတ်မှုလို့ ပြောလို့ မရသေးဘူး ဟော်နန်"

"ဒီနောက်မှာ အများကြီး ရှိသေးတယ်လို့ ကျွန်တော် ယူဆတယ် ဆရာ၊ ဘာဖြစ်လို့လဲတော့ ရိုဖေးနှင့်သားများကုမ္ပဏီမှာ အတွင်းရေး ပြဿနာတွေနဲ့ ရှုပ်ထွေးနေပါတယ်၊ ဒီတော့ ဆမ်ရိုဖေးကို ရှင်းလိုက်ရင် ဒီပြဿနာတွေအားလုံး ပြေလည်သွားမယ်လို့ တစ်ယောက်ယောက်က တွေးချင် တွေးနိုင်ပါတယ်"

ရဲမှူးက ကိုယ်ကို နောက်သို့မှီ၍ ပြင်ထိုင်ပြီး ဟော်နန်၏မျက်နှာကို စိုက်ကြည့်နေသည်။ ဟော်နန်၏ တင်ပြချက်ကို သူက လက်မခံချင်။ သို့သော် သည်အမှုနှင့်ပတ်သက်၍ ဟော်နန်က လက်တွေ့ ကွင်းဆင်းပြီး လေ့လာခဲ့ခြင်းအတွက်တော့ သူက ဝမ်းသာမိသည်။

ဤအချက်သည် ရဲအဖွဲ့အတွက် ဂုဏ်တက်စရာ ဖြစ်သည်။ ပြီးတော့လည်း ရဲမှူးက ဟော်နန်အား ရိုဖေးမိသားစုနှင့် ဝေးနိုင်သမျှ ဝေးဝေးနေစေချင်သည်။ ရိုဖေးမိသားစုဝင်များအား စစ်လားဆေးလား လုပ်လျှင် မီးခဲကိုင်မိသလို အားလုံး ဒုက္ခတွေ့သွားနိုင်သည်။ ချက်ချင်း အလုပ် ပြုတ်သွားနိုင်သည်။ နောက်ဆုံးတွင် ရဲမှူးက ပြောသည်။

"ဒီအမှုကတော့ မင်းအမှုပဲ၊ အချိန်ယူပြီးသာ ကြိုးစားပေတော့"

ဟော်နန်က ဝမ်းသာစွာဖြင့် ပြန်ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဆရာ"

★

ဟော်နန်သည် ဧကြီလမ်းအတိုင်း သူ့အခန်းသို့ ပြန်လျှောက်လာစဉ် မှုခင်းဆိုင်ရာ ဆရာဝန်နှင့် တွေ့ဆုံမိသည်။

"အတော်ပဲ . . . ဟော်နန် . . . ခင်ဗျားမှတ်ဉာဏ်ကလေး ကျွန်တော့်ကို တစ်မိနစ်လောက် ငှားစမ်းပါ"

"ဟာ . . . မလုပ်ပါနဲ့ ဆရာရယ်"

"အကောင်း ပြောတာပါ၊ မြစ်ကြောင်းကင်းလှည့်အဖွဲ့က မြစ်ထဲမှာ မိန်းကလေးအလောင်းတစ်ခု တွေ့ရတယ်၊ အဲဒါ မောင်ရင် ခဏ လိုက်ကြည့်စေချင်တယ် . . ."

"ကြည့်တာပေါ့ ဆရာ"

အမှန်က ဤသည်မှာ ဟော်နန်၏တာဝန် မဟုတ်။ သူနှင့် တိုက်ရိုက် သက်ဆိုင်သော တာဝန်လည်း မဟုတ်။ သို့သော် သူက ဤသို့သော စေတနာ့ဝန်ထမ်းအလုပ်မျိုးကို သူ့တာဝန်ဟုပင် သဘောထားသည်။

မိန်းကလေး၏အလောင်းကို ရေခဲတိုက် အလောင်းစင်ပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



တင်ထားသည်။ ရွှေရောင်ဆံပင်နှင့် အသက် ၂၀ ဝန်းကျင်အရွယ် ဖြစ်သည်။ သူမကိုယ်ပေါ်တွင် အဝတ် မရှိ။ တစ်ကိုယ်လုံး ဖူးရောင်ပုပ်ပွနေပြီ။ သူမ၏လည်ပင်းတွင် ဖဲကြိုးအနီစကို စည်းထားသည်။

"မသေခင် မုဒိမ်းကျင့်ခံရပုံလက္ခဏာ ရှိတယ်၊ ပြီးတော့မှ သတ်ပြီး ရေထဲ မျှောလိုက်တာ ဖြစ်မယ်၊ သူ့အဆုတ်ထဲမှာ ရေမတွေ့ဘူး။ သူ့လက်ဗွေကိုလည်း ယူလို့မရဘူး၊ မောင်ရင် သူ့ကို မြင်ဖူးသလား"

ဟော်နန်က ဘာမှ ပြန်မပြောဘဲ မိန်းကလေး၏ မျက်နှာကိုသာ စေ့စေ့စပ်စပ် ကြည့်နေသည်။ ပြီးတော့မှ . . .

"မမြင်ဖူးဘူး"

ထို့နောက်တွင်တော့ ဟော်နန်သည် လေဆိပ်သို့သွားရန် ဘတ်စ်ကားရှိရာသို့ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

★ ↔ ★



## အခန်း ( ၃၄ )

အမ္ဗလိုက်ရဲ ဟော်နန်သည် ဆာဒင်နီးယားကျွန်း၊ ကိုစတာဆမာရယ် လဒါလေဆိပ်တွင် ဆင်းသည်။ ဈေးအသက်သာဆုံးဖြစ်သည့် ဖီယက် ၅၀၀ အမျိုးအစားတက္ကစီကို ငှားပြီး အော်လဘီးယား မြို့တွင်းသို့ မောင်းနှင်လာခဲ့သည်။ အော်လဘီးယားမြို့မှာ စက်မှုလက်မှုမြို့ ဖြစ်သည်။ မြို့ပြင်တွင် စက်ရုံအလုပ်ရုံတွေနှင့် ပြည့်နှက်နေသည်။ တားဟောင်းကားပျက်များ စုပုံ ပြန့်ကြဲနေကြသည်။

မြို့လယ်ရောက်တော့ ဟော်နန်က အော်လဘီးယားရဲမင်းကြီးရုံး ရှေ့တွင် ကားကို ရပ်သည်။

အဝင်ဝစားပွဲတွင် ထိုင်နေသော မှူးခင်းလက်ခံ ရဲကြပ်ကြီးအား ဝရမ်းစာရွက်ကို ထုတ်ပြလိုက်သည်။ မကြာမီတွင်ပင် သူ့အား ရဲမှူး အခန်းထဲ ခေါ်ဆောင်သွားသည်။

ရဲမှူး လူဂီဖာရာရိုက မတ်တတ်ရပ်၍ ပြုံးရွှင်စွာ ကြိုဆို နှုတ်ဆက်သည်။ သို့သော် ချက်ချင်းပင် သူ့မျက်နှာပေါ်မှ အပြုံးပျောက်သွားသည်။

ဟော်နန်မှာ အမ္ဗလိုက်ရဲနှင့် တစ်စက်ကလေးမျှ မတူသောကြောင့် ဖြစ်သည်။

"သက်သေခံလက်မှတ် ကြည့်ပါရစေ"

"ဟုတ်ကဲ့ . . . ရပါတယ်"

ဟော်နန်က ဝရမ်းစာရွက် ထုတ်ပေးလိုက်သည်။ ရဲမှူးဖာရာရိုက ဟိုဘက်သည်ဘက် လှန်ကြည့်ပြီး ပြန်ပေးသည်။ ရဲမှူး၏စိတ်ထဲတွင် ဆွစ်ဇာလန်နိုင်ငံမှာ အမ္ဗလိုက်ရဲတွေ တော်တော်ရှားပုံရတယ်ဟု၍ တွေးလိုက်မိသည်။

"ကိုင်း . . . ဆိုပါဦး . . . ဘာလုပ်ပေးရမလဲ"

ဟော်နန်က အီတာလျံစကားဖြင့် စတင် ရှင်းပြသည်။ သို့သော် ရဲမှူးက လုံးဝ နားမလည်။ ဘာစကားပြောနေမှန်းပင် မသိ။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးတော့ ရဲမှူးက လက်ကာပြရင်း . . .

"ဒါနဲ့ . . . ရဲဘော် . . . အင်္ဂလိပ်စကား ပြောတတ်သလား"

"တတ်ပါတယ် ဆရာ"

"ဒီလိုဆိုယင် . . . တောင်းပန်ပါတယ်၊ အင်္ဂလိပ်လိုပဲ ပြောကြတာပေါ့"

ဟော်နန်က သူ့လာရင်းကိစ္စကို ရှင်းပြသည်။ သူ့စကားဆုံးတော့ ရဲမှူးက ပြောသည်။

"ကိုယ့်လူ မှားနေပြီ၊ အလကား အချိန်ဖြုန်းမနေပါနဲ့၊ ကျုပ်တို့ စက်ပြင်ဆရာတွေက ဂျစ်အားကို သေသေချာချာ စစ်ပြီးပါပြီ၊ လုပ်ကြံမှု မဟုတ်ဘူး၊ မတော်တဆ ကားမှောက်မှုပဲဆိုတာ လူတိုင်းက သဘောတူတယ်"

ဟော်နန်က ခေါင်းညိတ်လိုက်ပြီး . . .

"ဒါပေမဲ့ . . ကျွန်တော်ကိုယ်တိုင် ကြည့်ချင်ပါသေးတယ်"

"ကြည့်ချင်ရင် ရပါတယ်၊ အဲဒီကား အခု ပြည်သူ့ကားရုံထဲမှာ ရှိတယ်၊ လေလံတင်ရောင်းဖို့ လုပ်ထားတယ်၊ ကျုပ် ရဲဘော်တစ်ယောက် ထည့်ပေးလိုက်မယ်၊ အဲဒီ သွားကြည့်ပေါ့၊ ကားမှောက်တဲ့နေရာကော ကြည့်ချင်သေးသလား"

"ဘာလုပ်ဖို့လဲ"

ဟော်နန်က ပြတ်ပြတ်ပင် ငြင်းလိုက်သည်။

ထို့နောက်တော့ သူ့အား ဖော်လဘီးယားရဲအဖွဲ့မှ အမှုလိုက်ရဲ့ အရွနိုကမ်ပက်နာက ကားရုံသို့ လိုက်ပို့သည်။

"ကားကို ကျွန်တော်တို့ စစ်ဆေးပြီးပါပြီ၊ မတော်တဆ မှောက်တာ သေချာပါတယ်"

ရဲဘော်ကမ်ပက်နာက သူ့ထင်မြင်ချက်ကို တင်ပြသည်။

"မဟုတ်ပါဘူး"

ဟော်နန်က လုံးဝ လက်မခံ။

ဂျစ်ကားကို ကားရုံထောင့်တွင် တွေ့ရသည်။

ရှေ့ပိုင်းကို ပြင်ထားပြီး အစိမ်းရောင်ဆေးမှုတ်ထားပြီး ဖြစ်သည်။



"ကျွန်တော် ဒီကားကို ပြန်ပြင်ဖို့ အချိန်မရသေးဘူး"

စက်ပြင်ဆရာက ပြောသည်။

ဟော်နန်က ဂျစ်ကားဘေးမှ လှည့်ပတ်လျှောက်ကြည့်သည်။

"ဘရိတ်ကို ဘယ်လို ဖျက်ထားသလဲ"

"အား . . . လာပြန်ပြီလား တစ်ယောက်"

စက်ပြင်ဆရာ၏အသံတွင် မကျေနပ်သံ ပါနေသည်။ ပြီးတော့ သူက ဆက်လက်၍ . . .

"ကျွန်တော် စက်ပြင်ဆရာ လုပ်စားလာတာ ၂၅ နှစ် ရှိပါပြီ မဆွတာ၊ ဒီကားကို ကျွန်တော်ကိုယ်တိုင် စစ်ဆေးကြည့်ပါတယ်၊ ဒီကားရဲ့ ဘရိတ်ကို နောက်ဆုံး လက်နဲ့ထိလိုက်တဲ့လူဆိုလို့ ကားကို စက်ရုံက မထုတ်ခင် ကိုင်လိုက်တဲ့ လူပဲ ဖြစ်မှာပဲ"

"ကားဘရိတ်ကို တစ်ယောက်ယောက်က ဖျက်ထားတယ်"

ဟော်နန်က ခပ်တည်တည်ဖြင့် ပြောလိုက်သည်။

"ဘယ်လိုလုပ် ဖျက်နိုင်မှာတဲ့လဲ"

"အဲဒါတော့ ကျုပ်လည်း မသိရသေးဘူး၊ ဒါပေမဲ့ . . . သိရအောင် ကျုပ် လုပ်ပါ့မယ်"

ဟော်နန်က ယုံကြည်မှုအပြည့်ဖြင့် ပြောလိုက်သည်။ ထို့နောက် ဂျစ်ကားကို တစ်ချက်စောင်းကြည့်လိုက်ပြီး ကားရုံထဲမှ ပြန်ထွက်လာခဲ့သည်။

★

"မင်း သူနဲ့ လိုက်သွားတော့ ဘာတွေ လုပ်ခဲ့သလဲ"

ရဲမှူး ဟာရာရိုက အမှုလိုက်ရဲ ကမ်ပက်နာကို မေးလိုက်သည်။

"ကျွန်တော် ဘာမှ မလုပ်ခဲ့ဘူး . . . ဆရာ၊ ကျွန်တော်က သူ့ကို ကားရုံထဲ ခေါ်သွားတယ်၊ သူက သူ့ကိုယ်သူ အရှုံးလုပ်ပြီး စက်ပြင်ဆရာနဲ့ စကားတစ်ခွန်းနှစ်ခွန်း ပြောတယ်၊ ပြီးတော့ မြို့ထဲ လျှောက်ကြည့်ဦးမယ်ဆိုပြီး ထွက်သွားတာပဲ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . အံ့စရာပါပဲကွာ"

★

ဟော်နန်သည် သောင်ပြင်တွင်ရပ်ရင်း မြစိမ်းရောင် တောက်နေသော တိုင်ရေနီယံပင်လယ်ပြင်ကို စိုက်ကြည့်နေသည်။ သူ့မျက်လုံးများက ဘာကိုမျှ မမြင်။ သူ့စိတ်သည် တစ်စုံတစ်ရာကို အာရုံ စူးစိုက်နေသည်။ သူသည် ရပြီးသမျှ သဲလွန်စကလေးများကို ဆက်စပ်ကြည့်နေသည်။ အဖြစ်က ဉာဏ်စမ်းအရုပ်ဆက်ကစားနည်းနှင့် တူနေသည်။ သူ့ဟာနှင့်သူ အဆင်သင့် အစပ်တည့်သွားလျှင် အားလုံး ချောချော ရှုရှု အဆင်ပြေသွားနိုင်သည်။ အစပ်မတည့်ဘဲ တစ်နေရာတွင် အံချော်သွားလျှင် ရှေ့ဆက် ဘာမှ လုပ်မရတော့။

တကယ်တော့ ဂျစ်ကားမှောက်မှုမှာ အသေးအဖွဲဖြစ်ရပ်တစ်ခု သာ ဖြစ်သည်။ သို့သော် ယခုမှုခင်းဉာဏ်စမ်းပြဿနာတွင် အရေး သော ဖြစ်ရပ်တစ်ခု ဖြစ်နေသည်။ ကားဘရိတ်ကို ကျွမ်းကျင်သော စက်ပြင်ဆရာတွေက အကြိမ်ကြိမ်အလီလီ စစ်ဆေးခဲ့ကြပြီ။ ဟော်နန် အနေဖြင့် သူတို့၏ ရိုးသားမှုနှင့် ကျွမ်းကျင်မှုကို လုံးဝ သံသယဖြစ်စရာ မရှိ။ ထို့ကြောင့် ကားဘရိတ်ကို ဘယ်သူမှ ဖျက်မထားဟူသောအချက် ကို သူက လက်ခံသည်။

ထို့ပြင် ကားမောင်းသူမှာ အခြားသူ မဟုတ်၊ အယ်လစ်ဇောတ် ကိုယ်တိုင် ဖြစ်နေသည်။ ထို့ကြောင့် ကားဘရိတ်ကို တစ်ယောက် ယောက်က ဖျက်ထားနိုင်သည်ဟူသော အချက်ကိုလည်း သူက လက်ခံ သည်။ စိတ်ချရသော စက်ပြင်ဆရာများက စစ်ဆေးကြည့်ရာတွင် ဖျက်ထားကြောင်း သက်သေပြသော အမှတ်လက္ခဏာများ လုံး မတွေ့ရ။

သို့သော် တစ်ယောက်ယောက်က ဖျက်ထားတာကတော့ သေချာသည်။ ထို့ကြောင့် ဟော်နန်မှာ သည်မျှ ဦးနှောက်ခြောက်ခံ စဉ်းစားခန်း ထုတ်နေရခြင်း ဖြစ်သည်။



သူ့ကို သူ့ထက် 'လျင်' သော လူတစ်ယောက်က ပညာစမ်းနေပြီ။ ထို့ကြောင့် သည်မှုခင်းမှာ ပို၍ စိတ်ဝင်စားစရာ ဖြစ်လာရသည်။

ဟော်နန်က သောင်ခုံပေါ် တက်သွားပြီး ကျောက်တုံးကြီး တစ်တုံးပေါ်တွင် ထိုင်သည်။ သူ့မျက်လုံးများကို စုံမှိတ်လိုက်သည်။ သူသည် သဲလွန်စအပိုင်းအစကလေးများကို ခွဲခြားကြည့်သည်။ ပြောင်းရွှေ့ကြည့်သည်။ ဆက်စပ်ကြည့်သည်။

မိနစ် ၂၀ လောက် ကြာတော့ အပိုင်းအစကလေးတစ်ခု သူ့ နေရာနှင့်သူ ချောခနဲ ဝင်သွားသည်။ ဟော်နန်၏မျက်လုံးတွေ ပွင့် သွားသည်။ ပြီးတော့ ဝမ်းမြောက်ဝမ်းသာဖြင့် အသံတိတ် ရေရွတ်လိုက် သည်။

ဟုတ်ပြီ . . . ဟန်ကျပြီ။ ဒီလူနဲ့ ငါ သွားတွေ့မယ်။

သည်နောက်တော့ သူ့အဖို့ လုပ်စရာအဆင့်နှစ်ဆင့် ပေါ်လာ သည်။ ပထမအလုပ်က အော်လဘီးယား မြို့ပြင်မှာ၊ ဒုတိယ အလုပ်က ချာမိုနီး တောင်ပေါ်မှာ။

သူသည် ညပိုင်းလေယာဉ်ဖြင့် ဍူးရစ်မြို့သို့ ပြန်လာခဲ့လေသည်။

★ ↔ ★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၃၅ )

"ဖြစ်ပျက်သွားတာက သိပ်ပြီး မြန်ဆန်လွန်းတယ် . . . မစ္စ ရှိဖေး၊ ကျွန်တော်တို့က ဘာမှလုပ်ဖို့ အချိန်မရလိုက်ပါဘူး၊ မီးသတ်စက် အလုပ်စမယ်လည်း လုပ်ရော တတ်ခွဲခန်းလည်း ပြာကျတုန်ပြီ"

ရှိဖေးနှင့်သားများကုမ္ပဏီမှ လုံခြုံရေးအဖွဲ့ခေါင်းဆောင်က အယ်လစ်ဇဘက်အား ရှင်းပြနေသည်။

သူတို့က ပြာပုံထဲတွင် မီးသွေးတုံးဖြစ်နေသော ဒေါက်တာ အီမီလ်ဂျိုပလီ၏ အလောင်းကို တွေ့ရသည်။ သူ၏ ဆေးနည်းဖော်မြူလာကို ပေါက်ကွဲမှုမတိုင်မီက လုံခြုံရာသို့ ရွှေ့ပြောင်း သိမ်းဆည်းထားခဲ့ မထားခဲ့ ဆိုသည်နှင့်ပတ်သက်၍ ဘာမျှ မသိရ။

"သုတေသနအဆောက်အအုံကို ၂၄ နာရီ လုံခြုံရေးအစောင့် ချထားတယ်၊ အဲဒါ ဟုတ်သလား"

"မှန်ပါတယ် . . . မဒမ်၊ ကျွန်တော်တို့က . . ."

"ရှင် လုံခြုံရေးဌာနမှာ လုပ်တာ ဘယ်လောက်ကြာပြီလဲ"

"ငါးနှစ်ပါ . . . ကျွန်တော် . . ."

"ရှင့်ကို အလုပ်ဖြုတ်လိုက်ပြီ"

သူက တစ်ခုခုကို ပြောရန် ဟန်ပြင်သေးသည်။ ပြီးတော့မှ စိတ်ပြောင်းသွားပြီး . . .

"ဟုတ်ကဲ့ . . . မဒမ်"

"ရှင့်ဌာနမှာ အမှုထမ်း ဘယ်လောက် ရှိသလဲ"

"ခြောက်ဆယ့်ငါးယောက်"

အင်း . . . လုံခြုံရေးဝန်ထမ်း ခြောက်ဆယ့်ငါးယောက်။ လူ ခြောက်ဆယ့်ငါးယောက်က ဂျိုပလီ တစ်ယောက်တည်းကိုတောင် မ ထိန်းနိုင်ခဲ့ကြဘူး။

"အဲဒီလူတွေ အားလုံးကို ၂၄ နာရီ နိုတစ်ပေးတယ်၊ အချိန် စေ့ရင် အားလုံး အလုပ်ထွက်သွားကြတော့"

www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးခေါင်းဆောင်က အယ်လစ်ဇဘက်မျက်နှာကို တစ်ချက်ကြည့်လိုက်သည်။

"မစ္စရိုဖေးလုပ်ရပ် တရားတယ်လို့ ထင်ပါသလား"

အယ်လစ်ဇဘက်က ဂျူပလီ၏မျက်နှာကို မြင်ယောင်လာသည်။ အနိုးခံရသော ဆေးနည်းဖော်မြူလာကို နှမြောမဆုံး ဖြစ်မိသည်။ သူမ၏ရုံးခန်းထဲတွင် လျှို့ဝှက်အသံဖမ်းစက် နိုးတပ်ထားသည်ကို တွေးမိသည်။

"ထွက်သွား. . ."

အယ်လစ်ဇဘက်က လုံခြုံရေးခေါင်းဆောင်ကို မောင်းထုတ်လိုက်သည်။

ထိုနေ့တစ်မနက်လုံး သူမ၏မျက်စိထဲတွင် ဂျူပလီ၏ မီးသွေးတုံး အလောင်းနှင့် မီးလောင်ထားသော တိရစ္ဆာန်များကိုသာ မြင်နေမိသည်။ ရင်းနှီးငွေ ကုဋေကုဋာချီ၍ မြုပ်နှံထားရသော ဆေးနည်းဖော်မြူလာ ဆုံးရှုံးမှုကို စဉ်းစားမိတိုင်း ရှုမတတ် ခံစားမိရသည်။ ယင်းဖော်မြူလာကို အပြိုင်ကုမ္ပဏီတစ်ခုက ရသွားနိုင်သည်။ သို့ဆိုလျှင် သူမအနေဖြင့် ဘာမှ မတတ်နိုင်တော့။

တကယ်တော့ စီးပွားရေးလောကဆိုသည်မှာ ကြောက်စရာကောင်းလှသော တောနက်ကြီးပါပဲ။ အားနည်းသူကို အားကြီးသူက သတ်စားနေကြတာပဲ။

ယခုဖြစ်ရပ်တွင် ပို၍ ရင်နာစရာကောင်းသည်မှာ ရန်သူက သတ်စားခြင်းပင် ဖြစ်သည်။

အယ်လစ်ဇဘက်က လုံခြုံရေးအတွက် ကြေးစားအစောင့်များကို ချက်ချင်း ငှားရမ်းခန့်ထားလိုက်သည်။ သူမအနေဖြင့် သူစိမ်းတွေနှင့် ဆက်ဆံရတာက ပို၍ပင် စိတ်ချရသလို ခံစားမိသည်။

သူမသည် ဘရပ်ဆဲမြို့မှ နိုင်ငံတကာဆေးရုံသို့ တယ်လီဖုန်းဆက်ပြီး ဝန်ကြီးကတော် မဒမ်ဖန်ဒင်လောက်၏ အခြေအနေကို စုံစမ်းကြည့်သည်။ ဝန်ကြီးကတော်မှာ ယခုတိုင် သတိမရသေး။ သေမည် ရှင်မည်ဆိုသည်ကိုလည်း လုံးဝ မပြောနိုင်သေးဟု စကားပြန်ရသည်။



အယ်လစ်ဇဘက်က ဂျူပလီအကြောင်း၊ ခေါင်းကြီး မျက်လုံးပြူး ကလေးငယ်အကြောင်းနှင့် မဒမ်ဗန်ဒင်လောက်တို့အကြောင်း စဉ်းစားနေတုန်း ရုံးခန်းထဲသို့ ရီးစ်ဝင်လာသည်။

ရီးစ်က အယ်လစ်ဇဘက်အား စူးစိုက်ကြည့်နေသည်။ သူမသည် အလွန်နွမ်းနယ်နေပုံ ရသည်။ သည်အတိုင်းဆို ဒီသူငယ်မ ကြံ့ကြံ့မှ ဆက်ခံနိုင်ပါ့မလားဟု ရီးစ်က တွေးလိုက်မိသည်။ သူက အယ်လစ်ဇဘက်၏လက်ကို ဆုပ်ကိုင်ပြီး ညင်ညင်သာသာ ပြောသည်။

"ငါ ဘာအကူအညီ ပေးရမလဲ . . . လစ်ဇ်"

အများကြီး ပေးရမှာပေါ့ဟု သူမက တွေးလိုက်သည်။ တကယ်တော့ ယခုအချိန်တွင် သူမအနေဖြင့် ရီးစ်၏အကူအညီကို အကြီးအကျယ် လိုအပ်နေသည်။ သူမသည် ရီးစ်၏ အားမာန်ကိုလည်း လိုအပ်သည်။ အကူအညီကိုလည်း လိုအပ်သည်။ မေတ္တာကိုလည်း လိုအပ်သည်။ သူတို့၏မျက်လုံးချင်း ဆုံသွားကြသည်။ သူမအခြေအနေမှာ ရီးစ်ရင်ခွင်ထဲ ပြေးဝင်ရန် အသင့်ရှိသော အခြေအနေ၊ ဖြစ်ပျက်ခဲ့သမျှ ဖြစ်နေသမျှတွေကို ဒလဟော ရင်ဖွင့်ပြောချလိုက်ချင်နေသော အခြေအနေမျိုးသို့ ရောက်နေပြီ ဖြစ်သည်။

"မဒမ်ဗန်ဒင်လောက်ကိစ္စ ဘာထူးသေးသလဲ"

ရီးစ်က မေးသည်။ သူမက ဘာမှ ပြန်မပြော။ အတန်ကြာတော့မှ. . .

"မထူးဘူး"

"ဝေါစထရီဂျာနယ် သတင်းနဲ့ပတ်သက်ပြီး တယ်လီဖုန်းများ ဆက်ကြသေးသလား"

"ဘာသတင်းလဲ"

"မဖတ်ရသေးဘူးလား"

"မဖတ်ရသေးဘူး"

ရီးစ်က သူ့ရုံးခန်းထဲမှ ဂျာနယ်ကို ယူခိုင်းလိုက်သည်။ ဂျာနယ်ဆောင်းပါးတွင် ရိုဖေးနှင့်သားများကုမ္ပဏီအနေဖြင့် လောလောဆယ် ကြုံနေရသော ပြဿနာများကို တန်းစီပြီး ဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကုမ္ပဏီသည် အတွေ့အကြုံရင့်ကျက်သော ဥက္ကဋ္ဌ တစ်ဦးကို အရေးတကြီး လိုအပ်နေပြီဟူသော အချက်ကို ပို၍ အလေး အနက်ထားပြီး ဖော်ပြထားသည်။ အယ်လစ်ဇဘက်က ဂျာနယ်ကို စားပွဲပေါ် ပစ်ချလိုက်သည်။

"ဒီအချက်ကြောင့် ဘယ်လောက်များ ထိခိုက်နိုင်မလဲ"

ရိုစ်က ပခုံးတစ်ချက် တွန့်လိုက်ပြီး . . .

"ထိခိုက်တာက ထိခိုက်ပြီးပြီပဲ၊ သူတို့က သတင်းကိုသာ ဖော်ပြနေတာ၊ တို့အဖို့ ဈေးကွက်တွေ တော်တော်များများ လက်လွှတ်ရတော့ မယ်၊ တို့အနေနဲ့ . . ."

ထိုအခိုက် ရုံးတွင်း တယ်လီဖုန်းလိုင်းမြည်သံ ပေါ်လာသည်။ အယ်လစ်ဇဘက်က ခလုတ်ကို နှိပ်လိုက်သည်။

"ဟုတ်ကဲ့. . ."

"တား ဂျူလီယက်ဘာရွတ်က အမှတ် (၂) လိုင်းက ဖုန်းခေါ် နေပါတယ် . . . မစ္စရိုဖေး၊ သူက အရေးကြီးတယ်လို့ ပြောပါတယ်"

အယ်လစ်ဇဘက်က ရိုစ်၏မျက်နှာကို မော်ကြည့်လိုက်သည်။ သူမသည် ဘဏ်သူဌေးများအား လုံးဝမတွေ့ဆုံဘဲ ရက်ရွှေ့နေခဲ့ ရသည်မှာ အချိန်အတော် ကြာသွားပြီ။

"သူနဲ့ ဆက်ပေးပါ"

သူမက တယ်လီဖုန်းအော်ပရေတာကို ပြောလိုက်သည်။ အမှတ် (၂) လိုင်းမှ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဂွတ်မောနင်း . . . ဟားဘာရွတ်"

"ဂွတ်မောနင်း" ဟားဘာရွတ်၏ အသံမှာ အသက်မပါသလို ခြောက်ကပ်ကပ်ကြီး ဖြစ်နေသည်။

"ဒီနေ့ညနေ အားမလား"

"ဟုတ်ကဲ့ . . . ကျွန်မ . . ."

"ကောင်းပြီ . . . လေးနာရီဆို ဖြစ်နိုင်ပါ့မလား"

အယ်လစ်ဇဘက်က ခဏ တွေးနေပြီးမှ . . .

"ဟုတ်ကဲ့. . . လေးနာရီ ဖြစ်ပါတယ်"



ထို့နောက် တစ်ဘက်ဖုန်းထဲမှ ဝိုးတိုးဝါးတားအသံများ ကြား ရသည်။ ဟားဘာရွတ်က လည်ချောင်းရှင်းနေခြင်း ဖြစ်သည်။

"မစ္စတာ ဂျိုပလီအကြောင်းကြားရတာ ကျွန်တော်အများကြီး စိတ်မကောင်း ဖြစ်မိပါတယ်"

ပေါက်ကွဲမှုအကြောင်း သတင်းစာများတွင် ဖော်ပြရာတွင် ဂျိုပလီ၏နာမည် လုံးဝမပါဘဲလျက် သူက ဘာကြောင့် သိနေရတာလဲ။

အယ်လစ်ဇဘက်က တယ်လီဖုန်းကို ဖြည်းဖြည်းချင်း ပြန်ချ လိုက်သည်။ ရိုစ်က သူမအား အကဲခတ်လေ့လာနေသည်ကို တွေ့ရ သည်။

ရိုစ်က ပြောသည်။

"ငါးမန်းတွေ သွေးနံ့ ရသွားပြီ"

★

တစ်နေ့လုံး တယ်လီဖုန်းခေါ်သံများ ပြတ်သည်ဟူ၍ မရှိ။

"အယ်လစ်ဇဘက်. . . ဒီနေ့မနက်သတင်းစာ ကြည့်ပြီးပြီလား"

ဆာအလက်ထ်မှ ဖုန်းဆက်ခြင်း ဖြစ်သည်။

"ဟုတ်ကဲ့ . . . ဖတ်ပြီးပါပြီ၊ 'ဝေါစထရိ ဂျာနယ်' က ပုံကြီး ချဲ့ထားတာပဲ"

ခဏမျှ ငြိမ်နေသည်။ ပြီးတော့မှ . . .

"ငါက 'ဝေါစထရိ ဂျာနယ်' အကြောင်း ပြောနေတာ မဟုတ် ဘူး၊ 'ဘဏ္ဍာရေး တိုင်းစ်' သတင်းစာ ဆောင်းပါးကို ပြောနေတာ၊ အဲဒီအထဲ ရိုဖေးနှင့်သားများကုမ္ပဏီအကြောင်း ခေါင်းကြီးဆောင်းပါး ပါလာတယ်၊ တော်တော် ဆိုးတာပဲ၊ ဒီမှာ ငါ့ဆီ တယ်လီဖုန်းခေါ်သံ တွေ မပြတ်အောင် ဖြစ်နေတယ်၊ တစ်ယောက်ပြီးတစ်ယောက် ကုန် ပစ္စည်းအမှာတွေကို ဖျက်သိမ်းနေကြတယ်၊ ငါတို့ ဘာဆက်လုပ်ကြ မလဲ"

"ကျွန်မ ပြန်ဆက်ပါမယ်. . . အလက်"

www.burmeseclassic.com



အိုင်ဗိုထံမှ ဖုန်းဝင်လာသဖြင့် ဆာအလက်နှင့် စကားဖြတ်လိုက်ရသည်။

"လစ်ဇ် . . . ဖြစ်လာတဲ့ အခြေအနေတွေကို ရင်ဆိုင်ဖို့ အသင့်ပြင်ထားပြီးပြီလို့ ငါ ထင်တယ်" ဟု အိုင်ဗိုက ဆိုသည်။

'ဟုတ်ကဲ့. . . ပြင်ထားပြီးပါပြီ' ဟု စိတ်ထဲက ပြောပြီး ပါးစပ်ကတော့ . . .

"ဘာကို ပြောတာလဲ"

"ပြီးခဲ့တဲ့ တစ်နာရီလောက်က အီတလီဘဏ်သူဌေးတစ်ယောက်ကို လာဘ်စားမှုနဲ့ ဖမ်းဆီးလိုက်တယ်"

အယ်လစ်ဇဘက်က သိချင်ဇောဖြင့် . . .

"ပြောပါဦး"

အိုင်ဗိုက လေသံပျော့သွားပြီး . . .

"ဒါ. . . တို့အပြစ် မဟုတ်ပါဘူး၊ သူကိုယ်တိုင်က လောဘကြီးတယ်၊ ပြီးတော့ နည်းနည်းပေါ့သွားတယ်၊ အီတလီနိုင်ငံ အငြိမ်ဘဏ်ကို ငွေခိုးထုတ်ဖို့ ကြံစည်မှုနဲ့ သူ့ကို ဖမ်းလိုက်တယ်၊ စစ်ဆေးကြည့်တော့ အဲဒီကိစ္စက တို့ကုမ္ပဏီပိုင်ငွေ ဖြစ်နေတယ်"

အယ်လစ်ဇဘက်သည် သူမ၏စိတ်ကို အစွမ်းကုန် ထိန်းထားသည့်ကြားမှပင် မယုံကြည်နိုင်စိတ်ကြောင့် ဖုံ့အားကြီးသင့်နေမိသည်။

သူမသည် ကိုယ်ကို ကုလားထိုင်နောက်သို့ မှီချလိုက်သည်။ သူမ၏ဦးခေါင်းသည် ပွင့်ထွက်တော့မတတ် ကိုက်ခဲလာသည်။

"အခု ဘယ်လိုအခြေနေ ရှိသလဲ"

"တို့ကုမ္ပဏီရှေ့နေတွေနဲ့ အမြန်ဆုံးတွေ့သင့်တယ်လို့ ငါ အကြံပေးချင်တယ်၊ ဘာမှ တွေးပူမနေနဲ့၊ အေးအေးဆေးဆေးနဲ့ ပြေလည်သွားမှာပါ"

စကားပြောနေရင်းတန်းလန်း ချားမာတယ်က ပါရီမှလှမ်းပြီး တယ်လီဖုန်းဆက်သည်။ တစ်ချိန်တည်းမှာပင် ဘာလင်မှ ဝေါလသာက ဆက်ပြန်သည်။ သူတို့နှစ်ယောက်စလုံးပေးသော သတင်းမှာ အတူတူပင် ဖြစ်သည်။ နှစ်မြို့စလုံးရှိ သတင်းစာတိုင်းတွင် ရိုဖေနှင့်



သားများကုမ္ပဏီ၏ သတင်းဆိုးများကိုသာ အလုအယက် ဖော်ပြနေကြသည်။ ကုမ္ပဏီ၏ဂုဏ်သိက္ခာကို အမြန်ဆုံး ရောင်းပစ်သင့်ကြောင်း ချားမာတယ်နှင့် ဝေါလသာတို့ နှစ်ဦးစလုံးကပင် အဆိုပြုကြသည်။

"ငါတို့ကုမ္ပဏီကို ဖောက်သည်တွေ အယုံအကြည် မရှိတော့ဘူး၊ ကုမ္ပဏီတစ်ခုဟာ ဖောက်သည်မယုံရင် ရေစုန်မျောပြီ"

ချားမာတယ်က သူ၏ခံယူချက်ကို တင်ပြသည်။

အယ်လစ်ဇဘက်သည် တယ်လီဖုန်းသတင်းပို့ချက်များ၊ ဘဏ်သူဌေးများ၊ သူမ၏ ဦးလေးတော်သူများနှင့် စာနယ်ဇင်းသတင်းများ အကြောင်းကို တွေးနေမိသည်။ အရာရာတိုင်းသည် အလွန်လျင်မြန်သောအရှိန်ဖြင့် ဖြစ်ပေါ်ပြောင်းလဲနေကြသည်။ သည်လိုဖြစ်အောင်လည်း မမြင်ရသော တစ်စုံတစ်ယောက်က ဆင်ကြံ ကြံကာ အမိန့်ပေးလုပ်ကိုင်နေသည်။ သူ့ကို အမြန်ဆုံး ဖော်ထုတ်နိုင်မှ ဖြစ်တော့မည်။

★

အယ်လစ်ဇဘက်သည် သူမ၏ ကိုယ်ရေးကိုယ်တာ တယ်လီဖုန်းနံပါတ်မှတ်စုစာအုပ်ကို ဟိုလှန်သည်လှန် လိုက်ရှာသည်။ သူမသည် နာမည်တစ်ခုနှင့် တယ်လီဖုန်းနံပါတ်ကို ရှာဖွေနေခြင်း ဖြစ်သည်။ လွယ်လွယ်ကူကူပင် တွေ့ရပါသည်။

သူမ ရှာနေသော နာမည်က 'မာရီယာ မာတင်နယ်လီ'

သူမ၏စိတ်သည် ဝေးလံသော အတိတ်ကာလသို့ ပြန်ရောက်သွားသည်။ ခြေတံရှည်ရှည်နှင့် အီတာလျံ မိန်းကလေးတစ်ယောက်ကို ပြန်လည်မြင်ယောင်လာသည်။ မာရီယာသည် ဆွစ်ဇာလန်နိုင်ငံတွင် ကျောင်းနေခဲ့စဉ်က အယ်လစ်ဇဘက်၏ အတန်းတူ ကျောင်းနေဖက်မကလေး ဖြစ်သည်။ သူတို့နှစ်ယောက်သည် ကျောင်းထွက်ပြီးနောက်စာအားဖြင့် ကြိုးကြားကြိုးကြား ဆက်သွယ်ခဲ့ကြသည်။ ယခုအခါ မာရီယာမှာ ကိုယ်ဟန်ပြမယ် လုပ်နေသည်။ သူမထံမှ နောက်ဆုံးပေးစာအရ သူမသည် မီလန်မြို့မှ အီတာလျံသတင်းစာ ထုတ်ဝေသူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှင့် စေ့စပ်ကြောင်းလမ်းထားသည်ဟု သိရသည်။

အယ်လစ်ဇဘက်သည် ၁၅ မိနစ်အတွင်း မာရီယာနှင့် တယ်လီဖုန်း အဆက်အသွယ် ရသည်။ သူငယ်ချင်းမနှစ်ယောက် ဝမ်းသာလှိုက်လှဲဖြင့် အလ္လာပသလ္လာပစကားတွေကို ဖောင်လောက်အောင် အတော်ကြာ ပြောနေကြသည်။ ပြီးတော့ အယ်လစ်ဇဘက်က မေးလိုက်သည်။

"ဒါနဲ့ . . . မင်းက အဲဒီသတင်းစာတိုက် ပိုင်ရှင်ကြီးနဲ့ ဘယ်တော့ လက်ထပ်မှာလဲ"

"အဲ . . မင်းကို ငါ 'ဘဲကြီး' နာမည်တောင် မပြောရသေးဘူး သူ့နာမည်က တိုနီတဲ့ကွ၊ အခု သူ့လက်ရှိမိန်းမနဲ့ ကွာရှင်းပြီးပြီးချင်း ငါတို့ လက်ထပ်မှာပဲ"

"ဒီမှာ . . . မာရီယာ . . . မင်း . . . ငါ့ကို တစ်ခု ကူညီပါလား . . . ကွယ်"

"ပြောလေ . . . ကူညီမှာပေါ့ကွ"

အယ်လစ်ဇဘက်က အကြောင်းစုံ ပြောပြလိုက်သည်။ မာရီယာက . . .

"မကြာခင် ငါ ပြန်ဆက်မယ်" ဟု ပြောပြီး ဖုန်းပြန်ချသွားသည်။

နောက်တစ်နာရီ မကြာမီတွင် မာရီယာထံမှ တယ်လီဖုန်း ပြန်ခေါ်သည်။

"မင်း . . . သိချင်တာ ငါ ရပြီကွ၊ အီတလီနိုင်ငံ ပြင်ပကို မှောင်ခိုငွေခိုးထုတ်မှုနဲ့ အဖမ်းခံရတဲ့ ဘဏ်သူဌေးက ထောင်ချောက်ဆင်ပြီး အဖမ်းခံရတာတဲ့၊ တိုနီပြောတာကတော့ လူတစ်ယောက်က နယ်စပ်ရဲကို လက်ထောက်ချလိုက်တာ ဆိုပဲ"

"အဲဒီလူနာမည် သိသလား"

"သိတယ်၊ သူ့နာမည်က အိုင်ဗိုပလာဇီ . . . တဲ့"

★



သည်ကြားထဲ အမှုလိုက်ရဲ မက်စ်ဟော်နန်သည် အရေးပါသော အချက်တစ်ချက်ကို ထောက်လှမ်း သိရှိခဲ့ရသည်။ ယင်းအချက်မှာ အခြားမဟုတ်။ ရှိဖေးနှင့်သားများကုမ္ပဏီပိုင် သုတေသနဓာတ်ခွဲရုံ ပေါက်ကွဲမှုမှာ ရိုးရိုး မတော်တဆပေါက်ကွဲခြင်းမျိုး မဟုတ်ဘဲ လုပ်ကြံမှုဖြစ်သည့်အပြင် ဖော်ကွဲခဲ့သော ဗုံးမှာလည်း စစ်တပ်မှတစ်ပါး အခြားသူများ လုံးဝ မရရှိနိုင်သော 'ရှိုင်လာ-အိကွစ်' ခေါ် အထူးလျှို့ဝှက်ဗုံး အမျိုးအစား ဖြစ်သည်ဟူသော အချက်ဖြစ်သည်။

မက်စ်ဟော်နန်အဖို့ မရှင်းသော အချက်တစ်ရပ်မှာ ယင်း 'ရှိုင်လာ-အိကွစ်' ဗုံးကို ရှိဖေးနှင့်သားများကုမ္ပဏီပိုင် စက်ရုံတစ်ခုမှ ထုတ်လုပ်ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် ဟော်နန်က ချက်ချင်း တယ်လီဖုန်းကောက်ဆက်သည်။ သူက စက်ရုံနာမည်ကို သိချင်သည်။ တစ်နေရာတည်းသို့ ဖုန်းဆက်လိုက်ရုံဖြင့် စက်ရုံနာမည်ကို သိရသည်။

ထိုစက်ရုံမှာ ပါရီမြို့ပြင်တွင် ရှိသည်။

★

ချိန်းထားသည့်အတိုင်းပင် ညနေလေးနာရီတိတိတွင် ဘဏ်သူဌေးကြီး အားဂျူလီယက်ဘရွတ်သည် အယ်လစ်ဇဘက်၏ရုံးခန်းသို့ ရောက်လာသည်။ သူသည် သူ့ကိုယ်ခန္ဓာကြီးကို ကုလားထိုင်တွင် လေးလေးလံလံ ပစ်ထိုင်ချလိုက်သည်။ သူက နိဒါန်းပင် မချီတော့ဘဲ လာရင်းကိစ္စကို ခရီးရောက်မဆိုက် ပြောတော့သည်။

"ကျုပ်တို့က မစ္စရှိဖေးကို ရေနစ်သူ ဝါးကူထိုးသလို မလုပ်ချင်ပါဘူး၊ အများကြီး ကိုယ်ချင်းစာမိပါတယ်၊ ဒါပေမဲ့ . . . ကျုပ်တို့မှာလည်း အစုရှယ်ယာဝင်တွေရဲ့ဆန္ဒကို ဦးစားပေး ဆောင်ရွက်ရမယ့် တာဝန်က ရှိနေတော့ . . ."

သည်ဘဏ်သူဌေးတွေက သူတို့ဘဏ်တွေကို ဖျက်သိမ်းမဖြစ်ခင် တို့ကုမ္ပဏီက အမှုထမ်းတွေရဲ့ သားမယားတွေကို မျှော်မတွေး၊

www.burmeseclassic.com

www.burmeseclassic.com



တေဆိုးကလေးတွေ ဖြစ်အောင် လုပ်ခဲ့ကြောင်း ဟားဘရွတ်က ပြောနေတာပဲဟူ၍ အယ်လစ်ဇဘက်က တွေးလိုက်မိသည်။ သို့သော် သည်တစ်ကြိမ်တွင်တော့ ဟားဘရွတ်ကို လုံးဝ အလျှော့မပေးတော့ဟူ၍ သူမက ဆုံးဖြတ်ချက် ချထားပြီး ဖြစ်သည်။

"ဒါကြောင့်မို့ ရိုဖေးနှင့်သားများကုမ္ပဏီမှာ ရမရာရှိတဲ့ အကြွေးတွေကို ချက်ချင်းပြန်တောင်းဖို့ ကျုပ်တို့ရဲ့ အုပ်ချုပ်ရေးအဖွဲ့က ကျုပ်ကို တာဝန်ပေးပါတယ်"

"ဒါနဲ့ . . . ကျွန်မကို ရက်ပေါင်း ၉၀ ပေးထားတယ်ဆို"

"ဝမ်းနည်းပါတယ် . . . မစ္စရိုဖေး၊ ကံမကောင်းချင်တော့ အခြေအနေတွေက မမျှော်လင့်ဘဲ ပြောင်းလဲသွားခဲ့ပါတယ်၊ ကျုပ်တို့ဘက်ကသာ ဒီလိုလုပ်ရတာ မဟုတ်ပါဘူး။ အခြားဘဏ်တွေကလည်း ဒီအတိုင်းပဲ ဆုံးဖြတ်ချက် ချထားပြီးပါပြီ၊ ဒီလိုပြောလို့ ကျုပ်ကို စိတ်မရှိပါနဲ့"

ယင်းသို့ ငွေချေးဘဏ်တွေက သူမအား အကူအညီ မပေးတော့ဘူးဆိုလျှင် ကုမ္ပဏီကို မိသားစုပိုင်အဖြစ် ဆက်ထိန်းထားရန် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်တော့။

"အခုလို အမင်္ဂလာသတင်းတွေ လာပြောမိတာ ကျုပ် အများကြီး စိတ်မချမ်းမသာ ဖြစ်မိပါတယ်. . မစ္စရိုဖေး၊ ဒါပေမဲ့. . . မပြောမဖြစ်တဲ့ အခြေအနေဖြစ်နေလို့ အခုလို နှစ်ယောက်ချင်း လာပြောရတာပါ"

"တကယ်တော့ . . . ရိုဖေးနှင့်သားများကုမ္ပဏီဟာ အခုချိန်အထိ အာမခံကုမ္ပဏီကြီးအဖြစ်နဲ့ မယိမ်းမယိုင်ရပ်တည်နေတုန်းပါပဲ၊ ဒီအချက်ကို ဟားဘရွတ် သိပြီးသားပါ"

ဟားဘရွတ်က ခေါင်းညိတ်ပြီး ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ်. . . တကယ့်အာမခံ ကုမ္ပဏီကြီးတစ်ခုပါ"

"ဒါနဲ့တောင်မှ ဟားဘရွတ်က ကျွန်မကို အချိန်ကလေး တိုးမပေးနိုင်ဘူး ဆိုတာ . . ."

ဟားဘရွတ်က အယ်လစ်ဇဘက်မျက်နှာကို အတန်ကြာ ကြည့်



နေသည်။ ပြီးတော့မှ. . .

"ရိုဖေးနှင့်သားများကုမ္ပဏီအနေနဲ့ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေဟာ ဖြေရှင်းလို့ရနိုင်တဲ့ အခက်အခဲတွေ ဖြစ်တယ်ဆိုတာ ကျုပ်တို့ဘက်က ယုံကြည်ပါတယ်၊ ဒါပေမဲ့ . . ."

ဟားဘရွတ်က စကားလုံးရှာမရ ဖြစ်နေသည်။

ထို့ကြောင့် အယ်လစ်ဇဘက်က ဖြတ်ဝင်လိုက်သည်။

"ဒါပေမဲ့ . . . ကျွန်မတို့ကုမ္ပဏီမှာ အခက်အခဲတွေကို ရှင်းနိုင်တဲ့ လူတစ်ယောက်မှ မရှိဘူးလို့ ဟားဘရွတ်က ထင်နေတယ် မဟုတ်လား"

"အဲဒီလိုလည်း မထင်ပါဘူး"

ဟားဘရွတ်က ထိုင်ရာမှ ထသည်။

"ဒါနဲ့ နောက်တစ်ယောက်ယောက်ကို ရိုဖေးနှင့်သားများကုမ္ပဏီဥက္ကဋ္ဌအဖြစ် ရွေးချယ်လိုက်ရင် ဘယ်လို နေမလဲ"

အယ်လစ်ဇဘက်က အရဲစွန့် မေးလိုက်သည်။

"ကျုပ်တို့လည်း ဒီကိစ္စကို အတော်ကလေး စဉ်းစားခဲ့ကြပါတယ်၊ ဒါပေမဲ့ ကြုံနေရတဲ့ ပြဿနာတွေကို ပိုင်ပိုင်နိုင်နိုင် ဖြေရှင်းနိုင်မယ့် လူရယ်လို့ တစ်ယောက်ကိုမှ ကျုပ်တို့ မမြင်မိပါဘူး"

"ရှိပါတယ် . . . ရိုးစ်ဝီလျံ ရှိပါသေးတယ်"။

★ ↔ ★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၆ )

လန်ဒန်ရဲအဖွဲ့ သိမ်းမြစ်ဝှမ်းဒေသ ကမ်းစောင့်ရဲတပ်ခွဲမှ ရဲသား တောမတ်ဟစ်လားသည် အကြောင်းလေးပါးဖြင့် အလွန် စိတ်ပျက်လျက်ရှိသည်။ ပထမအကြောင်းက အလွန်အိပ်ချင်နေသည်။ ဒုတိယ . . . အလွန် ဆာနေသည်။ တတိယ. . . ရည်းစားနှင့် အလွန် တွေ့ချင်နေသည်။ စတုတ္ထ . . . သူ့တစ်ကိုယ်လုံး စိုရွှဲနေသည်။ ယင်းအကြောင်းလေးချက်တွင် ဘယ်အချက်က အဓိကအကျဆုံး ဆိုသည်ကို မဆုံးဖြတ်နိုင်အောင် ဖြစ်နေသည်။

ယမန်နေ့ညက သူ့ရည်းစား 'ဖလို' နှင့် တစ်ညလုံး ရန်ဖြစ်နေခဲ့သောကြောင့် သူ အိပ်ရေးပျက်ခဲ့သည်။ မနက်ကျတော့လည်း ရုံးချိန်နောက်ကျနေမည် စိုး၍ ဘာမှမစားဘဲ ကမန်းကတန်း အလုပ်ဝင်ခဲ့ရသောကြောင့် ယခု သူ့ဗိုက်ထဲက တကျွတ်ကျွတ် မြည်နေသည်။ ညတုန်းက သူ့ရည်းစားက လုံးဝ အနားကပ် မခံခဲ့သောကြောင့် သူက မြန်တွေ့ချင်နေသည်။ ယခု သူတို့ စီးလာသော ကမ်းစောင့်ကင်းလှည့်မော်တော်ဘုတ်ကလေးမှာ လေထဲမိုးထဲ ခုတ်မောင်းနေရသောကြောင့် သူ့တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသည်။

သိမ်းမြစ်ဝှမ်းဒေသ ကမ်းစောင့်ရဲတပ်ဖွဲ့မှ တာဝန်ယူရသော နယ်မြေအတိုင်းအတာမှာ ဒတ်ဖို့စမ်းချောင်းမှသည် စတိန်းတဲ့တားအထိ ၅၄ မိုင်အတွင်း ဖြစ်သည်။ ခါတိုင်းဆိုလျှင် ရဲသားဟစ်လားသည် သခုလို မြစ်ရိုးတစ်လျှောက် မော်တော်စီးကာ ကင်းလှည့်ရသည်ကို အလွန် ပျော်သည်။ သို့သော် ယနေ့လို စိတ်ထဲ အလိုမပြည့်မှုတွေ စုပြုံ ဝင်ရောက်နေသည့် အချိန်မျိုးမှာတော့ ဟစ်လားအဖို့ ကင်းလှည့်ရွာကို ဘယ်လိုမှ မပျော်နိုင်။ အကြီးအကျယ် စိတ်ပျက်မိရသည်။

သောက်ကမြင်းမ . . . အလကားပဲ။

ဟစ်လားက သူ့ရည်းစားဖလိုကို သွားပြီး မြင်ယောင်မိသဖြင့် စိတ်ထဲမှ ကျိန်ဆဲလိုက်သည်။ အဝတ်မပါ ဗလာကိုယ်တီးနှင့် လူးလိမ့်

www.burmeseclassic.com

www.burmeseclassic.com



ရင်း သူ့ကို ကက်ကက်လန်အောင် ထိုးပုတ်ရန်တွေ့နေသော ဖလို၏ ပုံသဏ္ဍာန်ကို မြင်ယောင်လာပြီး သူ့စိတ်ထဲ အကြီးအကျယ် မကျေ မနပ် ဖြစ်လာမိသည်။

ဟစ်လားက လက်မှနာရီကို ကြည့်လိုက်သည်။ နောက်နာရီဝက်ကြာမှ သူ့တာဝန် ပြီးဆုံးမည်၊ ဒီဝင်က ကျွတ်မည်။

မော်တော်ဘုတ်သည် နောက်သို့ပြန်၍ ဦးလှည့်လိုက်ကာ ဝါတာလူးတံတားဘက်သို့ ရှေ့ရှု ခုတ်မောင်းလျက်ရှိသည်။

ဟစ်လား၏ လောလောဆယ်ပြဿနာမှာ အလုပ်တာဝန်ပြီးလျှင် အိပ်ရာထဲပဲ တစ်ခါတည်း လှဲချလိုက်ရမည်လား။ ထမင်းပဲ စားရမည်လား၊ ဖလို့ရင်ခွင်ထဲပဲ ခေါင်းခွေ့ဝင်လိုက်ရမလား ဟူသည်ကို ဆုံး မရခြင်း ဖြစ်သည်။ အဲဒီသုံးမျိုးစလုံး တစ်ပြိုင်တည်း လုပ်လို့ရရင်လည်း အကောင်းသား. . . ဟု သူက တွေးလိုက်သည်။

သူသည် မျက်လုံးများကို လက်နှင့်ပွတ်ကာ အိပ်ချင်စိတ်ကို အတင်းမောင်းထုတ်ပစ်နေသည်။ ထို့နောက် မိုးရေကြောင့် နောက်ထပ် နေသော မြစ်ပြင်ကို မျက်လုံးတစ်ချက်ဝဲကာ ကြည့်လိုက်သည်။

ခပ်လှမ်းလှမ်းတွင် ဝါးတားတား အရာတစ်ခုကို မြင်လိုက်ရသည်။ ထိုအရာသည် ဝမ်းဗိုက်ပေါ်လောနှင့် မျောပါလာသော ငါးမြူကြီး တစ်ကောင်လို ထင်ရသည်။

ဒါကြီး. . . မော်တော်ပေါ် ဆွဲတင်ရင်တော့ အပုပ်နံ့တွေ ဟောင် နေတော့မှာပဲ။

ဟစ်လားက ယင်းသို့တွေးပြီး နှာခေါင်းပင် ရှုံ့လိုက်မိသည်။

ထိုအရာသည် မော်တော်လက်ယာဘက် နံတောင်းနှင့် ၁၀ ထိုင် ခန့် အဝေးသို့ ရောက်လာသည်။ ဟစ်လားက စိတ်ကူးထုတ်နေသည်။

တခြားလူများ ပြောလိုက်လျှင် ဒီအပုပ်ကောင်ကြောင့် သူ့ ထမ်း လှည့်တာဝန် ဆက်ကြာနေဦးမည်။ မော်တော်ကို စက်ရပ်၊ ယင်း ပစ္စည်းကို ကြိုးချည်၊ ပြီးတော့ . . . မော်တော်ဘေးမှ တွဲယူရင် ယူ မယူရင် မော်တော်ပေါ် ဆွဲတင်. . . သည်လိုနှင့် အလကား အချိန်တွေ ကုန်နေဦးမည်။ ဖလို့ရင်ခွင်ထဲ အရောက် နောက်ကျသွားမည်။



ဘာပဲဖြစ်ဖြစ် ဒီအကြောင်း ဘယ်သူ့မှ မပြောတာဘဲ ကောင်းတယ်၊ တကယ်လို့ သူတို့ မြင်သွားတောင်မှ ကိုယ်က မမြင်မိလို့ပါလို့ တစ်ခွန်း ပြောလိုက်ရင် ပြီးတာပဲ။

မော်တော်သည် အရှိန်မပျက် ဆက်လက်ခုတ်မောင်းနေသည်။

"ဟိုမှာ . . . ဆရာ . . . ဟိုမှာ . . . ငါးကြီးတစ်ကောင် မျော လာတယ်၊ မော်တော်လက်ယာဘက် ၂၀ ဒီဂရီ အကွာ . . .၊ ငါးမန်း ကြီးလား မသိဘူး"

ဟစ်လားက မပြောဘူးဟု ဆုံးဖြတ်ထားရင်းမှ လွှတ်ခနဲ ထွက် သွားသည်။

မြင်းအကောင် ၁၀၀ အား ဒီဇယ်အင်ဂျင်စက်သည် ရုတ်တရက် အရှိန်သတ်ကာ မော်တော်သွားနှုန်း တဖြည်းဖြည်း နှေးသွားသည်။ ရဲကြပ်ကြီး ဂက်စကောင်းသည် မော်တော်ကုန်းပတ်တွင် ထရပ်လိုက်ရင်း . . .

"ဘယ်မှာလဲ . . . အဲဒါ"

မိုးက ခပ်သည်းသည်းလေး ရွာနေသောကြောင့် မျောလာသော အရာကို ခပ်ဝါးဝါးသာ မြင်ရသည်။

"ဟိုမှာ . . . တွေ့လား . . . ဟိုမှာ . . . "

ရဲကြပ်ကြီးဂက်စကောင်းက ထိုအရာကို လှမ်းကြည့်ရင်း သူ့စိတ်ထဲ ချီတုန်ချတုန် ဖြစ်နေသည်။ သူလည်း အိမ်ပြန်ချင်လှပြီ မဟုတ်လား၊ အလကား ဒီကောင်ကြီး ဆယ်ယူနေလို့ ဘာအကျိုးထူးမလဲ။

"ဒါကြီးက ရေလမ်းကြောင်း ပိတ်ဆို့မှု ဖြစ်နိုင်လောက်အောင် ကြီးရဲ့လား"

သူက ရဲသားဟစ်လားကို လှမ်းမေးလိုက်သည်။

ဟစ်လားက ယင်းမေးခွန်းကို ရှောင်၍ဖြေရန် ဆုံးဖြတ်လိုက် သည်။ သို့သော် သူ့ပါးစပ်မှ ထွက်လာတာကတော့ . . .

"ဟုတ်ကဲ့. . . ဆရာ"

ချက်ချင်းပင် မော်တော်ဦး လှည့်သွားပြီး မျောလာသော အရာ ဆီသို့ ဖြည်းဖြည်းခုတ်မောင်းသွားသည်။ ထိုအရာအနီးသို့ မော်တော်

www.burmeseclassic.com

www.burmeseclassic.com



ဦးပိုင်း ကပ်မိသောအခါတွင်ကား ရဲကြပ်ကြီးနှင့် ရဲသား ဟစ်လားတို့ နှစ်ယောက်စလုံး မတ်တတ်ကြီးရပ်ရင်း ထိုအရာကိုသာ ကြောင်ကြောင်ကြီး စိုက်ကြည့်နေမိကြတော့သည်။

ထိုအရာမှာ ငါးမန်းသေကောင် မဟုတ်၊ မိန်းမပျိုကလေး တစ်ဦး၏ အလောင်း။

ပုပ်ပွနေသော လည်ပင်းတွင် ဖဲကြိုးနီတစ်စကို စည်းထားသည်မှ တစ်ပါး သူမ၏ကိုယ်ပေါ်တွင် ဘာအဝတ်မှ မရှိ။

★ ↔ ★



## အခန်း ( ၃၇ )

ရဲသားဟစ်လားနှင့် ရဲကြပ်ကြီးဂက်စကင်းတို့က သိမ်းမြစ်ထဲမှ မိန်းမပျိုကလေးအလောင်းကို ဆယ်ယူနေချိန်တွင် လန်ဒန်မြို့ အခြားတစ်ဘက် ဆယ်မိုင်အကွာတွင် အမှုလိုက်ရဲ မက်စ်ဟော်နန်သည် ကမ္ဘာကျော် လန်ဒန်ရဲအဖွဲ့ (နယူးစကော့တလန်ယဒ်) ၏ မွဲပြာရောင်နှင့် အဖြူရောင် စကျင်ကျောက်များဖြင့် ဆောက်လုပ်ထားသော ရုံးခန်းကလေးတစ်ခု အတွင်းသို့ ဝင်လာခဲ့သည်။

သူသည် ဤစခန်းသို့ ရောက်လာရခြင်းအတွက် သူ့ကိုယ်သူ ဝုဏ်ယူမိသည်။ သူသည်လည်း အများပြည်သူတို့၏ အကျိုးကို ဆောင်ရွက်နေသူ ရဲအမှုထမ်းတစ်ဦး ဖြစ်သည့်အတွက် ရဲအဖွဲ့များ၏သမိုင်းတွင် ကမ္ဘာကျော် လူသိများသော စကော့တလန်ယဒ်ဌာနချုပ်ကို မိမိအမှုထမ်းနေသည့် ဌာနကဲ့သို့ပင် ထင်မှတ်မိသည်။ ဤအဖွဲ့မှ ရဲဘော်ရဲဘက် အားလုံးကိုလည်း မိမိ၏လုပ်ဖော်ကိုင်ဖက်များလိုပင် ရင်းနှီးခင်မင်နေမိသည်။

စကော့တလန်ယဒ် ရဲဌာနချုပ်၏ သံကြိုးလိပ်မှာ 'လက်ထိတ်' ဟူ၍ ဖြစ်သည်။

ပြီးတော့ သူက အင်္ဂလိပ်စကားကိုလည်း များစွာ သဘောကျသည်။ သူ့အတွက် ပြဿနာတက်ရသည်ကတော့ အင်္ဂလိပ်လူမျိုးတို့၏ အသံထွက်ပင် ဖြစ်သည်။ အင်္ဂလိပ်တွေက သူတို့၏ တိုင်းရင်းဘာသာစကားကို တစ်ပါးသူ နားမလည်အောင် ပြောတတ်ကြသည်။

ဟော်နန်ကိုမြင်တော့ စုံစမ်းရေးစားပွဲတွင် ထိုင်နေသော ရဲသားက . . .

"ဘာအလိုရှိပါသလဲ . . . ခင်ဗျား"

"ကျုပ် . . . ရဲအုပ်ဒေးဗစ်ဆန်နဲ့ ချိန်းထားတယ်"

"နာမည် ပြောပါခင်ဗျာ"

"ရဲအုပ် ဒေးဗစ်ဆန်"



www.burmeseclassic.com

www.burmeseclassic.com



ရဲသားက ဟော်နန်အား စိတ်ဝင်စားစွာ ကြည့်လျက် . . .

"လူကြီးမင်းနာမည်က ရဲအုပ်ဒေးဗစ်ဆန်နော် . . ."

"ကျုပ်နာမည် ရဲအုပ်ဒေးဗစ်ဆန် မဟုတ်ဘူး၊ ကျုပ်နာမည်က မက်စ်ဟော်နန်"

ရဲသားက တောင်းပန်သံဖြင့် . . .

"စိတ်မရှိပါနဲ့ ခင်ဗျား၊ ဒါနဲ့ . . . လူကြီးမင်းက အင်္ဂလိပ်စကား တစ်မျိုးမျိုးတော့ ပြောတတ်ပါတယ်နော် . . ."

နောက်ငါးမိနစ်အကြာတွင် မက်စ်ဟော်နန်သည် ရဲအုပ် ဒေးဗစ်ဆန်၏ ရုံးခန်းထဲမှ ကုလားထိုင်ပေါ်တွင် ထိုင်နေသည်။ ဒေးဗစ်ဆန်မှာ ကိုယ်လုံးကိုယ်ထည် ထွားထွားကျိုင်းကျိုင်းနှင့် လူလတ်ပိုင်း အရွယ်ဖြစ်သည်။ သူ့မျက်နှာက နီရဲနေပြီး သွားတွေက မညီမညာနှင့် ဝါကြန့်ကြန့်။

အင်း . . . လူပုံကတော့ တကယ့်အင်္ဂလိပ်လူမျိုးပုံ အတိုင်းပဲဟု တွေးပြီး ဟော်နန်က အတော်ကလေး ကျေနပ်သွားသည်။

"ခင်ဗျားက ဆာအလက်အကြောင်း သိချင်တယ်ဆိုပြီး တယ်လီဖုန်း ဆက်တယ်၊ သူ့တို လူသတ်မှုတစ်ခုအတွက် မသင်္ကာစရာရှိနိုင်တယ်လို့ ဆိုတယ်"

ရဲအုပ်က စတင်ပြောလိုက်ခြင်း ဖြစ်သည်။

"သူက မသင်္ကာစရာ လူပေါင်း ဒါဇင်ဝက်လောက်ထဲက တစ်ယောက်ပါ"

ဟော်နန်က ခပ်တည်တည်ပင် ပြန်ပြောလိုက်သည်။

ရဲအုပ်သည် ဟော်နန်ကို အကဲခတ်နေသည်။

"ဒီပုဂ္ဂိုလ်အကြောင်း သိဖို့ မလွယ်ဘူးဗျ"

ဟော်နန်က သက်ပြင်းတစ်ချက် ချလိုက်သည်။ ထို့နောက် သူစောစောက ပြောသော စကားကိုပင် ချင့်ချင့်ချိန်ချိန်ဖြင့် ဖြည်းဖြည်းချင်း ပြန်ပြောလိုက်သည်။

"အဲ . . . ဟုတ်ပြီ"

ရဲအုပ်က ခဏ စဉ်းစားနေသည်။ ပြီးတော့မှ . . .



"ကျုပ် ဘာလုပ်ပေးရမလဲ၊ ခင်ဗျားကို ကျုပ် မှုခင်းမှတ်တမ်းဌာန ပို့ပေးမယ်၊ ပထမဆုံး 'မှု-၄' ဌာနကို သွားကြည့်ပါ၊ အဲဒီမှာ ခင်ဗျား လိုချင်တာ မရရင် 'မှု-၁၁' နဲ့ 'မှု-၁၃' ဌာနတွေကို ဆက်သွားပါ၊ အဲဒီဌာနတွေက မှုခင်းထောက်လှမ်းရေး ဌာနတွေ . . ."

"ဟော်နန်သည် ရဲအုပ်လမ်းညွှန်သည့်အတိုင်း ဆိုခဲ့သော ဌာနများသို့ သွားကာ မှတ်တမ်းများကို မွှေနှောက်ရှာဖွေသည်။ သို့သော် ဆာအလက်နှင့်ပတ်သက်၍ သူ သိချင်သော အချက်တွေကို ဘာမှ မသိရ။

သို့သော် ဟော်နန်က စိတ်မပျက်မိ။ နောက်ထပ် ဘယ်မှာ ဆက်ရှာရမည်ဆိုသည်ကို သူက ကြိုတင်တွက်ထားပြီး ဖြစ်သည်။

★

မက်စ်ဟော်နန်သည် မနက်အစောကြီးကတည်းကပင် လန်ဒန်မြို့တော်တစ်ခွင်ရှိ စီးပွားရေးကုမ္ပဏီများစွာတို့မှ အရာရှိကြီး အများအပြားတို့ထံ ကြိုတင်တယ်လီဖုန်းဆက်ပြီး လိုအပ်သည်များကို မေးမြန်းထားခဲ့ပြီး ဖြစ်သည်။

ထိုပုဂ္ဂိုလ်များ၏ တုံ့ပြန်မှုအားလုံးပင် ထပ်တူထပ်မျှ ဖြစ်နေကြသည်။ ဟော်နန်က သူ့နာမည်ကို ပြောလိုက်သောအခါ သူတို့အားလုံးပင် အလန့်တကြား ဖြစ်သွားကြသည်။ အဘယ်ကြောင့်ဆိုသော် လန်ဒန်မြို့တော်မှ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေအားလုံးမှာပင် သို့ဝှက်ချက် တစ်စုံတစ်ရာ ရှိနေသောကြောင့် ဖြစ်သည်။ တရားဥပဒေကို ချိုးဖောက်ကာ မှောင်ခိုစီးပွားရေး လုပ်ငန်းများဖြင့် အမြတ်ထုတ် သွေးစုပ်နေကြသူများအား ဖော်ထုတ်ရာတွင် ရှာမှရှားသူအဖြစ် ဟော်နန်အား ကမ္ဘာက သိနေသည်။

ထို့ကြောင့်လည်း ယခုအခါ ကမ္ဘာကျော်အမှုလိုက်စုံထောက်ကြီးဟော်နန်က လန်ဒန်မြို့တော်တွင် တစ်စုံတစ်ယောက်ကို ထောက်လှမ်းစုံစမ်းနေကြောင်း သိရသောအခါ စီးပွားရေးသမားအားလုံးပင်

www.burmeseclassic.com

www.burmeseclassic.com



လန့်ဖျတ်သွားကြပြီး ဟော်နန်အား အကူအညီပေးရန် သူ့ထက်ငါ ကမ်းလှမ်းလာကြခြင်း ဖြစ်သည်။

ဟော်နန်သည် ဘဏ်တိုက်များ၊ စီးပွားရေးကုမ္ပဏီကြီးများ၊ ငွေချေးကုမ္ပဏီကြီးများနှင့် စာရင်းအင်းဌာနများသို့ သွားရောက် လည်ပတ်ရင်း နှစ်ရက်တိတိ အချိန်ကုန်သွားသည်။

သို့သော် သူသည် ယင်းဌာနများမှ လူသားတွေနှင့် တွေ့ဆုံပြီး စကားပြောရန် စိတ်ဝင်စားသူ မဟုတ်။ သူက ကွန်ပျူတာစက်များနှင့် စကားပြောရန်ကိုသာ စိတ်ဝင်စားခြင်း ဖြစ်သည်။

ဟော်နန်သည် 'စိတ်ဦးနှောက်' ဟူ၍ တင်စားခေါ်ဝေါ်ကြသော ကွန်ပျူတာစက်များကို ကိုင်တွယ်အသုံးချရာတွင် ပါရဂူမြောက် ကျွမ်းကျင်သူ ဖြစ်သည်။ ထူးချွန်ကျွမ်းကျင်သော စန္ဒရားဆရာတ စန္ဒရား ခလုတ်များကို လက်ချောင်းကလေးများဖြင့် ရွရွကလေး တို့ထိ ကစားသွားသလို ဟော်နန်သည်လည်း စက်ခလုတ်ခုံရှေ့တွင် ထိုင်ကာ ကွန်ပျူတာစက်ကို လွယ်ကူစွာ ကိုင်တွယ် တွက်ချက်သွားနိုင်သည်။

ကွန်ပျူတာစက်က ဘယ်ဘာသာစကားကိုပင် ပြောပြော ဟော်နန်က နားလည်သည်။ သူသည် သင်္ချာကွန်ပျူတာများ၊ အဆင့်နိမ့်နှင့် အဆင့်မြင့်ဘာသာစကား ကွန်ပျူတာများကို ရေရေလည်လည် တတ်ကျွမ်းသည်။ 'ဖော်ထရန်' နှင့် 'ဖော်ထရန် ၄' စက်များ၊ 'အိုင်ဘီအမ် ၃၇၀' စက်ကြီးများ၊ 'ပီဒီပီ ၁၀ နှင့် ၁၁' စက်များနှင့် 'အယ်ပီလ် ၆၈' စက်များကို ကောင်းစွာ ကျွမ်းကျင်သည်။

စီးပွားရေးကုမ္ပဏီများ အသုံးပြုသော 'ကိုဘိုးလ်' စက်၊ ရဲအဖွဲ့သုံး 'ဘေ့ဆစ်' စက်၊ စာရင်းဇယားများ၊ ပုံပြဇယားများဖြင့် အဖြေထွက်လာသော ဓာပီအယ် 'အယ်အိုင်အက်စ်ပီ' စက်၊ 'ဓာပီတီ' နှင့် 'ပီအယ် ၁' စက်တို့ကိုလည်း လွယ်လွယ်ကူကူ ကိုင်တွယ်အသုံးပြုနိုင်သည်။

အမြန်ကွန်ပျူတာစက်များသည် သိလိုသောအကြောင်းအရာ တစ်ရပ်၏ အဖြေများကို တစ်မိနစ်လျှင် စာကြောင်းရေ ၁၁၀ နှုန်းဖြင့် ပုံနှိပ်စာလုံးနှင့် ဖော်ပြနိုင်သည်။ နောက်ဆုံးပေါ် ကွန်ပျူတာစက်ကြီးများသည် အချက်အလက်များကို သိုလှောင်သိမ်းဆည်းထားခြင်း





လေ့လာဆန်းစစ်ခြင်းနှင့် မှတ်သားခြင်းဖြင့် လူသားတို့၏ ဦးနှောက် ကဲ့သို့ပင် အလုပ်လုပ်ကြသည်။

ကွန်ပျူတာစက်သည် လူတစ်ယောက်အကြောင်းကို အားလုံး ပြောပြနိုင်သည်။ ဘယ်အရာကိုမျှ လျှို့ဝှက်ထား၍ မရ။ လူ တစ်ယောက်၏ လူမှုဖူလုံရေးအဖွဲ့ဝင် နံပါတ်၊ အသက်အာမခံ ပေါ်လစီ နံပါတ်၊ ကားမောင်းလိုင်စင် နံပါတ်နှင့် ဘဏ်စုငွေစာရင်းတို့ကို အတိအကျ ပြောပြနိုင်သည်။ သည်မျှသာ မကသေး။ ထိုပုဂ္ဂိုလ်သည် အမြတ်ခွန် ဆောင်ပြီး မပြီး၊ အလုပ်လက်မဲ့ ထောက်ပံ့ကြေးထုတ်ပြီး မပြီး သို့မဟုတ် သက်သာချောင်ချိရေး ရန်ပုံငွေ ခံစားပြီး မပြီး . . . စသည်တို့ကိုလည်း ကွန်ပျူတာစက်က ပြောပြနိုင်သေးသည်။

ထို့ပြင် ကိုယ်ပိုင်ကျန်းမာရေး အာမခံ ထားသလား၊ အိမ် ပေါင်ခံထားသလား၊ ကားပိုင် သို့မဟုတ် မော်တော်ဆိုင်ကယ်ပိုင် ရှိသလား၊ ငွေသေ သို့မဟုတ် ငွေရှင်စုငွေ ရှိသလား . . . စသည့် မေးခွန်းများ တိုလည်း ဖြေဆိုနိုင်သည်။

ပြီးလျှင် . . . လူတစ်ယောက်သည် ဆေးရုံတက်ဖူးသလား၊ စစ်မှုထမ်းဖူးသလား၊ သေနတ် ရှိသလား၊ ငါးများခွင့်လိုင်စင် ရှိသလား၊ နိုင်ငံခြားသွားရန် လျှောက်ထားဖူးသလား၊ တယ်လီဖုန်း သို့မဟုတ် လျှပ်စစ်မီး တပ်ဆင်ခွင့် လျှောက်ထားဖူးသလား၊ အိမ်ထောင်ရှိသလား၊ အိမ်ထောင် ကွဲဖူးသလား၊ သားသမီး ရှိသလား . . . စသည်တို့ကိုလည်း အဖြေပေးနိုင်သည်။

ဟော်နန်နှင့် ကွန်ပျူတာစက်များသည် အံ့ဩစရာ ကောင်းလောက်အောင် ရင်းနှီးကျွမ်းဝင်ကြသည်။ ကွန်ပျူတာစက်တွေက ဟော်နန်၏ စကားသံကိုလည်း ပြက်ရယ် မပြုကြ။ ဟော်နန် သွားပုံလာပုံ၊ ဝတ်ပုံ စားပုံတွေကိုလည်း မပြောင် မနောက်ကြ။ ၎င်းတို့သည် ဟော်နန်၏ အသိဉာဏ်ကို လေးစားကြသည်။ ဟော်နန်ကို ကြည်ညိုကြသည်။ ချစ်ခင်ကြသည်။ ဟော်နန်မေးလျှင် ၎င်းတို့က လိုလိုချင်ချင် ဖြေဆိုကြသည်။ အကူအညီ ပေးကြသည်။

'ကဲ . . . ကျုပ်တို့ ဆာအလက်အကြောင်း ပြောကြရအောင်'

www.burmeseclassic.com

www.burmeseclassic.com



ဟော်နန်က ယင်းသို့ပြောလိုက်သောအခါ ကွန်ပျူတာစက်များက ချက်ချင်းအလုပ်စကြသည်။ ၎င်းတို့က ဆာအလက်အကြောင်းကို ဝဏ္ဏမျာ၊ ပုံပြဇယားများဖြင့် ဖော်ပြကြသည်။ ကွန်ပျူတာစက်များက ပြောပြသော အချက်အလက်များအနက် ဟော်နန်အဖို့ ပထမဆုံး စိတ်ဝင်စားမိသောအရာမှာ ဆာအလက်နာမည်ဖြင့် ထုတ်ယူထားသော ချက်လက်မှတ်တွေ တစ်ပုံတစ်ခေါင်းကြီးပင် ဖြစ်သည်။

ဒီငွေတွေကို ဘာအတွက် သုံးသလဲ၊ လုပ်ငန်း အတွက်လား ကိုယ်ပိုင် သုံးစွဲတာလား၊ ဝင်ငွေခွန် ဆောင်တာလား။

ကွန်ပျူတာစက်က ယင်းအရာတွေအတွက် လုံးဝမဟုတ်ကြောင်း ဖော်ပြသည်။

ဟော်နန်က အသုံးစရိတ်စာရင်းကို ကြည့်လိုက်သည်။

ဗိုက်ကလပ်အတွက် ချက်လက်မှတ်။ အမဲသားဆိုင် ငွေတောင်းခံလွှာ (မရှင်းရသေး)။ ရွှန်အီတ်စ်ဆိုင်မှ ညဝတ်ရုံ တစ်ထည်။ သွားဘက်ဆိုင်ရာ ဆရာဝန်ထံမှ ငွေတောင်းခံလွှာ (မရှင်းရသေး)။ ပါရီမြို့ စိန့်လောရင့်တိုက်မှ ဝတ်ရုံတစ်ထည်။ ဆင်ဖြူတိုက်မှ ငွေတောင်းခံလွှာ (မရှင်းရသေး)။ ဆံပင်ညှပ်ခ တောင်းခံလွှာ (မရှင်းရသေး)။ စိန့်လောရင့်တိုက်မှ အဝတ်အစားလေးစုံနှင့် အိမ်ဖော်လခများ . . .။

ဟော်နန်က မော်တော်ယာဉ်မှတ်ပုံတင်ရုံးမှ ကွန်ပျူတာကို မေးခွန်း တစ်ခု မေးလိုက်သည်။ အဖြေ ရသည်။

'ဆာအလက်မှာ ဘင်တလီကားတစ်စီးနဲ့ မောရစ်တစ်စီး ရှိတယ်'

တစ်ခု ကျန်နေသေးသည်။ ကားဝပ်ရှော့မှ စက်ပြင်ဆရာ၏ ငွေတောင်းခံလွှာ မတွေ့ရ။ မည်သည့်ကားပြင်ခအတွက်မျှ ငွေတောင်းခံလွှာ လုံးဝ မရှိခဲ့ဖူးဟူ၍ ကွန်ပျူတာက အဖြေပေးသည်။

'ကျုပ်တို့ တစ်ခုခု မေ့နေတယ် ထင်ပါသလား'

ကွန်ပျူတာက ပြန်မေးသည်။

'မမေ့ပါဘူး၊ မမေ့ပါဘူး'

ဟော်နန်က ပြန်ဖြေသည်။



အဖြစ်မှန်က ဆာအလက်သည် သူ့ကားများအတွက် ဝပ်ရှော့မှ စက်ဆရာကို လုံးဝ ခေါ်မသုံး။ သူ့ကားကို သူကိုယ်တိုင်ပင် ပြင်သည်။ စက်ပြင်အတတ်ပညာ ကျွမ်းကျင်သူတစ်ယောက်အနေဖြင့် ဓာတ်လှေကား ပြုတ်ကျအောင်၊ ဂျစ်ကားမှောက်အောင် လုပ်ရန်မှာ ဘာမျှမခက်။

ဟော်နန်သည် သူ့မိတ်ဆွေကွန်ပျူတာစက်များက ဖော်ပြသော လျှို့ဝှက်သင်္ကေတများကို သေချာစွာ လေ့လာသည်။ လောလော လတ်လတ် တူးဖော်မတွေ့ရှိသော အရှပ်စာတစ်ချပ်ကို ရှေးဟောင်း အီဂျစ်သမိုင်းပါရဂူတစ်ယောက်က လေ့လာသလို အထူးစိတ်ဝင်စားစွာဖြင့် လေ့လာနေသည်။

ဆာအလက်နှင့်ပတ်သက်၍ နောက်ထပ်လျှို့ဝှက်ချက်များ ပေါ်ထွက်လာသည်။ ဆာအလက်သည် ဝင်ငွေထက် အများကြီး ပိုသုံးနေသည်။

နောက်ထပ် သဲလွန်စတစ်ခု ပေါ်လာသည်။

ဟော်နန်မှာ လန်ဒန်မြို့ထဲတွင် မိတ်ဆွေတွေ ရှိသည်။ သူတို့သည် ဌာနမျိုးစုံနှင့် အဆက်အသွယ် ရှိကြသည်။ မြို့ထဲလှည့်၍ စုံစမ်းသောအခါ ဆိုဟိုကွျန်းရှိ လောင်းကစားကလပ်ပိုင်ရှင် တွတ်မိုက်ကယ်ထံမှ ဆာအလက်က ငွေတွေ ချေးယူနေကြောင်း နှစ်ရက်အတွင်း သတင်းရရှိသည်။

ဟော်နန်က ရဲအဖွဲ့ကွန်ပျူတာများကို အကူအညီ တောင်းရပြန်သည်။ ကွန်ပျူတာစက်မှ ပေါ်ထွက်လာသော အဖြေမှာ . . .

'မှန်ပါတယ်။ တွတ်မိုက်ကယ်အကြောင်း ရပါပြီ။ အမှုပေါင်းများစွာဖြင့် အဖမ်းခံခဲ့ရဖူးသည်။ သို့သော် တစ်ခါမျှ အပြစ်ပေးမခံခဲ့ရ။ ငွေညှစ်ခြင်း၊ မူးယစ်ဆေးဝါး ရောင်းချခြင်း၊ ပြည့်တန်ဆာ မွေးခြင်းနှင့် အတိုးကြီးစား ငွေချေးခြင်းတို့အတွက် မသင်္ကာစာရင်း ဝင်နေသူ'

ထို့နောက် ဟော်နန်သည် ဆိုဟိုကွျန်းသို့ လာခဲ့သည်။ သက်ဆိုင်ရာတွင် ထောက်လှမ်းကြည့်သောအခါ ဆာအလက်သည် လောင်းကစားခြင်း မရှိကြောင်း သိရသည်။ သို့သော် သူ့ဇနီး ဗိဗိယံကတော့ လောင်းကစား ဝါသနာအိုး။

www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းတွေ့ရှိချက် အားလုံးကို ခြုံငုံသုံးသပ်လိုက်သောအခါ ဆာအလက်သည် ခြိမ်းခြောက်ပြီး ငွေညှစ်ခံနေရသူတစ်ဦး ဖြစ်သည် ဟူသောအချက်ကို မှုခင်းစုံထောက် ပေါ်နန်က သံသယမရှိ ယုံကြည်သွားသည်။ သူ့မှာ ငွေမချေရသေးသော ဘောက်ချာတွေ ရှိနေသည်၊ ထို့ကြောင့် အပူတပြင်း ငွေလိုနေသည်။ သူ့မှာ သန်းပေါင်း များစွာတန်သော အစုရှယ်ယာ ရှိသည်။ သို့သော် ရောင်းခွင့် မရ။ ယခင်က ဆမ်ရိုဖေးက လမ်းပိတ်ထားခဲ့သည်။ ယခုတော့ အယ်လ်ဖောက်က တားဆီးထားသည်။

ထို့ကြောင့် ဆာအလက်သည် လူသတ်မှု ကျူးလွန်နိုင်သည်။ လူသတ်သမား ဖြစ်နိုင်သည်။

★

မှုခင်းစုံထောက်ပေါ်နန်သည် ရိုးစ်ဝီလျံအကြောင်းကို ဆက်လက် စုံစမ်းသည်။ ကွန်ပျူတာစက်များက ကြိုးစား ဖြေဆိုကြသည်။ သို့သော် သိရသော အချက်များက အပေါ်ယံသဘောသာ ဖြစ်နေသည်။

ရိုးစ်ဝီလျံ၏ ကိုယ်ရေးရာဇဝင်ကို ကွန်ပျူတာစက်များက အောက်ပါအတိုင်း ဖော်ပြကြသည်။

ရိုးစ်ဝီလျံ . . ၊ အမျိုးသား . . ၊ ဝေလနယ် ဇာတိ . . ၊ အသက် ၃၄ နှစ် . . ၊ အိမ်ထောင်မရှိ . . ၊ ရိုဖေးနှင့်သားများကုမ္ပဏီ အမှုဆောင် လူကြီး . . ၊ တစ်နှစ်အတွက် ရရှိသော လစာ . . ဒေါ်လာ ၈၀၀၀၀ နှင့် ဆုကြေးများ၊ လန်ဒန်မြို့၌ ငွေသေ စုထား၊ ငွေလက်ကျန် ပေါင်စတာလင်ငွေ ၂၅၀၀၀၊ ငွေရှင်စုငွေ လက်ကျန် ပေါင်စတာလင် ၈၁၀၊ ဇူးရစ်မြို့၌ စုငွေရှိ (မည်ရွေ့မည်မျှ မသိရ)၊ အသုံးစာရင်း အားလုံးလိုလို ငွေတောင်းခံလွှာများနှင့် အကြွေးကတ်ပြားများဖြင့် တွေ့ရ၊ ဝယ်ယူသော ပစ္စည်းအများစုမှာ မိန်းမအသုံးအဆောင် ပစ္စည်းများ၊ မှုခင်းမှတ်တမ်း တစ်စုံတစ်ရာ မရှိ၊ ရိုဖေးကုမ္ပဏီလုပ်သက် ကိုးနှစ်။



ဒီလောက်နဲ့ မပြည့်စုံသေးဘူး။ ပေါ်နန်က စိတ်ထဲမှ တွေးလိုက်သည်။ တကယ်တော့ ရိုးစ်ဝီလျံအကြောင်း ကွန်ပျူတာတွေကပင် မသိနိုင်သလို ဖြစ်နေသည်။

မစ္စကိတ်အားလင်း၏ အသုဘနေ့တုန်းက အယ်လ်ဖောက်အား ပေါ်နန်က မေးခွန်းတွေထုတ်သောအခါ ရိုးစ်ဝီလျံက ကြည်ကြည်ဖြူဖြူ မရှိဘဲ ကာဆီးကာဆီး လုပ်နေခဲ့သည်။ သူ့တွင် လူ မသိစေချင်သော လျှို့ဝှက်ချက် တစ်ခုခုတော့ ရှိနိုင်သည်။

သူက ဘယ်သူ့အတွက် ကာကွယ်ချင်တာလဲ။ အယ်လ်ဖောက် အတွက်လား၊ သို့မဟုတ် သူကိုယ်တိုင် အတွက်လား။

★

ညနေ ခြောက်နာရီတီတီတွင် ပေါ်နန်သည် 'အေလစ်တာလီယ' လေယာဉ်ဖြင့် ရောမမြို့သို့ ထွက်ခွာလာခဲ့သည်။

★ ↔ ★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၈ )

အိုင်ဗိုပလာဇီသည် သူ၏ ရှုပ်ထွေးလှသော လူတစ်ကိုယ် ဘဝနှစ်ခု အခြေအနေကို ဟန်မပျက်ဘဲ ထိန်းလာခဲ့သည်မှာ ၁၀ နှစ်ခန့်ပင် ရှိပြီ။ သူ့အတွင်းရေးတွေကို အရင်းနှီးဆုံး မိတ်ဆွေများပင် မသိကြ။

သို့သော် မှုခင်းစုံထောက် မက်စ်ဟော်နန်အဖို့တော့ ရောမမြို့တော်မှ သူ့မိတ်ဆွေ 'ကွန်ပျူတာများ' ၏ အကူအညီကြောင့် ၂၄ နာရီပင် အချိန် မကြာလိုက်။

သူသည် စာရင်းအင်းဆိုင်ရာ ကွန်ပျူတာများ၊ အထူးစုံစမ်းထောက်လှမ်းရေး ကွန်ပျူတာများနှင့် ဘဏ်တိုက်များရှိ ကွန်ပျူတာများနှင့် သွားရောက် ဆွေးနွေးသည်။ ၎င်းတို့က ဟော်နန်အား လှိုက်လှဲဝမ်းသာ အကူအညီ ပေးကြသည်။

'ကျွန်တော့်ကို အိုင်ဗိုပလာဇီအကြောင်း ပြောပြစမ်းပါ'

ဟော်နန်က မေးလိုက်သည်။

'ဟုတ်ကဲ့. . . ပြောပြပါ့မယ်'

ကွန်ပျူတာက ပြန်ဖြေသည်။

ဤသို့လျှင် ဟော်နန်နှင့် ကွန်ပျူတာစက်တွေ စတင်ဆွေးနွေးကြရာမှ အိုင်ဗိုပလာဇီ၏ ရုပ်ပုံလွှာ ပေါ်လာတော့သည်။

ကုန်စုံဆိုင် အကြွေးတောင်းခံလွှာတစ်စောင်. .၊ အလှပြင်ဆိုင်မှ အကြွေးတောင်းခံလွှာ တစ်စောင်၊ အပ်ချုပ်ဆိုင်မှ ဝတ်စုံချုပ်ခ ငွေတောင်းခံလွှာ တစ်စောင်၊ ပန်းဆိုင်မှ အကြွေးတောင်းခံလွှာ တစ်စောင်၊ ညဝတ်စုံနှစ်စုံအတွက် ငွေတောင်းခံလွှာ တစ်စောင်၊ မီးနပ်ဝယ် ဘောက်ချာများ၊ ပိုက်ဆံအိတ်ဝယ် ပြေစာနှင့် အခြားအထွေထွေ အသုံးအဆောင်များအတွက် အကြွေးတောင်းခံလွှာများ . . .။

ဟော်နန်သည် ကွန်ပျူတာစက်များမှ ပေါ်ထွက်လာသော ပုံနှိပ်သင်္ကေတများကို သေချာစွာ စစ်ဆေးသည်။ လှေလာသည်။ ကလေးခြောက်ယောက်အတွက် ကျူရှင်စရိတ်များ. . .။

ဟော်နန်က ကွန်ပျူတာစက်ကို မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တစ်ခုခု မှားနေပြီ ထင်တယ်'

ဖြေ ။ ။ ဝမ်းနည်းပါတယ် ၊ ဘယ်လို အမှားမျိုးပါလိမ့်။

မေး ။ ။ စာရင်းအင်းဆိုင်ရာ ကွန်ပျူတာတစ်ခုက အိုင်ဗိုဟာ ကလေးသုံးယောက် ဖခင်လို့ ပြောတယ်၊ အခု ဒီမှာ ပေါ်လာတာက ကလေးခြောက်ယောက်အတွက် ကျူရှင်ခ ပြေစာတွေ တွေ့ရတယ်။

ဖြေ ။ ။ ဟုတ်ပါတယ်၊ ခြောက်ယောက် အတွက်ပါပဲ။

မေး။ ။ အိုင်ဗိုပလာဇီရဲ့ အိမ်က အော်လဂျီယာတာမှာ မဟုတ်လား။

ဖြေ ။ ။ မှန်ပါတယ်။

မေး ။ ။ ဒါပေမဲ့. . . အခြားတစ်နေရာမှာလည်း အိမ်ခန်းခ ပေးထားတာ တွေ့ရတယ်။

ဖြေ ။ ။ မှန်ပါတယ်။

မေး ။ ။ ဒီလိုဆိုယင် အိုင်ဗိုပလာဇီ နှစ်ယောက် ဖြစ်မနေဘူးလား။

ဖြေ ။ ။ နှစ်ယောက်မဟုတ်ဘူး၊ တစ်ယောက်တည်းပါ၊ မိသားစု နှစ်ခုရှိလို့ပါ၊ မယားကြီးနဲ့ သမီးသုံးယောက်၊ မယားငယ်နဲ့ သား သုံးယောက်။

ထို့ပြင် မယားငယ် ဒိုနာတယ်လာ၏ အသက်၊ သူမ အမြဲ အသုံးပြုသော အလှပြင်ဆိုင်အမည်၊ တရားမဝင်မွေးထားသော သားကလေးသုံးယောက် အမည်တို့ကိုလည်း ဟော်နန်က ဆက်လက်သိရသည်။ မယားကြီးဆံပင်က ရွှေဝါရောင်၊ မယားငယ်ဆံပင်က မဟူရာရောင် ဆိုသည်ကိုလည်း သိရသည်။ မယားနှစ်ယောက်စလုံး ဝတ်တတ်သော အဝတ်အစား အရွယ်အစားနှင့် ဖိနပ်အရွယ်အစား . . . ယင်းတို့၏ တန်ဖိုး. . . စသည့်တို့ကိုလည်း သိရသည်။

အိုင်ဗိုပလာဇီ၏ အသုံးအဆောင်ပစ္စည်းမျိုးစုံ အဝယ်စာရင်းများ အနက် အသေးအဖွဲပစ္စည်းကလေးသုံးခုကို ဟော်နန်က စိတ်ဝင်စားမိသည်။ ၄င်းတို့မှာ စရိတ်မကြီးလှသော်လည်း အတော်ထူးဆန်းနေ



သည်။ အခြား မဟုတ်။ တွင်ခုံ တစ်ခု၊ ရွှေဘော် တစ်လက်နှင့် လွှ တစ်လက်တို့အတွက် ပြေစာဖြတ်ပိုင်း ဖြစ်သည်။

အိုင်ဗိုသည် ဗိသုကာဖြစ်၍ လက်မှုပညာ ကျွမ်းကျင်သည်၊ ထို့ကြောင့် သူသည် ဓာတ်လှေကားများအကြောင်းကိုလည်း နားလည် တက်ကျွမ်းသူ ဖြစ်ရမည်ဟု ဟော်နန် မှတ်ချက်ချလိုက်သည်။

'အိုင်ဗိုဟာ မကြာမီက ဘဏ်တိုက်မှာ ချေးငွေတော်တော် များများအတွက် လျှောက်လွှာ ပြန်ရုပ်သိမ်းသွားတယ်'

'ကျေးဇူးတင်ပါတယ်'

ဟော်နန်သည် ရဲအဖွဲ့ သိပ္ပံသုတေသနဌာနသို့ ဘတ်စကားဖြင့် လာခဲ့သည်။ ယင်းဌာနတွင် နောက်ဆုံးပေါ် ခေတ်မီကွန်ပျူတာ စက်ကြီးတစ်လုံး ရှိသည်။

ဟော်နန်က မေးလိုက်သည်။

'အိုင်ဗိုပလာဇီမှာ မှုခင်းမှတ်တမ်း ရှိသလား'

ကွန်ပျူတာက ပြန်ဖြေသည်။

'အကြမ်းဖက်မှု တစ်ခု၊ အသက် ၂၃ နှစ်မှာ လူရိုက်မှု တစ်မှုနဲ့ အပြစ်ပေး ခံခဲ့ရတယ်၊ အရိုက်ခံရသူကို ဆေးရုံတင်ခဲ့ရတယ်၊ ဒီအမှု အတွက် ထောင်ဒဏ် နှစ်လ ကျခံခဲ့ရတယ်'

'နောက် ဘာတွေ ရှိသေးသလဲ'

'အိုင်ဗိုမှာ မယားငယ် ရှိတယ်'

'ကျေးဇူးတင်ပါတယ်၊ ကျွန်တော် သိပါတယ်'

'ပြီးတော့ . . . အိမ်နီးချင်းတွေက ရဲစခန်းကို တိုင်စာတွေ အများကြီး ရှိတယ်'

'ဘယ်လို တိုင်စာတွေမျိုးလဲ'

'ဆူဆူပူပူ လုပ်တယ်၊ ရိုက်နှက်အော်ဟစ်တယ်၊ တစ်ညတုန်းကဆိုရင် ပန်းကန်တွေ ရိုက်ခွဲတယ်၊ ဒီအချက်တွေ အရေးကြီးသလား'

'အရေးကြီးပါတယ်'

'ကျေးဇူးတင်ပါတယ်'

ကွန်ပျူတာများ၏ သတင်းပေးချက်တွေကို ခြုံငုံသုံးသပ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင် အိုင်ဗိုသည် ဒေါသကြီးကြောင်း၊ သူ့မယားငယ် ဗိုနာတယ်လာ စပိုလီနီလည်း ဒေါသကြီးကြောင်း သိရသည်။

သို့ဆိုလျှင် သူတို့လင်မယားကြား ဘာပြဿနာ ရှိသလဲ။ မယားငယ်က သူ့ကို ပထုတ်ချင်နေသလား။ ဒါကြောင့် သူက ဘဏ်မှငွေတွေ အများကြီး ချေးယူရန် ကြိုးစားနေတာလား။ အိုင်ဗိုကဲ့သို့သော ပုဂ္ဂိုလ်တစ်ယောက်အနေဖြင့် မိမိ၏ အိမ်ထောင်ရေး၊ မိသားစုနှင့် သူ့ဘဝ အဆင့်အတန်းကိုမှ မပျက်အောင် ဘယ်အတိုင်းအတာအထိ ထိန်းထားနိုင်မှာလဲ။

မှုခင်းစုံထောက် ဟော်နန်အနေဖြင့် နောက်ဆုံး တွေ့ရသော အချက်တစ်ချက်မှာ အလွန် စိတ်ဝင်စားစရာ ကောင်းသည်။ ထိုအချက်မှာ တခြား မဟုတ်. . .။

အိုင်ဗိုသည် အီတာလျံ လုံခြုံရေးရဲတပ်ဖွဲ့မှ ငွေတော်တော်များများ ယူထားကြောင်း တွေ့ရခြင်းပင် ဖြစ်သည်။ ထိုငွေမှာ ဘဏ်သူဌေးထံမှ ဖမ်းဆီးရရှိသောငွေ၏ အချိုးကျရာခိုင်နှုန်း ဆုငွေဖြစ်သည်။ ဘဏ်သူဌေးအား ငွေခိုးထုတ်ခိုင်းသူမှာလည်း အိုင်ဗိုပင် ဖြစ်သည်။ သည်အတိုင်းဆိုလျှင် အိုင်ဗိုအနေဖြင့် လောလောဆယ်တွင် အကြီးအကျယ် ငွေလိုနေသည်မှာ ထင်ရှားလှသည်။

ထိုငွေကိုရအောင် သူ ဘယ်လိုနည်းနှင့် ရှာမည်နည်း။

★

ဟော်နန်သည် သူ့မိတ်ဆွေကွန်ပျူတာတွေကို ကျေးဇူးတင် နှုတ်ဆက်ပြီးနောက် 'အဲယား ဖရန့်စ်' လေယာဉ်ဖြင့် ပါရီမြို့သို့ ခရီးဆက်ခဲ့ပြန်သည်။

★ ← ★



## အခန်း ( ၃၉ )

ချားဒီဂေါလေဆိပ်မှ နော်တာဒိမ်းနယ်မြေသို့ တက္ကစီငှားခမှာ အပိုဘောက်ဆူးကြေးမပါ ဖရန့်ငွေ ၇၀ ဖြစ်သည့်အပြင် ထိုခရီးကိုပင် ဘတ်စကားဖြင့်သွားလျှင် ခုနစ်ဖရန့်ခွဲသာ ပေးရသည်။ ဘောက်ဆူး ပေးရန် လုံးဝ မလို။

ထို့ကြောင့် ဟော်နန်က ဘတ်စကားဖြင့်ပင် လာခဲ့သည်။ သူသည် ဈေးသက်သာသော 'မိုးဘလဲ' ဟိုတယ်တွင် စတည်းချသည်။ ထို့နောက် တယ်လီဖုန်းဆက်သည်။

ဟော်နန်သည် ပြင်သစ်နိုင်ငံသားအားလုံး၏ကိုယ်ရေးကိုယ်တာလျှို့ဝှက်ချက်မှန်သမျှကို မှတ်တမ်းမှတ်ရာများဖြင့် ချုပ်ကိုင်ထားသော ပုဂ္ဂိုလ်များနှင့် စကားပြောသည်။ ပြင်သစ်လူမျိုးသည် ဆွစ် လူမျိုးထက် မသက်ာစိတ် ပိုသည်။

သို့သော် သူတို့က ဟော်နန်ကိုတော့ စိတ်အားထက်သန်စွာ အကူအညီ ပေးကြသည်။ သည်လိုဖြစ်ရတာကလည်း အကြောင်းနှစ်ချက် ရှိသည်။ ပထမအကြောင်းက ဟော်နန်သည် သူ့လုပ်ငန်းတွင် ဗိုးလိုမွှေ ရေလိုနှောက် ကျွမ်းကျင်သူဖြစ်၍ သူ့ကို လေးစားကြကာ သည်လိုပုဂ္ဂိုလ်မျိုးအား အကူအညီပေးရသည်မှာ ဂုဏ်ရှိသည်ဟု ယူဆကြခြင်း ဖြစ်သည်။ ဒုတိယအကြောင်းမှာ သူတို့က ဟော်နန်ကို ကြောက်ကြသောကြောင့် ဖြစ်သည်။

မှုခင်းတစ်ရပ်ကို ဟော်နန်လိုက်ပြီဆိုလျှင် ဘယ်အရာကိုမှ ဖုံးဖိလျှို့ဝှက်ထား၍ မရ။ အားလုံး ဗူးပေါ် သလို ပေါ်ရမည်သာ ဖြစ်သည်။ လူပုံပန်းကတော့ တစ်ကွက်မျှ မက်စရာ မရှိ။ အဝတ်အစားကလည်း ဖိုသီဖတ်သီနှင့် လုံးဝ အချိုးမကျ။ စကားပြောတော့လည်း အသံဝဲဝဲနှင့် လူရယ်စရာ။ သို့သော် သူနှင့်သာ ထိပ်တိုက်တွေ့ရလျှင်တော့ ဘယ်သူမှ သက်သာမည် မဟုတ်။ လူတိုင်း၏ အတွင်းလျှို့ဝှက်ချက်ကို မွှေတိုင်းဖမွှေးတိုင်း ဗလာကျင်းအောင် ပြောင်ပြောင်ကြီး ဖော်ထုတ်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



လက်ဖျားခါရသူ ဖြစ်သည်။

ထို့ကြောင့်လည်း ဟော်နန်ကို ပြင်သစ်သားတွေက ချစ်ကြောက်နိုသေ ဖြစ်ကြရသည်။ သူတောင်းသမျှ အကူအညီကို မဆိုင်းမတွပေးကြရသည်။

"ဟုတ်ကဲ့. နံ့နံ့ ရှိပါတယ် . . . ဖြစ်ပါတယ်၊ ကျွန်တော်တို့ ကွန်ပျူတာတွေကို ကြိုက်သလို အသုံးပြုနိုင်ပါတယ်၊ ဒါပေမဲ့ . . . ဒါတွေအားလုံး လျှို့ဝှက်ချက်တွေ ဆိုတာတော့ . . ."

"ဟုတ်ပါတယ် . . . အဲဒါ . . . ကျွန်တော် သိပါတယ်"

★

ဟော်နန်သည် ဘဏ္ဍာရေး ဌာန၊ လီယွန် ငွေစုဘဏ်၊ အမျိုးသားအသက်အာမခံ ဌာနနှင့် ရဲချုပ်ရုံးများသို့ သွားရောက်၍ ကွန်ပျူတာစက်များနှင့် စကားပြောသည်။

'ချားမာတယ်နဲ့ ဟယ်လင်ရိုဖေးမာတယ်ဆိုတာ ဘယ်သူတွေလဲ'

ဟော်နန်က မေးလိုက်သည်။ ချက်ချင်းပင် ကွန်ပျူတာများက အဖြေပေးကြသည်။

'ချားမာတယ်နဲ့ ဟယ်လင်ရိုဖေးဆိုတာဟာ ဗယ်စီနေရပ်ကျွတ်ဖရန်ဆွာ ပနီးမီးယားလမ်း၊ အမှတ် ၅ မှာ နေထိုင်၊ ၁၉၇၀ ပြည့်နှစ် မေလ ၂၄ ရက်နေ့မှာ လက်ထပ်ခဲ့၊ သားသမီး မရှိ၊ ဟယ်လင်ကသုံးကြိမ်တိတိ ကွာရှင်းခဲ့ဖူး၊ ပွန်းတိမ်းလမ်းမှ လီယွန်ငွေစုဘဏ်မှာ ဟယ်လင်ရိုဖေးမာတယ်နာမည်နဲ့ စုငွေဖရန့် ၂၀၀၀ ရှိ'

'အသုံးစရိတ်တွေ ပြောပါဦး'

'မာစူးစာအုပ်က စာအုပ်ကြွေးတောင်းခံလွှာ တစ်စောင်၊ ချားမာတယ်အတွက် သွားစိုက်ဆိုင် ငွေတောင်းခံလွှာ တစ်စောင်၊ ချားမာတယ်အတွက် ဆေးရုံငွေတောင်းခံလွှာတွေ၊ ပြီးတော့ ချားမာတယ်အတွက် ဆရာဝန်စမ်းသပ်ခ တောင်းခံလွှာတွေ'

'ဆရာဝန် စစ်ဆေးတွေ့ရှိချက် သိနိုင်သလား'



'ခဏ စောင့်ပါ၊ တခြားကွန်ပျူတာတစ်ခုနဲ့ ဆက်သွယ်ကြည့်ပါမယ်'

'ဟုတ်ကဲ့ . . . ကျေးဇူးပါပဲ'

ဆရာဝန်စစ်ဆေးချက်ပါဝင်သော ကွန်ပျူတာက စတင် စကားပြောသည်။

'စစ်ဆေးချက် ရပါပြီ'

'ဆက်ပြောပါ'

'သွေးလန့်စိတ်ရောဂါ ရှိတယ်'

'တခြား ဘာရောဂါ ရှိသေးသလဲ'

'ပြင်းပြင်းထန်ထန် ကိုယ်လက်ကိုက်ခဲတဲ့ရောဂါ ရှိတယ်၊ ပေါင်နဲ့တင်ပါး ကိုက်ခဲတယ်'

'ဘာကြောင့်လဲ . . . ရှင်းလင်းချက် ရှိသလား'

'ဘာမှ ရှင်းမထားဘူး'

'ဆက်ပြောပါဦး'

'ပီးနေးတိုက်မှ ယောက်ျားစီးဖိနပ်တစ်ရံအတွက် ငွေတောင်းခံလွှာ တစ်စောင်၊ ရိုစ်ဗလို့ကိစ်မှ ဦးထုပ်တစ်လုံး၊ ဖော့ချွန်ဆိုင်မှ အမဲအသည်းဝယ် ပြေစာ၊ အလှပြင်ဆိုင်မှ ပြေစာ၊ မက်ဇင်ဟိုတယ်မှ နှစ်ယောက်စာ ညစာစားပွဲ ပြေစာ၊ ခရစ်စတိုဖီတိုက်မှ ငွေပြားဝယ်ပြေစာ၊ ဆူလကာတိုက်မှ ယောက်ျားဝတ်ရုံ ပြေစာ'

ဟော်နန်က ကွန်ပျူတာစက်ကို ရုတ်တရက် ရပ်ပစ်လိုက်သည်။ သူ့စိတ်ထဲတွင် တစ်စုံတစ်ရာကို သံသယဝင်မိသောကြောင့် ဖြစ်သည်။

ငွေတောင်းခံလွှာများနှင့် ပတ်သက်၍ ဖြစ်သည်။ စာရွက်တိုင်းတွင် မဒမ်ရိုဖေးမာတယ်အမည်ကို လက်မှတ်ရေးထိုးထားသည်။ ယောက်ျားဝတ်ပစ္စည်းများဝယ်သောပြေစာနှင့် ဟိုတယ်ပြေစာများတွင်လည်း သူမလက်မှတ်များကိုသာ တွေ့ရသည်။

ဤအချက်သည် စိတ်ဝင်စားစရာ ကောင်းသည်။

ထို့ပြင် နောက်ထပ်သဲလွန်စတစ်ခုကိုလည်း တွေ့ရသေးသည်။ ဘက်လီပေစ်, အမည်ရှိ ကုမ္ပဏီတစ်ခုက မြေခွန်ငွေ တံဆိပ်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်း ဝယ်ယူထားသောပြေစာကို တွေ့ရခြင်း ဖြစ်သည်။ ယင်းကုမ္ပဏီ၏ ပိုင်ရှင်တစ်ဦးမှာ ချားဒက်ရှန်း ဖြစ်သည်။ ချားဒက်ရှန်း၏ လူမှုဖူလုံရေးနံပါတ်နှင့် ချားမာတယ်၏နံပါတ်များမှာ အတူတူ ဖြစ်နေသည်။ ဤအချက်သည် လျှို့ဝှက်ချက် တစ်ရပ်။

"ဘယ်လီပေစ့်' ကုမ္ပဏီအကြောင်း ပြောပါ'

ဟော်နန်က ကွန်ပျူတာကို မေးလိုက်သည်။

"ဘယ်လီပေစ့်' ကုမ္ပဏီကို ရိုနီးဗွူးချွန့်နဲ့ ချားမာတယ်ခေါ် ချားဒက်ရှန်းတို့က ပိုင်ပါတယ်'

'ဒီကုမ္ပဏီက ဘာလုပ်သလဲ'

'စပျစ်ခြံလုပ်ငန်း လုပ်ပါတယ်'

'ရင်းနှီးငွေ ဘယ်လောက်ရှိသလဲ'

'ဖရန့်ငွေ လေးသန်း'

'ချားမာတယ်က သူ့အတွက် ရှယ်ယာအစုငွေ ဘယ်က ရသလဲ'

'မြူနီစပါယ် ငွေစုငွေချေးဘဏ်က ချေးပါတယ်'

'စပျစ်လုပ်ငန်းက မြတ်သလား'

'မမြတ်ဘူး၊ ရှုံးပါတယ်'

ထို့နောက် အသက်အာမခံ ကွန်ပျူတာစက်၏ အကူအညီဖြင့် ဟော်နန် ထပ်မံသိရှိရသည်မှာ ချားမာတယ်သည် အသက်အာမခံငွေအတု ထုတ်ယူခဲ့သည်ဟူသော အချက်ဖြစ်သည်။

ထို့ပြင် ကွန်ပျူတာစက်၏ သတင်းပို့ချက်အရ ဟော်နန်သည် ပန်းထိမ်ဆရာကြီး ပီယာရစ်ချောက်ထံသို့ သွားရောက်စုံစမ်းသောအခါတွင် ဟယ်လင်ရှိဖေးမာတယ်၏ လက်ဝတ်လက်စားများကို ချားမာတယ်က အတုလုပ်ထားကြောင်းကိုလည်း သိရသည်။ အစစ်များကို ခိုးယူပေါင်နှံရာတွင် ဖရန့်ငွေ နှစ်သန်းကျော်ရရှိသည်။ ယင်းငွေမှာ စပျစ်ခြံအတွက် ချားမာတယ်အနေဖြင့် လိုအပ်သော အစုရှယ်ယာငွေနှင့် ကိုက်ညီနေသည်။

အခြားစိတ်ဝင်စားစရာ အချက်တစ်ရပ်ကိုလည်း ကွန်ပျူတာစက်က ဖော်ပြသည်။ ယင်းမှာ တခြားမဟုတ်။ တောင်တက်ဖိနပ်တစ်ရံ



ဝယ်ထားသော ပြေစာကို တွေ့ရခြင်းပင်ဖြစ်သည်။ ဤအချက်ကို သိရတော့ ဟော်နန်က စိတ်ထဲ တုံ့ခနဲ ဖြစ်သွားသည်။ ရင်းနှီးငွေအတွက် ကြံကြံဖန်ဖန် ငွေခိုးယူရသော၊ ကိုယ်ပိုင်နာမည်နှင့် စုငွေ တစ်ပြားမှ မရှိသော၊ ပြီးတော့ ကိုယ့်အဝတ်တောင် ကိုယ်ပိုင်ဝယ်ဝတ်ခွင့် မရှိသော ချားမာတယ်လို လူတစ်ယောက်ကို ဟော်နန်က တောင်တက်သမားရှပ်သွင်နှင့် လုံးဝ ဆက်စပ်မရနိုင်အောင် ဖြစ်နေသည်။

ထို့ကြောင့် ဟော်နန်က ကွန်ပျူတာကို ဆက်လက်အကူအညီ တောင်းရပြန်သည်။

"တင်ဝီယာ' အားကစားပစ္စည်းကုန်တိုက်က ဝယ်ယူတဲ့ ပစ္စည်းတွေကို အသေးစိတ် သိပါရစေ'

ကွန်ပျူတာစက်၏ ပိတ်ကားပေါ်တွင် ဖျတ်ခနဲ လက်လင်းသွားသည်။ တောင်တက်ဖိနပ်ဝယ်သော ပြေစာ ပေါ်လာသည်။ ဖိနပ်က အရွယ် ၃၆ အော။ ယောကျ်ားစီးအရွယ် မဟုတ်၊ မိန်းမစီး အရွယ်။

ထို့ကြောင့် တောင်တက်သူမှာလည်း ချားမာတယ်မဟုတ်။ ဟယ်လင်ကိုယ်တိုင်ပင် ဖြစ်သည်။

ဆမ်ရှိဖေးသည် တောင်တက်ရင်း သေဆုံးသွားခဲ့ရသည် မဟုတ်လား။

★ ↔ ★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၄၀ )

ပါရီမြို့၊ အာမင်ဂေါက်လမ်းသည် တိတ်ဆိတ်အေးချမ်းသော လမ်းတစ်လမ်း ဖြစ်သည်။ ခေါင်မိုးပြန့်ပြန့်တစ်ထပ်အိမ်၊ နှစ်ထပ်အိမ်ကလေးတွေသာ များသည်။ ယင်းတို့အကြားတွင် မှန်သံမဏိနှင့်ကျောက်သားအတိဖြင့် မားမားမတ်မတ်ကြီး တည်ရှိနေသောအဆောက်အအုံကြီးတစ်ခုမှာ 'အင်တာပိုလ်' ရဲဌာနချုပ် ဖြစ်သည်။ 'အင်တာပိုလ်' ရဲဌာနချုပ်ကား နိုင်ငံတကာ မှုခင်းများကို အပြီးသတ်ရှာဖွေဖော်ထုတ်ရာ ကမ္ဘာကျော် ရဲဌာနကြီးပင် ဖြစ်သည်။

မှုခင်းစုံထောက် ဟော်နန်သည် အင်တာပိုလ်ရဲဌာနချုပ်၏ လေအေးပေးစက်တပ် အောက်ထပ်အခန်းကျယ်ကြီးထဲတွင် ထိုင်ကာ တွန်ပျူတာစက်ကြီးတစ်လုံးနှင့် စကားပြောလျက် ရှိသည်။

ထိုအချိန်တွင် အခန်းထဲသို့ ရဲအမှုထမ်းတစ်ဦး ဝင်လာပြီး . . .

"အပေါ်ထပ်မှာ အညီကား ပြနေတယ်၊ ကြည့်မလား"

ဟော်နန်က ရဲအမှုထမ်းကို မော့ကြည့်လိုက်သည်။

"ဘာပြောတာလဲ၊ ဘာလဲ. . . အညီကားဆိုတာ"

"လာကြည့်စမ်းပါ၊ ဟိုရောက်ရင် မြင်ရပါလိမ့်မယ်"

တတိယထပ် အခန်းကျယ်ကြီးတစ်ခုထဲတွင် ယောက်ျားမိန်းမစုစုပေါင်း နှစ်ဒါဇင်ခန့် ထိုင်နေကြသည်။ ၎င်းတို့၏ ရှေ့တွင် ရုပ်ရှင်ပိတ်ကားကြီး ထောင်ထားသည်။ ထိုပုဂ္ဂိုလ်များမှာ အင်တာပိုလ် အမှုထမ်းများ၊ 'ဆူရတီ' ရဲထောက်လှမ်းရေးဌာနချုပ်မှ အရာရှိများ၊ စုံထောက်များ နှင့် ရဲသားများ ဖြစ်ကြသည်။

'အင်တာပိုလ်' ညွှန်ကြားရေးမှူးချုပ်၏ လက်ထောက်အရာရှိ နိုနီအယ်လ်မေဒင်သည် ပိတ်ကားရှေ့တွင် ရပ်လျက် စကားပြောနေသည်။ ဟော်နန်က အခန်းထဲဝင်ကာ နောက်ဆုံးခုံတန်းတွင် ဝင်ထိုင်လိုက်သည်။

"အခုလို အညီအဟောက် ရုပ်ရှင်ကားတွေ ပေါ်ပေါက်နေတယ်



www.burmeseclassic.com

ဆိုတာကို လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်ကတည်းက ကျွန်တော်တို့ သိခဲ့ကြပါတယ်၊ ဒီကားတွေထဲမှာ ယောက်ျားမိန်းမ သံဝါသပြုနေကြပုံတွေ တစ်တစ်ခွခွ ရိုက်ကူးထားကြတယ်၊ အဆုံးကျတော့ မိန်းမကို သတ်တဲ့အခန်းနဲ့ ဇာတ်သိမ်းထားကြတယ်၊ ဒီလိုကားမျိုးတွေကို ကျွန်တော်တို့ ဟိုတုန်းက လုံးဝ မကြည့်ခဲ့ကြရဖူးပါဘူး၊ အကြောင်းကတော့ ရှင်းပါ တယ်၊ ဒီကားမျိုးတွေကို အများပြည်သူတွေအတွက် အကျိုးမရှိကြလို့ပါပဲ၊ သူဌေးသူကြွယ် လူတန်းစားတွေက အပျင်းပြေသဘောနဲ့ ကျိတ်ပြီး ကြည့်နေကြတယ်"

ရီနီအယ်လ်မေဒင်က စကားကိုရပ်ပြီး မျက်မှန်ကို ချွတ်လိုက်သည်။ ထို့နောက် ဆက်ပြောသည်။

"ကျွန်တော် စောစောကပြောခဲ့သလို ဒီကားမျိုးတွေ ပေါ်နေတယ် ဆိုတာကို ကောလဟာလ သတင်းအဖြစ်ပဲ လူတွေက သဘောထားခဲ့ကြတယ်၊ ဒါပေမဲ့ အခုတော့ ကောလဟာလ မဟုတ်တော့ပါဘူး တကယ် မြင်တွေ့နေကြရပါပြီ၊ အခုမကြာခင်မှာပဲ အညီကား တစ်ကားကို ကြွလာတဲ့ပရိတ်သတ်များ မြင်ကြရပါလိမ့်မယ်"

ဤစကား ကြားလိုက်ရသောအခါ ပရိသတ်အတွင်း လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်၊ ရဲအရာရှိက ဆက်ပြောသည်။

"လွန်ခဲ့တဲ့ နှစ်ရက်လောက်က ပက်စီမြို့ထဲမှာ သံတမန် လက်ဆွဲသားရေအိတ် ဆွဲပြီး လူတစ်ယောက်လျှောက်လာတုန်း ရိုက်နှက်ပြီး ပစ္စည်းလုခံခဲ့ရတယ်၊ အဲဒီလူကို ဆေးရုံကိုယူသွားတော့ လမ်းမှာပဲ သေသွားတယ်၊ အခုအချိန်ထိ ဘယ်သူဘယ်ဝါဆိုတာ မသိရသေးဘူး ဆူရတီစုံထောက်ဌာနက သူ့လက်ဆွဲအိတ်မှာ ဒီဖလင်လိပ်တစ်လိပ်ကို တွေ့ရတယ်"

သူက အချက်ပြလိုက်သောအခါ အခန်းထဲတွင် အလင်းရောင် မှိန်မှိန်ကလေး ပေါ်လာသည်။ ရုပ်ရှင်ကား စပြသည်။

ခုတင်ပေါ်တွင် ရွှေရောင်ဆံပင်နှင့် မိန်းကလေးတစ်ယောက် အသက်က ၁၈ နှစ် အရွယ်ခန့်။ သူမဘေးမှ လူကြီးက ခေါင်းပေါ်မှာ ဆံပင်တစ်ချောင်းမှ မရှိ။ ရုတ်တရက်ကြည့်လိုက်လျှင် သားရဲတိရစ္ဆာန် တစ်ကောင်နှင့် တူနေသည်။

ပြီးတော့ . . . ပြီးတော့ . . . အကောင်ကြီးက ကောင်မလေး၏ လည်ပင်းကို သူ့လက်ကြီးနှစ်ဖက်ဖြင့် ညှစ်လိုက်သည်။ ကောင်မလေး၏ ပြုံးနေသောမျက်နှာမှာ တစ်မုဟုတ်ချင်း ကြောက်စရာအသွင်သို့ ပြောင်းလဲသွားသည်။ ကောင်မလေးသည် အကောင်ကြီး၏ အန္တရာယ်မှ ရုန်းထွက်ရန် လူးလွန့်ကြိုးစားရင်းမှ အသက်ပျောက်သွားသည်။ သူမ၏ မျက်နှာကို ရုပ်ရှင်ကင်မရာက အနီးကပ် ဖော်ပြသည်။

ဤတွင် ရုပ်ရှင်ကား ပြီးဆုံးသွားသည်။ တစ်ခန်းလုံး ပြန်လင်းလာသည်။

မှုခင်းစုံထောက် ဟော်နန်သည် တစ်စုံတစ်ခုကို ချက်ချင်း သတိရလိုက်သည်။

ဤရုပ်ရှင်ထဲမှ မိန်းကလေးမှာ ဂူးရစ်မြို့ မြစ်ထဲမှ ဆယ်ယူရရှိသော မိန်းကလေး၏အလောင်းနှင့် တစ်ထေရာတည်း တူနေသည်။

ပါရီမြို့၊ ဆူရတီစုံထောက်ဌာနကို ဥရောပတစ်ခွင်မှ ပြန်ကြားသတင်းပို့ချက်များ တဖွဲဖွဲ ရောက်ရှိလာကြသည်။ စောစောက ရုပ်ရှင်ထဲမှ မှုခင်းမျိုးများမှာ ပါရီမြို့တစ်မြို့တည်းတွင်သာ ဖြစ်ပျက်ခဲ့သည် မဟုတ်။ ဂူးရစ်၊ လန်ဒန်၊ ရောမ၊ လစ္စဘွန်းနှင့် ဟမ်းဘတ်မြို့များတွင်လည်း အလားတူပင် ဖြစ်ပွားခဲ့ကြသည်။

ရီနီအယ်လ်မေဒင်က ဟော်နန်ကို ပြောသည်။

"ဖြစ်ရပ်တွေက အားလုံး တစ်ပုံစံတည်းချည်းပဲ၊ သေဆုံးသွားသူတွေဟာ ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတွေပဲ ဖြစ်နေတယ်၊ သူတို့အားလုံး သံဝါသပြုရင်း အသတ်ခံကြရတယ်၊ သူတို့ကိုယ်ပေါ်မှာ အဝတ်ဆိုလို့ လည်ပင်းမှာချည်ထားတဲ့ ဖဲကြိုးအနီစကလေး တစ်ခုစီပဲ ရှိကြတယ်၊ ကျုပ်တို့တော့ . . . ပေါ်ရီသာဒလက်သစ် လူသတ်သမားနဲ့ ရင်ဆိုင်နေရပြီ၊ ဒီကောင့်မှာ နိုင်ငံကူးလက်မှတ် ရှိရမယ်၊ ကိုယ်ပိုင်ပိုက်ဆံနဲ့ ခရီးသွားနိုင်လောက်အောင် ချမ်းသာတဲ့လူလည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် တစ်ယောက်ယောက်က ပိုက်ဆံထုတ်ပေးပြီး ခိုင်းနေတာလည်း ဖြစ်နိုင်တယ်"

www.burmeseclassic.com



ထိုစဉ် အရပ်ဝတ် အရပ်စားဖြင့် လူတစ်ယောက် ဝင်လာပြီး. . .

"ကျုပ်တို့တော့ ကံကောင်းတယ် ဆိုရမှာပဲ၊ သဲလွန်စတစ်ခုတော့ ရထားပြီ၊ စောစောက ရုပ်ရှင်ကားဖလင်ကို ဘရယ်ဆယ်မြို့က စက်ရုံ တလေးတစ်ခုက ထုတ်လုပ်တယ်ဆိုတာ သိရပြီ၊ ဖလင်ဝယ်တဲ့ လူတွေ စာရင်းကို တောင်းကြည့်ရမယ်"

"အဲဒီစာရင်းရရင် ကျွန်တော်လည်း ကြည့်ချင်ပါတယ်"

ဟော်နန်က ပြောလိုက်သည်။

"ကြည့်ရပါတယ်"

ရိုနီအယ်လ်မေဒင်က ပြန်ပြောသည်။ ပြီးတော့ ဟော်နန့်ကို လေ့လာသလို ကြည့်နေသည်။ ဟော်နန်က စုံထောက်ရုပ် လုံးဝမရှိ။ သို့သော် စောစောကလို အညစ်ရုပ်ရှင်ကားများထဲမှ လူသတ်သမား အားလုံးကို ဆက်စပ်ဖော်ထုတ်ပေးသူမှာ စုံထောက်ရုပ် မပေါက်သော ဤပုဂ္ဂိုလ်ပင်ဖြစ်သည် မဟုတ်ပါလား။

"အများကြီး ကျေးဇူးတင်ပါတယ်ဗျာ"

ရိုနီအယ်လ်မေဒင်က ဟော်နန်အား တကယ်ပင် ဝမ်းမြောက် ဝမ်းသာ ကျေးဇူးစကားဆိုလိုက်သည်။ သို့သော် ဟော်နန်ကတော့. .

"မလိုပါဘူးဗျာ" ။

★ ↔ ★

# အခန်း ( ၄၁ )

ဆာအလက်သည် ညစ်ခံပွဲသို့ တက်လိုစိတ် လုံးဝ မရှိ။ သို့သော် အယ်လစ်ဇဘက် တစ်ယောက်တည်း လွှတ်လိုက်ရမည်ကိုလည်း သူက သဘောမတူ။ ညစ်ခံပွဲတွင် သူတို့နှစ်ယောက်စလုံး စကားပြောကြ ရမည် ဖြစ်သည်။

ညစ်ခံပွဲက ဂလက်စကိုမြို့မှာ . . . ။ ဆာအလက်က ဂလက်စကို ဆိုလျှင် သေချင်အောင် မုန်းသည်။

ဟိုတယ်အပြင်ဘက်တွင် ကားတစ်စီး ရပ်ထားသည်။ သက်ဆိုင် ရာ ပုဂ္ဂိုလ်များအား သင့်တော်အောင် ပြောဆို တောင်းပန်ကာ ညစ်ခံပွဲ မှ ပြန်ထွက်ပြီးသောအခါ ထိုကားဖြင့် လေဆိပ်သို့သွားရန် အသင့် စီစဉ်ထားခြင်း ဖြစ်သည်။

ယခုအခါ ဆာအလက်က မိန့်ခွန်းပြောပြီး ဖြစ်သည်။ သို့သော် သူ့စိတ်က တစ်နေရာသို့ ရောက်နေသည်။ သူ့တစ်ကိုယ်လုံး တောင့် တင်းနေသလို ထင်ရသည်။ စိတ်ထဲလည်း အလွန်လှုပ်ရှားနေသည်။ သည်ကြားထဲ သူ မကြိုက်သော သိုးအသည်းဟင်းကို လာချပေး သဖြင့် သူ့ဗိုက်ထဲ အီလည်လည်ကြီး ခံစားမိရပြန်သည်။ သူက သိုး အသည်းကို မြည်းရုံသာ မြည်းကြည့်လိုက်သည်။

သူ့ဘေးမှထိုင်နေသော အယ်လစ်ဇဘက်က ဆာအလက် မျက်နှာမသာပုံကို သတိပြုမိသည်။

"နေကောင်းရဲ့လား . . . အလက်"

"ကောင်းပါတယ်"

ဆာအလက်က အယ်လစ်ဇဘက်၏ လက်ကို အသာပုတ်၍ တန်ဆောင်ပြောလိုက်သည်။

ထိုစဉ် စားပွဲထိုးတစ်ယောက် ဆာအလက်အနီးသို့ လျှောက် လာပြီး လေသံဖြင့် . . .

"ခွင့်လွှတ်ပါခင်ဗျား . . . အဝေးဖုန်း လာနေပါတယ်၊ ရုံးခန်း

www.burmeseclassic.com



ထဲ တြွပါခင်ဗျာ"

ဆာအလက်က ထမင်းစားပွဲမှ ချက်ချင်းထပြီး စားပွဲထိုးနောက်သို့ လိုက်လာခဲ့သည်။ သူသည် စုံစမ်းရေးစားပွဲနောက်မှ ရုံးခန်းတလေးထဲသို့ ဝင်လာခဲ့သည်။ သူက တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး. . .

"ဟဲလို . . ."

တစ်ဘက်မှ စကားပြောသူမှာ လောင်းကစားဝိုင်းပွဲစား ဆွင်တန်ဖြစ်ကြောင်း ဆာအလက်က ချက်ချင်းသိလိုက်သည်။

"ဒါ . . . နောက်ဆုံး သတိပေးခြင်းပဲ . . . ဆာအလက်"

ထို့နောက် . . . လိုင်းပြတ်သွားသည်။

★ ↔ ★



## အခန်း (၄၂)

ဟော်နန်၏ခရီးစဉ်တွင် ဘာလင်မြို့သည် နောက်ဆုံး ဖြစ်သည်။

သူ့မိတ်ဆွေ ကွန်ပျူတာစက်တွေ သူ့ကိုကူညီရန် အသင့် စောင့်နေကြသည်။ သူသည် နောက်ဆုံးပေါ် ခေတ်မီကွန်ပျူတာစက်ကြီးများ၏ အကူအညီဖြင့် ဝေါလသာဂက်စနာအကြောင်းကို ထောက်လှမ်းသည်။

ယင်းစက်များက ဝေါလသာဂက်စနာ၏ ကိုယ်ရေးရာဇဝင်ကို သင်္ချာသင်္ကေတများဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြသည်။ ဟော်နန်သည် ဓာတ်ပုံကို ကြည့်ရသလို ဂက်စနာ၏ကိုယ်ရေးရာဇဝင် ရုပ်ပုံလွှာကို ပီပြင် ထင်ရှားစွာ မြင်တွေ့ရသည်။

ဂက်စနာ ကြိုက်တတ်သော အစားအသောက်၊ နှစ်သက်သော အဝတ်အစား၊ သွားတတ်သော ဟိုတယ် စသည်တို့ကို သိလာရသည်။ ဂက်စနာမှာ လူငယ် စကိတ်နည်းပြဆရာ တစ်ယောက်၊ မိန်းမတွေကြားတွင် ပေါ်ပြူလာဖြစ်သော လူချောလူလု တစ်ယောက်၊ သူ့ထက် အသက်များစွာကြီးသော သူဌေးသမီးကို ယူထားသူ. . . စသည်တို့ကိုလည်း ကွန်ပျူတာစက်တွေက ပြောပြသည်။

ချက်လက်မှတ်တစ်စောင်ကို မြင်ရသောအခါ ဟော်နန်က အလွန်စိတ်ဝင်စားသွားသည်။ ထိုချက်လက်မှတ်မှာ မတ်ငွေ ၂၀၀တန် ဖြစ်ပြီး၊ ဒေါက်တာဟိတ်ဆန်ဆိုသူအတွက် ဖြစ်သည်။ ချက်လက်မှတ်ပေါ်တွင် 'ဆွေးနွေးခအတွက်' ဟူ၍ ရေးသားထားသည်။ ဘယ်လို ဆွေးနွေးခြင်းမျိုးလဲ။

ယင်းချက်လက်မှတ်အတွက် ငွေကို ဖပ်ဆယ်ဒေါ့ရှိ ဒရက်စနာ ဘဏ်တွင် ထုတ်ယူပြီး ဖြစ်သည်။

နောက် ၁၅ မိနစ်အကြာတွင် ဟော်နန်သည် ဘဏ်မန်နေဂျာနှင့် တယ်လီဖုန်းမှ စကားပြောရသည်။

"ဟုတ်ပါတယ် . . . သိပါတယ်၊ ကျွန်တော်တို့ဘဏ်ရဲ့ ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



သရေရှိ ဖောက်သည်တစ်ဦးပါ"

"ဘယ်လို ဆရာဝန်ပါလဲ"

"စိတ်ရောဂါကု ဆရာဝန်ပါ"

ဟော်နန်သည် တယ်လီဖုန်းကို ပြန်ချကာ ထိုင်ချလိုက်သည်။ သူ့မျက်လုံးများကို မှိတ်လိုက်သည်။ ပြီးတော့ . . . စဉ်းစားခန်း ထုတ်နေသည်။

ဟုတ်ပြီ . . . သဲလွန်စတစ်ခု ရပြန်ပြီ။

ဟော်နန်သည် တယ်လီဖုန်းကို ပြန်ကောက်လိုက်သည်။ ဒပ်ဆယ်ဒေါ့သို့ လှမ်းဆက်သည်။ ဒေါက်တာဟိတ်ဆန်၏ စာရေးမက တယ်လီဖုန်း ကိုင်သည်။ ပထမတွင် စာရေးမက ငြင်းနေသေးသည်။ ဒေါက်တာ အလုပ်များနေသည်ဟု ဆိုသည်။ ဟော်နန်က အတင်းတောင်းဆိုတော့မှ ဒေါက်တာကို ခေါ်ပေးသည်။

"ကျုပ်ဆီလာကုတဲ့ လူနာတွေအကြောင်း ကျုပ် ဘယ်တော့မှ မပြောဘူး၊ ဒီလိုကိစ္စမျိုးကို တယ်လီဖုန်းနဲ့ ဆွေးနွေးဖို့ဆိုတာတော့ လေးရော . . . "

ဟော်နန်က တယ်လီဖုန်း ပြန်ချလိုက်သည်။

ကွန်ပျူတာစက်ဆီ ပြန်လာပြီး အကူအညီ တောင်းရပြန်သည်။ သူ သိချင်တာတွေကို ကွန်ပျူတာစက်က အပြည့်အစုံ ပြောပြ သည်။

နောက် သုံးနာရီကြာတော့ ဟော်နန်က ဒေါက်တာဟိတ်ဆန်ထံ တယ်လီဖုန်း ပြန်ဆက်သည်။

"ခင်ဗျားကို စောစောက ကျုပ် ပြောပြီးပြီပဲ" ဒေါက်တာက ဟောက်သံနှင့် ပြောသည်။ "ကျုပ်လူနာအကြောင်း သိချင်ရင် ရုံးတော်အမိန့်စာ ယူပြီး ကိုယ်တိုင်လာတွေ့ပါ"

"အခု လောလောဆယ် ဒပ်ဆယ်ဒေါ့ကို လာဖို့ အခြေအနေ မပေးလို့ပါ . . . ဒေါက်တာ"

"ဒါက ခင်ဗျားပြဿနာပဲ၊ ဒါပဲ မဟုတ်လား၊ ကျုပ်က အလုပ်များတယ်"

"ဟုတ်ပါတယ် ဒေါက်တာ၊ ကျွန်တော် သိပါတယ်၊ လွန်ခဲ့တဲ့





ငါးနှစ်က ဆရာ့အမြတ်ခွန်စာရင်း ကျွန်တော့်ရှေ့မှာ အခု ရှိနေပါတယ်"

"အဲဒီတော့ . . . "

"ဒီမှာ ဒေါက်တာ . . . ဒေါက်တာ့ကို ကျွန်တော် ဒုက္ခမပေးချင်ပါဘူး၊ ဒါပေမဲ့ . . . ဒေါက်တာဟာ ဝင်ငွေရဲ့ ၂၅ ရာခိုင်နှုန်း ကို လိမ်ထားတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒေါက်တာ သဘောတူမယ်ဆိုရင် ဒေါက်တာ့ဖိုင်တွဲကို ဂျာမန်ဝင်ငွေခွန်အာဏာပိုင်တွေဆီ ကျွန်တော် ပို့ပေးလိုက်ပါ့မယ်၊ အဲဒီလိုဆိုရင် မြူနစ်မှာရော ဘေးယမ်မှာရော ဒေါက်တာစုထားတဲ့ငွေတွေ သူတို့ အမှန်အတိုင်း သိသွားကြပါလိမ့်မယ်"

အတန်ကြာမျှ တိတ်ဆိတ်နေကြသည်။ ပြီးတော့မှ ဒေါက်တာ့အသံ ပေါ်လာသည်။

"ဒါတွေကို ခင်ဗျားကို ဘယ်သူ ပြောသလဲ"

"ဆွစ်ဇာလန်မှုခင်းရဲအဖွဲ့က မှုခင်းစုံထောက်မက်စ်ဟော်နန်က ပြောပါတယ်"

*ခဏမျှ တိတ်သွားပြန်သည်။ အတန်ကြာမှ ဒေါက်တာက* လေသံပျော့ပျော့ဖြင့် . . .

"ဒီလိုဆိုရင် ခင်ဗျားသိချင်တာ ပြောပါ"

ဟော်နန်က ပြောပြလိုက်သည်။ ဤတွင်ဒေါက်တာက ကရားရေလွှတ် ပြောပြပါတော့သည်။

မှန်သည်။ ဂက်စနာကို သူ သိသည်။ တစ်နေ့တွင် ဂက်စနာသည် ကြိုတင်ချိန်းမထားဘဲနှင့် ဒေါက်တာ၏ရုံးခန်းသို့ ဝင်လာပြီး၊ သူ့အား စစ်ဆေးပေးရန် တောင်းဆိုသည်၊ သို့သော် ဂက်စနာက သူ့နာမည်ကို *ပြော။ သူက သူ့မိတ်ဆွေတစ်ဦး၏* ပြဿနာကို ဆွေးနွေးလိုပါသည်ဟု လိမ်လည်ပြောသည်။

"သူက အဲဒီလိုပြောလိုက်တော့ ကျုပ်က ချက်ချင်းနားလည်လိုက်တယ်၊ ဒါက ကိုယ့်ပြဿနာကို ကိုယ်ရင်မဆိုင်ရဲတဲ့၊ ရင်မဆိုင်ချင်ခဲ့ လူတွေရဲ့ ပုံမှန်လက္ခဏာပဲ"

ဒေါက်တာက မှတ်ချက်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့အပြောအရတော့ သူ့မိတ်ဆွေဟာ စိတ်ကစဉ့်ကလျားရောဂါနဲ့ လူသတ်ချင်တဲ့ရောဂါ စွဲကပ်နေတယ်လို့ ပြောတယ်၊ တကယ်လို့ ဒီရောဂါကို အချိန်မီ မကုသရင် တစ်ယောက်ယောက်ကို မလွဲမသွေ သတ်မိလိမ့်မယ်လို့လည်း ပြောတယ်၊ ဒါကြောင့် ဒီရောဂါ ကုနိုင်တဲ့ ဆေးနည်းရှိ မရှိ သူက မေးတယ်၊ သူ့မိတ်ဆွေကို စိတ်ကုဆေးရုံတစ်ခုခု ပို့ပြီးလည်း ပစ်မထားချင်ဘူးတဲ့"

"ဒီတော့ . . . ဒေါက်တာက ဘာပြန်ပြောလိုက်သလဲ"

"ကျုပ်က ကုပေးနိုင်တယ်လို့ ပြောလိုက်တယ်၊ ဒါပေမယ့် သူ့မိတ်ဆွေဆိုတာကို ကျုပ် စစ်ဆေးကြည့်ချင်သေးတယ်၊ ဘာဖြစ်လို့ဆိုရင် တချို့စိတ်ရောဂါတွေက ခေတ်မီဆေးဝါးတွေ၊ စိတ်ကုနည်းတွေနဲ့ ကုလို့ရနိုင်ပေမယ့် တချို့ကျတော့ ဘယ်နည်းနဲ့မှ ကုလို့ မရနိုင်တာမျိုး ရှိတယ်လို့ ပြောလိုက်တယ်၊ ပြီးတော့ . . . သူပြောတဲ့ ရောဂါမျိုးက အချိန်ယူပြီးကုသမှ ကောင်းနိုင်မယ်လို့လည်း ကျုပ်က ပြောပြလိုက်ပါတယ်"

"ပြီးတော့ ဘယ်လို ဖြစ်သေးသလဲ"

"ဘာမှ မဖြစ်တော့ဘူး၊ အဲဒီလောက်နဲ့ပဲ ကိစ္စပြတ်သွားတယ်၊ အဲဒီလူလည်း ကျုပ်ဆီ နောက်ထပ် လုံးဝ ပေါ်မလာဘူး၊ ဒီလူ့အဖြစ်ခန့်မှန်းကြည့်ရတာ အတော်သွေးရှူးသွေးတန်း ဖြစ်နေပုံရတယ်၊ ကျုပ်ကလည်း သူ့ကို တကယ်ကူညီချင်ပါတယ်၊ သူ့လေသံကို အကဲခတ်ရသလောက်ဆိုရင် တကယ် အခြေအနေဆိုးနေပုံပဲ၊ သူ့အဖြစ်က လူတစ်ယောက် သတ်မိပြီး အသတ်ခံရသူရဲ့ အခန်းနံရံမှာ 'ကျုပ်ကိုကယ်ကြပါဗျို့၊ နို့မဟုတ်ရင် ကျုပ် နောက်တစ်ယောက် သတ်မိနေဦးမယ်' လို့ ရေးထားခဲ့တဲ့ လူလို ဖြစ်နေတယ်"

ဟော်နန်မရှင်းသော အချက်တစ်ချက် ကျန်သေးသည်။ ထို့ကြောင့် သူက မေးလိုက်သည်။

"ဒါနဲ့ . . ဒေါက်တာ၊ ဒေါက်တာကပြောတော့ 'သူ့နာမည်ကို ဒေါက်တာကို မပြောဘူးလို့ ပြောတယ်၊ ဒါပေမဲ့ သူက ဒေါက်တာကို ချက်တစ်စောင်ပေးပြီး သူ့လက်မှတ်လည်း ထိုးထားတယ် မဟုတ်





လား"

"သူက ကျုပ်ဆီလာတုန်းက ပိုက်ဆံယူလာဖို့ မေ့ကျန်ရစ်တယ်၊ သူက အဲဒီအတွက် တော်တော်စိတ်မကောင်းဘူး၊ နောက်တော့ သူက ချက်လက်မှတ်တစ်စောင် ပေးပို့လိုက်တယ်၊ ဒီတော့မှ ကျုပ်က သူ့နာမည် သိရတာပေါ့၊ ဒါပဲလား . . . ဘာကျန်သေးသလဲ"

"ဒါပါပဲ"

ဟော်နန့်စိတ်ထဲ မတင်မကျဖြစ်နေသော အချက်တစ်ချက်ကျန်နေသေးသည်။ သဲလွန်စတစ်ခုက အခြားအချက်အလက်များနှင့် ဆက်စပ်မရနိုင်အောင် ဖြစ်နေသည်။ ကွန်ပျူတာများနှင့် တိုင်ပင်လိုက်သောအခါမှ ထိုသဲလွန်စမှာ အဆင်ချောသွားတော့သည်။ အခြားအချက်တွေက သူ့အဖို့ ဘာမျှ အခက်အခဲ မရှိတော့။

★

ဟော်နန်သည် နောက်တစ်နေ့တွင် ဂူးရစ်မြို့သို့ ပြန်လာခဲ့သည်။ သူ့စားပွဲတွင် တယ်လီတိုက်ပ်သံကြိုးစာတစ်စောင် တွေ့ရသည်။ ပါရီမြို့အင်တာပိုလ်ရဲအဖွဲ့ချုပ်မှ ပေးပို့လိုက်ခြင်း ဖြစ်သည်။

ယင်းသံကြိုးစာတွင် အပြာရုပ်ရှင်ရိုက်ရန်အတွက် ဖလင်ဝယ်ယူသူများစာရင်းကို ဖော်ပြထားသည်။

ဖလင်ဝယ်ယူသူများအနက် ရှိဖေးနှင့်သားများကုမ္ပဏီလည်း တစ်ဦးအပါအဝင် ဖြစ်နေသည်။

★

ရဲမှူးရှမစ်က မှုခင်းစုံထောက် မက်စ်ဟော်နန်၏ အစီရင်ခံချက်ကို စိတ်ဝင်စားစွာ နားထောင်နေသည်။

ဟော်နန်၏ တင်ပြချက်ကို နားထောင်ပြီးသောအခါ ရဲမှူးက စိတ်ထဲမှ ကျိတ်ပြီး မှတ်ချက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဒီကောင်တော့ ကံကောင်းချင်ပြန်ပြီ၊ သမိုင်းဝင်မှုခင်းကြီးတစ်ခုကို ဖော်ထုတ်နိုင်တော့မှာ သေချာတယ်"

"လူငါးယောက်ထဲက တစ်ယောက်ယောက်တော့ တစ်ယောက်ယောက်ပဲ ဆရာ၊ သူတို့အားလုံးမှာ ရာဇဝတ်မှု ကျူးလွန်နိုင်တဲ့ အခြေခံစိတ်ထားတွေ ရှိနေကြတယ်၊ ကျူးလွန်လို့ ဖြစ်နိုင်တဲ့ အခြေအနေတွေလည်း ပေးနေတယ်၊ ခါတ်လှေကား ပြုတ်ကျတဲ့နေ့က သူတို့အားလုံး ဋ္ဌရစ်မြို့မှာ အစည်းအဝေး တက်နေကြတယ်၊ ကားမှောက်တုန်းကလည်း ဆာဒင်းနီးယားမှာ သူတို့အထဲက တစ်ယောက်ယောက် ရှိနိုင်တယ်"

ရဲမှူးက သဘောမကျသလိုဖြင့် မျက်ခုံးကို ပင့်လိုက်သည်။

"မင်းက သံသယဖြစ်စရာ လူငါးယောက်ရှိတယ်လို့ ပြောတယ်၊ အယ်လစ်ဇဘက်ရှိဖေးကလွဲယင် အုပ်ချုပ်ရေးအဖွဲ့ဝင်က လေးယောက်တည်း ရှိတာပဲ၊ နောက်တစ်ယောက်က ဘယ်သူလဲ"

"အဲဒီလူက ဆမ်ရိုဖေးအသတ်ခံရတုန်းက ဆမ်ရိုဖေးနဲ့အတူ ချာမိုနီးတောင်တက်စခန်းမှာ ရှိနေတဲ့လူပေါ့ ဆရာ၊ ရီးစ်ဝီလျံလေ. . .။

★ ↔ ★

# အခန်း ( ၄၃ )

"မစ္စက်ရီးစ်ဝီလျံ"

အယ်လစ်ဇဘက်က ကိုယ့်ကိုယ်ကိုယ် မယုံနိုင်အောင် ဖြစ်နေမိသည်။ ဖြစ်ရပ်ကိုယ်၌ကလည်း တစ်စက်ကလေးမှ ယုံကြည်နိုင်စရာမရှိ။ သူမ၏ ပျော်စရာကလေးဘဝကို စိတ်ကူးယဉ်အိပ်မက်နှင့် ဘာမှမဆိုင်သလို ဖြစ်နေသည်။ သူမသည် သူမကိုယ်သူမ 'မစ္စက်ရီးစ်ဝီလျံ' ဟူ၍ ကင်ပွန်းတပ်ကာ မှတ်စုစာအုပ်တွင် အကြိမ်ကြိမ် ရေးခဲ့သည်များကိုလည်း သတိရမိသည်။

ယခုတော့ သူမ၏လက်တွင် မင်္ဂလာလက်စွပ် ရောက်နေလေပြီ။

"တပြုံးပြုံးနဲ့ ဘာတွေများ သဘောကျနေလို့လဲ"

ရီးစ်က မေးလိုက်သည်။

သူသည် 'ဘိုးအင်း ၇၀၇-၃၂၀' ဂျက်လေယာဉ်ပျံကြီးထဲတွင် အယ်လစ်ဇဘက်နှင့် မျက်နှာချင်းဆိုင် ထိုင်နေသည်။ သူတို့သည် အတ္တလန္တိတ် သမုဒ္ဒရာအပေါ်မှ ပေပေါင်း ၃၅၀၀၀ အမြင့်တွင် ရှေ့ခဲစိမ် ဒွမ်ပယ်ရီဂန္ဒန်အရက်ကို အီရန်ငါးဥဆားနယ်နှင့် မြည်းရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အကြည်ဆိုက်နေကြသည်။

ရီးစ် ပြုံးလိုက်သည်။

"ငါ မေးနေတယ်လေ. . ."

အယ်လစ်ဇဘက်က ခေါင်းကို ခါယမ်းပြသည်။ ပြီးတော့ ရီးစ်၏ မျက်နှာကို စေ့စေ့ကြည့်နေသည်။ တော်တော့်ကို ဆွဲဆောင်မှုရှိတဲ့ လူတစ်ယောက်ပဲ။ သူ ငါ့ယောက်ျားပေါ့။

"ကျွန်မ ပျော်လွန်းလို့ပါ"

ရီးစ်အဖို့တော့ ပျော်စရာဆိုတာ ဘယ်လိုအရာမျိုးဆိုသည်ကို ဘယ်တုန်းကမှ မစဉ်းစားမိခဲ့။ အခုလို သူတို့နှစ်ယောက် လက်ထပ်လိုက်ခြင်းသည် သူမအတွက် ဘယ်လိုအဓိပ္ပာယ်သက်ရောက်ပြီး

www.burmeseclassic.com

ဘယ်ပုံ အကျိုးသက်ရောက်မှုရှိသည်ဆိုတာကို သူမအနေဖြင့် ဘယ်လို ပြောနိုင်ပါမည်နည်း။ ရိုးစ်ကတော့ လုံးဝနားမလည်နိုင်အောင် ဖြစ်မိရသည်။

အကြောင်းကတော့ ရိုးစ်အနေဖြင့် ယခုလုပ်ရပ်ကို အိမ်ထောင်ပြုခြင်းအဖြစ် မယူဆသောကြောင့် ဖြစ်သည်။ သူ့အဖို့ ဤလုပ်ရပ်သည် စီးပွားရေးလုပ်ရပ်တစ်ခုသာ ဖြစ်သည်။

သို့သော် သူမသည် သူ့ကို ချစ်သည်။ ယခုတစ်ဒင်္ဂတွင်သာ ချစ်သည် မဟုတ်၊ တစ်သက်လုံး ချစ်နေမည့်ပုံမျိုး ဖြစ်သည်။

သူမအနေဖြင့် ရိုးစ်နှင့်သာ ရွှေလက်တွဲ၍ တစ်သက်လုံး နေသွားချင်သည်။ သားသမီးကလေးတွေ လိုချင်သည်။ သူက သူမကို ပိုင်ဆိုင်စေချင်သည်။ သူမကလည်း သူ့ကို ပိုင်ဆိုင်ချင်သည်။

အယ်လစ်ဇဘက်က ရိုးစ်၏မျက်နှာကို ပြန်ကြည့်လိုက်သည်။

"ပထမဆုံး ပြဿနာတခုကို ငါ ဖြေရှင်းရမယ်၊ အဲဒါက တခြား မဟုတ်ဘူး၊ သူ ငါ့ကို ချစ်လာအောင် လုပ်ရမယ်" ဟူ၍ သူမက တွေးလိုက်မိလေသည်။

★

တစ်နေ့တုန်းက ဘဏ်သူဌေးကြီး ဟားဘရွတ်နှင့် တွေ့ဆုံပြီး နောက် အယ်လစ်ဇဘက်က ရိုးစ်အား သူမနှင့်လက်ထပ်ရန် ကမ်းလှမ်းစကား ဆိုခဲ့ခြင်း ဖြစ်သည်။

ဟားဘရွတ်ပြန်သွားသောအခါ အယ်လစ်ဇဘက်သည် ဆံပင်ကို သပ်သပ်ရပ်ရပ် ဖီးသင်ပြီးနောက် ရိုးစ်၏ရုံးခန်းသို့ လာခဲ့သည်။

သူမက သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက် ...

"ရိုးစ် ကျွန်မကို လက်ထပ်မလား ..."

သူမက ဆိုင်းမဆင့်ဗုံမဆင့်ဘဲ တဲ့တိုးကြီးပင် မေးလိုက်သည်။ ရိုးစ်၏မျက်နှာတွင် အံ့ဩရိပ်တွေ ဖုံးလွှမ်းသွားသည်။ ရိုးစ်က ပါးစပ်ဟ ရန် ပြင်သည်။ သို့သော် အယ်လစ်ဇဘက်က ကမန်းကတန်းဖြင့် ...



"အမှန်တကယ်တော့ ဒီလိုလုပ်တာ စီးပွားရေးအရ လုပ်ရတာပါ၊ ဘာဖြစ်လို့လဲဆိုရင် 'ရိုဖေးနှင့်သားများကုမ္ပဏီ' ဥက္ကဋ္ဌ ရာထူးကို ရိုးစ်ကို ပေးရင် ဘဏ်သူဌေးတွေက ကျွန်မတို့အကြွေးကို ရက်ရွှေ့ပေးဦးမယ် လို့ ပြောကြတယ်၊ အဲဒီလိုဖြစ်နိုင်ဖို့အတွက်ကလည်း ရိုးစ်အနေနဲ့ ရိုဖေးမိသားစုဝင် အမျိုးသမီးတစ်ယောက်ယောက်ကို လက်ထပ်မှသာ ဖြစ်နိုင်မယ်မဟုတ်လား၊ အဲဒီအမျိုးသမီးဆိုတာကလည်း ကျွန် . . . ကျွန်မ အပြင် ဘယ်သူမှ မရှိတော့ဘူးဆိုတော့ . . ."

မျက်နှာတစ်ပြင်လုံး ရှက်သွေးဖျန်းသွားသည်ကို သတိပြုလိုက်မိသည်။ သူမသည် မျက်နှာကို တစ်ဘက်သို့ လွှဲလိုက်သည်။

"တကယ်တော့ ဒါဟာ တကယ်အိမ်ထောင်ပြုတဲ့သဘော မဟုတ်ပါဘူး၊ သဘောကတော့ . . . ကျွန်မ ဆိုလိုတာက . . . ရိုးစ် အနေနဲ့ လွတ်လပ်ခွင့် ရှိပါတယ်၊ သွားချင်ရာ သွား၊ လာချင်ရာ လာနိုင် ပါတယ်"

ရိုးစ်က အယ်လစ်ဇဘက်၏ မျက်နှာကိုသာ ကြောင်ကြောင်ကြီး ကြည့်နေသည်။ အယ်လစ်ဇဘက်က ရိုးစ်အား တစ်ခုခုကို ပြန်ပြော စေချင်သည်။ ဘာစကားဖြစ်ဖြစ် စကားပြန်ရလျှင် ကျေနပ်ပါပြီ။

"ရိုးစ် . . ."

"ခွင့်လွှတ်ပါ . . . လစ်ဇ်၊ မင်း ငါ့ကို အံ့အားသင့်အောင် လုပ်လိုက်တာပဲ"

ရိုးစ်က ပြုံးရင်း . . .

"လှပတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ချစ်မေတ္တာ ကမ်းလှမ်းချက်ကို လူတစ်ယောက်အနေနဲ့ နေ့တိုင်း မရနိုင်ပါဘူး"

ရိုးစ်သည် စကားကို မနည်းထိန်းပြောနေရသည်။ သူက အယ်လစ်ဇဘက် စိတ်ထိခိုက်သွားမည်ကို အလွန်စိုးရိမ်မိသည်။

"မင်းမှာ တာဝန်ရှိတယ် . . . လစ်ဇ်"

ရိုးစ်က ပြောသည်။ အယ်လစ်ဇဘက်က သူမပခုံးပေါ်မှ ကြီး လေးသောတာဝန်ကြီးတစ်ခု ကျသွားသလို ထင်လိုက်ရသည်။ တာဝန်သည် မည်မျှအရေးကြီးကြောင်းကို ယခုအချိန်မှ သူမက သိ

ရမိသည်။ သူမသည် မည်သူက ရန်သူ၊ မည်သူက မိတ်ဆွေ ဆိုသည်ကို သိရန် အချိန်တွေ အများကြီး ပေးခဲ့ရသည်။

သူမနှင့် ရိုးစ်တို့နှစ်ယောက် လက်တွဲလုပ်ဆောင်သွားလျှင် ဖြစ်ပေါ်နေသော ပြဿနာတွေအားလုံး ပြေလည်သွားနိုင်သည်။ သူမ အနေဖြင့် သူ့ကို ပြတ်ပြတ်သားသားဖြစ်အောင် တစ်ခုသာ လုပ်စရာ ရှိတော့သည်။

"ရိုးစ်က ကုမ္ပဏီဥက္ကဋ္ဌ လုပ်ရမယ်၊ ဒါပေမဲ့ ထိန်းချုပ်ရှယ်ယာ ကိုတော့ ကျွန်မလက်ထဲမှာပဲ ထားမယ်"

ရိုးစ်က မျက်ခုံးတစ်ချက် ချီလိုက်ပြီး . . .

"ငါက ကုမ္ပဏီကို အုပ်ချုပ်ရမယ်ဆိုရင်"

"ဟုတ်တယ်၊ အုပ်ချုပ်ရမယ်"

"ဒါပေမဲ့ . . . ထိန်းချုပ်ရှယ်ယာ . . ."

"ဒါကတော့ ကျွန်မလက်ထဲမှာပဲ ရှိနေရမှာပဲ၊ ဆိုလိုတာက ကုမ္ပဏီကို ဘယ်သူ့မှ ရောင်းလို့မရဘူးဆိုတာ အားလုံး ပြတ်ပြတ်သားသား သိစေချင်တယ်"

"ဟုတ်ပါပြီ"

ဤအစီအစဉ်ကို များစွာ သဘောမကျကြောင်း ရိုးစ်၏ မျက်နှာက ဖော်ပြနေသည်။ သူမ၏ အတွင်းစိတ်အမှန်ကတော့ အမှန်အတိုင်းပင် ရိုးစ်အား ပြောပြလိုက်ချင်သည်။ ကုမ္ပဏီကို ရောင်းချရန်နှင့် အစုရှယ်ယာများကို ရောင်းချရန် တစ်ခါက သူမ ဆုံးဖြတ်ခဲ့ဖူးသည်။ ရိုးစ်ကို ဥက္ကဋ္ဌ တင်မြှောက်လျှင် ပြင်ပမှ ဘယ်သူတွေ ဝင်လာ ဝင်လာ သူမ အနေဖြင့် စိုးရိမ်စရာ မရှိတော့။ ၎င်းတို့အား ရိုးစ်က နိုင်နိုင်နင်းနင်း ထိန်းသွားနိုင်သည်။

သို့သော် ကုမ္ပဏီဖျက်ဆီးရန် ကျိတ်ကြံနေသူသည် မည်သူမည်ဝါ ဖြစ်သည်ဟူသောအချက်ကို မသိရသေးဘဲနှင့်တော့ အယ်လစ်ဇဘက်က ကုမ္ပဏီကို လက်မလွှတ်နိုင်။ ရန်သူကို တွေ့အောင် ရှာရ ဦးမည်။

သူမသည် သည်အကြောင်းတွေအားလုံးကို ရိုးစ်အား ဖွင့်ပြောလိုက်ချင်သည်မှာ ပါးစပ်ဖျားနေသည်။ သို့သော် ဖွင့်ပြောရန်





အချိန် မဟုတ်သေးဟု သူမက ယူဆသည်။ ထို့ကြောင့်လည်း အခြေအနေအရ လိုအပ်သော စကားကိုသာ သူမက ပြောလိုက်ရသည်။

"အဲဒီအချက်ကလွဲယင်တော့ တခြားလုပ်ငန်းအားလုံးကို ရိုးစ်က အာဏာပိုင်အဖြစ် လုပ်နိုင်ပါတယ်"

ရိုးစ်သည် ထိုင်ရာမှထရပ်လိုက်သည်။ သူသည် အယ်လစ်ဇဘက်အား အကြာကြီးကြည့်ရင်း လှေလာနေသည်။ နောက်ဆုံးတော့ သူက မေးလိုက်သည်။

"မင်းက ဘယ်တော့ လက်ထပ်စေချင်သလဲ"

"မြန်လေ ကောင်းလေပဲ"

★

အန်နာနှင့် နေမကောင်းသော ဝေါလသာတို့မှတစ်ပါး အားလုံးပင် ဇူးရစ်မြို့ မင်္ဂလာဆောင်ပွဲသို့ တက်ရောက်ကြသည်။ ဆာအလက်နှင့် ဗီဗီယံ၊ ချားမာတယ်နှင့် ဟယ်လင်၊ အိုင်ဗိုနှင့် ဆီမိုနတ်တာတို့ အားလုံးပင် မောင်နှံစုံ လာရောက်ကြသည်။

သူတို့အားလုံး အယ်လစ်ဇဘက်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပုံရသည်။ သို့သော် အယ်လစ်ဇဘက်ကတော့ ဟန်ဆောင်ပြုံးနေကြတာဟု၍သာ ထင်သည်။ တကယ်တော့ သူမသည် လက်ထပ်ထိမ်းမြားခြင်း မဟုတ်၊ စီးပွားရေး စီမံကိန်းတစ်ခုကို ဆောင်ရွက်လိုက်ခြင်းသာ ဖြစ်သည်မဟုတ်ပါလား။

ဆာအလက်က ဖက်လှဲတကင်း အမူအရာဖြင့် . . .

"အစစအရာရာ မင်း အောင်မြင်တိုးတက်ရေးအတွက် ငါ အမြဲတမ်း လိုလားနေတယ်ဆိုတာ မင်း သိပါတယ် . . . လစ်ဇ်"

"ကျွန်မ သိပါတယ် . . . အလက်၊ ကျေးဇူးတင်ပါတယ်"

ကြီးပွားချမ်းသာမှုကို လိုချင်တာက သူဌေးတောင်းစားရဲ့ အိပ်မက်၊ ချစ်မေတ္တာကို လိုချင်တာက ဘုရင်မင်းမြတ်ရဲ့ အိပ်မက် . . . တဲ့"

အိုင်ဗိုက သဘောတရား အဆိုအမိန့်တစ်ရပ်နှင့် မင်္ဂလာစကား

www.burmeseclassic.com



ဆိုသည်။

"အဲဒါ ဘယ်သူ ပြောတာလဲ"

အယ်လစ်ဇဘက်က ပြုံးပြီး မေးသည်။

"ငါ ပြောတာ၊ ရိုးစ်တော့ သူကိုယ်သူ အင်မတန် ကံကောင်းတဲ့လူ ဆိုပြီး ဝမ်းသာနေလိမ့်မယ်လို့ ငါ ထင်တယ်"

"ကျွန်မ သူ့ကို ပြန်မပြောပါဘူး"

အယ်လစ်ဇဘက်က ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်။

ဟယ်လင်က အယ်လစ်ဇဘက်အနီး ကပ်လာပြီး . . .

"ညည်းလုပ်ပုံကတော့ အံ့ဩမကုန်နိုင်စရာပဲ. . . တူမရယ်၊ ညည်းနဲ့ ရိုးစ်တို့က တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်စားနေကြလိမ့်မယ်ဆိုတာ ငါ့တော့ စိတ်တောင်မကူးမိပါဘူး"

"မမျှော်လင့်ဘဲ ဖြစ်သွားကြတာပါ အန်တီ"

ဟယ်လင်က အယ်လစ်ဇဘက်အား အေးစက်စက်မျက်လုံးများဖြင့် အကဲခတ်သလို ကြည့်နေသည်။

"ဟုတ်ပါတယ်. . . ငါကလည်း ဒီလိုပဲဖြစ်လိမ့်မယ်လို့ ထင်သားပဲ"

ပြီးတော့ သူမက နေရာမှ လျှောက်ထွက်သွားလေသည်။

မင်္ဂလာပွဲပြီးတော့ 'ဘော-အော-လက်' ဟိုတယ်တွင် ဧည့်ခံပွဲ ကျင်းပသည်။ အပေါ်ယံကြည့်လျှင်တော့ မင်္ဂလာဧည့်ခံပွဲမှာ အလွန် ပျော်စရာ ကောင်းသည်။ 'ရွှေမှုန့်ကြဲ' ပွဲတော်ကြီးပင် ဖြစ်သည်။ သို့သော် အတွင်းမှာတော့ အလွန်စိတ်ဆင်းရဲစရာကောင်းသည့် နောက်ချေးခံ အဖြစ်မျိုး။

အယ်လစ်ဇဘက်က အပူရှပ်ကိုပျော်ရှပ်ဆင်ကာ ပရိသတ်အကြားတွင် ဟန်ဆောင်လှုပ်ရှား ဧည့်ခံနေရသော်လည်း သူမ၏စိတ်ထဲမှာတော့ ငိုချင်လောက်အောင် စိတ်ဆင်းရဲနေရသည်။

သည်အခန်းထဲမှ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် သူမအား အလွန့်အလွန် မုန်းတီးနေသည်။ သူမအား ကျိန်ဆဲနေသည်ဟု ထင်မိသည်။ ထိုအတွေးသည် သူမ၏ နှလုံးသားထဲသို့ ဘယ်လို ဝင်ရောက်လာသည်ကိုတော့ သူမ မသိ။ သူမ သိတာကတော့ ဤအခန်းထဲတွင် သူမအား သတ်ပစ်ချင်နေသူတစ်ယောက်ယောက် ရှိနေသည်ဟူသော ခံစားချက်သာ ဖြစ်သည်။

သူမသည် အခန်းထဲရှိ လူတွေ၏မျက်နှာတွေကို အကဲခတ်ကြည့်လိုက်သည်။ အားလုံး ပြုံးရယ်နေကြသည်။ အားလုံး ပျော်ရွှင်နေကြသည်။ အားလုံး ချစ်ခင်ရင်းနှီးနေကြသည်။

သို့သော် သူမက ထိုအရာတွေကို လုံးဝ မယုံ၊ ဟန်ဆောင်နေကြခြင်းသာဖြစ်သည်ဟု နှလုံးသားမှ အလိုလို သိနေသည်။

ချားမာတယ်က အယ်လစ်ဇဘက်နှင့် ဖန်ခွက်ချင်း တို့ထိ၍ ဆုတောင်းမေတ္တာပို့သည်။ သို့သော် အယ်လစ်ဇဘက်၏စိတ်ထဲကတော့. . . 'ဓာတ်ခွဲခန်းကို ဖောက်ခဲ့တဲ့ ဗုံးကို ပါရီမြို့အပြင်ဘက်မှာရှိတဲ့ ရိုဖေးစက်ရုံတစ်ခုက ထုတ်လုပ်ကြောင်း သိရပါတယ်' ဟူသော အစီရင်ခံစာကို သတိရလိုက်မိသည်။

အိုင်ဗိုကလည်း ရွှန်းရွှန်းဝေအောင်ပြုံးရင်း အနီးသို့ ကပ်လာသည်။ သို့သော် အယ်လစ်ဇဘက်၏ စိတ်ထဲကတော့ . . .

"အီတလီနိုင်ငံပြင်ပကို မှောင်ခိုငွေစက္ကူ ခိုးထုတ်ဖို့ ကြိုးစားတဲ့ ဘဏ်တိုက်ပိုင်ရှင်ကို ပြန်လွှတ်လိုက်ပြီ၊ လူတစ်ယောက်က နယ်စပ်လုံခြုံရေးပုလိပ်ကို လက်ထောက်ချလိုက်တာဆိုပဲ၊ အဲဒီလူက. . . အိုင်ဗို ပလာဇီ. . . တဲ့" ဆိုသော သတင်းပို့ချက်ကိုသာ သတိရမိသည်။

ဒီတော့. . . အလက်က ဘယ်သူလဲ။ ဝေါလသာကကော ဘယ်သူလဲ၊ ပြီးတော့. . . ဘယ်သူကကော ဘယ်သူလဲ. . .၊

အယ်လစ်ဇဘက်သည် အတွေးသံသရာ လည်နေသည်။

★

နောက်နေ့နံနက်တွင် အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေး ကျင်းပသည်။ ရိုးစ်ဝီလျံကိုပင် ဥက္ကဋ္ဌအဖြစ် အများသဘောတူ တင်မြှောက်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင် ချားမာတယ်က အများစိတ်ထဲရှိနေသော ပြဿနာတစ်ရပ်ကို ပထမဦးစွာ တင်လိုက်သည်။

"အခုချိန်ကစပြီး ဒီကုမ္ပဏီကို ခင်ဗျားက တာဝန်ယူအုပ်ချုပ်ရပြီ၊ အဲဒီတော့ ကျုပ်တို့အစုရှယ်ယာတွေကို ရောင်းခွင့်ပြုဖို့ ရည်ရွယ်ပါသလား"

တစ်ခန်းလုံး အခြေအနေတင်းမာသွားသည်ကို အယ်လစ်ဇဘက်က အကဲခတ်မိလိုက်သည်။

"ထိန်းချုပ်ရှယ်ယာကို ကျွန်တော် မပိုင်ပါဘူး"

ရိုးစ်က ပရိသတ်အားလုံး၏မျက်နှာများကို အကဲခတ်လိုက်သည်။ ပြီးတော့ . . . ဆက်ပြောသည်။

"အယ်လစ်ဇဘက်လက်ထဲမှာပဲ ရှိပါတယ်၊ ရောင်းဖို့ မရောင်းဖို့ ဆိုတာက သူ့သဘောအတိုင်းပါပဲ"

အားလုံးပင် အယ်လစ်ဇဘက်ဘက်သို့ ပြိုင်တူလိုလို မျက်နှာလှည့်လိုက်ကြသည်။

"ကျွန်မတို့ ရောင်းဖို့ မရည်ရွယ်ပါဘူး"

★

ရုံးခန်းထဲတွင် ရိုးစ်နှင့် အယ်လစ်ဇဘက်တို့ နှစ်ယောက်တည်း သာကျန်နေရစ်သည်။

"ရိုယိုမြို့ကို မင်္ဂလာခရီးထွက်ကျရင် မကောင်းဘူးလား"

ရိုးစ်က မေးလိုက်သည်။

အယ်လစ်ဇဘက်က သူ့မျက်နှာကို ကြည့်လိုက်သည်။ သူ့ အလွန် အားတက်သွားသည်။ ရိုးစ်က လိုရင်းအချက်ကို ပြောင်းပြော ပင် ဆက်ပြောသည်။

"အဲဒီက တို့မန်နေဂျာက အလုပ်ထွက်မယ် တကဲကဲလုပ်တ သူ့ကို လက်လွှတ်မခံနိုင်ဘူး၊ သင့်သလို ကြည့်စီစဉ်ရအောင် မနက် အဲဒီကို ခရီးထွက်ဖို့ စီစဉ်ထားပြီးပြီ၊ သတို့သမီးမပါတဲ့ ငါ တစ်ယော



တည်း သွားရင် တစ်မျိုးကြီး ဖြစ်နေလိမ့်မယ်"

အယ်လစ်ဇဘက်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပါတယ်၊ သွားတာပေါ့"

ပြီးတော့ သူမက စိတ်ထဲမှ ကျိတ်ပြီး သူမကိုယ်သူမ အပြစ်တင်နေမိသည်။

"အယ်လစ်ဇဘက် . . . ညည်းက အရူးပဲ၊ ဒါဟာ ညည်း အကြံအစည်ပဲ၊ လက်ထပ်တာ မဟုတ်ဘူး၊ စီးပွားရေးလုပ်ငန်း အစီအစဉ်တစ်ခုပဲ၊ ညည်းဟာ ရိုးစ်ဆီက ဘာကိုမှ မျှော်လင့်ပိုင်ခွင့် မရှိပါဘူး"

ပြီးတော့ . . . သူမ တစ်ကိုယ်ကြား ဆက်ပြီး တွေးလိုက်မိတာကတော့ 'အနာဂတ်မှာ ဘာဖြစ်လာဦးမယ်ဆိုတာ ဘယ်သူ သိနိုင်ပါ့မလဲလေ'

★

ဝါလီယိုလေဆိပ်တွင် လေယာဉ်ပျံပေါ်မှ ဆင်းလိုက်သည်။ ရာသီဥတုသာယာ၍ လေကလည်း အုံ့ဩဖွယ် နွေးထွေးနေသည်။ သည်ရာသီမှာ ရိုယိုမြို့၏ နွေရာသီဖြစ်ကြောင်း အယ်လစ်ဇဘက်က သတိပြုလိုက်မိသည်။

သူတို့အား မာစီဒီး ၆၀၀ ကားတစ်စီးက အသင့်စောင့်နေသည်။ ကားဒရိုင်ဘာမှာ ပိန်ပိန်ပါးပါးနှင့် အသားညိုသည်။ အသက် နှစ်ဆယ် ကျင်သာ ရှိသေးသည်။

နှစ်ယောက်သား ကားပေါ်သို့ တက်လိုက်ကြသည်။

"လူဝီ ဘယ်ရောက်နေသလဲ"

ရိုးစ်က ကားဒရိုင်ဘာကို မေးလိုက်သည်။

"လူဝီ ဖျားနေပါတယ် ဆရာ၊ သူ့အစား ကျွန်တော်ပဲ ပို့ပေးပါမယ်"

"လူဝီကို ပြောလိုက်ပါ၊ မြန်မြန်နေကောင်းပါစေလို့ ငါက ဆုတောင်းလိုက်တယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာက ကားမှန်ထဲမှနေပြီး နောက်ဘက်မှ ခရီးသည်နှစ်ဦးကို အကဲခတ်ကြည့်လိုက်သည်။ ပြီးတော့ သူက ပြောသည်။

"ဟုတ်ကဲ့. . . ကျွန်တော် ပြောလိုက်ပါ့မယ် ဆရာ"

နောက်နာရီဝက်ခန့်အကြာတွင် မာစီဒီးကားသည် ကိုပါကဘာနာ ကမ်းခြေအတိုင်း ပြန့်ပြူးသော ရောင်စုံကျောက်ပြားခင်း လမ်းမကြီး ပေါ်တွင် အရှိန်ဖြင့် ပြေးလျက်ရှိသည်။

မကြာမီတွင် 'ပရင့်စက်ဆာဆူဂါးလုတ်' ဟိုတယ်ရှေ့၌ ကားကို ရပ်လိုက်သည်။ အယ်လစ်ဇဘက်နှင့် 'ရိုးစ်တို့သည် ခန်းမကျယ်ကြီး တစ်ခုထဲသို့ ဝင်လာကြသည်။ ယင်းအခန်းကြီးထဲတွင် အိပ်ခန်း လေးခန်း၊ ဧည့်ခံ တစ်ခန်း၊ မီးဖိုချောင်ခန်း တစ်ခန်းရှိပြီး ကျယ်ပြန့်သော လသာဆောင်ကြီးမှာ ပင်လယ်ပြင်ဘက်သို့ မိုးလျက်ရှိသည်။ အခန်း ထဲတွင် ငွေပန်းအိုးများနှင့် ဝီစကီ၊ ရှန်ပိန်အရက်ပုလင်းများ၊ ချော ကလက်ဘူးများနှင့် ပြည့်နှက်နေသည်။ ဟိုတယ်မန်နေဂျာက သူတို့ အား လောကဝတ်ပျူငှာ လိုက်လံပြသပြီး နေရာထိုင်ခင်း စီစဉ်ပေးသည်။

"လိုတာရှိရင် ပြောသာပြောပါ၊ အားနာစရာမရှိပါဘူး ခင်ဗျာ ကျွန်တော့်ကို နှစ်ဆယ့်လေးနာရီအတွင်း ဘာမဆို ခိုင်းနိုင်ပါတယ်"

မန်နေဂျာက ဦးညွှတ်အရိုအသေပေးပြီး ပြန်ထွက်သွားသည်။

"တော်တော် ဧည့်ဝတ်ကျေပွန်တာပဲနော်"

အယ်လစ်ဇဘက်က ပြောလိုက်သည်။

ရိုးစ်က အသံထွက်ပြီး ရယ်လိုက်သည်။

"မတွေ့ဘဲ နေပါ့မလား၊ ဒီဟိုတယ်က မင်းပိုင်တဲ့ ဟိုတယ်ပဲ"

အယ်လစ်ဇဘက်က ကိုယ့်ကိုယ်ကိုယ် ရှက်သွားမိသည်။

"အို . . . ဟုတ်ပါရဲ့၊ ကျွန်မဖြင့် လုံးဝကို မသိဘူး"

"ဆာနေပြီလား"

"ကျွန်မ . . . ဟင့်အင်း၊ ကျေးဇူးပါပဲ"

"ဒါဖြင့် ဝိုင်နည်းနည်း သောက်လိုက်ပါလား"

"ကောင်းသားပဲ . . . ကျေးဇူးတင်ပါတယ်"



သူမက ပြောသာပြောလိုက်ရသော်လည်း ကိုယ့်အသံကိုယ် မယုံ သလို ခံစားလိုက်မိသည်။ တကယ်တော့ သူမအနေဖြင့် ဘယ်လို ပြော ဆိုဆက်ဆံရမည် ဆိုတာကိုလည်း မသိသလို ဖြစ်နေသည်။ ရိုးစ်ဆီက ဘာကို မျှော်လင့်ရမယ်ဆိုတာကိုလည်း မစဉ်းစားတတ်အောင် ဖြစ် နေသည်။ ခုနေခါတွင် သူမက ရိုးစ်အား သူစိမ်းတစ်ရံဆံလို ထင်နေမိ သည်။ ယခုအချိန်တွင် သူတို့နှစ်ယောက်သား ဟိုတယ်အိပ်ခန်းကြီး တစ်ခုထဲသို့ ပျားရည်ဆမ်းခရီးဖြင့် ရောက်ရှိနေကြသည်။ မကြာမီ နေဝင်တော့မည်။ နေဝင်လျှင် အိပ်ရာထဲ ဝင်ကြရတော့မည်။

သည်အတွေးက အယ်လစ်ဇဘက်အား နေမထိထိုင်မသာ ဖြစ် အောင် ချောက်လှန့်နေသည်။

ရိုးစ်က ရှန်ပိန်အရက်ပုလင်းကို ကျွမ်းကျွမ်းကျင်ကျင် ဖွင့်နေ သည်။ သူသည် အရာရာကို သိမ်သိမ်မွေ့မွေ့နှင့် ကျွမ်းကျွမ်းကျင်ကျင် ပြုလုပ်တတ်သည်။ သူ ဘာကို လိုချင်ပြီး ဘယ်လိုရအောင် လုပ်ရမည် ဆိုတာကို အတိအကျ သိထားသူတစ်ယောက် ဖြစ်သည်။

ရိုးစ်က အရက်ခွက်ကို အယ်လစ်ဇဘက်အား လှမ်းပေးပြီး သူ့ခွက်နှင့် တို့ထိလိုက်ယင်း . . .

"ကဲ. . . အစ ကောင်းပါစေ"

"အစ ကောင်းပါစေ"

တစ်ပြိုင်တည်းပင် အယ်လစ်ဇဘက်က . . .

"အနှောင်းလည်း ကောင်းပါစေ" ဟု စိတ်ထဲမှ ကျိတ်ပြီး ဆုတောင်းလိုက်သည်။

အရက်ခွက်ကိုမြှောက်ကာ နှစ်ယောက်သား သောက်လိုက်ကြ သည်။

အယ်လစ်ဇဘက်သည် ရိုးစ်အပေါ်တွင် မြတ်နိုးစိတ်တွေ တဖွား ဖွား ဖြစ်ပေါ်လာသည်။ ယခင်ကလည်း မြတ်နိုးခဲ့သည်။ ယခုလည်း မြတ်နိုးသည်။ ဖြစ်နိုင်မည်ဆိုလျှင် တစ်သက်လုံး မြတ်နိုးသွားချင်သည်။

တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသည်။ ရိုးစ်က ဖုန်းကို ကောက်ကိုင်ပြီး စကားတစ်ခွန်း ပြောသည်။ ထို့နောက် . . .

www.burmeseclassic.com

www.burmeseclassic.com



"ညဉ့်နက်နေပြီ ၊ အိပ်ယာလေး ဘာလေး ပြင်ပါတော့လား"

'အိပ်ရာ' ဟူသောစကားကို ကြားလိုက်ရတော့ အယ်လစ်ဇဘက် ရင်ထဲမှာ ဒိတ်ခနဲ ဖြစ်သွားသည်။ သူမက . . .

"ဟုတ်ကဲ့" ဟု မပွင့်တပွင့်ပြောပြီး အိပ်ခန်းထဲ ဝင်လာခဲ့သည်။ အိပ်ခန်းအလယ်တွင် နှစ်ယောက်အိပ် ခုတင်ကြီး ပြင်ထားသည်။ ဟိုတယ်မယ်ကလေးတစ်ယောက်က အဝတ်အစားသေတ္တာများ ဖွင့်ကာ အိပ်ရာပြင်ဆင်နေသည်။ ခုတင်တစ်ဘက်တွင် အယ်လစ်ဇဘက်၏ ပိုးသားညဝတ်ရုံပြာကို တင်ထားသည်။

အယ်လစ်ဇဘက်က ခုတင်ကြီးကိုကြည့်ရင်း စိတ်ထဲ မသိုးမသန့် ဖြစ်နေမိသည်။ ပြီးတော့ သူမကိုယ်ပေါ်မှ အဝတ်များကို ချွတ်ချလိုက်သည်။ ကိုယ်လုံးပေါ်မှန်ကြီးရှေ့သို့ ရောက်လာခဲ့သည်။မျက်နှာပေါ်မှ မိတ်ကပ်များကို စင်အောင်ဖျက်ပြီးနောက် တူရကီကိုယ်သုတ်ပဝါကြီး ခြုံကာ ရေချိုးခန်းထဲသို့ ဝင်လာခဲ့သည်။

သူမသည် ရေချိုးဇလားကြီးထဲသို့ ဆင်းပြီး စိမ်ပြေနပြေ ရေချိုးနေသည်။ ရေချိုးနေရင်း သူမစိတ်က ရိုးစ်အကြောင်းကိုသာ တွေးနေမိသည်။ မတွေးမိရန်လည်း စိတ်ကို အကြိမ်ကြိမ် တင်းသည်။ သို့သော် မတွေးဘဲမနေနိုင်အောင် စိတ်က လွတ်သွားသည်။ ရိုးစ်၏ အတွေ့အထိကို တယုတယခံစားလိုစိတ်က ပေါ်၍ ပေါ်၍ လာသည်။

တွေးသာ တွေးရသော်လည်း ကိုယ်လိပ်ပြာကိုတော့ ကိုယ် ပြန်ရှက်မိသည်။ သူမစိတ်ထဲတွင် သံသယလေးများ ပွားနေမိသေးသည်။

ကုမ္ပဏီကိုကယ်ဖို့ သူ ငါ့ကို လက်ထပ်တာလား၊ ဒါမှမဟုတ် ငါ့ကို လိုချင်လို့ ကုမ္ပဏီကို ခုတုံးလုပ်တာလား။ သူမသည် ရှေ့ဆက်မတွေးရဲတော့။

သူမဆန္ဒသည် မီးလို ပူလောင်လာသည်။ မီးခဲပြာဖုံးသလို တအုံနွေးနွေး နှစ်ပေါင်းများစွာ ငုပ်လျှိုးနေခဲ့ရသော ဆန္ဒသည်လည်း တညည်းညည်း တောက်လောင်လာသည်။ ထိုမှတဆင့် သူမသည် မွှတ်သိပ်ဆာလောင်မှုကို ပြင်းပြင်းပြပြ ခံစားလာရသည်။

အယ်လစ်ဇဘက်သည်ရေချိုးကန်ထဲမှ လှမ်းထွက်လိုက်သည်။



နွေးထွေးနူးညံ့သော ကိုယ်သုတ်ပဝါဖြင့် တစ်ကိုယ်လုံးကို စင်အောင် သုတ်သည်။ ပိုးသားညဝတ်ရုံကြီးကို ခြုံသည်။ ဆံပင်ကို ကျောပြင်သို့ ဖြန့်ချလိုက်သည်။ ပြီးတော့ အိပ်ယာထဲ ဝင်ခဲ့သည်။

သူမ ထိုင်စောင့်နေသည်။ စဉ်းစားနေသည်။ ဘာတွေများ ဖြစ်လာမလဲ။ သူ ဘယ်လိုများ နေလိမ့်မလဲ၊ ရင် တဒိတ်ဒိတ် ခုန်လာသည်။

အသံ ကြားရသည်။ မျက်နှာကို မော့ကြည့်လိုက်သည်။ တံခါးဝတွင် ရိုးစ်ရပ်နေသည်။ ဝတ်စုံ အပြည့်အစုံနှင့်။

"ငါ အပြင်ကို ထွက်လိုက်ဦးမယ်"

အယ်လစ်ဇဘက်က ခုတင်ပေါ်တွင် ထထိုင်သည်။

"ဘယ် . . . ဘယ်ကို သွားမှာလဲ"

"အလုပ်ကိစ္စ ရှိလို့ပါ"

ပြီးတော့ သူက လှည့်ထွက်သွားသည်။

★

အယ်လစ်ဇဘက်သည် တစ်ညလုံး တစ်မှေးကလေးမှ အိပ်၍ မပျော်။ အိပ်ရာပေါ် ဘယ်လူးညာလှိမ့်ရင်းဖြင့်သာ ထွေရာစိတ်ကူးနေမိသည်။ သူမအတွေးများက မကြည်လင်၊ မပြတ်သား။ ဗလုံးဗထွေးဖြင့် အားပြိုင် တိုက်ခိုက်နေကြသည်။

ရိုးစ်က သူမအပေါ်တွင် ကတိသစ္စာ စောင့်ထိန်းသည်။ သည်အတွက် သူ့ကိုလည်း ကျေးဇူးတင်မိသည်။ သူမကိုယ်သူမလည်း ကျေးဇူးတင်မိသည်။ တစ်ဘက်ကလည်း သူမကိုယ်သူမ တွေးပြီး ရှက်စိတ်ပေါ်မိသည်။ သူမ ထင်သလို ဖြစ်မလာ၍ သူမမှာ အရှုံးဖြစ်ရသည်။ သူက သူမ၏ဆန္ဒကို ပညာသားပါပါဖြင့် ငြင်းပယ်ခဲ့သည်။ ထို့ကြောင့် သူ့ကိုလည်း ဒေါသဖြစ်မိသည်။ ကိုယ့်ကိုယ်ကိုယ်လည်း ဒေါသ ဖြစ်ရသည်။

ရိုးစ်ပြန်ရောက်လာသံကို ကြားရသည်။ မိုးလင်းလုပြီ။ သူ့ခြေသံ

www.burmeseclassic.com

www.burmeseclassic.com



များက အိပ်ခန်းနှင့် တဖြည်းဖြည်း နီးကပ်လာသည်။ အယ်လစ်ဇဘတ်က အိပ်မောကျနေသလို မျက်လုံးတွေ မှိတ်ထားလိုက်သည်။ နိုစ်သည် ခုတင်ဘေးမှာ လာရပ်သည်။ သူ့အသက်ရှူသံကို အယ်လစ်ဇဘက် ကြားနေရသည်။ သူက ခုတင်ဘေးမှာ ရပ်ကာ အယ်လစ်ဇဘက်ကို အကြာကြီး ကြည့်နေသည်။ ပြီးတော့ ပြန်လှည့်ပြီး အခြားအခန်းတစ်ခန်းသို့ ဝင်သွားသည်။

မကြာမီတွင် အယ်လစ်ဇဘက် အိပ်ပျော်သွားလေသည်။

အတော်ကြီးနေမြင့်တော့မှ သူတို့နှစ်ယောက် အပြင်လသာဆောင်တွင် နံနက်စာ စားကြသည်။ ရီးစ်မျက်နှာက ရွှင်လန်းနေသည်။ တစ်ကိုယ်လုံး မြူးကြွနေသည်။ သူက စားရင်းသောက်ရင်း စကားတွေတတွတ်တွတ် ပြောသည်။ ပွဲတော်ရက်များတွင် ရီယိုမြို့၏ ပျော်စရာကောင်းပုံတွေကိုလည်း ရွှန်းရွှန်းဝေအောင် ပြောပြသည်။ သို့ပေမယ့် ညတုန်းက သူ ဘယ်မှာသွားအိပ်သည်ဆိုတာကိုတော့ တစ်ခွန်းတစ်ပါဒမျှ မဟ။ အယ်လစ်ဇဘက်ကလည်း လုံးဝ မမေး။

သူတို့အတွက် အစားအသောက် မှာတုန်းကတော့ စားပွဲထိုးတစ်ယောက်၊ လာချပေးတဲ့အခါမှာတော့ အခြားတစ်ယောက်။

ဤထူးခြားချက်ကို အယ်လစ်ဇဘက် အမှတ်မထင် သတိပြုလိုက်မိသည်။ ပြီးတော့ ဟိုတယ်မယ်တွေ တစ်ယောက်ပြီးတစ်ယောက် ခြေချင်းလိမ်နေသည်ကိုလည်း သူမက မျက်စိကျသည်။

သို့သော် သူမက ဒါတွေကို ခေါင်းကိုက်ခံပြီး စဉ်းစားမနေတော့။

★

အယ်လစ်ဇဘက်နှင့် ရီးစ်တို့ နှစ်ယောက်သား ရီယိုမြို့ပြင်ရှိ ရိုဖေးနှင့်သားများကုမ္ပဏီပိုင်စက်ရုံကို လျှောက်ကြည့်ကြသည်။ ပြီးတော့ စက်ရုံမန်နေဂျာ၏ ရုံးခန်းသို့ လာခဲ့ကြသည်။ မန်နေဂျာမှာ လူလတ်ပိုင်းအရွယ်ဖြစ်သည်။ သူ့နာမည်က ရိုဗတ်တိုတူးမား။

စက်ရုံမန်နေဂျာက ခရီးရောက်မဆိုက်ပင် သူ့အခြေအနေကို



တင်ပြသည်။

"တကယ်တော့ ပြောပြစရာတောင် မလိုပါဘူး၊ ကျွန်တော့်အခြေအနေကို ခင်ဗျားတို့ သိပြီးသားဖြစ်မှာပါ။ ရိုဖေးနှင့်သားများကုမ္ပဏီကို ကျွန်တော် အသက်ထက်တောင် ပိုချစ်ပါတယ်၊ ဒီကုမ္ပဏီဟာ ကျွန်တော့်မိသားစုပါပဲ၊ ကျွန်တော် ဒီက ထွက်သွားရင် မိသားစုကို ပစ်ပြီးထွက်သွားတာနဲ့ အတူတူပါပဲ၊ ကျွန်တော်လည်း အသည်းကွဲမှာပဲ၊ ဖြစ်နိုင်ရင် ကျွန်တော် ဘယ်ကိုမှ မသွားချင်ပါဘူး၊ ဒီမှာပဲ နေချင်တယ်"

သူက နဖူးမှ ချွေးကို သုတ်ရင်း . . .

"ဒါပေမဲ့ ခု ကျွန်တော့်ကို အခြားကုမ္ပဏီတစ်ခုက လခကောင်းကောင်း ပေးနေပါတယ်၊ ကျွန်တော့်မှာ မိန်းမလည်း ရှိတယ်၊ ကလေးတွေလည်း ရှိတယ်၊ ယောက္ခမကြီးလည်း ရှိတယ်၊ သူတို့ကို ထည့်မတွက်လို့ မရဘူး၊ ကျွန်တော်ပြောတာကို နားလည်ပါလိမ့်မယ်"

ရီးစ်သည် ခြေထောက်များကို ရှေ့သို့ဆန့်ရင်း ကိုယ်ကို ကုလားထိုင်နောက်သို့ မှီလိုက်သည်။

"ကျုပ် နားလည်ပါတယ် ရိုဗတ်တို၊ ဒီကုမ္ပဏီဟာ ခင်ဗျားအတွက် ဘယ်လောက်အဓိပ္ပာယ်ရှိတယ်ဆိုတာ ကျုပ်သိပါတယ်၊ ခင်ဗျား ဒီမှာ အကြာကြီး အလုပ်လုပ်ခဲ့ရပြီးပြီ၊ လူတစ်ယောက်ဟာ မိသားစုအတွက် ထည့်မတွက်လို့ မရဘူးဆိုတာလည်း ကျုပ် နားလည်ပါတယ်"

"ဒီလိုပြောတာကျေးဇူးတင်ပါတယ်၊ ကျွန်တော် ခင်ဗျားကိုလည်း အများကြီး လေးစားပါတယ် ရီးစ်"

"ဒါနဲ့ ခင်ဗျားနဲ့ ကျုပ်တို့ ချုပ်ထားတဲ့စာချုပ်မှာ ဘယ်လိုရေးထားသလဲ"

တူးမားက ပခုံးတစ်ချက်တွန့်လိုက်ရင်း . . .

"အဲဒါက စာရွက်တစ်ခုပါဗျာ၊ ဆုတ်ပစ်လိုက်ရင်လည်း ရတာပဲ မဟုတ်ဘူးလား၊ လူတစ်ယောက်ဟာ သူ့စိတ်ထဲမှာ မချမ်းသာတော့ဘူးဆိုရင် အဲဒီစာချုပ်က ဘာအဓိပ္ပာယ် ရှိတော့မှာလဲ"

ရီးစ်က ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့်မို့လို့ ကျုပ်တို့ ဒီကို လာခဲ့တာပေါ့ ရိုဗတ်တို၊ ခင်ဗျားတို့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာအောင် လုပ်ပေးဖို့ လာခဲ့တာပါ"

တူးမားက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဟာ . . . အဲဒါမှ ဒုက္ခပါပဲ၊ စောစောက သိရရင်လည်း အကောင်းသား၊ ခုတော့ နောက်ကျကုန်ပြီ၊ ကျွန်တော်က တခြား ကုမ္ပဏီတစ်ခုမှာ သွားလုပ်ဖို့ သဘောတူလိုက်ပြီးပြီ"

ဤတွင် ရီးစ်က ခပ်တည်တည်ဖြင့် . . .

"ခင်ဗျား အခု ထောင်ထဲဝင်ရတော့မယ်ဆိုတာ အဲဒီကုမ္ပဏီက သိရဲ့လား"

တူးမားက ဖျတ်ခနဲ လန့်သွားပြီး . . .

"ဟင် . . ထောင် ဟုတ်လား"

"ဟုတ်တယ် . . . ခင်ဗျား ထောင်ကျတော့မယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်း လာဘ်ပေးလာဘ်ယူခဲ့တဲ့ နိုင်ငံခြားကုမ္ပဏီတွေက သူတို့ လုပ်ခဲ့မိတဲ့ လာဘ်ပေးလာဘ်ယူ စာရင်းတွေကို အတိအကျ တင်ပြဖို့ အမေရိကန်က အမိန့်ထုတ်ထားပြီးပြီ၊ ခင်ဗျားလည်း ဒီအထဲ ပါဝင်နေတယ် ရီဗတ်တို၊ ခင်ဗျား ဥပဒေကို ချိုးဖောက်ထားတယ် ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ ကျုပ်တို့ကုမ္ပဏီရဲ့ သစ္စာရှိ မိသားစုဝင် တစ်ယောက်ပဲ၊ ဒါပေမဲ့ ခင်ဗျား ကျုပ်တို့ဆီက ထွက်သွားရင်တော့ ကျုပ်တို့က ဘာမှ အကာအကွယ်ပေးနိုင်မှာ မဟုတ်ဘူး"

"ဒါပေမဲ့ ကျွန်တော်လုပ်တာက ကုမ္ပဏီအတွက် လုပ်ခဲ့တာပါ ခိုင်းလို့ လုပ်ရတာပါ"

"ဟုတ်ပါပြီ . . အဲဒါကို တရားခွင်မှာ ခင်ဗျား ထုချေနိုင်ပါတယ်"

ရီးစ်က မတ်တပ်ထရပ်လိုက်ပြီး . . .

"ကဲ . . တို့ပြန်ကြရင် ကောင်းမယ်" ဟု အယ်လစ်ဇဘက်အား ဆက်ပြောလိုက်သည်။

"ခဏနေပါဦး . . . ကျွန်တော့်ကို ဒီလိုပစ်ထားခဲ့ပြီး ထွက်သွားတော့မှာလား"

"ခင်ဗျားက ပြတ်မှ မပြတ်သားဘဲ၊ ခုပဲ ဒီကုမ္ပဏီက ထွက်သွားဖို့ လုပ်နေပြီ"



တူးမားက နဖူးမှချွေးကို သုတ်လိုက်သည်။ သူ့နှုတ်ခမ်းများ တရွရွ လှုပ်နေသည်။ သူသည် ပြတင်းပေါက်သို့ လျှောက်သွားလိုက်ပြီး အပြင်ဘက်ကို လှမ်းကြည့်လိုက်နေသည်။ တစ်ခန်းလုံး အပ်ကျသံ ကြားရမတတ် တိတ်ဆိတ်နေသည်။ နောက်ဆုံး သူက နောက်ပြန် လှည့်မကြည့်ဘဲ ပြောလိုက်သည်။

"ကျွန်တော် ဒီကုမ္ပဏီမှာ ဆက်နေရင် ကျွန်တော့်အမှုအတွက် အကာအကွယ် ပေးမလား"

"ဒါပေါ့ဗျ"

★

သူတို့သည် မာစီးဒီးကားထဲ ဝင်ထိုင်လိုက်ကြသည်။ တမြန်နေ့က ပိန်ပိန် ဝါးဝါး အသားညိုညို ဒရိုင်ဘာကပင် ကားကိုမောင်းပြီး မြို့တွင်းသို့ ဦးတည်လာခဲ့သည်။

"ရှင်က သူ့ကို မတရားသက်သက် အကြပ်ကိုင်လိုက်တာပဲ"

အယ်လစ်ဇဘက်က မကျေနပ်သလို အသံမာမာဖြင့် ရီးစ်အား ပြောလိုက်သည်။

ရီးစ်က ခေါင်းညိတ်ပြီး ဝန်ခံသည်။

"မလုပ်မဖြစ်လို့ လုပ်လိုက်ရတာပဲ၊ သူ့ အလုပ်က ထွက်သွားတာကို ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ဘူး၊ သူက တို့နဲ့ ပြိုင်ဘက်ကုမ္ပဏီကို သွားမှာ၊ သူက တို့လုပ်ငန်းအကြောင်း ချေးခါးအူမ အကုန်သိတာ၊ သူထွက်သွားရင် တို့ရဲ့ လျှို့ဝှက်လုပ်ငန်းတွေအားလုံး အပြင်ရောက် ကုန်မှာပဲ"

အယ်လစ်ဇဘက်က ရီးစ်၏မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ အင်း . . . ငါ . . . သူ့ဆီက လေ့လာစရာတွေ တစ်ပုံကြီး ရှိနေပါသေး သလား။

ထိုနေ့ညနေတွင် သူတို့နှစ်ယောက်သား 'မီရင်ဒါ' ဟိုတယ်တွင် ညစာ သွားစားကြသည်။ ရီးစ်မှာ ခါတိုင်းလိုပင် မြူးမြူးကြကြ ရွှင်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



လန်းလန်းနှင့် တည်တည်ကြည်ကြည် ရှိနေသည်။ စကားတွေလည်း ရွှန်းရွှန်းဝေအောင် ပြောနေသည်။ အယ်လစ်ဇဘက်ကတော့ ရီးစ်ကို ဟန်ဆောင်နေသူ ထင်သည်။ သူ့ရင်ထဲက ခံစားချက်ကို အမှန်အတိုင်း မပြောဘဲ ဟန်ဆောင်လုပ်ပြောနေသည်ဟုသာ ယူဆသည်။

ညစာစားပြီးသောအခါ အချိန်မှာ ဆယ့်နှစ်နာရီကျော်နေပြီ။ အယ်လစ်ဇဘက်က ရီးစ်နှင့်အတူ နေရသည်ကို ပျော်သည်။ စိတ်ချမ်းသာသည်။ ညစာစားပြီးလျှင် သူတို့တည်းခိုသည့် ဟိုတယ်သို့ တန်းပြန်လိမ့်မည်ဟု သူမက ထင်ခဲ့သည်။ ယခုတော့ သူမ ထင်သလို မဟုတ်။

"မင်းကို ရီယိုမြို့ရဲ့ ညကမ္ဘာကို လိုက်ပြမယ်" ဟု ရီးစ်က ပြောပြီး ညကလပ်တွေကို တစ်ခုပြီးတစ်ခု လျှောက်ပြသည်။

တွေ့ရသမျှ လူတိုင်းက ရီးစ်ကို သိနေကြသည်။ ရောက်လေရာ နေရာတိုင်းတွင် သူ့ဆီသို့သာ လူတွေ ဝိုင်းလာကြသည်။ သူ့ကို ယောက်ျားတိုင်းက ခင်မင်လေးစားကြသည်။ မိန်းမတိုင်းက ချစ်ခင်စွဲလမ်းကြသည်။ သူတို့စုံတွဲကို စားပွဲတိုင်းက ဟိုကလာပါ ဒီကလာပါနှင့် အလုအယက် ဖိတ်ခေါ်ကြသည်။ သူတို့စားပွဲသို့ လူတွေ စုပြုံလာကြသည်။

စတုတ္ထမြောက် ညကလပ်တစ်ခုရောက်တော့ ရီးစ်၏မိတ်ဆွေ ဒါဇင်ဝက်လောက်နှင့် သွားဆုံသည်။ သို့ဖြင့် သူတို့အားလုံး တစ်စားပွဲတည်း ထိုင်လိုက်ကြသည်။ ပြီးတော့ သူတို့အားလုံး နီးရာလူချင်း ရောက်တတ်ရာရာ အလွှာပ သလွှာပ စကားတွေ ပြောကြသည်။

ရီးစ်မှာ စပိန်သူချောချောကလေးတစ်ယောက်နှင့် စကား လက်ဆုံကျနေသည်။ သူတို့နှစ်ယောက်ကို ကြည့်ပြီး အယ်လစ်ဇဘက် ရင်ထဲက ယားကျိယားကျိ ဖြစ်နေမိသည်။ သို့ဖြင့် သူမက သူတို့အနား သွားရပ်ပြီး . . .။

"ကဲ . . . ကျွန်မတို့ကို ခွင့်ပြုပါဦး၊ ကျွန်မက ကျွန်မယောက်ျားနဲ့တောင် တစ်ပွဲမှ မကရသေးဘူး" ဟူ၍ ပြောင်ပြောင်ပင် ပြောချလိုက်သည်။

ရီးစ်က သူမ၏မျက်နှာကိုကြည့်ပြီး အံ့အားသင့်နေသည်။ ပြီးတော့ သူက ထိုင်ရာမှ ထရပ်ပြီး . . .

"ဟုတ်သားပဲ ကျွန်တော် သတို့သမီးကို ချောင်ထိုးထားသလို ဖြစ်နေပြီ" ဟု အရှက်ပြေ ပြောလိုက်သည်။

ထို့နောက် သူက အယ်လစ်ဇဘက်လက်ကိုဆွဲပြီး ဇာတ်ခုံဘက်သို့ သွားမည်ပြုသည်။ အယ်လစ်ဇဘက်က သဘောမကျဟန်ဖြင့် မတ်တပ်ကြီး ရပ်နေသည်။

"မင်း စိတ်ဆိုးသွားသလား"

ရီးစ်က သူမ၏မျက်နှာကို ကြည့်ပြီး မေးလိုက်သည်။

တကယ်တော့ ရီးစ်မေးလိုက်တာ မှန်သည်။ အယ်လစ်ဇဘက်က သူမကိုယ်သူမ စိတ်ဆိုးနေမိသည်။

အမှန်ကတော့ သူမကပဲ စတင်ပြီး ဥပဒေတွေ၊ စည်းကမ်းတွေ ချမှတ်ခဲ့သည်။ ရီးစ်က စည်းကမ်းကို တစ်သဝေမတိမ်း လိုက်နာခဲ့သည်။ ထို့ကြောင့် သူမမှာ စိတ်မကောင်း ဖြစ်ခဲ့ရသည်။ သူမကိုယ်သူမ ဒေါသထွက်ခဲ့ကြသည်။

ရီးစ်၏စိတ်ထဲ ဘယ်လိုခံစားနေရသည်ဆိုတာကို သူမက လုံးဝ မှန်းဆ၍ မရ။ သူက သိက္ခာကိုငဲ့ပြီး ယခုလို စည်းကမ်းကို ထိန်းနေတာလား၊ ဒါမှမဟုတ် သူမအပေါ်မှာ စိတ်မဝင်စားလို့ သူမကို မချစ်လို့ ယခုလို မထုံတက်တေး လုပ်နေတာလား။ ဘာပဲဖြစ်ဖြစ် အမှန်အတိုင်း သိအောင်တော့ သူမအနေနဲ့ ကြိုးစားရမှာပါပဲ။

"ဒီလူတွေနဲ့ ပတ်သက်ပြီး ဘယ်လိုမှ မဖြစ်ပါနဲ့ကွယ်၊ ငါက အကြောင်းမဲ့သက်သက် ပေါင်းနေတာ မဟုတ်ပါဘူး၊ လုပ်ငန်းသဘောနဲ့ ဆက်ဆံနေတာပါ၊ ဒီလူတွေဟာ တစ်နေ့ကျတော့ တစ်နည်းမဟုတ် တစ်နည်းနဲ့ တို့ကို အကူအညီ ပေးနိုင်မယ့် လူတွေပါ"

ယခုတော့မှပင် ရီးစ်က သူမ၏ခံစားချက်ကို နားလည်သွားသည်။ တကယ်တော့ သူမသည် သူ၏အပွေ့အဖက် အထိအတွေ့ကို တောင့်တနေခြင်းဖြစ်သည်။

အယ်လစ်ဇဘက်က မျက်လုံးအစုံကို မှိတ်ပြီး ရီးစ်၏နဖူးနှင့် သူမ၏နဖူးကို ထိကပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူတို့နှစ်ယောက်အား အချိန်ကာလ ဟန့်တားထားခဲ့ခြင်းသာ ဖြစ်သည်။ သူတို့နှလုံးသားထဲတွင်မူ တိုးညင်းသိမ်မွေ့သော ဂီတသံသည် မပြတ်ရိုက်ခတ်နေခဲ့ကြသည်။ ယခုတော့ သူတို့နှစ်ယောက်အား အချိန်ကာလကပင် ပြန်လည်ပေါင်းစပ်ပေးလိုက်သည်။ ပူးကပ်ပေးလိုက်သည်။ နှစ်ယောက်သား နှစ်ကိုယ့်တစ်ကိုယ်ဖြစ်သွားသည်။

"တို့ ဟိုတယ် ပြန်ကြစို့"

သူ့အသံက တုန်ယင်နေသလို ထင်ရသည်။

သူမက ဘာမှ ပြန်မပြောဖြစ်။

နောက်နေ့မနက်တွင် အယ်လစ်ဇဘက်နှင့် ရိုးစ်တို့သည် အိပ်ရာပေါ်တွင် တစ်ယောက်နှင့်တစ်ယောက် ယုယစွာ ပွေ့ဖက်လျက် ရှိကြသည်။ ရိုးစ်က အယ်လစ်ဇဘက်၏မျက်နှာကို ပြန်၍ပြုံးပြုံးကြီး စိုက်ကြည့်နေသည်။

သူမ၏နှလုံးသားထဲကတော့ 'မစ္စက်ရိုးစ်ဝီလျံ' ဟူသော နာမည်တလေးကိုသာ မြတ်နိုးစွာ ရွတ်ဆိုနေမိလေသည်။

★ ↔ ★

အခန်း ( ၄၄ )

"ကျွန်မကို ခွင့်ပြုပါ . . . မစ္စက်ဝီလျံ"

လက်ထောက်အတွင်းရေးမှူး မစ္စဟင်ယက်၏အသံသည် ရုံးတွင်း တယ်လီဖုန်းလိုင်းမှ ပေါ်ထွက်လာသည်။

"မှူခင်းစုံထောက် ဟော်နန်ဆိုတဲ့လူက မဒမ်နဲ့ စကားပြောချင်ပါသတဲ့၊ အရေးကြီးတယ်လို့ ပြောပါတယ်"

အယ်လစ်ဇဘက်က ရိုးစ်၏မျက်နှာကို လှမ်းကြည့်လိုက်သည်။ သူမစိတ်ထဲတွင် ဇဝေဇဝါ ဖြစ်နေသည်။ သူတို့ ဧနီးမောင်နှံသည် တမြန်နေ့ကမှ ဇူးရစ်မြို့သို့ ပြန်လာခဲ့ကြသည်။ ယနေ့မနက်တွင်လည်း ရုံးသို့ ရောက်ခါစ ရှိသေးသည်။

ရိုးစ်က ပခုံးကို တွန့်ပြလိုက်ပြီး . . .

"အဲဒီလူနဲ့ ဆက်ပေးလို့ ပြောလိုက်ပါ၊ ဘာတွေများ အရေးကြီးနေသလဲဆိုတာ သိရတာပေါ့"

ထို့နောက် အချိန်အနည်းငယ်အတွင်းတွင် အယ်လစ်ဇဘက်၏ ရုံးခန်းထဲ၌ သုံးယောက်သား ထိုင်နေကြသည်။

"ကျွန်မနဲ့ ဘာကိစ္စ တွေ့ချင်ပါသလဲ"

အယ်လစ်ဇဘက်က မေးလိုက်သည်။

ဟော်နန်က နိဒါန်းပင် ချီမနေတော့ဘဲ . . .

"မဒမ့်ကို တစ်ယောက်ယောက်က သတ်ဖို့ ကြံစည်နေပါတယ်"

အယ်လစ်ဇဘက်၏မျက်နှာမှာ ဖြူဖက်ဖြူရော် ဖြစ်သွားသည်။ တကယ်တော့ ဟော်နန်ကလည်း အတော်ပင် စိတ်မကောင်း ဖြစ်သွားမိသည်။ သူ့အနေဖြင့် တခြားရွေးစရာ စကားလုံး ရှာမရ၍သာ ယခုလို တဲ့တိုးကြီး ပြောလိုက်ရခြင်း ဖြစ်သည်။

"ကြံကြံစည်ရာ ခင်ဗျား ဘာတွေ လာပြောနေတာလဲ"

ရိုးစ်က ဟော်နန်အား အသံမာမာဖြင့် ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟော်နန်က ရီးစ်ကို မကြည့်ဘဲ အယ်လစ်ဇဘက်ဘက်သို့ လှည့်ပြီး . . .

"မဒမ့်အသက်ကို နှစ်ကြိမ်တိတိ လုပ်ကြံဖို့ ကြိုးစားခဲ့ကြပြီးပြီ၊ နောက်လည်း အများကြီး ကြိုးစားကြဦးမှာပဲ"

အယ်လစ်ဇဘက်က အံ့ဩစွာဖြင့် . . .

"ရှင် . . . ရှင် . . . မှားနေပြီ . . ."

"ကျွန်တော် မမှားဘူး မဒမ်၊ ခါတ်လှေကား ပြုတ်ကျတာဟာ နိုးနိုးပြုတ်ကျတာ မဟုတ်ဘူး၊ မဒမ့်ကို သတ်ဖို့ ကြံစည်တာ"

အယ်လစ်ဇဘက်က ဟော်နန်၏မျက်နှာကို တွေတွေကြီး ကြည့်နေသည်။ သူမ၏မျက်လုံးများသည် ဂနာမငြိမ်ဘဲ လှုပ်ရှားနေကြသည်။ ဟော်နန်က ဆက်ပြောသည်။

"ဂျစ်ကားမှောက်တာလည်း အတူတူပဲ"

"မဟုတ်နိုင်ပါဘူး၊ ရှင် မှားနေပြီ၊ အဲဒါ မတော်တဆဖြစ်တာပါ။ ဂျစ်ကားကလည်း အကောင်းကြီးပါ၊ ဆာဒင်နီးယားရဲအဖွဲ့က လည်း သေသေချာချာ စစ်ဆေးကြည့်ပြီးပြီ"

"အဲဒီလို မဟုတ်ပါဘူး"

"ကျွန်မကိုယ်တိုင်လည်း မြင်ပြီးပါပြီ"

"မဟုတ်ဘူး မဒမ်၊ သူတို့ ဂျစ်ကားကို စစ်ဆေးတာ မဒမ် ကြည့်ခဲ့တာ ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒီကားက မဒမ့်ကား မဟုတ်ဘူး"

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ဟော်နန်က ဆက်ပြောသည်။

"ကားရုံထဲက ဂျစ်ကားက မဒမ့်ကား မဟုတ်ပါဘူး၊ အဲဒီကားကို အော်လဘီးယားမြို့ပြင်က ကားဟောင်းပုံထဲမှာ ကျွန်တော် ကြည့်ခဲ့ပြီးပြီ၊ ဆလင်ဒါမှာ ဝက်အူချောင်နေတယ်၊ ဘရိတ်ဆီလည်း ယိုနေတယ်၊ အဲဒါ ကားမှာ ဘရိတ်ပျက်နေတယ်ဆိုတာ ထင်ရှားတာပေါ့ ပြီးတော့ လက်ဝဲဘက်အရှေ့ပိုင်းက သံဘောင်တွေ ပိန်နေတယ် သစ်ပင်နဲ့ ပွတ် တိုက်မိလို့ သစ်ခေါက်စိမ်းအစေးတွေ ကပ်နေတာ လည်းတွေ့ရတယ်၊ ကားကို သုတေသနဓာတ်ခွဲခန်းမှာ စစ်ဆေးကြည့် ပြီးပါပြီ၊ အဖြစ်အပျက်နဲ့ အားလုံး ကိုက်ညီနေပါတယ်"



အယ်လစ်ဇဘက်အဖို့ အတိတ်က အိပ်မက်ဆိုးကို ပြန်လည် မြင်မက်ရသလို ခံစားရသည်။ သူမ၏နှလုံးသားထဲတွင် မီးခဲပြာဖုံးသလို မြုပ်နေခဲ့သော ကြောက်စိတ်တို့လည်း ဘွားခနဲ ပြန်ပေါ်လာသည်။ သူမသည် ကားရောလူပါ တောင်အောက်သို့ ထိုးကျသွားသော မြင်ကွင်းကို ပြန်တွေးမိပြီး ကြောက်စိတ်ဖြင့် တုန်တုန်ယင်ယင် ဖြစ်လာ မိသလိုပင် ခံစားရသည်။

တိတ်ဆိတ်ခြင်းကို ရီးစ်က ဖြိုခွင်းလိုက်သည်။

"ကျုပ်တော့ နားရှုပ်လို့သာ ကြားရတယ်၊ ဘာကိုမှ နားမလည် တော့ဘူး၊ ဘယ့်နှယ် . . . ဘယ်သူတွေ ဘယ်လိုလုပ်ပြီး . . ."

ဟော်နန်က ရီးစ်ဘက်သို့ လှည့်လိုက်ပြီး . . .

"ဂျစ်ကားတိုင်း အတူတူချည်းပါပဲ၊ ဒါကြောင့်မို့လို့ သူတို့အဖို့ အလုပ်ဖြစ်သွားတာပေါ့၊ ဂျစ်ကားဟာ တောင်အောက်ကို မကျဘဲ တောင်ပေါ်မှာသာ မှောက်ခဲ့မယ်ဆိုရင် သူတို့က အကြံအဖန်တွေ လုပ်ကြဦးမှာပဲ၊ အဖြစ်အပျက်က မတော်တဆဖြစ်တာနဲ့ တူနေတော့ ဂျစ်ကားကိုလည်း သူတို့က ဘယ်သူ့ကိုမှ စစ်လားဆေးလား လုပ်ခွင့် ပြုမှာ မဟုတ်ဘူး၊ အမှန်တော့ ဂျစ်ကားပင်လယ်အောက်ရောက်သွား ပြီး မစ္စဝီလျံလည်း တစ်ခါတည်း ကိစ္စတုံးပြီလို့ သူတို့က ထင်ခဲ့ကြတာ၊ ဒါပေမဲ့ ကံကောင်းချင်တော့ စက်ပြင်လုပ်သားတစ်စုက အမှတ်မထင် သွားတွေ့လို့ မစ္စက်ဝီလျံကို ဆေးရုံပို့ပေးခဲ့ကြတယ်၊ ဒီအတွင်း သူတို့က အခြားကားတစ်စီး ယူလာ၊ မှောက်တဲ့ဂျစ်ကားနဲ့ တူအောင် ဟိုနားဒီနား နည်းနည်းစီ လိုက်ဖျက်လုပ်ထားလိုက်ကြတာ၊ ပြီးတော့မှ ရဲ ရောက်လာ တယ်"

"ဒါနဲ့ . . . ခင်ဗျားက 'သူတို့ . . . သူတို့' ထည့်ထည့်ပြောနေ တာက . . ." ရီးစ်က ဖြတ်မေးလိုက်သည်။

"သူတို့ဆိုတာ ခုနပြောသလို လုပ်ကြံတဲ့ပုဂ္ဂိုလ်အားလုံးကို ပြော တာပေါ့"

"ဘယ်သူ ဘယ်သူလဲ၊ ကျွန်မကို သတ်ချင်နေတာ ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



အယ်လစ်ဇဘက်က ကမန်းကတန်း မေးလိုက်သည်။

"ဘယ်သူ ဖြစ်ရမလဲ၊ မဒမ့်အဖေကို သတ်တဲ့ လူပဲပေါ့"

အယ်လစ်ဇဘက်အဖို့ ဘာကိုမှ မယုံကြည်နိုင်အောင် ဖြစ်သွားသည်။ ဘယ်လိုမှ မတွေးတတ်တော့အောင် ဖြစ်သွားသည်။

ဟော်နန်က ဆက်ပြောသည်။

"မဒမ့်အဖေဟာ ရိုးရိုးသေတာ မဟုတ်ဘူး၊ အသတ်ခံရတာ၊ သူ့ကို တောင်တက်လမ်းပြအတုနဲ့ လွှတ်ပေးထားတယ်၊ အဲဒီလမ်းပြကပဲ သူ့ကို သတ်တာပဲ၊ မစ္စတာဆမ်ရိုဖေးဟာ ချာမိုနီးကို တစ်ယောက်တည်းသွားတာ မဟုတ်ဘူး၊ တခြားလူတစ်ယောက်လည်း ပါသေးတယ်"

"ဘယ်သူလဲ"

အယ်လစ်ဇဘက်အသံက တုန်ပြီး တိမ်နေသည်။

ဟော်နန်က ရီးစ်ကို ကြည့်လိုက်ပြီး . . .

"မဒမ်ရဲ့ ယောက်ျားပဲပေါ့"

သူမ၏နားထဲတွင် ပဲ့တင်သံ ဟိန်းသွားသည်။ ပြီးတော့ ထိုအသံသည် အဝေးကြီးသို့ ရောက်သွားပြီး တိုးသွားသည်။ အနီးသို့ ရောက်လာပြီး ကျယ်လာသည်။ သူမကိုယ်သူမ ရူးသွားတော့မည်လားဟု ထင်မှတ်ရသည်။

'လစ်ဇ် . . .' ရီးစ်က ပြောသည်။ "ဆမ် အသတ်ခံရချိန်မှာ ငါ အဲဒီမှာ မရှိတော့ပါဘူး"

"မစ္စတာဝီလျံဟာ သူနဲ့အတူတူပဲ ချာမိုနီးမှာ ရှိနေခဲ့ပါတယ်" ဟော်နန်က ပြောသည်။

"မှန်ပါတယ်"

ရီးစ်က အယ်လစ်ဇဘက်မျက်နှာကို ကြည့်ရင်း . . .

"ဒါပေမဲ့ သူ တောင်ပေါ်မတက်ခင် ကျုပ်ပြန်လာခဲ့ပါတယ်"

"ရှင် ကျွန်မကို ဒီအကြောင်း ဘာလို့ မပြောခဲ့သလဲ"

သူက ခေတ္တငြိမ်နေသည်။ ပြီးတော့ တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချလိုက်ပြီး . . .





"ဒါက ဒီလိုပါ၊ ကျုပ်မှာ ဘယ်သူ့ကိုမှ ပြောလို့ မဖြစ်တာတွေ ရှိနေလို့ပါ၊ လွန်ခဲ့တဲ့နှစ်က တစ်ယောက်ယောက်ဟာ ရိုဖေးနှင့်သားများ ကုမ္ပဏီ ပျက်စီးသွားအောင် လုပ်ဖို့ ကြိုးစားနေခဲ့တယ်၊ သူလုပ်ပုံက သိပ်ပိရိတယ်၊ မတော်တဆမှုတွေလို တစ်ခုပြီးတစ်ခု ဖြစ်နေခဲ့တယ်၊ ကျုပ်ဟာ ဒီလူ့ကို ပေါ်အောင် ဖော်ထုတ်ချင်တယ်၊ ဒါနဲ့ အဲဒီကိစ္စ ဆမ်နဲ့ တိုင်ပင်ရအောင် ချာမိုနီးစခန်းကို လိုက်သွားတယ်၊ ကျုပ်တို့နှစ်ယောက် တိုင်ပင်ပြီး ဒီကိစ္စ စုံစမ်းရအောင် ပုဂ္ဂလိက ထောက်လှမ်းရေး အေဂျင်စီတစ်ခုခုကို ငှားဖို့ ဆုံးဖြတ်ခဲ့ကြတယ်"

ယခုတော့ ရှေ့တွင် ဘာတွေပေါ်လာမည် ဆိုသည်ကို အယ်လစ်ဇဘက် သိလာရပြီ။ သည်အတွက် သူမသည် စိတ်ထဲပေါ့သွားသလိုလည်း ခံစားရသည်။ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသူအဖြစ်လည်း ထင်မိသည်။

တကယ်တော့ ရီးစ်သည် လျှို့ဝှက်အစီအရင်ခံစာအကြောင်း သူမထက်ပင် စောစွာ သိထားပြီးဖြစ်သည်။ အစကတည်းက သည်လိုမှန်း သိခဲ့ရလျှင် သူမအနေဖြင့် ရီးစ်အား ဖွင့်ပြောခဲ့မည် အမှန်ပင်။ ယင်းသို့ လုပ်ခဲ့လျှင် ယခုလို သူမတစ်ယောက်တည်း ကြိတ်ပြီး စိုးရိမ်စရာလည်း ရှိခဲ့မည်မဟုတ်။

ရီးစ်က ဟော်နန်ဘက်လှည့်၍ ပြောသည်။

"ဆမ်မှာ လျှို့ဝှက်အစီအရင်ခံစာတစ်စောင် ရှိနေတယ်၊ အဲဒီအကြောင်း ကျုပ် ရိပ်မိတယ်ဆိုတာ သူသိတယ်၊ ဒါကြောင့် ကျုပ်ကို ချာမိုနီးကို လိုက်ခဲ့ဖို့ခေါ်တယ်၊ ကျုပ် လိုက်သွားခဲ့တယ်၊ ကျုပ်တို့နှစ်ယောက် လျှို့ဝှက်အစီအရင်ခံစာပါကိစ္စတွေကို ဆွေးနွေးကြတယ်၊ နောက်ဆုံး တရားခံမပေါ်ချင်ဘူး၊ ဒီအစီရင်ခံစာကို ကျုပ်တို့နှစ်ယောက် ကလွဲပြီး ဘယ်သူမှ မသိရအောင် လျှို့ဝှက်ထားဖို့ ဆုံးဖြတ်ခဲ့တယ်"

ရီးစ်၏အသံမှာ နာကြည်းသံသို့ ပြောင်းလဲသွားပြီး . . .

"ဒါပေမဲ့ . . . လျှို့ဝှက်ချက်က တစ်နည်းနည်းပေါက်သွားတယ်၊ ကုမ္ပဏီကို မကောင်းကြံနေသူဟာ ကျုပ်တို့က သူ့နောက်လိုက်နေပြီဆိုတာ သိသွားတယ်၊ ဒါကြောင့် ဆမ် အသတ်ခံရတာပဲ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအစီရင်ခံစာလည်း မရှိတော့ဘူး၊ ပျောက်နေပြီ . . . ”

“မပျောက်ပါဘူး၊ ကျွန်မဆီမှာ ရှိပါတယ်”

ရီးစ်က ရုတ်တရက် လန့်သွားသည်။ အယ်လစ်ဇဘတ်က တော်နန်ကို ကြည့်ပြီး ဆက်ပြောသည်။

“အစီရင်ခံစာကို ဖေဖေ့ပစ္စည်းတွေနဲ့အတူ တွေ့ရတယ်၊ ရှိဖေနှင့် သားများကုမ္ပဏီအုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ယောက်ယောက်ကို အစီရင်ခံစာက ညွှန်းထားတယ်၊ သူတို့အားလုံးလည်း အစုရှယ်ယာတွေ ဝင်ထားကြတာပဲ၊ ဘာလို့ ဒီကုမ္ပဏီကို ဖျက်ပစ်ချင်ရတာလဲ”

ဤတွင် ဟော်နန်က ရှင်းပြသည်။

“သူတို့က ကုမ္ပဏီကို ဖျက်ပစ်ချင်တာ မဟုတ်ပါဘူး . . . မစ္စက်ဝီလျံ၊ သူတို့က ဘဏ်တိုက်တွေက ချေးငွေတွေ ပြန်တောင်းအောင် ဆွပေးကြတယ်၊ ဘဏ်တိုက်တွေက ချေးငွေအမြန်ဆုံး ပြန်ဆပ်ပါလို့ အကြပ်ကိုင်လာတဲ့အခါ မဒမ့်အဖေက အစုရှယ်ယာတွေ ပြန်ရောင်းခွင့်ပြုမယ်၊ ကုမ္ပဏီကိုလည်း အပြင်လူတွေ ဖွင့်ပေးရမယ်၊ ဒီလုပ်ကြံမှု နောက်ကွယ်မှာ ရှိတဲ့လူဟာ အခုထိ သူလိုချင်တာကို မရသေးဘူး၊ မဒမ်လည်း သတိထားပါ။ အသက်အန္တရာယ်ကို အများကြီး စိုးရိမ်စရာ ရှိနေပါတယ်”

“ဒီလိုဆိုရင် ခင်ဗျားတို့က သူ့အတွက် ရဲလုံခြုံရေးအစီအစဉ် တစ်ခုခု မလုပ်ကြဘူးလား”

ရီးစ်က မေးလိုက်သည်။

“ဒီအတွက် လုံးဝ မပူပါနဲ့ . . . မစ္စတာဝီလျံ၊ သူ လက်ထပ်တဲ့နေ့ကစပြီး မစ္စက်ဝီလျံကို ကျွန်တော်တို့က တစ်မိနစ်မှ မျက်ခြည်ပြတ်မခံပါဘူး၊ သူ ဘယ်ပဲသွားသွား ကျွန်တော်တို့က တစ်ခုမကျန် သိနေပါတယ်၊ မြင်နေပါတယ်”။

★ ↔ ★



# အခန်း ( ၄၅ )

ဗျာမနီနိုင်ငံ
ဘာလင်မြို့
တနင်္လာနေ့ ဇီဇင်ဘာ (၁) ရက်
နံနက် (၁၀) နာရီ၊

ဒဏ်ရာက မခံမရပ်နိုင်လောက်အောင် နာကျင်လှသည်။ သူသည် ဝေဒနာကို အသည်းခိုက်အောင် ခံစားရင်း ရက်သတ္တလေးပတ်တိတိ အိပ်ရာထဲတွင် လှဲနေခဲ့ရပြီး ဖြစ်သည်။

ဆရာဝန်က သူ့အတွက် အိပ်ဆေးတွေ နာကျင်ပျောက်ဆေးတွေ ပေးခဲ့သည်။ သို့သော် ဝေါလသာက ၎င်းတို့ကို မစားရဲ၊ သူသည် အမြဲတမ်း သတိရှိနေရသည်။ အမြဲတမ်း နိုးနိုးကြားကြား ဖြစ်နေရသည်။ သို့မဟုတ်လျှင် အန်နာက သူ့အား နောက်တစ်ကြိမ် သတ်ရန် ကြံချင်ကြံဦးမည်။ သူမသည် အိမ်မှထွက်ပြေးချင်လည်း ထွက်ပြေးနိုင်သည်။

“ခင်ဗျား . . . ဆေးရုံတက်သင့်တယ်၊ သွေးတွေက ထွက်သင့်တာထက် ပိုထွက်နေပြီ”

ဆရာဝန်က ယင်းသို့ပင် အကြံပေးသည်။ သို့သော် သူက ဆေးရုံမတက်၊ သူ့အဖြစ်ကို သူသာ သိသည်။ သူ့ကိစ္စကို ရဲကသိ၍ လုံးဝ မဖြစ်။

ထို့ကြောင့်လည်း သူက ကုမ္ပဏီအမှုထမ်းဆရာဝန်နှင့်သာ သူ့ဒဏ်ရာကို ကုသနေခဲ့ခြင်း ဖြစ်သည်။

“အိမ်ကို သူနာပြု ဆရာမတစ်ယောက် ပို့ပေးရမလား . . . မစ္စတာ ဝေါလသာ”

“နေပါစေ . . . ဒေါက်တာ၊ ကျွန်တော့်မိန်းမ ရှိပါတယ်၊ သူပဲ ကြည့်ပြီး ကုသပေးပါလိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



သည်ဖြစ်ရပ်များသည် လွန်ခဲ့သောတစ်လခန့်က ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က ဝေါလသာသည် သူ့အတွင်းရေးမှူး အမျိုးသမီးထံ တယ်လီဖုန်း ဆက်ကြည့်ပြီး သူ မတော်တဆ ထိခိုက်ဒဏ်ရာရနေ၍ အိမ်မှာပင် အနားယူနေမည်ဟု ပြောလိုက်သည်။

ယခုတော့ သူက အိပ်ရာထဲတွင် တန့်နှံ့ ပြန်တွေးရင်း ကြောက်စိတ်ဝင်ပြီး ကျောများပင် ချမ်းလာသလို ခံစားရသည်။

အန်နာက သူ့ကို နောက်ကျောမှနေပြီး ကတ်ကြေးဖြင့် တအားစိုက်ထိုးလိုက်သည်။ သူက ရုတ်တရက် နောက်ပြန်လှည့်ကာ အန်နာ့လက်ကို ဖမ်းကိုင်လိုက်နိုင်သောကြောင့်သာ သူ့အဖို့ သက်သာရာရသွားခြင်း ဖြစ်သည်။ သို့မဟုတ်လျှင် သူ့အသည်းထဲ ကတ်ကြေးစိုက်ဝင်ပြီး ပွဲချင်းပြီး ကိစ္စတုံးသွားခဲ့မည်မှာ သေချာသည်။

ထိုစဉ်က သူသည် နာကျင်မှုနှင့် ထိတ်လန့်မှုကြောင့် ရုတ်တရက် လဲကျသွားတော့မလို ဖြစ်သွားခဲ့သည်။ သို့သော် သူက စိတ်ကို အားတင်းကာ သတိနှင့်ထိန်းပြီးနောက် အန်နာအား အခန်းထဲသို့ ဒရွတ်တိုက် ဆွဲသွင်းပြီး အခန်းတံခါးကို သော့ခတ်လိုက်သည်။

အန်နာမှာ အခန်းထဲတွင် သွေးရူးသွေးတန်း လျှောက်သွားရင်း တစ်ချိန်လုံး အော်ဟစ်ညည်းညူ၍သာ နေသည်။

"ကျွန်မကလေးတွေကို ရှင် ဘာလုပ်လိုက်သလဲ၊ ကျွန်မကလေးတွေကို ဘာလုပ်လိုက်သလဲ"

ဝေါလသာက ဒဏ်ရာကြီးတန်းလန်းဖြင့် ကိုယ်တိုင် ထမင်းချက်သည်။ ထမင်းပွဲ ယူသွားပြီး အန်နာ၏အခန်းကို ဖွင့်သည်။ အန်နာမှာ ကြောက်လွန်း၍ အခန်းထောင့်တွင် ခွေခွေလေး ကုပ်နေရှာသည်။ ပါးစပ်မှလည်း မပွင့်တပွင့်ဖြင့် . . .

"ကျွန်မ- ကလေးတွေကော . . . ကလေးတွေကော . . . ကလေးတွေ ဘယ်မှာလဲ" ဟူ၍ မေးနေသည်။

တစ်ခါတစ်ခါ ဝေါလသာက အခန်းတံခါး တိတ်တိတ်ကလေးဖွင့်ကာ အန်နာ ဘာလုပ်နေသည်ကို ချောင်းကြည့်သည်။ အန်နာက အခန်းနံရံကို နားနှင့်ကပ်ပြီး ကလေးတွေအသံကို ကြားရနိုးဖြင့်





နားထောင်နေသည်။

ယခုမူ တစ်အိမ်လုံး တိတ်ဆိတ်နေပြီ။ အန်နာ့အသံနှင့် သူ့အသံမှတစ်ပါး အခြားဘာသံမှ မကြားရ။

ဝေါလသာက သူ့အဖို့ လုပ်စရာအချိန်များစွာ မကျန်တော့ဆိုသည်ကို သတိပြုမိသည်။ သူသည် တစ်ချိန်လုံး အကြံထုတ်ရင်း အတွေးနက်နေသည်။ တစ်ခါတစ်ရံ ခပ်သဲ့သဲ့ကလေးကြားရသောအသံတစ်သံကြောင့် သူ့အတွေးတွေ ပြတ်သွားရသည်။ သူက နားစွင့်လိုက်သည်။ ထိုအသံကို ပြန်ကြားရသည်။

အပေါ်ထပ်ခန်းမကြီးထဲ တစ်ယောက်ယောက် လမ်းလျှောက်နေသလိုပဲ။ ဒီအိမ်မှာ တခြားဘယ်သူမှလည်း မရှိပါလား။ ငါ တံခါးတွေ အားလုံးပိတ်ထားတာပဲ။

★

အပေါ်တွင် သန့်ရှင်းရေးအလုပ်သမ မင်ဒလာ ဖုံသုတ်နေသည်။ သူမသည် နေ့လုပ်သား ဖြစ်သည်။ သည်တစ်ကြိမ်သည် ဤအိမ်ကို သူမအနေဖြင့် ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်သည်။ ဤအိမ်တွင် အလုပ်လုပ်ရသည်ကို သူမ မကြိုက်။ ပထမအကြိမ် လာစဉ်က မစ္စတာဝေါလသာသည် သူမအား မသင်္ကာသလို နောက်ယောင်ခံပြီး မသိမသာ ချောင်းကြည့်နေသည်ကို သူမ သတိပြုခဲ့မိသည်။ သူ့အနေဖြင့် သူမအား တစ်စုံတစ်ရာ ခိုးယူမည်များ မှတ်နေသလား မသိ။

ထိုနေ့က အောက်ထပ်မှာ လှဲကျင်းပြီး အပေါ်ထပ်တက်မည်လုပ်တော့ ဝေါလသာက သူမကို တားသည်။ အပေါ်ထပ် မတက်ရ။ သူက လုပ်ခရှင်းပြီး ပြန်ခိုင်းလိုက်သည်။ သည်လူကြီး ကြည့်ရတာ တစ်မျိုးပဲ။ မူမမှန်သလိုပဲ။ သူ့အမူအရာကလည်း ကြောက်စရာပဲ။

ယနေ့တော့ မင်ဒလာသည် အိမ်ကြီးတွင် ဘယ်သူ့ကိုမှ မတွေ့ရ။ သူမသည် အရင်တစ်ခေါက်က ယူလာခဲ့သည့်သော့ဖြင့် တံခါးကို ဖွင့်၍ တက်လာခဲ့သည်။ တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ အိမ်မှာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူမှ မရှိဘူးထင်ပါရဲ့ဟု သူမက တွေးလိုက်သည်။

သူမသည် အိပ်ခန်းတစ်ခန်းကို ဝင်လှဲသည်။ ပိုက်ဆံအကြွေများ ဖြန့်ကြဲနေသည်။ ရှူဆေးဘူးကလေး တစ်ဘူးလည်း တွေ့ရသည်။

ကို့နောက် အောက်ထပ်ပြန်ဆင်းခဲ့သည်။ နောက် အိပ်ခန်း တစ်ခန်းသို့ လာခဲ့သည်။ တံခါးကို တွန်းကြည့်သည်။ ဖွင့် မရ။ သော့ ခတ်ထားသည်။ တော်တော်ဆန်းတာပဲ . . . အထဲမှာ အဖိုးတန်ပစ္စည်း တွေ ရှိလို့ ထင်ပါရဲ့။

သူမက တံခါးလက်ကိုင်ကို တစ်ချက် ထပ်လှည့်လိုက်သည်။ အထဲမှ မိန်းမသံလိုလို အသံတစ်သံ ကြားလိုက်ရသည်။

"ဘယ်သူလဲ"

မင်ဒလာက ရုတ်တရက် လန့်သွားပြီး တံခါးဘုကိုင်ထားသော လက်ကို ပြန်လွှတ်လိုက်သည်။

"ဘယ်သူလဲ၊ အပြင်က ဘယ်သူလဲ"

"မင်ဒလာပါ။ သန့်ရှင်းရေးအလုပ်သမ မင်ဒလာပါ၊ ဒီအခန်း ရှင်းပေးရမလား . . ."

"ရှင်းလို့ မရဘူး။ ငါ့ကို သော့ပိတ်လှောင်ထားတာ"

အသံက ပို၍ ကျယ်လာသည်။ အရူးတစ်ယောက်၏ အသံလို ကယောင်ချောက်ချား ဖြစ်နေသည်။

"ငါ့ကို ကယ်ပါ။ ကျေးဇူးပြုပြီး ငါ့ကိုကယ်ပါ၊ ရဲကို အကြောင်း ကြားပါ၊ ငါ့ယောက်ျားက ကလေးတွေကို သတ်ပစ်လိုက်ပြီလို့ ပြောပါ၊ ငါ့ကိုလည်း သူ သတ်အုံးမယ်၊ မြန်မြန်လုပ် သူမလာခင်"

မင်ဒလာ၏ ဂုတ်ပေါ်သို့ လက်ငါးချောင်းက တအားဆုပ်ကိုင် လိုက်သည်။ သူမက နောက်သို့ လှည့်ကြည့်လိုက်သည်။

ဝေါလသာ။

သူ့မျက်နှာမှာ သွေးတစ်စက်မှ မရှိ။

"မင်း ဒီမှာလာပြီး ဘာခိုးမလို့ လုပ်နေတာလဲ"

ဝေါလသာက သူမလက်ကို ညှစ်လိမ်ရင်း မေးလိုက်သည်။

"ကျွန်မ. . ကျွန်မ ခိုးမလို့ မဟုတ်ပါဘူး၊ ဒီနေ့ ကျွန်မ သန့်ရှင်း





ရေး အလှည့်ကျပါတယ်၊ သန့်ရှင်းရေးကုမ္ပဏီက. . ."

"ကုမ္ပဏီကို ငါ ပြောလိုက်ပြီးပြီ၊ ဒီနေ့ကစပြီး ဘယ်သူမှ မလာရ တော့ဘူး"

"ကျွန်မကိုလည်း ဘာမှ မပြောပါလား"

သို့သော် သူမအနေဖြင့် ချက်ချင်းထွက်မသွားနိုင်အောင် ဖြစ်နေ သေးသည်။ လုပ်ခပိုက်ဆံမရသေးသောကြောင့်ဖြစ်သည်။ စောစောက အခန်းထဲမှ ပိုက်ဆံကြွေတွေနှင့် ရွှေဘူးကလေးရခဲ့၍ တော်သေးသည်။

သူမသည် အခန်းထဲ ပိတ်လှောင်ခံနေရသော အမျိုးသမီး အတွက် အတော်ပင်စိတ်မကောင်းဖြစ်မိသည်။ တတ်နိုင်လျှင် သူမက ကယ်လိုက်ချင်သည်။ သို့သော် သူမအနေဖြင့် သည်ကိစ္စမျိုးတွင် ဝင် ရှုပ်၍ မဖြစ်။ ကိုယ့်လည်ပင်းကို ကြိုးကွင်းစွပ်သလိုဖြစ်သွားနိုင်သည်။ သူမကိုယ်တိုင်ကလည်း ရဲစခန်းတွင် လူဆိုးစာရင်းဝင်အဖြစ် မှတ်တမ်း တင်ခံထားရသူ မဟုတ်လား။

★

ဒုရစ်မြို့တွင် မှုခင်းစုံထောက်မက်စ်ဟော်နန်သည် ပဲရစ်မြို့ အင်တာ ပိုလ် ရဲဌာနချုပ်မှ ပို့လိုက်သော 'တယ်လီတိုက်ပ်' သံကြိုးစာကို ဖတ် နေသည်။

ရိုဖေးနှင့်သားများကုမ္ပဏီအတွက် ဝယ်ယူသော အပြာ ရုပ်ရှင်ကား ဖလင်အရောင်းပြေစာတွင် အထွေထွေအုပ်ချုပ် ရေးဌာန စာရင်းခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။ ဝယ်သူ သည် ကုမ္ပဏီတွင် မရှိတော့။ ဆက်လက် စုံစမ်းဆဲ။ ထူးခြား ချက် ထပ်မံပို့ပေးမည်။

★

ပဲရစ်မြို့ 'စိန်း' မြစ်အတွင်းမှ အလောင်းတစ်လောင်းကို ရဲအဖွဲ့တ



www.burmeseclassic.com

www.burmeseclassic.com



ဆယ်သုရရှိသည်။ အလောင်းမှာ အသက် ၁၈-၁၉ နှစ် အရွယ် မိန်းကလေးအလောင်းဖြစ်သည်။ သူမ၏ လည်ပင်းတွင် အနီရောင် ဖဲကြိုးပြား ချည်ထားသည်။

★

ငှူးရစ်မြို့တွင် အယ်လစ်ဇဘက်ဝီလျံ၏ အသက်အန္တရာယ် လုံခြုံရေး အတွက် ရဲအဖွဲ့မှ ၂၄ နာရီ လုံခြုံရေးအစောင့်အရှောက်များ ချထားရ သည်။

★ ↔ ★



# အခန်း ( ၄၆ )

အဖြူရောင် တယ်လီဖုန်းလိုင်းမှ ရုတ်တရက် မီးလင်းသွားသည်။

ဤသည်မှာ ရိုးစ်ဝီလျံ၏ ကိုယ်ပိုင်သီးသန့်ဖုန်းမှ လိုင်းဝင်လာ သည်ကို အချက်ပြလိုက်ခြင်းဖြစ်သည်။ ဤလိုင်းမှာ အထူးလျှို့ဝှက် လိုင်းဖြစ်သည်။ ဖုန်းနံပါတ်ကို သိသူမှာလည်း လေးငါးယောက်သာ ရှိသည်။

ရိုးစ်က ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟဲလို. . ."

"ဝှတ်မောနင်း. . . ဒါလင်"

အသံက လည်ချောင်းသံပါနေသည်။ သို့သော် ရိုးစ်က အသံရှင် ကို ချက်ချင်းသိလိုက်သည်။

"ကျုပ်ကို အဲဒီလို မခေါ်ပါနဲ့ဗျ"

သူမက သဘောကျ၍ ရယ်သည်။

"ဒါမျိုးအတွက်တော့ ရှင်ဘယ်တော့မှ မစိုးရိမ်တတ်ပါဘူး။ အယ်လစ်ဇဘက်က ရှင့်ကို ယဉ်ကျေးအောင် ဆုံးမလိုက်တယ်ဆိုတာ တော့ ကျွန်မကို မပြောပါနဲ့"

"ဘာကိစ္စရှိသလဲ"

"ကျွန်မ ရှင့်ကို ဒီနေ့ညနေ တွေ့ချင်တယ်"

"မဖြစ်နိုင်ဘူး "

ကျွန်မကို စိတ်ညစ်အောင်မလုပ်ပါနဲ့ . . . ရိုးစ်ရယ်၊ ကျွန်မ ငှူးရစ် ကို လာခဲ့ရမှာလား၊ ဒါမှမဟုတ် . . ."

"မလာပါနဲ့၊ ကျွန်တော် ခင်ဗျားကို ဒီမှာတွေ့လို့မဖြစ်ဘူး"

သူက ခေတ္တ တုံ့ဆိုင်းသွားပြီးမှ . . .

"ခင်ဗျားဆီ ကျွန်တော် လာခဲ့မယ်"

"အဲဒါ ကောင်းတယ်၊ ကျွန်တော်တို့ တွေ့နေကျနေရာပေါ့၊ တာ့တာ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟယ်လင်ရှိဖေးမာတယ်က တယ်လီဖုန်းကို ပြန်ချသွားသည်။

နိုးစ်က စားပွဲတွင် ထိုင်ပြီး တွေးနေသည်။ အမှန်အတိုင်းပြောရလျှင် နိုးစ်အနေဖြင့် သူ့စိတ်ကို ဆွဲဆောင်နိုင်စွမ်းရှိသော မိန်းမတစ်ယောက်နှင့်တွေ့တိုင်း ခေတ္တခဏတော့ ရုပ်ပိုင်းဆိုင်ရာ နီးနှောခြင်းကို ရှိခဲ့သည်ချည်းသာ ဖြစ်သည်။ ယခုတော့ ယင်းသို့သောလုပ်ငန်းများကို မလုပ်ခဲ့သည်မှာ အတော်ကလေး ကြာခဲ့ပါပြီ။

သို့သော် ဟယ်လင်ကား ကပ်မိပြီဆိုလျှင် ခွာ၍ရသော မိန်းမမျိုးမဟုတ်။ သူမက ချားမာတယ်ကို စိတ်ကုန်နေပြီး နိုးစ်ကို တပ်မက်နေသည်။

“ရှင်နဲ့ ကျွန်မဆိုယင် သိပ်ပြီးအတွဲညီမှာပဲ” ဟု၍ သူမက နိုးစ်ကို ပြောဖူးသည်။

ဟယ်လင်သည် တစ်ခုခုကို လုပ်ချင်ပြီးဆိုလျှင် ဖြစ်အောင်လုပ်တတ်သော မိန်းမဖြစ်သည်။ ထို့ကြောင့်လည်း သူမနှင့် ဆက်ဆံရသည်မှာ မလွယ်။ ကျားမြီးဆွဲရသည်ထက် ဆိုးနိုင်သည်။

ဘယ်လိုပင်ဖြစ်ဖြစ် ပါရီမြို့ရှိ ဟယ်လင်ထံသို့ သွားသင့်သည်ဟု နိုးစ်က ဆုံးဖြတ်လိုက်သည်။ သူမကို အကြောင်းသိအောင် ပြရမည်။ သို့မှလည်း နောက်ပိုင်း သူတို့နှစ်ယောက်ကြားတွင် လိပ်ခဲတည်းလည်း ပြဿနာတွေ မပေါ်နိုင်ဖြစ်မည်။

အတော်ကလေးကြာတော့ နိုးစ်သည် အယ်လစ်ဇဘက်ရုံးခန်းသို့ လာခဲ့သည်။ သူမ၏ မျက်လုံးတွေက အရောင်လက်နေကြသည်။ သူမက နိုးစ်ကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်လိုက်သည်။ ပြီးတော့ တိုးတိုးကလေး ပြောသည် ။

“ကျွန်မ ရှင့်ကို သတိရနေတယ်၊ ကျွန်မတို့ အိမ်ပြန်ကြစို့၊ ဒီည ‘ပော်ကီ’ ကစားကြမယ်”

နိုးစ်က ပြုံးလိုက်ပြီး . . .

“မင်းလည်း အချစ်ရူး ဖြစ်လာပြီ”

သူမက နိုးစ်အား ကျစ်ကျစ်ပါအောင် ဖက်ထားလိုက်သည်။

“ကျွန်မ သိပါတယ်၊ ဖြစ်တော့ဘာဖြစ်လဲ၊ မကောင်းဘူးလား



ဟင်”

“ငါ ဒီညနေ ပါရီကို သွားရမယ် လစ်ဇ်”

သူမသည် အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်။ သို့ပေမယ့် ဟန်ဆောင်အားတင်းရင်း . . .

“ကျွန်မလည်း လိုက်မယ်”

“မလိုအပ်ပါဘူး၊ သာမန်လုပ်ငန်း ကိစ္စကလေးပါ၊ ဒီည ငါ ပြန်လာခဲ့မယ်၊ တို့လင်မယား သန်းခေါင်ကျော်မှ ထမင်းစားကြတာပေါ့”

★

နိုးစ်သည် ‘လက်ဖ်ထ်ဘင့်’ လမ်းပေါ်မှ ရောက်နေကျ ဟိုတယ်ကလေး တစ်ခုထဲသို့ ဝင်လာခဲ့သည် ။

ဟယ်လင် ရောက်နေပြီ။ သူမက စားသောက်ခန်းတွင် အသင့်စောင့်နေသည်။ နိုးစ်မှတ်မိသလောက် ဟယ်လင်သည် ချိန်းထားသည့်အချိန်ထက် နောက်ကျသည်ကို တစ်ခါမှ မတွေ့ဖူး။

သူမသည် စည်းကမ်း ရှိသည်။ စွမ်းရည် ရှိသည်။ ထူးထူးခြားခြား ထက်မြက်လှသည်။ ဉာဏ် ရှိသည်။ ပြီးတော့ လက်ဖျားခါရသော စံပြချစ်သူကောင်းတစ်ယောက် ဖြစ်သည် ။

သို့ပေမယ့် သူမမှာ တစ်ခုခု ချို့ငဲ့နေသည်။ အကြင်နာတရားမရှိ။ ရက်စက်ကြမ်းကြုတ်သည်။ ယုသတ်သမားသွေး ပါသည်။ သူ့ကြောင့် ဒုက္ခရောက်ခဲ့ရသူတွေကို နိုးစ် မြင်ခဲ့ဖူးပြီ။ နိုးစ်က သူ့အနေဖြင့် ဟယ်လင်၏သားကောင် မဖြစ်လို။

နိုးစ်သည် စားပွဲတွင် ဝင်ထိုင်လိုက်သည်။

“ဒါလင် . . . တော်တော်ချောလာတယ်၊ မိန်းမနဲ့ တွဲတယ် ထင်တယ်၊ ဟဲ . . . ဟဲ . . . ဘယ့်နှယ့်လဲ . . . အိပ်ယာဝင်တဲ့အခါ အယ်လစ်ဇဘက်က ကြင်ကြင်နာနာကော ရှိရဲ့လား”

နိုးစ်သည် စကားရှိုင်းမသွားအောင် ကြိုးစားပြီး ပြုံးလိုက်သည်။

“ဒါ ခင်ဗျားအလုပ် မဟုတ်ပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



ဟယ်လင်က ကိုယ်ကိုရှေ့သို့ကိုင်းလိုက်ပြီး ရိုးစ်လက်ကို လှမ်းဆွဲလိုက်သည်။

"အား . . . ဟား . . . ဒါပေမဲ့ . . . အဲဒါ . . . အဲဒါ ရှင်နဲ့ ကျွန်မတို့ အလုပ်ပါ ဒါလင်ရယ်"

ဟယ်လင်က ရိုးစ်၏လက်ကို သူမလက်ဖဝါးနှင့် ပွတ်ကစားနေသည်။ ရိုးစ်၏စိတ်ထဲတွင် မရိုးမရွ ဖြစ်လာသည် ။

ကျားမ အလွန်ကြမ်းပြီး စွမ်းလည်းစွမ်းတဲ့ မိန်းမ၊ ဘယ်တော့မှ အလိုမပြည့်နိုင်တဲ့ မိန်းမ။

ရိုးစ်က သူ့လက်ကို ပြန်ရုပ်လိုက်သည်။

သူမက အေးတိအေးစက် မျက်လုံးများဖြင့်ကြည့်ရင်း . . .

"ဒါနဲ့ . . . ပြောစမ်းပါဦး၊ ရှိဖေးနှင့်သားများကုမ္ပဏီ ဥက္ကဋ္ဌဖြစ်ရတာ ဘယ်လိုနေသလဲ ရိုးစ်"

ဟယ်လင်က ရည်မှန်းချက် ကြီးမားသည်။ လောဘကြီးသည်။ ဒါကို ရိုးစ် မေ့သွားသည်။ တစ်ခါက သူမပြောခဲ့သော စကားကို သွား၍ သတိရလိုက်မိသည်။ သူမသည် ကုမ္ပဏီကို ချုပ်ကိုင်လိုစိတ် အလွန် ပြင်းပြနေသည်။

'ဒီမှာ ရိုးစ် . . . ရှင်နဲ့ကျွန်မပဲ ရှိတယ်၊ ဆမ်ကို ဖယ်ထုတ်လိုက်ရင် ကျွန်မတို့ သဘောရှိ လုပ်နိုင်မယ်"

သည်မျှသာမက သူတို့နှစ်ယောက် အချစ်ပလူးနေချိန်မှာပင် . .

"ဒါဟာ ကျွန်မရဲ့ကုမ္ပဏီပဲ . . . ဒါလင်၊ အဘိုးကြီးဆင်မြူရယ်ရဲ့သွေး ကျွန်မမှာလည်း ပါတယ်၊ ဒါ ကျွန်မကုမ္ပဏီ၊ ကျွန်မ ရအောင်ယူမယ်၊ ကဲ . . . ကြိုးစားလိုက်စမ်း . . . မေ့သားကြီး"

ဟယ်လင့်အဖို့ အာဏာကို ပိုင်ဆိုင်လိုမှုသည် တဏှာကိုရယူသောဆန္ဒနှင့် အတူတူပင် ဖြစ်သည်။ ထို့ကြောင့် အင်မတန်ကြောက်စရာ ကောင်းသည်။

"ခင်ဗျားက ကျွန်တော်နဲ့ ဘာကိစ္စ တွေ့ချင်တာလဲ"

ရှင်နဲ့ ကျွန်မနဲ့ တစ်ခုခုလုပ်ဖို့ အချိန်တန်ပြီ ထင်တယ်။

"ခင်ဗျားပြောနေတာ ကျွန်တော် ဘာမှ နားမလည်ဘူး"





"ရှင့်အကြောင်း ကျွန်မ ကောင်းကောင်းကြီး သိပါတယ် . . . ဒါလင်၊ ကုမ္ပဏီတစ်ဒါဇင်လောက်ကို အုပ်ချုပ်ဖို့ ခေါ်နေပါလျက်နဲ့ ဆမ်နောက်က ဖိနပ်ကိုင်ပြီး နှစ်ရှည်လများ ဘာကြောင့် လိုက်နေခဲ့ရတာလဲ၊ တစ်နေ့ကျတော့ ရှိဖေးနှင့်သားများကုမ္ပဏီကို ရှင် အုပ်ချုပ်ရမယ်လို့ မျှော်လင့်ထားတယ် မဟုတ်လား"

"ကျွန်တော်က ဆမ်ကို လေးစားတယ်၊ ဒါကြောင့် နေခဲ့တယ်"

သူမက ပြုံးလိုက်သည် ။

"ဟုတ်ပါပြီ ဒါလင်၊ ကဲ . . . ခုဆိုရင် ရှင်က သူ့ရဲ့သမီးချောကလေးနဲ့ လက်ထပ်လိုက်ပြီ"

သူမက ပိုက်ဆံအိတ်ထဲမှ သွယ်သွယ်မည်းမည်း စီးကရက် တစ်လိပ်ကို ထုတ်ယူပြီး ပလက်တီနမ်မီးခြစ်နှင့် ညှိလိုက်သည်။ ပြီးတော့မှ

"ချားက ကျွန်မကိုပြောတယ်၊ အယ်လစ်ဇဘက်က ထိန်းချုပ်ရှယ်ယာကို လက်မလွှတ်ဘူး၊ ရှယ်ယာတွေ ရောင်းတာကိုလည်း ခွင့်မပြုဘူးလို့ ပြောတယ်"

"အဲဒါ . . . ဟုတ်တယ် . . . ဟယ်လင်"

"ဒါကြောင့်မို့ . . . သူ မတော်တဆ တစ်ခုခုဖြစ်လို့ သေသွားရင် သူ့အမွေတွေ အားလုံး ရှင်ရလိမ့်မယ်လို့ ရှင်က ကြံနေတာကိုး"

ရိုးဟစ်က ဟယ်လင်၏ မျက်နှာကိုသာ အကြာကြီး စိုက်ကြည့်နေမိတော့သည်။

★ ↔ ★



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၄၇ )

အိုင်ဗိုပလာဇီသည် ဓော်လ်ဂျီယတာရှိ သူ့အိမ်ဧည့်ခန်း ပြတင်းမှ အပြင်ဘက်သို့ အမှတ်မထင် ကြည့်လိုက်စဉ် လုံးဝမမျှော်လင့်သော မြင်ကွင်းတစ်ခုကို ရုတ်တရက်မြင်လိုက်သောကြောင့် မျက်လုံးတွေ ပြာသွားသလိုခံစားလိုက်ရသည် ။

သူ့မယားငယ် ဗိုနာတယ်လာနှင့် သားငယ်သုံးယောက်တို့သည် အိမ်ခြံတွင်းသို့ ကားဖြင့်ဝင်လာသည်ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ထိုအချိန်တွင် မယားကြီးဆီမိုနက်တာမှာ စားသောက်ပြီး၍ အပေါ်ထပ်တွင် တစ်ရေးတစ်မော အနားယူ အိပ်စက်လျက်ရှိသည်။

အိုင်ဗိုသည် အိမ်ရှေ့ဆင်ဝင်သို့ ကမန်းကတန်း ပြေးထွက်လာမိသည်။ သူသည် ဒေါသ အလွန်ထွက်နေသည်။ ဖြစ်နိုင်လျှင် သည်မိန်းမကို သတ်တောင် သတ်ပစ်လိုက်ချင်သည်။ သည်မိန်းမကို သူက အလွန်ချစ်သည်။ အလွန် ကြင်နာသည်။ ထို့ကြောင့်လည်း သူမ ကောင်းစားရေးအတွက် တတ်နိုင်သမျှ အစွမ်းကုန် စောင့်ရှောက်ခဲ့ခြင်း ဖြစ်သည်။

သို့သော် ယခုတော့ သူ့စေတနာ၊ သူ့မေတ္တာကို တစ်စက်လေးမျှ ငဲ့ညှာထောက်ထားခြင်းမရှိဘဲ သူ့အလုပ်၊ သူ့အိမ်ထောင်နှင့် သူ့ဘဝကို ဖျက်ဆီးရန် သူမက သွေးရူးသွေးတန်း ကြိုးစားနေပြီ။

ဗိုနာတယ်လာသည် ကားပေါ်မှဆင်းလိုက်သည်။ ထိုကားမှာ အိုင်ဗိုက သူမအား ရက်ရက်ရောရော ဝယ်ပေးခဲ့သောကား ဖြစ်သည်။

အိုင်ဗိုက ဆင်ဝင်အောက်မှ ရပ်ကြည့်နေရာမှ သူ့မယားငယ် အရင်ထက် ပိုလှလာသည်ဟု တွေးလိုက်မိသည်။

ကလေးတွေက သူ့ထက်ငါအရင် အလုအယက် ဖက်ယမ်း နှုတ်ဆက်ကြသည်။ အိုင်ဗိုက သူ့သားလေးတွေကို အလွန်ချစ်သည်။ သို့သော်လည်း ဆီမိုနက်တာ အိပ်ယာမှ နိုးလာမည်ကို တွေးကြောက်ပြီး သူ့ခမျာ ကိုယ့်ရင်သွေးကလေးများကိုပင် စိတ်ရှိလက်ရှိ တယုတယ

www.burmeseclassic.com



ပြန်လည်နမ်းရှုတ်ခြင်း မပြုနိုင်အောင် ဖြစ်ရရှာသည်။

"ကျွန်မ ရှင့်မိန်းမနဲ့ တွေ့မလို့ လာတာ"

ဒိုနာတယ်လာက အသံမာမာဖြင့် ပြောသည်။ ပြီးတော့ ကလေးတွေဘက် လှည့်ပြီး . . .

"လာ . . . သားတို့ . . . လာကြ"

"ဟေ့ . . . မသွားရဘူး"

အိုင်ဗိုက အော်၍ အမိန့်ပေးလိုက်သည်။

"ရှင် ကျွန်မကို မတားနဲ့၊ ကျွန်မ သူနဲ့ ဒီနေ့မတွေ့ရရင် မနက်ဖြန် လာတွေ့ဦးမှာပဲ "

အိုင်ဗိုမှာ ဘေးကျပ်နံကျပ် ဖြစ်နေပြီ။ ထွက်ပေါက် မရှိတော့။ သို့သော် သူ့အနေဖြင့် သည်ကိစ္စကိုတော့ ဘယ်လိုမှ ခွင့်မပြုနိုင်။ ဖြစ်သည့်နည်းဖြင့် တားရမည်။ သို့မဟုတ်လျှင် သူ့ဘဝတစ်ခုလုံး ပြိုပျက်သွားမည်။ တစ်သက်လုံး ကြိုးစားလာခဲ့သမျှ သဲထဲရေသွန် ဖြစ်တော့မည်။

သူက သူ့ကိုယ်သူ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးအဖြစ် ခံယူသည်။ ထို့ကြောင့်လည်း သူလုပ်ရမည့်လုပ်ရပ်ကို အထူးပင် ရွံ့မုန်းမိသည်။ သူက သူ့အတွက်သာ မဟုတ်။ အပြစ်မဲ့သော သူ့မိသားစုနှစ်ခုလုံးအတွက်ပါ စိတ်မကောင်း ဖြစ်မိသည်။

"မင်းလိုချင်တဲ့ငွေ ငါ ပေးပါ့မယ်၊ ငါ့ကို ငါးရက်လောက် အချိန်ပေးပါကွာ"

ဒိုနာတယ်လာက သူ့ယောက်ျားမျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

"ကောင်းပြီ . . . ငါးရက်ပဲ၊ ရှင့်စကား တည်ပါစေ"

★

လန်ဒန်မြို့တွင်မူ ဆာအလက်နီခိုးလ်သည် အရေးကြီးသော နိုင်ငံရေးကိစ္စတစ်ရပ်နှင့် ပတ်သက်၍ အောက်လွှတ်တော်၌ မိန့်ခွန်းမြွက်ကြား



လျက်ရှိသည်။ အကြောင်းအရာမှာ အလုပ်သမားသပိတ်ကိစ္စ ဖြစ်သည်။ အလုပ်သမားသပိတ်ကြောင့် အင်္ဂလန်နိုင်ငံ၏ စီးပွားရေး ယိမ်းယိုင်ချို့နဲ့သွားခဲ့ရသည်။ ဤကိစ္စအတွက် သူတို့ပါတီ၏ သဘောထားကို မိန့်ခွန်းပြောကြားရန် သူ့အား ရွေးချယ်ခဲ့ကြခြင်းပင် ဖြစ်သည်။

သို့သော်လည်း လောလောဆယ်တွင် သူ့အဖို့ နိုင်ငံရေးကိစ္စကို လုံးဝစိတ်မဝင်စားနိုင်အောင် ဖြစ်နေရသည်။ လွန်ခဲ့သော ရက်များအတွင်းက သူ့ထံသို့ နာရီမလပ် တယ်လီဖုန်းဆက်ခဲ့ကြသည်များကိုသာ သူက သတိရနေသည်။

သူတို့က ဆာအလက် ရှိနိုင်မည့်နေရာတိုင်းကို တယ်လီဖုန်း လှမ်းဆက်ခဲ့ကြသည်။ ငိုက်ကလပ်၊ ဆံသဆိုင်၊ စားသောက်ဆိုင်များနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အစည်းအဝေးများ စသည်တို့ကို ဖုန်းဆက်ရှာဖွေကြသည်။ ယင်းသို့ဆက်တိုင်း မည်သူမည်ဝါမှန်း သိလျှင်သိချင်း ဆာအလက်က ဖုန်းကို ပြန်ချခဲ့သည်ချည်း ဖြစ်သည်။

တကယ်တော့ သူတို့သည် ဆာအလက်၏ပျော့ကွက်ကို အခွင့်ကောင်းယူကာ သူ့အား လုံးဝချုပ်ကိုင်ပြီး ရိုဖေးနှင့်သားများကုမ္ပဏီရှိ သူပိုင်ရှယ်ယာကို အပြီးအပိုင် သိမ်းယူနိုင်ရန် အသေအလဲ ကြိုးစားနေခြင်းဖြစ်သည်။

ဤနည်းဖြင့် ကမ္ဘာပေါ်တွင် ဆေးဝါးပစ္စည်းအမျိုးမျိုး ထုတ်လုပ်သော ကုမ္ပဏီကြီးတစ်ခု၏ တစ်စိတ်တစ်ပိုင်းကို သူတို့အနေဖြင့် ပိုင်ဆိုင်ခွင့် ရနိုင်လာမည် ဖြစ်သည်။

သို့သော် ဆာအလက်အနေဖြင့် ဤအချက်ကို လုံးဝ ခွင့်မပြုနိုင်။

သူတို့က တစ်နေ့လျှင် လေးကြိမ်ငါးကြိမ်နှုန်းဖြင့် နေ့တိုင်း ဖုန်းဆက်ကြသည်။ ဆာအလက်အဖို့ ထွက်ပေါက်မရှိတော့အောင် ဘေးကျပ်နံကျပ် ကြုံနေသည်။ စိတ်ရောကိုယ်ပါ ယိမ်းယိုင်ပြိုလဲတော့မလောက် အနေခက်လာသည်။

ယနေ့တွင်မူ ဘယ်သူမျှ တယ်လီဖုန်းဆက်ခြင်း မရှိ။ ဤအချက်ကြောင့်ပင်လျှင် ဆာအလက်မှာ စိုးရိမ်ပူပန်မှု ပိုလာသည်။

သူသည် သူ့အိမ်တွင် နံနက်စာစားတုန်းကလည်း တယ်လီဖုန်း

www.burmeseclassic.com

သံတို နားစွင့်နေသည်။ ပွိုက်ကလပ်တွင် နေ့လည်စာစားတုန်းကလည်း တယ်လီဖုန်းများ လာလေမလားဟု ရင်တဒိတ်ဒိတ်ဖြင့် မျှော်မိသည်။ သို့သော် ဘယ်သူ့ထံကမှ ဖုန်းမလာ ။

ထို့ကြောင့် သူ့မှာ ပို၍အနေရအထိုင်ရ ခက်လှသည်။ တောင်တောင်အီအီ လျှောက်တွေးပြီး သံသယစိတ်တွေ ဝင်လာသည်။

စိုးရိမ်စိတ်တွေ ဖြစ်လာသည်။ တယ်လီဖုန်းဆက်၍ အကြပ်ကိုင်ခံရခြင်းထက် တယ်လီဖုန်းသံမကြားဘဲ လုံးဝတိတ်ဆိတ်နေခြင်းက ပို၍ဆိုးရွားလာနိုင်သည်ဟု သူက တွေးမိသည်။

သို့သော်လည်း ဆာအလက်က ယင်းစိုးရိမ်စိတ်ကြောင့်ကြစိတ်တွေကို ကြိုးစား၍ဖြေဖျောက်ပြီး မိန့်ခွန်းကိုသာ ဆက်လက်ပြောသည်။

"ကျုပ်ဟာ အလုပ်သမားတွေရဲ့ အမာခံမိတ်ဆွေစစ် ဖြစ်တယ်၊ အလုပ်သမားတွေအတွက် ကျုပ်ထက်စစ်မှန်တဲ့မိတ်ဆွေ မရှိနိုင်တော့ပါဘူး၊ ကျုပ်တို့ရဲ့ အလုပ်သမားအင်အားစုဟာ ကျုပ်တို့ နိုင်ငံကို ကြီးကျယ်အောင် လုပ်ဆောင်ခဲ့သူတွေ ဖြစ်တယ်။

အလုပ်သမားတွေဟာ ကျုပ်တို့ရဲ့ အလုပ်ရုံတွေကို မီးခိုးတလူလူ ဝေစေခဲ့တယ်၊ ကျုပ်တို့စက်ရုံတွေကို စက်သံတညံညံ ပေါ်ထွက်လာစေအောင် ဆောင်ရွက်ခဲ့ကြတယ်။

သူတို့တတွေဟာ ကျုပ်တို့နိုင်ငံရဲ့ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးတွေပဲ၊ အင်္ဂလန်နိုင်ငံကို ကမ္ဘာပေါ်မှာ အင်အားကြီးနိုင်ငံတစ်နိုင်ငံ အဖြစ်ကိုရောက်အောင် အကျိုးဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ အခြားလူတွေမဟုတ်ဘူး၊ ကျုပ်တို့နိုင်ငံရဲ့ကျောရိုးတွေဖြစ်တဲ့ အလုပ်သမားတွေပဲဖြစ်ပါတယ်"

သူက ခေတ္တရပ်လိုက်ပြီးမှ ဆက်လက်ပြောသည်။

"သို့သော်လည်း . . . နိုင်ငံတိုင်းရဲ့ မလွဲမရှောင်သာတဲ့ ကံကြမ္မာအတိုင်း ကျုပ်တို့နိုင်ငံဟာ ဇာတာစန်းလဂ် ညှိုးမှိန်သွားတဲ့အတွက် အရာရာမှာ အနစ်နာခံရမယ့် အခြေအနေမျိုးကို ရောက်လာခဲ့ခြင်းဖြစ်ပါတယ်"

ဆာအလက်သည် သူ့မိန့်ခွန်းကို လက်တန်းပြောသွားသည်။



ဆာအလက်က အလုပ်သမားလူတန်းစားကို ရှေ့တန်းတင်ပြီး အရင်းရှင် လူတန်းစားကို သေးသိမ်သော နေရာသို့ ပို့လိုက်သည်။ သူ့စကားအတွက် သူ့ကိုယ်သူ လိပ်ပြာမလုံ ဖြစ်မိသည်။ ကြောက်စိတ်ဝင်လာမိသည်။ သို့သော် ဘာမှ ကြောက်စရာမလို၊ အရင်းရှင်လူတန်းစားဆိုတာ လက်တစ်ဆုပ်စာ လူဆိုးသူခိုးတွေပဲ၊ သူက ဆာအလက်နီးခိုးလ်ပဲ။ မှုန်မှိုင်းမတ်နွယ် ပါလီမန်တစ်ယောက်ပဲ။ သူတို့ကို ဘာမှုစရာရှိသလဲ။

ဆာအလက်မိန့်ခွန်းပြီးဆုံးသွားသောအခါ လွှတ်တော်ခန်းမတစ်ခုလုံး ကွဲထွက်မတတ် လက်ခုပ်သြဘာသံများ ဆူညံသွားသည်။

သူသည် လွှတ်တော်ခန်းမထဲမှ ပြန်ထွက်လာစဉ် လွှတ်တော်အမှုထမ်းတစ်ယောက်က သူ့နောက်မှ သုတ်သီးသုတ်ပျာ ကပ်လိုက်လာပြီး . . .

"စောစောက တယ်လီဖုန်းနဲ့ သတင်းတစ်ခု ပေးပါတယ် . . . ဆာအလက်"

ဆာအလက်က နောက်သို့ ပြန်လှည့်ပြီး . . .

"အို . . . ဟုတ်လား"

"အိမ်ကို အမြန်ဆုံးလာပါတဲ့၊ အိမ်မှာ အရေးကြီးတဲ့ကိစ္စ တစ်ခုဖြစ်နေပါတယ်တဲ့"

★

ဆာအလက်ရောက်သွားချိန်တွင် ဇီဇီယံကို လူနာတင်ကားပေါ်သို့ တင်နေကြသည်။ ဆရာဝန်လည်း ရောက်နေသည်။ သူက ကမန်းကတန်းပြေးသွားပြီး ဇီဇီယံကို ကြည့်လိုက်သည်။ ဇီဇီယံ၏မျက်နှာတွင် သွေးတစ်စက်မှ မရှိ။ သူမသည် လုံးဝ မေ့မျောနေသည်။

ဆာအလက်က ဆရာဝန်ဘက်သို့ ဇတ်ခနဲ လှည့်ရင်း . . .

"ဘယ်လိုဖြစ်ရတာလဲ . . . ဒေါက်တာ"

"ကျွန်တော်လည်း အတိအကျ မသိရသေးဘူး . . ဆာအလက်၊

www.burmeseclassic.com



ကျွန်တော့်ဆီ ဘယ်ကမှန်းမသိ ဖုန်းဆက်တယ်၊ ဒီမှာ အမှုတစ်ခု ဖြစ်နေတယ်၊ မြန်မြန်လာပါဆိုလို့ လာခဲ့တာပဲ၊ ကျွန်တော် ဒီကို ရောက်တော့ လေဒီနီခိုးလ်ကို သူ့အိပ်ခန်းထဲက ကြမ်းပြင်ပေါ် လဲနေတာ တွေ့ရတယ်၊ သူ့ဒူးဆစ်တွေကို ကြမ်းပြင်ပေါ်မှာ သံမှိုနဲ့ ရိုက်ထားကြတယ်"

ဆာအလက်က မျက်လုံးများကို မှိတ်ထားလိုက်သည်။ သူ့ရင်ထဲတွင်အလုံးကြီး ဆို့တက်လာသလို ခံစားလိုက်ရသည်။

"ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားပါ့မယ် . . . ဆာအလက်၊ ဒါပေမဲ့ စိတ်ကိုတော့ ထိန်းပါ၊ ပြန်ကောင်းသွားတောင်မှ လမ်းတော့ လျှောက်နိုင်တော့မှာ မဟုတ်တော့ဘူး"

ဆာအလက်သည် အသက်ပင် မရှူနိုင်သလို ဖြစ်သွားသည်။ သူက လူနာတင်ကားအနီးသို့ ကပ်သွားသည်။

"သူ့ကို မေ့ဆေးပေးထားတယ်၊ ဆာအလက်ကို မှတ်မိချင်မှ မှတ်မိမှာပဲ"

သူသည် ဆရာဝန်၏စကားကိုပင် မကြားတော့။ ကားဆဲဝင်ထိုင်ပြီး သူ့ဇနီးချောကလေး၏ မျက်နှာကိုသာ တွေတွေကြီး စိုက်ကြည့်နေသည်။ ကားတံခါးပိတ်သံ၊ အရေးပေါ်လူနာတင်ကား အချက်ပေးသံများ ပေါ်လာသည်။ ကား စထွက်သည်။

ဆာအလက်က ဗီဗီယံ၏ အေးစက်နေသောလက်ကလေးကို ဆုပ်ကိုင်ထားလိုက်သည်။

"အလက်"

သူမအသံက လေတိုးသံလောက်သာ ကြားရသည်။

ဆာအလက်၏ မျက်လုံးများတွင် မျက်ရည်တွေ ဝိုင်းလာသည်။

"အိုး . . . မိုင်ဒါလင်၊ မိုင်ဒါလင် . . ."

သူ့ပါးစပ်မှ သည်လောက်သာ ပြောနိုင်ရှာသည်။

"လူနှစ်ယောက် မျက်နှာဖုံးတွေနဲ့ ကျွန်မကို ကြမ်းပြင်ပေါ် လှဲချ၊ ခြေထောက် ရိုက်ချိုး၊ ကျွန်မ ဘယ်တော့မှ မကနိုင်တော့ဘူး။ ကျွန်မ အိုနာကျိုးကန်းကြီး ဖြစ်ရတော့မယ်၊ အလက် ကျွန်မကို ချစ်သေးရဲ့



လား . . . ဟင် . . . အလက်"

ဆာအလက်က ဗီဗီယံ၏ပခုံးပေါ်တွင် သူ့ခေါင်းကို အပ်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်သည်။ သူ့မျက်လုံးများမှ မျက်ရည်တွေ ဒလဟော စီးကျလာသည်။ ဒေါသ မျက်ရည်များ၊ သောက မျက်ရည်များ။

တစ်ချိန်တည်းတွင် အခြားတစ်စုံတစ်ရာကိုလည်း သူက ခံစားလိုက်ရသည်။ စိတ်ထဲမှာ ပေါ့ပါးရှင်းလင်းသွားသော ခံစားမှု။

ဗီဗီယံ အိုနာကျိုးကန်းဘဝသို့ ရောက်သွားလျှင် သူမအား သူကပင် တစ်သက်ပတ်လုံး စောင့်ရှောက်သွားရတော့မည်။ သူမသည် တစ်ပါးသူများနှင့် တွဲခုတ်ရန် အိမ်က ထွက်မသွားနိုင်တော့။

သို့သော် ဤဖြစ်ရပ်သည် သူ့အတွက် နိဂုံးမဟုတ်သေး၊ အပြီးသတ်ဖြစ်ရပ် မဟုတ်သေး။ ခုမှ အစပင် ရှိသေးသည်ဟု ဆာအလက်က တွေးလိုက်မိသည်။

ဤဖြစ်ရပ်သည် သူ့ရန်သူတွေက သူ့အား ပထမဦးဆုံး မီးနီပြ သတိပေးလိုက်ခြင်းသာ ဖြစ်သည်။

သူတို့စက်ကွင်းမှ လွတ်နိုင်ရန် တစ်လမ်းသာ ရှိတော့သည်။ ယင်းလမ်းမှာ အခြား မဟုတ်။ သူတို့တောင်းသော အရာကို အမြန်ဆုံး ပေးလိုက်ရန် ဖြစ်သည်။

အမြန်ဆုံး . . . ပေးလိုက်ရန် ဖြစ်သည်။

★ ↔ ★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၈)

ဆွစ်ဇာလန်နိုင်ငံ
ဇူးရစ်မြို့
ကြာသာပတေးနေ့ ဒီဇင်ဘာလ (၄) ရက်
မွန်းတည့် ၁၂ နာရီတိတိ အချိန်

ဇူးရစ်မြို့၊ မှုခင်းဆိုင်ရာ ရဲဌာနချုပ်မှ တယ်လီဖုန်းလာသည်။ မှုခင်းဌာနခွဲမှ ရဲမှူးရှုမစ်က တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

တစ်ဘက်မှ သတင်းပို့ချက်ကိုနားထောင်ပြီးသောအခါ ရဲမှူးက တယ်လီဖုန်းကို ပြန်ချလိုက်ပြီး မှုခင်းစုံထောက် ဟော်နန်ထံသို့ လာခဲ့သည်။

"အားလုံး ပြီးသွားပြီကွ"

သူက အစမရှိ အဆုံးမရှိ ပြောလိုက်သည်၊ ပြီးတော့မှ . . .

"ရှိဖေးကုမ္ပဏီအမှု ရှင်းသွားပြီ၊ လူသတ်တရားခံကို သူတို့ တွေ့ရပြီ၊ ကိုင်း . . . အချိန် မရှိတော့ဘူး၊ လေဆိပ်ကိုသာ မြန်မြန်လစ်ပေတော့၊ ဒါတောင် လေယာဉ်ပျံကို မီမှီကလေးပဲ နေမယ်"

"ကျွန်တော် ဘယ်ကို သွားရမလဲ . . . ဆရာ"

"ဘာလင်ကို"

★

သူတို့သည် ကားကို အရှိန်မြှင့်ကာ အဝေးပြေးလမ်းမကြီးအတိုင်း ဘာလင်မြို့ပြင်ရှိ ဝန်းဆီးနယ်မြေသို့ ဦးတည်မောင်းနှင်လျက် ရှိသည်။

ဟော်နန်က ရဲမှူး ဇေဂျမန်းနှင့်တစ်လျက် နောက်ခုံတွင် ထိုင်သည်။ ရှေ့ခုံတွင် မှုခင်းစုံထောက် နှစ်ယောက်။

သူတို့ကို ဟော်နန်အား တင်ပယ်ဟော့လေဆိပ်က အသင့်ကြိုဆို

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ရဲမှူးဇော်ဂျမန်းက ဟော်နန်အား အဖြစ်အပျက်ကို ကားပေါ်တွင်ပင် တိုတိုတုတ်တုတ် ရှင်းပြသည်။

"အိမ်ကို ရဲတွေ ဝိုင်းထားပြီးပြီ၊ ဒါပေမဲ့ အရမ်းဝင်လို့ မဖြစ်ဘူး။ သူက သူ့မိန်းမကို အိမ်ပေါ်မှာ အခန်းထဲသွင်းပြီး သော့ပိတ်လှောင်ထားတယ် "

"ဆရာတို့က ဝေါလသာကို ဘယ်လိုလုပ်ပြီး ထင်ကြတာလဲ"

"ခင်ဗျား ကျေးဇူးကြောင့်ပေါ့၊ ဒါကြောင့်မို့ သူ့ကိုသွားဖမ်းတဲ့အချိန်မှာ ခင်ဗျားလည်းရှိသင့်တယ်ထင်လို့ ခင်ဗျားကိုလှမ်းခေါ်လိုက်တာ"

"ကျွန်တော့်ကျေးဇူး ဆိုတော့ . . ."

"ဟုတ်တယ်လေ . . . စိတ်ကုဆရာဝန်ဆီ ခင်ဗျား သွားခဲ့တာကို ခင်ဗျားကပဲ ကျုပ်ကို ပြောခဲ့တယ် မဟုတ်လား၊ ကျုပ်က လိုရမယ်ရဆိုပြီး ဝေါလသာက သူ့မိတ်ဆွေအကြောင်း ပြောပြချက်တွေကို အခြားစိတ်ကုဆရာဝန်တွေဆီ ပို့လိုက်တယ်၊ ဒီတော့မှ သူက တခြားဆရာဝန်ခြောက်ယောက်လောက်ဆီကိုလည်း ရောက်တယ်ဆိုတာ သိရတော့တာပေါ့။ သူက ဆရာဝန်တစ်ယောက်ဆီသွားတိုင်း နာမည်တစ်မျိုးစီပြောင်းပြောတယ်၊ ပြီးတော့ အဲဒီဆရာဝန်ဆီ ပြန်မသွားဘူး၊ အမှန်ကဒီလူ့အခြေအနေက တော်တော်ဆိုးနေပြီ၊ အဲဒါကို သူကိုယ်တိုင်လည်း သိတယ်။

ပြီးခဲ့တဲ့ နှစ်လလောက်က ကျွန်ုပ်တို့ဆီကို သူ့မိန်းမ ဖုန်းဆက်တယ်၊ ကျုပ်တို့လူက သွားစုံစမ်းတော့ သူ့မိန်းမနဲ့ တွေ့တယ်၊ ဒါပေမယ့် သူက အဖြစ်မှန် မပြောဘူး၊ မဟုတ်မဟတ်တာတွေကို ဖြီးဖြန်းပြောပြီး ကျုပ်တို့လူကို ပြန်နှိုင်းလိုက်တယ် . . ."

ရဲကားသည် ကားလမ်းမကြီးကို တစ်ဆစ်ချိုး ကွေ့လိုက်သည်။ ဝေါလသာအိမ်ကြီးကိုရောက်ရန် မိနစ်ပိုင်းခရီးမျှသာ ကျန်တော့သည်။

"ဒီနေ့မနက်ကျတော့ မင်ဒလာဆိုတဲ့ သန့်ရှင်းရေးသမကလေးတစ်ယောက်က ကျုပ်တို့ဆီ ဖုန်းဆက်တယ်၊ သူက တနင်္လာနေ့တုန်းက ဝေါလသာအိမ်မှာ သန့်ရှင်းရေးသွားလုပ်တော့ မစ္စက်ဝေါလသာကို အခန်းတစ်ခုတည်း သော့ပိတ်လှောင်ထားတာ တွေ့ခဲ့ရပါ





တယ်လို့ ပြောတယ်၊ ပြီးတော့ ဝေါလသာက ကလေးတွေကို သတ်ပစ်တယ်၊ သူ့ကိုလည်း သတ်ဦးမယ်ဆိုပြီး မစ္စက်ဝေါလသာက သူ့တို ပြောလိုက်ပါတယ်လို့ မင်ဒလာက ကျုပ်တို့ဆီ သတင်းပို့တယ်"

"ဒီဖြစ်ရပ်က တနင်္လာနေ့က ဖြစ်တာနော်၊ ဒါနဲ့ အဲဒီသန့်ရှင်းရေး အလုပ်သမက ဒီနေ့မှ ဘာလို့ သတင်းပို့ရတာလဲ၊ လေးရက်တောင် ရှိနေမှပဲ . . ."

"မင်ဒလာကိုယ်တိုင်ကလည်း ရဲမှတ်တမ်းဝင်နေတဲ့ အမျိုးသမီးဖြစ်နေတယ်၊ ဒါကြောင့် သူ ကျုပ်တို့ဆီ မလာရဲဘူး၊ မနေ့က ညကျတော့ သူက သူ့ရည်းစားကောင်လေးကို ဒီအကြောင်း ပြောပြတယ်၊ ဒါနဲ့ . . . ဒီနေ့မှာ သူတို့ ကျုပ်တို့ဆီ သတင်းပို့တာပဲ"

ပြောရင်းဆိုရင်း ဝန်းဆီးရိပ်သာသို့ ရောက်လာကြပြီ။ ကားကို ခပ်လှမ်းလှမ်း ခြံဝန်းအပြင်ရှိ အမှတ်တံဆိပ်မရှိသော အခြားကားတစ်စီးနောက်တွင် ရပ်ထားလိုက်သည်။ ထိုကားပေါ်မှ လူတစ်ယောက်ဆင်း၍ ရဲမှူးနှင့်ဟော်နန်တို့ထံ ပြေးလာသည်။

"သူ အိမ်ပေါ်မှာ ရှိနေသေးတယ် ဆရာ၊ ကျွန်တော့် ရဲဘော်တွေတော့ ခြံဝန်းပတ်ပတ်လည် ဝိုင်းထားကြပြီ . . ."

"သူ့မိန်းမကော သေပြီလား၊ မသေသေးဘူးလား"

"အဲဒါတော့ မသိဘူးဆရာ၊ တံခါးရွက်တွေ အားလုံးပိတ်ထားတယ်"

"ကောင်းပြီ . . . ကျုပ်တို့ မြန်မြန်နဲ့ငြိမ်ငြိမ်ကလေးလုပ်ကြမယ်၊ အားလုံး နေရာယူကြ၊ ငါးမိနစ် အချိန်ပေးမယ် "

ထိုလူ ပြန်ထွက်သွားသည်။ ရဲမှူးက ကားထဲမှ ခရီးဆောင် အသံလွှင့်အသံဖမ်းစက် (ဝေါ့ကီး - တော့ကီး) ကို ယူလိုက်ပြီး အမိန့်ညွှန်ကြားချက်တွေ စတင်ပေးသည်။

ဟော်နန်က ငြိမ်ငြိမ်ကလေး နားထောင်နေသည်။ စောစောက ရဲမှူးပြောခဲ့သော အချက်တစ်ချက်ကို သူက အလေးအနက် စဉ်းစားနေသည်။ ထိုအချက်သည် လုံးဝအဓိပ္ပာယ် မရှိ။ သို့သော်လည်း ထိုအချက်ကို ရဲမှူးအား ပြန်မေးနေရန် အချိန်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



သစ်ဝင်တွေ၊ ချုံဖုတ်တွေ အကာအကွယ်ယူရင်း ရဲတွေက လက်နက်ကိုယ်စီဖြင့် အိမ်ဘက်သို့ ချီတက်သွားကြသည်။

ရဲမှူးဇော်ဂျမန်းက ဟော်နန်ဘက်သို့ လှည့်ရင်း . . .

"တဲ . . . သွားကြစို့"

မြင်ကွင်းမှာ ဥယျာဉ်ထဲသို့ စစ်သားများ ထိုးဖောက်ဝင်ရောက်နေသလို ထင်ရသည်။ အချို့က မှန်ပြောင်းတပ် ရိုင်ဖယ်သေနတ်များနှင့်၊ အချို့လည်း မျက်ရည်ယိုဗုံးတွေနှင့်၊ တချို့က ကျည်ကာအင်္ကျီများနှင့်၊ အချို့လည်း ဓာတ်ငွေ့ကာ ခေါင်းစွပ်များနှင့် . . .။

ရဲမှူးက အချက်ပြလိုက်သည်နှင့် တစ်ပြိုင်နက် အသင့်ပြင်ထားကြသော ရဲသားများက ဓာတ်ငွေ့ဗုံးများကို အိမ်ထဲသို့ ဆက်တိုက်ပစ်သွင်းလိုက်ကြသည်။ အောက်ထပ်နှင့် အပေါ်ထပ်ပြတင်းပေါက်များမှ ဓာတ်ငွေ့တွေ အလိပ်အလိပ် အန်ထွက်လာကြသည်။ ဗုံးပစ်သမားတွေနောက်မှ လက်နက်ကိုင်တပ်သားတွေ ရှေ့သို့ ချီလာသည်။

ဟော်နန်နှင့်ရဲမှူးတို့သည် ပွင့်နေသော အိမ်ရှေ့တံခါးဝသို့ ပြေးသွားကြသည်။ ခန်းမဆောင်တွင် မီးခိုးများနှင့် ပြည့်နေသည်။ မီးခိုးများထွက်နိုင်ရန် ပြတင်းပေါက်များနှင့် တံခါးပေါက်များကို ဖွင့်လိုက်ကြသည်။

မကြာမီတွင် ရဲသားနှစ်ယောက်က ဝေါလသာအား လက်ထိပ်ခတ်ပြီး ခန်းမအလယ်လမ်းအတိုင်း ခေါ်ဆောင်လာသည်။

ဝေါလသာသည် ညအိပ်ဝတ်ရုံအပွကြီးကို ဝတ်ထားသည်။ သူ့ပါးနှစ်ဘက်က ပိန်ခွက်နေပြီး မျက်နှာတွင်လည်း ပါးသိုင်းမွေးတွေနှင့် သူ့မျက်လုံးများက ယောင်ကိုင်းနေသလို ထင်ရသည်။

ဟော်နန်က ဝေါလသာကို စေ့စေ့ကြည့်သည်။ သူ့ကို သည်တစ်ကြိမ်သာ မြင်ဖူးသေးသည်။ ကွန်ပြူတာစက်တွေက ပြောပြနေသော ဝေါလသာ၏ရုပ်ပုံလွှာနှင့် ယခုမြင်ရသော ရုပ်ပုံလွှာမှာ တခြားစီဖြစ်နေသည်။

ရဲမှူးက စတင် မေးလိုက်သည်။

"ခင်ဗျားကို ဖမ်းဆီးလိုက်ပြီ၊ မစ္စတာဝေါလသာ၊ ခင်ဗျား မိန်းမ





ဘယ်မှာလဲ"

"သူ ဒီမှာ မရှိဘူး၊ သူ မရှိတော့ဘူး၊ ကျွန်တော် . . ."

သူ့အသံက အောအောကြီး ဖြစ်နေသည်။

အပေါ်ထပ်မှ တံခါးတွန်းဖွင့်သံ ကြားရသည်။ မကြာမီတွင် စုံထောက်တစ်ယောက်၏အသံ ထွက်ပေါ်လာသည်။

"တွေ့ပြီ . . . ဒီမှာ တွေ့ပြီ၊ အခန်းထဲ ပိတ်ထားတယ်"

စုံထောက်နှင့် မစ္စက်ဝေါလသာတို့ အပေါ်လှေကားမှ ဆင်းလာကြသည်။ သူမအား စုံထောက်က တွယ်လာရသည်။ သူမ၏ဆံပင်တွေကို စုချည်ထားသည်။ မျက်နှာတွင် အစင်းကြောင်းများနှင့် ယောင်ကိုင်းနေသည်။ သူမသည် ရှိုက်၍ရှိုက်၍ ငိုသည်။

"အော် . . . ဘုရား . . . ဘုရား၊ ဘုရား ကယ်ပေလို့"

စုံထောက်က သူမအား ညှိခန်းမကြီးသို့ တွဲခေါ်လာခဲ့သည်။ ခန်းမထဲတွင် အားလုံး စုပြုံရောက်ရှိနေသည်။ သူ့ယောကျ်ားမျက်နှာကို မြင်လိုက်ရသောအခါ မစ္စက်ဝေါလသာ အလန့်တကြား အော်လိုက်သည်။

ရဲမှူးက နှစ်သိမ့်စကားပြောသည်။

"အားလုံးကောင်းသွားပါပြီ မဒမ်၊ ဘာမှ ကြောက်စရာ မရှိတော့ပါဘူး"

"ကျွန်မတလေးတွေကော. . ကလေးတွေကို ရှာပေးကြပါ၊ ကလေးတွေကို သူ သတ်လိုက်ပြီ"

သူမက သွေးရူးသွေးတန်း အော်ပြောနေသည်။

ဟော်နန်က ဝေါလသာ၏မျက်နှာကို စေ့ကြည့်လိုက်သည်။ သူက ဖမ်းမြစ်သူအား စိတ်ပျက်လက်ပျက်ဟန်ဖြင့် ကြောင်ကြည့်နေသည်။ သူ့စိတ်ဓာတ်သည် ရစရာမရှိအောင် ကျဆင်းသွားခဲ့ပြီ။

"အန်နာ. . . အန်နာ . . ."

သူက လေသံဖြင့် ခေါ်လိုက်သည်။

"လူကြီးမင်းအနေနဲ့ ဘာမှမပြောဘဲ နေမယ်ဆိုရင်လည်း နေနိုင်တယ်၊ ရှေ့နေငှားမယ်ဆိုရင်လည်း ငှားနိုင်တယ်၊ ကျွန်တော်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



အတူအညီပေးရင်တော့ လူကြီးမင်းအဖို့ အကျိုးရှိနိုင်ပါတယ်"

သူက ရဲမှူး၏စကားကို မကြားသလိုဖြင့် . . .

"မင်း သူတို့ကို ဘာလို့ခေါ်လိုက်သလဲဟင် . . . အန်နာ၊ ဘာလို့ မင်း ခေါ်ရတာလဲ၊ တို့နှစ်ယောက်တည်း နေရတာ မပျော်ဘူးလားတင်"

"ကျွန်မကလေးတွေ မရှိတော့ဘူး၊ ဟီး . . . ဟီး . . . သူတို့ သေကုန်ကြပြီ . . . ဟီး . . . ဟီး . . ."

အန်နာက ပြောရင်း ငိုနေသည်။

"အဲဒါ အမှန်ပဲလား"

ရဲမှူးက မေးလိုက်သည်။

ဝေါလသာက ခေါင်းညိတ်ပြသည်။

"တုတ်ကဲ့ . . . သူတို့ သေသွားကြပြီ"

"ရှင် . . . ရှင် . . . လူသတ်ကောင် လူသတ်ကောင်၊ ဟီး . . . ဟီး . . . ကျွန်မကလေးတွေ မရှိကြတော့ဘူး . . . ဟီး . . . ဟီး . ."

"အလောင်းတွေကို ကျွန်တော်တို့ကို လိုက်ပြနိုင်မလား"

ရဲမှူးက ဝေါလသာအား မေးသည်။

ဝေါလသာက ရှိုက်၍ငိုနေသည်။ မျက်ရည်တွေ စီးကျလာသည်။ သူ စကားမပြောနိုင် ဖြစ်နေသည်။

"အလောင်းတွေ ဘယ်မှာလဲ"

ရဲမှူးက ထပ်မေးသည် ။

"ကလေးတွေကို စိန့်ပေါလသချိုင်းမှာ မြှုပ်ထားတယ်"

ဟော်နန်က ဖြတ်ဖြေလိုက်သည်။

အားလုံးကပင် ဟော်နန်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"သူတို့သေတာ ငါးနှစ်လောက်ရှိပြီ"

"လူသတ်ကောင်"

မစ္စက်ဝေါလသာက သံကုန်အော်လိုက်သည်။ သူမမျက်လုံးများမှာ ကြောက်စရာကောင်းလောက်အောင် ရဲရဲတောက်နေကြသည်။

★ ↔ ★

## အခန်း ( ၄၉ )

ဇွန်ဇာလန်နိုင်ငံ
ဒူးရစ်မြို့
ကြာသာပတေး၊ ဇိခင်ဘာ ၄ ရက်
ည -၈- နာရီ ။

အအေးဓာတ်ကဲသော ဆောင်းကာလ ညအချိန်။ ပိုးတဝါး ဆည်းဆာရောင်များ ခဏတာအတွင်းပင် ပျောက်ကွယ်သွားကာ ဖုံမှုန့်များ လွှမ်းထားသော မြို့တော်အလုံးကို ဆီနှင်းများက ပိတ်ဖုံးဝါးမျိုသွားသည်။

ရိုဖေးနှင့်သားများကုမ္ပဏီ အုပ်ချုပ်ရေးဌာန ရုံးချုပ်ကြီးအတွင်းရှိ ရုံးခန်းများတွင် လူသူကင်းမဲ့လျက် ရှိသည်။ အခန်းအသီးသီးမှ လျှပ်စစ်မီးလုံးများမှာ အမှောင်ထုကြီးကို အားပြိုင်နေသော ကြယ်ပွင့်ကလေးများနှင့် တူနေသည် ။

အယ်လစ်ဇဘက်သည် ရုံးခန်းစားပွဲတွင် တစ်ယောက်တည်း ထိုင်နေသည်။ သူမသည် ဂျနီဗာတွင် အစည်းအဝေး သွားတက်နေသော လင်တော်မောင်ရီးစ်၏ အပြန်ကိုစောင့်ရင်း အချိန်ပို အလုပ်လုပ်နေခြင်း ဖြစ်သည်။

သူ မြန်မြန်ပြန်လာပါတော့ဟု၍ သူမစိတ်ထဲက ဆုတောင်းနေမိသည်။

အစောကြီးကတည်းက အမှုထမ်းတွေ အလုပ်ဆင်းသွားကြပြီ။ အယ်လစ်ဇဘက်မှာ တစ်ယောက်တည်း ထိုင်ရင်း စိတ်လှုပ်ရှားနေသည်။ ဂနာမငြိမ် ဖြစ်နေသည်။

သူမသည် ဝေါလသာနှင့်အန်နာတို့အကြောင်းကိုသာ စိတ်ရောက်နေမိသည်။ အန်နာအား အရူးအမူးချစ်သော စကိတ်စည်းပြဆရာကလေး ဝေါလသာ၏ ကလေးဆန်ဆန် ချောမောလှပသည့် မျက်နှာကို သူမက မြင်ယောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်ရောကောင်းလှသော ဖြစ်မှုကြီးကို တကယ်ပင် ပေါ်လာသာက ကျော်လွန်ခဲ့လေသလား။ သူမအနေဖြင့် မယုံကြည်နိုင်အောင် ဖြစ်ရသည်။

သူမသည် တံဆိုးရှာသော အန်နာကို ပိုက်၍ သနားနေမိသည်။ သူမသည် အန်နာ့ထံသို့ အကြိမ်ကြိမ် တယ်လီဖုန်းဆက်ခဲ့သည်။ အန်နာ့ထံမှ ဘာသံမှ မကြားခဲ့ရ။

သူမသည် ဘာလင်သို့ လေယာဉ်ဖြင့် အမြန်ဆုံး လိုက်သွားမည်။ အန်နာအား စိတ်ချမ်းသာမှုရအောင် တတ်နိုင်သမျှ နှစ်သိမ့်မှု ပေးမည်။

တယ်လီဖုန်းမြည်သံ ပေါ်လာသည်။ သူမ လန့်သွားမိသည်။

တယ်လီဖုန်းကို ကောက်ယူလိုက်သည်။

တစ်ဘက်မှ ခေါ်သူမှာ . . . ဆာအလက်။

"ပေါ်လာသာအကြောင်း ကြားပြီလား"

"ဟုတ်တဲ့ . . . ကြောက်စရာကြီးပဲ . . . ကျွန်မတော့ ကိုယ်နားတောင် ကိုယ်မယုံနိုင်ဘူးဖြစ်မိတယ် အလက်"

"မယုံနဲ့ လစ်ဇ်"

"ဘာကိုလဲ"

"အဲဒါကို မယုံပါနဲ့။ ပေါ်လာသာမှာ ဘာအပြစ်မှ မရှိပါဘူး"

"ရဲက ပြောတာပဲ"

"ရဲက မှားတာပါ။ ဆမ်နဲ့ငါနဲ့ ပထမဆုံး သူ့ကိုစောင့်ကြည့်ခဲ့တဲ့လူဟာ ပေါ်လာသာပဲ၊ ဒါပေမဲ့ သူ့ကို တို့က သံသယကင်းသွားတယ်၊ တို့ ရှာနေတဲ့လူဟာ သူ မဟုတ်ဘူး"

အယ်လစ်ဇဘက်က တယ်လီဖုန်းကို ကြောင်ကြည့်နေသည်။ သူမစိတ်ထဲတွင် ဝေနေသည်။ ဘာကို ယုံရမှာလဲ။ တို့ရှာနေတဲ့လူဟာ သူ မဟုတ်ဘူး ဆိုပါလား. . သူမက ပြန်မေးလိုက်သည်။

"အလက်ပြောတာ ကျွန်မ ဘာမှ နားမလည်ဘူး'

ဒီအကြောင်းကို ဖုန်းနဲ့ပြောရတာ တော်တော်ခက်တယ်၊ ဒါပေမယ့် ငါ့မှာက မင်းနဲ့နှစ်ယောက်တည်း ပြောဖို့ ခက်နေတယ်"

"ဘာအကြောင်းကို နှစ်ယောက်တည်း ပြောမှာလဲ"



"လွန်ခဲ့တဲ့နှစ်တုန်းကစပြီး တစ်ယောက်ယောက်က ကုမ္ပဏီကို ဖျက်လိုဖျက်ဆီးလုပ်ဖို့ ကြံစည်နေခဲ့တယ်၊ ဒီအတောအတွင်း တောင်အမေရိကမှာ စက်ရုံတစ်ရုံ ပုံးဖောက်ခွဲခံရတယ်၊ ဆေးမှတ်ပုံတင် မူပိုင်ခွင့်တွေ အခိုးခံရတယ်၊ အဆိပ်ပါတဲ့ ဆေးတွေကို လေဘယ်ပြောင်း ကပ်ထားကြတယ်၊ ဒါတွေအားလုံး ခုပြောနေလို့ ဆုံးမှာမဟုတ်ဘူး။ ဒါနဲ့ ငါ ဆမ်နဲ့ သွားတွေ့တယ်၊ တရားခံကို ဖော်ထုတ်နိုင်အောင် အပြင်ပုဂ္ဂလိက စုံထောက်ဌာနတစ်ခုကို ငှားရမ်းစုံစမ်းစေဖို့ ငါက အကြံပေးခဲ့တယ်၊ ဒီကိစ္စ ဘယ်သူမှ မပြောဖို့လည်း တို့နှစ်ယောက် ဆုံးဖြတ်ခဲ့ကြတယ်"

အယ်လစ်ဇဘက်အဖို့ အရာဝတ္ထုအားလုံး ချက်ချင်း လှုပ်ရှားမှု ရပ်ဆိုင်းသွားသလို ထင်လိုက်ရသည်။ အသိစိတ်တစ်ခုသည် သူမ တစ်ကိုယ်လုံးသို့ လျှပ်စစ်ဓာတ်ပမာ ပျံ့နှံ့သွားသည်။ ယခု စကားပြောနေသူမှာ ဆာအလက် ဖြစ်သည်။ သို့သော်လည်း သူမနားထဲမှာတော့ ရိုးစ်၏ စကားပြောသံကိုသာ ကြားယောင်နေသည်။

တစ်ယောက်ယောက်က ရှိဖေးနှင့်သားများကုမ္ပဏီကိုဖျက်ဆီးဖို့ ကြံနေတယ်၊ လုပ်ပုံက သိပ်ပြီး ဝိရိတယ်၊ ဖမ်းလို့ မရနိုင်ဘူး၊ မတော်တဆအမှုတွေ တစ်ခုပြီးတစ်ခု ပေါ်နေတယ်၊ ငါက ဆမ်ကိုပြောတော့ ဒီကိစ္စစုံစမ်းနိုင်အောင် ပြင်ပစုံထောက်ဌာနတစ်ခုခု ငှားဖို့ သဘောတူကြတယ်၊

ဆာအလက်အသံ ပြန်ပေါ်လာသည်။

"စုံထောက်ဌာနက အစီရင်ခံစာ တင်လာတယ်၊ ဆမ်က အဲဒီအစီရင်ခံစာယူပြီး ချာမိုနီးကို သွားတယ်၊ ဒီအကြောင်းကို တို့နှစ်ယောက် ဖုန်းနဲ့ ဆွေးနွေးခဲ့ကြတယ်"

အယ်လစ်ဇဘက်က ရိုးစ်၏ စကားသံကို ကြားယောင်လာမိပြန်သည်။

ဆမ်က ငါ့ကို ချာမိုနီးကို လိုက်လာဖို့ ခေါ်တယ်၊ ဒါနဲ့ ငါလိုက်သွားတယ်၊ တို့နှစ်ယောက်ဆွေးနွေးပြီးတော့ တရားခံ ပေါ်ချောင်း ဒီအကြောင်းတွေကို ဘယ်သူမှ မပြောဖို့ ဆုံးဖြတ်ခဲ့ကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အယ်လစ်ဇဘက်သည် အသက်မရှူနိုင်အောင် ဖြစ်နေမိသည်။ သူမထာ ပုံမှန်အနေအထားသို့ရောက်အောင် စိတ်ကို ထိန်းပြီး ပြောလိုက်သည်။

"ဒါနဲ့ . . . အလက်၊ ဒီအစီရင်ခံစာအကြောင်းကို ဖေဖေနဲ့ အလက်အပြင် ဘယ်သူ သိသေးလဲ"

"ဘယ်သူမှ မသိဘူး၊ ဒါ အမိကအချက်ပဲပေါ့၊ ဆမ်ပြောတဲ့ အတိုင်းဆိုရင် အုပ်ချုပ်ရေးအဖွဲ့ထဲက တစ်ယောက်ယောက်က ကျိတ်ကြံနေတယ်ဆိုတာကို အစီရင်ခံစာမှာ တင်ပြထားတယ်"

"ဖေဖေ့အနေနဲ့ ဒီကိစ္စကို ရီးစ်ကို ပြောနိုင်တယ် ထင်သလား"

"မထင်ဘူး၊ ဘာလို့ ပြောရမှာလဲ"

သည်အတိုင်းဆိုလျှင် အစီရင်ခံစာပါ အကြောင်းအရာတွေကို ရီးစ်အနေနှင့် သိနိုင်တဲ့နည်း တစ်နည်းသာ ရှိသည်။ အဲဒီနည်းက တခြား မဟုတ်။ အစီရင်ခံစာကို သူ ခိုးယူနိုင်သည်။ ချာမိုနီးကို သူ လိုက်သွားတာ အကြောင်းတစ်ချက်ပဲ ရှိသည်။ ဖေဖေ့ကို သတ်ဖို့ လိုက်သွားတာပဲ ဖြစ်မည်။

တစ်ဘက်မှ ဆာအလက် ဘာတွေပြောနေသည်ကို အယ်လစ်ဇဘက် မသိတော့။ သူမ၏နားထဲတွင် မိုးခြိမ်းသံလို ကြားနေရသည်။ တယ်လီဖုန်းကို ပြန်ချလိုက်သည်။

ခေါင်းထဲတွင် ချာချာလည်နေသည်။ အတိတ်က ဖြစ်ခဲ့သမျှ အဖြစ်ဆိုးတွေအားလုံးကို တစ်ခုပြီးတစ်ခု မြင်ယောင်လာသည်။

သူမ ဂျစ်ကားမှောက်တုန်းက ဆာဒင်နီးယားသို့ မထွက်ခွာမီ သူမ ဆာဒင်နီးယားမှာ ရှိမည်ဟူ၍ ရီးစ်အတွက် စာတစ်စောင် ရေးခဲ့သည်။ ဓာတ်လှေကားပြုတ်ကျသော ညကလည်း အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးသို့ သူ မတက်ခဲ့။ သူမနှင့် မစ္စကီတ်တို့ ရုံးခန်းထဲ ထိုင်နေသောအခါမှ သူ ရောက်လာသည်။ ပြီးတော့ သူတို့အား အလုပ်တွေ ကူလုပ်ပေးပြီး 'ချိန်းထားတာ ရှိတယ်' ဆိုကာ သူ အရင်ပြန်သွားသည်။

တွေးရင်းနှင့် အယ်လစ်ဇဘက်တစ်ကိုယ်လုံး တုန်ယင်လာသည်။



များနေပြီ ထင်တယ်။ မဖြစ်နိုင်ဘူး။ ရီးစ် မဖြစ်နိုင်ဘူး။

သူမ၏ ရင်ထဲတွင် အော်ပြောနေမိသည်။

သူမသည် ကုလားထိုင်မှ ထလိုက်သည်။ ယိုင်နဲ့နဲ့ ခြေလှမ်းများဖြင့် ရီးစ်၏ရုံးခန်းသို့ လာခဲ့သည်။

အခန်းထဲတွင် မှောင်နေသည်။ မီးကို ဖွင့်သည်။ ဟိုဟိုသည်သည် မျက်လုံး ကစားကြည့်သည်။ ဘယ်နေရမှာ ဘာကိုရှာရမှန်း မသိ။

သူမက ရီးစ်၏ပြစ်မှုအတွက် သက်သေခံပစ္စည်းကို မလိုချင်၊ အပြစ်မရှိကြောင်း အထောက်အထားကိုသာ လိုချင်သည်။

သူချစ်သော ယောကျ်ား၊ သူ့ကိုချစ်သော ယောကျ်ား၊ သူ့ကို တယုတယ ပွေ့ဖက်ထားခဲ့သော ယောကျ်ား။

ထိုယောကျ်ားသည် သွေးအေးလူသတ်သမားတစ်ယောက် ဖြစ်နိုင်သည်ဟူသော အချက်ကို သူမက မယုံကြည်နိုင်။ သည်အကြောင်း စဉ်းစားလိုက်တိုင်း သူမရင်ထဲမှာ မီးပူလောင်လာသည်။ ပွင့်ထွက်တော့မတတ် ပူလောင်လာသည်။

ရီးစ်၏စားပွဲပေါ်တွင် မှတ်တမ်းစာအုပ်တစ်အုပ် တွေ့သည်။ သူမ ဖွင့်ကြည့်သည်။ စက်တင်ဘာလရက်စွဲစာရွက်ကို လှန်လိုက်သည်။ ထိုရက်စွဲသည် ဂျစ်ကားမှောက်မှုဖြစ်ပွားသော ရက်စွဲ။

သူ့ပြက္ခဒိန်မှာတော့ 'နိုင်ရိုဘီ' ကို မှတ်ထားသည်။ ထိုရက်အတွင်း သူ ဘယ်မှာရှိသည်ဆိုတာကို နိုင်ငံကူးလက်မှတ်နှင့် တိုက်ကြည့်မှ သိနိုင်မည်။

သူမသည် စားပွဲအံဆွဲတွေဖွင့်ပြီး နိုင်ငံကူးလက်မှတ်ကို ရှာသည်။ စိတ်ထဲကတော့ မသန့်။ အပြစ်ရှိသူလို ထင်မှတ်နေသည်။ တစ်ပြိုင်တည်းတွင် သူ့မှာ ဘာအပြစ်မှ မရှိပါစေနဲ့ဟူ၍လည်း မသိမသာ ဆုတောင်းနေမိသည်။

အောက်ဆုံးအံဆွဲကို သော့ခတ်ထားသည်။ သူမက မရွံ့မရဲ ဖြစ်နေမိသည်။ ကိုယ်နှင့်မဆိုင် ခွင့်မပိုင် ဆွဲကိုင်မကြည့်ရဟူသော ဥပဒေကို သူမ နားလည်သည်။

သူမ၏အပြုအမူသည် သစ္စာတရားကို ဖောက်ဖျက်သော အပြု

www.burmeseclassic.com



အရူး၊ ယုံကြည်မှုကို ဖောက်ဖျက်သော အပြုအမူ၊ တစ်ပါးသူ၏ နယ်နိမိတ်ကို ကျူးကျော်သော အပြုအမူ။

ဤအပြုအမူမျိုးသည် မှန်လျှင်ကား တော်ပါသေး၏။ သို့သော် မှန်လျှင် ပြန်လမ်းမရှိ ဖြစ်နိုင်သည်။

ရိုးစ် ပြန်လာလျှင် ဤလုပ်ရပ်ကို သိသွားတော့မည်။ သူ့ကို ဘယ်လို ရှင်းပြရမှာလဲ။

"အို . . . ကိစ္စမရှိဘူး၊ နောင်ခါလာ နောင်ခါချေး၊ ကြည့်ရှင်းတာပေါ့"

သူမသည် စားပွဲပေါ်မှ စာအိတ်ဖွင့်ဓားကို ကောက်ယူလိုက်သည်။ ထို့နောက် သစ်သားနှင့် သော့ခလောက်ကို ကလန့်ပြီး ချိုးဖျက်လိုက်သည်။

အံဆွဲထဲတွင် မှတ်စုတွေ၊ စာရွက်စာတမ်းတွေ အထပ်အထပ်ရှိနေသည်။ အားလုံးကို မယူလိုက်သည်။ ရိုးစ်လိပ်စာနှင့် စာအိတ်တစ်အိတ် ထွက်လာသည်။ လက်ရေးက မိန်းမလက်ရေး။ •

စာတိုက်တံဆိပ်ကို ကြည့်လိုက်တော့ စာရောက်တာ သိပ်မကြာသေး၊ ပါရီမှလာသော စာ။

သူမက ခေတ္တမျှ တွေနေမိသည်။ ထို့နောက် စာအိတ်ကို ဖွင့်လိုက်သည်။ ဟယ်လင့်ဆီက စာပါကလား။

"ဒါလင် . . . ရှင့်ဆီ ကျွန်မ တယ်လီဖုန်း ဆက်သေးတယ်၊ ကျွန်မတို့အကြံကို အမြန်ဆုံးစဖို့ အချိန်ရောက်နေပြီ၊ မကြာခင် တွေ့ကြရအောင်"

အယ်လစ်ဇဘက်သည် စာကိုဆုံးအောင် မဖတ်နိုင်တော့။

အံဆွဲထဲတွင် နောက်ထပ်တွေ့လိုက်ရသော ပစ္စည်းတစ်ခုကို သာ သူမက ကြောင်ကြောင်ကြီး စိုက်ကြည့်နေမိတော့သည်။

မစ္စတာဆမ်ရိုဖေး

"ထိပ်တန်း လျှို့ဝှက်"

မိတ္တူ အပိုမရှိ

ရုံးခန်းတစ်ခုလုံး အိုးထိန်းစက်ဝမာ ချာချာလည်နေသည်။

မိုက်ခနဲ လဲမသွားအောင် စားပွဲစွန်းကို လှမ်းကိုင်လိုက်ရသည်။

အချိန် အတော်ကြာသွားသည်။ သူမသည် ကျောက်ရုပ်ကြီးလို မလှုပ်မယှက် ရပ်နေသည်။ မျက်လုံးတွေကိုလည်း မှိတ်ထားသည်။ ခေါင်းထဲတွင် သံခဲထည့်ထားသလို လေးနေသည်။ ပုံမှန်အနေအထား သို့ရောက်အောင် တော်တော်ကြာကြာ စောင့်နေရသည်။

အခုမှ လူသတ်သမားမျက်နှာ မြင်ရပြီ။

သင်းမျက်နှာက တခြားလူမျက်နှာ မဟုတ်။

သူမ၏ ချစ်လင်မောင်ကြီး ရိုးစ်၏မျက်နှာ . . . ။

"ဂလင် . . . ဂလင် . . . ဂလင် . . . လင် . . . လင်"

တယ်လီဖုန်းခေါ်သံ ဆက်တိုက်ပေါ်ထွက်နေသည်။ တယ်လီဖုန်းသံ ဘယ်က မြည်နေမှန်း အတော်ကြီး စဉ်းစားယူရသည်။

သူမသည် ရုံးခန်းသို့ အေးနအေးဆေးဆေး ပြန်လာခဲ့သည်။ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ ရုံးတွင်းတယ်လီဖုန်းလိုင်းမှ စကားပြောသံ ပေါ်လာသည်။

"ရုံးခန်းထဲမှာ ရှိ မရှိ စုံစမ်းကြည့်တာပါ . . . မစ္စက်ဝီလျံ၊ အခု မစ္စတာဝီလျံ ပြန်လာနေပါပြီ"

ချက်ချင်းပင် အသိတစ်ခု ဝင်းလက်သွားသည်။

"သူ ငါ့ကို သတ်ဖို့ လာနေပြီ"

ယခုအချိန်တွင် သူမ၏အသက်သည် ရိုးစ်၏လက်ခုပ်ထဲက ရေလို ဖြစ်နေပြီ။ သူ့ကို တွေ့လို့ မဖြစ်တော့။ သူ့မျက်နှာ မကြည့်ရဲတော့။ ဟန်ဆောင်လို့လည်း ရတော့မည် မဟုတ်။

သူက သူမကို မြင်လျှင်မြင်ချင်း မျက်နှာပျက်နေတာကို သိသွားတော့မည်။ ထွက်ပြေးမှ ဖြစ်တော့မည်။

အယ်လစ်ဇဘက်သည် ရုတ်တရက် ကယောင်ချောက်ချား ဖြစ်သွားပြီး ပိုက်ဆံအိတ်နှင့် အပေါ်အင်္ကျီကို ကောက်ယူလိုက်သည်။

ရုံးခန်းပြင်သို့ ပြေးထွက်လာခဲ့သည်။

တံခါးနဲ့ ပြန်ရပ်လိုက်သည်။

သူမ တစ်ခုခု မေ့ကျန်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတူး လက်မှတ်။

သူမသည် ရိုးစ်နှင့်ဝေးရာသို့ ပြေးရမည်။ သူ ရှာမတွေ့နိုင်သော အဝေးကြီးသို့ ပြေးရမည်။ ရုံးခန်းထဲ ပြန်ပြေးလာခဲ့သည်။ နိုင်ငံကူး လက်မှတ်ကို ကပျာကယာယူပြီး စင်္ကြံလမ်းသို့ ပြေးထွက်ခဲ့သည်။

သူမ၏နှလုံးသားသည် ပြုတ်ကျမတတ် တဖျပ်ဖျပ် ခုန်နေသည်။ သီးသန့်ဓာတ်လှေကားမှာ အပေါ်သို့ တက်နေသည်။

ရှစ် . . . ကိုး . . . တစ်ဆယ် . . . ။

ဓာတ်လှေကား ပြန်အဆင်းကို စောင့်နေလို့ မဖြစ်တော့။ အချိန် မရှိတော့။

အချိန်ဟာ အသက်ပဲ။

သူမသည် ချာခနဲ ပြန်လှည့်ပြီး လှေကားဆီသို့ သုတ်ခြေတင် ပြေးနေသည်။ အသက်မသေနိုင်ရာသို့ ပြေးနေသည်။

★ ↔ ★

## အခန်း ( ၅၀ )

ဆာဒင်နီးယားအကြားနှင့် စပိတာပင်ကျွန်းများအကြားတွင် ကုတို့သဘော်ရှိသည်။ ခရီးသည်ရော မော်တော်ယာဉ်ပါ တင်သည်။ အယ်လစ်ဇဘက်သည် တက္ကစီကားတစ်စီးငှားကာ ကုတို့ဆိပ်သို့ အမြန်မောင်းလာခဲ့သည်။

လေယာဉ်နှင့်သွားလျှင် သူမကို ခြေရာကောက်လို့ ရနိုင်မည်။ လေယာဉ်ရုံးမှာ ခရီးသည် မှတ်တမ်းရှိသည်။ ထို့ကြောင့် သူမက သဘော်နှင့် သွားရန် ရွေးလိုက်ခြင်း ဖြစ်သည်။ သဘော်နှင့်သွားလျှင် ဘယ်သူမှ မသိနိုင်။ လူအုပ်ကြီးထဲ ပျောက်သွားမည်။

သဘော်ပေါ်တွင် ခရီးသည် တစ်ရာခန့် ပါလာသည်။ အများစုမှာ ဆာဒင်နီးယားကျွန်းသို့ နွေရာသီအပန်းဖြေခရီး ထွက်သူများ ဖြစ်ကြသည်။

ယခုဆိုလျှင် သူမနောက်သို့ ဘယ်သူမှ မလိုက်နိုင်တော့။ သို့သော် သူမစိတ်ထဲ တစ်စုံတစ်ရာကို အကြောင်းမရှိ အကြောင်းမဲ့ ကြောက်နေမိသေးသည်။

ရိုးစ်သည် အရာရာတွင် ဘယ်သူမှ တားဆီး၍မရနိုင်အောင် အာဏာကုန် လုပ်ဆောင်လျက်ရှိသည်။ သူ့ကို တားဆီးနိုင်သူ တစ်ဦးသာ ရှိသည်။ ထိုသူကား . . . အယ်လစ်ဇဘက်။

ထို့ကြောင့် သူက အယ်လစ်ဇဘက်ကို ရှင်းပစ်နိုင်သည်။ သို့မှသာ သူ ထင်ရာစိုးနိုင်မည် ဖြစ်သည်။

အယ်လစ်ဇဘက်သည် ရုံးချုပ်မှ ထွက်လာစဉ်က ဘယ်ကို သွားမည်ဟု ယတိပြတ် ဆုံးဖြတ်လာခဲ့သည် မဟုတ်။ ရူးရစ်မြို့က ထွက်ပြေးမည်။ ဘယ်နေရာဖြစ်ဖြစ် ရိုးစ်အဖမ်းခံရသည်အထိ သူမ အနေဖြင့် လုံလုံခြုံခြုံပုန်းနိုင်သောနေရာဆိုလျှင် တော်ပြီ။ သည် လောက်သာ သူမက စဉ်းစားမိခဲ့သည်။

သို့သော် သဘော်ဆိပ်သို့လာရင်း သွားရောက်နိုင်သော နေရာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ မှန်းကြည့်လိုက်သောအခါ 'ဆာဒင်နီးယား' ကို ပထမဦးဆုံး သတိရမိခဲ့သည်။

သူမသည် တက္ကစီငှားပြီးနောက် လမ်းဘေးတယ်လီဖုန်းရှိရာသို့ လာခဲ့သည်။ ဆာအလက်ဆီသို့ ဆက်ကြည့်သည်။ သူ မရှိ။ အပြင်ထွက်သွားသည်။ ဆာဒင်နီးယားသို့ ပြန်ဆက်ရန် သတင်းပို့ထားခဲ့သည်။ မှုခင်းစုံထောက်ဟော်နန်ထံသို့လည်း အလားတူပင် သတင်းပို့ထားခဲ့သည်။

သူမသည် ဆာဒင်နီးယားစံအိမ်ကြီးသို့ ရောက်ရပြန်တော့မည်။ သို့သော် သည်တစ်ကြိမ်တွင်တော့ သူမတစ်ယောက်တည်း မဟုတ်။ ရဲအမှုထမ်းတွေ အစောင့်အရှောက်နှင့် နေရပေလိမ့်မည်။

ကုတ်ို့သင်္ဘောသည် အော်လီဗီးယားတွင် ဆိုက်သည်။ ရဲစခန်းသို့ သွားရန် မလိုတော့ဘဲ သင်္ဘောဆိပ်တွင်ပင် ကိစ္စပြတ်သွားသည်။ သူမအား သင်္ဘောဆိပ်တွင် မှုခင်းစုံထောက် ဘရူနိုကမ်ပက်နာက အသင့်စောင့်နေသည်။ ကားမှောက်တုန်းက ဂျစ်ကားကို သွားကြည့်ရန် သူမအား ခေါ်သွားခဲ့သူမှာ မှုခင်းစုံထောက် ကမ်ပက်နာပင် ဖြစ်သည်။

★

"မဒမ်အတွက် ကျွန်တော်တို့ အများကြီး စိုးရိမ်နေကြပါတယ်၊ မစ္စတ်ဝီလျံ"

အယ်လစ်ဇဘက်က အံ့အားသင့်နေမိသည်။

"ဆွစ်ဇာလန်ရဲအဖွဲ့က ကျွန်တော်တို့ဆီ သံကြိုးပို့ပါတယ်၊ မဒမ်ကို အကူအညီပေးဖို့ မေတ္တာရပ်ခံထားပါတယ်၊ ကျွန်တော်တို့က မဒမ်ကို သင်္ဘောဆိပ်တွေ၊ လေဆိပ်တွေမှာ လိုက်ရှာနေကြပါတယ်"

အယ်လစ်ဇဘက်မှာ ကျေးဇူးတင် မဆုံးနိုင်တော့။

မှုခင်းစုံထောက် ဟော်နန် . . .။

သူ့ကို အများကြီး ကျေးဇူးတင်ရပေမည်။

သည်အတိုင်းဆိုလျှင် သူမ ပို့ထားခဲ့သော သတင်းကို စုံထောက်



ဟော်နန် ရသည်မှာ သေချာသည်။

"ကျွန်တော် ကားမောင်းပေးလို့ ရပါသလား . . ."

ကမ်ပက်နာက သူမ၏ညှိုးလျှနေသော မျက်နှာကို ကြည့်ပြီး မေးလိုက်ခြင်း ဖြစ်သည်။

"ကျေးဇူးပါပဲ . . . ရှင်"

အယ်လစ်ဇဘက်က ကားနောက်ပိုင်းတွင် ဝင်ထိုင်လိုက်သည်။ မှုခင်းစုံထောက်ကမ်ပက်နာက ကားကို စတင်စက်နှိုးသည်။

"ဘယ်ကိုပို့ရမလဲ . . . မဒမ်၊ ရဲဌာနကိုလား၊ အိမ်ကြီးကိုလား . . ."

"ကျွန်မကို တစ်ယောက်ယောက် စောင့်ရှောက်ပေးနိုင်ရင်တော့ အိမ်ကြီးကိုပဲ သွားချင်ပါတယ်၊ ကျွန်မ တစ်ယောက်တည်းတော့ မနေချင်ပါဘူး"

"မစိုးရိမ်ပါနဲ့ . . . ကျွန်တော်တို့လူတွေက စောင့်ပေးပါလိမ့်မယ်၊ ဒီညတော့ ကျွန်တော်ပဲ စောင့်ပေးပါမယ်၊ ကျွန်တော်တို့ စခန်းက မရေဗီယိုကင်းလှည့် ကားတစ်စီးလည်း လမ်းမပေါ်မှာ သွားနေမှာပါ။ အိမ်နား ဘယ်သူမှ ကပ်လို့ မရပါဘူး"

သူ့စကားကြောင့် အယ်လစ်ဇဘက်မှာ ရင်အေးသွားရသည်။ ကမ်ပက်နာက ကျွမ်းကျင်စွာဖြင့် ကားကို အမြန်မောင်းနေသည်။ ကားသည် လေတဟူးဟူး တိုက်နေသော လမ်းကျဉ်းကလေးများပေါ်တွင် အရှိန်ဖြင့် ပြေးနေသည်။ မကြာမီတွင် တောင်ပေါ်လမ်းသို့ ရောက်လာပြီး စံအိမ်ကြီးရှိရာ ကိုစတာဆမာရယ်လာနယ်မြေသို့ ဦးတည်လာခဲ့သည်။

မြင်ရတွေ့ရသမျှ အရာရာတိုင်းက အယ်လစ်ဇဘက်အား ရိုစ်ကို သတိရစေသည်။

"ဒါနဲ့ . . . ကျွန်မ . . . ကျွန်မခင်ပွန်းအကြောင်း ဘာသတင်း ထူးသလဲ"

ကမ်ပက်နာက ကြင်နာသော မျက်နှာဖြင့် အယ်လစ်ဇဘက်သို့ ဖျတ်ခနဲ တစ်ချက်လှည့်ကြည့်လိုက်ပြီးနောက် . . .။

www.burmeseclassic.com

www.burmeseclassic.com



"ပြောနေတုန်းပါပဲ၊ ဒါပေမဲ့ သူ ဝေးဝေးမပြေးနိုင်ပါဘူး၊ မနက်ဖြန်မနေ့တ်ဆိုရင် သူ့ကို မိပြီလို့ သူတို့က မျှော်လင့်ထားကြတယ်"

ဝင်စစ် သည်စကားကိုကြားရ၍ အယ်လစ်ဇဘက်အဖို့ ဝမ်းသာရသော ရှိသော်လည်း ယခုတော့ သူမအဖို့ ဝမ်းမသာနိုင်။ ပြင်းထန်သော နာကျင်မှုကိုသာ ခံစားလိုက်ရသလို ထင်မိသည်။

သူတို့ပြောနေသူမှာ အခြားသူ မဟုတ်။ နိုးစ် ဖြစ်သည်။ နိုးစ်သည် သူမ၏ချစ်လှစွာသော လင်တော်မောင်။

ယခုတော့ သူမ၏ လင်တော်မောင်ကြီးမှာ မုဆိုးအလိုက်ခံနေရသော သားကောင်ဘဝ ရောက်နေရရှာပြီ။

သူက သူမအား ဒုက္ခတွေပင်လယ်ဝေအောင် မကောင်းကြံခဲ့သည်။ ယခုတော့ သူကိုယ်တိုင် ဒုက္ခတွေ့နေရပြီ။ အသက်လု၍ ခွေးပြေးဝက်ပြေး ပြေးနေရပြီ။ သူတစ်ပါး မကောင်းကြံ ကိုယ်ဒဏ်ခံဘဝ ရောက်နေရပြီ။

သူ့ကို သူမ ဘယ်လောက်များ ယုံကြည်လေးစားခဲ့ပါသလဲ။ သူ၏ ကြင်နာမှု၊ သူ၏ တည်ကြည်မှုနှင့် သူ၏ချစ်မေတ္တာတွေကို သူမ ဘယ်လောက်များ မြတ်နိုးခဲ့ပါသလဲ။

သူမသည် တွေးရင်းတွေးရင်း တစ်ကိုယ်လုံး ခိုက်ခိုက်တုန်လာသည်။

"ချမ်းနေပြီလား . . . မစ္စက်ဝီလျံ"

"မချမ်းပါဘူး . . . ရပါတယ်"

တကယ်တော့ သူမသည် အဖျားတက်နေသလို ခံစားနေမိသည်။ ကားကိုဖြတ်ပြီး တရှိန်ရှိန်မြည်ကာ တိုက်ခတ်၍နေသော လေဒဏ်ကို မခံမရပ်နိုင်အောင် ဖြစ်နေသည်။ သူမသည် လေတိုက်သံကို နားစွင့်ရင်း တစ်စုံတစ်ရာကို သတိရမိပြီး၊ ထိတ်ခနဲ စိုးရိမ်စိတ်ဝင်လာမိသည်။ ဪ . . . ငါ့စိတ်က ထင်တာ ဖြစ်ပါလိမ့်မယ်။

ဤတွင် စုံထောက်ကမ်ပက်နာက . . .

"သဲမုန်တိုင်းများ တိုက်မလား မသိဘူး၊ ဒီအတိုင်းဆို ဒီညတော့ အလုပ်များဦးမှာပဲ"



သည်တော့မှ အယ်လစ်ဇဘက်က အဖြစ်မှန်ကို နားလည်မိတော့သည်။ သဲမုန်တိုင်းသည် လူတွေအတွက်ရော၊ တိရစ္ဆာန်တွေအတွက်ပါ အလွန်အန္တရာယ်များသည်။ ဆာဟာရသဲကန္တာရမှ တိုက်ခတ်သော လေပြင်းမုန်တိုင်းတစ်မျိုး ဖြစ်သည်။ သဲမုန်တိုင်း တိုက်ခတ်ပြီဆိုလျှင် လေက မီးလို ပူသည်။ လေနှင့်အတူ သဲတွေ ပါလာသည်။ လေတိုက်သံကလည်း ဘီလူးရယ်သံပမာ ကျောချမ်းစရာ ကောင်းလှသည်။

မုန်တိုင်းတိုက်သောနေ့တွင် ရာဇဝတ်မှုခင်းတွေ ဖြစ်ပွားလေ့ရှိသည်။ သို့သော် တရားသူကြီးတွေကတော့ ပြစ်မှုကျူးလွန်သူတွေကို လျှော့လျှော့ပေါ့ပေါ့ စီရင်ချက်ချကြသည်။ သက်သက်သာသာ ပြစ်ဒဏ်ပေးကြသည်။

နောက်တစ်နာရီခန့်အကြာတွင် စံအိမ်ကြီးကို မှုန်ဝါးဝါး လှမ်းမြင်ရသည်။

မှုခင်းစုံထောက်ကမ်ပက်နာက ကားကိုကွေ့ပြီး ကားရုံထဲဝင်လိုက်သည်။ ကား ရပ်သွားသည်။

သူက ကားပေါ်မှဆင်းပြီး အယ်လစ်ဇဘက်အနားသို့ လာခဲ့သည်။ ကားတံခါးကို ဖွင့်ပေးသည်။

"ကျွန်တော် ရှေ့က သွားမယ်၊ မစ္စက်ဝီလျံ . . . အနောက်က လိုက်ခဲ့ပါ၊ အကြောင်းမရှိ အကြောင်းရှိ သဘောပေါ့"

"ကောင်းပါပြီ"

သူတို့နှစ်ယောက်သည် မှောင်မည်းနေသော စံအိမ်ကြီး၏ အိမ်ရှေ့တံခါးဝသို့ ဖြည်းဖြည်းချင်း လျှောက်လာခဲ့ကြသည်။

"သူ ဒီမှာ မရှိတာတော့ သေချာပါတယ်၊ ရှိရင်လည်း ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ ဒါနဲ့ . . . သော့ပါလာသလား . . . မစ္စက်ဝီလျံ"

အယ်လစ်ဇဘက်က သော့ကို ကမ်းပေးလိုက်သည်။ သူက အယ်လစ်ဇဘက်အား တံခါးဘေးသို့ မသိမသာ တွန်းလိုက်သည်။

ပြီးတော့ လက်တစ်ဖက်က သေနတ်ကိုချိန်ထားပြီး အခြားတစ်ဖက်ဖြင့် တံခါးကို ဖွင့်သည်။ မီးခလုတ်ကို နှိပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းလုံး ထိန်လင်းသွားသည်။

"ကျွန်တော့်ကို အခန်းတွေ လိုက်ပြပါဦး၊ အခန်းတိုင်း လိုက်ကြည့်ဖို့လိုတယ် . . . မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

သူတို့နှစ်ယောက် တစ်ခန်းဝင် တစ်ခန်းထွက် လျှောက်ကြည့်ကြသည်။ ကမ်ပက်နာက တစ်ခန်းပြီးတစ်ခန်း မီးတွေ လိုက်ဖွင့်သည်။ အခန်းထောင့်တွေ၊ ဘီရိုတွေ တစ်ခုမကျန် လိုက်ကြည့်သည်။ တံခါးတွေ ပြတင်းတွေ အားလုံး လိုက်ဖွင့်သည်။

အခန်းတွေအားလုံး နှံ့ပြီးသောအခါ သူတို့နှစ်ယောက် အောက်ထပ်ဧည့်ခန်းသို့ ဆင်းလာခဲ့သည်။

"ဒါနဲ့ . . . မဒမ် သဘောတူရင် ရဲဌာနချုပ်ကို ကျွန်တော် ဖုန်းဆက်ချင်တယ်"

"ကောင်းတာပေါ့"

အယ်လစ်ဇဘက်က သူ့အား တယ်လီဖုန်းရှိရာ စာကြည့်တိုက်ခန်းသို့ လိုက်ပို့ပေးသည်။

ကမ်ပက်နာက တယ်လီဖုန်းကို ကောက်ကိုင်ပြီး ဖုန်းနံပါတ်ကို လှည့်သည်။

"မှုခင်းစုံထောက် ကမ်ပက်နာ စကားပြောနေပါတယ်၊ ကျွန်တော်တို့ စံအိမ်ကြီးကို ရောက်နေပါပြီ၊ ကျွန်တော် ဒီည ဒီမှာပဲ အိပ်ပါ့မယ်၊ ဖြစ်နိုင်ရင် လမ်းမပေါ်မှာ ကင်းကားတစ်စီး လွှတ်ထားပေးစေချင်ပါတယ်"

သူ့အသံ ခဏ ရပ်သွားသည်။ ပြီးတော့ သူက ဆက်ပြောသည်။

"အော် . . . သူလား၊ သူ့အခြေအနေ ကောင်းပါတယ်၊ နည်းနည်းလေး ပင်ပန်းနေတာ တစ်ခုပါပဲ၊ ဟုတ်ကဲ့ . . . ကျွန်တော် စစ်ကြည့်လိုက်ပါမယ်"

သူက တယ်လီဖုန်းကို ပြန်ချလိုက်သည်။

အယ်လစ်ဇဘက်သည် ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူမသည် တစ်ကိုယ်လုံး တောင့်တင်းနေသည်။





စိတ်ထဲကလည်း ကယောင်ချောက်ချား ဖြစ်နေသည်။ ဂနာမငြိမ် ဖြစ်နေသည်။

မနက်ဖြန်ဆိုလျှင် ပိုဆိုးလာတော့မည်။

သူမက တွေးရင်း စိတ်ပူနေမိသည်။

ငါအဖို့တော့ အန္တရာယ်ကင်းပါပြီ။ ရိုးစ်ကတော့ မလွယ်ဘူး၊ သေရင်လည်း သေမှာပဲ။ ထောင်ထဲရောက်ရင်လည်း ရောက်မှာပဲ။

သူမက ဆက်မတွေးချင်တော့။

ကမ်ပက်နာက သူမ၏ မျက်နှာကို စေ့စေ့ကြည့်နေသည်။ သူ့အကြည့်က ထူးခြားသည်။ လေးနက်သည်။ ခါတိုင်းနှင့် မတူ။

"ကျွန်တော် ကော်ဖီ ဖျော်လိုက်မယ်၊ ဘယ့်နှယ့်လဲ"

အယ်လစ်ဇဘက်က ခေါင်းညိတ်ပြရင်း . . .

"ကောင်းသားပဲ၊ ကျွန်မ ဖျော်လိုက်မယ်လေ"

သူမက ထိုင်ရာမှ ထလိုက်သည်။

"နေပါစေ၊ မစ္စဝီလျံ ကျွန်တော်ပဲ ဖျော်လိုက်ပါ့မယ်၊ ကျွန်တော့်ကို အထင်မသေးပါနဲ့၊ ကမ္ဘာမှာ ကော်ဖီဖျော် အတော်ဆုံးပုဂ္ဂိုလ်လို့ ကျွန်တော့်မိန်းမကတောင် ဘွဲ့ပေးထားရတာ . . . ဟဲ . . . ဟဲ . . ."

"ကျေးဇူးတင်ပါတယ်"

သူမက ယဲ့ယဲ့ကလေး ပြုံးလိုက်သည်။ ပြီးတော့ ကုလားထိုင်တွင် နောက်ပစ်မှီချလိုက်သည်။ ခုတော့မှ သူမ ဘယ်လောက်အထိ စိတ်ပန်းကိုယ်နွမ်း ဖြစ်နေသည်ကို သတိရမိသည်။

ဆာအလက်နှင့် တယ်လီဖုန်းဆက်နေချိန်အထိ သူမက သံသယစိတ်တွေ ဝင်နေတုန်း ဖြစ်သည်။

တစ်ခုခုတော့ မှားနေပြီ။ ဘယ်နည်းနဲ့မှ ရိုးစ်မှာ အပြစ်မရှိနိုင်ဘူး။ သူ့လိုပုဂ္ဂိုလ်တစ်ယောက်က အခုလိုကြောက်စရာကောင်းတဲ့ ရာဇဝတ်မှုကြီးကို မကျူးလွန်နိုင်ဘူး။ သူဟာ ဖေဖေ့ကိုလည်း မသတ်နိုင်ပါဘူး။ ငါ့ကိုလည်း မသတ်နိုင်ပါဘူး။ ဒီလိုပြစ်မှုကြီးကို အရိုင်းတိရစ္ဆာန်တွေပဲ ကျူးလွန်နိုင်မှာပါ။ ရိုးစ်က အဲဒီလိုလူစားမျိုး မဟုတ်ဘူး အင်မတန်မှ အသိဉာဏ်ကြီးမားတဲ့ လူစား၊ အင်မတန် ဆင်ခြင်တုံ

www.burmeseclassic.com



ထရှာနေတဲ့ လူစား။

အယ်လစ်ဇဘာက်သည် သူမ ချစ်မြတ်နိုးလှသော လင်တော်မောင်ဘာက်မှ အလေးပေး တွေးခဲ့သည်။ စဉ်းစားခဲ့သည်။ ဆင်ခြင်ခဲ့သည်။ သို့သော် ကမ်ပက်နာ၏ စကားကို ကြားလိုက်ရသောအခါတွင်တား သူမ၏အတွေးများမှာ လုံးဝ ပြိုကွဲ ပြန့်ကြဲသွားလေသည်။

သူ အခု ထွက်ပြေးနေတယ်၊ ဒါပေမဲ့ ဝေးဝေးမပြေးနိုင်ပါဘူး။ မနက်ဖြန်မနက်ဆိုရင် သူ့ကို သေချာပေါက် ဖမ်းမိမှာပါ။

အယ်လစ်ဇဘာက်သည် ဘယ်အကြောင်းအရာကိုမျှ ဆက်၍ မတွေးချင်တော့။ ဆက်၍ တွေးနိုင်သည့် အင်အား၊ စိတ်အင်အားလည်း သူမတွင် မရှိတော့။ သို့သော် မတွေးနိုင်သော အတွေးကိုပင် သူမတာ တွေးမိအောင် တွေးနေမိသေးသည်။

ရိုစ်းဟာ ကုမ္ပဏီကို မောင်ပိုင်စီးဖို့ ကြံနေတာ ဘယ်လောက်ကြာပြီလဲ။ တကယ်တော့ ဆွစ်ဇာလန်ဘော်ဒါကျောင်းမှာ ငါ့ကို တွေ့ရတဲ့ အချိန်ကစပြီး သူ ဒီလိုစိတ်ကူးမျိုး ဝင်လာခဲ့တာ ဖြစ်မှာပဲ။ သူက ငါ့ကို ဖြစ်တဲ့နည်းနဲ့ ယူမယ်။ ပြီးတော့ ဖေဖေ့ကို ရှင်းပစ်မယ်။ ဒီအကြံဟာ တခြားလူတွေအတွက် မလွယ်ကူပေမယ့် သူ့အတွက် သိပ်လွယ်တာပေါ့။ သူက အင်မတန်တော်တဲ့လူ။ စီးပွားရေးလုပ်ငန်း အုပ်ချုပ်မှု အတတ်ပညာမှာ ဖေဖေ့ကို ဆက်ခံနိုင်တဲ့လူ။ ဖေဖေက လွဲရင် သူပဲ ရှိတော့တယ်။ ဒါကြောင့်လည်း ဖေဖေက သူ့ကို လက်မလွှတ်တာပေါ့။ ငါကလည်း သူ့ကို လေးစားတယ်၊ ကြည်ညိုတယ်၊ ချစ်တယ်။ သူကလည်း ငါ့ကို သည်းခံတယ်၊ ကြင်နာတယ်၊ ချစ်ခင်တယ်။ ပြီးတော့ သူက အင်မတန် ရုပ်ရည်ချောမောတဲ့ လူရည်သန့်တစ်ယောက်။

ခုတော့ သူဟာ ငါ့အပေါ်မှာ ရက်ရက်စက်စက်ကြီး သစ္စာဖောက်သွားပြီ။ သူ အခု ဘယ်ရောက်နေလဲ။ ဟယ်လင့်ရင်ခွင်ထဲ မှောက်နေပြီလား။ ဒါမှမဟုတ် ယောက်ထိပ်တန်းလန်းနဲ့ အချုပ်ခန်းထဲ ရောက်နေပြီလား။ ဒါမှမဟုတ် ပစ်သတ်ခံရလို့ သေသွားပြီလား။

အယ်လစ်ဇဘာက်၏ ရင်ထဲတွင် တလှိုက်လှိုက် ဆို့တက်လာ





သည်။ သူမ ဆက်မတွေးနိုင်တော့၊ စိတ်ကို မထိန်းနိုင်တော့။ မျက်ရည်တွေ ဒလဟော စီးကျလာသည်။ သူမသည် ဝမ်းနည်းပက်လက်ဖြင့် ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။

"ဟင် . . . မစ္စဝီလျံ"

ကမ်ပက်နာသည် သူမ၏ရှေ့တွင် ရပ်နေသည်။ သူ့လက်ထဲမှာ ကော်ဖီပန်းကန် ကိုင်ထားသည်။

"ဒါလေး သောက်လိုက်ပါ၊ နေသာထိုင်သာ ရှိသွားပါလိမ့်မယ်"

"အို . . . နေပါစေ၊ ကျေးဇူးတင်ပါတယ်၊ ကျွန်မ ဒီလို သောက်လေ့သောက်ထ မရှိပါဘူး"

"သောက်လိုက်ပါ၊ အများကြီး နေကောင်းသွားမှာပါ"

အယ်လစ်ဇဘာက်က အားနာပါးနာဖြင့် ကော်ဖီပူပူကို တစ်ကျိုက်သောက်ကြည့်လိုက်သည်။ အရသာက တစ်မျိုးကြီး။ ကမ်ပတ်နာက ကော်ဖီထဲတစ်ခုခု ထည့်ထားပုံရသည်။

သူမ ကမ်ပတ်နာကို မော့ကြည့်လိုက်သည်။ သူက ပြုံးနေသည်။

"စကော့ဝီစကီ တစ်စက်နှစ်စက်လောက်ပါ၊ အန္တရာယ် မရှိနိုင်ပါဘူး"

ထို့နောက် သူသည် အယ်လစ်ဇဘာက်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် တရင်းတနှီး ဝင်ထိုင်လိုက်သည်။ ယခုလို သူနှင့်နေရသည့်အတွက် အယ်လစ်ဇဘာက်က သူ့ကို ကျေးဇူးတင်မိသည်။

သည်အိမ်ကြီးတွင် သူမတစ်ယောက်တည်း ဘယ်တော့မှ နေရတော့မည် မဟုတ်။ ယခုအချိန်အထိ ရိုစ်တစ်ယောက် ဘယ်လို ဖြစ်နေသည်ဆိုတာကို သူမ လုံးဝ မသိရသေး။ သူ အသက်ထင်ရှားမှ ရှိပါသေးရဲ့လား။ သေများ သေသွားပြီလား။

သူမသည် ကော်ဖီလက်ကျန်ကို မော့သောက်လိုက်သည်။

ကမ်ပတ်နာက လက်မှနာရီကို ကြည့်လိုက်ရင်း . . .

"ဒီတစ်ပိုက်မှာ ရဲကင်းလှည့်ကား အချိန်မရွေး ရှိနေမှာပါ၊ တစ်နေ့လုံး ရဲသားနှစ်ယောက် လျှောက်လှည့်နေမှာပဲ၊ ကျွန်တော် ဒီအောက်ထပ်မှာပဲ နေမယ်၊ မစ္စဝီလျံက အပေါ်ထပ်မှာပဲ အိပ်ဝါ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်အောင်လည်း ကြိုးစားအိပ်ပါ"

အယ်လစ်ဇဘက် ရင်ထဲ သိမ့်ခနဲ ခံစားလိုက်ရသည်။

"ကျွန်မ အိပ်လို့ မရပါဘူး"

ပြောသာပြောလိုက်ရသော်လည်း သူမသည် ခြေလက်များကိုပင် မလှုပ်ချင်အောင် နွမ်းနယ်နေပြီ ဖြစ်သည်။ ကားဖြင့် ခရီးဝေးလာခဲ့ရခြင်းနှင့် သဲခိုက်ရင်တုန်စရာ အဖြစ်ဆိုးများကို ဆက်တိုက်လိုလို ကြုံခဲ့ရခြင်းများက သူမစိတ်နှင့်ကိုယ်ကို အင်နှင့်အားနှင့် ချုပ်ကိုင်ဖိစီးထားကြခြင်း ဖြစ်သည်။

"ကျွန်မ တစ်မေးလောက် မေးကြည့်လိုက်ဦးမယ်"

သူမသည် အိပ်ချင်မူးတူးဖြစ်လာပြီး ထိုစကားကိုပင် အနိုင်နိုင်အားယူ၍ ပြောလိုက်ရသည်။ အယ်လစ်ဇဘက်သည် အိပ်ယာပေါ်တွင် လှဲရင်း အိပ်ချင်စိတ်ကို တိုက်ထုတ်နေသည်။ သည်အချိန်တွင် နိုစ်တစ်ယောက် အသက်လု၍ ပြေးနေပေလိမ့်မည်။ သူက အသက်လု၍ ပြေးနေချိန်မှာ သူမက အိပ်ယာပေါ်တွင် ငြိမ်နှင့် အိပ်ပျော်နေပါမည်ဆိုပါလျှင် တရားရာ ကျပါ့မလား။

အသည်းခိုက်အောင် ချမ်းအေးလှပြီး မှောင်မည်းနေသော လမ်းများပေါ်တွင် ပြေးရင်းလွှားရင်း ပစ်သတ်များ ခံရလေပြီလား။ သည်အတွေးကြောင့် သူမတစ်ကိုယ်လုံး တုန်သွားသလို ထင်လိုက်ရသည်။

မျက်ခွံများ လေးလံထိုင်းမှိုင်းလာသည်။ မျက်လုံးများကို ကြိုးစားပြီး ဖွင့်ကြည့်လိုက်သည်။ သို့သော် မရတော့။

သူမသည် တဖြည်းဖြည်းနှင့် လဟာနယ်ထဲတွင် လွင့်မျောပါသွားတော့သည်။

★

အော်ညည်းသံများကြောင့် သူမသည် မကြာမီအတွင်း အိပ်ယာမှ လန့်နိုး လာခဲ့သည်။

★ ↔ ★

အခန်း ( ၅၁ )

အယ်လစ်ဇဘက်သည် အိပ်ယာပေါ်တွင် ထထိုင်လိုက်သည်။ ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။ သူမ ဘာကြောင့် လန့်နိုးလာသလဲ။ စဉ်းစားလို့ မရ။

ဟော . . . အော်ညည်းသံကြီး။ ထပ်ကြားရပြန်ပြီ။ အသက်ထွက်ခါနီး လူတစ်ယောက်က ဝေဒနာဝဏ်ကို လူးလွန့်ခံစားနေရရာမှ ဆို့ဆို့နင့်နင့် အော်ညည်းနေသည့် အသံမျိုး ။

ထိုအသံသည် လက်ယာဘက် မြတင်းပေါက်မှ ဝင်လာသလို ထင်ရသည်။

အယ်လစ်ဇဘက်သည် ခုတင်ပေါ်မှဆင်းကာ တုန်တုန်ယင်ယင်ဖြင့် မြတင်းပေါက်သို့ လာခဲ့သည်။

အပြင်ဘက် ညခေါ်အမှောင်ထုထဲသို့ လှမ်းကြည့်လိုက်သည်။

မြင်ကွင်းမှာ ၁၈ ရာစု ပြင်သစ်ပန်းချီကျော် ဖေါ်မဲယား ရေးဆွဲသော ရှုခင်းပန်းချီကားတစ်ချပ်နှင့် တူနေသည်။

ဆောင်းကာလ ငွေသော်တာသည် စိမ့်အေးနေသော ဆီးနှင်းပဝါကိုခြုံကာ ဗိုးတဝါး အလင်းရောင်ကိုသာ ပေးနိုင်ရှာသည်။

သစ်ပင်များက မည်းမှောင်ပြီး တောင့်ခံနေကြသည်။ လေရိုင်းက တဟူးဟူး အော်မြည်ကာ သစ်ကိုင်းများကို ရက်စက်စွာ ရိုက်ပုတ်နေသည်။

ခပ်လှမ်းလှမ်း အောက်ဘက်တွင် ပင်လယ်ပြင်သည် မီးပြင်းတိုက်ခံနေရသော ဧရာမဒယ်အိုးကြီးတစ်လုံးပမာ ပွက်ပွက်ဆူလျက်ရှိသည်။

အော်ညည်းသံကြီးကို ကြားရပြန်ပြီ။ ခဏ ပျောက်သွားသည်။ ကြားရပြန်ပြီ။

အခုတော့ သူမက စဉ်းစားမိသည်။ ထိုအသံမှာ အခြားမဟုတ်။ ပင်လယ်ကမ်းစပ်မှ ကျောက်ဆောင်များကို လေရိုင်းနှင့် ရေလှိုင်း

www.burmeseclassic.com

www.burmeseclassic.com



နှိတ်ဝုတ်သံ။

သံမှန်တိုင်းသည် ကျောက်ဆောင်တွေကို ဖြတ်ပြီး အရှိန်ပြင်းစွာ တိုက်ခတ်နေသည်။

ထိုခဏ၌ အယ်လစ်ဇဘက်၏နားထဲတွင် ရီးစ်၏အသံကို ကြားလိုက်ရသည်။ ရီးစ်က သွေးရူးသွေးတန်း အော်ပြေးလာသည်။ သူမ၏နာမည်ကိုခေါ်ရင်း သူ့အသက်ကိုကယ်တင်ရန် မျက်ကလူးဆန်ပျာတောင်းပန်နေရှာသည်။

သူမ မကြည့်ရက်တော့ ။

မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ထားသည်။

အော်ညည်းသံကြီးကို ဆက်လက်ကြားနေရဆဲ။

အယ်လစ်ဇဘက်သည် အိပ်ခန်းတံခါးဝသို့ လျှောက်လာခဲ့သည်။ သူမသည် ကိုယ်ကို မသယ်ချင်လောက်အောင် အားနည်းနေသည်။ ခြေကုန်လက်ပန်း ကျနေသည်။ စိတ်တွေ ထိုင်းမှိုင်းရီဝေနေသည်။

ခန်းခွဲလမ်းအတိုင်း လျှောက်လာခဲ့ပြီး အပေါ်ထပ်လှေကားမှ ဆင်းလာခဲ့သည်။ မှူးယစ်ဆေးဝါး သောက်ထားသူ တစ်ယောက်လို ခေါင်းထဲတွင် လေးလံရီဝေနေသည်။

သူမက ရဲစုံထောက် ကမ်ပက်နာ၏နာမည်ကို အော်ခေါ်ကြည့်လိုက်သည်။ သူမအသံက အက်ကွဲနေသည်။

ကိုယ့်ကိုယ်ကိုယ် ယိုင်လဲမသွားအောင် သတိနဲ့ထိန်းရင်း ရှည်လျားသော လှေကားအတိုင်း ဆက်လက်ဆင်းလာခဲ့သည်။ သူမက အော်ခေါ်လိုက်သည်။

"ကမ်ပက်နာ . . . ကမ်ပက်နာ . . ."

ဘာသံမှ ပေါ်မလာ။

သူမသည် တုန်ယင်ချိနဲ့စွာဖြင့် ဧည့်ခန်းမကြီးထဲသို့ ဝင်လာခဲ့သည်။ အခန်းထဲတွင်လည်း သူ မရှိ။

သူမသည် တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ရှာကြည့်သည်။ မိုက်ခနဲ လဲကျမသွားနိုင်အောင် နံရံနှင့် စားပွဲကုလားထိုင်များကို



လှမ်းကိုင်ထားရသည်။

တစ်အိမ်လုံး နှံ့သွားပြီ။ ရဲစုံထောက် ကမ်ပက်နာ၏ အနံ့ကို ပင် မရ။

စိတ်ချောက်ချားစရာ ကောင်းလှသည့် အကာလ ညအချိန်သည် စံအိမ်ကြီးထဲ သူမတစ်ယောက်တည်း။

★

အယ်လစ်ဇဘက်သည် ခန်းခွဲလမ်းပေါ်တွင် ရပ်လျက်ရှိသည်။ သူမစိတ် တွေဝေနေသည်။ သူမကိုယ်သူမ အနိုင်နိုင် အားတင်းပြီး စဉ်းစားဉာဏ်ကို ပြန်ခေါ်ကြည့်သည်။

ဧကန္တတော့ ရဲစုံထောက်ဟာ အပြင်ထွက်ပြီး ကင်းလှည့်ရဲသားတွေနဲ့ စကားသွားပြောတာ ဖြစ်မှာပဲ။ ဟုတ်ပါတယ် . . . အဲဒါပဲ ဖြစ်မှာပါ။

အိမ်ရှေ့တံခါးမကြီးဆီသို့ လျှောက်လာခဲ့သည်။ သံပန်းတံခါးကို ဆွဲဖွင့်သည်။ ပြီးတော့ အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

လူရိပ်လူရောင်ကိုပင် မမြင်ရ။ တစ်လောကလုံး ပိန်းပိတ်အောင် မည်းမှောင်နေသည်။ လေရိုင်းက တဟူးဟူးဖြင့် သွေးရူးသွေးတန်း အော်ညည်းနေသည်။

လေပြင်းညည်းသံကြောင့် သူမ ကြောက်စိတ်ဝင်လာသည်။

နောက်သို့ ပြန်လှည့်ပြီး စာကြည့်ခန်းသို့ လျှောက်လာခဲ့သည်။

ရဲစခန်းကို တယ်လီဖုန်း ဆက်ကြည့်မယ်။ ဒါဆိုရင် အဖြစ်မှန်သိရမှာပဲ။ သူမက တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

လိုင်းပြတ်သွားပြီ။

တစ်ချိန်တည်းတွင် လျှပ်စစ်မီးတွေလည်း အားလုံးမျက်စိမှိတ်သွားကြသည်။

★ ↔ ★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၅၂ )

မစ္စက်ပီပီယံနီနိုးလ်သည် လန်ဒန်မြို့၊ ဝက်မင်စတာ ဆေးရုံကြီးတွင် အကြာကြီး မေ့မြောနေခဲ့ရာမှ သတိပြန်ရလာခဲ့ပြီ ဖြစ်သည်။

သူမအား ဘီးတပ်ကုလားထိုင်ပေါ် တွင်တင်ကာ ခွဲစိတ်ခန်းထဲမှ ရှည်လျားသော စင်္ကြံလမ်းကြီးအတိုင်း တွန်းယူလာခဲ့ကြသည်။

ခွဲစိတ်ချိန်မှာ ရှစ်နာရီတိတိ ကြာခဲ့သည်။ ပါရဂူသမားတော်ကြီးများက ကိုယ်ဖိရင်ဖိ လက်ကုန်ပြုစုကုသခဲ့ကြသော်လည်း သူမထား ဘယ်တော့မှ လမ်းလျှောက်နိုင်မည် မဟုတ်တော့။

သူမ သတိပြန်ရလာသောအခါ ပြင်းထန်သော နာကျင်ခြင်းဝေဒနာကို အရှိုက်ခွဲမတတ် ခံစားနေရသည်။

သူမ၏ နှုတ်ခမ်းကလေးများ တရွရွလှုပ်ရင်း သူမ၏လင်တော်မောင်နာမည်ကိုသာ ထပ်တလဲလဲ ရေရွတ်နေမိသည်။

သူမသည် ဆာအလက်ကို အထူးပင် တောင့်တနေမိသည်။ ယခုအချိန်တွင် သူ့အား သူမအနားမှာ ရှိနေစေချင်သည်။ သူမအား ရာသက်ပန်ရိုးမြေကျ ဆက်လက်ချစ်ခင်မြတ်နိုးသွားပါမည်ဟူသော ကတိစကားကို သူ့ထံမှ တောင်းခံချင်သည်။

သို့သော် ဆေးရုံအမှုထမ်းများက ဆာအလက်အား နေရာအနှံ့ ဖုန်းဆက်သော်လည်း ဘာသတင်းမှ မရ။

★

ဆွစ်ဇာလန်နိုင်ငံ၊ ဇူးရစ်မြို့ မှုခင်းဆိုင်ရာ ရဲဌာနချုပ်တွင် ပြင်သစ်နိုင်ငံ 'အင်တာပိုလ်' ရဲအဖွဲ့၏ သံကြိုးသတင်း တစ်စောင်ကို ရရှိသည်။ ထိုသတင်းသည် ဩစတြေးလျနိုင်ငံမှ ရောက်ရှိလာသည်။

ထိုသတင်းအရ သိရသည်မှာ အညိုအဟောက် ရုပ်ရှင်ကားများ ရိုက်ကူးရန် ရိုဖေးနှင့်သားများကုမ္ပဏီအမည်ဖြင့် ဖလင်လိပ်များ



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ယူခဲ့သော ပုဂ္ဂိုလ်ကို ဆစ်ဒနီမြို့တွင် စုံစမ်းသိရှိရပြီဟု ဆိုသည်။ ထိုသူသည် ဖွံ့နှံ့ခဲ့သော ညုံ့ရောက်ဘ နှလုံးရောဂါဖြင့် သေဆုံးသွားခဲ့သည်။ သူ၏အရိုးပြာများကို သူ့နိုင်ငံသို့ သယ်ယူသွားပြီ ဖြစ်သည်။ ဖလင်လိပ်များ ဝယ်ယူခြင်းနှင့်ပတ်သက်သော သတင်းတစ်စုံတစ်ရာကို 'အင်တာပိုလ်' အဖွဲ့ချုပ်မှ ထောက်လှမ်းမရနိုင်အောင် ဖြစ်နေသည်။

နောက်ထပ် ညွှန်ကြားချက်များကို မိမိတို့က စောင့်မျှော်လျက် ရှိပါသည်ဟူ၍ သံကြိုးသတင်းတွင် ဖော်ပြထားသည်။

★

ဂျာမနီနိုင်ငံ၊ ဘာလင်မြို့ပြင်ရှိ ရှုခင်းသာယာသော စိတ္တဇဝေဒနာကု ရိပ်သာတစ်ခု၏ သီးသန့်ခန်းထဲတွင် ဝေါလသာဂက်စနာ ထိုင်နေသည်။

သူသည် ဆယ်နာရီလုံးလုံး သစ်ငုတ်ကြီးလို မတုန်မလှုပ် ထိုင်နေသည်။ ဆေးရုံသူနာပြုဆရာမနှင့် ကိုယ်ပိုင်သူနာပြုတို့က အခန်းထဲသို့ ကြိုကြားကြိုကြား ဝင်လာပြီး သူနှင့် စကားပြောရန် ကြိုးစားကြည့်ကြသည်။ ထို့ပြင် စားစရာသောက်စရာတစ်ခုခုကိုလည်း ကျွေးကြည့်သည်။

သို့သော် ဝေါလသာက ၎င်းတို့အား လှည့်၍ပင် မကြည့်။ သူက သူ့ရှေ့ အန်နာအလာကိုသာ စောင့်နေခြင်းဖြစ်သည်။

သူသည် အကြာကြီး စောင့်ရပေလိမ့်မည်။

★

အီတလီနိုင်ငံ၊ အော်လဂျီယာဘာမြို့တွင် ဆီမိုနက်တာပလာဇီသည် အမျိုးသမီးတစ်ယောက်၏ တယ်လီဖုန်းစကားပြောသံကို နားထောင်နေသည်။

"ကျွန်မနာမည်က ဒိုနာတယ်လာစပိုလီနီပါ။ ရှင်နဲ့ကျွန်မ တစ်ခါမှ





မတွေ့ခဲ့ကြဖူးပေမယ့် ကျွန်မတို့နှစ်ယောက်မှာ တူညီချက်တွေ အများကြီး ရှိပါတယ် . . . မစ္စတ်ပလာဇီ၊ ကျွန်မ ရှင်နဲ့ အရေးကြီးတဲ့ ကိစ္စတွေ တိုင်ပင်စရာ ရှိပါတယ်၊ ဘိုလိုဂနီးဟိုတယ်မှာ နေ့လယ်စာ စားရင်း တွေ့ကြရအောင်၊ မနက်ဖြန် တစ်နာရီဆို ဖြစ်နိုင်မလား"

ဆီမိုနက်တာမှာ မနက်ဖြန်တွင် အလှပြင်ရိပ်မွန်တစ်ခုနှင့် သွား၍ ရန်တွေ့ရမည့်ကိစ္စတစ်ခု ရှိနေသည်။ သို့သော် သူမက ဒိုနာတယ်လာ သဲလွန်စပေးသွားသော လျှို့ဝှက်ကိစ္စကိုသာ ပို၍သိချင်လာသည်။

"ကောင်းပြီလေ၊ ကျွန်မ လာခဲ့ပါမယ်၊ ရှင့်ကို ကျွန်မ ဘယ်လို သိနိုင်မလဲ"

"ကျွန်မ သားကလေးသုံးယောက်ပါ ရှိနေမယ်"

★

၄

ပြင်သစ်နိုင်ငံ၊ ပါရီမြို့ပြင်ရှိ ဗေစင်နေး စံအိမ်ကြီးထဲတွင် ဟယ်လင် ရိုဖေး မာတယ်သည် စာတစ်စောင်ကို ဖတ်လျက် ရှိသည်။

သူမသည် ထိုစာကို ညေ့ခန်းမီးဖိုပေါ်တွင် တွေ့ရခြင်းဖြစ်သည်။

သူ့ယောက်ျား ချားမားတယ် ရေးသောစာ။

သူက သူမကို ကျောခိုင်းသွားခဲ့ပြီ။ ထွက်ပြေးသွားခဲ့ပြီ။

"ငါ့ကို မင်း ဘယ်တော့မှ တွေ့နိုင်မှာ မဟုတ်တော့ဘူး၊ တွေ့ဖို့လည်း မကြိုးစားပါနဲ့တော့"

ဟယ်လင်က စာကို ဆွဲဆုတ်ချေမွပစ်လိုက်သည်။

သူ့ကိုတွေ့အောင် ရှာမည်။

သူ့ကို မတွေ့တွေ့အောင် ရှာမည်။

★

ရောမမြို့၊ လီယိုနာဒိုဒါဗင်ချီလေဆိပ်တွင် မှုခင်းစုံထောက် ပေါ်နန် ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် လွန်ခဲ့သောနှစ်နာရီအတွင်းတွင် ဆာဒင်းနီယားမှ သတင်း တစ်စုံတစ်ရာရရှိအောင် ကြိုးစားထောက်လှမ်းနေခဲ့သည်။ သို့သော်လည်း မုန်တိုင်းကြောင့် တယ်လီဖုန်းဆက်သွယ်ရေး လိုင်းအားလုံး ပြတ်သွားခဲ့ကြသည်။

ဟော်နန်သည် ပျံသန်းရေးဌာနသို့ လာခဲ့ပြီး လေဆိပ်မန်နေဂျာနှင့် ထပ်မံတွေ့ဆုံသည်။

"ကျုပ်ကို ဆာဒင်းနီယားကို ဖြစ်တဲ့နည်းနဲ့ ပို့ပေးပါ၊ ကျုပ် ပြောတာ ယုံပါ၊ ဒီကိစ္စဟာ သိပ်ပြီး အရေးကြီးတယ်၊ သေရေးရှင်ရေးကိစ္စ ဖြစ်နေတယ်"

"ခင်ဗျားကိုတော့ ယုံပါတယ် . . . မစ္စတာ၊ ဒါပေမဲ့ ဒီကိစ္စနှင့်ပတ်သက်ပြီး ကျုပ်အနေနဲ့ ဘာမှတော့ ကူညီနိုင်မှာ မဟုတ်ဘူး၊ ဆာဒင်းနီးယားလိုင်းက လုံးဝ ပြတ်နေတယ်၊ လေယာဉ်တွေလည်း ပိတ်ထားတယ်၊ သင်္ဘောတွေတောင် မထွက်ကြဘူး၊ သဲမုန်တိုင်း မစမချင်း ဒီကျွန်းကို ဘာမှ အသွားအလာ ရှိမှာ မဟုတ်ဘူး"

"မုန်တိုင်းက ဘယ်တော့မှ စမလဲ"

လေဆိပ်မန်နေဂျာက နောက်သို့လှည့်ကာ နံရံပေါ်မှ ရာသီဥတု အခြေအနေပြ မြေပုံကြီးကို ကြည့်လိုက်သည်။

"အနည်းဆုံး နောက်ထပ် ၁၂ နာရီကြာမှ အခြေအနေ ကောင်းလာဖို့ ရှိတယ်"

ထို ၁၂ နာရီအတွင်း အယ်လစ်ဇဘက်တစ်ယောက် အသက်ရှင်လျက် ရှိနိုင်ပါဦးမည်လား။

☆ ↔ ☆

# အခန်း ( ၅၃ )

အမှောင်ထုသည် ကြောက်မက်ဖွယ် နက်မှိုင်းလှသည်။ အယ်လစ်ဇဘက်အား သတ်ဖြတ်ရန် ချောင်းနေကြသော ရန်သူများသည် အမှောင်ထုထဲတွင် ပုန်းကွယ်နေကြသည်။ သူမ၏ အသက်သည် သူတို့လက်တွင်းသို့ ရောက်ရှိနေပြီ။ ကျားသနားမှ နွားချမ်းသာရ ရတော့မည့် ဘဝသို့ ရောက်နေရပြီ။

ရဲစုံထောက် ကမ်ပက်နာသည် သူမ အသတ်ခံရအောင် ဒီနေရာသို့ ခေါ်ဆောင်လာခဲ့သည်။ သူသည် ရိုးစ်၏လူယုံတော် လက်ပါးစေဖြစ်သည်။ ဂျစ်ကားကို အစားထိုးလဲထားကြောင်း ဟော်နန်ပြောခဲ့တုန်းက စကားတစ်ခွန်းကို အယ်လစ်ဇဘက် သတိရမိသည်။

ဒါကတော့ လုပ်နိုင်တဲ့လူ လုပ်မှာပဲ၊ ဒီကျွန်းအကြောင်း သိတဲ့လူ လုပ်မှာပဲ၊

ဟော်နန်ကား အန္တရာယ်ကို ကြိုမြင်ခဲ့သူ ဖြစ်သည်။

ပြီးတော့ . . ကမ်ပက်နာက သင်္ဘောဆိပ်တွင်ပြောခဲ့သေးသည်။

ကျွန်တော်တို့ကလည်း မဒမ်အတွက် သိပ်ပြီး စိုးရိမ်နေကြတယ်၊ ဒါကြောင့်မို့ သင်္ဘောဆိပ်တွေရော၊ လေယာဉ်ကွင်းတွေပါမကျန် အနှံ့အပြား လိုက်ရှာနေကြတာပဲ၊

သည်နေရာသို့ သူမ မလွဲမသွေရောက်လာမည်ဆိုသည်ကို ရိုးစ်က ကြိုတင်သိခဲ့သည်။ ထို့ကြောင့်လည်း ကမ်ပက်နာက . . .

ဘယ်သွားမလဲ . . . မဒမ်၊ ရဲစခန်းကိုလား . . . ဒါမှမဟုတ် စံအိမ်ကြီးကိုပဲ သွားမလား . . . ဟူ၍ သူမအား မေးခဲ့ခြင်း ဖြစ်သည်။

စင်စစ် . . . ကမ်ပက်နာက သူမအား ရဲစခန်းသို့ သွားစေချင်ဟန် မတူ။ ပြီးတော့ တယ်လီဖုန်းဆက်သည်မှာလည်း ရဲစခန်းကို မဟုတ်။ ရိုးစ်ထံ ဆက်ခြင်းသာ ဖြစ်သည်။ "ကျွန်တော်တို့ စံအိမ်ကြီးသို့ ရောက်နေပါပြီ" ဟူသောစကားက ဤအချက်ကို သက်သေခံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီမှာ ဆက်နေလို့ မဖြစ်တော့ဘူး၊ ထွက်ပြေးမှ ဖြစ်မယ်"

သို့သော် သူမမှာ ထွက်ပြေးနိုင်ရန် အားအင်မရှိတော့။ အိပ်ချင်စိတ်ကို အတင်းတိုက်ထုတ်နေရသည်။ မျက်လုံးတွေ မှိတ်မသွားအောင် မနည်းကြိုးစားနေရသည်။ လက်တွေ ခြေတွေကလည်း လေးလံနေသည်။ ခုမှ သူမက အဖြစ်မှန်ကို သတိရမိသည်။

ကမ်ပက်နာက ကော်ဖီထဲတွင် မူးယစ်ဆေး ထည့်ခဲ့သည်။

အယ်လစ်ဇဘက်သည် နောက်သို့ပြန်လှည့်ကာ မီးဖိုခန်းသို့ လာခဲ့သည်။ ကြောင်အိမ်ကို ဖွင့်ပြီး တုန်ယင်သောလက်များဖြင့် တိုဟိုသည်သည် လျှောက်စမ်းသည်။ သူမ လိုချင်တာ ရပြီ။

သူမသည် ရှာလကာရည်ပုလင်းကို ဖွင့်သည်။ ရေတစ်ခွက် ယူပြီး ရှာလကာရည်အနည်းငယ် ထည့်သည်။ ပြီးတော့ ကျိတ်မှိတ်ပြီး မော့ချလိုက်သည်။ ချက်ချင်းလိုပင် သူမရင်ထဲတွင် ပျို့တက်လာကာ ရေသုံးစင်နား ပြေးသွားပြီး အန်ချလိုက်သည်

အတော်ကလေးကြာတော့ နေသာထိုင်သာ ဖြစ်သွားသည်။ သို့သော် အားတော့ အလွန်နည်းနေသေးသည်။ သူမ၏ဦးနှောက်ထဲတွင် နောက်ကျိနေသည်။ သူမ၏ ကိုယ်ခန္ဓာအတွင်းရှိ ယန္တရားတီရိယာအားလုံး ရပ်ဆိုင်းသွားသလို ထင်ရသည်။ သူမသည် မရဏအမှောင်ထုထဲသို့ သက်ဆင်းရန် အဆင်သင့် ဖြစ်နေလေပြီ။

"မသေဘူး၊ မသေဘူး၊ ငါ ဒီနည်းနဲ့ မသေရဘူး၊ ငါ ပြန်တိုက်မယ်၊ သူတို့က ငါ့ကို သတ်ကြတော့မယ်၊ ရီးစ်ရေ . . . ငါ့ကို မြန်မြန်လာသတ်လှည့်ပါတော့"

သူမက သွေးရူးသွေးတန်းနှင့် အော်၍ပြောလိုက်သော်လည်း လေသံမျှသာ ပေါ်ထွက်လာသည်။

ထို့နောက် ခန်းခွဲလမ်းသို့ ခပ်သုတ်သုတ်လာခဲ့သည်။ ခြေလှမ်းကို မကြည့်သော်လည်း စိတ်ထဲက အလိုလိုသိနေသည်။ ခြေလှမ်းတွေ မှန်နေသည်။

အဘိုးကြီး ဆင်မြူရယ်၏ ပုံတူကားကြီးအောက်တွင် ရပ်လိုက်သည်။ အပြင်ဘက်တွင် လေကြမ်းက တရှဲရှဲနှင့် ညာသံပေးကာ



လိုက်သည်။ အပြင်ဘက်တွင် လေကြမ်းက တရှဲရှဲနှင့် ညာသံပေးကာ စံအိမ်ကြီးကို တဝုန်းဝုန်း ရိုက်ထုနေသည်။ သူမအား အော်ညည်းခြောက်လှန့်နေသည်။ ပြောင်လှောင် သရော်နေသည်။ သတိပေးနေသည်။

အယ်လစ်ဇဘက်သည် အမှောင်ထဲတွင် တစ်ယောက်တည်း ရပ်နေသည်။ ဘယ်ကိုသွား၍ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

'ကမ်းမမြင်လမ်းမမြင်သော အပြင်ဘက် အမှောင်ထဲသို့ ထွက်ပြေးနိုင်သည်။ သို့မဟုတ် သည်မှာပဲ သည်လိုနေပြီး ရီးစ်ကို ခုခံတိုက်ခိုက်နိုင်သည်။

သို့သော် . . . ဘယ်လို တိုက်မည်နည်း။

သူမသည် တစ်စုံတစ်ရာကို စဉ်းစားနေသည်။ သို့သော် မူးယစ်ဆေးဒဏ်ကြောင့် ဦးနှောက်တွေ မကြည်လင်။ စိတ်အာရုံကို စူးစိုက်၍ မရအောင် ဖြစ်နေသည်။

ခဏကြာတော့မှ သူမ သတိဝင်လာသည်။

"သူက ငါ့ကို လူသတ်မှုနဲ့မတူအောင် သတ်လိမ့်မယ်၊ မတော်တဆ ဖြစ်တာလို အမှုဆင်ပြီး သတ်လိမ့်မယ်"

"အသတ်မခံနဲ့ အယ်လစ်ဇဘက်၊ အသတ်မခံနဲ့ ပြန်ခုခံ၊ ပြန်ခုခံ"

သည်စကားကို သူ့စိတ်ကပဲ ပြောလိုက်တာလား။ ဒါမှမဟုတ် အဘိုးကြီး ဆင်မြူရယ်၏ ဝိညာဉ်ကပဲ လာပြောတာလား။ သူမ မတွေးတတ်တော့။

"ကျွန်မ မတတ်နိုင်တော့ဘူး၊ အချိန် နှောင်းသွားပြီ"

သူမက မျက်လုံးများကို မှိတ်ထားလိုက်သည်။ သူမ၏မျက်နှာသည် ပုံတူကားချပ်ကြီးကို ဦးတိုက်နေသည်။ သည်အချိန်တွင် အိပ်ရာထဲ ဝင်အိပ်လိုက်ရလျှင် သိပ်ကောင်းမှာပဲ။ သို့သော် သူမတွင် လုပ်စရာတစ်ခု ရှိသေးသည်။ ဘာလုပ်ရမည်ဆိုသည်ကို သူမက ကြိုးစား၍ တွေးကြည့်သည်။ သို့သော် ချက်ချင်းပင် ထိုအတွေးများ လွင့်ပြယ်သွားခဲ့သည်။

"မတော်တဆမျိုး မဖြစ်စေနဲ့၊ လူသတ်မှုပဲ ဖြစ်ပါစေ၊ ဒါမှ သူတ

www.burmeseclassic.com

www.burmeseclassic.com



တူမှုထိကို ဘယ်တော့မှ မပိုင်နိုင်ဘဲ ရှိမယ်"

အယ်လစ်ဇဘက်က သူမ ဘာလုပ်ရမည်ဆိုသည်ကို သိလာသည်။ စာကြည့်ခန်းထဲ ဝင်လာခဲ့သည်။ အခန်းထဲတွင် ခဏရပ်နေလိုက်သည်။

ပြီးတော့ စားပွဲတင်မီးလုံးကို လှမ်းယူပြီး ကိုယ်လုံးပေါ်မှန်တွင် ပေါက်ခွဲလိုက်သည်။ မီးလုံးရော မှန်ပါ ကွဲစင် ပြန့်ကျဲသွားသည်။

ထို့နောက် ကုလားထိုင်တစ်လုံး ဆွဲယူလိုက်သည်။ နံရံတွင် ရိုက်ချိုးသည်။ ကုလားထိုင် ဖွတ်ဖွတ် ကြေသွားသည်။

စာအုပ်စင်အနီးသို့ ရွေ့လာခဲ့သည်။ စာအုပ်တွေကို ဆွဲချသည်။ စာရွက်တွေကို ဆုတ်ဖြဲသည်။ တစ်ခန်းလုံး စာအုပ်တွေ၊ စာရွက်တွေ ပြန့်ကြဲသွားသည်။

တယ်လီဖုန်းနားသွားပြီး နံရံမှ ဝါယာကြိုးကို ဆွဲဖြုတ်လိုက်သည်။

အခန်းထဲတွင် လေပြင်းတစ်ချက် ဝှေ့လိုက်သည်။ စာရွက်တွေ လေထဲ ပလူပျံကုန်သည်။ ခဏကြာတော့ လေငြိမ်သွားသည်။

ထိုခဏတွင် သူမခေါင်းထဲ အသိတစ်ခု ဝင်လာသည်။ ဘာတွေ ဖြစ်လာတော့မည်ဆိုသည်ကို ချက်ချင်း သိလိုက်မိသည်။

သည်အိမ်ထဲတွင် သူမတစ်ယောက်တည်း ကြာကြာမနေရတော့။

★

ရောမမြို့၊ လီယိုနာဒိုလေဆိပ်သို့ ရဟတ်ယာဉ်တစ်စင်း ဆင်းလာသည်။ မှခင်းစုံထောက်ဟော်နန်က ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေသည်။

မြေပြင်သို့ ရဟတ်ယာဉ် ဆိုက်သည်။ တံခါးဖွင့်ပြီး လေယာဉ်မှူး ထွက်လာသည်။ ဟော်နန်က သူ့နား ကပ်သွားသည်။

"ကျုပ်ကို ဆာဒင်းနီးယား ပို့ပေးနိုင်မလား"

လေယာဉ်မှူးက သူ့မျက်နှာကို စေ့စေ့ကြည့်သည်။

"ဘာတွေများ အရေးကြီးနေလို့လဲ၊ အခုပဲ ကျွန်တော် ဒဲဒီကို တစ်ယောက် ပို့ခဲ့ပြီးပြီ၊ မုန်တိုင်းက အတော့်ကို ဆိုးဆိုးရွားရွား တိုက်နေတာဗျ"

"ကျုပ်ကို ပို့ပေးမလား"

"သုံးဆ ပေးရမယ်"

ဟော်နန်က စဉ်းစားမနေတော့။ ချက်ချင်းပင် လေယာဉ်ပေါ် တက်ထိုင်လိုက်သည်။ လေယာဉ် မြေပြင်မှခွာတော့ ဟော်နန်က လေယာဉ်မှူးဘက် လှည့်ပြီး . . .

"ဆာဒင်းနီးယားကို စောစောက သွားပို့တဲ့ ခရီးသည်က ဘယ်သူလဲဗျ"

"သူ့နာမည်က ဝီလျံတဲ့"

★

ယခုတော့ အမှောင်ထုသည် အယ်လစ်ဇဘက်အဖို့ ရန်သူ မဟုတ်တော့။ လူသတ်သမားအန္တရာယ်မှ သူမအား ဖုံးကွယ်ပေးသည့် မိတ်ဆွေ ဖြစ်လာခဲ့လေပြီ။

သည်အချိန်တွင် အပြင်သို့ ထွက်ပြေးရန် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်တော့။ ထို့ကြောင့် အိမ်ထဲတွင် အကောင်းဆုံးပုန်းစရာ တစ်နေရာ ရှာဖို့သာ ရှိတော့သည်။

သူမသည် အပေါ်ထပ်သို့ ပြန်တက်ခဲ့သည်။ လှေကားထိပ်ရောက်တော့ ခေတ္တရပ်၍ စဉ်းစားသည်။ ထို့နောက် ဖေ့ဖေ့အိပ်ခန်းဘက် လှည့်လာခဲ့သည်။ အပြင်ဘက် အမှောင်ထုထဲမှ တစ်စုံတစ်ရာသည် သူမဆီသို့ ခုန်ပေါက်လာသလို ရိပ်ခနဲ လှမ်းမြင်လိုက်ရသဖြင့် သူမက အလန့်တကြား အော်လိုက်သည်။

တကယ်တော့ ထိုအရာမှာ လေပြင်းဒဏ်ကြောင့် ယိမ်းထိုး လှုပ်ရှားနေသော သစ်ပင်တစ်ပင်သာ ဖြစ်သည်။

သူမ၏အော်သံကို အောက်ထပ်မှ ရိုးစ် ကြားသွားလေပြီလား ဟူသော အတွေးကြောင့် သူမရင်ထဲတွင် စိုးရိမ်စိတ်တွေ တဖျပ်ဖျပ်



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းခပ်သွားကြသည်။

သူ့ကို အချိန်ဆွဲထားရမယ်။ အချိန်ဆွဲထားမှ ဖြစ်မယ်။

သူမစိတ်ထဲက ပြောနေသည်။ သို့သော် ဘယ်လို အချိန်ဆွဲရမှာလဲ။ မစဉ်းစားတတ်တော့။

သူမခေါင်းထဲ လေးလာသည်။ အရာခပ်သိမ်း မှုန်ဝါးသွားသည်။

စဉ်းစားစမ်းပါ။ အကြံထုတ်စမ်းပါ။ အဘိုးကြီး ဆင်မြူရယ်က သူ့အခက်အခဲတွေ ဘယ်လို ကျော်လွှားခဲ့သလဲ။

သူမကိုယ်သူမ အားပေးနေသည်။

သူမသည် ခန်းမကြီးအစွန်ရှိ အိပ်ခန်းဆောင်သို့ လာခဲ့သည်။ အတွင်းမှ တံခါးသော့ခလောက်ကို ဖြုတ်ယူသည်။ အပြင်မှ သော့ခတ်လိုက်သည်။ တစ်ဆက်တည်းပင် တစ်ခန်းပြီးတစ်ခန်း သော့ခလောက်တွေ လိုက်ခတ်သည်။

ယင်းတို့ကား ကရာကိုးမြို့စွန်ရှိ ဗျူးရပ်ကွက်၏ ဂိတ်တံခါးများပင် ဖြစ်သည်။ ပထမတွင် သည်တံခါးတွေကို သူမ ဘာကြောင့် လိုက်ပိတ်နေကြောင်း သူမကိုယ်တိုင် လုံးဝ မစဉ်းစားမိ။

ခဏကြာတော့ သူမ သတိရလာသည်။

သူမသည် ဂိတ်စောင့်ပုလိပ် 'အာရမ်' ကို သတ်လိုက်ပြီ။ သူမကို ဘယ်သူမှ မဖမ်းနိုင်တော့။

ထိုအချိန်တွင် အောက်ဘက်မှ လက်နှိပ်ဓာတ်မီးရောင်လို အရောင်တန်းတစ်ခု ဖျတ်ခနဲ လင်းလက်သွားသည်ကို မြင်လိုက်ရသည်။ ထိုအရောင်သည် လှေကားမှနေ၍ အပေါ်ထပ်သို့ တဖြည်းဖြည်း တက်လာသည်။

သူမ အသည်းတွေ ပြုတ်ကျမတတ် တုန်နေသည်။ သူမဆီသို့ နိုစ် လာနေပြီ။

သူမသည် အပေါ်ဆုံးမျှော်စင်ဆောင် လှေကားသို့ တက်သည်။ လှေကားတစ်ဝက် ရောက်သောအခါ ခေတ္တရပ်သည်။ ဒူးတွေ တဆတ်ဆတ် တုန်နေသည်။

ထို့နောက် အားတင်းလိုက်ပြီး ဆက်တက်သည်။ ရင်ဘတ်ကို





လှေကားနှင့်အပ်လျက် တဖြည်းဖြည်းတွား၍တွား၍ တက်လာခဲ့သည်။

နောက်ဆုံး လှေကားထိပ်သို့ရောက်လာသည်။ ကိုယ်ကို မသယ်ချင့်သယ်ချင်ဖြင့် ဒယီးဒယိုင် လျှောက်လာခဲ့သည်။ မျှော်စင်ဆောင်အခန်းတံခါးကို ဖွင့်ပြီး အထဲသို့ ဝင်သည်။

တံခါး သတိထား။ တံခါးကို သော့ပိတ်။

အဘိုးကြီးဆင်မြူရယ်၏ အသံကို ကြားယောင်မိသည်။

သူမက အခန်းတံခါးကို သော့ခတ်လိုက်သည်။ သို့ပေမယ့် သည်မျှဖြင့် နိုစ်ကို တားဆီးနိုင်ဦးမည်မဟုတ် ဆိုသည်ကိုတော့ သူမ သိသည်။ သူက သော့ခလောက် ရိုက်ချိုးပြီး ဝင်နိုင်သည်။ ယင်းသို့ ဝင်လျှင် တစ်မျိုးတော့ ကောင်းသည်။ ဒါမှ အကြမ်းဖက်မှု အတိုင်းအတာ ပို၍ ကြီးမားမည်။ ပို၍ ထင်ရှားမည်။ သူမ၏ သေဆုံးမှုမှာလည်း အသတ်ခံရ၍ သေဆုံးမှုနှင့် တူသည်။

သူမသည် စားပွဲကုလားထိုင်များကို ဖြည်းဖြည်းချင်း ရွှေ့လျက် တံခါးပေါက်တွင် ပိတ်ဆို့ထားလိုက်သည်။ စားပွဲ တစ်လုံး၊ ကုလားထိုင် တစ်လုံး၊ ပြီးတော့ နောက်ထပ်စားပွဲ တစ်လုံး။ သူမသည် စက်ရုပ်တစ်ခုပမာ အဆက်မပြတ် လှုပ်ရှားနေသည်။ အချိန်ကို လုနေရသည်။ သေမင်းနှင့် ရင်ဆိုင်ရန် ကရော်ကမယ်ခံတပ်တလေးကို ရနိုင်သမျှ ပစ္စည်းတွေနှင့် ဆောက်လုပ်နေရသည်။

အောက်ထပ်မှ ပြိုကွဲသံတွေ ကြားလိုက်ရသည်။

ခဏကြာတော့ ထပ်မံ ကြားရပြန်သည်။

ပြီးတော့ နောက်ထပ် ကြားရပြန်သည်။

နိုစ်သည် သူမအား တစ်ခန်းဝင်တစ်ခန်းထွက် ရှာရင်း အိပ်ခန်းတံခါးတွေကို ရိုက်ချိုးနေခြင်း ဖြစ်မည်။ ဤသည်မှာ တိုက်ပွဲတစ်ခု၏ လက္ခဏာ ဖြစ်သည်။ ရဲတွေလိုက်လာရန် လမ်းခင်းပေးခြင်း ဖြစ်သည်။

သူက သူမကို လှည့်စားခဲ့သည်။ ယခု သူ့ကို သူမက လှည့်စား[illegible]ထားပြီ။ သို့သော် အချက်တစ်ချက်ကိုတော့ သူမစိတ်ထဲတွင် [illegible]ဇဝေဇဝါ ဖြစ်နေမိသေးသည်။

အကယ်၍ နိုစ်က သူမအားသတ်၍ သေခြင်းမ[illegible]ဘဲ မတော်

www.burmeseclassic.com

www.burmeseclassic.com



တဆမှုဖြင့် သေခြင်းမျိုးဖြစ်အောင် လုပ်ထားလိုသည်ဆိုလျှင် ယခု သူ ဘာကြောင့် တံခါးတွေကို ရိုက်ချိုးနေရသလဲ။

သူမသည် တံခါးဝသို့ သွားပြီး အပြင်သို့ ကြည့်လိုက်သည်။ လေပြင်းက တရှဲရှဲအော်မြည်ယင်း တရကြမ်း တိုက်ခတ်လျက်ရှိရာ သူမအတွက် သရဏဂုံတေးကို သံကုန်ဟစ်၍ ဆိုညည်းနေသလို ထင်ရသည်။

လသာဆောင်အလွန်တွင် နက်စောက်သော ချောက်ကမ်းပါး ကြီးသည် အောက်ဘက် ပင်လယ်ပြင်အထိ ထိုးဆင်းသွားသည်။

သူ့အဖို့ မျှော်စင်ခန်းမှတစ်ပါး အခြားဘယ်နေရာကိုမျှ ထွက်ပေါက် မရှိတော့။ ရိုးစ်က ဤအခန်းသို့ တက်လာပြီး သူမအား သတ်တော့မည်။

လက်နက်တစ်စုံတစ်ရာ တွေ့လိုတွေ့ငြား အခန်းထဲတွင် လှည့်ပတ်ရှာဖွေကြည့်သည်။ သို့သော် သူမအသက်ကို ကာကွယ်နိုင်မည့် လက်နက်ဆို၍ ဘာဆို ဘာပစ္စည်းမျှ မတွေ့ရ။

သူမသည် လူသတ်သမားနှင့် ရင်ဆိုင်ရန် အမှောင်ထဲမှ စောင့်နေသည်။

သူ အောက်ထပ်မှာ ဘယ်သူ့ကို စောင့်နေတာလဲ။ တံခါးတွေ ရိုက်ချိုးပြီး အပေါ်ထပ်သို့ ဘာကြောင့် မတက်လာသေးတာလဲ။

အက်လစ်ဇဘက်က ရိုးစ်၏ နေရာမှနေပြီး တွေးကြည့်သည်။ ရိုးစ်၏ စိတ်ထဲ ဝင်ကြည့်သည်။

သူမ သေသွားပြီးနောက် ရဲဘက်မှ လုံးဝသံသယမရှိအောင် သူ ဘယ်လို လှည့်စားနိုင်မလဲ။ လူသတ်မှုမဟုတ်ဘဲ မတော်တဆမှုဟု၍ ရဲက ထင်အောင် သူ ဘယ်လို တစ်ပါတ်ရိုက်နိုင်မလဲ။

တစ်နည်းတော့ ရှိသည်။

စံအိမ်ကြီးကို မီးတင်ရှို့နိုင်သည်။

သူမ၏ခေါင်းထဲသို့ သည်အတွေးဝင်လာသည်နှင့် တစ်ပြိုင်နက် မီးခိုးနံ့များပင် ရလာသလို ထင်လိုက်မိသည်။

## အခန်း (၅၄)

မှုခင်းစုံထောက် ဟော်နန်သည် ရဟတ်ယာဉ်ပေါ်မှ အောက်သို့ ငုံ့ကြည့်သည်။ ပတ်ပတ်လည်တွင် အနီရောင်သဲမှုန့်များနှင့် သိပ်သည်းစွာ ရစ်ဝိုင်းခြုံလွှမ်းထားသော ဆာဒင်နီးယား ပင်လယ်ကမ်းခြေကို မြင်နေရသည်။

လေယာဉ်မှူးက အော်ပြောလိုက်သည်။

"ရာသီဥတု တော်တော်ဆိုးတယ်၊ ဆင်းမယ့်နေရာတောင် ရှာမတွေ့ဘူး"

"တွေ့ပါတယ်ဗျ . . . ခင်ဗျား မောင်းမှာသာ မောင်းစမ်းပါ၊ ပေါ်တိုကာဗိုကို ရောက်အောင် မောင်း"

ဟော်နန်ကလည်း ပြန်အော်လိုက်သည်။

လေယာဉ်မှူးက ဟော်နန်ကို လှည့်ကြည့်ရင်း . . .

အဲဒါ တောင်ထိပ်ကြီးဗျ "

ကျုပ် သိပါတယ်၊ ခင်ဗျား အဲဒီမှာ ဆင်းနိုင်မှာလား"

"၅၀ - ရာခိုင်နှုန်းတော့ သေချာတယ်"

" ဘာအတွက်လဲ "

" မဆင်းနိုင်ဖို့ အတွက်ပေါ့ "

★

မီးခိုးတွေက အောက်ထပ်ကြမ်းခင်းတွေကိုဖြတ်ပြီး အပေါ်ထပ်သို့ တက်လာသည်။ လေတိုက်သံကလည်း တဟဲဟဲ။ မီးညွန့်တိုးသံလည်း တရှဲရှဲ ။

အယ်လစ်ဇဘက်မှာ အပေါ်ထပ်တွင် ပျောင်ပိတ်ခံမနေပြီး ဘယ်ကိုမှ ပြေး၍ မလွတ်နိုင်တော့။ မကြာမီ မိနစ်ပိုင်းအတွင်း တံခါးတွေ၊ မှန်တွေ၊ စားပွဲ ကုလားထိုင်တွေအပါအဝင် ထမင်းအိမ်လုံးကို

www.burmeseclassic.com

www.burmeseclassic.com



မီးတောက်မီးလျှံတွေက ဝါးမျိုသွားမည်။ မာတ်ခွဲခန်းနှင့် သိပ္ပံပညာရှင်တလေး ဂျိုပလီတို့အဖြစ်မျိုးကဲ့သို့ အားလုံး လောင်ကျွမ်းပြာကျကုန်တော့မည်။

ထို့နောက် ရီးစ်က တစ်နေရာသို့ ပြေးသွားပြီး မှုခင်းဖြစ်ပွားချိန်တွင် သည်အိမ်ကြီး၌ သူမရှိကြောင်းကို ထွက်ဆိုနိုင်အောင် ချက်ပိုင်ပိုင်နှင့် လုပ်ပေတော့မည်။

တဖြည်းဖြည်းနှင့် အဝါရောင်မီးခိုးလုံးကြီးများ အခန်းတွင်းသို့ အလိပ်လိပ် ဝင်လာကြပြီ။ စူးစူးဝါးဝါး မီးခိုးနံ့ကြောင့် အယ်လစ်ဇဘက်သည် အသက်ရှူကျပ်လာသည်။ မီးညွှန့်များက တံခါးပျက်များကို လောင်စွဲကြသည်။ သူမကို မီးရှိန်ဟပ်လာသည်။

သူမသည် ဒေါသစိတ်ကြောင့် အံကိုကြိတ်လိုက်သည်။ အားတွေ ပြည့်လာသလို ထင်ရသည်။

လှျောင်ပိတ်နေသော မီးခိုးငွေ့ထုကြီးကို တအားထိုးဖောက်ကာ ခန်းဆီးတံခါးဆီသို့ ပြေးလာခဲ့သည်။ တံခါးကို ကမန်းကတန်း တွန်းဖွင့်ပြီး လသာဆောင်သို့ ကူးလိုက်သည်။ ထိုအချိန်တွင် ခန်းကူးပေါက်ကြားမှ ဝင်လာသော မီးညွှန့်များက မှော်စင်ဆောင် အခန်းကို ထိုးဖောက်ကာ အခန်းနံရံကို မီးဟပ်နေလေပြီ။

အယ်လစ်ဇဘက်သည် လသာဆောင်တွင် ရပ်နေသည်။ လေပြင်းဒဏ်ကြောင့် သူမ၏ဂါဝန်မှာ ပြုတ်ထွက်မတတ် တဖျတ်ဖျတ် ရိုက်ခတ်နေသည်။ တဝကြီး ရှိုက်သွင်းလိုက်ရသော လဟာပြင်လေကို စိတ်ထဲမှ ကျိတ်ပြီး ကျေးဇူးတင်လိုက်သည်။

သူမက အောက်သို့ ငုံ့ကြည့်လိုက်သည်။

လသာဆောင်မှာ အိမ်မကြီးဘေးမှ အပြင်သို့ ထိုးထွက်နေရာ ချောက်ကမ်းပါးကြီးပေါ်သို့ မိုးနေသော ကျွန်းကလေးတစ်ကျွန်းလို ဖြစ်နေသည်။ မှော်လင့်ချက် မရှိတော့။ ထွက်ပေါက် မရှိတော့။

အယ်လစ်ဇဘက်သည် သူမ၏ခေါင်းပေါ်မှ ဆင်ခြေလျှော မိုးဆီသို့ မော့ကြည့်လိုက်သည်။ တစ်နည်းနည်းဖြင့် ခေါင်မိုးပေါ်သို့ တတ်နိုင်လျှင် မီးမလောင်သေးသော အိမ်တစ်ဘက်ခြမ်းသို့ ကူးသွားနိုင်



သည်။ ထိုမှတစ်ဆင့် လွတ်ရာသို့ ထွက်နိုင်မည်မှာ သေချာသည်။

သူမက ခြေဖျားထောက်ကာ လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်လိုက်လေသည်။သို့သော် ခေါင်မိုးစွန်းကို မမှီ။

ယခုအချိန်တွင် မီးညွှန့်များက မှော်စင်ခန်းကို မြိုလွှမ်းသွားပြီး သူမ ရှိရာသို့ တဖြည်းဖြည်း နီးကပ်လာပြီ။

သူမအဖို့ မသေချာသောနည်းလမ်းတစ်ခုသာ ရှိတော့သည်။ သူမ သည်နည်းလမ်းကို ရွေးလိုက်သည်။

ထို့နောက် သူမသည် မီးညွှန့်များနှင့် မီးခိုးများအကြားမှ တစ်ဟုန်ထိုး ဖောက်ကာ အခန်းထဲသို့ ပြေးဝင်သွားသည်။ တွေ့ရာ ကုလားထိုင်တစ်လုံးကို ဆုပ်ကိုင်ပြီး လသာဆောင်သို့ တရွတ်တိုက် ဆွဲပြေးလာခဲ့သည်။

ခေါင်မိုးစွန်းအောက်တွင် ကုလားထိုင်ကိုချပြီး ကုလားထိုင်ပေါ်သို့ တက်ရပ်လိုက်သည်။ သူမ၏လက်ချောင်းများက ခေါင်မိုးကို လှမ်းကိုင်မိသည်။ သို့သော် ခိုင်ခိုင်ခံ့ခံ့ လက်ကုပ်စရာ ဘာမျှ မရှိ။ သူမက ခေါင်မိုးစွန်းကို လက်နှစ်ဖက်ဖြင့် ဟိုစမ်းသည်စမ်းလုပ်ရင်း လက်ကိုင်မြဲမည့် နေရာကို ရှာနေသည်။

အတွင်းဘက်တွင် ခန်းဆီးများကို မီးစွဲနေပြီ။ အခန်းပတ်လည်တွင် မီးညွှန့်များ ဝိုင်းကြီးပတ်လည် သွေးရူးသွေးတမ်း ကခုန်နေကြပြီ။ စာအုပ်တွေ၊ ကော်ဇောတွေ၊ စားပွဲတွေ၊ ကုလားထိုင်တွေကိုလည်း မီးညွှန့်များက ဝါးမျိုနေကြပြီ။ လသာဆောင်ဘက်သို့ပင် ကူးလာနေကြပြီ။

ရုတ်တရက် လက်ကိုင်မြဲသော ခေါင်မိုးစွန်းတစ်နေရာကို စမ်းမိသည်။ သူမလက်တွေက ထုံကျဉ်နေသည်။ မြဲမှ မြဲပါ့မလားဟု စိတ်လေးနေမိသည်။ ခေါင်မိုးစွန်းကို မြဲမြဲကိုင်ကာ ကိုယ်ကိုဆပြီး အပေါ်သို့ တအားခုန်တွဲလိုက်သည်။ ကုလားထိုင်က ဘေးသို့ လဲသွားပြီး သူမမှာ ခေါင်မိုးစွန်းတွင် တွဲလောင်းကြီး ဖြစ်နေသည်။

တဖြည်းဖြည်းနှင့် အင်အားကို စုစည်းလိုက်ပြီး ခေါင်မိုးပေါ်သို့ ချိတ်တက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ခေါင်မိုးပေါ်ရောက်တော့မှ ဟင်ခနဲ သက်မကြီး ချလိုက်မိသည်။ အသက်ကို မျှဉ်းမျှဉ်းရှူရင်း အားသွင်းနေသည်။

ပြီးတော့ . . ဆင်ခြေလျှော ခေါင်မိုးအပေါ်ပိုင်းသို့ သတိကြီးစွာ ဖြင့် ပွအမ့်ပွအမ့် ပယ်ပယ်ခဲ့သည်။

ထိုအချိန်တွင် လသာဆောင်ကို မီးလောင်နေပြီ။ သူမအဖို့ ပြန်လမ်း မရှိတော့။

ခေါင်မိုးထိပ်တွင် ရပ်ကာ အိမ်ကြီး၏အောက်ဘက်အစွန်ကို လှမ်းကြည့်လိုက်သည်။ သီးသန့်ဧည့်ခန်းဆောင်တစ်ခု၏ လသာ ဆောင်တစ်ခုကို လှမ်းမြင်ရသည်။ ထိုအဆောင်ကို လုံးဝ မီးမကူးသေး။ သို့သော် ထိုနေရာသို့ သွားရန် နည်းလမ်းမမြင်။ ခေါင်မိုးဆင်ခြေလျှော မှာ အောက်ဘက်သို့ တော်တော်ပင် စိုက်ဆင်းနေသည်။ အချို့ ခေါင်မိုးတွေက လျှောရဲနေသည်။လေကလည်း ပြင်းသည်။ မတော်လို့ ခြေတုတ်တစ်ချက် လွတ်သွားခဲ့လျှင် အသက်နဲ့ကိုယ် အိုးစားကွဲရုံမှ တစ်ပါး အခြားနည်းလမ်း မရှိတော့။

ယို့မဲ့ပျာပို့ သူမသည် မှုလနေရာတွင်ပင် ရပ်နေသည်။ တစ် ကိုယ်လုံး အေးစက်ပြီး ခိုက်ခိုက်တုန်နေသည်။

ထိုအခိုက် ဧည့်ခန်းလသာဆောင်ပေါ်တွင် လူရိပ်လိုလို လှမ်း မြင်လိုက်ရသည် ။

မျက်လုံးကို လက်နှင့်ပွတ်၍ စေ့စေ့စပ်စပ် ကြည့်လိုက်တော့. . . ဆာအလက်။

သူသည် အပေါ်သို့လှမ်းကြည့်ရင်း အော်ပြောသည်။

"အယ်လစ်ဇဘက် ရပါတယ်၊ မခက်ပါဘူး လွယ်လွယ်လေးပါ"

အယ်လစ်ဇဘက် ရင်ထဲတွင် ဝမ်းသာလုံးဆို့သွားသည်။

"ဖြည်းဖြည်း . . . ဖြည်းဖြည်း . . . တစ်လှမ်းချင်း ဆင်း၊ သတိနဲ့ ဆင်း"

ဆာအလက်က လှမ်း၍ အားပေးနေသည်။

အယ်လစ်ဇဘက်က သတိကြီးစွာဖြင့် တရွေ့ရွေ့ ဆင်းလာသည်။ တဖြည်းဖြည်းနှင့် ခေါင်မိုးစွန်းသို့ ပြန်ရောက်လာခဲ့သည်။



"ထိန်းထား . . . သတိနဲ့ ထိန်းထား"

ဆာအလက်က အပေါ်သို့ လှမ်းပြောလိုက်သည်။ ပြီးတော့ သူ သည် လသာဆောင်အစွန်းသို့ လျှောက်လာသည်။

"အောက်ကို မကြည့်နဲ့၊ မျက်စိ မှိတ်ထား၊ ခုန်ချလိုက် . . . ခုန်ချလိုက်၊ ငါ ဖမ်းထားမယ်"

အယ်လစ်ဇဘက်က သက်ပြင်းတစ်ချက် ရှိုက်သွင်းလိုက်သည်။ ပြီးတော့ နောက်တစ်ချက် ထပ်ရှိုက်လိုက်သည်။

"ကဲ . . . ခုန်ချလိုက်တော့"

အယ်လစ်ဇဘက်က မျက်လုံးစုံမှိတ်ပြီး လွှားခနဲ ခုန်ချလိုက်သည်။ သူမသည် လဟာနယ်ထဲသို့ ထိုးကျလာသည်။ ဆာအလက်က လက် နှစ်ဖက်ဖြင့် သိုင်းဖမ်းလိုက်သည် ။

"ဟုတ်ပြီကွ . . . ဒါမှ ငါချစ်တဲ့ လစ်ဇီ "

အယ်လစ်ဇဘက်က ဟင်းခနဲ သက်မချပြီး မျက်လုံးတွေ မှိတ် ထားလိုက်သည်။

ရုတ်တရက် သူမ၏နားထင်ကို မာကျောသောအရာတစ်ခု လာ ထိသလို ခံစားလိုက်ရသည်။

မျက်လုံးကို ဖွင့်လိုက်သည်။

သူ့လက်ထဲမှာ ခြောက်လုံးပြူး သေနတ်။

★ ↔ ★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅၅ )

ရဟတ်ယာဉ်သည် လေပြင်းလမ်းကြောင်းနှင့် သစ်ပင်ထိပ်ဖျားများကို ဝင်မတိုးမိအောင် သတိကြီးစွာဖြင့်ရှောင်ကာ ကျွန်းပေါ်မှ နိမ့်နိုင်သမျှ အနိမ့်ဆုံး ပျံသန်းနေသည်။

ထိုမျှအမြင့်တွင် တောင်မှ ကောင်းကင်လေမှာ အတော်ကလေး ကြမ်းနေသေးသည်။

လေယာဉ်မှူး၏ရှေ့ ခပ်ဝေးဝေးတစ်နေရာတွင် ပေါ်တိုကာဗို တောင်ထွတ်ကို လှမ်းမြင်နေရပြီ။

"အဲဒါပေါ့ဗျ. . ကျုပ် ပြောတာ"

ဟော်နန်က လေယာဉ်မှူးကို ပြောလိုက်သည်။

"အိမ်ကြီးကိုတောင် မြင်ရပြီ"

ထို့နောက် သူက တစ်စုံတစ်ရာကို မြင်လိုက်ရသောအခါ ရုတ်တရက် ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားပြီး . . .

"ဟာ . . . အိမ်ကြီးကို မီးလောင်နေပြီဗျ"

★

အယ်လစ်ဇဘက်သည် လသာဆောင်ပေါ်တွင် ရပ်နေရင်း အပေါ်မှ ရဟတ်ယာဉ်ပျံဝဲနေသံကို ကြားလိုက်ရသည်။ သူမက မိုးပေါ်သို့ ဇတ်ခနဲ မော့ကြည့်လိုက်သည်။

ဆာအလက်ကမူ မည်သို့မျှ အမူအရာ မပြောင်း။ သူက အယ်လစ်ဇဘက်ကိုသာ စိုက်ကြည့်နေသည်။ သူ့မျက်လုံးများတွင် လည်း ဝမ်းနည်းခြင်း အရိပ်အယောင်များဖြင့် ဖုံးလွှမ်းလျက် . . ။

"အင်း . . . ဇီဇီယံ . . . ဇီဇီယံ . . . ဒီအလုပ်ကို သူ့အတွက် ငါ လုပ်ရတော့မယ်၊ သူ့အကျိုးအတွက် လုပ်ရတော့မယ်။ သူတို့က မင်းကို ပြာပုံထဲ တွေ့ကြရတော့မယ် . . . လာပါ"

www.burmeseclassic.com



အယ်လစ်ဇဘက်က သူ့စကားကို လုံးဝ နားမထောင်မိ။ သူမက နိုးစ်အကြောင်းကိုသာ တွေးနေမိသည်။

တရားခံက နိုးစ်မဟုတ်ဘူး၊ နိုးစ် မဟုတ်ဘူး၊ ဖြစ်ခဲ့သမျှအားလုံး အလက်လက်ချက်တွေပဲ။ သူက ဖေဖေ့ကိုလည်း သတ်ခဲ့တယ်။ အခုလည်း ငါ့ကိုသတ်ဖို့ လုပ်နေပြီ။ လျှို့ဝှက်အစီရင်ခံစာကို ခိုးတာ သူပဲ။ သူက တစ်ပတ်ရိုက်နဲ့ နိုးစ်ကို ပုံချတယ်။ ငါ ဒီနေရာကို လာမယ်ဆိုတာ သူ သိတယ်။ ဒါကြောင့် သူက နိုးစ်ကို တရားခံလုပ်ပြီး ငါ့ကို ဒီနေရာထွက်ပြေးအောင် လှည့်ကွက်ဆင်ခဲ့တာ။

ရဟတ်ယာဉ်သည် အနီးအနားမှ သစ်ပင်များကို ကျော်လွှားပြီး မြင်ကွင်းမှ ပျောက်သွားသည်။

"ကဲ . . . အယ်လစ်ဇဘက် ဘာမှ ဟိုဟိုဒီဒီ တွေးမနေနဲ့တော့၊ မင်းမျက်လုံးတွေကိုသာ မှိတ်ထားလိုက်တော့"

"မမှိတ်ဘူး . . ."

သူမက အော်ပြောလိုက်သည်။

အောက်ဘက်မှ လှမ်းအော်လိုက်သော နိုးစ်၏အသံကို ရုတ်တရက် ကြားလိုက်ရသည်။

"အလက် . . . သေနတ်ကို လွှတ်ချလိုက်၊ သေနတ်ကို လွှတ်ချလိုက်"

သူတို့နှစ်ယောက်စလုံး တစ်ပြိုင်တည်း အောက်သို့ ငုံ့ကြည့်လိုက်သည်။ ခြံဝင်းမြက်ခင်းပြင်မှာ မီးရောင်ကြောင့် လင်းထိန်နေသည်။ လူတွေ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ နိုးစ်နှင့် ရဲမှူးဟာရာရိုတို့အပြင် ရိုင်ဖယ်သေနတ်ကိုယ်စီနှင့် စုံထောက်ရဲသားများ။

"အားလုံး ပြီးသွားပြီ . . . အလက်၊ အယ်လစ်ဇဘက်ကို လွှတ်လိုက်ပါ၊ သူ့ကို ဘာမှမလုပ်ပါနဲ့ . . ."

နိုးစ်က အပေါ်သို့ လှမ်းအော်သည်။

"လူချင်းက သိပ်ကပ်နေတယ်၊ နို့မဟုတ်ရင် သူ့ကို ကျွန်တော် ပစ်ထည့်လိုက်လို့ ရတယ်"

မှန်ပြောင်းတပ် ရိုင်ဖယ်ကိုင်ထားသော စုံထောက်တစ်ယောက်က ပြောလိုက်သည်။

နိုးစ်က ရင်တဒိတ်ဒိတ်ဖြင့် . . .

"ကပ်မနေနဲ့ . . . ကပ်မနေနဲ့" ဟူ၍ ဆုတောင်းသလို တိုးတိုးတလေး ရေရွတ်နေသည်။

ထိုအချိန်တွင် ဟော်နန်သည် သစ်ပင်တွေ ကြားမှဖောက်ပြီး မြက်ခင်းကို ဖြတ်ပြေးလာသည်။ လသာဆောင်ပေါ်မှ မြင်ကွင်းကို တွေ့လိုက်ရသောအခါ သူက ရပ်လိုက်သည်။

"ခင်ဗျား ထားခဲ့တဲ့သတင်း ကျွန်တော် ရတယ်၊ ကျွန်တော် အတော်ကလေး နောက်ကျသွားတယ်"

နိုးစ် . . . ဟော်နန်အား ပြောလိုက်သည်။

သူတို့နှစ်ယောက်စလုံး လသာဆောင်ပေါ်မှ လူရိပ်သဏ္ဌာန်နှစ်ခုတို မော့ကြည့်နေကြသည်။ အိမ်ကြီး၏ တစ်ဘက်အစွန်းမှ တက်လာသော မီးညွန့်များကို နောက်ခံထားကာ ရပ်နေသော လူနှစ်ယောက်မှာ ဇာတ်ခုံပေါ်တွင် နောက်ခံဆလိုက်မီးထိုးထားသော ရုပ်သေးရုပ်များနှင့် တူနေသည်။

မီးတောက် မီးလျှံများက စံအိမ်ကြီးကို တိရစ္ဆာန်ရိုင်းတစ်ကောင်ပမာ သဲသဲမဲမဲ ဝါးမျိုနေသည်။ လေပြင်းကလည်း မီးညွန့်များကို မြင့်သည်ထက် မြင့်တက်အောင် အားကောင်းကောင်းဖြင့် ပင့်ပေးလျက်ရှိသည်။ မီးရောင်ကြောင့် ပတ်ဝန်းကျင် တောတန်းတောင်စွယ်အားလုံး လင်းထိန်နေသည်။ စံအိမ်ကြီးကို မီးလုံးကြီးများ ဝါးမျိုနေပုံမှာ အရှိန်ပြင်းစွာဖြင့် မီးတောင်ကြီးတစ်လုံး ပေါက်ကွဲနေသလို ထင်ရသည်။

အယ်လစ်ဇဘက်က ဆာအလက်၏ မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ သူ့မျက်နှာတွင် သွေးမရှိတော့။ မျက်လုံးများကလည်း ဘာကိုမှ မြင်တော့ဟန် မတူ။ လူသေမျက်လုံးများလို ဖြူကြောင်ကြောင်ကြီး ဖြစ်နေသည်။

ဆာအလက်သည် အယ်လစ်ဇဘက်အနီးမှ ခွာကာ လသာဆောင်တံခါးမကြီးသို့ တစ်လှမ်းချင်း သွားနေသည်။

"ပစ်ထည့်လိုက်မယ် . . . ဒိုင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



စောစောက စုံထောက်က ဘာမပြော ညာမပြောနှင့် ရုတ်တရက် ဝင်ထည့်လိုက်သည်။ ဆာအလက်သည် ငိုက်ခနဲ ရှေ့သို့ စိုက်သွားသည်။ ထို့နောက် အိမ်ထဲဝင်သွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

လသာဆောင်တွင် အယ်လစ်ဇဘက် တစ်ယောက်တည်းသာ ရှိတော့သည်။ သူမသည် ရပ်နေရာမှ အောက်ဘက်သို့ ငုံ့ကြည့်လိုက်သည်။

"ရိုးစ် . . . ရိုးစ် . . ."

သူမက သံကုန်အော်ခေါ်လိုက်သည်။

သို့သော် ရိုးစ်မှာ သူ့နေရာတွင် မရှိတော့။ သူမကို ကယ်ရန် အိမ်ပေါ်သို့ ပြေးတက်သွားလေပြီ။

အဖြစ်အပျက်များသည် မြန်ဆန်လှသည်။ အားလုံးပင် လျှပ်တစ်ပြက်အတွင်း ဖြစ်ပျက်သွားကြသည်။

မကြာမီတွင် ရိုးစ်က အယ်လစ်ဇဘက်အား ပွေ့ချီကာ မြက်ခင်းပြင်ပေါ်သို့ လာခဲ့သည်။ သူမက ရိုးစ်အား အတင်းသိုင်းဖက်ထားသည်။ သို့ပေမယ့် သူမ စိတ်ထဲတွင်တော့ ဖက်၍ မဝနိုင်သလို ခံစားနေရသည်။

အယ်လစ်ဇဘက်သည် မြက်ခင်းပေါ်တွင် လှဲနေသည်။ သူမ၏ မျက်လုံးများကို မှိတ်ထားသည်။ ရိုးစ်က သူမအား ရင်ခွင်ပေါ်သို့ ပွေ့ချီလိုက်သည်။

"မင်းကို ငါချစ်ပါတယ် လစ်ဇ်ရယ် . . . မင်းကို ငါချစ်ပါတယ် . . . အချစ်ရယ် . . ."

သူ့အသံက ချိုမြိန်လှသည်။ အေးချမ်းလှသည်၊ သာယာလှသည်။

သူမကတော့ စကားတစ်ခွန်းမျှ ပြန်မပြောနိုင်။ ရိုးစ်၏ မျက်လုံးများကိုသာ စိုက်ကြည့်နေမိသည်။ သူ့မျက်လုံးထဲတွင် ချစ်မေတ္တာကိုလည်း မြင်နေရသည်။ ဒုက္ခဝေဒနာကိုလည်း မြင်နေရသည်။

သူမ ရင်ထဲတွင် ပြောပြစရာတွေ မကုန်အောင် ပြည့်လျှံနေသည်။ ဖြစ်ပျက်ခဲ့သမျှကို သူ့ရင်ဘတ်ပေါ်တွင် မျက်နှာအပ်ရင်း ကရားရေလွှတ် ပြောပြလိုက်ချင်သည်။ သို့ပေမယ့် သူမ၏စိတ်ထဲတွင် လိပ်ပြာမလုံသလို ခံစားနေရသည်။ အပြစ်ကျူးလွန်မိသူလို ခံစားနေရသည်။ သူ့အပေါ်မှာ ဖြစ်မှားမိခဲ့သော သံသယစိတ်များအတွက် ဘယ်လိုလုပ်ပြီး ကျေအောင် လုပ်နိုင်တော့မှာလဲ။ သူမ၏ အနာဂတ် ဘဝတစ်လျှောက်လုံး သူ့အကြွေးကိုပင် ပြန်ဆပ်သွားရတော့မည်။

သူမသည် စိတ်ရောကိုယ်ပါ အလွန်ပင် နွမ်းနယ်နေသည်။ ဖြစ်ပျက်ခဲ့သမျှ ဘာကိုမျှ ဆက်မတွေးချင်တော့။ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ချင်တော့သည်။ ဖြစ်ပျက်ခဲ့သမျှ ဒုက္ခအတွေ့တွေ့တို့သည် သူမအတွက် မဟုတ်ဘဲ တစ်ချိန်ချိန်၊ တစ်နေရာရာတွင် အခြားသူတစ်ယောက်ယောက်အတွက်သာ ဖြစ်ခဲ့သလို သူမက ထင်မှတ်နေတော့သည်။

သူမအဖို့ အရေးကြီးဆုံးမှာ ရိုးစ်နှင့်အတူ ရှိနေဖို့သာ ဖြစ်သည်။ ခုလို ရိုးစ်၏ရင်ခွင်ထဲရောက်နေရလျှင် သူမဘဝတွင် ဘာမျှ မလိုတော့။

ရိုးစ်က သူမတစ်ကိုယ်လုံးကို ကျစ်ကျစ်ပါအောင် ပွေ့ဖက်လိုက်သည်။

သည်မျှဆိုလျှင်ပင် သူမအဖို့ ဘဝမှာ နေပျော်ရပါပြီ၊ ကျေနပ်ရပြီ။

★ ↔ ★



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၅ )

အခန်းထဲသို့ မီးခိုးလုံးကြီးများ အလိပ်လိပ် ဝင်လာသည်။ လျှင်းလုံးကြီးများပမာ လိမ့်၍လိမ့်၍ ဝင်လာသည်။ မီးတောက်မီးလျှံများကလည်း အစိမ်းသူရဲများသဖွယ် လျှာကြီးတွေ တယမ်းယမ်းနှင့် တိုး၍တိုး၍ ဝင်လာကြသည်။

ဆာအလက်အဖြစ်ကတော့ ငရဲမီးပုံထဲ ဝင်တိုးသူနှင့် ဘာမှမခြားတော့။ သူသည် မီးခိုးတွေ **အူနေပြီး** အပူရှိန်မြင့်မားလှသော အခန်းထဲတွင် အရူးတစ်ယောက်လို **သွေးရူး**သွေးတန်းဖြင့် ဆောက်တည်ရာမရ လူးလာခေါက်ပြန် **လျှောက်ပြေး**နေသည်။

မကြာမီတွင်ပင် သူ့ဆံပင်များနှင့် အဝတ်များကို မီးစွဲလောင်လေတော့သည်။

မီးတောက် မီးလျှံများသည် ညာသံပေးကာ ဆာအလက်အား ထွက်ပေါက်မရှိအောင် ဝိုင်းဝန်းတိုက်ခိုက်လျက် ရှိသည်။ သူသည် မီးတောက်များ၏ တဖျတ်ဖျတ် တဝုန်းဝုန်း တဖြုန်းဖြုန်း ကိုက်စားဝါးမျိုသံကို သူ့ဇနီးကလေး ဗီဗီယံ၏ အသံဟုသာ ထင်မှတ်တော့သည်။

ရုတ်တရက် မီးတောင်ပေါက်ကွဲသွားသလို မီးညွန့်တစ်ခု ပွင့်သွားပြီး တစ်ခန်းလုံး ထိန်ထိန်လင်းသွားသည်။ မီးရောင်ထဲတွင် ဗီဗီယံကို ထင်ထင်ရှားရှားကြီး မြင်လိုက်ရသည်။ သူမသည် ခုတင်ပေါ်တွင် စန့်စန့်ကြီး လှဲနေသည်။ သူမ၏ ကိုယ်ပေါ်တွင် ဘာအဝတ်မှ မရှိ။ ကြက်သွေးရောင် ဖဲကြိုးပြားတစ်စကိုသာ လည်ပင်းတွင် စည်းထားသည်။ ထိုဖဲကြိုးပြားမှာ သူတို့၏မင်္ဂလာဦးညက သူမအား သူ ကိုယ်တိုင်စည်းပေးခဲ့သော ဖဲကြိုးပြားပင် ဖြစ်သည်။

ဗီဗီယံက သူ့နာမည်ကို ခေါ်ခေါ်နေသည်။ သူမ၏အသံတွင် ရွှတ်ငွေ့တွေ ခြုံလွှမ်းနေသည်။ သည်တစ်ကြိမ်တွင် သူမသည် သူ့အား အရူးအမူး ချစ်နေပြီ။ ယခင်အခါများကလို သူများရင်ခွင်ကိုသာ ငံ့၍တပ်မက်သော အမူအရာတွေ လုံးဝမရှိတော့။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



သူက သူမအနီးသို့ ကပ်သွားသည်။

"အို . . ., အလက်ရယ်၊ ရှင့်ကိုသာ ကျွန်မ အချစ်ဆုံးပါကွယ်"

သူမ၏အသံက စမ်းရေစီးသလို ချိုလွင်အေးမြနေသည်။

ယခုတော့ သူမ၏အချစ်ကို သူက ယုံပါပြီ။ တကယ်တော့ သူမ လုပ်ခဲ့သမျှ မကောင်းမှုတွေအတွက် သူမကို ဘဝပျက်အောင်အထိ ဖြစ်ဒဏ်ခတ်ခဲ့ပြီ မဟုတ်ပါလား။

ဒါပေမဲ့ သူက လိမ္မာသည်။ ပါးနပ်သည်။ သူမ မကောင်းမှုတွေကို လုပ်နိုင်အောင် သူက တစ်ပါးသူတွေကို သားကောင်လုပ်ခဲ့သည်။ မားစာခံ လုပ်ခဲ့သည်။ သူ့ဇနီးကလေးကို ငုံထားမတတ် ချစ်လွန်လွန်းလို့ ကြောက်စရာကောင်းလှသော ပြစ်မှုကြီးတွေကို သူက ကျူးလွန်ခဲ့သည်။ ယခုတော့ သူမ နောင်တရခဲ့ပြီ။ သူလည်း နောင်တ ကြီးစွာ ရခဲ့ပြီ။ ဘဝနှင့် ရင်းရသော နောင်တ၊ အသက်နှင့် ရင်းရသော နောင်တ။

သူက သူမအနားသို့ တိုးလာသည်။ သူမက စမ်းရေစီးသံလို တိုးတိုးကလေး ဆိုပြန်သည်။

"အလက်ရယ် . . . ရှင့်ကိုသာ ကျွန်မ အချစ်ဆုံးပါကွယ်"

ဟုတ်ပါသည်။ ယခုတော့ သူမ၏အချစ်ကို သူက ယုံပါပြီ။

သူမက ဝင်းမွတ် သွယ်ပျောင်းသော လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းလိုက်သည်။ သူက သူမ၏ ဘေးတွင် ဝင်ထိုင်လိုက်သည်။ ပြီးတော့ ရမ္မက်ကြီးစွာဖြင့် သူမတစ်ကိုယ်လုံးကို သိုင်းကြုံးပွေ့ဖက်လိုက်သည်။ သူတို့သည် နှစ်ကိုယ့်တစ်ကိုယ် ဖြစ်သွားကြသည်။

သည်တစ်ကြိမ်တွင်တော့ သူက သူမအပေါ်တွင် ဖော်မပြတတ်နိုင်အောင် ကျေနပ်လှပါသည်။

သူ၏ ပျော်ရွှင်ကျေနပ်မှုသည် အထွတ်အထိပ်သို့ ရောက်ခဲ့ရာမှ ရုတ်တရက်အားဖြင့် ပူလောင်နာကျင်မှု ဝေဒနာသို့ ပြောင်းလဲသွားခဲ့သည်။ သူ့ကိုယ်နှင့် ပူးကပ်နေသော သူမ၏ကိုယ်သည် ရှားမီးလို ပူလောင်လာသည်။

သူသည် အံ့ဩလှစွာဖြင့် ဝေခွဲမရအောင် ဖြစ်နေသည်။ သူမ၏ မျက်နှာကို စိုက်ကြည့်နေရင်းမှပင် သူမ၏လည်ပင်းမှ ကြက်သွေးရောင် ဖဲကြိုးပြားမှာ မီးတောက်မီးညွန့်ကြီးတစ်ခုအဖြစ်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားခဲ့သည်။



အလျှံတညီးညီး ထွက်နေသော မီးစွယ်မီးတန်းကြီးတစ်ခုက သူ၏ တစ်ကိုယ်လုံးကို သိုင်းခြုံထွေးပိုက်လိုက်သည်။

ထိုခဏ၌ ခေါင်မိုးမျက်နှာကြက်မှ ရဲရဲနီအောင် မီးစွဲလောင်နေသော ရက်မထုတ်တန်းကြီးတစ်ခု သူ့ခေါင်းပေါ်သို့ ပြုတ်ကျလာပြီး သူ့အား ဆာဒင်နီးယားစံအိမ်ကြီးနှင့်အတူ မီးသင်္ဂြိုဟ်လိုက်လေသည်။

ဇူလိုင်လ ၂၆-၁၉၅၅။
နံနက် ၉း၁၅ နာရီ။

www.burmeseclassic.com